
စာပေဗိမာန်စာမူဆုရ
တွင်းကြီးဝမ်းမောင်
ငတော ငရှိုး
ဝတ္ထုတိုများ (၃)
Oak Soe Aung



စာပေဗိမာန်စာမူဆုရ

တွင်းကြီးဝမ်းမောင်

# တော ရေး

# ဝတ္ထုတိုများ (၃)

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

---

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

---

**နိုင်ငံရေး ဦးတည်ချက် ၄ ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် ၄ ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်းတီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် ၄ ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရန်အောင်စာပေ-၂ စာအုပ်အမှတ် [ ၆၄ ]

# တွင်းကြီးဝမ်းမောင်

# ငတော ငလုံး ဝတ္ထုတိုများ (၃)

ရန်အောင်စာပေ-၂

အမှတ်(၈၅၅)၊ဦးဌေးကိုင်လမ်း၊(၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ရန်ကုန်တိုင်း၊
၀၉၅၁ ၉၅၆၂၉

ငတော လုံးဝတ္ထုတိုများ (၃)
ပုံနှိပ်မှတ်တမ်းဆိုင်ရာမှတ်တမ်း
၂၀၁၀ -ခု၊ ဩဂုတ်လ၊ အုပ်ရေ - ၅၀၀

❖

**စာမူခွင့်ပြုချက်အမှတ်**
၅၀၀၂၁၀၀၂၁၀

❖

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၀၇၅၉၀၇၁၀

❖

**စီစဉ်ထုတ်လုပ်မှု**
နီနီအောင်

❖

**မျက်နှာဖုံးပန်းချီ**
ရန်နိုင်ဦး

❖

**မျက်နှာဖုံးရိုက်**
ဦးဇော်မင်း (Wizard)
၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

**အတွင်းပုံနှိပ်သူ**
ဒေါ်မိမိအေး (ရွှေပြည်အောင်ပုံနှိပ်တိုက်)
အမှတ် ၃၇(က)၊ ဝိဇ္ဇာလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

❖

**ထုတ်ဝေသူ**
ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ် ၂၊ ချုန်း(၁)လမ်း၊ မင်္ဂလာဓတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ကွန်ပျူတာ - K Zaw DTP
တန်ဖိုး - ၂၀၀၀

ဂ၉၅.၈၃

ဝမ်းမောင်၊ တွင်းကြီး

ငတောလုံး ဝတ္ထုတိုများ(၃) / တွင်းကြီးဝမ်းမောင် ။ - ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၀။

၁၀၄-စာ ၊ ၁၃ × ၂၀.၂ စင်တီ။

(၁) ငတောလုံး ဝတ္ထုတိုများ(၃)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | အမှာစာ .... | ၇ |
| ၁။ | အညာချီးသမား .... | ၁၅ |
| ၂။ | အညာချီးရိုက်သမား .... | ၃၁ |
| ၃။ | အညာငုံးခြောက်သမား .... | ၄၉ |
| ၄။ | ရဂုံကြော့သည့်မြိုင်ငှမှာ .... | ၆၁ |
| ၅။ | အမှောင်ညမှ အပြန် .... | ၇၅ |
| ၆။ | သမုဒယ ရန်ငြိုး .... | ၉၅ |
| ၇။ | အသက်လုပွဲ .... | ၁၁၃ |
| ၈။ | အသက်ကယ်ပွဲ .... | ၁၃၇ |
| ၉။ | မစားရ ဟာလိုပင်သေသေ .... | ၁၅၇ |


❖

ရန်အောင်စာပေ-၂

| | | |
|---|---|---|
| | | စာမျက်နှာ |
| ၁၀။ | လျှပ်တစ်ပြက်ရိုက်ချက် | .... ၁၈၉ |
| ၁၁။ | လျှပ်တစ်ပြက်မြင်ကွင်း | .... ၂၀၁ |
| ၁၂။ | ဥပုသ်သည် | .... ၂၂၅ |
| ၁၃။ | ရှေးစကားနှင့်လက်တွေ့ | .... ၂၄၅ |
| ၁၄။ | ဇော်ရှယ် | .... ၂၆၅ |

# အမှာစာ

(၁)

ငတောငလုံး ဝတ္ထုတိုများကို ကျွန်တော် ဖန်တီးရာတွင် သုတ လွန်ကဲပြီး ရသ မပျက်စေရန် (သတိထားနိုင်သမျှ တတ်စွမ်းသရွေ့) သတိထား ရေးသားခဲ့ပါသည်။ ထို့ကြောင့် သာမန်အနေဖြင့် ဖတ်ကြည့်က မိမိဖတ်ဖူးသော အကြောင်းအရာ ဖြစ်နေသလိုလို ထင်မြင်ပါလိမ့်မည်။ တစ်ပုဒ်နှင့်တစ်ပုဒ် ဆက်စပ်ဖတ်ကြည့်မှ ကာလ၊ ဒေသ၊ ပယောဂ ခွဲခြား၍ ရေးသားဖန်တီးထားမှန်း သဘောပေါက်လာပါလိမ့်မည်။ စာဖတ်သက်ရင့်သူ ဝါရင့်သမ္ဘာရင့်တို့အနေဖြင့် စာရေးဆရာ စေတနာကို သိမြင်လာသကဲ့သို့ စာရေးဆရာ အခက်အခဲကို ကိုယ်ချင်းစာနာလာကြပါသည်။

ရှင်းလင်းတင်ပြပါမည်။ ငုံး ဝတ္ထုတိုသို့ နွေတစ်ပုဒ်၊ ဆောင်းတစ်ပုဒ်၊ ငှက်ဖမ်း ဝတ္ထုတိုသို့ နွေတစ်ပုဒ်၊ ချိုး ဝတ္ထုတိုသို့ တည်ချိုးကြီး အောင်မောင်း တစ်ပုဒ် (ချိုးလိမ္မာ) နှင့် ကျင့်စချိုး (မြပို) တစ်ပုဒ်၊ ချိုးရိုက် ဝတ္ထုတိုသို့ တောလိုက်ခေါင်းဆောင် ကျွမ်းကျင်မှုတစ်ပုဒ်နှင့် တောလိုက်လက်သင်တစ်ပုဒ်၊ ခါ ဝတ္ထုတိုသို့ ခါလေ့မိတ်ဆက်

တစ်ပုဒ်နှင့် ခါအကြောင်း အကျယ်တစ်ပုဒ်၊ မြွေ ဝတ္ထုတိုဌ် မြွေပွေး၊ မြွေဟောက်၊ လင်းမြွေဝါတစ်ပုဒ်နှင့် မြွေပွေး၊ လင်းမြွေဖြူတစ်ပုဒ်၊ အစရှိသည်ဖြင့် တူသယောင်နှင့် သတိထားမှ ကွဲပြားကြောင်းသိမည့် ဝတ္ထုတိုများကို ရေးသားဖန်တီးခဲ့ပါသည်။

ထုတ်ဝေ ရေးသားခဲ့ပြီးဖြစ်သော ငတောငလုံး ဝတ္ထုတိုပေါင်းချုပ် (၁+၂)ပါ အကြောင်းအရာ ဖော်ပြချက်များသည် လမ်းကြောင်းသည့် သဘော မြိုင့်ရေးသားခဲ့ရခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။ တစ်ပုဒ်ချင်းပါ အကြောင်းအရာကို စေတနာထား၍ အနီးကပ်ဆုံး ပြည့်စုံစေရန် အသေးစိတ် အချက်အလက် တစ်ခုချင်းကို တစ်ပုဒ်ရေးပါက နောက်ထပ် ငတောငလုံး ဝတ္ထုတိုအသစ် ပုဒ်ရေ ရှစ်ဆယ်ဝန်းကျင်ခန့် ရေးသည့်တိုင် လုံလောက်ပြီဟု ယူဆမရနိုင်။ ထိုမျှ အကြောင်းအရာ အသေးစိတ်က ကျယ်ဝန်းသည်။

အချိန်ပေးနိုင်သော အချိန်၊ အနုပညာဈာန် ဝင်သောအချိန်၊ လက်တွေ့ ကွင်းဆင်း၍ ကိုယ်တိုင်သွားလာ လေ့လာနိုင်သောအချိန် ရရှိပါက ဆက်လက် ရေးသားသွားပါမည်။ လောလောဆယ် အနေအထားဖြင့် အနုပညာ တာဝန်ကြွေး တင်နေသည်ကို သိလျက်နှင့် အဆပ်ခက်သူကဲ့သို့ ခံစားနေရပါသည်။

ရေးသားနိုင်သမျှကို သုတလွန်ကဲပြီး ရသလမ်းကြောင်း မပျောက်စေရန်နှင့် ရသငဲ့ပြီး ချန်လှပ်ထားခဲ့ရသည့် သုတတို့လည်း ပရိသတ်ထံ မရောက်မဖြစ်စေရန် ဆင်တူကြောင်းကွဲ၊ ဆင်တူပြည့်စွက်၊ ကျန်သည့်သုတ ခွဲပြော ဖန်တီးခဲ့ပါသည်။ လက်လှမ်းမီပါက ရန်အောင်စာပေ (၂) မှ ထုတ်ဝေခဲ့သော ငတောငလုံးဝတ္ထုတိုများ (၂၀၀၆ ခုနှစ် မေလ) နှင့် ဆက်စပ်ဖတ်ရှုခံစားက ကျွန်တော့် စေတနာနှင့် ကျွန်တော့် အနုပညာဖန်တီးမှု သဘောကို ရိပ်မိ သိရှိပါ လိမ့်မည်။





(၂)

ငတောငလုံး ဝတ္ထုတို (၃)တွင် ကျွန်တော် အကြိုက်ဆုံး ဝတ္ထုတို ကဏ္ဍာပါ ဝတ္ထု၊ ဝါမိုးအောင်ဆုရ ဝတ္ထု၊ ငွေတာရီဆုရ ဝတ္ထု၊ ရင်ခတ်လှိုင်း ဆုရ ဝတ္ထု အပါအဝင် ဝတ္ထုတို ၉ ပုဒ် ပါဝင်ပါသည်။ ငတောငလုံးကို စတင်မွေးဖွားသော အညာချိုးသမားဝတ္ထုတိုကို ကြိုဆိုဝေဖန်သည့် ကောက်နုတ်ချက်ကိုလည်း အနည်းငယ် မိတ်ဆက် ထည့်သွင်းဖော်ပြလိုက်ပါသည်။ လွန်ခဲ့သော အနှစ် နှစ်ဆယ်ကျော် (ထိုစဉ်က ကျွန်တော့်ကလောင်သက် ဆယ်နှစ်ကျော်ကျော်) က မွေးဖွားခဲ့သည့် ငတောငလုံးတို့၏ စာပေမှတ်တိုင်တစ်ခုကို ယနေ့လူငယ်တို့ သိရှိနိုင်ရန် ရည်ရွယ်ပါသည်။ စေတနာမှန်ကန်ခဲ့ပါက အကျိုးပေးချိန်တန်လျှင် အကျိုးပေးလေ့ရှိကြောင်း ယုံမှား သံသယ မဖြစ်စေရန် သက်သေအဖြစ်လည်း ရည်ရွယ်ပါသည်။

(၃)

ကျေးဇူးစကားဆိုရမည့် သူများထဲတွင် ရှေ့ဆုံးမှ ပါဝင်သူမှာ ရန်အောင်စာပေ (၂) စီစဉ်သူ မနီနီအောင် ဖြစ်ပါသည်။ မနီနီအောင်နှင့် ကျွန်တော် ဖုန်းဖြင့်စကားပြောရာ ကျွန်တော်က ဝတ္ထုတိုပေါင်းချုပ် တစ်အုပ် ထုတ်ဝေလိုကြောင်း ပြောလိုက်သည်နှင့် တစ်ပြိုင်နက် "ကျွန်မ ထုတ်ပေးမယ်လေ၊ အစ်ကို ဝတ္ထုတိုပေါင်းချုပ်ရဲ့ ခေါင်းစဉ်ကိုသာ ပြောလိုက်၊ နောက်မှ စာမူကိုပို့" ဟု လိုလိုလားလားပင် ချက်ချင်း တာဝန်ယူခဲ့ရာမှ ငတောငလုံးဝတ္ထုတို (၃)ကို စာဖတ်သူရှေ့မှောက်သို့ အရောက် ပို့နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ယခု ငတောငလုံး ဝတ္ထုတို (၃) ထွက်ပြီးက "ကွဲကြီးနှစ်ကောင်နှင့် ရခိုင်ရိုးမကျား ရသစုံဝတ္ထုတိုများ" ကို မနီနီအောင်နှင့် ညှိနှိုင်းတိုင်ပင်၍ ဆက်တိုက်စဉ်တိုက်ပင် ထွက်ရှိနိုင်ရန် ကြိုးစားသွားပါ

မည်။

ရန်အောင်စာပေ (၂) မနီနီအောင်နှင့်တကွ၊ သည်းခံ၍ ဆက်သွယ် ဆောင်ရွက်ပေးသော ဆရာတော်ဦးကလျာဏ၊ ဦးပညာဇောတ၊ မြိတ်ကျောင်း၊ သရက်တောတိုက်၊ မြဝတီစာပေတိုက်မှ ဆရာချမ်းမြအောင်၊ ငတောလုံး ဝတ္ထုတိုတို့ကို ဆုပေးခဲ့သော ဆုရွေးချယ်ရေး အဖွဲ့ဝင်များ၊ ထည့်သွင်းဖော်ပြခဲ့သော မဂ္ဂဇင်းများ ဝေဖန်ကြိုဆိုခဲ့သောသူများ၊ ကျေးဇူးတင်သင့် တင်ထိုက်သောသူများ အားလုံးကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**တွင်းကြီးဝမ်းမောင်**





၁၉၈၆ ခုနှစ်၊ မေလထုတ် သဘင်မဂ္ဂဇင်းကြီး၌ ထည့်သွင်းဖော်ပြခဲ့သော ***ကျွန်တော်အကြိုက်ဆုံးဝတ္ထုတို*** ကဏ္ဍမှ ကောက်နုတ်ချက်များ [စာမျက်နှာ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၀ မှ ]

ထိုဝတ္ထုတိုကို ဖတ်ရသောအခါ၌ ခံတွင်းပျက်နေစဉ် ဟင်းကောင်းတစ်ခွက်နှင့် ထမင်းစားလိုက်ရသလို မြိန်လှပါတော့သည်။ (Content) အကြောင်းအရာ ဘာမှ မဆန်းသစ်ဘဲ (Form) ပုံစံကို ကုလားဖန်ထိုးကာ ရှေ့ကျွမ်း နောက်ကျွမ်း ပစ်ပြနေကြသော စာပေစတန့်များထဲမှာ ရိုးသားမှုအပြည့်ဖြင့် တဂုဏ်တကဲ တွေ့မြင်ရပါသည်။ ထိုသို့သော ဝတ္ထုမျိုးကို ဖတ်ရှုခွင့်ရသဖြင့် စာရေးသူကိုရော၊ ရွေးချယ်ဖော်ပြသည့် အယ်ဒီတာများကိုပါ ကျေးဇူးတင်သင့်ပါတော့သည်။ ထိုဝတ္ထုကား...

**တွင်းကြီးဝမ်းမောင် ၏ အညာချိုးသမား**

**(ပေဖော်လ၊ စံပယ်ဖြူမဂ္ဂဇင်း)**

* * *

ဤတွင် ငါးသိုင်းများ၏ ဟင်းဟုန်ရသော အဖြစ်မျိုးသို့ ရောက်တတ်ပါသည်။ တစ်နည်းအားဖြင့် သုတ ကဲလွန်းပြီး ရသ ပျက်တတ်ပါသည်။ သုတကို နိုင်နင်းစွာ အသုံးချတတ်ပါက အားကောင်းသော ရသ ဖြစ်နိုင်သည်။ သို့သော် အသုံး မချတတ်လျှင် ရသ ပျက်တတ်

သည်ကို သတိထားမိကြဖူးပါလိမ့်မည်။ တွင်းကြီးဝမ်းမောင်သည် ဤအချက်ကို ကောင်းစွာ နားလည် သဘောပေါက်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။

* * *

တွင်းကြီးဝမ်းမောင်သည် ချိုးတို့၏ ဓလေ့သဘာဝနှင့် ပတ်သက်ပြီး အများကြီးသိသည်။ သူသိသလောက် ပြောပြချင်သည်။ သို့သော် စာရေးဆရာက မဆီမဆိုင် ဖွတ်ဝင်ပြောသော အလုပ်မျိုးကို မလုပ်ချေ။ သူ ပြောချင်သော သုတများကို အဖေဖြစ်သူ(ငတော)၏ ပါးစပ်တွင်းသို့ ထည့်ပေးလိုက်သည်။ ငတောက ချိုးဗဟုသုတများကို ပြောရာတွင်လည်း သူ့သား ငလုံးကို ပညာအမွေပေးသည့်အနေဖြင့် ပြောပြခြင်းဖြစ်ရာ အံဝင်ခွင်ကျ ရှိလှသည်။

ရှေ့တွင်ဆက်ဖတ်လျှင် သုတများကို သူ့နေရာနှင့်သူ၊ သူ့အကွက်နှင့်သူ အသုံးချ ဖော်ပြသွားသည်ကို တွေ့ရပါလိမ့်ဦးမည်။

* * *

တွင်းကြီးဝမ်းမောင်၏ အကွက်စေ့သော သရုပ်ဖော်မှုကြောင့် တည်ချိုးကြီး အောင်မောင်းသည် အသက်ဝင်ကာ ရုပ်လုံးကြွလာတော့သည်။ ကြည့်ပါ။

* * *

တွင်းကြီးဝမ်းမောင်သည် ဤအကွက်လေး ဖြည့်ထားပုံမှာ ဓာတ်ရှိန်ကိုတက်စေသည်။ အစမှ ယခုနေရာအထိ ချိုးတည်ခြင်း





အကြောင်း၊ ချိုးတို့၏ စရိုက် သဘာဝကို ဖော်ခဲ့ရာ စာဖတ်သူ၏ အာရုံ၌ အီစပြုလာပြီ။ ထိုစဉ် စာဖတ်သူ၏အာရုံကို တွင်းကြီးဝမ်းမောင်က နှိုးဆွပေးလိုက်သည်။ × × × × × × × တွင်းကြီးဝမ်းမောင်က ငန်းပုပ်မြွေ၏ ကြောက်မက်ဖွယ် ကောင်းပုံကို ဤသို့ ပို့ပေးထားသည်။

* * *

မိမိ ပြောလိုသောအချက်ကို ပိုမိုထင်ရှားအောင်၊ သိက္ခာမြင့်တက်လာအောင် အံကျင်းဖွဲ့၍ သယ်ယူတတ်သော တွင်းကြီးဝမ်းမောင်ကို ချီးကျူးသင့်ပေသည်။

[၁၉၈၆ ခုနှစ် ဧပြီလထုတ် စံပယ်ဖြူမဂ္ဂဇင်းကြီးတွင် ငတော ငလုံး ဝတ္ထုတိုကို မွေးဖွားခဲ့သည်။ ဝတ္ထုခေါင်းစဉ်က 'အညာအချိုးသမား'။ ပထမဦးဆုံး စတင်ရေးသားခဲ့သော ငတောငလုံး ဝတ္ထုတိုကို ဝေဖန် ကြိုဆိုခဲ့သော သဘင်မဂ္ဂဇင်းနှင့် စာရေးဆရာကို ကျေးဇူးတင်ပါသည်။]

❖ ❖ ❖





# အညာချိုးသမား

(၁)

တည်အိမ်ကို အသာမ,လို့
ဘယ်ကြွပါ့ ဘုန်းလှိုင်....။
နှမလေး မယ်က ပြောမယ်ကွယ်
ဟယ်....ဟယ်
ချိုး....အိုး....အိုး....ချိုးပေါတဲ့
မြိုင်....။
လောဝါးကိုကိုင်
လောဝါးကို ကိုင်....။
ပန်းဆိုင်လို့ထိုး ဟိုး ဟိုး....။
ပန်းဆိုင်လို့ ထိုး....။
ပင်သဖန်းငယ်နဲ့
စောင်ချမ်းပင်ဆိုတဲ့ တောမှာဗျာ
ပေါ–ဟော–ဟော–ပေါလှ
ရွှေချိုး....။

ငတောသည် သားဖြစ်သူ ငလုံး၏ ချိုးသီချင်းကို နားထောင်ရင်း ပတ်ဝန်းကျင်ငေး၍ ကြည့်မိသည်။ အညာဆောင်း နံနက်သည် ငွေနှင်းရည်တို့ကြောင့် မှိုင်းပျပျမှုံ။

သားဖြစ်သူ ငလုံးအနေဖြင့် ချိုးသမားတစ်ဦး ရင်တွင်းမှ လှုပ်ခတ်မှုကို ဖော်ကျူးသော ချိုးသီချင်း သီဆိုပြီးနောက် တစ်စုံတစ်ခု စဉ်းစားဟန်ကြောင့် ခြေလှမ်းတို့ နှေးသွားပြီဟု ငတော ထင်သည်။

“ငလုံးရေ... မြန်မြန်လှမ်းဟ၊ အိပ်တန်းဆင်း နေစာလှုံချိန်နဲ့ နယ်မလွန်ခင် အုပ်မိဖို့လိုတယ်၊ လှမ်းပေး...လှမ်းပေး”

“ရပါတယ် အဖေရ...သုတ်ခြေတင်လိုက်ရုံပဲပေါ့”

ငတောနှင့်ငလုံးတို့ သားဖနှစ်ယောက် စကားပြောသံက ဝန်းကျင်၏ ဆိတ်ငြိမ်မှုကို ထိုးဖောက်သွားသည်။ သူတို့ဝန်းကျင်၌ အညာဒေသ သဘာဝပေါက်ပင် ကဇာချုံတန်းများ၊ ယာတောများသာ ရှိသည်။

ယာတောများ၌ အညာ ကျေးလက်ဖြစ်သည့် တွင်းကြီးကျေးရွာတောသူတောင်သားများ စိုက်ပျိုးထားသော ပြောင်း၊ နှမ်း၊ ငရုတ်၊ ပဲကြီး၊ နေကြာနှင့် ဂျုံသီးနှံများ မြရည်လူးနေသည်။ ယာခင်းများထဲမှ လူသွားလမ်းအတိုင်း ငတောနှင့်ငလုံးတို့ သားအဖနှစ်ယောက် အမြန် လျှောက်နေကြသည်။ မိုးနှံ၊ နဘူး၊ ဂျပ်တက်၊ ရှားစောင်းလက်ဝါး၊ တန်ဆောင်းပြာသာဒ်၊ ကြက်လျှာ၊ သမင်သဖို၊ ချင်းရဲတို့ ထူထပ်စွာ ပေါက်နေသော ကဇာခင်တန်း တောရိုးတွင် တောခဝဲပန်းတို့က ရွှေပွင့် ရွှေဖူး တဝေဝေ။ နံနက်ခင်း လေပြည်၌ တောပန်းရနံ့၊ မြေသင်းရနံ့နှင့် နှင်းငွေ့တို့ ရောယှက်နေသည်။

ရွှန်းလဲ့နုပျို စိုပြည်သော သဘာဝ နိုးထစအလှကို ကဇာရိုးတောတန်းများမှ အိပ်တန်းဆင်းစ ကျေးငှက်သာရကာတို့၏ ဝွန်ကျူးသံက ကြည်နူးဆွတ်ပျံ့ဖွယ်ရာ ဖြည့်စွက်သည်။ ဘုတ်ပူသံ၊ ငုံးမြည်သံ၊ ခါတစ်သံ၊ ငှက်ခါးမြည်သံ၊ ဆက်ရက် အိပ်တန်းဆင်းသံတို့က ကျေးလက် တေးဂီတသဖွယ် ကြည်နူးလွမ်းမောဖွယ်ရာ ဖြစ်နေပါ၏။





သို့သော် ငတောနှင့် ငလုံးတို့အဖို့ ကြည်နူးဆွတ်ပျံ့ဖွယ်ရာ တောအလှနှင့် တောဂီတကို ရပ်၍ မခံစားနိုင်ကြ။ သူတို့လုပ်ငန်း လုပ်ကိုင်နိုင်ရေးအတွက် နှင်းရည်လူးသော ဆောင်းဦးသီးနှံခင်းများ ဖြတ်ကျော်၍ နှင်းရည်ဆမ်းသော လမ်း၌ ခရီးကြမ်းနှင်ဆဲသာပါတည့်။

ဝေဝါးသော နှင်းမှုံကြားမှ လှမ်းကြည့်သည့်တိုင် ငတောနှင့်ငလုံးတို့ သားအဖနှစ်ယောက်၏ လုပ်ငန်းကို သိနိုင်ပါသည်။ ငတော ပခုံးပေါ်၌ ချိုးတည်ရာတွင် ချိုးတည်အိမ်ကို ထောင်၍ ထိန်းပေးသော လောဝါးပါသည်။ ထိုလောဝါး တစ်ကဲ်၌ ချိတ်လာသော ချိုးတည်အိမ် ပါသည်။ ချိုးတည်အိမ် ပတ်ပတ်လည်ကို အုပ်လာသော အဝတ်စုတ်၏အရောင်ကြောင်ကျားကျားကိုလည်း အဝေးက မြင်နိုင်သည်။ ငလုံးလက်တွင် ဓားရှည် တစ်ချောင်း။ ပခုံးပေါ်၌ တိုတိုထွာထွာ ထည့်ထားသော မွဲညစ်ညစ်လွတ်အိတ်တစ်လုံး။

ငတောနှင့် ငလုံးတို့ အမြန်သွားနေသကဲ့သို့ အပြေးလိုက်လာသည့် ခွေးနီကျော်မှာ အားမာန်တဝင့်ဝင့်၊ နားထစွင့်စွင့်။ ရှေ့သို့ ပြေးသွားလိုက်၊ နောက်သို့ ပြန်ပြေးလာလိုက်နှင့် မမောနိုင်မပန်းနိုင်။ ခွေးနီကျော်ကြီးသည် ပွဲတိုင်းကျော်သူတို့၏ လက်စွဲတော်ကြီးပင်။ ဖွတ်လိုက်ရာ၊ ပုတတ်တူးရာ၊ ကြောင်လိုက်ရာ၊ ယုန်ခြောက်ရာ၊ တောခွေးအားလိုက်ရာ အမြဲပါသည်။ ငတောနှင့်ငလုံးတို့ တောကျွမ်းကျင်သကဲ့သို့ တွင်းကြီးပတ်ပတ်လည် တောမှန်သမျှ ခွေးနီကျော် ခြေနင်းသည်။ တောလိုက်ရာတွင် လျင်လျင်မြန်မြန်၊ ဖျတ်ဖျတ်လတ်လတ်နှင့် သွက်လက်ဖွဲ့ကြီးသော ခွေးနီကျော်ကို ငတောရော ငလုံးပါ တောသွားတိုင်း ခေါ်သည်။

“အဖေပြောတဲ့နေရာ ရောက်ခါနီးပြီလားဗျ”

“ရောက်တော့မယ်ဟေ့၊ ယာနှစ်ချိုးကျော်ရင် အဲဒီနေရာ ရောက်ပြီ၊ အဲဒီတောက စ,တည်ရုံပဲ၊ အဖေ ကြည့်ထားတာကတော့ စဖို့ အကောင်းဆုံးဟာ အဲဒီ နေရာပဲ”

စကားပြောသော်လည်း အသွားရှိန် မလျော့။ ဝေနေသော နှင်းကြား တွင် လူနှစ်ဦးနှင့် ခွေးတစ်ကောင်သည် လှုပ်လှုပ်ရှားရှား။

တကူးကူး ကူး၊ တကူးကူး ကူး။

ထနောင်းပင်ပေါ်မှ ချိုးကူသံသည် နံနက်ခင်း၏ ဆိတ်ငြိမ်မှုကို ဖြိုဖျက်၍ ထွက်ပေါ်လာသည်။ အိပ်တန်းမှ နိုးထစ ချိုးငှက်တို့ ထနောင်းပင် မြင့်တွင် အတောင်ဖြန့်၍ နှင်းမှုန်ခါကာ နေဆာလှုံရန် စောင့်ရင်း ကူသံစ ပေးလာပြီ။

တကူးကူး ကူး၊ တကူးကူး ကူး။

မှန်မှန်နှင့် ခပ်လေးလေး ကူသံပေးနေသော ကူသံရှင် ချိုးကို မမြင်ရ သော်လည်း တည်အိမ်အတွင်းမှ 'အောင်မောင်း'ဟု ငတော အမည်ပေး ထားသော တည်ချိုးကြီးသည် ကနာမငြိမ်။ ချိုးလျှောက်တန်းပေါ်တွင် ဟိုမှသည် သည်မှဟို လျှောက်သွားနေသော အသံကြားရသည်။ နေခြည် ပွင့်မှသာ ချိုးစတည်နိုင်မည် ဖြစ်သဖြင့် တည်ချိုးအိမ်ကို ဖွင့်မပေးသေးဘဲ ထနောင်းပင်နှင့် ယာတစ်ခင်းကျော် ဆီးပင်ရိပ်၌ ထိုင်းရင်း ခေတ္တနားသည်။

"အဖေ့ကွမ်းထုပ် ပေးစမ်းပါဦး ငါ့သား"

ကွမ်းထုပ်ကို ငလုံးလက်မှ ငတော လှမ်းယူပြီး ကွမ်းတစ်ယာ ယာ သည်။

"ရှားသီးတွေ့လား အဖေ၊ ကျုပ် ဦးလေးဝမ်းမောင် အိမ်က သွား တောင်းခဲ့တဲ့ ငန်းမြာ ရှားသီး၊ သူကတော့ ကောင်းလွန်းလို့ ကြိုက်သတဲ့ဗျ"

ငတောအနေဖြင့် အလိုက်သိသော သားငလုံးကို ကြည့်၍ ပြုံးသည်။ သူတို့ဝန်းကျင်၌ ချိုးကူသံတို့ မြိုင်သည်ထက် မြိုင်လာချေပြီ။

"နားတုန်းမှာ ငါ့သားကို ချိုးနဲ့ပတ်သက်တာ ပြောရဦးမယ်၊ ဟောဟို ထနောင်းပင်ပေါ်က ချိုး ဘယ်ဘက်လှည့်ကူသလဲ"

"မြောက်ဘက်လှည့်တယ် အဖေရ"





"အဲဒါဆိုရင် အဲဒီ ချိုးရဲ့ ပိုင်နက်ဟာ တောင်ဘက်လို့ မှတ်ရတယ် သားရဲ့"

"ချိုးပိုင်နက် ဟုတ်လား အဖေ"

"ဟုတ်တယ်၊ ချိုးဆိုတာ သူ့နယ်အဆုံးကနေ တစ်ဖက်လှည့် ကူတတ်တဲ့ သတ္တဝါပေါ့၊ မျက်နှာ တစ်ဖက်လှည့်ကူရင် ကျောဘက်က နယ်ဟာ သူ့နယ်ပါလို့ ကြေညာသလိုပဲ"

"ချိုးဟာ တိရစ္ဆာန်ပဲ အဖေရယ်၊ သူ့အတောင်နဲ့သူ ပျံချင်ရာပျံ၊ နားချင်ရာနား မဟုတ်လား၊ ပိုင်နက် သတ်မှတ်ထားတော့ သူ့ပိုင်နက်ထဲ ရေမရှိရင် ဘယ်သွားသောက်မလဲ၊ စားစရာမရှိရင် ဘယ်သွားစားမလဲ အဖေ"

"ငါ့သားမေးတာ မေးထိုက်တယ်၊ အစာရှာရာမှာ ချိုးမှန်သမျှ ယာမြေ ချောင်းမြောင်းကန် အနှံ့ သွားကြလာကြတာပဲ၊ တို့လူတွေ ဆိုင်ရာ ဆိုင်ရာ အလုပ်သွားသလိုပေါ့ ငါ့သားရယ်၊ သူတို့လည်း သွားကြတာပေါ့။ ဒါပေမဲ့ အမြဲတမ်းနေထိုင်ရာ ဒေသအဖြစ် ချိုးအုပ်တစ်အုပ်မှာ တောတစ်တောရှိတယ်၊ ခေါင်းဆောင် ချိုးတစ်ကောင်ရှိတယ်၊ အဲဒီတောမှာ ခေါင်းဆောင်ချိုးပဲ ကူဝံ့ တယ်၊ ချိုးအုပ်ထဲက ချိုးငယ်တွေ ကူရင်လည်း ကြက်ခွပ်သလို ခွပ်ထုတ် တယ်၊ ရှုံးတဲ့ချိုးက အုပ်စုခွဲပြီး ပိုင်နက်တစ်ခု ရှာဖွေရတယ်၊ တခြားချိုး လာကူရင်လည်း နယ်ခံချိုး ခေါင်းဆောင်က တိုက်ခိုက် နှိမ်နင်းတယ်၊ ချိုးခေါင်းဆောင် ရှုံးရင် တခြားချိုးတွေက ဆက်တိုက်တယ်၊ တစ်အုပ်လုံး ရှုံးရင် တစ်အုပ်လုံး နယ်ပြောင်းပြေးတယ်၊ နိုင်ရင်လည်း အပြတ်အသတ် နယ်လွှင့်တယ်။ ဒါကို သိထားတဲ့ တို့လူသားတွေက ချိုးရိုင်းကို ယဉ်အောင် ကျင့်ပြီး လှောင်အိမ်ထဲ ထည့်မွေး၊ ယဉ်ပါးလာမှ တည်အိမ်လုပ်ပြီး ဘေးက ပိုက်နဲ့ ထောင်ဖမ်းတာပဲ၊ ချိုးတည်တယ်ဆိုတာ ဒါပဲမဟုတ်လား ငါ့သား"

နှင်းတို့ ဝေနေအောင်ကျရာမှ တစ်စတစ်စ ကျဲ၍ကျဲ၍ လာသည်။ ပါး၍ပါး၍သွားသည်။ ပတ္တမြားရည်တို့ စီးလည်လာပြီး အရှေ့ဆီမှ နီရဲ သော ကြာနီဖူးကြီးပမာ နေမင်းကြီး ထွက်ပြူလာသည်။ နှင်းငွေ့ကို

အတောင်မှခါ၍ ချိုးငှက်တို့ နေဆာလှုံရင်း ကူသံ၊ လေကြောမှ လွင့်ပျံလာချေပြီ။ ဤအချိန်ကို စောင့်နေသော သားအဖနှစ်ဦး လုပ်ငန်းစရန်ပြင်သည်။

"ကဲ... နှင်းလည်းကွဲပြီ၊ လုပ်ငန်းစကြစို့ ငါ့သား၊ သစ်ခက် ချိုးစမ်း"

ငတောက ချိုးတည်အိမ် ဖုံးထားသော အဝတ်စုတ်တို့ ဖြုတ်ပစ်လိုက်ပြီး ငလုံး ယူလာသော နဘူးခက်များဖြင့် ချိုးတည်အိမ်ကို ပတ်သည်။ ချွေးနီကျော်က သခင်နှစ်ဦးဘေးမှ သက်တော်စောင့်ပမာ မားမားမတ်မတ်။

"မင်း သစ်ပင်ပေါ်တက်၊ တို့ချိုးကို မျက်နှာ အတွင်းပိုင်း လှည့်ထား၊ ဒီလိုမှ မဟုတ်ရင် ချိုးသိမ်းဝင်ကုပ်လို့ တည်ချိုး လန့်တတ်တယ်"

သားဖြစ်သူ သစ်ပင်ပေါ် တက်သွားသောအခါ ငတောက ချိုး တည်အိမ်၏ နင်းပြားဘေး၌ရှိသော အပေါက်ထဲသို့ လောဝါးကို ထိုးသွင်းသည်။ လောဝါး မပြုတ်စေရန်အတွက် လောဝါးထိပ်ရှိ အပေါက်နှင့် နင်းပြားဘေးရှိ အပေါက်ငယ်ထဲ သပ်တစ်ချောင်း လျှိုထည့်သည်။ ငလုံး ရှိရာ သစ်ပင်ပေါ်သို့ ချိုးတည်အိမ်ကို လောဝါးဖြင့် ထိုးတင်ပေးလိုက်သည်။ အသံကျယ်၍ အောင်မောင်းဟု အမည်ပေးထားသော တည်ချိုးကြီးက တိုက်ပွဲဝင်ခါနီး သူရဲကောင်းသဖွယ် မာန်တဝင့်ဝင့်။

"တို့ ဒီနားနေလို့ မတော်ဘူး၊ ချွေးနီကျော် ခေါ်ခဲ့ ငါ့သား၊ ရှားပင်ရိပ်က စောင့်ကြရအောင်၊ ဒါမှ နယ်ခံချိုးက တို့ မလန့်မှာ၊ လှမ်းကြည့်လည်း ရှားပင်ရိပ်ကဆို လှမ်းမြင်နိုင်သားပဲ။ ကောင်းကောင်းဆင်းနော်၊ လိမ့်ကျဦးမယ်"

သစ်ပင်ပေါ်တွင် ချိုးတည်အိမ် ချိတ်၍ ဆင်းလာသော ငလုံးကို ငတောက လှမ်း၍ ပြောပြောဆိုဆို သူလည်း ရှားပင်ရိပ် ထွက်သွားသည်။ သားဖနှစ်ဦးစလုံး ရှားပင်ရိပ် ထိုင်မိချိန်၌ တည်ချိုးကြီး အောင်မောင်း ကူသံ ဆူညံသည်ထက် ဆူညံလာပြီ။





ကွမ်းတစ်ယာညက်ခန့် အကြာတွင် တည်အိမ် ချိတ်ထားရာသို့ နယ်ခံချိုးလည်ပြောက်ကြီး တစ်ကောင် ဒေါသတကြီး ပျံသန်းလာသည်။ ချိုးတည်အိမ် ဝဲဘက် အစွန်ဆုံးတွင်ရှိသော တည်ချိုးကြီး အောင်မောင်းက ခေါင်းတဝင့်ဝင့် လည်တခါခါနှင့် မာန်သွင်းလျက် ကူလိုက်သည်။ နယ်ခံချိုးကြီးက ဒေါသကြီးကာ မာန်သွင်းပြီး အတောင်ဖြင့် အတင်းပုတ်ခတ်သည်။ ကြက်ခွပ်သကဲ့သို့ တည်အိမ်အတွင်းရှိ တည်ချိုးကြီးကို လှမ်းခွပ်သည်။ တည်အိမ် ခံနေ၍ တည်ချိုးကို မထိမိသဖြင့် ပတ်ချာလှည့်ခွပ်နိုက် ခြေထောက်တစ်စုံက နင်းပြားပေါ်ရှိ ခလုတ် သွားထိမိတော့သည်။ ခလုတ်နှင့် လျှာတံက ကြိုးဖြင့် ဆက်ထားသည်။ ခလုတ်တင်က ကြိုးနှင့်အတူ ပိုက်ပါသွားသည်။ ခလုတ်ပြုတ်က ကြိုးကျလာပြီး ပိုက်ဖြန့်ကာ ချိုးကို အုပ်မိစမြဲဖြစ်သည်။ ဒေါသဖြင့် တိုက်ခိုက်လာမှုကြောင့် ခလုတ်ထိမိပြီး ပြုတ်ကျသွားသောအခါ ကြိုးနှင့်အတူ ပိုက်ပြုတ်ကျလာပြီး နယ်ခံချိုးကို ဖြန့်အုပ်မိသွားတော့သည်။

(၂)

"အရင်ချိုးတွေလို မိုက်ရူးရဲ မဟုတ်ဘူးနော် အဖေ၊ သူ့ကြည့်ရတာ တစ်မျိုးကြီး"

ငလုံးတို့ ချိုးရှစ်ကောင် ရပြီးသောအခါ ကြာပင်ကံတောသို့ ပြောင်းတည်စဉ် ကြုံတွေ့လာရသည့် ချိုးနှင့်ပတ်သက်၍ ငလုံးအဖို့ အထူးအဆန်းဖြစ်နေသည်။ ယခင်ယခင် တောနှင့်ချိုးများမှာ မိုက်ရူးရဲ တစ်ဖွတ်ထိုး ဝင်ခွပ်ဝင်တိုက်ခိုက်၍ အမိမြန်သော်လည်း ကြာပင်ကံတောတွင် တွေ့ရသော နယ်ခံချိုးကြီးသည် တည်တည်ငြိမ်ငြိမ်နှင့် ဣန္ဒြေရရပင်။ အရာဝတ္ထု မှန်သမျှကို သံသယဖြင့်သာ မဝံ့မရဲ မဖြစ်ရုံသာသာ ချဉ်းကပ်သည်။

"တိုးတိုးပြော ငါ့သား၊ ဒီချိုးကို လွယ်လွယ်နဲ့ ရနိုင်မယ် အဖေ မထင်ဘူး။ တို့တည်ချိုးက စိတ်ရှည်ပြီး ပညာသားပါမှ ရနိုင်မယ်"

တည်ချိုးကြီး အောင်မောင်းအနေဖြင့် ခေါ်သံပေး၍ လှမ်းစလိုက်သည်။ တကူ...ကူး၊ တကူ...ကူး၊ တကူ...ကူး ဟူသော ခေါ်သံတို့ ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားသည်။ နယ်ခံချိုးကြီး စိတ်၌ ဘာမှမဖြစ်ဟန်ဖြင့် ခပ်အေးအေး။

သူ့အတွက် အန္တရာယ် ရှိနိုင် မရှိနိုင်ကို စူးစမ်းဟန်ဖြင့် နယ်ခံချိုးက အကဲခတ်သည်။ အောင်မောင်း၏ ခေါ်သံကူသော တကူး...ကူး၊ တကူး...ကူး ဟူသည့် အသံမှာ ကျယ်လောင်သည်ထက် ကျယ်လောင်လာသည်။

လူရိပ်လူခြည်နှင့် အန္တရာယ်ဟန် မမြင်ရဟု နယ်ခံချိုးစိတ်၌ ယူဆသည့် အနေအထား တွေ့ကြုံလာမှ ချိုးတည်အိမ်ဘေးရှိ နင်ပြားပေါ်သို့ တက်သည်။ ထိုအချိန်ထိ နယ်ခံချိုးကြီးမှာ အသံ လုံးဝ မပေးသေး။

တည်ချိုးကြီး အောင်မောင်း ခေါ်သံဖြစ်သော တကူ...ကူးမှာ ထိရောက်မှု မရှိသောအခါ မြှောက်သံ ပြောင်းပေးလာပြီ။ မြှောက်သံဖြစ်သည့် တကူ...ကူး ကူး၊ တကူ...ကူး ကူး၊ တကူ...ကူး ကူး ဟူသော ကူသံတို့ အားမာန်အပြည့် ဆူဆူညံညံ။

နယ်ခံချိုးအဖို့ စလုတ်နှင့် လှျာကို သံသယ မကင်းဟန်ဖြင့် တွေကြည့်နေသည်။ သူ့နယ် ကျူးကျော်လာသော ချိုးအား တိုက်ခိုက်ရေးထက် သူ့အန္တရာယ် မရှိရေးကို အဓိက အလေးပေး စဉ်းစားနေဟန် မြင်ရသည်။

"နယ်ခံ ချိုးအုပ်ခေါင်းဆောင် ဖြစ်လျက်သားနဲ့ ဒေါသ အတော်နည်းတဲ့ ကောင်နော် အဖေ"

"ဖြစ်နိုင်တာက လူမိပြီး ပြန်လွှတ်ထားတဲ့ ချိုးယင်ရင်လည်း ဖြစ်မယ်၊ တည်ချိုးဟောင်းရင်လည်း ဖြစ်မယ်၊ ဒေါသနည်းတာ မဟုတ်ဘဲ ချုပ်တည်းထားတာ ဖြစ်လောက်တယ် ငါ့သား"

သစ်ပင်အကွယ်မှ လှမ်းကြည့်နေရင်း မှတ်ချက်ချနေသော သားအဖနှစ်ယောက် မျက်လုံးအစုံသည် တည်ချိုးနှင့် နယ်ခံချိုးဆီ ရောက်သွားကြပြန်သည်။





မြှောက်သံပေး၍ ခေါ်နေသော တည်ချိုးကြီး အောင်မောင်းသည် မလှုပ်မရှားဘဲ တွေနေသော နယ်ခံချိုးအား ချသံပေးလျက် လှမ်း ကလိပြန်သည်။ ကူကူး၊ ကူကူး၊ ကူကူး ဟူသော ချသံတို့ တစ်တောလုံး ဆူညံနေသည့်တိုင် နယ်ခံချိုးကြီးအနေဖြင့် ဒေါသတရားကို သိမ်းဆည်း၍ တည်ချိုးကြီးအား မှင်မပျက် ကြည့်နေဆဲပင်။

တည်ချိုးကြီး အောင်မောင်း၏ အားမာန်သည်လည်း မလျော့။ နယ်ခံချိုးနှင့် နီးနိုင်သမျှ နီးမည့်နေရာသို့ ကပ်သွားပြီး တိုက်ပွဲသစ်ကို မြှူခေါ်လိုက်ပြန်သည်။

ခေါ်သံပေးပြန်ပြီ။ တကူ ကူး၊ တကူ ကူး၊ တကူ ကူး...။

ခေတ္တနား၍ နယ်ခံချိုးကြီးအား အောင်မောင်း အကဲခတ်သည်။ ကူကူး၊ ကူကူး၊ ကူကူး၊ ကူကူး။

မိမိဘေး၌ လည်တညိတ်ညိတ် ခေါင်းတခါခါနှင့် ရန်စလာသော တည်ချိုးကြီး အောင်မောင်းကို နယ်ခံချိုး စိတ်ဆိုးစပြုလာပြီ။ ထို့ကြောင့် တည်အိမ်ဘေးသို့ ကပ်ရသမျှ ကပ်သွားသည်။ တည်ချိုးကြီးကလည်း ကပ်ရသမျှ ကပ်လာသည်။ တည်အိမ် လုပ်ထားသော ဝါးမာစိတ်လေးများသာ ခြားနေရာမှ တစ်ကောင်နှင့်တစ်ကောင် ငြိမ်ငြိမ်သက်သက်ပင် အကဲခတ်ကြည့်သည်။ ငတောနှင့် ငလုံးတို့ သားအဖနှစ်ယောက်မှာ အသက်ပင် ကျယ်ကျယ် မရှူဝံ့ဘဲ ငြိမ်ကြည့်နေသကဲ့သို့ သခင်နှစ်ဦးဟန်ကို ကြည့်၍ အလိုက်သိသော ခွေးနီကျော်ပင်လျှင် တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်ငြိမ်ဆိတ်ဆိတ်။

ငြိမ်သက်နေမှုကို စတင် ဖြိုဖျက်လိုက်သူမှာ တည်ချိုးကြီး အောင်မောင်းပင်။ တည်အိမ်ဘေး ကပ်နေရာမှ ဖြုတ်ခနဲလှည့်ကာ တည်အိမ်အောက်ဘေး လစ်လပ်နေသော နေရာကို ဖင်လှည့်လိုက်ပြီး သူ့အမြီးကို လျှော့ချလိုက်သည်။ လျှော့ချလိုက်သည့် သူ့အမြီးဖြင့် အပြင်၌ ရပ်နေသော နယ်ခံချိုးကြီးအား လှမ်းထိုးလိုက်သည်။ နယ်ခံချိုးအဖို့ မမျှော်လင့်ဘဲ သူ့

အောက်ပိုင်းကို တည်ချိုးကြီး၏ အမြီးနှင့် လှမ်းထိုးခံရသဖြင့် လန့်သွားသည်။ လန့်သွားရာမှ သူ့အောက်ကြည့်သောအခါ တည်ချိုးကြီး၏ အမြီးဖြစ်နေ၍ ဒေါသထွက်လာကာ အမြီးကို ဆိတ်သည်။ နှုတ်သီးဖြင့် ပေါက်သည်။ တည်ချိုးကြီး အောင်မောင်းအနေဖြင့် မခန့်လေးစားဟန်ဖြင့် အမြီးဖြင့် လှမ်းထိုးလိုက်၊ နယ်ခံချိုးက ဆိတ်လျှင်၊ ပေါက်လျှင် ပြန်သွင်းလိုက်နှင့် လုပ်နေသည်။ နယ်ခံချိုးအဖို့ အမြီး ဆိတ်လိုက်ပေါ့ရာ်လိုက် လွတ်သွားလိုက်နှင့်မို့ အခံရခက်ကာ မနေနိုင် မထိုင်နိုင် ဖြစ်မှန်းမသိ ဖြစ်လာသည်။ စိတ်ဆိုးမှု ဆနွှန်း မြင့်မားလာသည်။

နယ်ခံချိုး စိတ်ဆိုးလာပါမှ တည်ချိုးကြီး အောင်မောင်း တိုက်ကွက် ပြောင်းလာသည်။ အမြီးဖြင့် လှမ်းမထိုးတော့ဘဲ နောက်ဆုတ်ကာ ကူသံပေးခြင်းပင်။

နယ်ခံချိုး ဒေါသ ပေါက်ကွဲသွားသည်။ အတောင်ဖြင့်လည်း လှမ်းပုတ်သည်။ ကြက်ခွပ်သကဲ့သို့လည်း လှမ်းခွပ်သည်။ ထိုအခါ ခြေထောက်က ခလုတ်နှင့် မောင်းတံကို သွားထိမိသည်။ ခလုတ်ပြုတ်ပြီး ပိုက်ဖြန့်ကျလာကာ နယ်ခံချိုးကို အုပ်မိသွားသည်။

ပိုက်နှင့် အုပ်မိသည့်အတိုင် နယ်ခံချိုးဒေါသမပြေ။ တရှူးရှူး တရှဲရှဲ။

(၃)

"ပြေး... ပြေးဟေ့ ငါ့သား၊ ကွေ့ကောက်ပြီး အမြန်ပြေး၊ ဘာမှ ယူမနေနဲ့"

ငန်းပုပ်မြွေကြီးကို မြင်လိုက်ရကတည်းက အော် အော် ပြေး ပြေး ငတော ပြေးသည်။ ချိုးဆယ်ကောင် တည်ရပြီး၍ ယခု ထိန်ပင်တော ကဇာခင်တန်းကို ယနေ့အဖို့ နောက်ဆုံးတော သတ်မှတ်ပြီး ငတောတို့ ချိုးတည်ခဲ့ပါ၏။

ထိန်ပင်တော ကဇာခင်တန်း။





သည် ကဇာခင်တန်းသည် တွင်းကြီးကျေးရွာ၌ အကြီးမားဆုံးသော ကဇာခင်တန်းအို ဖြစ်ပါ၏။ တန်ဆောင်းပြာသာဒ်၊ မိုးနံ့၊ ရှား၊ ချင်းရဲ၊ ကြက်လျှာ၊ ဆူးဖြူ၊ ထိန်နှင့် သန်းတို့ ထူထူထပ်ထပ် ပေါက်သည်။ ဖွတ်၊ ပုတတ်၊ ကြွက်၊ ပွေးစသော တောဟင်းလျာကောင် ပေါသကဲ့သို့ မြွေပွေး၊ မြွေဟောက် ပေါသည်။ ငန်းပုပ်လည်း ရှိသည်။ ဤသည်ကို ငတောတို့သားအဖလည်း အသိ၊ ခွေးနီကျော်လည်း အသိ။ ငတောတို့သားအဖအနေဖြင့် ချိုးတည် လုပ်ငန်းကို အာရုံစိုက်ရသလို မြွေအန္တရာယ်ကိုလည်း သတိမမေ့။ သည်သတိ ထားသည့်ကြားမှပင် ခွေးနီကျော်က ကြွက်ပြေးရာ ခရာတောထဲ စွတ်ရွတ်တိုးပြီး လိုက်မိအောင်လိုက်သည်။ ကြွက်က တောင်ပို့ထဲ ဝင်သွား၍ ခွေးနီကျော် တပ်ပြန်ဆုတ်လာစဉ် ချုံတန်းပေါ်မှ လျှောခနဲ လျှောတိုက်ဆင်းသံ ကြားရသည်။ မိုးနံ့ချုံ၊ ချင်းရဲချုံတို့ လှုပ်ရှားသံ၊ မာန်သွင်းသံ ကြားရသည်။ မာန်သွင်းသံနှင့် မရှေးမနှောင်းပင် ငန်းပုပ်ကြီးသည် ဒေါသတကြီး ပေါ်ထွက်လာကာ အန္တရာယ် အစပျိုးလာသည်။

ငန်းပုပ်မြွေကိုက်က ကျွဲနွားပင်လျှင် ပစ်လဲကျ သေပါသည်။ လူဆိုလျှင် ရှင်ဖို့ ဝေလာဝေးမို့ ချိုးတည်မုဆိုးတို့ သားကောင်ဘဝ မရောက်စေရန် ပြေးရပြီ။ ငတောတို့ သားအဖသည် ချိုးသေများလည်း မကောက်နိုင်။ လွယ်အိတ်ကိုလည်း မယူခဲ့။ ရှေ့ကပြေးသော ငလုံးနောက် ခွေးနီကျော်ပါ ရောပြေးရာသည်။ ငလုံးလက်တွင် ဓားရှည်ကြီး ကိုင်ထားသော်လည်း ပြန်လှန် တိုက်ခိုက်ဖို့ စိတ်ကူးမရ။

သခင်အားကိုး လိုက်လာသော ခွေးနီကျော်သည် သခင်များ ပြေးစကလန့်၍ ရောပြေးသော်လည်း သစ်ကိုင်းချင်း ရိုက်သံ၊ ချုံတိုးသံတို့ ဆူညံလာမှုကြောင့် ရပ်လျက်ကြည့်သည်။ သူ တွေ့မိသော အရာမှာ ငန်းပုပ်မြွေကြီး တစ်ကောင် အမြီးထောက်၍ ခေါင်းထောင်ကာ ဒေါသတကြီး လိုက်လာသည့် ဖြစ်ရပ်မှန်း သိသွားသည်။ ပြေးသည့် အနေအထားကို ပြင်ပြီး ငန်းပုပ်မြွေကြီး လိုက်လာရာ အရပ်ကို မျက်နှာမူလိုက်ပြီ...။

ရပ်စောင့်နေသော ခွေးနီကျော်။

ဒေါသဖြင့် လိုက်လာသော ငန်းပုပ်ကြီး။ သတ္တဝါနှစ်ကောင်၏ တိုက်ပွဲအစကို ငတောနှင့်ငလုံးတို့ မှင်တက်မိ ကြည့်နေမိပါ၏။

ကြောက်ကြောက်ဖြင့် ပြေးစဉ်က မနားတမ်း လိုက်လာသော ငန်းပုပ်မြွေကြီးသည် ပြန်လှန်တိုက်ခိုက်ရန် တန်ဆောင်းပြာသာဒ်ချွန်ကို ဖင်ပေး၍ ပေါင်နေသော ခွေးနီကျော်၏ဟန် မြင်ကတည်းက ကိုယ်ရှိန်သတ် ရပ်လိုက်သည်။ ရပ်နေသော ငန်းပုပ်ကြီးကို ခွေးနီကျော်ပေါင်သံ တောလုံး လျှံသွားသည်။

လျှာ တစ်လစ် တစ်လစ်ဖြင့် ပါးပျဉ်းထောင်နေသော ငန်းပုပ်ကြီး၏ နီရဲသော မျက်စိတစ်စုံက တိုက်ကွက်ကို ရှာသည်။ ခွေးနီကျော်၏ ဟန်ပန်မှာ သတိအနေအထားဖြင့် ရှေ့တက် မတိုက်ဘဲ ခံစစ်သဘော တိုက်မည့်ဟန် ရှိနေသည်။ ခွေးနီကျော်၏ သခင်နှစ်ဦးမှာ ဓားနှင့်ပေါက်ဖို့ မေ့သီးစားသလို ဖြစ်ဟန်ရှိသည်။

ကြည့်နေဆဲမှာပင် ငန်းပုပ်ကြီး၏ ခါးသည်ဆန့်လာပြီး ပါးပျဉ်း ညီတ်ခနဲ ဖြစ်သွားသည်။ လေထဲ၌ ဝှီးခနဲအသံ ပေါ်ထွက်လာသည်။ ဝှီးခနဲပေါ်လာသော ငန်းပုပ်ကြီး၏ ခွေးနီကျော်အား ပေါက်သတ်သော ပေါက်ချက်ကို ခွေးနီကျော်က ဘေးသို့ လျင်မြန်စွာ ခုန်တိမ်းရှောင်လိုက်သည်။ ငန်းပုပ်ကြီးအား ပြန်ကိုက်ရန် လုပ်ဆဲမှာပင် ငန်းပုပ်ကြီးက နောက်တစ်ကြိမ် ပေါက်ရန် ပြန်အားယူပြီး မလွတ်ရာကို ချိန်ဆနေမှု ခွေးနီကျော် တွေ့သွားရပြီ။ တန်ဆောင်းပြာသာဒ်ပင်ကို ဖင်ပေး၍ ငန်းပုပ်ကြီးကို အစောင့်တွင် ရှိသမျှ အင်အားကို အားကုန်သုံးလျက် ငန်းပုပ်ကြီးက ထပ်မံ ပေါက်သည်။ ခွေးနီကျော် လူ့ပ်ရှားမှုမှာ ငန်းပုပ်ကြီးခေါင်း ညီတ်ခနဲ ဖြစ်ကတည်းက ရှောင်တိမ်းထားသဖြင့် ပေါက်ချက်မှ လွတ်ကင်းသွားသည်။ ငန်းပုပ်ကြီး ပေါက်ချက်မှာ တန်ဆောင်းပြာသဒ်ပင်ကို သွားပေါက်မိသဖြင့် ဖျောက်ခနဲ အသံ ထွက်လာသည်။





တန်ဆောင်းပြာသာဒ် အပင်သည် အပေါ်ယံ အခွန်ပါး နည်းနည်းမာသော်လည်း အထဲ၌ ငှက်ပျောပင်နှင့် တူသဖြင့် တန်ဆောင်းပြာသာဒ် အပင်ကို ပေါက်မိသော ငန်းပုပ်ကြီး၏ အစွယ်နှစ်ခုက ငှက်ပျောပင် ပေါက်မိသကဲ့သို့ ချိတ်နေသည်။ အစွယ်ကို ပြန်နုတ်ရာ ရုတ်တရက် ပြန်နုတ်မရသဖြင့် ကိုယ်ကြီးကို လိမ်ကွေးကာ ဒေါသဖြင့် ပြန်နုတ်ရရေးအတွက် ငန်းပုပ်ကြီး ကြိုးစားသည်။ အစွယ် ပြန်နုတ်မရမီမှာပင် ခွေးနီကျော်က ငန်းပုပ်ကြီးကို အတင်းဝင်ကိုက်သည်။ မာန်သွင်းသံ၊ ဒေါသသံတို့ဖြင့် ရုန်းကန်နေဆဲမှာပင် ငန်းပုပ်မြွေကြီး၏ ခါးလယ်ပိုင်း ပြတ်ထွက်သွားသည်။ ခါးလယ်ပိုင်း ပြတ်ထွက်သွားသော ငန်းပုပ်မြွေကြီးကို မြင်မှ ငလုံး သတိရ စိတ်အားတက်ကြွကာ တန်ဆောင်းပြာသာဒ်ပင် ချိတ်နေသော ကျန်အပိုင်းအား ဓားဖြင့် ဇက်နောက်မှ အတင်းဝင် ဖြတ်သည်။

တန်ဆောင်းပြာသာဒ်ပင် အစွယ် ချိတ်နေသော ပန်းပုပ်မြွေကြီး၏ မျက်စိမှာ မီးရောင်ကဲ့သို့ တဝင်းဝင်း။ အငြိုးပင် မပြေလေဟန်ပါတည့်။

ငလုံးက ငန်းပုပ်မြွေကြီး၏ အပိုင်းအပြတ်များကို လိုက်ကောက်၍ ထန်းလက်လျှော်ဆုတ်ကာ ဟင်းချက်စားရန် တွဲလိုက်သည်။ ငတောနား၌ တည်ထားသော ချိုးတည်အိမ်မှ ချိုးဖမ်းမိသံကြား၍ လှမ်းကြည့်လိုက်ရာ တည်ချိုးကြီး အောင်မောင်းဘေးတွင် နယ်ခံချိုးကို မိပြီးဖြစ်ကြောင်း မြင်ရလေပြီ။

❖





# အညာချိုးရိုက်သမား

"ဟ... ထမင်း စောစောချက်ပါဆိုတာ ခုထိ မီးမမွှေးသေးပါလား၊ နင့်အမေရ"

ထန်းလက်မိုး တဲအိမ်ထဲ ဝင်ဝင်ပြောပြော ပြောလာသည့် ငတောကို မိဂျမ်း ဘာစကားမျှ ပြန်မဖြေ။ ရောက်ရောက်ချင်း ဆောက်နှင့်ထွင်း မိဂျမ်း မလုပ်လို။

ငတောသည် ရေအိုးစင် သွားကာ ရေနှစ်ခွက် ဆင့်သောက်ပြီး စီးကျလာသော ချွေးများကို ခေါင်းပေါင်းလာသည့် တဘက်ကို ဖြုတ်၍ ချွေးသုတ်သည်။ ဖျင်အင်္ကျီကို ချွတ်လျက် ထန်းပလပ်တန်းလျားပေါ် တင်လိုက်ကာ လေပူတစ်ချက် ဟူးခနဲ မှုတ်ထုတ်လိုက်သည်။

ပါးစပ်မှ မမေးဘဲ မျက်လုံးဖြင့် ဝေ့ကာဝဲကာ သူ့သား ငလုံးကို ရှာသည်။ သားကို မမြင်မိ။

"တော်တို့ နေဝင်မှ ချိုးရိုက်သွားမှာ မဟုတ်လား"

"အေး"

"ဒါဆိုရင် နေမဝင်ခင် ထမင်းကျက်အောင် ကျုပ် ချက်ပေးပါ့မယ်၊ ခဏစောင့်"

သည်တော့မှ မီးမမွှေးသေးခြင်း၏ အဓိပ္ပာယ်ကို ငတော နားလည်လိုက်သည်။ သည်မျှဆိုလျှင် အညာ ချိုးရိုက်သမားကြီး ငတောသည် သူ့မီးဖိုချောင်၏ ချက်ပြုတ်ရေး မိုးလေဝသကို အတွေ့အကြုံ ပညာဖြင့် သိလိုက်ပြီ။

ငတောသည် အောက်ပြည် အောက်ရွာသို့ မရောက်ဖူး၍ သူတို့ဆီက ချိုးရိုက်သမားများဖြစ်သည့် သူ့ ညီကိုနောင်ဘွားများ ဘယ်သို့ ချိုးရိုက်ကြမှန်း ဘယ်သို့ စားကျက်ရှာကြမှန်း သူ မသိ။ သူ သိသည်က အညာမြေ အညာချိုးကို အညာဒေသ ထုံးစံအရ ရိုက်ကြသည်သာ သိသည်။ သူသည် အညာ ချိုးရိုက်သမား။

အညာချိုးရိုက်သမား တစ်ဦး၏ ပထမဆုံး တာဝန်မှာ ချိုးရိုက်ကွင်းကို ပဏာမ စုံစမ်းရသည်။

ယခု ငတော ပြန်လာသည်က ရိုက်ကွင်း သတ်မှတ်နိုင်မည့် တောများဆီမှ လအလိုက်၊ ရက်သတ္တပတ်လိုက်၊ ရက်ခြား ရက်ခြား သူ သွားခဲ့သည်။

တောလည်း နှံ့နှံ့စပ်စပ်။ တောထဲမှာ သစ်ပင်အရပ်ရပ်ကိုလည်း ငတော လေ့လာခဲ့သည်။ ရိုက်ရမည့် အပင်ကို တွက်ချက်ခဲ့သည်။ ခန့်မှန်းခဲ့သည်။ ရိုက်ရမည့် ရက်ကို သူ သတ်မှတ်ခဲ့သည်။

ကနေ့ညဆိုလျှင် သူ ချိုးရိုက်ရတော့မည်။

"အမေ သုံးဆယ် ရခဲ့တယ်ဗျ၊ အမေမှာတာ ဝယ်ခဲ့တယ်"

ငတောနှင့် မိဂျမ်းရှိရာ အထုပ်လေးနှင့် ဝင်လာသော ငလုံး။ သူ ဝယ်လာသော ပစ္စည်းများကို ချပြသည်။ ဆန်၊ ချောင်းဆိုးပျောက်ဆေး ပုလင်းခွံနှင့် ထည့်လာသော ဆီ၊ ကွမ်းသီးခြမ်းတို့ကို မိဂျမ်းက တစ်ခုစီ ခွဲလိုက်သည်။

"ဆန် တစ်ခွက်က ဆယ့်လေးကျပ်၊ ဆီ ငါးကျပ်သားက ရှစ်ကျပ်၊ ကွမ်းသီး နှစ်ကျပ်ခွဲသားက ခြောက်ကျပ်၊ ပြီးတော့..."





"တော် မပြောနဲ့၊ ငါ မကြားချင်ဘူး"

မိဂျမ်း စကားသံကြောင့် ငလုံး လျှာထုတ်၍ ပြုံးဖြဲဖြဲ။

"အမေကလည်းဗျာ...စိတ်တိတ် စိတ်တို၊ အိုက်လော် အော်လိုက်တာ အဟီး"

သားအမိနှစ်ယောက်ကိုကြည့်၍ ငတော ပြုံးစစ။

ကတိုက်ကရိုက် ချက်ပြုတ်ရန် မီးဖိုချောင်အတွင်း မိဂျမ်း ဝင်သွားမှ ငလုံးကို ငတောက မေးသည်။

"အမေ သုံးဆယ် ရခဲ့တယ်ဆိုတာ ဘာလဲကွ"

"အဟီး... အား/ကာ ကံထူးရှင် နှစ်ကျပ်မဲပွဲတုန်းက မဲပေါက်တဲ့ တရုတ်ဇလုံကြီးလေ အဖေ၊ အဲဒါ သုံးဆယ်နဲ့ ပေါင်ခဲ့ရတာ အဖေရ၊ အတိုးက တစ်ရာကို နှစ်ဆယ်တိုးတဲ့။ အမေက ငါးဆယ် တောင်းခိုင်းပေမဲ့ ဟိုက ကဂျီကဂျောင် လုပ်လို့ သုံးဆယ်နဲ့ ပေါင်ထားခဲ့ရတယ် အဖေရာ။ အဲဒီ အပေါင်ခံတဲ့ အိမ်များ ကျုပ်တို့လို လာပေါင်တဲ့လူတွေ ပြည့်လို့"

တစ်ရာလျှင် တစ်လ နှစ်ဆယ်တိုး။ ပစ္စည်းအပေါင်ခံသူ၏ ဓနဥစ္စာ အပေါ်မှ ရရှိမည့် အမြတ်ငွေ။

အိမ်မှာ ထိုင်နေရသည့် အပေါင်ခံသူထံ သွား၍ အိမ်တိုင်ရာရောက် သွားရောက်ပေါင်ရသူများ။

ငတော ရှည်ရှည်ဝေးဝေး မတွက်တော့။ လူဆင်းရဲ ဖြစ်နေမှတော့ မရှိရှိတာ ချပေါင်ရတာ ဆန်းသလား။ အတိုးပေးရတာ ဆန်းသလား။ ကံလား၊ ဝဋ်လား၊ ဟိုဟာကြောင့်လား၊ ဒီဟာကြောင့်လား။ ခေါင်းရှုပ်အောင် ငတော မတွေးတော့။

"ကိုင်း...မင်းအမေကလည်း သူ့နည်းသူ့ဟန်နဲ့ ထမင်း ဖန်တီးနေပြီ၊ တို့ကလည်း တို့နည်းတို့ဟန်နဲ့ ထမင်းအတွက် ငွေဖန်ဖို့ ချိုးရိုက်ပိုက် စစ်ကြည့်ရအောင်"

"ကျုပ် ထုတ်လိုက်မယ် အဖေ"

တဲဘေး ကပ်ချည်ထားသော ချိုးရိုက်ပိုက်ကို ငလုံး ထမ်းထုတ်ကာ အိမ်ရှေ့ချသည်။ တုပ်ထားသည့် လျှော်များအားဖြေ၍ ပိုက်ကို လျှောက်ကြည့်သည်။

ချိုးရိုက်ပိုက်ကို စာကလေး ပြေလုံးကလေး ခေါင်းဝင်ဆံ့ရုံ အကွက်ဖော်၍ နိုင်လွန်ချည်ဖြင့် ထိုးထားသည်။

အရှည်မှာ ဆယ့်ရှစ်တောင်ကျော်ကျော်။ အမြင့်မှာ ထီးရိုးဝါးတစ်ဆုံး ဆယ့်နှစ်တောင်ကျော်ကျော်။

ဝါးလုံးနှစ်လုံး အရင်းကို အပေါက်ဖောက်၍ ဝက်အူစုပ်ထားပြီး ဖြန့်နိုင် လိပ်နိုင်သည်။ ချိုးရိုက်စဉ် ဖြန့်ထားပြီး ချိုးရိုက်ပိုက် သိမ်းချိန်၌ လိပ်ထားသည်။ သိမ်းဆည်းထားချိန်၌ မတော်တဆ ကြွက်ကိုက်ခြင်း၊ ယခင် ချိုးရိုက်စဉ်က သစ်ကိုင်း ချုံနွယ်ငြိခဲ့၍ စုတ်ပြဲခြင်း မရှိပါက ချိုးရိုက် မထွက်မီ အချိန်ရှိခိုက် ဖာရထေးရမည်။

"ပိုက်က ကောင်းပါတယ်ကွာ၊ ရိုက်ဝါးတို့ တောယူမယ့်ဟာတို့ ပြင်ထား၊ ထမင်းကျက်ရင် စားသောက်ပြီး ထွက်တာပေါ့"

"ကျုပ် လုပ်ထားလိုက်မယ် အဖေ"

ငလုံး လုပ်ကိုင်သည်က ဖျတ်ဖျတ်လတ်လတ်။ ချိုးရိုက်ဝါးလုံး၊ ဓားရှည်၊ တောလိုက် ဘက်ထရီမီး၊ ဖန်သီးအပို၊ အရန် သုံး ခဲထိုးလက်နှိပ်ဓာတ်မီး၊ ချိုးထည့်ရန်အိတ်၊ သူ့အဖေ ကွမ်းထုပ် စသည် စသည်တို့ကို အဆင်ပြင်ဆင်ထားသည်။

မိဂျမ်း ထမင်းချက်နေခိုက် ငတော ခေါင်းထဲတွင် စရိုက်ရမည့် တော၊ ကနေ့ည အဆုံးသတ်ရမည့် တောကို အကွက်ချနေသည်။

* * *





ငတောတို့ ရွာမှ ထွက်စက နေဝင်ချိန်။ ဝင်လုဆဲဆဲ နေမင်းကြီးသည် ကြာနီဖူးငုံ ပတ္တမြားကဲ့သို့ ရဲရဲလွင်လွင်၊ တိမ်ပန်းချီကား တစ်ကားလုံး တောက်တောက်ပပ။ နီနီရဲရဲ။ ပတ္တမြားရည်တို့ စီးလည်ဖြာကျ၍ အနီရောင် မြစ်တစ်စင်း စီးဆင်းနေသည်ဟု ထင်ရလုဘနန်း။

နံ့သာတော ရှင်မတောင်ကြီးပင်လျှင် အဝေးဆီမှ လှမ်းမျှော်ကြည့်ရသည့်တိုင် တိမ်တောက်သည့် ယခုအချိန်၌ ခါတိုင်းကဲ့သို့ မှိုင်းညို့ညို့ စိမ်းမှောင်ရီ မှိုင်းမနေဘဲ ပြိုးပြိုးပြက်ပြက် ဝင်းဝင်းစက်စက် လင်းလင်းလက်လက်၊ ကဇာတန်းများဆီမှ ဘုတ်ပူသံ၊ ချိုးကူသံ၊ ဆက်ရက် ငှက်မြည်သံ၊ ပြွတ်ငှက်မြည်သံတို့က အညာကျေးလက်၏ တေးသံသာအဖြစ် သာသာယာယာ ငြိမ့်ငြိမ့်ညောင်းညောင်း ချိုတနွဲ့နွဲ့ ညင်းညှုံ့ညှုံ့ အေးအေးမြမြ။

ပန်းတိမ်ဖို ကဇာ ကျော်သောအခါ သဘာဝပန်းချီကားကို အရောင်တစ်မျိုး ပြောင်းစေရန် သဘာဝက ဖန်တီးလိုက်ပြီဟု ထင်ရသည်။

ပတ္တမြားရည်တို့ကို လွှမ်းမိုးလာသော ငွေနှင်းဝတ်ရည်များ။

နှင်းဝတ်ငွေမှုန်တို့က သူတို့၏အဖော် မဟူရာ ကမ္ဗလာဖြင့် လောကကို လွှမ်းခြုံပေးလာသည်။ နှင်းဝတ်ငွေမှုန်တို့ကို တပျော်တပါး ကြိုဆို နေကြသူများမှာ တောပန်း တောင်ပန်းများပါတည့်။

မြောက်လေ တစ်ချက်အဝှေ့တွင် နှင်းဦးကိုဖြတ်သန်း၍ တောပန်း တောင်ပန်း ရနံ့ သင်းတပျံ့ပျံ့ကြိုင်ကြိုင်လှိုင်လှိုင်။

"ခဏနားမယ်ဟေ့၊ ညရောက်ရောက်ချင်း အိပ်တန်းဝင် တန်းရိုက်တာ မကောင်းဘူး၊ ချိုး အိပ်ပျော်ချိန်လောက် ရောက်မှ ရိုက်လို့ကောင်းမယ်"

နှောပင်ကြီးအောက် ရောက်လျှင် ငတောက သူ ထမ်းလာသော ချိုး ရိုက်ပိုက်၊ ဝါးလုံးနှင့် ဓားလွယ်ကို အသာအယာချထား၍ ထိုင်သည်။

တောလိုက် ဘက်ထရီမီးနှင့် သူ့ပစ္စည်းများကိုချရင်း လေ့လည်းနားသည်။

“နေဝင်ကာရှိသေး အေးချင်ပြီဗျ၊ နော် အဖေ”

“သူ့ရှိတဲ့ အစွမ်း သူပြတာပဲကွာ၊ ဆောင်းဟာ၊ သူ့ရှိတာ နှင်းနဲ့ အချမ်းပဲ၊ ဒီတော့ အေးတာ ဆန်းသလား”

“အဟီး... ကျုပ်လည်း ကျုပ်ရှိတဲ့ ခြေထောက် အစွမ်းပြပြီး ခပ်သွက်သွက်သွားရင် ဒီအအေး ဘာမှုမလဲဗျ”

ငတောသည် ဝင်ရောက်စပြုလာသော ညနှင့် ရောက်ရှိနေသည့်တောကို အကဲခတ်သည်။

ညက လဆုတ် ရှစ်ရက်ည။ ရာသီက ဆောင်းရာသီ။ တောက မန်ကျည်းပင်၊ ထနောင်းပင်နှင့် နပဲပင်များမှာ ချိုးရိုက်ရမည့်တော။

“အဖေ...ချိုးရိုက်ဖို့ ဘာတွေ ထွက်ထွက် ကြည့်နေရတာလဲဗျ”

“ဟ...လိုတာတွေ ကြည့်ရတာပေါ့ သားရ”

“ဘာတွေ လိုလဲဗျ”

“သစ်ပင် မည်းမည်းမြင်တိုင်း လျှောက်ရိုက်လို့ ရမလား”

“ချိုးရှိမှ ရမှာပေါ့ အဖေရ”

“အဖေ ထွက်ထွက်ကြည့်တာလည်း အဲဒါပဲ၊ ချိုးရိုက်သမားကောင်းဖြစ်ဖို့ မပျင်းရဘူး၊ အောက်ပြည်အောက်ရွာက တို့ ညီတော် နောင်တော်တွေ ချိုးရိုက်တာတော့ ဘယ်လိုရယ်လို့ အဖေ မသိလို့ မပြောတတ်ဘူး၊ တို့အညာ ချိုးရိုက်သမားကတော့ ချိုးအိပ်တဲ့အပင် အရင် စနည်းနာ ရှာဖွေရတယ်၊ သေချာသည်ထက် သေချာအောင် စေ့စေ့စပ်စပ် ခဏခဏ ကြည့်ရတယ်၊ ဒီလိုကြည့်ရာမှာ ဒီချိုးအုပ်ဟာ လန့်ပျံရာက တစ်ညနှစ်ည အိပ်သလား၊ ဒါမှမဟုတ် အမြဲတမ်း အိပ်သလားလို့ သိရတယ်”





“ဘာနဲ့ ခွဲခြားလဲ အဖေ”

“ယိုတဲ့ ချိုးချေးကြည့် ခွဲရတယ် ငါ့သား၊ အမြဲတမ်းအိပ်တဲ့ ချိုးဟာ သူ့ရာသီနဲ့ သူ့နေရာမှာ ချိုးချေး ထပ်ရက်ကပ်ရက်ပဲ၊ အမြဲတမ်း အိပ် မအိပ်သိပြီး သေချာရင် လာရိုက်တဲ့အခါ ပင်ပန်းရကျိုး နပ်တာပေါ့”

“ခုလို ရိုက်ရင် ဘာချိုးတွေ ရမလဲအဖေ”

“တို့ တွင်းကြီးမှာ ချိုး ဘယ်နှမျိုး ရှိလဲ”

“သုံးမျိုး အဖေ၊ ချိုးလင်းပြာ၊ ချိုးလည်ပြောက်နဲ့ ချိုးနီပု”

“အေး–ဟုတ်တယ်၊ တည်ရချိုး နှစ်မျိုးဖြစ်တဲ့ လင်းပြာနဲ့ လည်ပြောက်ရယ်၊ လူ အကပ်မခံသလို တည်ချိုးနဲ့ တည်လည်း မကပ်ဘဲ အားကြီးရိုင်းတဲ့ ချိုးနီပုခေါ် ချိုးသင်ကန်းရယ် သုံးမျိုးပါပဲ၊ ချိုးနီပုက တည်လည်း မရဘူး၊ နေတော့လည်း အုပ်လိုက် အဖွဲ့လိုက်နေတယ်၊ လင်းပြာနဲ့ လည်ပြောက်ထက် ချိုး အရွယ်အစား ငယ်ပေမဲ့ အုပ်များ အကောင်ရေ များတာကတော့ ဒီကောင်တွေပဲ၊ ချိုးရိုက်ရင်လည်း ဒီကောင်တွေ အများဆုံးရတာပဲ”

“ကျန်တဲ့ချိုးနဲ့ တခြားကောင်တွေကော မရဘူးလား”

“တိုက်ဆိုင်ရင် ရတတ်တာပါပဲ”

သားအဖနှစ်ယောက် စကားပြော ကောင်းနေဆဲ၊ ညဥ့်ဦး၏ အဖော်အဖြစ် ကောင်းကင်တွင် ကြယ်တာရာတို့ လင်းတစ်လှည့် မှိတ်တစ်လှည့်။

“ချိုး ရိုက်ရာမှာလည်း သူ့သဘာဝကို သိရတယ် ငါ့သားရ၊ အဖေတို့ တုန်းကများ နာမည်ကျော် ချိုးရိုက်သမားကြီးများ ဖြစ်ကြတဲ့ တွင်းကြီးက ဦးခရိုင်၊ ဦးဘကြည်၊ ဦးကျင်မောင်တို့ဆီမှာ အဆဲအဆိုခံလို့ ချိုးရိုက်ပညာသင်ခဲ့ရတာ”

“အဖေ့ဟာ မလွယ်ပါလား”

“မလွယ်ဘူး၊ အဆဲအဆိုခံ သင်ရတယ် ဆိုလို့၊ ဒါမှတ်ထား၊ ဒါဒီလို၊

ဒီဟာကို ဒီလိုလုပ်လို့ သီးခြား သင်နေတာ မဟုတ်ဘူး၊ လက်တွေ့ လုပ်ရင်း ကိုင်ရင်း သူ့တို့ လုပ်ပြသွားတာ၊ မှတ်သားနည်းယူရခဲ့တာ ဆိုပါစို့ကွာ၊ ခု... ဘာရာသီလဲ"

"ဆောင်းရာသီပေါ့ဗျ"

"သူတို့နဲ့လိုက်တဲ့အခါ မြောက်ဘက်ကနေ မင်း ဝါးရိုက်ဆိုရင် ရိုက်လိုက်ရတာပဲ၊ မှတ်ထားလိုက်ရတယ် ငါ့သား၊ ဆောင်းဆို မြောက်ဘက်က ဝါးရိုက်၊ တောင်ဘက်က ပိုက်ထောင်၊ ပိုက်ခတ်ဟလို့"

"နွေကျတော့ကော အဖေ"

နွေဆိုရင် မြောက်ဘက်ကနေ မင်း ပိုက်ခတ်လို့ ခိုင်းတယ်၊ ဩော်... နွေဆိုရင် တောင်ဘက်က ဝါးရိုက် မြောက်ဘက်က ပိုက်ခတ်ရပါလားလို့ မှတ်ထားရတယ်"

"ဟာ...ဒီအပင်နဲ့ ဒီချိုး အိပ်တာကိုပဲ ပိုက်နေရာ၊ ဝါးနေရာ ပြောင်းရသေးလား"

"ဆောင်းမှာ ဘာလေတိုက်လဲ"

"မြောက်လေ"

"ချိုး အပါအဝင် တောကြက် တောငှက် မှန်သမျှဟာ နှင်းဒဏ်၊ လေဒဏ်ကို ကာကွယ်တဲ့အနေနဲ့ တောင်ကိုင်းတွေမှာသာ အိပ်ကြတာကိုး၊ နွေဆိုရင် ဘယ်လေတိုက်လဲ"

"တောင်လေ"

"နွေမှာတိုက်တဲ့ တောင်လေဟာ အအေးဓာတ် မပါပေမဲ့ တို့ အညာမှာ လေကြမ်း တိုက်နေကျ မဟုတ်လား၊ ဒီတော့ ချိုးတွေဟာ လေ ကွယ်ရာ မြောက်ဘေးတို့ အိပ်ကြတယ်၊ ဒါကြောင့် နွေမြောက်၊ မိုးလယ်၊ ဆောင်း တောင်လို့ ချိုးအိပ်တဲ့နေရာ မှတ်ထားကြတယ်"

"မိုးလယ် ဆိုတာက"





"မိုးကျတော့ ဘယ်လေ တိုက်တိုက်၊ မြောက်က စရွာရွာ၊ တောင်ကစရွာရွာ ပက်မိုးဖြစ်တတ်လို့ သစ်ပင်အလယ်မှာ ချိုးတွေအိပ်လေ့ရှိတတ်ပုံကို ပြောတာ၊ ချိုးအိပ်ရာဘက် ပိုက်ထောင်၊ ကျန်တဲ့ဘက်က ဝါးရိုက်လှန့် ခြောက်ပေးမှ ချိုးရတော့မှာပေါ့၊ ဒီလိုမဟုတ်ရင် အန်ထွက်လို့ ဆုံးရော"

"ညတိုင်း ဘာလို့ ချိုး မရိုက်ကြသလဲ အဖေ"

"လမိုက်ညမှာ ချိုးရိုက်ရတယ် ငါ့သား၊ ရှင်းရှင်းလေးပါ၊ ချိုး ဖြစ်ဖြစ် ဘာငှက်ဖြစ်ဖြစ် မျက်စိနဲ့ နားနဲ့ဆိုတော့ ချွတ်ခနဲ အသံ ကြားကတည်းက ခေါင်းထောင်ပြီး သတိနဲ့ကြည့်ပြီး လရောင် ကြည်ကြည်စင်စင်ကြီးထဲမှာ လူကောင်ကြီး မှားမှားမတ်မတ် လာတာ သူတို့မြင်ရင် လန့်ပျံပြေးမှာပေါ့၊ ဟော...ခုလို လမိုက်ညမျိုးကျတော့ ခြေသံကြားဦး လူမမြင်ရတော့ တော သဘာဝအရ သွားလာကြတဲ့ သားကောင်တွေ ခြေသံထင်ပြီး အအိပ်မပျက်ဘဲ မသကာလို့ သူတို့ခေါင်းထောင်ကြည့်လည်း အမှောင်က လူကို ကွယ်ပေးထားတော့ သူတို့မမြင်ရဘူး၊ မမြင်တော့ မလန့်ဘူးပေါ့၊ အသာလေး ပိုက်ထောင် ရိုက်ခြောက်ပေါ့"

ညသည် တဖြည်းဖြည်း တိတ်ဆိတ်သည်ထက် တိတ်ဆိတ်လာသည်။ အမှောင်ထုအောက်တွင် အိပ်မောကျစပြုပြီ။

"ကဲ...ငါ့သား၊ အဖေတို့အလုပ်စမယ်၊ ဟောဟိုမန်ကျည်းပင် မှိုင်းမှိုင်းဆီက စရိုက်မယ်၊ သွားကြစို့"

မန်ကျည်း သုံးပင်ယှဉ်၍ ပေါက်နေရာဆီသို့ သားအဖနှစ်ယောက် သွားခဲ့ကြသည်။

ချိုးရိုက်ပိုက်ကိုဖြေကာ ဝါးလုံးနဏ်လုံး ကားပြီး အလယ်ရှိ မန်ကျည်းပင်ပု၏ တောက်ဘက်က ငထော ကာလိုက်သည်။ ပိုက်မှာ သုံးဖက်ပတ်ပတ်လည် ပတ်မိထားပြီး မြောက်ဘက်မှ ငလုံးက ဝါးလုံးဖြင့် ရိုက်ခြောက်ပေးရမည်။

ချိုးရိုက်သမားတိုင်း မည်သည့်ရာသီ၌ ရိုက်ရိုက် ချိုးအိပ်သည့် သစ်ပင် သုံးမျက်နှာစလုံး ပိုက်ကာပြီး မျက်နှာတစ်ဖက် ဖွင့်ထားရသည်။ ဖွင့်ထားသည့်မျက်နှာသည် ဝါးလုံးဖြင့် ရိုက်ရမည့်မျက်နှာ။

ပိုက်ကာပြီး အရန်သင့်ဖြစ်ကြောင်း ငတောက လေချွန် အချက်ပြလိုက်သည်။

လေချွန်သံ ဆုံးလျှင်ဆုံးချင်း ငလုံးက ရိုက်ဝါးဖြင့် မန်ကျည်းပင်ပုကို တဖြောင်းဖြောင်း မြည်အောင် ဆက်တိုက်ရိုက်သည်။

ဗိုးခနဲ ဗိုးခနဲ ပျံသန်းလာသော ပွဲဦးထွက် ချိုးတို့ကို ငတော လက်လွတ်မခံ။ ထွက်လာလျှင်လာချင်း ပိုက်နှင့်ဆီးခတ်ရာ ပိုက်ထဲမိပြီး အောက်ခြေအိတ်ထဲ ကျလာသည်။

“ဝေါ...ဝေါ...ဝေါ... ဗိုး...ဗိုး...ဗိုး”

ချိုးအုပ်ပျံသံ တဝေါဝေါ၊ ဗိုးခနဲ ဗိုးခနဲ တောင်ပံခတ်သံ ညံမစဲ။ သို့ရာတွင် ငတောပိုက်ဆီသို့ ပွဲဦးထွက် နှစ်ကောင်မှ လွဲကာ တစ်ကောင်မျှ တိုးမလာ။ တဖြောင်းဖြောင်း ရိုက်နေသော ငလုံး ရှိရာဘက်နှင့် အထက် တည့်တည့်သို့သာ ပျံသန်းကြသည်မှာ အလုအယက်။

ငတော သည်တော့မှ သတိရသည်။ သတိရလိုက်ချိန်၌ နောက်ကျသွားပြီ။

“တောက်... ဖြစ်မှဖြစ်ရပလေကွာ၊ ခွေး သတိ၊ ဝက် သတိ”

ငတော မမျိုသိပ်နိုင်သဖြင့် နှုတ်မှ လွှတ်ခနဲ ပြောလိုက်မိသော စကား။ အားတက်သရော ပြေးလာသည့် ငလုံးက ပိုက်အောက်ခြေရှိ အိတ်ကို ကြည့်ကာ ဟင်ခနဲ ဖြစ်သွားသည်။

“ဟင်...ရိုက်ရတော့ အုပ်ကြီး၊ ရတော့ နှစ်ကောင်တည်း”

“အင်းကွာ...ရသမျှပေါ့၊ နောက်အပင်မှ များများ ရလိမ့်မပေါ့၊ ကဲ... ရွှေစို့၊ စာရေးဆရာကြီး ဦးမှူးဝေ ယာခင်းဘေးက ထနောင်းပင်ဆီ သွားမယ်၊ မိထားတဲ့ ချိုး ဖမ်း”





ချိုးနီနှစ်ကောင်ကို ဖမ်းမိ၍ ငလုံး အိတ်ထဲထည့်သည်။ တောလိုက်ဘက်ထရိမီး ဆင်ကာ တွင်းကြီးသား စာရေးဆရာကြီး ဦးမှူးဝေ၏ ယာခင်းဘေးရှိ ထနောင်းပင်ဆီ သွားကြသည်။

ငတောရင်၌ သူ လောဘကြီးမိ၍ သူ့ကိုယ်သူ အပြစ်တင် မဆုံး။ အမှုမဲ့အမှတ်မဲ့ဖြစ်သွား၍ သူ့ကိုယ်သူ နောင်တရ မဆုံး။

ထနောင်းပင်ကို ပိုက်ကာမိပြီး ငလုံးကို စရိုက်တော့မည်ဟု အချက်ပေးပြီးသည်နှင့် တစ်ပြိုင်နက် သတိ၊ သတိ၊ သတိဟု သူ့ကိုယ်သူ ငတော သတိပေးလိုက်သည်။ ဟုတ်သည်။ သည်တစ်ခါ သတိရှိရမည်။

ငလုံး ရိုက်လိုက်သည့် ဝါးရိုက်သံကြောင့် လန့်၍ အဦးဆုံး ပျံလာသော ဦးနှစ်ကောင်ကို အရင်အပင်ကကဲ့သို့ ငတော လောတကြီး ပိုက်ဖြင့် မခတ်မဖမ်း။

ပွဲဦးထွက် ချိုးနှစ်ကောင်ကို ငတောက သတိရှိရှိဖြင့် မဖမ်းဘဲ မခတ်ဘဲ လွှတ်ပေးလိုက်ရာ ဗိုးခနဲ ဗိုးခနဲ မြည်အောင် ပျံသန်း၍ လွတ်မြောက်ကြောင်း ကြေညာသွားကြပါလေ၏။

အဦးဆုံး ပျံသန်းသော ချိုးနှစ်ကောင်၏ လွတ်မြောက်ကြောင်း ကြေညာချက်ကို နားစွင့်နေသည့် ကျန်ချိုးအုပ်က ငတောပိုက်ရှိရာဘက် ဝေါခနဲ စွတ်ပျံလာသည်။

ဘယ်ဘက်မှ ခတ်လိုက်၊ ညာဘက်မှ ခတ်လိုက်၊ အောက်ခြေပိုက်အိတ်ထဲ ကျသွားလိုက်၊ ထပ်တိုးလိုက်၊ ထပ်ခတ်လိုက်နှင့် ငတော တစ်ယောက် သိုင်းကနေသလို ဘယ်ပြန် ညာပြန် ခတ်နေရသည်မှာ မရပ်မနား။ လက်မောင်းများ အောင့်၍ ချွေးများ စို့လာမှ ပိုက်ခတ် ရပ်ရသည်။

“ဟာ...နည်းတဲ့ ချိုးတွေ မဟုတ်ဘူး အဖေရာ၊ အဟီးပွတာပဲ”

ခုမှ ငတော သက်ပြင်းချနိုင်သည်။ ချိုးရိုက်ပိုက် ခြေအောက်ရှိ ပိုက်အိတ်ထဲမှ ချိုးများကို ငလုံးက တစ်ကောင်ပြီးတစ်ကောင် ဖမ်းသည်။ ဖမ်းရင်းမှ...

"ဟို မန်ကျည်းပင်ပုတုန်းကလို ကျူပ်ရိုက်တဲ့ ဘက်များ အန်ထွက်လို့ကတော့ ပင်ပန်းရကျိုး နပ်မှာ မဟုတ်ဘူးလို့ ကျုပ် စိတ်ပူလိုက်ရတာ အဖေရာ၊ အရင်ပင်တုန်းက ပိုက်ဆီ နှစ်ကောင်သာ တိုးပြီး ကျုပ်ဘက် ဘာလို့ သဲသဲမဲမဲ လှန်ထွက်သလဲဗျ၊ ခု အပင်ကျတော့ ကျုပ်ဘက် မထွက်ဘဲ ဘာလို့ အဖေခတ်နေတဲ့ ပိုက်ဆီသာ စွတ်တိုးသလဲ"

"အဖေ့ကြောင့်ပေါ့ ငါ့သားရ"

"အဖေ့ကြောင့်"

"အေး"

"အဖေက ဟိုအပင်တုန်းက ဘာလုပ်လို့လဲ"

"ဟိုအပင်တုန်းက အဖေ သတိမေ့တာပေါ့ကွာ၊ ချိုးနီပုအုပ် ဆိုတာ အိပ်ရာမှာ ကင်းသမား နှစ်ကောင် ရှိစမြဲကွ၊ ကင်းသမားဟာ အန္တရာယ် တစ်စုံတစ်ခုနဲ့ တွေ့လာရင် ပထမ ပျံသန်းလေ့ရှိတယ်၊ ကင်းသမား ပျံလို့ အန္တရာယ် မရှိဘဲ ပုံမှန်ပျံသန်းမှု အနေအထား ရှိတယ်ဆိုမှ နောက်ချိုးတွေက စွတ်လိုက်တာ၊ ရှေ့က ကင်းသမား အန္တရာယ်တွေ့သံ ကြားပြီဆိုရင် ဆန့်ကျင်ဘက် ပျံလှန် အန်ထွက်တော့တာပဲ"

မိထားသော ချိုးများကို ဖမ်းရင်း ငလုံး တအံ့တသြ။

"ကင်းသမား အန္တရာယ် ရှိမရှိ သူတို့ ဘယ်လို သိလဲဗျ"

"ပျံတဲ့ အသံလေ၊ သဘာဝ ပျံသံလား၊ အန္တရာယ် တစ်စုံတစ်ခုနဲ့ တွေ့တဲ့ ပျံသန်းလားဆိုတာ သူတို့ သဘာဝပေးအသိနဲ့ သိတယ်၊ ပြီးခဲ့တဲ့ မန်ကျည်းပင်တုန်းက တရုတ်ဖလုံကြီး ပေါင်ပြီး ထမင်းချက်စားခဲ့ရတဲ့ အဖြစ်ကို အဖေ သိပ်သတိရတယ်၊ ဒီတော့ ဖလုံကြီး ပြန်ရွေးနိုင်ဖို့ ချိုးများများရမှ ဖြစ်မယ်ဆိုတဲ့ လောဘ အသိက ဖိစီးနေတယ်၊ ဒီတော့ ကင်းသမား လွှတ်ရတဲ့ ထုံးစံမေ့လို့ ပိုက်နဲ့ ဖွေဆော်ဦး ဆီးခတ်မိရော၊ ကင်းသမား နှစ်ကောင်သာ ရပြီး ကျန်တဲ့ချိုးတွေ ဒါကြောင့် လှန်ပျံလို့ ဆုံးတာပေါ့၊ မင်းလည်း မှတ်ထားကွာ"





ချိုးအားလုံး ဖမ်းပြီးသောအခါ ငလုံးက အော်ပြောသည်။

"အဖေရေ...ဒီထနောင်းပင် တစ်ပင်တည်းနဲ့ ချိုး နှစ်ဆယ့်နှစ်ကောင် ရတယ်ဗျ၊ မယုံနိုင်လောက်အောင်ကို များတာ"

"ကဲ...ရှေ့ နပဲပင် ဆက်ရအောင်၊ 'လပြည့်ကျော် ခုနစ်ရက်၊ လမင်း သန်းခေါင်ထွက်တဲ့' လထွက်လာရင် ချိုးရိုက်ရမှာ မဟုတ်ဘူး၊ အံ့ဩမနေပါနဲ့ကွာ၊ သစ်ပင် တစ်ပင်တည်းနဲ့ ဒါထက် များတာတောင် အဖေတို့ ရခဲ့ဖူးပါတယ်"

"ဒီထက် များတယ်"

"အေး...ဟုတ်တယ်၊ အဲဒီညက ဆရာဦးခရိုင်နဲ့ ဆရာဦးဘကြည် တို့လည်း ပါတယ်၊ ငါ့သားတို့ တွင်းကြီးက စာရေးဆရာကြီး ဦးမူးဝေလည်း မူးမူးရူးရူးနဲ့ ချိုးရိုက်တာ ကိုယ်တိုင် လေ့လာချင်လို့ဆိုပြီး လိုက်လာလို့ ပါတယ်။ အောက်တော ရေဝင်စပ် ဆောက်ချုံထဲက အပင်ပုလေး ရိုက်တာ၊ တစ်ပင်တည်းနဲ့ ချိုးနီပု အကောင်သုံးဆယ်ကျော် ရခဲ့ဖူးတယ်၊ အဲဒီ လူတွေ တွေ့ရင် မင်း မေးကြည့်"

သားအဖနှစ်ယောက် တောလိုက် ဘက်ထရီမီးဖွင့်၍ နပဲပင်ကြီးဆီ တက်ခဲ့ရသည်။ နပဲပင်ကြီးမှ ချိုးနီပု ဆယ့်သုံးကောင်၊ ငှက်ခါး နှစ်ကောင်နှင့် လင်းမြီးဆွဲ သုံးကောင် ရသောအခါ ငလုံးမှာ ထခုန်မတတ် ဝမ်းပန်းတသာ၊ ချိုးများနှင့် ဖောင်းကားနေသည့် အိတ်ထဲ ငှက်ခါးနှင့် လင်းမြီးဆွဲပါ ရလာ၍ ငလုံး ပြုံးပန်းတဝဝေ။ ငတောက ကွမ်းဝါးရန် ခဏနားသည်။ နပဲပင်ရိပ်၌ ထိုင်၍ ကွမ်းရွက်ကို ထုံးသုတ်နေသော ငတော၏ နဖူးကြောသည် တစ်စုံ တစ်ခုသော အသံကို ကြားရသဖြင့် တွန့်သွားသည်။ ပို၍ ကြားရစေရန် သွ့နားကို သတိပြု နားထောင်ကြည့်သည်။ ထိုအခါ အသံသည် ပို၍ပို၍ ပီပီသသ။

ငတောနား၌ ကြားလာသည်မှာ ရှီ...ရှိ၊ ရှီ...ရှီ...ရှစ်...ရှစ်...

ရွှစ်...ရွှတ်....ရှီ...ရှီ...ရွှစ်ရွှစ်...ရှီရှီ... ရွှစ်ရွှစ် ဟူသော အသံများ။ အသံထွက်ပေါ်လာသည်မှာ တစ်ကြိမ် မဟုတ်၊ နှစ်ကြိမ် မဟုတ်၊ သုံးကြိမ် မဟုတ်။ ထပ်ပြန် တလဲလဲ ထွက်ပေါ်လာသော အသံ။

မြောက်လေတစ်ချက် သုတ်ခနဲ အဝှေ့၌ သူတို့ အထက်ဘက်ဆီမှ ကြားလာသော အသံ၊ ရှီ...ရွှစ်ရွှစ်၊ ရှီ...ရှီ...ရှစ်...ရွှစ်၊ လေမှာပါလာသော အနံ့ကို ငတော ရှုကြည့်လိုက်သည်။ ကွမ်းယာကို ပါးစပ်ထဲ ကပျာကယာ ထိုး ဝါးလိုက်သည်။ ပြီးမှ–

"အင်း...ဟုတ်တယ်၊ သေချာတယ်"

သူ့ချိုးများနှင့်သူ အာရုံကျနေသော ငလုံး ယောင်နန၊ ထိုစကားကြားရ၍–

"ဘာလဲအဖေ၊ ဘာဟုတ်တာလဲ၊ ဘာသေချာတာလဲ"

"အင်း...သက်ရှိ သတ္တဝါတွေရဲ့ သံသရာပေါ့ ငါ့သားရာ၊ မင်းဘက်ထရီမီးနဲ့ အသံလာရာ မြောက်တည့်တည့် ထိုးကြည့်လိုက်စမ်း၊ သူတို့ကို သွားပြီး ရိက်စရာ နှက်စရာ မလိုဘူး၊ မင်း တွေ့ဖူးတယ်ရှိအောင် ကြည့်ခိုင်းတာ၊ မင်း ကြည့်လို့ အားရရင် အဖေတို့ ပြန်မယ်၊ အဖေကတော့ ဒီသက်ရှိ သတ္တဝါတွေရဲ့ နိယာမ သံသရာကို မြင်ရတိုင်း ရင်ထဲ ဆို့ဆို့လာတယ်"

ခြောက်မို့အားရှိ တောလိုက်ဘက်ထရီ မီးရောင်အောက်တွင် ငလုံး တွေ့မြင်ရသည်မှာ မယုံကြည်နိုင်စရာ။

သူတို့နှင့် ဝါး ငါးပြန်၊ ခြောက်ပြန် အကွာအဝေး၌ မြွေနှစ်ကောင်၊ တစ်ကောင်နှင့် တစ်ကောင် အနေအထားမှာ မျက်နှာချင်းဆိုင် အနေအထား၊ ဝေးလှမှ လူ့လက် တစ်လံမျှသာ။

လက်ကောက်ဝတ်ခန့် တုတ်သည့် အသံ ပေးနေသော မြွေက မြောက်ဘက်မှနေသည်။ ပါးစပ်ကို ဖွင့်ကာ ဟကာ အရှန်သင့် စောင့်နေသည်။

ပါးစပ်ဖွင့်ကာ၊ ခံတွင်းဟကာ အဆင်သင့် စောင့်နေသော မြွေရှိ





ရာသို့ တန်းတန်းမတ်မတ် သွားနေသည့် တောင်ဘက်မှ မြွေက ကြိမ်နကန် (နှင်တံ)ခန့် အရွယ်အစားမျှသာ ရှိသည်။

ဟထားသော ပါးစပ်ထဲသို့ တွန့်ဆုတ်ခြင်း မရှိဘဲ အစားခံရန် မိမိကိုယ်တိုင်ကိုယ်ကျ သွားရောက်ဝင်ပေးရသည့် တောင်ဘက်မှ မြွေကို စောင့်ဆိုင်းနေသည့်မြွေက အငမ်းမရ တစ်စတစ်စ မျိုချလိုက်သည်။ မြွေကို မြွေက မျိုနေသော အဖြစ်။

ငလုံး တွေ့ဖူးသည်မှာ မြွေနှစ်ကောင် ဒေါသတကြီးဖြင့် သူ့အမြီးကိုယ့်မျို၊ ကိုယ့်အမြီး သူမျို၍ ဝလုံးပုံသဏ္ဌာန် ဖြစ်နေသည့် အဖြစ်မျိုးမျှသာ တွေ့ခဲ့ဖူးသည်။

ယခုကဲ့သို့ ပါးစပ်ဟထားသော မြွေ၏ အာခံတွင်းထဲသို့ အခြားမြွေက မိမိအလိုအလျောက် ဝင်ရောက်၍ အမျိုအစား ခံရခြင်းမျိုးကို ငလုံး မတွေ့စဖူး။ ထို့ကြောင့် ငလုံး မှင်သက်မိ၍ ယောင်ငေးငေး ကြောင်တောင်တောင်။

မြွေကို မျိုနေသော မြွေ၏ပါးစပ်ထဲ၌ ကိုယ်တစ်ဝက်ကျော်ကျော် ဝင်သွားပြီဖြစ်သည့် အမျိုခံမြွေမှာ အမြီး တဆတ်ဆတ် တုန်လျက်နေသည်။

အညာချိုးရိုက်သမားကြီး ငတောသည် မီးရောင်အောက်မှ မြွေနှစ်ကောင်ကို ကြည့်ပြီး ရင်တလှပ်လှပ်။

ပါးစပ် ဟထားသော မြွေ။

ပါးစပ်ထဲ ဝင်ပေးရသော မြွေ။

ထိုမြွေတို့ မြင်ကွင်း၊ သူ့မျက်စိထဲ၌ မရှိတော့ဘဲ ညနေက မြင်ကွင်း သူ့မျက်စိထဲ ပြန်မြင်လာသည်။

အပေါင် သွားရသော သူတို့ဘဝ။

အမြတ် ဆီး၍ယူသော အပေါင်ခံသူတို့ဘဝ။

တစ်ရာလျှင် ပေးရသော အတိုးနှစ်ဆယ်။

သူ့ရှေ့ လက်တွေ့မြင်ကွင်း၌ ပါးစပ်ဟထားသော မြေကြီးက မက်မက်စက်စက် မျိုဆဲ၊ စားဆဲ။ အမျိုခံရသော အစားခံရသော မြေကြီးကိုယ်က တဖြည်းဖြည်း တိုပြီးရင်း တိုရင်း တဆတ်ဆတ် တုန်နေဆဲ။

(ဒီမြေကြီးတွေအကြောင်းနဲ့ အဖြစ်အပျက်ပြောပြတဲ့ ဦးမြင့်ဦး [အလယ် တန်းပြ] အ.ထ.က ကျောင်းခွဲ၊ တွင်းကြီး မြောင်မြို့နယ်အား ကျွန်တော်က ကျေးဇူးတင်ရှိကြောင်း ဖော်ပြပါတယ်)

❖







# အညာငုံးခြောက်သမား

'ကဆုန်ကျက်ကျက် မုရင်းတက်' ဟူသော ဆိုရိုးစကားနှင့် 'တန်ခူး ရေကုန် ကဆုန်ရေခန်း' ဟူသော ဆိုရိုးစကားတို့သည် ကဆုန်လ၏ ပူပြင်းမှုကို ကိုယ်စားပြုသော ဆိုရိုးစကားများ ဖြစ်ကြသည်။ ပူပြင်းသည့် အညာနွေ၏ သရုပ်ကို ကဆုန်လက အမြင့်မားဆုံး စံနှုန်းဖြင့် သက်သေခံ ပူပြနေပါ လေ၏။

ဤမျှ ပူပြင်းသော ကဆုန်နေရောင် အောက်ဝယ် 'ကြမ်းကြားလေ နှင့် ဘူးခါးရေ' တမ်းတရမည့်အစား လရောင်အောက် ပန်းကောက်ရသူပမာ တွင်းကြီးရွာဆီမှ တောဆီသို့ လူနှစ်ဦး ထွက်လာသည်။

သူတို့သွားမည့် တောဆီ ရှုကြည့်လိုက်ပါက နေရောင်နှင့်အပြိုင်ပင် မြေခိုးတို့ တထောင်းထောင်း ထနေသည်။ မျက်စိတစ်ဆုံး ပေါ်နေသော တံလျှပ်တို့က ရေပြင်လှိုင်းဂယက်နှယ် တလက်လက် တဖျပ်ဖျပ် တဝင်းဝင်း။

မွန်းတည့်နေနှင့် မြေငွေ့ပူ လေပူတို့က သူတို့ကို ဆီးကြို နှုတ်ဆက် သည်။ နှုတ်ဆက်မှုကို ပူစပ်ပူလောင်ဖြင့် ခံရသည့်တိုင် ထိုလူသား နှစ်ဦးက နေပူလောင်ဖြင့် ခံရသည့်တိုင်း ထိုလူသားနှစ်ဦးက နေပူ လေပူ မြေပူကို လုံးဝမမှု။

ရှေ့မှ သွားနေသူကား အဖေဖြစ်သူ 'ငတော'၊ နှစ်နံစပ် ဖျင်လုံချည် ညစ်ထေးထေးသာ ဝတ်ထားသည်။ အင်္ကျီမပါ။ ကျောမည်း မျက်နှာမည်း လူမည့်းကြီးသည် ဖုန်တလုံးလုံး ချွေးတစီစီ ဖြစ်သည့်တိုင် ခေါင်းမှာ ပေါင်းလာသော တွင်းကြီးရက် ဂျပ်ခုတ် မြန်မာတဘက်ကိုပင်လျှင် ဖြုတ်၍ ချွေးမသုတ်။ သူ့လက်၌ ကိုင်ထားသည်မှာ ငုံးထောင်မည့် ပိုက်များ။ ပိုက်များကို လျှော်ကြိုးဖြင့် ချည်၍ စုဆွဲလာသည်။

နောက်မှ လိုက်လာသူကား သားဖြစ်သူ 'ငလုံး'၊ ခမောက်စုတ်ကို ဆောင်းကာ ဖျင်အင်္ကျီလက်တို အစုတ်ကလေးဝတ်၍ မည်းမည်း နက်နက် ပြောင်ပြောင် ဘူးသီးခြောက် ရေဘူး တစ်ဖက် လွယ်၍၊ တစ်ဖက်က တိုလီမိုလီ ထည့်သော လွယ်အိတ်ဟောင်းကို လွယ်ကာ မြူးမြူးရွှင်ရွှင် အားတက်မာန်တက်။

သည်သားအဖနှယ်ဗျာ ပူပေ့ဆိုသည့် ကဆုန်နေ နေ့လယ်မှ ထွက်လာတာ စိတ်မှကောင်းသေးရဲ့လားဟု မေးစရာပင်။ သည်သားအဖသည် အညာငုံးခြောက်သမား။ အညာ သဘာဝနှင့် ငုံးခလေ့ ငုံးအထာကို နောကျေအောင် သိထားသူမို့ သည်အချိန် ထွက်ခဲ့ခြင်းဖြစ်သည်။

အညာငုံးခြောက်သမားအဖို့ အချိန်နှင့်ရာသီကို မျက်ခြည် မပြတ်ဝံ့။ ယခုအချိန်သည် နွေ၊ ဘာ့သီးနှံခင်းမှ ရှိသော အချိန်မဟုတ်။ ရိုးပြတ်၊ ချုံနှင့် ယာသီးနှံခင်းသာ မီတင်း နေထိုင်လေ့ရှိသည့် ငုံးကို ရာသီအလိုက် တည်တတ်၊ ဖမ်းတတ်၊ ခြောက်တတ်ဖို့ အလွန်လိုသည်။ ယခုကဲ့သို့သော နွေခေါင်ခေါင်၌ ငုံးမှန်သမျှ မနက်စောစောတွင် တစ်ကြိမ်၊ ညနေချိန်တွင် တစ်ကြိမ် ခြေဦးတည့်ရာ အစာရှာ ထွက်သည်။ သည်တော့ ထိုနှစ်ချိန်သည် ငုံးအုပ်ကွဲသော အချိန်။ ယခုကဲ့သို့ နေပူ မြေပူ လေပူ ထန်သည်းသော နေ့လယ်ခေါင်ခေါင်၌ ငုံးတို့ ဘယ်မှာ နေမည်နည်း။

ရိုးပြတ်ကလည်း ခိုနားမရ။ တောကြီး မြိုင်ကြီး၌လည်း နေ့လေ့ မရှိသော ငုံးများသည် ပူချင်တိုင်း အစွမ်းကုန် ပူချိန်တွင် အရိပ်ကောင်းရာ





ကဇာချုံတန်းများထဲသာ အစုလိုက် အပြုံလိုက် အုပ်လိုက် နေခိုသည်။

"အဖေ"

"ဟေး"

"ကနေ့ ဘယ်တော သွားမှာလဲဗျ"

"ဟ...ချိုးအုံ ကဇာပေါ့"

သည်မျှဆိုလျှင် သားအဖနှစ်ယောက် သဘောပေါက်ပြီ။ တွင်းကြီးမှာ ချိုးအုံကဇာ၊ ပန်းထိမ်ဖိုကဇာ၊ မန်ကျည်းသုံးပင်ကဇာ၊ ထနောင်းကူကဇာ၊ ကြက်သောက်ကန်ကဇာ၊ ကြက်လျှာကဇာ၊ ပန်းပင်ကုန်းကဇာ၊ ရွှေရင်းအိုကဇာ၊ ကွင်းပြင်ကြီးကဇာ၊ ဖိုးအိုကဇာ၊ ဦးချောက်စကဇာ စသည်ဖြင့် ကဇာတွေ ပေါလှပါဘိတောင်း။ ကဇာ ဆိုသည်မှာ အညာဒေသ ယာခင်း တစ်ခင်းနှင့် တစ်ခင်းကြား သို့မဟုတ် လှည်းလမ်း တစ်ဖက်တစ်ချက်ဘေး ပေါက်ရောက်နေသော ချုံတန်း ချုံ နွယ် ချုံပုတ်ကို ခေါ်သည်။ ယာခင်းကြား၌ရှိရှိ လှည်းလမ်းဘေးရှိရှိ ကဇာဆိုလျှင် မိုးခေါင်ရေရှား ဒေသပေါက် ချုံတန်း ချုံနွယ် ချုံပုတ်များသာတည်း။

"အဖေ မနေ့က သွားကြည့်တော့ ငုံး အတော်ပေါလား"

"ဟာ...မင်းဘကလွှား၊ ပေါမှ အားကြီးပေါ၊ ငုံးအုပ်တွေ ခြေချင်းလိမ်ပြီး ရှုပ်ယှက်ခတ်လို့ တွန်လိုက်ကြတာလည်း နားကိုညည်းရော"

"ဘာငုံးတွေလဲဗျ"

"စုံတယ်ဟေ့...စုံတာမှ တကယ် စုံတယ်"

"အဟီး"

ငလုံးက သူ့စိတ်ကူးနှင့်သူ အဟီးဟု ရယ်ချလိုက်သည်။ ငတောက ရှေ့မှ အသွားမလျှော့။

"အဖေ့ဟာ အစုံဆိုတော့ ငုံးမွဲ၊ ငုံးနီပု၊ ငုံးစလိပ် ဒီသုံးမျိုးစလုံးပေါ့"

"အေး"

"တွင်းကြီးမှာ ဒီငုံးသုံးမျိုးအပြင် တခြားငုံးမျိုး ရှိသေးလားဗျာ"

"အဖေ တွေ့ဖူးသမျှတော့ ဒီသုံးမျိုးပဲ၊ ဒီပြင်နယ်မှာတော့ ရှိချင်ရှိမှာပေါ့ကွာ၊ တို့တွင်းကြီးက စာရေးဆရာကြီး 'ဦးမှူးမှတော်' ပြောဖူးတာတော့ မြို့တွေမှာ နိုင်ငံခြား ငုံးတွေ ခြံနဲ့ မွေးသတဲ့ကွ"

သားအဖနှစ်ယောက် စကားတပြောပြောနှင့် လာခဲ့ရာ ချိုးအုံကဇာသို့ ရောက်လာသည်။ တန်ဆောင်းပြာသာဒ်ပင်၊ ရှားစောင်းလက်ညှိုးပင်၊ မရိုးပင်၊ နဘူးပင်၊ ချင်းရဲပင်၊ မိုးနံ့ပင်၊ ပျပ်တက်ပင်၊ သဂျမ်းလေးပင်၊ ဆူးဖြူပင်၊ ဇင်ရွေးပင်၊ ဂုံပင်၊ ကြက်လျှာပင်တို့ ပေါများသည့် ချိုးအုံကဇာသည် အထက်ရှုပ် အောက်ရှင်းပြီး နေ့လယ် နေပူချိန်တွင် ငုံးများနေခိုရန် နေရာကောင်းလှသည်။

သားအဖနှစ်ယောက် ချိုးအုံကဇာထဲဝင်သော အချိန်မှစ၍ နေခိုနေသည့် ငုံးအုပ်တို့ အုပ်လိုက် တဝှီးဝှီး ပျံသန်းကြသည်မှာ ပျားပန်းခပ်သဖွယ်။ ငတော ပြုံးလိုက်သည်။ အညာမြေနှင့် အညာနွေ၏ နေ့လယ်ခင်းမှာ သည် ချိုးအုံကဇာကလွဲ၍ သည်ငုံးများ ဘယ်အရပ်၌ ကြာကြာနေနိုင်မည်နည်း။ သည်ကဇာမှာ မှီခိုနေသည့် ငုံးမှန်သမျှ အချိန်တန် သည်ကဇာရိပ်သို့ ပြန်လာရမည်က မြေကြီးလက်ခတ် မလွဲ။

"ကဲ...ငါ့သား၊ ငုံးတွေ လန့်မပြေးခင် ကဇာရိုး 'ဝံ' တိုးလိုက်ရအောင်"

ငုံးထောင်ပိုက်များကို တစ်ထည်ချင်း ရှင်း၍ ငုံးထောင်ရန် ပြင်ဆင်ပုံကို ကြည့်လျှင် ဇာတ်တိုက်ထားသကဲ့သို့ ညီညီညာညာ။

ငုံးပြေးလမ်းကို ကဇာထဲ၌ ပထမဆုံး ခန့်မှန်းကြသည်။ ငုံးဆိုသည့် သတ္တဝါက အခြားငှက်များကဲ့သို့ သစ်ပင်ပေါ် နားသည်မဟုတ်။ တောကြီးတောင်ကြီးမှာ နေသည်မဟုတ်။ အခြား ငှက်ကဲ့သို့ ပျံသန်း၍ နားမည့် အရပ်မှာ အတောင်ချ နားသည်မဟုတ်။ အဝေးမှ ပျံသန်းလာရာက တစ်နေရာ၌ ကျပြီး တစ်ဟုန်ထိုး ပြေးလွှားသည်။ တစ်ဟုန်ထိုး ပြေးလွှားပြီး





သူကြိုက်ရာ အရပ်ရောက်မှသာ ထိုးရပ်သည်။ ကျသည့်နေရာ ရပ်မနေ၊ စိတ်ကြိုက်ရောက်မှ ရပ်နေတတ်သည့် သတ္တဝါ။

တစ်ဟုန်ထိုး ပြေးရာ၌လည်း ရှေ့မှ အတားအဆီး ရှိနေသော် အတားအဆီး ရှောင်ပြီး အတားအဆီး လွတ်ရာမှ အမြန်ပြေးလွှားသွားသည်။

သည်အထာ သည်သဘောကို ကျေညက်ပြီးသော ငတောတို့က ငုံး ပြေးရာလမ်း မှန်းဆပြီး ငုံးတားလမ်း လုပ်သည်။ ငုံးတားလမ်းကို မြက်ခြောက်၊ အမှိုက်၊ သစ်စိမ်းခက် ချထား၍ ပြုလုပ်သည်။ 'ဝ' ထိုးသည် ဆိုခြင်းမှာလည်း ငုံး ပြေးလာသောအခါ အတားအဆီးဖြစ်၍ အနှောင့်အယှက် ပေါ်ပေါက်ကာ ပိုက်ဆီလာစေရန် ငုံးတားလမ်း ပြုလုပ်ခြင်းဖြစ်သည်။

ငလုံးက ဝထိုးရင်း ပြုံးသည်။ သူ ပြုံးသည်မှာ အကြောင်းရှိသည်။ ငလုံး နားမလည်စဉ်က သူ့အဖေ ငတောကို မေးဖူးသည်။ ဝထိုးထားသော နေရာကို ရှုပ်၍ရှောင်ပြီး ပိုက်ကိုတော့ ဘာလို့ တိုးသလဲဟူသည့် အမေး။

ထိုစဉ်က သူ့အဖေသည် ငုံးပိုက်ကိုပြလျက် သူသဘောပေါက်အောင် ရှင်းသည်။ ငုံးပိုက်မှာ နိုင်လွန်ချည်အဖြူကို အကွက်စိပ်စိပ် ထိုးထားသည့် တောင်ဆုပ်သာသာ အဝိုင်းလေးဖြစ်ပြီး ချောနေအောင် သပ်၍ ကွေးထားသော ဝါးပေါ်တွင် 'ပိုးကြိုး'ဖြင့် တင်ထားပါသည်။ ဝါးထိပ်နှစ်ဖက်တွင် ချွန်ထားပြီး မြေ မည်မျှမာမာ ထိုးစိုက်ရသည်။ ပစောက်ပုံသဏ္ဌာန် မထောင်ခင် ရှိပြီး၊ ထောင်လိုက်သောအခါ ဂငယ် ပုံသဏ္ဌာန် ဖြစ်သွားသည်။ ဝါးကွေးကို အရင်စိုက်၍ ပိုက်ကို နောက်ကျောမှ တင်ထားသည်။ 'ပိုးကြိုး' ကို ဝါးကွေး ဘယ်ညာ တစ်ဖက်တစ်ချက်၌ ချည်ထားသည်။ ငုံးက ဆောင့်၍ တိုးလိုက်သည်နှင့် တစ်ပြိုင်နက် 'ပိုးကြိုး' ရွံ့သွားပြီး ငုံးနှင့် လုံးထွေးနေသည်။ ပိုက်သားဖြူဖြူကို ငုံးတို့ သတိမထား၊ မကြောက်လန့်။ ပိုက်သားကြမ်း၍ ဝါပြီဆိုလျှင် ငုံးသည် အရှိန်သတ်၍ မတိုးတော့ဘဲ ရှောင်တော့သည်။ သူ့အဖေ ရှင်းပြမှ သူ သတိပြုမိခဲ့သည်ကို ယခုမှ သတိရပြီး ပြုံးမိခြင်းပင်။

"ဟကောင် ငလုံး၊ ငါ့သား ရှုံးနေသလား၊ တစ်ယောက်တည်း ပြုံးစိစိနဲ့၊ ပိုက်ကို မြဲအောင်စိုက်၊ ပိုက်တင်တာလည်း သေချာပစေ"

ပိုက်ကို သေသေချာချာ မတင်ဘဲ ဝါးကွေးပေါ် အသာလေး လွှားတင်ထားလျှင် လေတိုးရုံဖြင့်ဖြစ်စေ၊ ပိုက်ဘေး တိုးရုံဖြင့်ဖြစ်စေ ငုံးမမိမီ ပြုတ်ကျသွားတတ်သည်။ ထို့ကြောင့် ငတောက သတိ လှမ်းပေးသည်။ ပိုက် သုံးဆယ်စလုံး ငထိုး၍ ထောင်ပြီးသောအခါ ချုံးအုံကဇာတွင် ငုံးလက်ကျန် မရှိသလောက်အောင်ပင် အခြားသို့ ပျံသန်းနေကြသည်။

"လာ...ငါ့သား၊ ငုံး အလန့်ပြေမှ ခြောက်တာပေါ့၊ ခုတော့ တို့သားအဖ ထနောင်းပင်ရိပ်က ခဏနားရင်း စောင့်ရအောင်"

ငတောနှင့် ငလုံးတို့ ထနောင်းပင်ကြီးဆီ သွားကြသည်။ ချုံးလည်ပြောက် မောင်နှံတို့လန့်၍ ပျံပြေးသည်။ 'နွေ ထနောင်း၊ ဆောင်း မန်ကျည်း' ဟူသော စာဆိုနှင့်အညီ ထနောင်းရိပ်ကလေးက အေးအေးမြမြ။

ဘူးသီးခြောက်ထဲမှ ရေကို တစ်ယောက်တစ်လှည့် သောက်သည်။ ငတောက် သူ့ကွမ်းထုပ်ကို ဖြေ၍ ကွမ်းတစ်ယာ ဝါးသည်။ ခေတ္တ နားကြသည်။ ငုံးများ ကဇာထဲပြန်ပြီး အုပ်ဖွဲ့ချိန်လောက် ရောက်မှ ငတောက ပြောသည်။

"ကိုင်း...ငုံးငြိမ်ချိန်လည်း ရောက်ပါပြီကွာ၊ အဖေတို့ ခြောက်ရအောင်၊ စစချင်း ပိုက်ရဲ့ဘယ်ဘက်က ခြောက်မယ်၊ ဘယ်ဘက်ကနေ ခြောက်လို့ လန့်ပျံတာ အားကြီးတဲ့ ပိုက်ကျော်ငုံးနဲ့ ကျန်ငုံးတွေကို ညာဘက်က တစ်ပတ်ပြန် ခြောက်မယ်၊ ဘယ်ခြောက်ကာ ညာနင်းလို့ ပေါ့ကွာ"

"နှစ်ပတ်ပြန် ခြောက်မှာပေါ့၊ တုတ် ယူခဲ့ရဦးမလား အဖေ"

"ဟောဟိုနားက ပြောင်းရိုးနှစ်ချောင်း မြင်လား...၊ သွားကောက်ခဲ့၊ အဖေ့ကို တစ်ချောင်းပေး...၊ ငါ့သားက တစ်ချောင်းကိုင်"

ငလုံးက ပြောင်းရိုးခြောက် နှစ်ချောင်း သွားယူ၍ သူ့အဖေကို တစ်ချောင်း ပေးကာ သူက တစ်ချောင်း ကိုင်သည်။





"ငုံးပိုက်တွေက ကဇာအလယ်ဆိုတော့ တို့ဘယ်ဘက်က စ ခြောက်ရာမှာ နောက်မအန်စေနဲ့ မလည်စေနဲ့၊ ခြောက်တယ် ဆိုပေမဲ့ ခွေးရှူးလိုက်သလို လိုက်ဟား လိုက်ဟား မလုပ်ရဘူးနော်၊ ယားသွင်းတဲ့ သဘော၊ ဟုတ်လား ငတုံး"

"အဖေကလည်းဗျာ ကျုပ် လုပ်ဖူးသားနဲ့"

"လုပ်ဖူးတုန်းက လောဘကြီး မှားလို့ ပြောတာပေါ့ ငါ့သားရ၊ စမယ်"

သားအဖနှစ်ယောက် ကဇာဘယ်ဘက်မှ ငုံးကို စခြောက်သည်။ ဟိုးဟိုး ဟေးဟေး ဟူသော အသံ၊ ကဇာခင်တန်းကို တုတ်ဖြင့် တဖြောင်းဖြောင်း ရိုက်သံ၊ ငုံးပျံသံတို့ ထွက်ပေါ်လာသည်။ ငုံးတို့သည် ပိုက်ရှိရာ တိုးမှန်းမသိ စွတ်တိုးကြသည်။

"ပိုက်နီးပြီ၊ နောက်မလည်ဖို့ ခြောက်၊ မြန်မြန် ခြောက်"

ထောင်ထားသော ပိုက်နှင့် ဝေးစဉ်က အသာ ခြောက်လှန့်ရသော်လည်း ပိုက်နားနီးသောအခါ ဦးမလည်စေရန် မြန်မြန် ခြောက်ရသည်။ ဟေးဟေး ဟိုးဟိုး ဟားဟား ဟူသော အသံ၊ ပြေးသံ လွှားသံတို့ ဆူညံလာရာ ငုံးတို့သည် နောက်မှ အန္တရာယ် ကင်းစေရန် တစ်ဟုန်ထိုး ပြေးကြသည်။ တားထားသော ဝထိုးထားသည့် မြက်ခြောက်၊ အမှိုက်၊ သစ်ခက်တွေ့သော ငုံးတို့က ဖျတ်ခနဲ တုံ့ရပ်ပြီး ထောင်ထားသော ပိုက်ပါးလေးဖြစ်သည့် နိုင်လွန်အဖြူရောင်ကို အန္တရာယ်ကင်းသည် ထင်ကာ စွတ်တိုးသည်။

တိုးလိုက်သည်နှင့် တစ်ပြိုင်နက် ပိုက်အောက်ကျသွား၍ ငုံးနှင့်ပိုက်လုံးထွေးသွားသည်။ တိုးလေမိလေ မိလေတိုးလေဖြင့် ငုံးသံများ ဆူဆူညံညံ။ ရှေ့ဆုံးပိုက်မှစ၍ မိနေသော ငုံးများကို ငတောနှင့်ငလုံး အရင် စဖြုတ်သည်။

"အဟီး...ကြီးလိုက်တဲ့ ငုံးမွဲကြီးတွေပဲ အဖေရ၊ ကျုပ်ဆီမှာ ဆယ့်သုံးကောင် ရတယ်၊ အဖေ့ဆီမှာကော"

"ငါ့ဆီမှာ ဆယ့်ခုနစ်ကောင်ကွ"

"တောက် ပိုက်အထည် သုံးဆယ်စလုံး တိုးရင် သိပ်ကောင်းမှာ"

"မင်းဟာကလည်းကွာ...ခုမှ ဘယ်ဘက်က စခြောက်တာပဲ။ ညာဘက်က ပြန်နင်း ခြောက်ရင် ရဦးမှာပါကွ"

ပိုက်များကို ဘယ်ဘက်မျက်နှာ လှည့်ထောင်ရာမှ ညာဘက်မျက်နှာ ပြန်လှည့် ထောင်သည်။ ထောင်ပြီးသည့်အခါ 'ဝ' ထိုးထားသော နေရာများကို ပြန်စစ်သည်။ သေချာသောအခါ ရထားသည့်ငုံးများကို လွယ်အိတ်ထဲထည့်ရန် စုစည်းပြီး ထနောင်းပင်ရိပ် ပြန်ထိုင်သည်။

"ငုံးတွေ ဒီတစ်ခါ အတော်လန့်သွားသကွ၊ တော်တော်ကြီးကြာမှ ပြန်ခြောက်ရအောင်"

"ကျုပ်တို့ တွင်းကြီး ငုံးထဲမှာ အကြီးဆုံးက ငုံးမွဲနော် အဖေ"

"အေးကွ...တို့ဆီမှာ ငုံးမွဲက အကြီးဆုံး၊ အလတ်စားက ငုံးပု၊ ငုံးစလိပ်ဆိုတာ အငယ်ဆုံး၊ ပြေလုံးငှက် နှစ်ကောင်စာလောက် ရှိတာ"

သားအဖနှစ်ယောက်သည် စကား မဆက်တော့ဘဲ အပန်းဖြေနေကြသည်။ အဝေးဆီမှ ချိုးကူသံ၊ ဆက်ရက်ငှက်မြည်သံ၊ ပြွတ်ငှက်မြည်သံတို့က လေကြောအလိုက် လွင့်ပျံလာသည်။ ဟိုအဝေးမှ ရှင်မတောင်သည် မြူခိုးလေလား အပူခိုးလေလား မသိသည့်ကြား၌ မားမားမတ်မတ်။

"ခြောက်လို့ရပါပြီ ငါ့သား၊ အဖေတို့ ညာဘက်က ပြန်ခြောက်စို့လား"

ငတောနှင့် ငလုံးတို့ ညာဘက်မှ ပြန်ခြောက်ရာ ချိုးအုံကဇာတစ်ခု၊ လုံး ပြန်လည် အသက်ဝင် လှုပ်ရှားသွားပြန်သည်။ ညာဘက်၌ရှိသော ငုံးများက အလန့်တကြား ပျံသန်းပြီး မြေကျကာ ပြေးတိုးသဖြင့် ပိုက်များနှင့် လုံးလုံးထွေးထွေး။

"ဟာ...အဖေ ကျုပ် ကျုပ်ပိုက်ထဲ မြေဝပ်ကောင်ကြီးဗျာ"

မြေဝပ်ကောင်ကို ဇက်မှဆုပ်၍ ပြသည်။ ငတောကလည်း သူ့လက်ထဲမှ ပြေလုံး သုံးကောင်ကို ငလုံးအား လှမ်းပြသည်။





"မြင်ရလား အဖေ့ပိုက်ထဲမှာလဲ ငုံးအပြင် ပြေလုံးပါ အဆစ်ပါသေး"

ပိုက်များကို စိတ်ရှည်လက်ရှည် ဖြုတ်ကြသည်။ ညာဘက်မှ ခြောက်ရာ၌ ငုံးဆယ့်ရှစ်ကောင်၊ မြေဝပ်ငှက် တစ်ကောင်နှင့် ပြေလုံး သုံးကောင်ရသည်။ ငတောရော ငလုံးပါ ကျေနပ်စိတ်ဖြင့် ပီတိတဝေဝေ။

"ဒီတစ်နေ့တော့ ချိုးအုံကဇာကို အဖေတို့ မလာတော့ဘူး တော်ပြီ၊ နောက်နေ့ နောက်နေ့တွေမှာ နောက်ကဇာတွေ ပြောင်းကြသေးတာပေါ့၊ ကဲ...ပိုက်တွေစစ် အိမ်ပြန်ကြရအောင်"

အညာမြေ၏ အညာနွေကား အပူငွေ့တို့ အစွမ်းကုန် ထုတ်လွှင့်၍ ပူနေဆဲ။ အညာငုံးခြောက်သမား နှစ်ဦး ရင်၌ နေပူ လေပူ မြေပူဒဏ်ကို ချွေးတပြိုက်ပြိုက် ကျသည့်တိုင် ခံရသော်ငြား အိမ်အပြန် ငုံးအပြင် မြေဝပ်ငှက်နှင့် ပြေလုံးငှက်ပါ ပါလာ၍ ခြေလှမ်းတို့ ပေါ့ပေါ့ပါးပါး။

❖





# ရဂုံကြော့ သည်မြိုင်ငှမှာ

"အဖေ တောခြောက်ပြီထင်တယ်"

ငလုံး အသံမှ မတိတ်သေး။ တောင်ဘက်ဆီမှ ဝေါ...ဝေါ...ဝေါ အသံများ ဆူဆူညံညံ အသံများသည် တစ်စတစ်စ ပိုမိုကျယ်လောင်လာကာ မြောက်ဘက်ဆီသို့ သီသီသာသာပင် ရွေ့လျားလာ၏။

သားဖြစ်သူ ငလုံး၏ စကားကို ကြားကတတည်းက အဖေဖြစ်သူ ငတော စိတ်မငြိမ်။ စိတ်မငြိမ်သဖြင့် သူ့ မျက်လုံးတို့လည်း မငြိမ်။

နေ ပွင့်ပွင့်လင်းလင်း သာနေပါလျက်၊ သူတို့ခေါင်းပေါ် တိမ်ရိပ် ရုတ်တရက် မိုးလာသလို မည်းမည်းမှောင်မှောင်။

ဝေါခနဲ...ဝေါခနဲ အသံများ ခေါင်းပေါ်ရောက်လာ၍ ငတောရော ငလုံးပါ ပြိုင်တူ မော့ကြည့်မိသည်။ မရေတွက်နိုင်အောင် များပြားလှသည့် သောင်း သိန်း ချီလျက် တရကြမ်း ပျံသန်းလာကြသည့် ပျားကြီးမျိုး ပျားအုပ် ကြီး။

ဩော်...စောစောက တောထဲမှာ တဝေါဝေါ ပြိုကျလာတဲ့ အသံဟာ သည်ပျားအုပ်ကြီး အသံကိုးဟု ငတော သဘောပေါက်သည်။ သည်ပျား အုပ်ကြီး အကဲခတ်ရတာ ဆောက်တည်ရာမရ၊ နိုကိုးရာမရ၊ အဖြစ်နိုင်ဆုံး

မှာ ပျားဖွပ်သမား တစ်ဦးဦးက မောင်းထုတ်လိုက်ဟန် ရှိသည်။ ထို့ကြောင့် နေရင်းစွန့်ခွာ ထွက်ပြေးလာခြင်း ဖြစ်နိုင်သည်။

"တောခြောက်တာ မဟုတ်ပါဘူး ငါ့သားရာ၊ ဒီပျားအုပ်ကြီး သေပြေးရှင်ပြေး ထွက်ပြေးလာတဲ့ အသံပါ၊ တောလိုဏ်ခတ်အသံ ကျယ်သထက် ကျယ်လာတာပါ"

"ရုတ်တရက်ဆိုတော့ ကျုပ်က တောခြောက်တာ မှတ်တာ အဖေရ၊ ဝေါဝေါချင်း မစဲဘူး"

"ကိုင်း... သူတို့က ဝေါဝေါချင်း မစဲ ပျံသလို အဖေတို့ကလည်း ဖြောင်းဖြောင်းချင်း မစဲအောင် တောတိုးဝင် လျှောက်လိုက်ကြဦးစို့"

ငတောက ရယ်ကျဲကျဲဖြင့် တက်သုတ်နှင်သည်။ ငလုံးကလည်း ခြေလှမ်း ကျဲကြီးများဖြင့် အမီလိုက်သည်။

စိုင်တမော့တော–

မိုးနံ့ ရေနံ့ မြေနံ့ တောနံ့ တောင်နံ့ဖြင့် တောဝန်းကျင် တစ်ခုလုံး မြမြမောင်းမောင်း။ စိမ်းစိုရွှန်းလဲ့၍ မြကမ္ဗလာဖြန့်ကြက်ကာ တောပန်း အလှတို့ ပွင့်ဖူးကြသော မိုးလလယ် ဝါခေါင်အချိန်။

ဓားလှံရိုးကို ထမ်းပိုးသဖွယ် ပြုလုပ်လျက် ခါတည်အိမ်၊ ခါတည်ပိုက် များနှင့် ဘူးသီးခြောက်ရေဘူးကို ချိတ်ဆွဲထမ်းလာသော ငတော။

လွယ်အိမ်ကြီး တစ်အိတ်ကို လွယ်လျက် လက်မှ ငှက်ကြီးတောင် ဓားရှည် ကိုင်လာသော ငလုံး။

ခြေသလုံးမွေး ရိတ်ရသည်အထိ ထက်မြည့်နေအောင် သွေးထားသော ငလုံး၏ ငှက်ကြီးတောင် ဓားအရောင်သည် နေရောင်အောက်၌ ငတော၏ ချွန်ချွန်မြမြ ထက်ထက်မြည့်မြည့် ဓားလှံအရောင်နှင့် သူနိုင် ငါနိုင် အပြိုင်အဆိုင် ဝင်းခနဲ...လက်ခနဲ...၊ ပြိုးခနဲ...ပြက်ခနဲ။ ငတောနှင့် ငလုံးတို့ စိုင်တမော့တောသို့ ဝင်ရောက်ခြင်းမှာ ခါတည်ရန် ဖြစ်သည်။





တက်...တက်...တူ...ခါ...ခါ၊

တက်...တက်...တူ...ခါ...ခါ၊

တက်...တက်...တူ...ခါ...ခါ၊

ငတောတို့ အကြားချင်ဆုံးသော ခါတွတ်သံများ၊ လောဘတကြီး တွန်ကျူးသောအခါ ခါတွတ်သံမှာ တက်...တက်...တူ...ဂဲ...ဂဲ... ဖြစ် သလိုလို။

တောခါ တွန်သံကြားသဖြင့် ငတောတို့ တည်အိမ်ထဲမှ၊ တည်ခါက တွန်လိုဟန် ရှိသည်။ တည်အိမ်အတွင်း အဝတ် ဖုံးကွယ်ထားသည့်တိုင်၊ လျှောက်တန်းပေါ်၌ ဟိုလျှောက် သည်လျှောက် လျှောက်နေ၍ ခါတည်အိမ် လှုပ်လှုပ်ရှားရှား။

ဝါးတော တစ်တော၏ ဝါးရုံစုဌ် အရိပ်ခိုနား၍ တောခါများ အခြေ အနေကို ငတော အကဲခတ်သည်။ ထမင်းအိုး တစ်လုံးပွက်ခန့် ကြာမှ "ကိုင်း...ခါတည်စစို့ ငါ့သားရေ"

ငတောက ပြောပြောဆိုဆိုဖြင့် ခါတည်အိမ်ကို နပဲပင်ကိုင်း နိမ့်နိမ့်၌ ချိတ်လိုက်သည်။

ခါတည်အိမ် ရှိရာသို့ ပြေးလွှားလာရောက်ပြီး တည်ခါကို ခွပ်မည့် တောခါ လာလမ်း မှန်းဆနိုင်ရန် စိုင်တမော့တောအား အကဲခတ်လိုက်သည်။ ခါပြေးလာလမ်း ဖြစ်နိုင်မည့် နေရာကို တောသမားမျက်စိဖြင့် ရှာဖွေသည်။

စိုင်တမော့တောမှာ တောကြီးဖြစ်ရာ ကျွန်း၊ ပိတောက်၊ အင်၊ အင်ကြင်း၊ သစ်ရာ၊ နှော၊ ပျဉ်းကတိုး၊ သစ်ဝင်၊ နပဲ အပါအဝင် သစ်ကြီး တို့ဖြင့် ပြည့်သိပ် ထူထပ် နေသကဲ့သို့ ဝါးမျိုးစုံ ဝါးရုံတောများ၊ ချုံနွယ် ချုံပုတ်ကြီးများ ထူထူထပ်ထပ်၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ကောင်နှင့်တစ်ကောင် ခြေသံမကြား၊ အသံမပေးက ဘွားခနဲ ရင်ဆိုင်တွေ့စေသည် အထိ တောရေး၊ တောင်ရေး ထူထပ်သိပ်သည်းသော တောကြီးမဟာပင်။

တောခါ လာလမ်း မှန်းဆရာ၌ သာမန် တောင်ကုန်းကမူ၊ ကဓာ ခင်တန်း၊ ကုန်းရိုး အပင်ကျဲကျဲ၊ အပင်ပု ချုံနိမ့်ကဲ့သို့ မှန်းဆမရ၊ ဝါးရုံများ ချုံကြီးများကြားမှ လာလမ်း မှန်းဆရသည်။

တောခါလမ်း ဖြစ်နိုင်မည့် နေရာကို ငတော မှန်းဆရာ ဝါးရုံကြီး သုံးလေးရုံနှင့် ချုံကြီး နှစ်ချုံကြား၌ ဝထိုးပြီး ပိုက်ထောင်ရန် ငတော ဆုံးဖြတ်သည်။ သည်ကြားက ခါပြေးလမ်း သာသည်။

ခါပိုက်တစ်ထည်လျှင် လက်သုံးသစ် အကျယ်၊ အကွက် ဆယ့်နှစ်ကွက်၊ ဆယ့်လေးကွက်၊ ဆယ့်ခြောက်ကွက် ထိုးလေ့ရှိသည်။

ခါပိုက်ကို နိုင်လွန်ချည်နှင့် ထိုးထားရာ မည်မျှ တိုးတိုး ရန်းရန်း လွတ်ရိုးထုံးစံ မရှိ။ နပဲပင်ကို ခါတည်အိမ် ချိတ်၍ ပိုက်အားလုံး ထောင်ပြီးသည်နှင့် တစ်ပြိုင်နက်၊ ခါတည်အိမ်ဘေး ပတ်ထားသော အဝတ်စုတ်များကို ဖြုတ်တင်ပေးလိုက်သဖြင့် တည်ခါသည် တောဝန်းကျင် မြင်တွေ့ရပြီး လည်တခါခါ၊ ခေါင်းတဝင့်ဝင့်၊ ဟန်တကြွကြွ၊ မာန်သွင်းစ ပြုလာသည်။

"ကဲ...ဟေ့ ငါ့သားရေ၊ ဟောဟို အင်ပင်နဲ့ ခပ်စောင်းစောင်းမှာ ရှိတဲ့ ဝါးရုံ လေးငါးရုံ ကျော်လောက်က တို့ စောင့်ကြရအောင်"

ဓား၊ လှံနှင့် ရေဘူးယူ၍ ငတော သွားရာနောက်သို့ ဓားရှည် တယမ်းယမ်းဖြင့် ငလုံး လိုက်သွားသည်။

တက်...တက်...တူ...ခါ...ခါ၊ တက်...တက်...တူ...ခါ...ခါ။ သည်အသံက တည်ခါ၏ ကြည်လင်ပြတ်သားစွာ စတင် တုတ်သော စိန်ခေါ်သံ။ [ခါတွန်သည်ကို ခါတုတ်သည်ဟု ခေါ်သည်]

ဝါးရုံပင်ရိပ် ထိုင်မိချိန်၌ ငတောက ကွမ်းတစ်ယာကို ဝါးသည်။ ကွမ်းသွေး ပျစ်ခနဲ ထွေးကာ...

"တို့ ဝင်လာစက ခါတွေ တုတ်ပေမဲ့ တခြား လန့်ပျံသွားလို့ တော်တော်ကြာမှ ပြန်လာမယ်၊ ဒါပေမဲ့ ဒီနားက ခါတစ်ကောင် ရမှာပါ"

"ဘယ်လို သိလဲ အဖေရ"





"ခါဆိုတာ ပေါက်တော့လည်း သုံး လေးကောင် ပေါက်ခဲတယ်၊ သုံး လေးကောင် ပေါက်လည်း အားလုံ အဖတ်တင်ခဲတယ်၊ အားလုံး အဖတ်တင်လည်း သုံး လေးကောင် စုနေလေ့ မရှိဘူး၊ ကြက် သားခွဲသလို အရွယ်ရောက်ရင် သူ့ဇာတိ ပြလာပြီ"

"ဇာတိပြတယ်...ဟုတ်လား အဖေ"

"အေးကွဲ...နှစ်ကောင် တစ်အုပ် ခွဲနေတာ သူ့ဇာတိ၊ သူ့သဘာဝပဲ၊ အထီးနဲ့အမပေါ့၊ တောတစ်တောမှာ တွန်ဝံ့တဲ့ခါကလည်း တစ်ကောင်သာ ရှိတာ၊ ပါးပေါ် အနက်စင်းကြောင်းနဲ့၊ စလုတ်အဖြူနဲ့၊ အတက်နဲ့၊ အဲဒါ ခါထီး"

"တစ်အုပ်မှ ခါထီး တစ်ကောင်ဆိုတော့ ကျန်တာတွေက ဘယ်သွားလဲ"

"တောခွဲတာပေါ့၊ ခါထီးပဲ သူတို့လည်း မတွန်ဘဲ နေပါ့မလား ငါ့သားရ၊ အရွယ်ရောက်ရင် တွန်ဖို့ အားယူစမ်းတယ်၊ အဲဒါ ခါတုတ်တယ် ခေါ်တာ၊ ခါတုတ်တဲ့ အရွယ်ရောက်ရင် နိုင်တဲ့ခါက အတူအနေမခံဘူး၊ ခွပ်ထုတ်ရော"

"ဒါဖြင့် ခွပ်ထုတ်ခံရတဲ့ ခါဟာ တောသစ်ရှာ၊ တောခွဲ၊ သူ့တောသူ ဗိုလ်လုပ်ပေါ့နော် အဖေ"

"ဟုတ်တယ်... နယ်သစ်ပယ်သစ် တောသစ်ရှာပြီး ခွဲထွက် သွားရတဲ့ ခါဟာ အဲဒီတောမှာ သူအနိုင်ဆုံး ဗိုလ်ဖြစ်ကရော၊ သူ့နယ်ကိုယ့်နယ် ခွဲရော၊ ကိုယ့်နယ်ထဲ တခြားခါ လာတွန်ရင်၊ တုတ်ရင် နယ်ခံ ခါဟာ သူစိမ်းခါ မှန်သမျှ ခွပ်တော့တာပဲ၊ ခါဟာ ဒေါသလည်းကြီးတယ်၊ အတက်လည်း ပါတော့ တစ်ကောင်နဲ့တစ်ကောင် မျက်လုံးကန်းတာတောင် အလျှော့မပေးဘဲ ခွပ်လေ့ရှိတယ်၊ ခါတည်တယ်ဆိုတာ တောခါရဲ့ ပိုက်နက်ထဲကို အိမ်ခါထီးနဲ့ ဝင်တည်ပြီး ပိုက်နဲ့စောင့်ထောင်တာပဲ၊ ဒီလိုထောင်ရင် ရမယ်ဆိုတာ ခါ ဓလေ့စရိုက် ခန့်မှန်းပြီး၊ ရှေးတောသမားကြီးတွေ ကြံဆခဲ့တာ နေမှာပဲ"

"ခုတောက တစ်ကောင် ရမှာဆိုတော့ တစ်ကောင်မက ရဖို့ဆိုရင်..."

"တောပြောင်း တည်ရတာပဲ၊ ဒါမှ ရတာယ်"

"တည်ခါထီးကို တောခါထီးကသာ ခွပ်သလား၊ တောခါမက မခွပ်ဘူးလား"

"တစ်ချိန်ပဲ ခွပ်လေ့ရှိတယ်၊ အဲဒါက..."

ငတော စကားဖြတ်၍ ငလုံးကို ငြိမ်ဟူသော မျက်ရိပ် ပြလိုက်သည်။ တက်...တက်...တူ...ဂဲ...ဂဲ ဖြစ်သည်အထိ တည်ခါ(အိမ်ခါ) နှင့် တောခါတို့ အပြိုင် တုတ်နေကြပြီ။

တည်ခါက ဆက်တိုက် တွန်သံပေးရာ တောခါက ဒေါသတကြီးဖြင့် ခွပ်ရန် အပြေးလာသည်။

ခါသည် ချိုးကဲ့သို့ အပေါ်မှ ပျံသန်းလာပြီး၊ တည်အိမ် ရှိရာဘေး ဝင်နားကာ အတောင်ဖြင့် ပုတ်သည့်အကောင် မဟုတ်။

ငုံးကဲ့သို့ မြေပေါ်ပြေးလာရာမှ ထောင်ထားသော ပိုက်ထဲ လုံးထွေးမိတတ်သည့် သတ္တဝါ။

ယခုလည်း တွန်နေသည့် တည်ခါရှိရာ နပဲပင်ကြီးဆီ ဒုန်းချ၍ တောခါက အပြေးလာသည်။ သို့ရာတွင် နပဲပင်ကြီးဆီ မရောက်။ ဝါးရုံကြီးဘေး ပိုက်ထဲဝင်တိုးမိပြီး လုံးထွေးလုံးထွေး၊ ယက်ကန်ယက်ကန်။

မိထားသောခါကို ဖြုတ်၍ တောသစ် နေရာသစ် ဖြစ်နိုင်သော ဝါးရုံလေးငါးဆယ်ကျော် နေရာသို့ ပြောင်းရွှေ့တည်ရာ ခါတည်အိမ် ချိတ်၍ ပိုက်ထောင်ပြီးသည်မှ မကြာသေး တည်ခါတုတ်သံ(တွန်သံ) လေးငါး ခွန်းမျှနှင့် ပင်လျှင် တောခါက တည်ခါရှိရာသို့ မြင်း လန့်ပြေးသလို အပြေး ဝင်လာသည်။

အတွေ့အကြုံ နည်းသော ငလုံးအဖို့ ဓားရှည်ကိုင်ရင်း တအံ့တသြ။ ဓားလှံကိုင်ထားသော ငတောပင်လျှင် ဓားလှံကို မြေမစိုက်ရသေး။

အင်ပင်နှင့် ဝါးရုံကြား ထောင်ထားသော ပိုက်ထဲ၌ တောခါ မိနေပြီ။





ပိုက်ထဲမိသွား၍ အလန့်တကြား အော်လာသော တောခါ၏ အော်သံမှာ ငလုံး နားထဲ၌ အထူးအဆန်း။ ကွား...ကွား... ကွား...ကွား... ကွား...ကွား။

သည်အသံ ကြား၍ မျက်နှာဝင်းပသွားသူက ငတော။ မိထားသော ခါကို အလျင်အမြန် ဖြုတ်ရင်း ငတောက ငလုံးကို ပြောသည်။

"ပိုက် မြန်မြန်ထောင်ဟ "

"ဘာလို့လဲ အဖေရ"

"တို့ နောက်တစ်ကောင် ရအုံးမှာ"

"အဖေ စောစောက ပြောတော့ တစ်တောမှ ခါထီး တစ်ကောင် ရတာဆို"

"အေးလေ...ဟုတ်သားပဲကွ၊ ခုခါ ကြည့်ပါလား၊ အတက်မှ မပါဘဲ၊ ခါမလေကွာ...၊ မင်းကို ငါပြောတာ မှတ်မိလား၊ တောခါမက တည်ခါထီးကို ခွပ်တာ တစ်ချိန်ပဲ ရှိတယ်ဆိုတာ၊ အဲဒါ ခုချိန်ကွ၊ ခါ မိတ်လိုက်တဲ့ အခုချိန် မိတ်လိုက်ချိန်မို့ မိတ်ဖောနဲ့ ပြေးလာတာ၊ ကျန်တဲ့အချိန်ဆို ခါမ မရဘူး၊ ဒါမျိုးဟာ ခါမိတ်လိုက်ချိန်နဲ့ တိုက်ဆိုင်လို့ ခါမ ရတာ၊ ကျန်အချိန်ဆို ငိုနေ၊ မရဘူး၊ ခါထီး ကျန်သေးတယ်၊ ခါမ ပျောက်သွားတဲ့အရှိန်၊ တည်ခါ တုတ်သံ အရှိန်နဲ့ ပွဲကြမ်းလိမ့်မယ်၊ တရကြမ်း လာမှာ အသေအချာပဲ၊ ကဲ... ပိုက်ကို ဒီနေရာပဲ ခုနင်ကလို ပြန်ထောင်"

ငတောအပြော မှန်လှပါဘိတောင်း။

ခါမကို ဖြုတ်၍ ပိုက်ပြန်ထောင်ရာ ရေနွေးအိုးတစ်လုံးပွက်မျှ အချိန် မကြာ၊ ခါထီး ပြေးဝင်လာရာ အလွယ်တကူပင် ပိုက်ထဲမှ ဖမ်းရသည်။

"ကိုင်းဟေ့...နေရာပြောင်းပြဦးစို့ဟ၊ ခါဆိုတာ မြန်မြန်မိချင်လည်း ချက်ချင်းဟ၊ ကြာချင်မိရင်လည်း အုတ်နဲ့ဘုတ်ရှာ မြောက်ဘက်တောက ခါတစ်ကောင် ရဖို့အတွက် အဖေတို့ သုံးရက် ဆက်တိုက် တည်မှ ရဖူးတယ်၊ ကနေ့က ကံကောင်းတဲ့နေ့ ဟေ့"

နေရာ ပြောင်းရင်း ပြောင်းရင်း တော၏ တောင်ဘက်ပိုင်းဆီသို့

ရောက်မှန်းမသိ ရောက်လာသည်။ လိန်ပင်ကိုင်းကို ခါတည်အိမ် ချိတ်ပြီး ပိုက်ကို ထောင်ကြသည်။ ပိုက်ထောင်ပြီးမှ တောခါ မမြင်နိုင်မည့် မျက်ကွယ် ရှိရာ ဝါးရုံတောကြီးများ၊ ချုံတောကြီးများကို အကာအကွယ် ပြုလျက် ငတော တို့ သားအဖ နားနားနေနေ။

မြောက်လေ တစ်ချက် အဝေ့၌ ဝေ့ကာဝေ့ကာ ပါလာသော ခါ တွန်သံကို သုံးလေးခွန်းမျှသာ ငတောတို့ ကြားရသေးသည်။

သူတို့ တောင်ဘက်ဆီမှ ဝါးရုံတောကြီးများ၊ ချုံတောကြီးများ တိုးသံ၊ ကိုင်းချင်း ရိုက်မိသံ၊ သစ်ကိုင်း ကျိုးသံတို့ ကြားလာရသောကြောင့် ငတောက ဓားလှံကို ဖျတ်ခနဲ ကောက်ကိုင်သည်။ ဓားလှံ လက်မှ ဆရင်း ဆရင်း အသံ လာရာဆီ ငတော မျက်နှာမူသည်။

ငှက်ကြီးတောင် ဓားရှည်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ငလုံး မှာ တစ်စုံတစ်ခု ထူးခြားပြီဟု အလိုလို ထင်မှတ်ကာ အရန်သင့် အနေအထား ပြင်ထားသည်။

ဝါးရုံတောများ၊ ချုံတောများ တိုး၍ ဒေါသတကြီး ပြေးလာသည်။ ဝက်ဝံညိုကြီး တစ်ကောင်။

လူကို မမြင်ရမီက လေးဖက်ကုန်း ပြေးလာသော်လည်း၊ လူကို မြင် လိုက်သည်နှင့် တစ်ပြိုင်နက် ဂူးခနဲ၊ ဂူးခနဲ တဟဲဟဲ မာန်သွင်းကာ မတ် တတ်ထလိုက်သည်။

ရှည်လျားသော နှာခေါင်း၊ မာန်သွင်းထား၍ ပြဲနေသောပါးစပ်၊ ဓားလို လှံလို ချွန်ထက်သော လက်သည်းရှည်ရှည်ကြီးများ။

ဟေး...ဟေးဟု ငတောက အော် အော် လှန့်လှန့် ခြောက်လှန့် သော်လည်း ဝက်ဝံညိုကြီးက ထွက်ပြေးဖို့ ဝေးလေစွ။ ပို၍ ပို၍ ဒေါသထွက် ကာ ယခုမှ ရန်သူတွေ့ပြီဟု ကြေညာသကဲ့သို့ တည့်တည့်ကြီးပင် အရှိန် ပြင်းပြင်းဖြင့် ပြေးဝင်လာသည်။ ဒေါသပိုကြီးကာ ပါးစပ် ပိုဖြဲ မာန်ပိုသွင်း လာသည်။





မြောက်လေအဝေ့၌ လူနံ့ အနီးကပ်ရသောကြောင့်လား။ လူသံကြား ၍လား။ လမ်းကြုံလမ်းဆုံ၍လား။ သူ့စားကျက်နယ် ဖြစ်၍လား။ မခွဲခြား နိုင်သည့်တိုင် ငတောတို့ကို သူသေကိုယ်သေ တိုက်ခိုက်မည့် အနေအထား ဖြင့် ဝက်ဝံညိုကြီးက ပြေးလာသည်မှာ ရင်ဆိုင်တွေ့ရန် အချိန် စက္ကန့်ပိုင်း မျှသာ လိုမည်။

ကိုင်း ကိုင်းချင်း ရိုက်သံ၊ ကျိုးသံပြတ်သံ ကြားစကတည်းက သတိ ရှိထားသော ငတောနှင့် ငလုံး။

ရင်ဆိုင်တွေ့တိုက်ပွဲ။

လက်ကြီး နှစ်ဖက်ဖြင့် ကုတ်ဖဲ့ဆွဲဖြဲရန် မာန်သွင်း ပြေးလာသည့် ဝက်ဝံကြီး၏ လည်ပင်းရှိ အကွက်ဖြူဖြူကြီးဆီ ပတ်မှတ်ထားကာ ငတော က ဓားလှံဖြင့် ဆီးထိုးသည်။

ငတောက ဓားလှံနှင့်အထိုး၊ ဝက်ဝံကြီးက လက်နှစ်ဖက်ဖြင့် ပုတ်ပုတ် ယမ်းယမ်း ယမ်းရာ အားအားချင်း ဆုံတွေ့မိသည်။ ငတော လက်မှ ဓားလှံ လွင့်စဉ်ထွက်သွားပြီး လူက အားလွန်ပစ်လဲကျသွားသည်။

ဂူးခနဲ ဂူးခနဲ မြည်ကာ ငတောကို လက်ဖြင့် ဝက်ဝံကြီးက လှမ်း ပုတ်သည်။ သတိ လက်မလွတ်သော ငတောက ထထ ဆုတ်ဆုတ် ဆုတ် ဆုတ် ခုန်ခုန် ခုန်ခုန် ရှောင်ရှောင် နောက်ဆုတ်ရှောင်သည်။ ခုန်ဆုတ်ရှောင် သော်လည်း ငတော လှုပ်ရှားသကဲ့သို့ ဝက်ဝံကြီးက ပြောင်းလဲ တိုက်ခိုက်ရာ ဝက်ဝံကြီး ကုတ်ချက်မှ ငတော မလွတ်။ ငတောကို အဖျားခတ်မိ ကုပ်မိ သည်။

ဝက်ဝံကုတ်က အသားတစ် ထွက်တတ်သည်ဟု ဆိုသည်မှာ ဟုတ် နိုင်သည်။ အဖျားခတ်မိသော ကုတ်ချက်ဖြစ်သော်လည်း ဝက်ဝံ၏ လက် သည်း ချွန်ချွန်မြမြ ရူးရူးရှရှတို့က ငတော ဖျင်ကြမ်း အင်္ကျီကြီးကို ကုတ်မိ သည့်နေရာ စုတ်ပြဲသွားစေသည်။ အင်္ကျီစကိုသာမက လူ့အသားကိုပါ ကုတ်ခြစ်သွားရာ သွေးများ ချက်ချင်းပင် ထွက်လာသည်။

ဝက်ဝံကြီးက ငတော မျက်နှာတည့်တည့်ကို ထပ်မံ ကုတ်ဖဲ့ကွင်း အဖြစ် ရွေးချယ်ပြီး ကုတ်ဖဲ့ရန် ရွေ့အလှမ်းတွင် ငလုံးက အော်သံပေးလိုက် သည်။

"ယောကျ်ားဘသား တောသမားကွ၊ တောင့်ထား၊ ယောကျ်ား ကွ"

ငလုံးသည် အော်အော်ပြောပြော၊ ပြေးပြေးဝင်ဝင်ဖြင့် သူ့အဖေနှင့် ဝက်ဝံကြီး ကြားသို့ သူ့ဓားရှည်ကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် ဖျတ်ခနဲ ဝင်သည်။

ငတောကို ကုတ်ဖဲ့ရန် အာရုံပြုနေသော ဝက်ဝံကြီးသည် ရန်သူသစ် ငလုံးကို ကုတ်ဖဲ့ရန် ငလုံးဆီ ချက်ချင်းလှည့်သည်။ ခန္ဓာကိုယ် ကြီးမား သော်လည်း ဝက်ဝံကြီး၏ အလှုပ်အရှား၊ အလှည့်အပတ်မှာ၊မနှေး၊ ဖျတ်ခနဲ လှည့်ကာ ဂူးခနဲ အသံပေးပြီး လက်နှစ်ဖက်အစုံဖြင့် ငလုံး မျက်နှာ ချိန်ဆ ကုတ်သည်။

သူ့မျက်နှာကို တည့်တည့်ချိန်ရွယ်၍ ကုတ်လာသော ဝက်ဝံကြီး၏ လက်နှစ်ဖက်ကို ငလုံးက ဓားရှည်ဖြင့် အားကုန် ဆီးခုတ်သည်။ ဝက်ဝံ ကြီး ဘယ်လက် အရှပ်ကြိုးပြတ် ဖြစ်သွားသည်။ ဂူးခနဲ၊ ဂူးခနဲ အော်သံ ပေးလျက် ငလုံးကို ဖွတ်ဝင် ဖွတ်ကုတ်သည်။

ငလုံး ဓားခုတ်ချက်မှာ အားပါလွန်းသဖြင့် ဝက်ဝံကြီး လက်တစ်ဖက် အရှပ်ကြိုးပြတ် ဖြစ်သွားစေသော်လည်း၊ သူ့ဓားကို သူ မထိန်းနိုင်တော့။ သူ့ဟန်ချက်ကို သူ မထိန်းနိုင်တော့။ လက်ထဲမှ ဓားရှည် လွင့်စဉ်ပြေးပြီး လူက ရှေ့ဟပ်ထိုး လဲမလို ယိမ်းယိမ်းယိုင်ယိုင်၊ တောလိုက်သမားသတိရှိ၍ ဖွတ်ဝင် ဖွတ်ကုတ် လာသော ဝက်ဝံကြီး၏ တိုက်ချက်ကို အချိန်မီ ရှောင်တိမ်း သည့်တိုင်၊ မလွတ်တော့၊ သူ့လက်မောင်းရင်း အောင့်ခနဲ၊ စပ်ခနဲ၊ ဖျင်းခနဲ ဖြစ်ကာ ချက်ချင်းပင်လျှင် သွေးများ ကျဆင်းလာသည်။

ငလုံးကို သဲသဲမဲမဲ အငြိုးမကျေ သဘောဖြင့် ထပ်မံကုတ်ဖဲ့ရန် ကြိုး စားလာသည့် ဝက်ဝံကြီး၏ လက်နောက်ပြင်ကို ဘေးတိုက် အနေအထားမှ





သေသေချာချာ ချိန်ဆလျက် ဓားလှံကို ကဗျာကယာ ရှာ၊ ပြန်ကောက်ထားသူ ငတောက ဓားလှံဖြင့် အားကုန်အင်ကုန် ပစ်ထိုးလိုက်သည်။ ငတော ပစ်ထိုး လိုက်သည့် ဓားလှံက ဝက်ဝံကြီး၏ လက်နောက်ပြင် တည့်တည့် စူးဝင်သွား ရာ ဝက်ဝံကြီး မြေပေါ်သို့ ဘုန်းခနဲ ပစ်လဲကျသည်။ သွေးရူး သွေးတန်းဖြင့် လူးလိမ့်စဉ်၊ ဓားလှံကို ဖိနှိပ်ထိုးသလို ပိုဖြစ်လာသဖြင့် ဝက်ဝံကြီး နာကျင်စွာ အော်ဟစ်သည်။

ဤသည်ကို အခွင့်ကောင်းယူလျက် လွင့်စဉ်ကျသွားသော ဓားရှည်ကို အလျင်အမြန် ရှာဖွေကာ၊ အပြေးအလွှား ကောက်ယူလာသော ငလုံးသည် ဝက်ဝံကြီး တစ်ကျော့ပြန် ရန်မမူနိုင်မီ အမြန်သွားလျက် ဝက်ဝံကြီး ခြေလက် တို့ကို အရင် ခုတ်သည်။ ပြီးမှ ခေါင်းကို သူ့ဓားရှည်ဖြင့် အဆက် တိုက်ခိုက် သည်။

"တော်တော့ ငလုံး...ဝက်ဝံကြီး သေပြီ"

ငတော သတိပေးလာမှ ငလုံး ဓားခုတ်ချက် ရပ်သည်။ မလှုပ်မယှက် အသက်ပျောက်သွားသော ဝက်ဝံကြီးကို ငတောက ခြေဖြင့် တစ်ချက် ကန် ကြည့်သည်။ ပြီးမှ-

"တောခြောက်သလား အဖေလို့ မင်းမေးတုန်းက ပျားကြီးတွေ ဝေါခနဲ... ဝေါခနဲ မြည်အောင် ပျံပြေးရတာ ဒီကောင်ကြီး လက်ချက် ဖြစ်မယ်၊ ပျားကြီးအုံကို သူတက်ဖွပ်စားလို့ ပျားကြီးတွေ ပျံတာဖြစ်မယ်၊ ဒို့က သူ့အစာ လုမယ်ထင်ပြီး အစာမာန်ဖီတာလား၊ သူ့သဘာဝကိုက ရန်လိုတတ်လို့ ရန်ရှာ သလား၊ လေတင်နဲ့လေအောက် တို့အနံ့ သိပြီး လိုက်လာ ရန်ရှာသလား၊ ဘွားခနဲ ပက်ပင်း ရင်ဆိုင်တွေ့လို့ ရန်ရှာသလား မသိဘူး၊ တောဥပဒေ ကတော့ ရင်ဆိုင်တွေ့ပွဲမှာ ရှုံးသူဟာ ပြေးနိုင်ရင် ပြေး၊ မပြေးနိုင်ရင် သေတယ်၊ ပြေးနိုင်သလား သေသလား၊ ပြေးအောင် လုပ်နိုင်သလား၊ သေအောင် သတ် နိုင် သလား၊ ဒါကလွဲရင် သရေပွဲဆိုတာ မရှိဘူး၊ တို့နိုင်တယ်၊ ဝက်ဝံကြီး ရှုံးတယ်၊ ရှုံးပြီး မပြေးနိုင်တော့ သူသေတယ်၊ တို့ကလည်း နိုင်တယ်သာ

ပြောရတာ၊ ဒဏ်ရာဒဏ်ချက် ကိုယ်စီနဲ့ သွေးအလူးလူး ဖုန်အလိမ်းလိမ်းနဲ့ တို့ရထားတဲ့ ဒဏ်ရာက သိပ်ပြီးသွေး ထွက်လွန်းရင် မကောင်းဘူး၊ သွေး တိတ်ရွက် ရှာပြီးရူး၊ ထုထောင်းဝါးမြေ အုံကြရအောင်"

သားအဖနှစ်ယောက် သူတို့ဒဏ်ရာကိုအုံရန် သွေးတိတ်ပင် ရှာနေစဉ်၊ ရဂုံကြေး သည်မြိုင်ငူမှာ တုနိုင်သူ တုယှဉ်လှည့်ဟု စိန်ခေါ်သံပေး နေသည့် တည်ခါ၏ အသံက တက်...တက်...တူ... ခါ...ခါ... တက်...တက်... တူ.... ခါ...ခါ။

[မှုခင်းရှုထောင့် ရသစုံမဂ္ဂဇင်း ၂၀၀၄ တွင် ရင်ဆိုင်တွေ့ ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပါသည်။]

❖







# အမှောင်ညမှ အပြန်

တောမသွားမီ ထမင်းစားပြီး ကွမ်းမြုံ့၍ ပက်လက်လှန် အနားယူနေသော ငတောသည် သူ့အိမ်အမိုးကို ကြည့်လျက် စိတ်ပျက်လက်ပျက်။

တစ်နှစ်လာ မိုးနိုင်နိုးနိုး၊ နောက်တစ်နှစ်လာ မိုးနိုင်နိုးနိုးဖြင့် မိုးယိုသော အပေါက်မှန်သမျှကို ပိုင်း၍ပိုင်း၍ ဖာထေးလာရာ အင်္ကျီစပ်ကြားကဲ့သို့ အိမ်အမိုးမှာ ဟိုတစ်ပိုင်းတစ်စ သည်တစ်ပိုင်းတစ်စဖြင့် ဖာထေးရာတို့ အနှံ့အပြား။

ကြယ်မြင်လမြင် မရှိစေကာမူ သူ့အိမ်အမိုး မလုံသည်မှာ သုံးနှစ်ရှိခဲ့ပြီ။ သည်မိုးတွင်းမှ မမိုးနိုင်လျှင် လေးနှစ်။

ဟိုနေရာကပေါက် ဟိုနေရာကိုဖာ၊ သည်နေရာကပေါက် သည်နေရာကိုဖာနှင့် ဖာထေး၍သာနေရသည်။ ညမှာ မိုးရွာလျှင် အိမ်သား သုံး လေးယောက်တို့ အိပ်ရာ မိုးမလုံတော့။ ထို့ကြောင့် မိုးလုံရာ စုထိုင်ရသော ဘဝ။

အိမ်မမိုးနိုင်သည့်အတွက် ငတော အနေဖြင့် သူ့မိန်းမကိုလည်း အပြစ်မတင်ရက်။ သားသမီးကိုလည်း အပြစ်မတင်ရက်။ သားသမီးကိုလည်း အပြစ်မတင်ရက်။ အိမ်ထောင်ဦးစီးဖြစ်သော မိမိကိုသာ အပြစ်

တင်မိသည်။ အိမ်မိုးမလုံသည်မှာ အိမ်ထောင်ဦးစီး၌သာ တာဝန်ရှိကြောင်း သူ့မိန်းမ မိဂျမ်းကို သူ ပြောဖူးသည်။

မိဂျမ်းက–

"တော့်နှယ်တော်... အိမ်မိုးနိုင်အောင်ဆိုပြီး တော် ဒီထက်ကြိုး စားရင် ဖင်နီတာထွက်သေရုံရှိမှာပေါ့၊ သူ့ဘာသာ မိုးမလုံတာ ဘယ်တတ်နိုင်မလဲ၊ ကိုယ်လို မိုးမလုံတဲ့အိမ်တွေ အများကြီး၊ စိတ်ညစ်စရာ ခေါင်းထဲ ထားမနေနဲ့၊ မိုးဆိုတာ အမြဲမရွာဘူး၊ ဖြစ်သလိုပေါ့" ဟု ဒေါင်ကျကျ ပြားကျကျစိတ်ဖြင့် ပြောလာ၍ ငတော ဖြေသာခဲ့သည်။

သို့ရာတွင် မိုးမမြဲမရွာသော်လည်း ရွာသောအခါ လုံစေရန် အိမ်မိုးဖို့ အိမ်ထောင်ဦးစီး၌ တာဝန်ရှိသည်။ သက်ငယ် မမိုးနိုင်စေ၊ ထန်းရွက်လေးဖြင့် မိုးလုံလုံ၊ မိုးလုံလျှင် တော်ပါပြီဟူသော ရသေ့စိတ်ဖြေ သဘောဖြင့် ယခင် အရွက် တစ်ရာလျှင် ငွေတစ်ဆယ် ပေးရသည့် ထန်းရွက်ဈေး မေးကြည့်မိ သည်။ ထန်းရွက်တစ်ရာ ငွေရှစ်ဆယ်တဲ့၊ ထန်းရွက်ဈေး ကြားရသောအခါ နှုတ်အသူကဲ့သို့ ငတော စကားမပြောနိုင်တော့။

မည်သို့ပင်ရှိစေ စားရေး၊ ဝတ်ရေး၊ နေရေး အရေးသုံးပါးတွင် ရှောင်လွှဲမရသည့် တစ်ပါးအပါအဝင်ဖြစ်သော နေရေးပြဿနာကို လျစ်လျူရှု မဖြစ်၊ မိုးလုံရန် သူ ဖန်တီးရဦးမည်။

"အဖေ...အဖေ အိပ်နေသလား၊ တောသွားဖို့ အချိန်ကျပြီဗျ"

"ဩော်...ဩော်၊ အေး အေး"

သူ့ကို လာခေါ်သူမှာ သားဖြစ်သူ ငလုံး ဘဝဝမ်းစာအတွက် ယခုလို လကွယ်ည လမိုက်ချိန်မှာ ငှက်ရိုက်ငှက်ခတ် ထွက်ရလိမ့်ဦးမည်။

"ပစ္စည်းတွေစုံအောင် ယူခဲ့နော် ငါ့သား၊ ဖန်သီးအပို မမေ့စေနဲ့၊ မတော်တဆ ကျွမ်းရင် ဒုက္ခ"

"စုံပြီဗျ၊ ငါးခဲထိုးဖန်သီး အပိုရော၊ ဘက်ထရီမီး တစ်ခုခုဖြစ်ရင်





လိုရမည်ရ သုံးဖို့ အရန် သုံးခဲထိုး တုတ်မီးခေတ်ခဲအသစ် ထည့်ထားတာရော၊ အဖေ့ကွမ်းထုပ်ရော ထည့်ထားပြီးပြီ"

"ကဲ...ဒါဖြင့်လည်း သွားတာပေါ့ကွာ"

ရေအိုးစင်မှ ရေတစ်ခွက်သောက်ပြီး သူ့လက်စွဲတော် ဓားလှံကိုယူ သည်။ ကြောင်ထောင်သော နေ့ကဲ့သို့ ကိုင်ချိန်ရှိမည် မဟုတ်သည့်အတွက် သေနတ်လွယ်ကြိုးကဲ့သို့ ဓားလှံကိုချည်ကာ လွယ်လိုက်သည်။

သူတို့ အိမ်မှထွက်လာသော အချိန်သည် မှောင်ရီဖျိုးဖျ အချိန်။ ရွာပြင်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် မြေသင်းရနံ့များက လေပြည်နှင့် အတူ သင်းသင်းပျံ့ပျံ့။

ငတော ဘယ်ဘက် လက်မောင်းရင်းတွင် ဓားလှံကို ကြိုးဖြင့်ချည်၍ လွယ်ထားသကဲ့သို့ ညာဘက်လက်တွင် ငှက်ခတ် ငှက်အုပ်မည့် ထီး ရိုးဝါး တစ်ဆုံး ထိပ်၌ ကြိမ်အဝိုင်းပေါ်တွင် တပ်ဆင်ထားသော ငါးဖမ်းသည့် ဒိုင်းကွင်း အရွယ်မျှရှိသော ငှက်ဖမ်းပိုက်လည်း ပါသည်။

ငလုံး ညာလက်မောင်းရင်းတွင် ဝိုင်ယာကြိုးရှည်ဖြင့် ခရီးသွားရာ၌ လွယ်နိုင်ရန် တပ်ဆင်ထားသော ခြောက်ဗို့ဘက်ထရီအိုး တစ်လုံးနှင့် ဘက်ထရီအိုးနှင့် ဆက်သွယ်ထားသည့် ငါးခဲထိုး တုတ်မီး(လက်နှိပ်မီး) ပါသည်။ ဘယ်ဘက်၌ ရရှိသော ငှက်များကို ထည့်မည် လွယ်အိတ် ဖားဖား ကြီးနှင့် ဓားလွယ်ပါသည်။

"အဖေ...ဘယ်တောက စမလဲ"

"ပန်းထိမ်ဖိုတောက စမယ်၊ တောကြီး ရေကန်မှာ ခဏနားပြီး အဆင် မပြေရင် အောက်တောဘက် ဆက်လှည့်ရုံပဲ"

သည်မျှဆိုလျှင် ငတော အပြောကို ငလုံး နားလည်သွားပြီ။ သွားရ မည့် ခရီးသည် အသွားအပြန် လေးတိုင်(ရှစ်မိုင်) ခရီး ရှိနိုင်သည်။

မိုးကောင်းကင်၌ လကွယ်ညပီပီ ကြယ်တာရာတို့ဖြင့်သာ ည၏ တန် ဆာအဖြစ် ပြိုးပြိုးပြက်ပြက် လင်းလင်းလက်လက်။

ငှက်ခတ်ကွင်း မရောက်သေးသမျှ မိုးမထိုးရသေးသဖြင့် အမှောင်ခရီး၌သာ သားဖနှစ်ယောက် သွားနေသည်။ သွားနေကျလမ်း၊ သွားနေကျနေရာဖြစ်၍သာ မျက်စိမှိတ်သွားစေဦး သူတို့ အသာလေး သွားနိုင်သည်။

ပန်းထိမ်ဖို၊ မန်းကျည်းပင်၊ တွင်းကြီး မန်ကျည်းဘုတ်လမ်း သုံးပုံတစ်ပုံ၌ ရှိသော အပင်တစ်ပင်။

"ခဏ နားဦးစို့ သား၊ မဆိုစလောက် နည်းနည်း စောနေသေးတယ်"

"မန်ကျည်းပင်ရိပ်မှာလား"

"အေး"

ပန်းထိမ်ဖို မန်ကျည်းပင်အရိပ် နားလိုက်ရာ နွေးခနဲ ဖြစ်သွားသည်။ သားအဖနှစ်ယောက်စလုံး ငြိမ်လျက် ရွာဆီ ပြန်ကြည့်မိသည်။ ရွာဘက်ဆီမှ အိပ်ချိန်မကျသေး၍ ဆူဆူညံညံ။ ရွာသံဟူသည် ဤကဲ့သို့ဖြစ်မည်ဟု ငလုံး တွက်ဆကြည့်သည်။ ရွာဆီ မှန်းမျှော်ကြည့်ရာမှ သူ့ကို အကုသိုလ်ကောင် အောက်တန်းစားဟု ပြောလာသော ပွဲစား ဒေါ်မင်းပုံကို သတိရသည်။

"အဖေ"

"ပြော"

"ဒေါ်မင်းပုံ ခွေးက ကျုပ်ကို လမ်းလိုက်ဟောင်တော့ ကျုပ်က ဘတ်ခွနဲ့ ပစ်သဗျ၊ သူ့ခွေး ဘတ်ခွနဲ့ ပစ်ရမလားဆိုပြီး ကျုပ်ကို အကုသိုလ်ကောင် အောက်တန်းစားလို့ ဆိုသဗျ၊ ကျုပ်တို့ဟာ အဟုတ်များ အကုသိုလ်ကောင် အောက်တန်းစား ဖြစ်နေသလား ဟင်"

ငလုံး အမေးကို ငတော ကြက်သီးထသွားသည်။ အကုသိုလ်ကောင် အောက်တန်းစား၊ အကုသိုလ်ကောင် အောက်တန်းစား စသည့် အသံ ဆူညံညံ။

"ဘာလို့ အကုသိုလ်ကောင် အောက်တန်းစားတဲ့လဲကွ"

"သူများ အသက်တွေ သတ်၊ နှိပ်စက်ညှဉ်းပန်း၊ ချိုးတွေ ခါတွေ





လှောင်အိမ်နဲ့မွေး၊ မွဲမွဲစုတ်စုတ် ညစ်ပတ်တဲ့ အကုသိုလ်ကောင် အောက်တန်းစားလို့ ကျုပ် ပြောတာပဲ၊ ဘတ်ခွနဲ့ မျက်လုံး ပစ်ဖောက်မလို့၊ ကျုပ် ပစ်လိုက်တာ သူ့ခွေးလေး နာသွားလို့ စိတ်ဆိုးတာကြောင့် ပြောတာနေမှာပဲဆိုပြီး ကျုပ်လည်း စိတ်လျှော့ပြန်လာတာ"

"အကုသိုလ်ဆိုတာ မကောင်းမှုခေါ်တာပဲ ငါ့သား၊ တို့ဟာ ဒေါ်မင်းပုံလို လိမ်ညာလိုးဖြတ်ပြီး စီးပွားရှာစားတဲ့သူ မဟုတ်ဘူး၊ မုသာဝါဒကံ တွင်တွင် ချိုးဖောက်ပြီး သူများ အညွန့်ချိုးလို့ မစားဘူး၊ တံငါတွေ ငါးရှာတာ၊ တောင်သူတွေ သီးနှံအောင်မြင်ဖို့ ပိုးကျတဲ့အခင်းကို ပိုးသတ်ဆေး ဖျန်းရတာ၊ ယာထဲမှာ တောမီးရှို့ရတာ ဒါကို လုပ်လို့ အကုသိုလ်ကောင်လို့ အောက်တန်းစားလို့ ပြောရင် တော်ပါ့မလား"

"လောကီကိစ္စ၊ လောကုတ္တရာကိစ္စ နှစ်မျိုးရှိတဲ့ အထဲမှာ လောကီစီးပွား ရှာတာကို လောကုတ္တရာအမြင်နဲ့ အကဲဖြတ်လို့ မှားတယ် ပြောမရပေမဲ့ မှန်ကန်သင့်တော်တယ်လို့လည်း ဇွတ် မပြောကောင်းဘူး၊ ကိုယ့်တိုင်းပြည် ကိုယ်လူမျိုး ကိုယ့်နိုင်ငံ ကျူးကျော်လာတဲ့ အမျိုး၊ ဘာသာ၊ သာသနာ ဖျက်သူကို ရန်သူအနေနဲ့ သတ်ဖြတ်တာကို အကုသိုလ် အလုပ်လို့ ပြောပြီး မရှုတ်ချကောင်းဘူး၊ အဖေပြောတဲ့ လောကီနယ်ပယ်နဲ့ လောကုတ္တရာ နယ်ပယ် မတူကြလို့ ပြောတာပါ"

"အောက်တန်းစား၊ အထက်တန်းစား ဆိုတာလည်း ပစ္စည်း ရှိမရှိပေါ် မူတည်သတ်မှတ် မရဘူး၊ တို့ရွာမှာပဲ အချမ်းသာဆုံးဖြစ်တဲ့ ဦးမိုးကြယ်ကို အထက်တန်းစား လူကုံထံဆိုပြီး ဖူးဖူးမှုတ်ထားရာက ဓားပြ သေနတ်ထုတ်၊ ထုခွဲပေးဆိုတော့ ထောင်ဆယ်နှစ် ကျသွားတာပဲ မင်း အသိ မဟုတ်လား"

"ဟုတ်တာပေါ့ အဖေ၊ ဦးမိုးကြယ်ဆိုရင် အထက်တန်းစား လူကုံထံအနေနဲ့ ဒေါ်မင်းပုံက ဖူးဖူးမှုတ်"

"အဖေ နားလည်တာကတော့ အဖေ ကိုရင် ရှစ်ပါးရအောင် ဝတ်ခဲ့ဖူးစဉ်က အဖေ့ ဆရာတော်ကြီး ဥပုသ်နေ့တိုင်း ဟောနေကျတရားပဲ၊ ဘုရား

ရဟန္တာ မဖြစ်သမျှ အနုသယ ကိလေသာနဲ့ အကုသိုလ်စိတ်ရှိတယ်လို့ သူ့ အဆင့်ဆင့်လိုက် ထိန်းရ သိမ်းရသတဲ့၊ ဒီတော့ လောကီ အလုပ်ကို လောကုတ္တရာ အမြင်နဲ့ သိချင်သိပေါ့၊ မပုတ်ခတ်သင့်ဘူး။ စပါးအပါအဝင် သီးနှံစုံ စိုက်လည်း ကျွေးရတဲ့ တောင်သူလယ်သမား၊ လှိုင်းကြားလေကြားက ငါးရှာကျွေးရတဲ့ တံငါကို တံငါတစ်သက်၊ တောင်သူ တောမီးတစ်ရက်၊ အကုသိုလ်ကောင်တွေလို့ ပြောရင် မသင့်တော်ဘူး ထင်တယ်"

"အလကား ဒေါ်မင်းပုံပါ အဖေရာ၊ ကျုပ်တို့ ရှာရဖွေရတဲ့ အကောင် ပလောင်ဆိုရင် ကတ်ကတ်သတ်သတ် ဈေးဆစ်ပြီး ပလုတ်ပလောင်းစား နေတဲ့ ဟာမကြီး၊ ဝယ်တဲ့တင်းက အကြီးကြီး၊ ရောင်းတဲ့တင်းက နို့ဆီဘူး တစ်လုံး လျှော့တဲ့ တင်းသေးသေးတဲ့၊ လိမ်ညာလိုးဖြတ် စားနေတဲ့ဟာ၊ တစ်ရွာလုံး အသိပါဗျာ၊ သူက အသားယူလွန်းလို့ပါ"

"ကိုယ် လုပ်စရာရှိတာကို ကိုယ် လုပ်ရုံပေါ့ ငါ့သားရာ၊ ကိုယ့် မရှိလို့ ကိုယ် ထမင်းမစားရဘဲ ဆန်ပြုတ် ပြုတ်သောက်ခဲ့ရတော့ ဘယ်သူက ကူညီ သလဲ၊ ကိုယ့်ဝတ်စရာ မရှိလို့ အစုတ်အပြဲ ဖာဝတ်နေတာ ဘယ်သူက အကျီ တစ်ထည် အလကား ပေးသလဲ၊ ကိုယ့်ဝမ်းနာ ကိုယ်သာသိတယ်၊ ကိုယ့် အလုပ် ကိုယ်လုပ်ပြီး ကြိုးစားဖို့ လိုတယ်၊ ကိုယ်ကလွဲလို့ အားကိုးစရာ ကိုယ်ပဲရှိတယ် ငါ့သား၊ ကိုယ်လုပ်မှ ကိုယ်ရပြီး၊ ကိုယ်ရမှ ကိုယ်စားရမယ်၊ ဘယ်သူမှ မစော်ကား၊ မလိမ်ညာဘဲ တောထဲက သားကောင်ကို ဖမ်းဆီး ရောင်းချပြီး ထမင်းလေး တစ်လုတ်ကို ရှာစားနေရတဲ့ လူကို ထမင်းတစ်လုတ် ကျွေးဖို့ စိတ်မကူးဘဲ၊ ရေနစ်ရာ ဝါးကူထိုးတာတော့ ဂရုစိုက်မနေနဲ့ကွာ၊ ရိုးသား၊ ကြိုးစား၊ ပြတ်သား၊ တည်ငြိမ် ဒါအကောင်းဆုံးပဲ"

"ကျုပ်လည်း အဖေ့လိုသာ သဘောမပေါက်တာ၊ ထမင်းစားဖို့ ဥပဒေ နဲ့ မငြိစွန်းတဲ့ အဖမ်းအဆီး မခံရမယ့် အလုပ်ဆို လုပ်ဖို့ ဝန်မလေးပါဘူးဗျ၊ အလုပ်လုပ်မှ ထမင်းစားရမှာပဲ၊ ဒါပေမဲ့ ဘကြီးတေလို နွားခိုးလို့ ထောင်ကျ တာမျိုးတော့ မလုပ်အပ်လို့ ကျုပ် မလုပ်ဘူး၊ ခု ကျုပ်တို့ လုပ်နေတာက





လယ်ထဲယာထဲက တောကောင်တွေ ဖမ်းတာပဲဗျာ၊ သန့်သန့်စင်စင်ပါ"

သားအဖနှစ်ဦး စကားကို တို...တို...တို...တို... ဟူသော အသံက ထိုးဖောက်လာသည်။ တွင်းကြီးရွာဆီမှ အသံ။ ဆရာတော် ဦးကလျာဏ၏ ကျောင်းမှ ရှစ်နာရီ ဘုရားဝတ်ဖြည့်ပြီးတိုင်း ထိုးနေကျအသံ။

"ကဲ...စကားကောင်းနေလိုက်တာ၊ ရှစ်နာရီထိုးပြီ ငါ့သား၊ အဲဖေတို့ လုပ်ငန်း စရအောင်၊ တစ်ဝမ်းတစ်ခါး၊ တစ်အိုးတစ်အိမ် ဝမ်းလေးငြိမ်ဖို့ ပန်းထိမ်ဖိုကနေ အနောက် ဆင်းစို့"

ငတော စကားအထာကို နားလည်ပြီးသော ငလုံးက ခြောက်ဖို့ အားရှိ ဘက်ထရီနှင့် ငါးခဲထိုး တုတ်မီး(လက်နှိပ်မီး) ဆက်လိုက်ရာ မီးလမ်းကြောင်း တစ်လျှောက် ဝင်းဝင်းထိန်ထိန်။

လူသွားလမ်းမှ ဖဲ့ကာ ယာခင်းများထဲ မီးလှည့်ထိုးသည်။ ယာဆယ့် လေး ငါး ကွက်ကျော်သောအခါ နီရဲရဲ မျက်လုံး တစ်စုံက ထိုးလိုက်သည့် မီးရောင်ကို အန်တု၍ ဝင်းဝင်းထိန်ထိန် ရူးရူးရှရှ။ ငတောသည် ထိုးထား သော မီးလမ်းကြောင်းဘေးမှ ရှေ့တိုးသတဲ့သို့ ငလုံးလည်း တဖြည်းဖြည်း ရှေ့တိုးသည်။ နီရဲရဲ မျက်လုံးပိုင်ရှင်သည် ခေါင်းတဆတ်ဆတ် လည် တခါခါ။

ပိုက်တစ်ကမ်း မီချိန်တွင် လက်ဆသေချာစွာဖြင့် ချိန်၍ ပိုက်နှင့်နီရဲရဲ မျက်လုံးပိုင်ရှင်ကို ဖျတ်ခနဲ ငတော အုပ်လိုက်သည်။

မီးထိုးသမား ငလုံးရော၊ ငတောပါ အလျင်အမြန်သွားပြီး ပိုက်ပေါ်မှ လက်ဖိအုပ်ကာ နီရဲရဲ မျက်လုံးပိုင်ရှင်ကို တစ်ယောက်က အတောင် ကိုင် ထားပြီး တစ်ယောက်က ပိုက်အောက်မှ လက်လျှိုဖမ်းသည်။ မြေဝပ် ငှက် တစ်ကောင် ပွဲဦးထွက် ရလေပြီ။

"လာဘ်ဦးပေါ့ ငါ့သားရာ၊ အိတ်ထဲ သေသေချာထည့်၊ သူများဆီက လိုးဖြတ်လိမ်ညာ ယူထားတဲ့ ငွေနဲ့ ဝယ်စားမယ့် စည်စိမ်ကြီးရှင် မင်း အဒေါ် ကြီး ဒေါ်မင်းပုံ ဇိမ်ခံစားအောင် ကောင်းကောင်း ထည့်ခဲ့၊ ဟား...ဟား...ဟား"

ငတောက တဟားဟား ရယ်နေခိုက် မြေဝပ်ကောင်ကို ဖက်လိမ်ချိုး၍ လွယ်အိတ်ထဲ ထည့်ကာ ရှေ့ဆက် ငလုံးမီးထိုးသည်။ ဘက်ထရီမီးရောင်သည် ရှူးရှူးရှရှ။

ယာအကွက် နှစ်ဆယ်ကျော် အရောက်၌ မီးရောက်အောက်တွင် မျက်လုံးလေး နှစ်လုံး ပေါ်လာသည်။

နှစ်ဦးသား မီးရောင်စိုက်ထိုးရင်း ချဉ်းကပ်သည်။ မီးရောင်ကို ငေးကြည့်နေသော ငုံးမွဲကြီးသည် သူ သတိရသောအခါ လူသားတို့က ပိုက်နှင့် အုပ်ပြီးသားဖြစ်နေ၍ အလန့်တကြား။ သို့ရာတွင် ခဏချင်းပင်လျှင် ငလုံးဘေးရှိ လွယ်အိတ်ထဲ ခွေကာခေါက်ကာ ရောက်သွားသည်။

"ထိုး"

ငတော ပြောစကားက ထိုးဟူသော စကားတစ်လုံးမျှသာ။ ထိုစကားအဓိပ္ပာယ်ကို ဖွင့်တတ်သည့် ငလုံး စိတ်၌ ယခုရာသီသည် ငုံးတို့ အုပ်ဖွဲ့နေသော ရာသီဖြစ်သည်။ ငုံးအုပ်ခွဲ၍နေချိန် မဟုတ်သေး။ သည်ယာခင်းထဲ၌ပင် အခြားငုံး ရှိဦးမည်မို့ မီးထိုးပြဟူသည့် အဓိပ္ပာယ်ကို နားလည်လိုက်သည်။

ဘယ်မှညာ၊ ညာမှဘယ် ပြောင်း၍ပြောင်း၍ မီးထိုးရာ ရှေ့ဝါးနှစ်ရိုက်အကွာခန့်တွင် နှစ်ကောင်တစ်စု၊ သုံးကောင်တစ်စု ခွဲ၍ ဝပ်နေသော ငုံးမွဲများ။

ပထမဦးဆုံး နှစ်ကောင်စု ရှိရာကို မီးတည့်တည့် ထိုးလိုက်သည်။ ထိန်ခနဲ လင်း၍ ဝင်းခနဲ ကျလာသော မီးရောင်ကြောင့် ငုံးနှစ်ကောင် ကြောင်စီစီ။ ငတော ပိုက်အုပ်လိုက်၍ ပိုက်သားနှင့် ထိခိုက်မှ ရုတ်ခြည်း ထပျံသော်လည်း ပိုက်သားကို တိုးမိပြီး ပြန်ကျသည်။ ထပျံကြည့်ရာ ပျံ၍ မရတော့။

ဘေးမှ သုံးကောင်အုပ်က လန့်ပျံသည်။ ထိုးဟူသော ငတောစကား ထပ်ကြားရပြန်သည်။ ပျံသန်းသော ငုံးအုပ်နောက် မီးကြောင်းကြီး စွပ်လိုက်သွားပြီး ငုံးတို့ ဝါးနှစ်ရိုက်သာသာ၌ ပြန်၍ကျကြောင်း မြင်ရသည်မှာ ထင်ထင်ရှားရှား။





ပိုက်ထဲမှ ငုံးမွဲကြီးနှစ်ကောင်ကို ဖမ်းပြီး ပျံပြေးသည့် မီးရောင်အောက်မှ ငုံးသုံးကောင်အုပ်ဆီ မီးထိုးရင်း တရွေ့ရွေ့ သွားသည်။ မီးရောင်အောက်၌ ယောင်လည်လည် ဖြစ်နေသော ငုံးသုံးကောင်ခမျာ ရှေ့သွားသော ငုံးများ ထုံးစံအတိုင်း ပိုက်ဖြင့် အအုပ်ခံရပြန်သည်။

ပိုက်ဝါးအရှည်က လေးတောင်ခန့်မို့ မီးရောင်ကိုသာ မဲတင်းကြည့်နေရာမှ သတိမေ့နေခိုက် အအုပ်ခံရသည်ချည်းပင်။

ငုံးခြောက်ကောင်နှင့် မြေဝပ် တစ်ကောင်ရပြီး ရှေ့ဆက်၍ ဘယ်ညာ မီးထိုး၍သာ သွားရသည်။ နောက်ထပ် ဘာငှက်မျှ မရသေး။ နောက်ထပ် ငှက်မရသည့်တိုင် ညတွက်ကိုက်ထားပြီမို့ သားဖနှစ်ဦး ခြေလှမ်းသွက်သွက်။

"ရှေ့နား ဂရုစိုက်ထိုး၊ အသိုက်ရှိနိုင်တယ်"

"နွားကျောင်းသားတွေ နွားမြီးနဲ့ ထောင်လာသတဲ့၊ မိသတဲ့"

"သမုဒ္ဒရာရေ တစ်ယောက်တည်း သောက်တာနဲ့ ကုန်မလားကွ၊ မိရင် တစ်ကောင်ပေါ့၊ ဘယ်ညာသာ မီးဖြန့်ထိုး၊ ဖြည်းဖြည်းချင်း ညှိထိုး"

ယာသုံးကွက် အကျော်တွင် မီးရောင်အောက်၌ ငေါင်းစင်းငေါင်းစင်းဖြင့် ယှဉ်တွဲ ရပ်နေသော ငှက်နှစ်ကောင်။

ရှူးရှသော မီးရောင်ကို ရုတ်တရက် တွေ့လာ၍ ရဲရဲ ကြည့်ဝံ့ဟန်မရှိ။ ရှူးစမ်းသည့် အကြည့်ဖြင့် ကြည့်နေဆဲခဏ၌ ခေါင်းပေါ် ပိုက်အုပ် မိသွား၍ ထပျံပြေးရန် ကြိုးစားချိန် မရတော့။

နေ့၌ လူမြင်လျှင် ဝီရိယ ကြီးမားစွာဖြင့် တစ်...တစ်...တစ်တီတူး၊ တစ်...တစ်...တစ်တီတူး ဟု နှိုးဆော်တတ်သောငှက်၊ လသာသော ညများတွင် လူရိပ်မြင်ရုံမျှဖြင့် ကောင်းကင်မှ ဆူဆူညံညံ အသံနှင့် တစ်...တစ်...တစ်တီတူး အသံစာစာ မြည်တတ်သောငှက်၊ ထိုငှက်သည် လမိုက်ညတွင် ဘက်ထရီ မီးရောင်အောက်၌ အငိုက်မိ၍ ပိုက်ဖြင့် အဖမ်း ခံရကာ ယက်ကန်ယက်ကန်။

"ဘက်ထရီမီး ခဏ ပိတ်ထားကွာ၊ ဒါမှ မီးရောင် တောက်လျှောက်

ကြီး မြင်မနေရတော့ ငှက်ရိုက်ငှက်ခတ် ပိုကောင်းမယ်၊ တို့လည်း ခဏနားပြီး တော အကဲခတ်တာပေါ့"

ငလုံးက မီးပိတ်၍ ထိုင်သလို ငတောက ငှက်ခတ်ပိုက်ချ၍ ခေတ္တနားသည်။ ကွမ်းတစ်ယာကို ကြယ်ရောင် မှုန်မွှားမွှားအောက်တွင် ယာ၍ ဝါးသည်။

ညသည် တိတ်တိတ်ဆိတ်ဆိတ်။ ကြယ်ရောင်မှလွဲ၍ လရောင်မရှိသဖြင့် မှောင်မှောင်မည်းမည်း အဝေးဆီ၌ သူတို့ကဲ့သို့ ငှက်ရိုက်ငှက်ခတ် ထွက်သော မီးတန်းတစ်ခုက ဝင်းခနဲ၊ ထိန်ခနဲ၊ လက်ခနဲ။

"ဘယ်သူ ဖြစ်လောက်လဲ ငါ့သား... မီးရောင်ကတော့ တွင်းကြီးက လာပြီး အနောက် ဆင်းတဲ့ပုံ"

"ကိုဘကြည်နဲ့ သူ့သား ငဖော်ရယ် ညနေက မင်းတို့ ဘယ်တော သွားမလဲလို့ မေးတယ်၊ သူတို့နဲ့ တောချင်း မတိုက်အောင်လို့ တဲ့၊ ကျုပ် ပြောလိုက်မှ တောချင်း မတိုက်ဘူး ဆိုပြီး ပြန်သွားတယ်"

"အေးကွာ... တင်ကျီးတစ်ဝမ်း ဗျိုင်းတစ်ဝမ်း ဆိုတော့ မနာလိုစရာ မရှိပါဘူး၊ ဘကြည်တို့လည်း ရရစားစား ဆင်းရဲသားပဲ၊ သူလည်း သားကောင် ရပါစေလို့ ဆုတောင်းပါတယ်ကွာ၊ တို့လို ဒါလေးရမှ စားရရှာတာပဲ"

"သူလည်း မနေ့က တစ်နေ့တည်း ခွေးအ တစ်ကောင်နဲ့ ဖွတ်ကြီး တစ်ကောင် ရလာလို့ သူ့မိန်းမ မအိုဖြင့် သနပ်ခါး ဘဲကျားကြီးနဲ့ ပျော်လို့ ပါးလို့ ဗျ"

"အေးကွာ...တောင်သူတွေ တလင်း သင်ပေါင်းတက်လို့ သစ်စေ့ သစ်ဆန် ရတဲ့အခါ ပျော်သလို တောလိုက်သမား သားကောင်ရရင် ပျော်တာပေါ့ကွာ"

ကွမ်းတစ်ယာညက်ခန့် အကြာတွင် သားအဖနှစ်ယောက် မီးထပ်ဖွင့်ကာ အနောက်ဘက်ဆီသို့ ဘယ်ပြန်ညာပြန်ထိုး၍ ခရီးဆက်ခဲ့သည်။ မီးကို အပြေးမထိုးဘဲ တဖြည်းဖြည်းချင်း ညီဆွဲဆွဲ၍ ထိုးပေးသော ငလုံး





မီးလမ်းကြောင်းတွင် မျက်လုံး နှစ်လုံးက ကြည်ကြည်လင်လင် ပေါ်လာသည်။

ကုန်းလယ်ကွက်ထဲ၌ ပေါက်နေသော ရေကန်စွန်းရွက်နုကို စားနေသည့် တောယုန်ညို တစ်ကောင်နှင့် ယုန်ပြာနှမ်းနှမ်း တစ်ကောင် တည့်တည့်ကျလာသော မီးရောင်ကိုကြည့်၍ ယုန်နှစ်ကောင်သည် နှုတ်ခမ်းမွေးလက်နှင့် သပ်ကာ ခေါင်းတထောင်ထောင် နားရွက်တစွင့်စွင့်။

"ကစား"

ငတောသည် ကစားဟူသော စကားတစ်ခွန်းကို တိုးတိုးပြောပြီး မီးရောင်နောက်ကွယ်သို့ ငှက်ခတ်ပိုက်ကို အသာချလိုက်သည်။ လွယ်လာသော ဓားလွှံကို အရိုးဘက်မှ တင်းတင်းကျပ်ကျပ် ဆုပ်ထားသည်။

နောက်ဆုတ်သော မီးရောင်ကို ယုန်တို့ အစာစားရာမှ ရှေ့တိုးလိုက်လာပြီး စူးစမ်းသည်။

ယုန်နှစ်ကောင်ပေါ် တည့်တည့်တိုးပြီး ဖျတ်ခနဲ မီးရောင်ပြောင်းကာ ယုန်ခြေထောက် ရှေ့တည့်တည့် ကွက်ထိုးသည်။ ယုန်က မီးရောင်ဆီ လိုက်လာမှ ပြန်၍ ယုန်ပေါ်ထိုးသည်။ တစ်ဖန် ယုန်ရှေ့ ထိုးပြကာ မီးကို ဝိုက်၍ ဝိုက်၍ ဆတ်ခနဲ ဆတ်ခနဲထိုးကာ မီးကစားသည်။

မီးရောင် အလင်းတန်းအောက်တွင် ယုန်နှစ်ကောင်က ခုန်၍ပေါက်၍ ပျော်ပျော်မြူးမြူး နှစ်ကောင်စလုံး ခုန်ပေါက်နေရာမှ တစ်ကောင်ကို တစ်ကောင် တိုးဝှေ့၍ မီးရောင် အဆုံးအထိ ပြေးသွားလိုက်၊ မီးရောင်ထဲ ပြန်ဝင်လိုက်ဖြင့် ဝင်ချည် ထွက်ချည်။

မီးရောင်ကို စုထိုးထားရာမှ ဖြုန်းစားကြီး ဝါး သုံးလေးရိုက်အထိ ပြေးအောင် အဝေးပြေး ထိုးလိုက်ပြီး ရုတ်ခြည်းပင် မီးထိုးသမား ရှိရာသို့ ခေါ်ထိုးလိုက်သည်။ မီးရောင်ကို မက်မောစွာ ဝင်လာသော ယုန်နှစ်ကောင်သည် ငတော ဓားလွှံရိုးမိသည့် ရိုက်ကွင်း ရောက်သည်နှင့် တစ်ပြိုင်နက် ဖုန်းခနဲ ဖုန်းခနဲ လျှပ်ပြက်သကဲ့သို့ ဆက်တိုက် ရိုက်ချလိုက်သော ငတော

ရိုက်ချက်ကြောင့် ယုန်ညီမှာ တစ်ချက်တည်း နေရာတွင်လဲပြီး ယုန်ပြာနှမ်းနှမ်းမှာ ပြေးရန် ခြေလှမ်းဝက်ခန့် အားယူနေသည့် နေရာ၌ပင် လဲကျသွားသည်။ ယုန်နှစ်ကောင် လဲကျနေရာသို့ ငတော အလျင်အမြန် သွားပြီး ခြေနှစ်ချောင်း ဆွဲ မ,လိုက်ရာ သွေးတပွက်ပွက်အန်၍ သေနေသည်ကို တွေ့ရသည်။

"အဟီး...စားရက်ကြံ့တော့ မုတ်ဆိတ်ပျားစွဲဆိုတာ ဒါမျိုးနေမှာ အဖေရ"

"အေးကွာ...လသာရင် မြူးတတ်တဲ့ သဘာဝရှိတဲ့ယုန်ဟာ မီးရောင်ကို လရောင်များ ထင်သလား မသိဘူး၊ ဖွတ်တိုး ဝင်လာတာပဲ၊ ယုန်ဖိုနဲ့ ယုန်မကွ"

"ကျုပ် ပုဆိုးနဲ့ ထုပ်ပြီး လွယ်ခဲ့မယ်"

"အေး...အေး၊ ကောင်းတယ်...၊ အဲဒီလိုလုပ်"

လွယ်အိတ်ကြီးထဲမှ ပုဆိုးစုတ်ကို ထုတ်ယူပြီး ယုန်နှစ်ကောင်ကို ထုပ်ကာ ငလုံးက ချိုင်းမှာ လွယ်လိုက်သည်။

"ယုန်နှစ်ကောင်က ကြောင်တစ်ကောင်လောက်တောင် မလေးဘူး အဖေ"

"ပြောတတ်လိုက်တာ ငါ့သားရာ၊ ယုန်က ရှင်နေတုန်းသာ အဆောင်အယောင်နဲ့ ထည်နေတာ၊ အသားထွက်ကျတော့ ပိသာကျော်ပဲကွ"

သားအဖနှစ်ယောက် စကားတပြောပြောဖြင့် လာခဲ့ရာ တောကြီးရေကန် ရောက်ရှိခဲ့သည်။

တောကြီးရေကန်။

ကုန်းခေါင်ခေါင်၌ ရေကျကောင်းသော ဆယ့်နှစ်ရာသီ ရေမပြတ်သည့် ဧကနှစ်ဆယ်ကျော်ခန့် ကျယ်သည့် ရေကန်။ သစ်ကြီးဝါးကြီးများနှင့် မှိုင်းညို့ညို့ဝေ။ နဘူးချုံပင်လျှင် အိမ်ကြီး နှစ်လုံးစာမျှရှိလျက်၊ မိုးနံ့ချုံလျှင် ပင်စည်ကိုက ပေါင်လုံးခန့်တုတ်ပြီး အိမ်ကြီး လေးငါးလုံးစာ ရှိအောင် ကြီး





သော နေရာ။ ရေသောက်လာသော တောကောင်စုံသည့် နေရာသည် ဤကုန်းခေါင်ခေါင်၌ မှီခိုအားထားရာ တောကြီးရေကန်ပင်။

"ဂရုစိုက် ငါ့သားရေ၊ ဒီကန်က ရေကြက်ရော၊ ရေဘဲရော အဖေ ရဖူးတယ်၊ ထူးထူးခြားခြား ဖြူကောင်တောင် အဖေရခဲ့တာ ဒီကန်ကပေါ့ကွ"

"ဖြူဆိုတာ ဘယ်လိုကောင်လဲ အဖေ"

"ဖြူလည်း ခေါ်တယ်၊ ဖြူစူးလို့လည်း ခေါ်တယ်၊ စိတ်ဆိုးလို့ သူ့ကိုယ်ကို ခါလိုက်ရင် တစ်ထွာလောက် ဆူးတောင်ကြီးတွေ ကိုယ်က ကျွတ်ထွက်လာတယ်"

"ကျုပ်တော့ အဲဒီကောင်မျိုး မမြင်ဖူးဘူးဗျ"

"ရှားတယ်ကွ၊ ရတာကလဲ မင်း ငယ်ငယ်က၊ ကဲ...စကားပြော ရပ်ပြီး ခဏလောက် မီးမှိတ်ထားစမ်း၊ ကန် အခြေအနေ အကဲခတ်ရအောင်"

ငတော စကားအဆုံး၌ ငလုံးက မီးပိတ်လိုက်သည်။ မြောက်လေ အဝှေ့၌ သစ်ရွက်လှုပ်ခတ်သံက တိတ်ဆိတ်မှုကို ဖြိုးခွင်းသွားသည်။

"ဟိုက်...ဒုက္ခပဲ ဟေ့"

ငတောပါးစပ်မှ ရုတ်တရက် ထွက်သွားသော အာမေဍိတ် အသံ။

"ဟင်...ဘာလို့လဲ အဖေ"

"နားထောင်စမ်း၊ သေသေချာချာ သတိနဲ့ နားထောင်"

"ဘာလဲအဖေ"

"လေထဲပါတဲ့အနံ့ မင်း သေသေချာချာ ရှူကြည့်စမ်း"

သည်တော့မှ ငလုံး သတိထား၍ ရှူရှိုက်ကြည့်သည်။

"ညီစို့စို့ကြီး နံတယ်အဖေ"

"ဂရုစိုက် နားထောင်စမ်း"

ငလုံး အကြားအာရုံကို တောလိုက်သမား နားဖြင့် ဂရုစိုက်နားထောင်သည်။

"ပလပ်...ပလပ်...ပလပ်...ပလပ်နဲ့ မြည်သလိုပဲ အဖေ"

"ငါငယ်ငယ်က မင်းအဘနဲ့ ရွှေကူကြီးတောမှာ ထင်းခုတ်သွားရင်း ဒီအနံ့တွေ ဒီသံတွေ ကြားတော့ ပုဆိုးချ ပြေးခဲ့လို့ သေဘေးက လွတ်ဖူးတယ်"

"ဟင်...သေဘေး၊ ဟုတ်လား အဖေ၊ ဘာကောင်မို့လဲ"

"ဒါ...စပါးကြီး ချက်ကြိုးညှို့သံပဲ ငါ့သား၊ မလွဲနိုင်ဘူး"

"ဗျာ...စပါးကြီး ချက်ကြိုးညှို့သံ ဟုတ်လား အဖေ"

ငတော အာရုံစိုက် နားထောင်ပြန်သည်။ ပြီးမှ–

"သေချာတယ် ငါ့သား၊ တို့ကို ညှို့တာလား၊ တခြား သားကောင်ကို ညှို့တာလားဆိုတာ ကွဲပြားအောင် မီးထိုးကြည့်မယ်၊ တို့ကို ညှို့လည်း ဘာမှ မကြောက်နဲ့၊ ကိုယ်က သူများအသက် သတ်နေသေးတာပဲ၊ ကိုယ့်အသက်သေမှာကျမှ ဒူးတုန်အောင် ကြောက်နေစရာ မလိုဘူး၊ 'ခရအဆန် လူအကြံ' ပဲကွာ၊ တို့ကို ညှို့တာဆိုရင် ယုန်သေ တစ်ကောင်ချ၊ မင်းဓားရှည်ကို အဲဒီပေါ်မှာ စိုက်၊ သားကောင်ကို သူ ရစ်ပတ်တဲ့ အချိန်မှာ အခွေလိုက် ပြတ်ကျလိမ့်မယ်၊ တခြား သားကောင် ညှို့တာဆိုရင်လည်း အဲဒီသားကောင်ရော၊ သူ့ကိုရော ရအောင် တို့လုပ်မယ်၊ ကြုံတောင့်ကြုံခဲ အခွင့်အရေးပဲ၊ ကဲ မင်း စိတ်ငြိမ်ငြိမ်ထား၊ တို့ရဲ့ လေတင်ဘက်ဖြစ်တဲ့ အရှေ့မြောက်ထောင့် တည့်တည့် မီး စိုက်ထိုးလိုက်စမ်း"

"ဟာ...နည်းတဲ့ မြွေကြီး မဟုတ်ဘူး"

"ကြီးတာ သေးတာ အကြောင်း မဟုတ်ဘူး၊ မီး အဆက်မပြတ်ထိုး ထားဖို့လိုတယ်"

စပါးကြီးမြွေကြီးက ပါးစပ်မှ ပလပ်...ပလပ်...ပလပ်...ပလပ် ဖြင့် မြည်သံ အဆက်မပြတ် ပေးသကဲ့သို့ ကြောက်ရွံ့တုန်လှုပ်နေသော သမင်၏ ခေါင်းပိုင်းကို အစိုးအငွေ့များ၊ တံတွေးများဖြင့် တဖြီးဖြီး မှုတ်ထုတ်လျက် ပက်နေသည့်မှာ မရပ်မနား။ ခဏချင်းပင်လျှင် ကိုယ်ကို ရှေ့တိုး၍ သမင်ကို





လုံးထွေး ရစ်ပတ်လိုက်ရာ စပါးကြီးမြွေကြီး၏ အခွေများကြား၌ သမင် ညပ်ပါကာ ပျောက်ကွယ်သွားသည်။

သမင် တစ်ကောင်လုံးကို အသေအချာ ရစ်ပတ်ပြီးသည့်အခါ အား ကုန်ဆန့်၍ စပါးကြီးမြွေကြီးက ညှစ်လိုက်သည်။

သမင်၏ ဝမ်းခေါင်းတွင်းမှ နာကျင်၍ ညည်းညူသံ၊ အရိုးများ ကွဲကြေသဖြင့် တဖျစ်ဖျစ်၊ တဖြောက်ဖြောက် မြည်သံတို့ ထွက်ပေါ်လာသည်။ တဖြောက်ဖြောက် မြည်သံတို့ ထွက်ပေါ်လာသည်။ ဖွဲအိတ်ကျသကဲ့သို့ ပျော့အိ၍ သမင်ကြေမွသွားသည်။ မူလရှိသော သမင်အလျားအရှည်ထက် တစ်ဆခန့် ပိုရှည်လာပြီး၊ ပျော့တွဲတွဲ အခြေအနေ ရောက်သွားကာ ရွှံ့စိုကို လက်နှင့် ဆုပ်ညှစ်လိုက်သကဲ့သို့ ရှည်မျော့မျော့ ဖြစ်သွားသည်။

ဘာမျှ မကြာလိုက်၊ မိနစ်ပိုင်း အတွင်းမျှနှင့်ပင် သမင်တစ်ကောင်ကို ဖျစ်ညှစ်ပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်စေရန် စပါးကြီးမြွေက လုပ်ပစ်လိုက်သည်။

ရစ်ပတ်ထားသော အခွေကို လုံးဝ ပြန်ဖြေသည် မဟုတ်ဘဲ၊ မျိုသွင်းရာ၌ သားကောင် ချောမောစွာ ပါလာရေးအတွက် သူ့အခွေကို လျှော့၍ လျှော့၍ သမင်၏ ခေါင်းပိုင်းမှ စတင်ကာ မျိုတော့သည်။

"တို့အကွက် ဝင်ပြီ ငလုံး၊ သူမမျိုခင် သူ့အစာကို တို့ ကြားဖြတ် လုရင် တို့မှာ အန္တရာယ် မကင်းနိုင်ပေမဲ့ သူ့အစာ သူမျိုလို့ သုံးပုံတစ်ပုံလောက် ရောက်သွားမှတော့ သူ ပြန်အန်လို့လည်း မလွယ်တော့ဘူး၊ တို့ လုပ်ရကိုင်ရတာ အန္တရာယ် ကင်းတာပေါ့ကွာ၊ ပေးစမ်း မင်း ဓားရှည်၊ မီးကို ရှေ့တိုး ထိုးတော့ မင်း အန္တရာယ် မရှိဘူး"

"အန္တရာယ်ရှိလည်း အဖေနဲ့အတူတူ လုပ်တာပဲဗျာ၊ သေသေရှင်ရှင် ကျုပ် မမှုပါဘူး"

ပြောပြောဆိုဆို ငလုံးက မီးထိုးရင်း ရှေ့တက်သည်။ ငတောက ဓားလှံ တစ်ဖက်၊ ဓား တစ်ဖက်ကိုင်ပြီး စပါးကြီးမြွေကြီးနှင့် မလှမ်းမကမ်းမှ

သွားကာ သမင်မျိုထားသည့် နေရာနှင့်လွတ်သော မြွေအခွေကို ချိန်ဆ ရှာဖွေသည်။ မြွေရော၊ မျိုထားသည့်သမင်ပါ တစ်နေရာတည်း ခုတ်ဖြတ်ရက ကြာနေမည်စိုး၍ မြန်မြန်ပြတ်မည့်နေရာကို ရွေးချယ်သည်။

သူ့စိတ်ကြိုက်နေရာ တွေ့သည်နှင့် တစ်ပြိုင်နက် ရစ်ပတ်ထားသော စပါးကြီးမြွေ၏ အခွေကို ဓားရှည်ဖြင့် ဆက်တိုက် ခုတ်သည်။ စိတ်ထဲမှ တစ် နှစ် သုံး လေး ရေတွက်ကာ ဆက်တိုက် ခုတ်ဖြက်ရာ စပါးကြီး မြွေ တစ်ပိုင်း ပြတ်ထွက်သွားသည်။

သမင်မျိုထားသော ကျန် စပါးကြီးမြွေ တစ်ပိုင်း၏ အဖျားကို ဓားလှံနှင့် ပစ်စိုက်ရာ မြွေကြီးက ဆန့်လိုက်သဖြင့် ဓားလှံ လဲကျသွားသည်။ မျိုထားသော သမင်ရောက်နေရာ တစ်ထွာကျော်ကျော်ခန့် နောက်ဘက်သို့ ငတောက ဓားရှည်ဖြင့် ဆက်ခုတ်ပြန်ရာ ထပ်မံ၍ တစ်ပိုင်း ပြတ်ထွက်သွားပြီး စပါးကြီးမြွေကြီးမှာ သမင်ကို ဆက်မျို မရတော့။ တန်းလန်းကြီး ဖြစ်နေသည်။

"တော်ပြီ ငါ့သား၊ ဒါဆိုရင် တို့နိုင်ပြီ၊ မင်း ရွာပြန်ပြီး လှည်း တစ်စီး ခေါ်တော့၊ ယုန်ကြိုက်ကြိုက် သမင်ကြိုက်ကြိုက် မြွေသားကြိုက်ကြိုက် ချက်စားရအောင် ပေးပါမယ် ပြောပြီး လှည်းကို ရအောင်သာ ခေါ် ခဲ့ပေတော့၊ မင်း ရွာပြန်ဖို့အတွက် အရန်ယူလာတဲ့ သုံးခဲထိုး တုတ်မီး ယူသွား၊ ဓားလည်း ယူသွား၊ စပါးကြီးသည်းခြေ တောင်းရင်တော့ လှည်းသမားကို ပေးပါ့မယ်လို့ အာမ မခံနဲ့နော်၊ စပါးကြီးသည်းခြေ စစ်စစ်ဟာ အဖိုးတန်တယ်၊ ဈေးကောင်း ရတယ်"

သည်သမင်နှင့် သည်စပါးကြီးမြွေကို လှည်းနှင့် တင်မှသာ နိုင်မည် ဖြစ်ကြောင်း သိထားသော ငလုံးက ချက်ဆိုလျှင် နားခွက်မှမီး တောက်ပြီး ဖြစ်သော သားဖြစ်သူပီပီ ဘက်ထရီ မီးကို ထားခဲ့၍ သုံးခဲထိုး တုတ်မီး (လက်နှိပ်မီး)ဖြင့် ဓားကို ယမ်းကာ ယမ်းကာ လှည်းခေါ်ရန် ရွာသို့ ပြန်ခဲ့ သည်။





ငလုံး ပြန်လာသောအခါ ရွာသား လေးငါးဦးနှင့် လှည်းတစ်စီး ပါလာပြီး ဝိုင်းဝန်းကာ လှည်းပေါ်တင်ကြသည်။

အမှောင်ညမှာ ရွာအပြန်တွင် လှည်းတပ်ထားသော နွားနှစ်ကောင်က ခေါင်းတထောင်ထောင်၊ လည်တမော့မော့၊ ခြူသံတလွင်လွင်။

ယုန်ဖိုး၊ သမင်ဖိုး၊ မြွေသားဖိုး၊ စပါးကြီးသည်းခြေဖိုး ရောင်းရငွေဖြင့် မိုးလုံအောင် အိမ်မိုးနိုင်တော့မည်မှာ သေချာပြီမို့ အမှောင်ညမှ အပြန်တွင် ငတော တစ်ယောက် စိတ်ကူးတယဉ်ယဉ်။

[မြဝတီ၊ ၁၉၉၄ မေ]

❖





# သမုဒယ ရန်ငြိုး

အိပ်တန်းဆင်းစ တောကြက်တို့သည် တစ်တောလုံး အပြိုင်အဆိုင်ဖြင့် သူတစ်ပြန် ကိုယ်တစ်ပြန် တစ်လှည့်စီ တွန်ကျူးနေကြသည်မှာ အားနှင့်မာန်နှင့် တက်တက်ကြွကြွ။

ကြက်ဖများ အတောင်ရိုက်ခတ် တွန်ကျူးသံ၊ ကြက်မများ ဖိုခေါ်သည့် ကတော်...ကတော်...ကတော် ဟူသော မြည်သံ၊ ဘုတ်ပူသံ၊ ချိုးကူသံ၊ ဆက်ရက်မြည်သံ၊ ကျေးငှက်ပေါင်းစုံ အိပ်တန်းဆင်းသံတို့ဖြင့် တောအုပ်တစ်ခုလုံး ဆွတ်ပျံ့ကြည်နူးဖွယ်ပင်။

ငလုံးတို့ သမင်ခြောက်မည့်အဖွဲ့မှာ ဝေလီဝေလင်းကပင်လျှင် သမင်ထက် ဝီရိယကောင်းပြီး ပန်းပင်ကုန်း မန်ကျည်းပင်တောဆီ လူရော ခွေးပါရောက်လာကြပြီ။

သမင်ခြောက်မည့်လူက ကိုးယောက်။ ခွေးအုပ်က ဆယ့်တစ်ကောင်။

အလျား ဆယ်တောင်၊ အနံ ဆယ်တောင်ရှိသော ပတ်လည်ပိုက်ကြီးကို မန်ကျည်းနှစ်ပင်ကြားထောင်ရန် ပြင်ဆင်နေသည်မှာ တက်ညီလက်ညီ။

သမင်ထောင်ပိုက်ကို ပိုက်ဆံလျှော်ကြိုးဖြင့် ပိုက်ကြိုးတစ်ချောင်းလျှင်

လက်ကောက်ဝတ်ခန့် တုတ်အောင် ကျစ်ထားပြီး အကြွက်ကျဲ ရက်ထား၏။ သည်ပိုက်က သမင်ရနေကျ ပွဲတိုင်းစွံပိုက်။

မန်ကျည်းပင် နှစ်ပင်ကြား၌ မြေမှ သုံးတောင်ခန့် ခွာပြီး သမင်ပိုက်ကို ထောင်ထားသည်။ ဟာနေသော မြေနှင့်ပိုက်ကြား၌ ချုံများမှ အကိုင်းအခက်တို့ကို ခုတ်၍ ချုံသဏ္ဌာန် ပိုက်အောက်က ပြုလုပ်ပေးရသည်။ သမင်သည် အခုန်သန်သည့် အကောင်။ ထို့ကြောင့် ခုန်၍ ကျော်ထွက် မသွားနိုင်စေရန် မြေမှ သုံးတောင်အမြင့်ခန့် ပိုက်ဆင်ထားရသည်။ မြေပေါ်သက်သက် ဝါးတိုင်စိုက် ထောင်လျှင် ပိုက်မှန်းသိက မခုန်ဘဲ မတိုးဘဲ နေတတ်သည့် အကောင်။

သူ့သဘောက ချုံကိုခုန်ကျော်သည့် သဘောမျိုးမှာသာ ရဲရဲတိုး ရဲရဲခုန်သည်။ သည် အထာသိမှ သမင်သား စားရမည်။

ငလုံးတို့အဖွဲ့က ကျွမ်းကျင်ပြီးသား။ သဏ္ဌာန်ချုံ လုပ်၍ အပေါ်မှ ပိုက်ထောင်သည်။ ပိုက်ဘေးဘယ်ညာ ရှိနေသော သစ်ပင်ချုံနွယ်များ အဆက်အစပ် မရှိဘဲ ဟာလာဟင်းလင်းဖြစ်နေက ထိုနေရာမှ သမင် ထွက်တတ်သည်။ ထို့ကြောင့် ဆီးကိုင်း၊ ချင်ရဲကိုင်း၊ မိုးနံ့ကိုင်း၊ နပဲကိုင်းတို့ကို ပိုင်းခုတ်၍ အားလုံး တစ်ဆက်တစ်စပ်တည်း ဖြစ်စေရန် လုပ်ပေးသည်။

သဘောက ငုံးထောင်ရာ 'ဝ'ထိုးသကဲ့သို့ လုပ်သောသဘော၊ ပိုက်ဆီ တန်းသွား၍ ရဲရဲတိုးဝံ့စေရန် စည်းတားပေးသောသဘော၊ လူပင်ပန်းသည့်တိုင် သည်နည်းက အောင်မြင်နေကျနည်း။

"လုံးအဖေ ငတောသာ ပါလာရင် ပိုကောင်းမှာကွာ၊ အရေးထဲ ဒီကောင်က မြို့သွားရတယ်လို့၊ တို့အင်အား လျော့တာပေါ့"

သမင်လိုက်ခေါင်းဆောင် ငကျင်၏ စကား။ ငကျင်သည် ငတောနှင့် တောလိုက်ဝါတူ သမ္ဘာတူ။ သို့ရာတွင် ဇွဲစပ်မှု၊ သေချာမှုနှင့် အမြော်အမြင်၌ ငလုံးအဖေ ငတောလောက် မှဆိုးမျက်စိ မရှိဟု ငကျင်က ဝန်ခံထားသည်။

"အဖေလည်း ကြွက်ဆီနဲ့ စပါးကြီးမြွေအရေခွံ၊ ပျားရည်ရောင်းစရာ ရှိလို့ လှည်းကြုံတာနဲ့ လိုက်သွားရတာ ဦးလေးကျင်၊ ပွဲကြီးပွဲကောင်း လွတ်





သွားလို့ တဖွဖွ ညည်းသွားတယ်၊ ခြောက်သာခြောက်တဲ့၊ သမင်ရမှာ သေချာတယ်၊ ဒါပေမဲ့ ခွေးအုပ် အားကောင်းပစေလို့ မှာသွားတယ်"

"ခွေးဆယ့်တစ်ကောင်ပဲကွာ၊ မင်းတို့ မင်းအဖေတို့ ရခဲ့တဲ့ ကျားသစ်မျိုး ဆိုရင် ခွေးတစ်ကောင် တစ်ချက်ကိုက်တာနဲ့ သေပါတယ်၊ ကဲဟေ့... သပ်သပ်ရပ်ရပ်နဲ့ မြန်မြန်လုပ်ကြ၊ ငါ သမင်အုပ် အခြေအနေ အကဲခတ်ဦးမယ်"

သမင်လိုက် သမင်ခြောက် ခေါင်းဆောင် ငကျင်သည် ဝါးငါးပြန် ခြောက်ပြန်ခန့် မြင့်သည့် ညောင်ပင်မတ်မတ်ကြီးဆီ သွားကာ ကြောင်တစ်ကောင်လို လွှားခနဲ တက်လိုက်သည်။

ကျန်အဖွဲ့သားများက ထောင်ထားသော ပိုက်ကို စစ်ဆေးခြင်း၊ ဝထိုးထားသော သစ်ကိုင်းချုံကိုင်းများကို အားမရသည့်နေရာ ထပ်ဆင့်ခြင်း၊ ပိုက်အောက်၌ ချုံသဏ္ဌာန်လို အကိုင်းအခက် ဖြည့်ခြင်းဖြင့် တပျော်တပါး။

ခွေးများမှာ စုပေါင်း၍ တောလိုက်နေကျပီပီ တစ်ကောင်နှင့် တစ်ကောင် ရန်မရှိဘဲ ဆော့လိုက် ကစားလိုက် ခုန်လိုက် ပေါက်လိုက်။

သမင်လိုက်ခေါင်းဆောင် ငကျင်သည် ရေးကြီးသုတ်ပျာဖြင့် ညောင်ပင်မတ်မတ်ကြီးပေါ်မှ ဆင်းလာသည်။

"ကဲဟေ့...ငါ့လူတို့ တာဝန်ခွဲမယ်၊ ထနောင်းသုံးပင် အနောက် ဘက်ခံ ချုံနဲ့ ဒဟတ်တောထဲမှာ သမင်ငါးကောင် ဟောဒီဘက်လှည့် အစာစားနေတယ်၊ ဒီတော့ နှစ်ဖွဲ့ခွဲပြီး ပန်းတက်မယ်၊ အနောက်ဘက်က ပန်းတက်ဖို့က ငလုံး ခေါင်းဆောင်၊ အရှေ့ဘက်က ပန်းတက်ဖို့ ငကြည် ခေါင်းဆောင်၊ ခွေးတွေကို သမင် မခြောက်မချင်း အသံမထွက်စေနဲ့၊ ပိုက်စောင့်က နှစ်ယောက် နေခဲ့၊ ငမှတ်က ပိုက်ဘယ်ဘက်က စောင့်၊ ညာဘက်က ငပိုင် စောင့်၊ သမင်မိရင် ဓားလှံနဲ့ လက်နောက်ထိုး၊ ပိုက်မတိုးမချင်း လူကို သမင် မမြင်စေနဲ့၊ အဲ...ငလုံးက ငမျှးကို တွဲခေါ်၊ ပိုက်ဝ သမင်ရောက်ရင် လူရော ခွေးပါ ဝိုင်းမိပစေ၊ လူက သာခွေယိုင်နွမ်း လုပ်မနေနဲ့၊ စတော့"

ငမျိုးမှလွဲလျှင် အားလုံး သမင်လိုက် အတွေ့အကြုံ ရှိထားသည်မို့ သည်မျှပြောလျှင် လုံလောက်ပြီ။ ငမျိုးသာ သမင်လိုက် အတွေ့အကြုံ တော အတွေ့အကြုံ မရှိ၍ ယောင်အအ။ ငမျိုးသည် ရေပတ်လည် အမြဲဝိုင်းနေသော ကျွန်းသားပီပီ ငါးအကြောင်း၊ ပုစွန်အကြောင်း၊ လိပ်အကြောင်း သိသော်လည်း တွင်းကြီးသူနှင့် အိမ်ထောင်ကျ၍သာ တွင်းကြီး လိုက်လာရသည်။ ကုန်းတော အကြောင်း၊ ကုန်းတောကောင် အကြောင်း သူ ဘာမျှ မသိ။ အတွေ့အကြုံ မရှိသေးသည့် တောအရိုင်း သက်သက်။ ထို့ကြောင့် ငမျိုးကို တောကျွမ်းကျင်သူ ငလုံးနှင့် ယှဉ်တွဲပေးသည်။

"လာ...ကိုကြီးမျိုး၊ သမင်ရှိတဲ့ တောရဲ့ ဟိုဘက် ကြိုရောက်အောင် ကျုပ်တို့က ပတ်ပြီး ပန်းပြီး တက်ရမယ်၊ ပြီးတော့မှ သမင်ဆီ ရောက်အောင် သွားခြောက်ယူရမှာ"

"သမင်နေတဲ့ဆီ မှန်းရပ့ါမလား"

"အဖွဲ့ခေါင်းဆောင်က နေရာနဲ့တော ပြောလိုက်ပြီပဲ၊ အလွယ်လေး ပေါ့ဗျာ၊ ညာဘက် သွားတောင်ရတယ်၊ လာ သွားကြမယ်"

ငမျိုးသည် လွယ်အိတ်လေးလွယ်၍ ဓားရှည်တစ်ဖက်က ကိုင်ကာ ငလုံး အဖွဲ့နှင့်အတူ တောပြင်းခတ်လျက် သမင်ကို ပန်းတက်ရန် လိုက်ခဲ့သည်။

ဟေး ဟေး ဟား ဟား အသံများ။

ဝေါင်း ဝေါင်း ဝေါင်း ဝေါင်း အသံများ။

ဖုန်း ဖုန်း ဖုန်း ဖုန်း အသံများ။

အော်သံ၊ ဟစ်သံ၊ တုတ်နှင့် ချုံများ ပုတ်သံ၊ ခဲဖြင့်ပစ်သံ၊ ခွေးသံများကြောင့် တောသည် တုန်ခါ၍ ပွက်ပွက်ညံညံ။

ကျီးအုပ်က ဝေါခနဲ ပြိုကျကာ တအားအားဖြင့် သံကုန်အော်ဟစ်ပျံသန်း ပြေးသကဲ့သို့ တောတွင်းရှိ သတ္တဝါများ ပြေးသံလွှားသံ ချုံတိုးသံ၊ သစ်ကိုင်း ရိုက်သံဖြင့် လှုပ်လှုပ်ရှားရှား။





ဘယ်ဘက်မှ အဖွဲ့နှင့် ညာဘက်မှ အဖွဲ့ကို အစက နယ်ကျယ်ကျယ် ခြောက်သော်လည်း တဖြည်းဖြည်း နယ်ကျဉ်း၍ ကျဉ်း၍ပေးကာ လက်တစ်ကမ်း ခဲတစ်လှမ်း ရင်ပေါင်တန်း လာကြသည်။

"ဟာ...ပြေးပြီဗျို့၊ သမင်ဝက်ကြီးဗျ၊ လိုက်ဟ လိုက်ဟ"

"ငါ့သား အောင်နက်ရဲ့၊ မိအောင် နင်ကိုက်ဖို့ မလိုပါဘူး၊ ပိုက်ဆီသာ မောင်းသွင်း မောင်းသွင်း"

"ဟေး ဟေး ဟား ဟား...ဟား ဟား ဟေး ဟေး"

"ဖုန်း ဖုန်း ဖုန်း...ဖျောင်း ဖျောင်း ဖျောင်း"

ခွေးသံ၊ လူသံ၊ ခြောက်သံ၊ လှန့်သံ၊ အော်သံ၊ ဟစ်သံ၊ ပစ်သံ၊ ခတ်သံဖြင့် တောကြီးပျက်သကဲ့သို့ ဖြစ်သောအခါ သမင်အုပ်သာမက တောခွေးအ၊ ယုန်နှင့် တောကြက်များပါမကျန် အသက်လု၍ ပြေးကြလွှားကြ တရုန်းရုန်း။

"ပိုက်ဆီ သမင်အုပ်သွားပြီ၊ ခြောက်ထား ခြောက်ထား"

"ကိုက်ဟ...လိုက်ဟ....ကိုက်ဟ...လိုက်ဟ"

လူအုပ်နှင့်ခွေးအုပ်က ညာသံပေး ခြောက်လေလေ၊ တောကြက်အုပ်များက ခိုပျံသလို တဝီးဝီး ပျံပြေးကြလေလေ ဖြစ်နေသည်။ သမင်ငါးကောင်အုပ်ထဲမှ အုပ်ခေါင်းဆောင်သည် အပြေးအလွှား လာရာမှ ပိုက်ကြီးမြင်၍ တန့်နေသည်။ နောက်ပါ သမင်များကလည်း ခေါင်းဆောင် အခြေအနေကို အကဲခတ်လျက် ရပ်နေသည်။

သမင်အုပ် ခေါင်းဆောင်က ပိုက်ကြီးကို တွေကြည့်နေပြီး နောက်ပြန်ဆုတ်ရန် ခြေလှမ်းရပ်၍ ခေါင်းအလှည်တွင် လူအုပ်ထက် ရှေ့ရောက်နေသော ခွေးနီကျော်က အလှည့်မခံ။

ခေါင်းလှည့်လာသော သမင်ကို အတင်းဟိန်း၍ ဟောင်၍ ဝင်ကိုက်သည်။ သမင်များ ပိုက်ဆီ ပြန်လှည့်၍ ဦးတည်သွားသည်။

နောက်မှ ခွေးများ ရောက်ရှိလာပြီး ဟောင်ဟောင် ကိုက်ကိုက် ဖွတ်ဝင်ကိုက်သည်။ ဟေးခနဲ ဟားခနဲ ဝုန်းခနဲ ဖျောင်းခနဲ ခြောက်လာသော လူအုပ်က နီးသည်ထက် နီးလာသည်။

ခွေးများ၏ ရန်နှင့် လူ၏ အန္တရာယ် လွတ်စေရေးအတွက် ခေါင်းဆောင်သမင်ကြီးက ဖျတ်ခနဲ ပိုက်ဆီ ဆန့်ခုန်လိုက်သည်။ ပြိုင်တူနီးပါးပင် နောက် နှစ်ကောင်ကလည်း အားကုန်ပင် ပိုက်ဆီ ဖွတ်တိုးသည်။ သမင်သုံးကောင်သည် ပိုက်ထဲမိနေ၍ ယက်ကန် ယက်ကန်။

သမင်သုံးကောင် ပိုက်ထဲမိနေ၍ အခြား သမင်နှစ်ကောင်က နီးရာချုံများ ခုန်၍ ထွက်ပြေးသည်။

ဘယ်ဘက်မှ အစောင့်နှင့် ညာဘက်က အစောင့်သည် လေ၏ လျင်မြန်ခြင်းမျိုးဖြင့် မိနေသော သမင်သုံးကောင်အား ရောက်လာကာ လက်နောက်သို့ ဓားလှံဖြင့် အလျင်အမြန် ပစ်ထိုးသည်။ သမင်အားလုံး တစ်ခဏချင်း ငြိမ်၍သွားသည်။

သမင်များငြိမ်၍ အသက်ထွက်လုဆဲဆဲ အချိန်၌ လူအုပ်ရော· ခွေးအုပ်ပါ သမင်ပိုက် ပတ်ပတ်လည် ဝိုင်းမိသည်။

မိသော သမင်ကိုကြည့်၍ အားလုံး ဝမ်းသာအားရဖြင့် ပျော်မဆုံးမော်မဆုံးကြ။ သမင်နှစ်ကောင် လွတ်သွား၍ တောက်တခေါက်ခေါက်။

ငမျိုးသည် တောလိုက်စ မရှိ၍ သမင်များကို ကြည့်ကာ ပျော်သည့်တိုင် လျှာထွက်အောင် မောလျက်ရှိသည်။ သမင်ပိုက်နှင့် မနီးမဝေးရှိ လိမ်ပင်နှင့် သန်းပင်ပေါက်နေသော ချုံကြီးတစ်ချုံ အရိပ်၌ ဗိုက်နှိပ်၍ ရှူးရှဲရှူးရှဲနှင့် တစ်ကိုယ်လုံး ချွေးတဒီးဒီးကျကာ ခြေပစ်လက်ပစ်။

နားလိုသူများက ဆေးလိပ်သောက်ကြ၊ ကွမ်းဝါးကြ၊ ရေဘူးမှ ရေကို ထုတ်သောက်ကြနှင့် နားနားနေနေ။ မပင်ပန်းတတ်သော ငကျောင်၊ ငလုံး စသူတို့က သမင်ဖြုတ်ခြင်း၊ တောသဖျစ်နွယ် ရှာ၍ သမင်ကို တုပ်နှောင်ခြင်း၊ သမင်ထမ်းရန် သစ်ကိုင်းခုတ်ခြင်းဖြင့် တပျော်တပါး။





"ကဲ...ငါ့လူတို့ရေ၊ ရွာရောက်ရင် သမင်တွေ ဖျက်ရ၊ ခုတ်ရ၊ ထစ်ရ၊ ခွဲရမှာနဲ့ ဘာနဲ့ညာနဲ့ဆိုတော့ အချိန်ကြာဦးမှာ၊ ဒီလောက်နားရင် တော်ကြတော့၊ သမင်ဝမ်းတွင်းသား ဟင်းနဲ့ မီးတောက်အရက်နဲ့ ရွာရောက်မှ အပန်းဖြေကြ၊ ခု ပြန်ကြရအောင် လုပ်ဟေ့"

ငကျောင်၏စကားကို တုံ့ပြန်လာသူက ငမျိုး ဗိုက်နှိပ်၍ ပြောသည်။

"ကျုပ် အမောဖြေရင်း၊ ဟင်းရွက်ခူးရင်း ခဏနေခဲ့ပါရစေ"

"ဟား...ဟား၊ ကျွန်းသား ရေထဲကျင်လည်ပေမဲ့ ကုန်းသမင် လိုက်ရခါးဟိုက်နေပြီ၊ နောင် အကျင့်ရသွားမှာပေါ့ ငမျိုးရာ၊ နေခဲ့လေ... သမင်ဖျက်ရာ မင်း အရက်တစ်လုံးတော့ တာဝန်ယူရမယ်နော်"

"ရပါတယ် ဦးလေးကျောင်၊ နှစ်လုံး ကျုပ် တာဝန် နှစ်လုံးထား"

"ကဲ...ဒါဖြင့် မင်းနဲ့ငလုံး နေခဲ့၊ သမင်ပိုက်ကို မင်းတို့ထမ်းခဲ့၊ တို့က သမင်ဖျက်နှင့်မယ်၊ သွားစို့ဟေ့"

သမင်ပိုက်မှာလေး၍ လုံးနှင့် ငမျိုးထမ်းရန် တာဝန်ပေးပြီး သမင်လိုက်အဖွဲ့ ပြန်ကြပြီ။ တစ်လမ်းလုံး ဖုန်းတထောင်းထောင်း ထကာ ခွေးဟောင်သံ၊ သီချင်းဆိုသံ၊ ရယ်မောသံတို့ဖြင့်တောကို ပွဲတင်သံ ပေးလျက်သွားကြပြန်ကြသည်။

တစ်စတစ်စဖြင့် တောသည် ငြိမ်ငြိမ်ဆိတ်ဆိတ်။ ငလုံးက ငမျိုးအနီး ကပ်ထိုင်ပြီး သမင်းပိုက်ကို ရှင်း၍ ခေါက်နေသည်။

"ငလုံး"

"ဗျာ...ကိုကြီးမျိုး"

"မင်း ဘယ်သူမှ မပြောဘူးလို့ ကျိန်နိုင်မလား"

"ဟာ ကိုကြီးမျိုးဟာ အရှင်းမရှိ အဖျားမရှိဗျာ၊ ဘာစကားမှန်းမှ ကျုပ် မသိတာ"

"ဘာစကားဖြစ်ဖြစ် မင်း ရွာကျရင် အဖေ အမေတောင် မပြောပါဘူးလို့ ကတိပေးရင် ငါ ပြစရာရှိတယ်၊ ပြီးတော့ ခွဲယူမယ်"

ငလုံး စိတ်ဝင်စားစား၊ ခွဲယူမည်ဆိုတော့ ရစရာ ဖြစ်လိမ့်မည်။

"ကိုကြီးမှူးဟာက ဘာမိုလို့ အဖေ အမေတောင် မပြောရမှာလဲဗျ"

"မင်း မပြောဘူးဆိုမှ ပြမှာ"

"ကဲ...ပြမှာပြဗျာ၊ ဈေးကိုင်လိုက်တာ၊ ကျုပ် မပြောဘူး"

"လာ...ဒီနေရာကနေ ဟောဟို သစ်ကိုင်းအောက် ကြည့်"

ငမှူးက သူထိုင်နေရာမှ ချုံကြီး၏ အစွန်းဆုံးရှိ နေရာကို ပြသလိုက်သည်။ အစက ငလုံး မမြင်။ ချုံကိုင်းဖြင့်ကွယ်နေ၍ သေသေချာချာ ကြည့်ရာ သစ်ရွက်ခြောက်များပေါ်မှ ငမှူး ပြရာ မြင်သည်။

"အင်...တောကြက်ဥတွေဗျား ကိုကြီးမှူး"

"ငါလည်း မောမောနဲ့ ကြည့်မိကြည့်ရာ ကြည့်ရင်းမြင်တာကွ၊ မင်း ဘယ်သူမှ မပြောနဲ့၊ တို့ ခွဲယူမယ်"

"တော် မထင်ဘူးနော် ကိုကြီးမှူး၊ ခင်ဗျားက ကျုပ်ထက် အသက်ကြီးတယ်၊ တော်ကြာ သိသွားရင် ကျုပ်ထက် ကိုကြီးမှူး စည်းဖောက်တယ် အပြောခံရမယ်၊ 'ငါးရံ့ရ အတူတူ ငါးခူရ ခွဲခြမ်းခွဲခြမ်း' လုပ်မနေပါနဲ့ဗျာ၊ သမင်ဖျက်တဲ့ဘေး ဝိုင်း ကြော်စားပစ်လိုက်ပါလား၊ ဘုံဆိုင်ပေါ့"

"ကွာ...ဒီတောကြက်ဥလောက်နဲ့ ခွဲစရာ မရှိပါဘူး၊ သူတို့မှာ သမင်သား ရှိနေမှတော့ ဒီကြက်ဥ ပလုတ်တုတ် အစုတ်အနုတ် သူတို့ စာမဖွဲ့လောက်ပါဘူး၊ တောကောင်ကို တို့ ဝှက်ထားတာမှ မဟုတ်တာ"

"စဉ်းစားဦး ကိုကြီးမှူး၊ မလုပ်ကောင်းဘူး ထင်တာပဲ"

"အပြန်လမ်းမှာ တွေ့တယ်လို့ ပြောမှာပေါ့ကွ၊ ဒါပေမဲ့ ဒီဟာက မင်းနဲ့ငါ နှုတ်လုံရင် သိကြားမင်း ဆင်းစစ်လို့ မပေါ်ဘူး၊ အိမ်က လူတွေ မေးလည်း လမ်းကရတယ်ပေါ့၊ မင်း မယူချင်နေကွာ၊ ငါ အကုန်ယူမှာ"

ချုံကို ဓားဖြင့်ရှင်း၍ သစ်ရွက်ပေါ်မှ တောကြက်ဥများကို ငလုံးနှင့်ငမှူး ယူသည်။ အားလုံး ဆယ့်တစ်လုံး။





ငမှူး စကားကြောင့်လည်း တစ်ကြောင်း၊ တောကြက်ဥ မြင်လာရ၍လည်း တစ်ကြောင်း ငလုံးမငြင်းတော့ဘဲ ငမှူးပေးသော ဝေစု ယူလိုက်သည်။

ငမှူးက ခြောက်လုံး၊ ငလုံးက ငါးလုံး။

× × ×

"ဟင်...ဒါ ဒါ ဘယ်က ယူလာသလဲ၊ ဘယ်သူ ယူလာသလဲ ဟင်"

ငလုံးကို ကမန်းကတန်း မေးလာသော ငတော၏ အသံ။

ငတော၏ မျက်နှာတစ်ခုလုံး သေခါနီး လူမမာသဖွယ် သွေးဆုတ်သည်ဟု ပြောရမည်လား။ ကြိုးပေးခံရခါနီးသော တရားခံကဲ့သို့ တုန်လှုပ်နေသည်ဟု တင်စားရမည်လား၊ အသတ်ခံရခါနီး နွားကဲ့သို့ ဆောက်တည်ရာ မရ ခိုင်းနှိုင်းရမည်လား ငလုံး မဝေခွဲတတ်။

သူတွေ့ရသည်မှာ အလွန် သတ္တိကောင်းပါသည်ဟု တစ်ရွာလုံးက ပြောစမှတ်ပြုကြရသော သူ့အဖေ၏ တုန်လှုပ်ချောက်ချားနေမှု။

သူ့အဖေသည် သူ့ကိုတစ်လှည့်၊ သူပြသော တောကြက်ဥများကို တစ်လှည့် သေသေချာချာကြည့်၍ အသက်ရှူမမှန် အသံမမှန်။

"မင်း...မင်း ယူလာတာလား၊ အဲ...အဲဒါ သေမင်း၊ သေမင်းမှ သေချင်းဆိုးနဲ့ သေမယ့် သေမင်း၊ သေချင်းဆိုးကို ကျောပေါ်ပိုးလာတာ ဆိုတာ အဲဒါ ယူလာတဲ့ လူကွ၊ သိလား"

"ဗျာ...'

"မဗျာနဲ့၊ ဟုတ်တယ် သေချင်းဆိုးနဲ့ သေမယ့် သေမင်းပဲ၊ မင်း သိထားဖို့က တောအကြောင်း၊ တောင်ကောင် အကြောင်းကို ငယ်ငယ်လေး ကတည်းက ရင်းနှီးကျွမ်းဝင်လာတဲ့ ငါဟာ နောကျေအောင် သိနေတယ်

ဆိုတာ ယုံထား၊ ငါပြောရင် ဒီပြင်ဟာ လွဲချင်လွဲမယ်၊ တောအကြောင်းကတော့ ဘယ်အခါကမှ လွဲရိုးထုံးစံ မရှိတာ မင်း အသိ"

ငလုံး သူ့အဖေ ငတောပြောသည်ကို ယုံကြည်သည်။ သူ့အဖေ ငတော တောကောင်နှင့် သက်ဆိုင်သော အမြော်အမြင် အယူအဆတို့ လွဲချော်သည်ဟု မတွေ့စဖူး။ သူ့အဖေသည် သည်မျှ ဘာကြောင့် ချောက်ချား နေမှန်းကိုသာ သူ မသိခြင်းပင်။

အဆာကြီး ဆာလောင်လာ၍ သူ့အဖေ အလွန်ကြိုက်သော သမင် ဝမ်းတွင်းသား ဟင်းကို ပင်စိမ်းရွက်များများ ထည့်ချက်လျက် ပန်းကန် အပြည့် ထည့်ကာ သူ့အမေ ဒေါ်ဂျမ်းက ထမင်းခူးပေးပြီး ရွာထဲထွက်သွား သည်။

ချောင်းဦးမြို့မှအပြန် မီးခွက်ထွန်း၍ သမင်ဝမ်းတွင်းသား ဟင်းနှင့် အားပါးတရ ထမင်းစားနေသော ငတောကို ငလုံးက အားရဝမ်းသာဖြင့် ဆန်ဆေးတောင်းနှင့် ထည့်ထားသည့် သူရလာသော တောကြက်ဥ ပြရာမှ ယခုကဲ့သို့ ငတော အထိတ်တလန့် ဖြစ်သွားသည်။

ထမင်းကို ငတော ဆက်မစားတော့ဘဲ တစ်ပိုင်းတစ်စ ရပ်သည်။

"မင်း မကြားဖူးဘူးလား၊ တို့အညာသားတွေ ဖောင်ချတတ်တော့ တောထဲက ခုလို ဥယူလာပြီး ဖောင်စုန်ခဲ့တယ်၊ ဥပိုင်ရှင်က ရေထဲကူး လိုက်လာပြီး ကိုက်သတ်လို့ သေရတဲ့အကြောင်း၊ ဒါကြောင့် ငါပြောတာပေါ့၊ သေမင်းပါလို့၊ ကြည့်ပါကွာ၊ မင်း ဒီလောက် နံ့ရ နရ အရ ထုံရသလား၊ မင်း ပြောတဲ့ တောကြက်ဥ ဆိုရအောင် ဖြူသလား၊ ဝါသလား၊ ဥခွံရောင် ကြည့်၊ ညိုညစ်ညစ်နေမှတော့ ဒါ ငန်းပုတ်ဥကွ"

"ငန်းပုတ်မြွေဥ၊ ဟုတ်လား အဖေ"

"ဟုတ်ချက်တော့ ဌာန်ကုန်သပ့် မောင်၊ ခုလောက်ဆို လေတင်နဲ့ လေအောက် အနံ့ခံပြီး ငန်းပုပ်ကြီးတွေ ဥရှိရာ လိုက်လာရှာမယ်၊ အဖေ့ကို မင်း မှန်မှန် ပြောစမ်း၊ ဘယ်တောက ယူလာခဲ့သလဲ"





"ပန်းပင်ကုန်း"

"အင်း လေအောက်က တောပဲ၊ တို့က လေတင်ဆိုတော့ လာမှာပဲ၊ ဒါ သူ့ဥ အကုန် ဟုတ်ရဲ့လား"

ငလုံး စိတ်၌ ငမျှုးပါ အမှုမပတ်စေရေးနှင့် ထားခဲ့သော အဖေ အမေ ပါ မပြောရဟူသော ကတိ သတိရ၍ အထစ်ထစ် အငေါ့ငေါ့ဖြင့် မလိမ် စဖူး လိမ်လိုက်သည်။

"ဟုတ် ဟုတ် အဲဒါ အကုန်"

"ဟုတ်ရဲ့လား ကောင်လေးရာ၊ ငန်းပုပ်မြွေဥ ငါတွေ့ဖူးတာ ဒီလောက် မကဘူး၊ မင်း ဝှက်များထားသလား၊ ကြက်ဥဆိုပြီး အစိမ်း ဖောက်သောက် မိလား၊ တခြား လူများ ရောင်းမိ ပေးမိသေးလား"

"ဒါလေးတင်ပါဗျ"

"မင်း မစားမိတာ အမှန်နော်"

"တကယ်ပါဗျ"

"ဒါဖြင့် တောလိုက် ဘက်ထရီမီးဆင်၊ ဝါးမာ တုတ်ပြတ်ရှည်ရှည် တစ်ခုယူ၊ မင်း ငါ့နောက်ကို ငန်းပုပ်ဥတောင်းယူလိုက်ခဲ့"

ငတောနှင့် ငလုံးတို့ ဘက်ထရီမီး၌ ငါးခဲထိုးတုတ်မီး(လက်နှိပ်မီး) တပ်ဆင်၍ ရွာပြင်ထွက်ခဲ့သည်။

သူတို့အိမ်နှင့် တည့်တည့် ရွာအနောက်ဘက်ရှိ မိုးနံ့ချုံကြီးအောက် အရောက်၌ ငန်းပုပ်မြွေဥ လေးလုံးကို ချုံအောက်တိုးဝင်၍ ငလုံးအား ထားစေ သည်။ အပြင်တွင် ထားခဲ့သော ဥတစ်လုံးအား အဝေးမှ ဝါးမာတုတ်ဖြင့် ငလုံးကို ငတောက ရိုက်ခွဲခိုင်းသည်။ တုတ်ကို ချုံအောပစ်ထားစေခဲ့သည်။ အပြန်လမ်း၌ ငလုံးက ငတောကို မေးသည်။

"ဘာလို့ ငန်းပုပ်မြွေဥကြီးကို ရိုက်ခွဲခိုင်းလဲ အဖေ"

"ညမှာ ငန်းပုပ်မြွေတွေ လာမယ်၊ မင်း စားထားတာ မဟုတ်ရင်

အညှိနံ့ဖြစ်တဲ့ သူ့ဥကွဲရာ ဒီနေရာကို အနံ့ခံပြီး လာမယ်၊ ဥကွဲက လေတင်၊ သူတို့ လာမှာက လေအောက်၊ ဒီလာပြီး သူတို့ဥအပေါ် ဝပ်နေမှာ သေချာပေါက်ပေါ့ကွာ၊ ဒီကြားထဲ ခွေးစားရင် ခွေးဆီလိုက်မယ်၊ လူစားရင် လူဆီလိုက်မယ်"

"ဒီလောက်တောင်ပဲလား၊ ကျုပ် ချိုးတည်ရင်း အဖေနဲ့ အတူတူ ငန်းပုပ်မြွေကြီး တွေ့ဖူးသားပဲ၊ သည်လောက် အမှတ်သည်းခြေ ရှိသလား"

"အမှတ်သည်းခြေ ကြီးတယ်ဆိုတာထက် သားသမီးလောင်းအပေါ် ထားရှိတဲ့ ခင်တွယ်မှု သမုဒယ၊ မမြင်ရသေးတဲ့ သားလောင်း သမီးလောင်း အပေါ် ထားရှိတဲ့ မိဘရဲ့ သံယောဇဉ်ကြောင့် လာရှာကြမှာပေါ့ကွာ၊ တကယ်တော့ ခုလို လိုက်လာတာကလည်း သံယောဇဉ် သမုဒယကြောင့် သူတို့ကို သတ်နိုင်ဖြတ်နိုင်တဲ့ လူတွေရဲ့ သေကွင်းအန္တရာယ် သတ်ကွင်း အန္တရာယ်ထဲ၊ ရန်မှန် အန္တရာယ်မှန်း ထည့်မတွက်နိုင်တော့ဘဲ လိုက်ရှာကြတာပေါ့၊ အင်း... မိဘရဲ့ သံယောဇဉ်၊ သံယောဇဉ်ပါကလား"

ငတောနှင့် ငလုံးသည် မပေါ့သော ဝီရိယ၊ မလစ်သော သတိဖြင့် မီးခွက် တစ်ခွက်ထွန်းကာ တုတ် ဓားလှံနှင့် ခွတို့ပါ ဘေးချ၍ စကားတပြောပြော နားတစွင့်စွင့်။

"ဒီသားအဖနယ်၊ မရှူးမကောင်းနဲ့ ခုမှတွေ့ဖူးတာ ကျနေတာပဲ၊ မအိပ်သေးဘူလား၊ အိမ်က လူက မြို့တစ်ခေါက် ရောက်လာတာနဲ့ လေကြီး မိုးကြီးကို တိုက်လို့ မကုန်နိုင်ဘူး၊ မသိရင် ချောင်းဦးကို သူ တစ်ယောက်သာ ရောက်ဖူး မှတ်နေ"

"နင် အိပ်စမ်း မိဂျမ်း၊ နားမပူနဲ့ ဒါပဲ"

ငတော၏ မျက်နှာထားတည်တည်နှင့် ခပ်မာမာ ပြောလာသော စကားကို ငတော မိန်းမ မိဂျမ်း တအံ့တသြ။

"အဲတော်...စေတနာနဲ့ ပြောတာကို ဒီလူကြီးက ဌာန်နဲ့မာန်နဲ့ ဖြစ်နေ"





ငတောက သူ့မိန်းမကို ကြည့်လိုက်သည်။ သူ့မျက်လုံး၌ အစိမ့်ဟယ် အစုံအလင် ဖြာဖြာဝေ။

"မနက် သုံးနာရီကတည်းက ချောင်းဦးထသွား၊ တစ်လမ်းလုံး လှည်းဆောင့်၊ ခရီးပင်ပန်းနဲ့ အိပ်ချင်တာပေါ့ နင့်အမေရယ်၊ နင့်သားကြီးဆီ အချိန်မရွေး ရောက်လာနိုင်တဲ့ အန္တရာယ် ရင်စည်း ဖြေရှင်းပေးရမယ့် အဖေ ဖြစ်နေလို့ သားသေမှာ စိုးတဲ့စိတ်ကြောင့် ပေတေ ဇွတ်မှိတ် နေရတာပေါ့၊ သား သမုဒယ၊ သား သံယောဇဉ်ကြောင့် ငါ အိပ်ချင်ပေမဲ့ စိတ်တင်းထားရတာ နင်မသိဘူး။ တစ်ခါတလေ လောကကြီးမှာ မသိတာ နားမလည်တာဟာ စိတ်ဆင်းရဲ သက်သာတယ်၊ သိတတ်တဲ့ ငါ့မှာ သောက အပြည့်နဲ့ ခု ရင်ဆိုင် နေရပြီ" ဤစကားသံကို ငတောက ရင်ထဲမှာ ပြောသော်လည်း မျက်ဝန်း၌ အနက်ထင်သည်။

ငတော မိန်းမသည် အတိအကျတော့ သဘောမပေါက်။ နှစ်ရှည်လများ ပေါင်းလာသော မိန်းမပီပီ သူ့ယောကျ်ား အမူအရာ ကြည့်ခြင်းအားဖြင့် တစ်စုံတစ်ခုသော အကြောင်းတော့ ပေါ်လေပြီဟု အကြမ်းဖျင်း နားလည်သဘောပေါက်သည်။ ထို့ကြောင့် ငတောကိုလည်း အိပ်ဖို့ ထပ်မနိုင်း၊ သူကိုယ်တိုင်လည်း မအိပ်တော့ဘဲ ဆေးလိပ်ဖန်းယူကာ ဆေးလိပ် တစ်လိပ်ပြီး တစ်လိပ် ထိုင်လိပ်နေသည်။

အိမ်အားလုံး မီးခွက်မှုတ်၍ အိပ်ရာဝင်ကြပြီ။ အသံအားလုံး တိတ်ဆိတ် ငြိမ်သက်၍ အမှောင်ထုသည် ပိုပိုမှိုမှို နက်နက်ရှိုင်းရှိုင်း။ လေသံသည် ပင်လျှင် ကျယ်ကျယ်လောင်လောင်။

"ကယ်တော်မူကြပါ အရပ်ကတို့ရဲ့၊ အမယ်လေး...ကျုပ် ယောကျ်ား တမာပင်အောက် ကွပ်ပျစ်ပေါ် အိပ်နေတာ ခုအသက် မရှိတော့ဘူး ထင်ပါရဲ့တော့"

ငတောနှင့် ငလုံးရော မိဂျန်းပါ ခေါင်းများ ပုတ်လောက်ကြီးပြီး ကြက်သီးတဖြန်းဖြန်း ထသွားသည်။

အော်သံနောက်၌ ကျယ်လောင်သော ငိုကြွေးသံ။

အော်သံ ငိုသံကြောင့် တစ်ရွာလုံး လန့်နိုးပြီး ခွေးအူသံ၊ လူချောင်းဟန့်သံ၊ စကားပြောသံဖြင့် အသက် ပြန်ဝင်လာသည်။

"အမယ်လေး ကိုမှူးရဲ့... အဖြစ်ဆိုးလှချည်လားတော့၊ ဘယ်လိုဖြစ်တယ်ဆိုတာ မပြောသွားတော့ဘူးလား၊ လုပ်ကြပါဦး အရပ်ကတို့ရဲ့၊ သေများ နေပလားတော့၊ ရောဂါနဲ့သေဦး ဆေးမှ မကုရတာ ကျုပ် ဖြေနိုင်ပါ့မလား အရပ်ကတို့ရဲ့"

ငတောသည် သူ့သား ငလုံးကို စိုက်ကြည့်သည်။ တစ်ကိုယ်လုံး ချွေးလုံးကြီးများ ယိုစီးကျ၍ နတ်ဝင်သည်ကဲ့သို့ ငလုံး တစ်ဆတ်ဆတ် တုန်နေသည်။ လှံရိုးကို အားတင်း ဆုပ်ကိုင်ထားသော လက်တို့ တဆတ်ဆတ် တုန်ခါနေ၍ ငလုံး ကိုင်ထားသော လှံပါ တဒုတ်ဒုတ် ခုန်နေသည်။

"လာ ငါ့သား၊ ငမှူးအိမ် အဖေတို့ သွားကြမယ်၊ မင်းနဲ့အတူ ကနေ့ သမင်လိုက် သွားတာ ငမှူး ပါတယ် မဟုတ်လား၊ မလိမ်နဲ့ကွာ"

"ဟုတ်...ဟုတ်"

သမင်လိုက်ရာ ကနေ့ မည်သူပါသည်ဟု ရွာမှာ မရှိသော ငတော မသိ။ ငလုံး၏ ခိုကိုးရာမဲ့ တုန်လှုပ်ချောက်ချားနေမှုနှင့် ငမှူး ဖြစ်ရပ်ဆက်စပ်၍ တပ်အပ်သေချာ ငတော အဖြေရှာနိုင်ခဲ့ပါသည်။

ငမှူး တစ်ယောက် သူ့အိမ်ရှေ့ တမာပင်အောက် ကွပ်ပျစ်ပေါ်၌ မချိမဆံ့ဖြစ်ကာ မှဲ့ခြောက်လိမ်ကောက်ပြီး အသက်ပျောက်သွားသည်ကို မြင်လိုက်ရ၏။ ငမှူးဘေး၌ လဲနေသော အရက် ပုလင်း၊ မှောက်နေသော သမင်သားဟင်း။ ပြီးတော့ မုန့်လို အခုလိုက် ကြော်ထားသော ကြက်ဥကြော်များ။

ငမှူး မီးဖိုချောင် ဖွင့်၍ သူ့ ဘက်ထရီမီးဖြင့် ထိုးကြည့်သည်။ ဖောက်၍ ကြော်ထားသော ငန်းပုပ်မြွေဥခွံ ခြောက်လုံး။

ငတောကတော့ အသေအချာ သိလိုက်သည်။ ငမှူး မြွေကိုက်ခံရ၍





သေသည်။ ထိုကိုက်သော မြွေသည် ငန်းပုပ်မြွေ ဖြစ်သည်။ ထိုငန်းပုပ်မြွေမှာ ရွာအနောက်ဘက် မိုးနံ့ချုံအောက်၌ ငတောတို့ ထားခဲ့သော မြွေဥများ အပေါ် ဝပ်နေလိမ့်မည်ဟု တပ်အပ်သေချာ ပြောလိုက်ချင်သည်။

နောက်တစ်နေ့ မနက်၌ ရွာအနောက်ဘက် မိုးနံ့ချုံထဲမှ ငန်းပုပ်ကြီး နှစ်ကောင်ကို ရွာသားတို့ ဝိုင်းရိုက်သတ်ခဲ့ရကြောင်း၊ ငန်းပုပ်ဥကြီး လေးလုံး တွေ့ကြောင်း ငမှူး၏ အသုဘမချမီ အသုဘအိမ်တွင် တစ်ရွာလုံး ပြောကြဆိုကြ မရိုးနိုင်ကြ။

[ ၁၉၉၀ ခု၊ နိုဝင်ဘာလ၊ စံပယ်ဦး မြန်မာဝတ္ထုတိုမဂ္ဂဇင်းတွင် 'ငန်းပုတ်' အမည်ဖြင့် ဖော်ပြခဲ့သည်။]

❖





# အသက်လုပွဲ

"ကျား–ကျားကြီး၊ ကျားကြီး၊ အဖေရေ ကယ်ပါဦးဗျ။ လုပ်ကြပါဦးဗျ"

ငလုံး အော်လိုက်သည်မှာ အသံများကွဲအက်ပြာလာသည်အထိပင်။

ငလုံး ကိုယ်ခန္ဓာပေါ် ခြုံပေးထားသည့် ငွမ်းစောင်စုတ်များနှင့် ဂုန်နီအိတ်ဟောင်းများက အောက်ကျသွားပြီး ဖရိုဖရဲ။

ကုန်းရုန်းထ၍ ငလုံးသည် သူ့လည်ပင်းကို သူ့လက်ဖြင့် ကာထားသည်။ ပြူးတူးပျာတာဖြင့် မတည်မငြိမ်။

"နွယ်–နွယ်–နွယ်နွယ် ကျုပ် လည်ပင်းကို ပတ်တော့မယ် နွယ်ရှင်တွေ၊ နွယ်ရှင်တွေ၊ ဟာ ပတ်ပြီဗျ၊ ပတ်ပြီ နွယ်–နွယ်–နွယ် နွယ်"

ငလုံး လန့်ခုန်ရုန် အားယူအထ၌ အဖေဖြစ်သူ ငတောက ဖိကိုင်ထားသည်။ အမေဖြစ်သူ မိဂျမ်းက မျက်ရည်များကြားမှ ငလုံး ခြေနှစ်ဖက်ကို ဆုပ်ထားရသည်။

"သား လူလေး၊ ငလုံး၊ သတိထားနော်၊ အဖေ ရှိတယ်၊ အမေ ရှိတယ်။ မင်း ဘာမှမဖြစ်ဘူး။ စိတ်အေးအေးထား၊ အိပ် အိပ် အိပ် အိပ် လူလေး၊ ငြိမ်ငြိမ်လေး၊ ဆေးထိုးဖို့ ဆေးမှူး ရောက်နေတယ်။ ဆေးထိုးရအောင်"

ငလုံး အားရှိစေရန် နှစ်သိမ့်ပေးနေသော အဖေဖြစ်သူ ငတော စကား၊ နှစ်သိမ့်ပေးနေရသော်လည်း အဖေဖြစ်သူ၏ စိတ်တွင် ငှက်ဖျား တက်၍ ကယောင်ကတမ်း ဖြစ်နေသူ သူ့သား ငလုံးသည် မျှော်လင့်ချက်မှရှိပါသေးရဲ့လား... ဟူသော သံသယ အပြည့်။

ငတောတို့... ငလုံးတို့သည် ဆင်းရဲနွမ်းပါးသော ကြံ့ရာ ကျပန်း လုပ်ကိုင်စားရသော ကျေးတောသား ပျံကျအလုပ်သမားများ အညာဆင်းရဲသားများ....

ပေါင်းပေါက်၊ မြက်ထိုး၊ မြောင်းတူး၊ မြေပေါက်၊ ဂျုံရိတ်၊ ပဲဆွတ်၊ ထင်းတူး၊ ထင်းရောင်း၊ အလုပ်ပေါင်းစုံ လုပ်ကိုင်နေသူများ အငှားလိုက်စရာရှိက ရာသီမရှောင် နေ့ညမရှောင် အခစား အငှားလိုက်ရသူများ။ အငှားလိုက်စရာ မရှိက တောကြက်၊ တောငှက်၊ တောကြောင်၊ တောကောင်အထိ ဖမ်းဆီးရောင်းချကာ ဘဝဝမ်းတစ်ထွာ ဖြည့်ဆည်း ရပ်တည်ခဲ့ရသူများ၊ ယုတ်စွအဆုံး တောက်တဲ့၊ ပုတ်သင်ညို၊ ကင်းမြီးကောက်နှင့် မြွေကိုပင်လျှင် ဖမ်းဆီးရောင်းချစားခဲ့ရသော ရရစားစား အောက်ဆုံးအလွှာမှ ဆင်းရဲသူ ဆင်းရဲသား တောသမားများ....။

ကြံ့ရာကျပန်း ဆင်းရဲသားတို့ ထုံးစံအတိုင်း အမြင့်တက်၍ သစ်သီးမှည့် မစားရသည်ရှိစေ၊ ဝမ်းရေး ပြေလည်က အမြတ်ဟု သဘောထားပြီး ကုန်း၍ကျုံး၍ လုပ်ခဲ့ကြရသည်။ တစ်ရွာမပြောင်း၍ သူကောင်းမဖြစ်ဟု ပြောပြော တစ်ရွာပြောင်းမှ သူကောင်း ကျွန်စော်နံရသည်ဟု ဆိုဆို ဝမ်းဝ လိမ့်နိုး ပိုလျှံနိုးဖြင့် ငုံး အမြီးပေါက်ချိန် မျှော်လင့်သလို မျှော်လင့်ရင်းဖြင့် အလုပ်စုံကို ရိုးသားစွာဖြင့် ကြိုးစား၍ အစုံလုပ်ခဲ့ရပါဘိတောင်း။

သူတို့ နေထိုင်ရာ ချိုင့်ကြီးရွာနှင့် ရွာနီးဝန်းကျင်၌ အလုပ် ရှားပါးခိုက် ရွှေကျင်၊ ရွှေတူး၊ လိုက်ပါရစေဟု ပြောလာသောသား ငလုံး။

ရွှေတောမှာ ငှက်ဖျားဖြစ်စေသည့်ခြင်တွေ အရမ်းပေါတာ အထက်ပိုင်းက နေပူ၊ ချွေးတဒီးဒီး၊ အောက်ပိုင်းက ရေထဲ အေးတစိမ့်စိမ့် နေတာ





လေတဝီးဝီး တိုက်သော လေစိမ်းရင်ပြင်မှာ အိပ်ရတာ၊ ဒါတွေကို ရွှေတူး၊ ရွှေကျင်ဖူးသူ ငတော အသိ။

သို့ရာတွင် ငါ့ဝမ်းပူဆာ မနေသာ မတားသာသော ငတော အနေဖြင့် အလုပ် မည်မည်ရရမရှိဘဲ အညာချေး တောခေါင်ခေါင်မှာ မဝရေစာ စားနေရမည့်အစား ငလုံး သွားလိုက သွားပါဟု ခွင့်ပြုခဲ့ရ၏။ စားဝတ်နေရေးအတွက် သိလျက်နှင့် ဝိပါက်ကြမ္မာငင်၍ လွှတ်လိုက်သည်ဟု ဆိုချင်က ငတော ငုံ့ခံရုံမျှသာ။

စားစရာမရှိ၍ ရွှေကျင်လိုက်၊ ရွှေကျင်ရာမှအပြန် ငလုံး တစ်ယောက် ရွှေပါခဲ့သလားမေး ရွှေ မပါ။ ငွေပါခဲ့သလားမေး ငွေ မပါ။ ရွှေမပါ၊ ငွေဗလာဖြင့် ငှက်ဖျားရောဂါ အပြင်းအထန်ဖြစ်လာမှ အတူ ရွှေကျင်ပါသွားသူက လူတွဲကာ အိမ်အရောက် မနည်းပြန်ခဲ့ရသည်။

"ဦးလေး ငတောရာ၊ ရွှေကျင်ရာမှာ ကျုပ်တို့လို ဖွတ်ကြားတွေ သေလိုက်ကြတာ အရမ်းပဲ။ ရွှေဝယ်နဲ့ ဈေးသည်က လွဲရင် ကျန်တာ ရရစားစား ဖွတ်ကြားငမွဲတွေပဲ။ ဦးလေးသား အသက်နဲ့ အိမ်ပြန်ပါအောင် မနည်းခေါ်ခဲ့ရတာ"

ဟု သတင်းပေးပြန်သွား၏။ သည်ကတည်းက ငလုံး လူမှန်းမသိ။ ငှက်ဖျားတက်လိုက်၊ ကျလိုက်၊ သတိ မရတစ်ချက်၊ ရတစ်ချက်။ ကယောင်ကတမ်းဖြင့် ချောက်ချောက်ချားချား ဝူးဝူးဝါးဝါး။

မကျီးတုတ်မှ ကျေးလက်ကျန်းမာရေးမှူး ဦးသိန်းထွေးက ဆေးထိုးပြီး ဆေးပြားပေးသည်။ သောက်ရမည့် အချိန်နှင့် ဆေးပြားတွဲပြသည်။ ပြီးမှ...

"ခဏကြာရင် အိပ်သွားမှာပါ၊ ငှက်ဖျားရောဂါက သိပ်ပြင်းထန်နေတော့ ခက်ခက်ခဲခဲ ကြိုးစားရမှာပါပဲ။ နောက် နှစ်ရက် သုံးရက် ကြာလို့ ဆေးစကား နားထောင်ရင် ကိုယ့်ဘက် ပါပြီပေါ့။ အဲ ကျွန်တော် စိုးရိမ်တာက ငှက်ဖျားပိုး ခေါင်းထဲရောက်မှာ စိုးရိမ်တယ်"

ငှက်ဖျားပိုးခေါင်းထဲ ရောက်ရောက် မရောက်ရောက်၊ ခုကတည်းက ထမင်းမှန်း မသိ၊ ဟင်းမှန်း မသိ စိုးရိမ်နေသူက ငတောပင်။ သားကိုချစ်သော ချစ်ဖေမေတ္တာအဟုန်ကြောင့် တုန်တုန်လှုပ်လှုပ် ချောက်ချောက်ချားချား။

ငတောအဖို့ ငလုံးသည် သားဆိုလည်း ဟုတ်၏။ လုပ်ဖော်ကိုင်ဖက် ဆိုလည်း ဟုတ်၏။ လက်ချီလက်ချ ညီသော ရန်းဖော်ကန်ဖက်လည်း ဟုတ်၏။ ပုဆိုးစိမ်း၊ အင်္ကျီဖြူကို အချိန်မရောက်မီက စွန့်ခွာ၍ ဘဝကန္တာရ ကြမ်းမှာ သမုဒ္ဒရာ ဝမ်းတစ်ထွာ အူဂဏ်အတွက် လုပ်အား အသုံးချပြီး ဘဝရပ်တည်ရေး တိုက်ပွဲ၌ ပါဝင်ခဲ့သော ရဲဘော်ရဲဘက် တစ်ဦးလည်း ဟုတ်၏။

ငလုံးသည် အရွယ်နှင့် မလိုက်အောင်၊ အဖေ အမေနှင့် မိသားစု အပေါ် သိတတ်သော လူငယ်။ မိဘက မတိုက်တွန်းရဘဲ မိသားစု အကျပ် အတည်းကိုသိ၍ သူ့ဘဝပေးအသိနှင့်သူ ရွေးချယ်ရာ လိုက်သွားခဲ့သော သူ။

ဤသို့ အရွယ်နှင့် မမျှအောင် ထမင်းတန်ဖိုး၊ ဟင်းတန်ဖိုး၊ အဝတ် တန်ဖိုး၊ ကျောချစရာ တစ်နေရာစာ တန်ဖိုးကို သိသဖြင့် စွန့်လွှတ်စွန့်စား အနစ်နာခံ သွားရောက်လုပ်ကိုင်ခဲ့သော ငလုံးသည် ယခုအခါ ဝေဒနာ အပြင်း အထန် မချိမဆံ့ ခံစားရ၍ လူမှန်း မသိရှာ။

ဆေးမှူး ဦးသိန်းထွေးသည် ပြန်ရန် ပြင်ဆင်နေရာမှ ငတောကို စာရွက်လေး တစ်ရွက်လှမ်းပေးသည်။ ဆေးဝယ်ရန် စာရွက်လေး တစ်ရွက်။

"မနက်ဖြန်အတွက် ထိုးဖို့ တိုက်ဖို့ ဆေးရှိပါသေးတယ်။ သန်ဘက်ခါ အတွက် အဲဒီ စာရွက်မှာပါတဲ့ ဆေးတွေကို မဖြစ်မနေ ရှာဝယ်ထားပါ။ မရ ရတဲ့ဆီက ရအောင်ဝယ်ပါ။ ဒီရောဂါအတွက် ရကိုရမှ ဖြစ်မယ့်ဆေးတွေ မို့ အချိန်မီ အရေးတကြီး ဝယ်ပါ"

"ဆေးဖိုးက ဘယ် ဘယ်လောက် ကျနိုင်ပါသလဲဆရာ"

"ဆေးဈေးတွေက အရမ်းတက်နေတယ်။ အလွန် မလွှဲသာမှ လူနာ ချမ်းသာမှ ဘီပီအိုင် သုံးဝံ့တယ်။ တရုတ်ဆေးကို အဓိကထား သုံးနေရတာ။





အဲဒီ တရုတ်ဆေးတွေကိုကပဲ ခု ဈေးခုန်တက်နေတယ်။ ငွေတစ်ထောင် လောက်တော့ ကျနိုင်တယ်"

"ငွေတစ်ထောင်"

"ဟုတ်တယ်၊ ဒါအနည်းဆုံး ခန့်မှန်းတွက်ထားတာ"

ဆေးမှူး ဦးသိန်းထွေး ပြန်သွားသည့်တိုင် ငတောရင်၌ ပဲ့တင်သံ ပေးဆဲ ဖြစ်သော ဆေးဖိုးငွေ တစ်ထောင်၊ ငွေတစ်ထောင်က ကျယ်ကျယ် လောင်လောင်။

သည်ငွေကို ဘယ်လို ရှာမလဲ။ ဘယ်လို အချိန်မီ ရှာမလဲ။

အိပ်ပျော်နေသော သားကိုကြည့်၍ လူကလေးရယ်၊ မင်း ဖြစ်မယ့် အစား အဖေသာ ဖြစ်လိုက်ပါတော့ဟု ငတော ယူကျုံးမရ ညည်းမိ၏။

မတ်တတ်စာမှ ပြေးပြေးလွှားလွှား ရှာရှာဖွေဖွေ စားနေရသော ငတောသည် တုံးလုံးစာ လူမမာအတွက် ငွေရှာထွက်ဖို့ စဉ်းစားရင်း သူ့ အိမ်ရှေ့ရှိ တမာပင်အောက်၌ ထိုင်နေကျ ကွပ်ပျစ်ပေါ်ထိုင်ရန် ငလုံး ဘေးမှ ထွက်ခဲ့သည်။ ကွပ်ပျစ်ပေါ် ထိုင်မိချိန်ထိ ဆေးဖိုးငွေအတွက် သူ စဉ်းစား မရသေး။

လောက၌ လူတိုင်း ရှာသလောက် အရှာဖွေ ခက်သော ပစ္စည်းထဲတွင် ငွေသည် ရှေ့ဆုံးမှ ပါသည်။ ငွေသည် အရှာဖွေရ ခက်ခဲသော ပစ္စည်း။

ငလုံး လူမှန်းမသိ၊ သူမှန်းမသိဖြစ် ပြန်လာစက ဆေးမှူးပင့်ရန် ယခုကဲ့သို့ ငွေလို၍ အရေးပေါ် ငွေရှာခဲ့ရသည်။ ခြေ မကိုင်မိ လက် မကိုင်မိ အောင် ပူသည်။ အရေးကြီးသည်ဟု ပြောရမည်မို့ ငတော အားကိုးရာ ရှာသည်။

တော လူရည်တတ်ဖြစ်နေသော သူ့ညီအရင်း ငချောထံ ပြေးသည်။ မိဂျမ်းက သူ့အစ်ကို၊ အစ်မ၊ ညီမအရင်းများထံ ချက်ချင်း ပြေးသည်။

ငှက်ဖျားရောဂါကြောင့် ဆောက်တည်ရာမရ ဖြစ်နေသော ငလုံး

အတွက် ပူသော အပူ၊ ငွေ ရမှ ရပါ့မလားဟု ပူသော အပူဖြင့် ငတော တစ်ယောက် သူ့ညီ ငချောထံ သွားရောက်ခဲ့သည်။

သူက ပူသလောက် သူ့ညီက အေးစက်စက်။ သူ့အစ်ကိုအရင်း ငတောပါလား ဟူသော အသိ၊ သူ့တူအရင် ငလုံး သေလုမြောပါး ဖြစ်ပါပေါ့လား ဟူသော အသိ တစ်စုံတစ်ခုမျှ ရှိဟန်မပြ။

“ခက်တယ်အစ်ကို ‘သေချင်ရင် ရွှေကျင်သွား’ ဆိုတဲ့စကား အစ်ကို ပြော မတားခဲ့ဘူးလား”

ငချောစကားက အပြစ်တင်စကား၊ ငတော ဘာမှ မပြောနိုင်။

“ပိုခက်တာက ကျုပ် အပြစ်ပဲ။ ကျုပ် နေရတာက မိန်းမ အိမ်၊ ယောက္ခမ အိမ်၊ သူတို့က သူတို့အမျိုးတောင် အပေါင်ခံ အထည်ပစ္စည်း မပါရင် တစ်ပြား မချေးဘူး။ အဲလောက် စည်းကမ်းကောင်းတာ၊ ကျုပ် ဘက်ကဆို ဝေလာဝေးနေမှာ။ အစ်ကိုတို့ကိုက လိုပါတယ်ဗျာ။ ကလေးက ရွှေမက်လို့ သွားချင်ဦး၊ အစ်ကိုတို့က အကျိုးအကြောင်း ပြော၊ တားသင့်တာပေါ့။ ခုလိုဖြစ်လာတော့ အစ်ကိုတို့လည်း မကယ်နိုင်။ ကျုပ်လည်း မတတ်နိုင်ဘူး”

“ဘာရယ်ကွ ငချော၊ ကလေးက ရွှေမက်လို့ သွားချင်တယ် ဟုတ်လား။ မှတ်ထား ငါ့ညီရ၊ ရွှေမက်လို့ မဟုတ်ဘူးဟ။ ငွေမက်လို့ မဟုတ်ဘူးဟ။ ကုန်ဈေးနှုန်းတွေ တက်၊ ထစ်အိမ်လုံး စားရတာ နပ်မမှန် ဖြစ်နေလို့ ခုမိကာမိ ပါစေ ဆိုပြီး ကလေးဖြစ်လျက်နဲ့ ကျွန်ခံ ထွက်ရတာ၊ အသေခံ ထွက်ရတာ မွဲလို့ကွ၊ မွဲလို့။ ကဲ...ရှင်းပလား”

ကျောက်ခဲ ရေညှိစ်၍ မရမည့်အတူတူ ဒါပဲပြောပြီး ငတော ပြန်ခဲ့ရသည်။ ဘယ်မိဘမဆို ကိုယ့် သား သမီးလေးများကို လုံချည်စိမ်း၊ အကျႌဖြူလေးများဖြင့် ကျောင်းနေရွယ်မှာ နပျိုလန်းဆန်းစွာ ပျော်ရွှင်နေသည်ကို မြင်ချင်ကြသည်ချည်းသာ။ ကျောင်းနေရွယ် ကျော်လွန်လည်း နေခြည်ထိုးမှာ၊ လေပွေတွေ့မှာ၊ မိုးပြင်းရိုက်မှာ၊ သဲပူလောင်မှာ စိုးရိမ်ကြစမြဲသာ။





သောအတန်တန် ရန်အဝဝကို ခံစရာရှိက မိဘကသာ ရင်ဆီး ခံချင်သည်။ သားသမီးထံ ကျရောက်မှာ သေလုမတတ် ကြောက်သည်။

စားဝတ်နေရေး မပြေလည်၍သာ သား အန္တရာယ်ရှိနိုင်သည့် နေရာကို မျက်စိစုံမှိတ်၍ လွှတ်လိုက်ရသော်လည်း အတွင်း၌ ကြေကွဲနေသော နှလုံးသားဒဏ်ကို မိဘတိုင်း ခံစားနေရကြောင်း ငချော မသိ။ ငချော ကိုယ်ချင်းမစာ။ မွဲတေ ငတ်ပြတ်ရာမှ တော လူရည်တတ် သမီးနှင့် ရ၍ ထမင်း ဝလာသဖြင့် ထမင်းတန်ဖိုး၊ ဟင်းတန်ဖိုး ငချော မေ့လေပြီဟု ငတော ထင်သည်။

ငတော အိမ်ပြန်အရောက်၌ မျက်ရည် ဝဲနေပါလျက်နှင့် ဒေါသထွက်နေသော သူ့မိန်းမ မိဂျမ်းကို တွေ့ရသည်။

“တစ်သက်လုံးတော် ငတ်တောင်မှ မှိတ်ကြိတ် ခံခဲ့တဲ့ ကောင်မပါ။ ဘယ်လောက်မွဲမွဲ အချေးအငှား ဝေးခဲ့တဲ့ ကောင်မပါ။ မွဲပေမဲ့ ခပ်ကင်းကင်း နေခဲ့တဲ့ မိဂျမ်းပါ။ ခု သားလေး နေ့သေမလား၊ ညသေမလား စိုးရိမ်ရလို့ သားအောနဲ့ မျက်နှာအောက်ကျခံ ငွေ သွားချေးတယ်၊ ချေးဖို့ ငှားဖို့ ဝေလာဝေး၊ ပြောလိုက်ကြတဲ့ အထက်စီးစကား၊ အထင်သေးစကား၊ မထီမဲ့မြင့်စကား ဒီစကားတွေကို လှည်းနဲ့သာ တိုက်လို့ရရင် လှည်းဆယ်စီး တိုက်လို့ နိုင်မှာ မဟုတ်ဘူး”

“ပြောပါစေဟာ တို့စာရေးဆရာကြီး တွင်းကြီးဝမ်းမောင် ပြောသလို ကြိုက်မရှက်၊ ငိုက်မရှက်က ကြောက်စရာ မကောင်းဘူး။ ငတ်မရှက်က ကြောက်စရာ ကောင်းတာ ဆိုသလိုပဲ။ ကိုယ်က မရှက်နိုင်အားတဲ့ မွဲမရှက် ဖြစ်နေမှမင့်ကိုး၊ မာနထားလို့ ဘယ်ဖြစ်မလဲ။

“ကျုပ်တို့ဘဝမှာ ဘာများ မာနထားစရာ ရှိလို့လဲတော်။ မာနထားလို့ ပြောတာ မဟုတ်ပါဘူး။ ဝမ်းနည်းလို့ ယူကျုံးမရဖြစ်လို့ ပြောမိတာပါ။ တစ်ဖအေတည်း မွေး၊ တစ်မအေတည်း မွေး၊ သွေးရင်းသားရင်းတွေမှ ဟုတ်ရဲ့လားလို့တောင် သံသယ ဖြစ်မိအောင် သံယောဇဉ် ကင်းကြတာပဲ။

ကျုပ်တို့ ဆွေရင်းမျိုးရင်း မွေးချင်းပေါက်ဖော်ဆိုတဲ့ သွေးသား သံယောဇဉ်တွေဟာ ဘယ်ချိန်တုန်းကများ ဘယ်လို လုပ်ပြီးများ ပျောက်ကွယ်ကုန်ပြီး သူစိမ်းတစ်ရံဆံ ဖြစ်သွားမှန်း ကျုပ် မသိလိုက်တာ အံ့ဩလို့ မဆုံးဘူး။ ချေးငှားမှလို့ ကျုပ် ပြောတာ မဟုတ်ပါဘူး။ ဆွေမျိုးသားချင်းဆိုတဲ့ အကြင်နာ တရားတောင် မရှိလို့ ပြောတာ"

"မဲ့ပြီ၊ ဆင်းရဲပြီ ဆိုကတည်းက သူစိမ်း ဖြစ်တာပေါ့ဟာ။ အားမလျှော့ပါနဲ့။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ်သာ အားကိုးရာတဲ့။ တို့သားလေး ဆေးကုဖို့ကတော့ မဖြစ်မနေ ကြိုးစား ရှာရမှာပေါ့ဟာ။ လူမသေ ငွေမရှား၊ သား အတွက်ဆိုရင် ကျွန်ခံဆို ငါ ခံပါ့မယ်။ မဖြစ် ဖြစ်အောင် ငါ ရှာပါ့မယ်"

ငတော မျက်ရည်ဝဲချိန်၌ မိဂျမ်း မျက်ရည် သွယ်သွယ်ကျသည်။

မိဂျမ်း ရှိုက်သံတစ်ချက် ပေါ်ထွက်လာ၍ ငတော မျက်နှာလွှဲသည်။ ငတော မကြည့်ရက်။ မိဂျမ်း ရှိုက်သံ မကျယ်လောင်မီ လမ်းပေါ်မှ ကျယ်လောင်သော အသံ ထွက်ပေါ်လာ၏။

ဘာသံပါလိမ့်။ မိဂျမ်းရော ငတော၏ စိတ်၌ပါ မိဘမေတ္တာကို သိမြင်စာနာ၍ မနေရက်နိုင်သော နတ်ကောင်းနတ်မြတ်များက မစခြင်းဟု ချက်ချင်း ယုံကြည်သည်။ အသံကို နားထောင်ကြည့်ပါ။

"တမင်ချို ဝယ်ဒယ်၊ တမင် ဂျို။ လိပ်ခွံ ဝယ်ဒယ်၊ လိပ်ခွံ။ တမင်ချို ဝယ်ဒယ်၊ လိပ်ခွံဝယ်ဒယ်။ ဈေး ကောင်းကောင်း ပေးဒယ်။ တမင်ချို ဝယ်ဒယ်၊ လိပ်ခွံ ဝယ်ဒယ်"

ရှိုက်နေသော မိဂျမ်း အရှိုက် ရပ်သွား၏။ မျက်ရည်ကို ကပျာကယာ သုတ်၏။ ငတော မျက်နှာ၌ မျှော်လင့်ချက် ပန်း ချက်ချင်း ဖူးပွင့်၊ ဝေဝေဆာဆာ။ သမင်ချိုနှင့် လိပ်ခွံ ဝယ်သော ကုလားနှစ်ဦး။

တောကောင်များကို ဖမ်းဆီး ရောင်းချခဲ့သော ငတောနှင့် လေုံးတို့၌ သမင်ရတိုင်း၊ လိပ်ရတိုင်း စုဆောင်းထားသော သမင်ချိုများနှင့် လိပ်ခွံများ ရှိသည်။ ခေါင်းပုံဖြတ်ဖြတ်၊ ကုပ်သွေးစုပ်စုပ်၊ ခြေမသွေးစုပ်စုပ်၊ ဈေး နှိမ်ချင်





သမျှ နှိမ်ရော့။ ဆင်းရဲသား ငွေကျပ်၊ ငွေပြတ်၊ ငွေငတ်နေတုန်းမို့ နှိမ်မှန်း သိသည့် ကြားက အားရဝမ်းသာပင် ပျော်ပျော်ကြီး ရောင်းချခဲ့သည်။ ငွေ ထောင့်ရှစ်ရာအထိ ငတော ရသည်။

ဆင်းရဲသားလက်က ငွေဟူသည် အရှာရ ခက်၊ အထွက်ကျ မြန်ပေ ခြင်း။ ထိုငွေ ထောင့်ရှစ်ရာသည် ဆေးဖိုး၊ ဝါးဖိုး၊ စားဖို့နှင့် ကုန်ခဲ့ပြီ။ ယခု ငွေတစ်ထောင် လိုပြန်ပြီ။ ငတော ဘယ်လို လုပ်မလဲ။

"ကိုကြီးတော ရှိလား၊ ကျုပ်တို့ လာချင်လို့"

ဝင်းထရံ မရှိသော ဝင်းကို ဖြတ်ကျော်ပြီး ငတောရှိရာ ကွပ်ပျစ်သို့ တစ်ရွာတည်းသား ဌေးငွေနှင့် ဧည့်သည်နှစ်ဦးတို့ ပြောပြောဆိုဆို ဝင်လာ သည်။

ငတောက ကျီးကြည့်ကြောင်ကြည့် ကြည့်နေခိုက် ရင်းနှီးသူများပီပီ ဌေးငွေက ဝင်ထိုင်သည်။ ဧည့်သည်များကိုလည်း ဌေးငွေက ထိုင်ခိုင်းသည်။ ထိုင်ပြီးနောက် ဧည့်သည်များနှင့် မိတ်ဆက်ပေးသည်။

"သူက ခင်မောင်ဦး၊ သူက ခင်မောင်ထူးပါ။ ကိုကြီးတော"

"ဩော်...ဩော်...ကိစ္စရှိသလား ဌေးငွေ"

"ဟာ...သိပ်ရှိတာပေါ့၊ သူတို့က ဆယ့်နှစ်ပွဲ လှည့်နေတဲ့ မြွေ အလမ္ပာယ် ဆရာ ညီအစ်ကိုပဲ။ မအူပွဲတော်က ကျောက်ရစ်ပွဲတော်ကို လှေနဲ့ အကူးမှာ သူတို့ မြွေပခြုပ်ပါတဲ့ လှေကြီး ရေနစ်ပြီး မြွေပခြုပ်တွေ ရေထဲ မျောသွားတယ်။ အဲဒါ မြွေအရှင် ဖမ်းပေးနိုင်ရင် ဖမ်းပေးဖို့ လာခဲ့တာပါ။ ဖမ်းပေးနိုင်ရင် ဈေးကောင်းကောင်း ပေးပါ့မယ်၊ လိုက်ပို့ပေးပါဆိုလို့ ကျွန်တော် ပို့ပေးတာပဲ"

ဌေးငွေ စကား အဆုံး၌ မြွေအလမ္ပာယ်ဆရာဆိုသော လူလတ် အရွယ် နှစ်ဦးကို ငတော အကဲခတ်သည်။ အကြီးလူက ငတော ဇဝေဇဝါ ဖြစ်နေသည်ကို ရိပ်မိဟန်ရှိသည်။

"မိဘရိုးရာမို့ မြွေအလမ္ပာယ် ပြစားပေမဲ့ ကျွန်တော်က ဘွဲ့ရပါ။

ညီလေးက စာပေးစာယူ နောက်ဆုံးနှစ်ပါ။ ပညာတတ်တွေ ဆိုတော့ စာဖတ်တယ်ပေါ့ ဦးရယ်။ ဆရာ တွင်းကြီးဝမ်းမောင်ရဲ့ 'ငတောငလုံး' ဝတ္ထုတိုပေါင်းချုပ်ကို စာပေဗိမာန်က ထုတ်တာ ဖတ်ရကတည်းက ဆရာ တွင်းကြီးဝမ်းမောင်ကိုရော ဦးနဲ့ ဦးသား ငလုံးကိုရော ကျွန်တော်တို့ သိပြီးသားပါ။ ဆရာ တွင်းကြီးဝမ်းမောင်က မြွေအလမ္ပာယ်ဆရာတွေ အကြောင်း ကျွန်တော်တို့ဆီ လေ့လာရာက ဆရာနဲ့ ပုဂ္ဂိုလ်ရေးရာ သိခဲ့ခင်ခဲ့တယ်။ မြွေပခြုပ်တွေ ရေထဲ ပါသွားလို့ ကျွန်တော်တို့ ထိုင်မှိုင်နေတုန်း ဆရာဝမ်းနဲ့ တွေ့တယ်။ ဆရာဝမ်းက ပြောတယ်။ ချိုင့်ကြီးရွာ မူးဒမအိုမှာ အင်မတန် ကြမ်းတမ်းတဲ့ ငန်းပုပ်ကြီး တစ်ကောင် ရှိတယ်။ ကြီးလည်းကြီး၊ ကြမ်းလည်းကြမ်း အပြလည်း လှတယ်တဲ့။ အရှင် ဖမ်းပေးဝံ့တဲ့ လူကတော့ ရှိတယ်။ ရှားမယ်တဲ့။ စိတ်ဝင်စားလား တဲ့။ ဦးစဥ်းစားကြည့်ပါ။ ကျွန်တော်တို့က တစ်နှစ်ကို ပွဲတော် သုံးဆယ်လောက် မြွေအလမ္ပာယ် ပြရင်း ဆေးရောင်း၊ စီးပွားရေး ရှာနေတဲ့ လူတွေပါ။ အဲဒီ အနားမှာပဲ ကျောက်ရစ်၊ ပေါင်းဝ၊ အမြင့်၊ နဘက်၊ မြင်းမူ၊ စစ်ကိုင်း၊ မုံရွာ၊ မန္တလေး စတဲ့ ပွဲတော်ကြီးတွေ သွားရပါဦးမယ်။ မြွေအလမ္ပာယ်ပြ ဆေးရောင်းမယ့် လူဟာ မြွေမရှိရင် မဖြစ်ဘူး။ ရတဲ့မြွေနဲ့ အဖြစ် ပြပြန်တော့လည်း ပရိသတ်က စိတ်ဝင်စားပါ့မလား။ ကြည့်လိုက်ရင်ကို ဟာခနဲ၊ ဟင်ခနဲ၊ အိုခနဲ၊ အားခနဲ ဖြစ်လာမှ အာရိုက်ပြီး ဆေးရောင်းစားရတော့မယ်ပေါ့။ ဒါကြောင့် ဆရာ တွင်းကြီးဝမ်းမောင်ကို ငန်းပုပ်ကြီးကိုရော၊ ဖမ်းပေးမယ့် လူကိုရော စိတ်ဝင်စားပါတယ်။ လမ်းညွှန်ပြပါဆိုတော့ ဒီမြွေကြီး ဖမ်းဝံ့မှာက ဦးငတော တစ်ယောက်သာ ရှိပါသတဲ့"

"ဘာဗျ ကိုရင်၊ ကျုပ်... ကျုပ်က အသေခံပြီး ဒီငန်းပုပ်ကြီး ဖမ်းရမယ် ဟုတ်လား။ အဲဒီ ငန်းပုပ်ကြီး နာမည် သိလား၊ ငန်းပုပ်လို့တောင် မခေါ်ဘူး၊ 'မူးဒမအို သေမင်း'လို့ ခေါ်တာဗျ။ ဒီပြင် မြွေ မဖြစ်နိုင်ဘူးလား။ ဒါကြီး သွားဖမ်းရင် သေနိုင်တယ်။ ကျုပ်တို့ ဒေသက အတော်ကြောက်ကြ ရှောင်ကြတာဗျ"





"ကျွန်တော် ပြောခဲ့ပါပြီ ဦးရယ်၊ ကျွန်တော်တို့က မြွေအလမ္ပာယ်ဆရာတွေပါလို့၊ လင်းမြွေနဲ့ မြက်လျှောနဲ့ ပြစားမရဘူး။ လက်သန်းလောက်မြွေပွေး မြွေဟောက်နဲ့ ပရိသတ်ကို ဆွဲဆောင် မရဘူး။ ပရိသတ် စိတ်ဝင်စားလောက်တဲ့ မြွေနဲ့ လုပ်စားမှ ပရိသတ် အိတ်ကပ်ထဲက ငွေ ခုန်ထွက်လာပါတယ်။ မြွေဝယ်ရာမှာ ဈေးမညှာ ကြေးမညှာဘဲ ပေးပြီး ကျွန်တော်တို့ ဝယ်လေ့ ရှိပါတယ် ခင်ဗျား"

ငတော ငွေ လိုချင်နေသည်မှာ ကိုယ်တစ်ပိုင်း လှုပ်နေသည်။

မူးဒမအိုကဇာမှ ငန်းပုပ်ကြီးနှင့် ဘယ်လိုမှ ပတ်သက်လိုခြင်း မရှိကြောင်းကိုလည်း ပြည့်စုံအောင် ပြောဆိုရန် စကားလုံး ရှာမတွေ့။ လုံးဝ မပတ်သက် သင့်သော ငန်းပုပ်ကြီး။

ချိုင့်ကြီးရွာထဲမှ နွားမရိုင်း လိုက်သော နွားအုပ်ကြီးက သူနေရာ ကဇာတော ပြေးဝင်ပြီး သူ့ချုံ တိုးဝင်သည်။ ဒေါသတကြီးဖြင့် ပြေးဆင်းလာပြီး ဆက်တိုက်ကိုက်ရာ နွားသိုးသုံးကောင် ပွဲချင်းပြီး သေသည်။

သမင်၊ တောခွေးအ၊ ချေ၊ ယုန်တို့အထိ အလွတ်မပေးဘဲ ဖျတ်ခနဲ ဖျတ်ခနဲ ကိုက်၍ အော်အော်ပြေးပြေး၊ ပြေးပြေးလဲလဲ၊ လဲလဲသေသေ သေစေခဲ့သည်မှာလည်း သည်ငန်းပုပ်ကြီးပင်။

လက်ယက်မရွာမှ သိုးကျောင်းလာသော သိုးကျောင်းသား နှစ်ဦးကို လိုက်ရာ တစ်ယောက်က အလွတ်ပြေးသည်။ တစ်ယောက်က ကြက်ပေါင်ဘတ်ခွဖြင့် စောင့်ပစ်ရာ ငန်းပုပ်ကြီးကို တစ်ချက် မှန်သည်။ နှစ်ချက် ပစ်ရာ တစ်ချက်မှန်၍ အားတက်သရောဖြင့် ဘတ်ခွဖြင့် တတိယမြောက် အချက် ဆက်ပစ်သည်။ ကံဆိုးချင်တော့ ဘတ်ခွကြက်ပေါင်ပင် ဖြန်းခနဲ ပြတ်သည်။ ကြက်ပေါင်ပင် ပြတ်သောအချိန်မှ သိုးကျောင်းသား ဒုန်းပြေးသည်။

ရှေ့မှ သိုးကျောင်းသားက အပြေး၊ နောက်မှ ငန်းပုပ်ကြီးက အလိုက်၌ ချင်းရဲငုတ် တိုက်ကာ သိုးကျောင်းသား မှောက်လဲသည်။

မှောက်လဲနေသော သိုးကျောင်းသားအား ရက်ရက်စက်စက်ပင်

အချက် မရေတွက်နိုင်အောင် ငန်းပုပ်ကြီးက ပေါက်သည်။ ကိုက်သည်။ မည်းခြောက် လိမ်ကောက်၍ အသက်ပျောက်နေသော သိုးကျောင်းသား အလောင်းကို လူစု ကောက်ခဲ့ရသည်။

သည်ငန်းပုပ်ကြီးကို အရှင်လတ်လတ် ဖမ်းရေးဟူသည် ငှက်ပျောသီး အခွံခွာသလို လွယ်လွယ်ကူကူ ဖြစ်မည် မဟုတ်။ မြွေပွေး ဘယ်လောက် ကြီးကြီး၊ လင်းမြွေ ဘယ်လောက်ကြီးကြီး ဖမ်းဆီးရာ ပြဿနာ မဟုတ်။ ပြဿနာ မရှိ။ ငန်းပုပ်မြွေကြီး ဖမ်းရာ၌ တစ်ချက် တိမ်းစောင်း သွားပါက သေမင်းထံ အမြန် ရောက်မည်။ အတိမ်းအစောင်း မခံနိုင်သော ကိစ္စပင်။

"ဒီက ကိုရင်တို့လည်း မြွေအလမ္ပာယ် ဆရာတွေပဲ။ ကိုယ့်ဘာသာ ကိုယ်တိုင် ဖမ်းပါလား။ ဦး ဝေးဝေးကနေ နေရာ လိုက်ပြမယ်"

"ကျွန်တော်တို့ဟာ ဆယ့်နှစ်ပွဲသမားတွေပါ ဦးရယ်။ အဟုတ် နေရာနဲ့ ဟန်ပြ နေရာကို ခွဲခြားတတ်ပါတယ်။ အခု မြွေဖမ်းရမှာက အဟုတ် နေရာပါ။ သေတတ်တဲ့ ကိစ္စကို ကိုယ် မကျွမ်းကျင်ဘဲ တတ်ယောင်ကား သွားလုပ်ရင် ကျွန်တော်တို့ သေသွားမှာပါ။ ကျွန်တော်တို့ မရှက်ပါဘူး။ ပွင့်ပွင့်လင်းလင်း ပြောရရင် စကား တစ်ခွန်းတည်းပါ။ ကျွန်တော်တို့ မဖမ်းဝံ့ ဘူး။ ဦးပြောသလိုဆို ဒီမြွေကြီး ဖမ်းရမယ့်ပွဲဟာ အသက်လုပွဲပဲ ဖြစ်မယ်။ ကိုယ့် အသက်တစ်ချောင်းဟာ ခြေတစ်လှမ်း မမှားအောင် လှုပ်ရှားတတ်မှ ရှင်သန်ကျန်မယ့် ပွဲဆိုတော့ ဦးလည်း စဉ်းစားချင် စဉ်းစားပါ။ ကျွန်တော်တို့ ဟာ လေ့ကျင့်ထားတဲ့ မြွေယဉ်တွေ ပြပြီး စကားပြော ဟိတ်ဟန်ထုတ်၊ ဆေးရောင်းသာ လုပ်တတ်တာပါ။ ခုလို မြွေရိုင်း မြွေကြမ်းကို မဖမ်းဝံ့တာ ထပ်ဝန်ခံပါတယ်။ ဘာလို့ ထပ်ပြောရသလဲဆိုတော့ သေနိုင်တဲ့ ကိစ္စကို လေအကြွား ထုတ်ပြီး မဟုတ်ဘဲ မပိုင်ဘဲ သွားလုပ်ရင် သေချာပေါက် သေမှာမို့ပါ"

ဘွဲ့ရဆိုသော မြွေအလမ္ပာယ်ပြ ဆေးရောင်းစားသူ အကြီးလူက ပွင့်ပွင့်လင်းလင်း ပြောသည်။ အငယ်လူကလည်း ဖြီးဖြန်း မပြော။ သူ့အစ်ကို စကားကို ရိုးရိုးသားသားပင် ထောက်ခံသည်။





"ဦးပြောတဲ့ အနေဆို ဦးစိတ်ပါမှ လုပ်ပါ။ ဒီစကားဝိုင်းမှာ မခွင်းမချန် ပြောနေကြတာပဲ။ ကျွန်တော်တို့ ဘက်ကတော့ အရင် မဝယ်ဘူးတဲ့ ဈေး ပေးပါ့မယ်။ ဒီနှစ်ထဲမှာကိုပဲ ပြရမှာ ပွဲအစိတ်ကျော် ကျန်သေးတယ်။ မြွေ ရှာနေရတာနဲ့ အချိန်ကုန်၊ ဝင်ငွေလွတ် ဖြစ်ကုန်မှာ စိုးလို့ပါ။ ဒီတော့ ဒီမြွေကြီး ကို ဦးဖမ်းဝံ့ရင် ဖမ်းပေးပါ။ ငွေတစ်ထောင် ပေးမယ်"

"ညီလေး ပြောသလို ပေးရင်ကော ဦး ဖမ်းပေးမလား"

ငတော ပါးစပ်မှ မြွေတစ်ကောင် ဖမ်းပေးရုံနဲ့ ငွေတစ်ထောင် ရမယ် တဲ့။ ငွေတစ်ထောင် ရမယ်တဲ့ဟု ဖွင့်မပြော။ ရင်ထဲ၌ ငွေတစ်ထောင်၊ ငွေတစ်ထောင် ဟူသော အသံတို့ လွင့်ပျံ့နေ၏။

ယခင်က သူ မြွေဖမ်း ရောင်းခဲ့ဖူးသည်။ မြို့မှာ မြွေပွေးဈေး တစ်ထောင်ကျော်ကျော်၊ လင်းမြွေဈေး ထောင့်ငါးရာဖြစ်ဖြစ်၊ သူတို့ရွာ လာဝယ်သမျှ တစ်ကောင် သုံးရာအထိ တစ်ခါမျှ မရစဖူး။ ရှယ်ဟု ခေါ်သော ကြီးမားသည့် မြွေပွေး၊ လင်းမြွေတောင် နှစ်ရာ့ငါးဆယ်ရဖို့ အတင်းအကျပ် ပြောရသည်။ သူ့ငွေး ကုန်ရောင်း မဟုတ်။ လူမွဲ မြွေရောင်းဖြစ်ရာ နှိမ်မှန်း သိလျက်နှင့် မချိသွားဖြဲ ရောင်းခဲ့ရသည်။

ယခု ပေးသော ဈေးက ဈေးအနေဖြင့် မက်မောစရာဈေး၊ မကြုံစဖူး သော ဈေး။ မက်မက်မောမော ဖြစ်ချင်စရာဈေး။ လက်မလွှတ်ချင်စရာ ဈေး၊ ငွေကို ရေလို ငတ်သည် မဟုတ်ဘဲ၊ အသက်ရှူဖို့ လေကို ငတ်သလို ငတ်နေသော အခြေအနေ။

သို့ရာတွင် ထိုမြွေကြောင့် အသေဆိုး သေနိုင်သည်။ သား ငှက်ဖျား ဖြစ်၊ အဖေ မြွေကိုက်သေ ဖြစ်နိုင်သည်။ လုပ်ရမည့်ပွဲက စိတ်ကူးယဉ် ပွဲမဟုတ်။ အသေအကျေပွဲ။ အသက်ကို လောင်းကြေး ထားရမည့်ပွဲ။ တစ် ချက် လွဲပါက ဇုန်းဇုန်းလဲကျ၍ သေနိုင်သောပွဲ။ ထိုအသိက မင်း မိုက်ရူးရဲ မလုပ်နဲ့၊ ငွေမက်ပြီး ကိုယ့်ကိုယ်ကိုယ် သေတွင်းထဲ မပို့နဲ့ဟု သတိပေး နေသည်။

"ကျုပ် စဉ်းစားပါဦးမယ်၊ ညကျမှ ဒွေးငွေ့ကို အကြောင်းပြန်မယ်၊ အဲဒီ တည်းတာ မဟုတ်လား၊ အစစ အရာရာ ချင့်ချိန်နေရတယ်၊ သေဘေး မို့ပါ"

"ဟုတ်ပါတယ် ဦး၊ ဦးပြောတာ သဘောကျပါတယ်။ ခွင့်ပြုပါ ဦး"

ငတော စကားက ဆုတ်သာတက်သာ စကား။ လူငယ်နှစ်ဦး စကားကလည်း ယဉ်ယဉ်ကျေးကျေး။ ငွေကို မက်သော်လည်း ငန်းပုပ်ကြီးကို မျက်စိထဲ၌ မြင်ရောင်လာသဖြင့် ငတော သက်ပြင်းချသည်။ ဟာ ဖြစ်သလိုသာ ရှာတော့မယ်၊ သေမင်းမှန်း သိလျက်နဲ့ သွားမဖမ်းဘူးဟု ဆုံးဖြတ်မိသည်။ ဧည့်သည်များ ပြန်သွားချိန်၌ သူ့ အိမ်တွင်းဝင်ပြီး အိပ်မောကျနေသူ သား ငလုံးကို ငတော ရူးရူးစိုက်စိုက် ကြည့်သည်။

နနွင်းရောင်ပေါက်လျက် ဝါထိန်နေသော အသားအရည်၊ ချိုင့်ဝင်နေသော နားထင်နားရင်း၊ ငေါထွက်နေသော မေးရိုး။ ဝါးခြမ်းပြားကဲ့သို့ ရှိသည့် လည်တိုင်၊ ကြက်ပိန် ရင်အုပ်လို ငေါထွက်နေသည့် ရင်၊ ထိုရုပ်ပုံလွှာသည် တစ်ချိန်သောအခါက ကျန်းမာသန်စွမ်းပါသည်ဟု ပြော၍ ယုံကြည်နိုင်ဖွယ် မရှိသော သား ငလုံး၏ ပစ္စက္ခ ရုပ်ပုံလွှာ။

ထိုသားလေး တစ်ယောက် လောကလူ့ရွာမှ ကွယ်ပျောက် မသွားစေရန် မည်သူ့၌ အဓိကတာဝန် ရှိသနည်း။

အဖေ တစ်ယောက်၏ နူးညံ့သော နှလုံးသားကို မေတ္တာစိတ်က လွှမ်းပတ် ရစ်ခြုံလာသည်။ အကြင်နာစိတ်တို့ လှုးလွန့် နိုးထလာသည်။ ကိုယ့်အတ္တအတွက် မပါသော သန့်စင်မွန်မြတ်သည့် မေတ္တာဓာ အလျဉ် လှိုင်းတို့ ငတော ရင်တွင်း လှုပ်ခတ်လာသည်။ အဖေသွေးတို့ လျင်မြန်စွာ စီးဆင်းလာသည်။

ကျုပ်သည် ကျုပ်ကိုယ်ထက် ကျုပ်သားကို ပို၍ ချစ်ပါ၏။

ဤသစ္စာ မှန်ကန်ပြားအံ့။

သား အသက်မသေဘဲ ရောဂါ ပျောက်ပါစေသတည်း။





ဤသစ္စာ အကျိုးကြောင့် မနက်ဖြန်၌ ငန်းပုပ်ကြီးကို ကျုပ် ဖမ်းရာတွင် ဘေးကင်းရန်ကွာ၍ အောင်မြင်စွာ ဖမ်းနိုင်ပါစေသတည်း။

ငတောသည် သားကို ကြည့်၍ သူ့ နှလုံးသား တိုင်တည်ကာ သစ္စာဆိုသည်။ သားတည်းဟူသော ချစ်ခြင်းမေတ္တာစိတ်ကြောင့် သေမင်းဟု ကင်ပွန်းတပ်ထားသော ငန်းပုပ်ကြီးနှင့် အသက်လုပွဲ ဆင်နွှဲရန် ငတော ရဲရဲကြီး ဆုံးဖြတ်လိုက်သည်။

*

ခန္ဓာကိုယ်နှင့် မလိုက်အောင် မြေပြင်ကို လျှောခနဲ လျှောခနဲ ရှပ်တိုက်၍ အပြေးအလွှား လိုက်လာသော မူးဒမအိုကဇာ ငန်းပုပ်ကြီး။

ရှေ့မှပြေး၍ စိတ်ကြိုက် ဖမ်းကွင်းဆီ မျှားခေါ်နေသော အရှင်ဖမ်းမည့် မြွေဖမ်းသမား ငတော။

တောကျိုးကန်းများ ဝေါခနဲ ဝေါခနဲ ပြိုကျသံ။ တအားအား အော်မြည်သံ၊ တရှိုးရှိုး တရှဲရှဲ တောလန့်သံ၊ ဆက်ရက်ခေါင်းကွက်များ ကျွီကျွီ၊ ကျွီကျွီဖြင့် အုပ်လိုက်အော်၍ တစ်တောလုံး ဆူဆူညံညံ။

လက်မောင်းဆန့်ထုတ်၍ တစ်လံကျော်ကျော် ရှည်သော ခန္ဓာကိုယ်ကို ပေါ့ပေါ့ပါးပါး သယ်ဆောင်လျက်၊ ထမင်းစား ပန်းကန်ပြားကြီး နီးပါးရှိသည့် ပါးပျဉ်ကြီး ထောင်လိုက်လာသော ငန်းပုပ်ကြီး။ နီရဲသော မျက်စိနှစ်လုံးကို အကုန် ပြူးပြဲနေသလို ထင်ရပြီး၊ ငေါထွက်နေသည့် အစွယ်နှစ်ချောင်းက ရန်သူကို စိန်ခေါ်နေဟန် ဝံ့ကြွားကြွား။

ရှေ့မှ ပြေးနေသော ငတောသည် လွယ်အိတ်ကြီး တစ်လုံးကို ပြည့်ဖောင်းအောင် ညာဘက်၌ လွယ်ထားသည်။ ဘယ်ဘက်မှ ဓားလှံကို ဆုပ်ကိုင်၍ ပြေးနှုန်း မလျှော့။ သမင်ခြောက်ရာ၊ ယုန်တို့ ခွေးအတို့ လိုက်ရာ ပြေးနေကျခြေ ဖြစ်၍ သွက်သွက်မြန်မြန်။

- မူးဒမအိုကဇာထဲ၌ ငန်းပုပ်ကြီးကို ငတော မဖမ်းဝံ့။ ကဇာက ကျဉ်းကျဉ်းကျပ်ကျပ်။ လှည်း တစ်ခွင်စာသာ အကျယ်အဝန်း။ ဝဲယာ၌ ချုံ အပြည့်မို့ ဘယ်ဘက်မှ မလှုပ်သာ မယှက်သာ၊ မရှောင်သာ၊ မတိမ်းသာ။ ထို့ကြောင့် ဝါးဆယ်ပြန်ခန့် ဝေးသော ဝဲယာ ချုံ မရှိသည့်နေရာသို့ ငတော မျှားခေါ် နေရသည်။ ရှင်းသည့်နေရာရောက်မှ သူနိုင်ကိုယ်နိုင် အပြိုင် ကြံရမည်။ ထို့ကြောင့် ဖမ်းကွင်းသာသော နေရာရောက်အောင် ငတော ပြေးသည်မှာ မရပ်မနား၊ ငန်းပုပ်ကြီးကလည်း တရှူးရှူး၊ တရှဲရှဲဖြင့် ဒေါသတကြီး လိုက်လာသည်မှာ အားနှင့်အင်နှင့် မာန်နှင့်ဖွဲ့နှင့် မနေမနား။ ရိပ်ခနဲ၊ ရိပ်ခနဲ နေအောင် အပြေး မြန်ပါဘိတောင်း။

ငတော အကြံမှာ ငန်းပုပ်ကြီး လိုက်လာရာက စိတ်ဝင်စားစေရန် ပြေးလမ်း၌ ကြက်အရှင် တစ်ကောင်ကို ချပေးမည်။ သည်အခါ ငန်းပုပ်ကြီးက ချထားသော ကြက်ကို စိတ်ဝင်စား၍ ရပ်မည်၊ ဒေါသတကြီးဖြင့် ပေါက်မည်၊ ကိုက်မည်။

နောက်တစ်ကြိမ် ဆက်လိုက်လာက ပြေးလမ်းပေါ်၌ တောနာနတ်ကြီးပင် အလက်ကို ဖြတ်တောက်ထားသော နာနတ်လက် နှစ်တောင်ကျော်ကျော်အပြတ်အား ချထားမည်။

တောနာနတ်ကြီးပင်သည် အမျှင်များသည်။ ထိုအပင်ကို ရှေးအခါက ထုရိုက်ပြီး ချည်မျှင် ထုတ်ကြသည်။ နာနတ်ချည်မျှင်သည် ခိုင်ခံ့သည်။ ထိုအမျှင်ကို ငန်းပုပ်ကြီး ပေါက်က အစွယ်ကို ချက်ချင်း နုတ်ရမည် မဟုတ်။ သည်အချိန်မှ ငတောက ဓားလှံရိုးဖြင့် တက်ဖိပြီး အဝေးသစ်ပင်ပေါ်မှ စောင့်နေမည့် မြွေဝယ်မည့် သူများကို လှမ်းခေါ်မည်။ သူတို့ရောက်လာမှ မီးညှပ်ဖြင့် ပါးစပ်ဟကာ မြွေစွယ်ချိုးပစ်မည်။ မြွေစွယ်နေရာကို မီးပူသံပူ ချက်ချင်း ကပ်မည်ဟု ကြိုတင်ညှိနှိုင်း၍ အကွက်ချ စီစဉ်ခဲ့ကြသည်။ ထို့ကြောင့် တောနာနတ်ကြီးပင်မှ နှစ်တောင်ကျော်ကျော် ရှည်မည့် အလက် နှစ်ခု ဖြတ်၍ ငတော ယူခဲ့သည်။





ကြက်ပစ်ချရန် အချိန်ရောက် မရောက် သိနိုင်ရန် ငန်းပုပ်ကြီးကို ငတော လှည့်ကြည့်သည်။ ငန်းပုပ်ကြီးသည် ချုံနွယ်တို့ ထူထပ်ရာမှ လွန်လာပြီး အပြေး လိုက်လာကြောင်း မြင်ရသည်။

ငတော ကျေနပ်မိသည်။ သူ့ လွယ်အိတ်ထဲ၌ အတောင်ချင်း လိမ်၍ ခြေထောက် ကြိုးချည်ထားသော ကြက်ငယ် တစ်ကောင် ပါလာသည်။ ငါးဆယ်သားနီးပါး ရှိသော ကြက်ငယ်အား ငန်းပုပ်ကြီး လိုက်လာမည့် ပြေးလမ်းပေါ် သူ ချပေးလိုက်သည်။ အခြေအနေကို အဝေးမှနေ၍ ငတော အကဲခတ်သည်။

ငတော တွက်ကိန်း ကွက်တိမှန်သည်။

ငန်းပုပ်ကြီးသည် သူ လိုက်လာသော လမ်းပေါ်၌ ယက်ကန် ယက်ကန် ဖြစ်နေသော ကြက်ကို အာရုံ ပြောင်းသွားသည်။ ငတောကို ဆက်မလိုက်တော့ဘဲ ကြက်နှင့် မလှမ်းမကမ်း၌ ရပ်သည်။

မလှမ်းမကမ်းတွင် ရပ်နေသော ငန်းပုပ်ကြီးသည် သူ၏ အကျင့် စရိုက် အတိုင်း ချက်ချင်း မကိုက်သေး။ မပေါက်သေး။

သူ ပေါက်မည့် ကြက်ကို ထိနိုင် မထိနိုင် ချိန်ဆသည်။

ကြက်ကို ထိနိုင်လောက်သည့် နေရာ ရောက်သောအခါ ပါးပျဉ်းကို ရှေ့ကိုးနောက်ငင် လုပ်လျက် ပေါက်ရန် အားယူသည်။

ပေါက်ရန် အားယူရာ၌ သူ့ပါးပျဉ်းကို နောက်သို့ အနည်းငယ် ညွတ်၍ ညွတ်၍ ပေးသည်။ နောက်သို့ ညွတ်၍ ညွတ်၍ ပေးကာ ရှေ့သို့ ပြန်ဆန့်ပြီးမှ ကြက်ကလေးကို အားကုန်ပေါက်သည်။ ပေါက်ချက်မှာ ထိလှ၊ ပြင်းလှသဖြင့် ကရှော ကရှော ဟု နှစ်ခွန်းသာ မြည်နိုင်ပြီး ကြက်ကလေး ဆံ့ငင် ဆံ့ငင်။

ငတော စိတ်၌ "မင်းနဲ့ တောနာနတ်ကြီးလက်နဲ့ တွေ့ရင် မင်း အဖမ်း ခံရမယ့် အလှည့်ရောက်မှာပါကွာ။ မင်း ငါ့အကြောင်း သိမှာပါ" ဟု ကြုံးဝါး ပြီး အသံပေးလိုက်သည်။

ငတော အသံပေး၍ ခေါင်းထောင်ကြည့်ရာမှ ငန်းပုပ်ကြီးသည် ငတောကို မြင်သွား၏။ ငတောကို မြင်သောအခါ ကြက်ဆီဦ ငန်းပုပ်ကြီး အာရုံ မရှိတော့။ ငတောဘက် အာရုံ လှည့်သွားပြီး ဒေါသတကြီးဖြင့် ရပ်နေရာမှ အပြေး လိုက်လာပြန်သည်။

လိုက်လာစေချင်၍ အသံပေးသော ငတောသည် ရှေ့မှ ပြေးယောင် ပြုရာ ငန်းပုပ်ကြီးက သဲသဲမဲမဲ လိုက်သည်။ လွယ်အိတ်ထဲမှ တောနာနတ်ကြီး အလက်ပြတ် တစ်ပြတ်ကို ငန်းပုပ်ကြီး ပြေးလာရာ လမ်းရှေ့ ချလိုက်သည်။ ကျားနှင့်ဆင် လယ်ပြင်အတွေ့ကွပ ငတော ကြိမ်းဝါးသည်။

ငန်းပုပ်ကြီး ချထားသော အလက်ကို ပေါက်မည်။ အလက်ကို ပေါက်သည့် အချိန်၌ အစွယ်နှင့် ချိတ်မိနေမည်။ အစွယ် ဖြုတ်မရခင် ဖမ်းမည် ဟူသော မူလအတွက်အဆဖြင့် ငတော ပြေးရှိန် လျှော့၍ သမင်လည်ပြန် အကြည့်ဖြင့် ငန်းပုပ်ကြီးကို ငတော ကြည့်သည်။

လွှဲပါမင့်လား။ ငတော တွက်ကိန်း လွဲလိုက်သည်မှ သွက်သွက်ခါအောင် လွဲသည်။ သက်ရှိသတ္တဝါ ကြက်နှင့် သက်မဲ့ တောနာနတ်လက်ကို တန်းတူထား တွက်ရာ အတွက် အများကြီး လွဲသည်။ သက်ရှိသတ္တဝါ ကြက်ကိုသာ စိတ်ဝင်စား သော်လည်း သက်မဲ့ တောနာနတ်လက်ကို ငန်းပုပ်ကြီး လုံးဝ စိတ်မဝင်စား။ တောနာနတ်လက်ပေါ် ဖြတ်ကျော်ကာ ငတောကို လိုက်ရေး ကိုက်ရေးသာ အာရုံကျပြီး ပါးပျဉ်းကြီး ထောင်လျက် တရကြမ်း လိုက်လာသည်။ အသင်လူသား ပြေးနိုင်က ပြေးဟု ဟစ်ကြွေးနေသလို ထင်ရ၏။

မိမိ ထင်ကြေး မကိုက်သောအခါ တွက်ကိန်း လွဲသွားသည့် ငတော ဘာဆက်လုပ်ရမည် မသိ။ အပြေး လိုက်လာသော ငန်းပုပ်ကြီးကို တစ်ခါမှ မမြင်ဘူးသလို ကြည့်ကာ ယောင်နန ကြောင်စီစီ။

အလွန် နီးကပ်လာမှ 'ပြေး...ပြေး မင်း မသေချင်ရင် ပြေး။ ပြေးတော့





ခုချက်ချင်း ပြေးတော့' ဟု ငတော သူ့ကိုယ်သူ သတိပေးပြီး ပြေးရသည်။ ငန်းပုပ်ကြီးက သတိရှင်ရှင် ပြေးအား ကောင်းကောင်းနှင့် ငတော ပြေးရာ နောက် အတင်း လိုက်လာသည်။

ငတော ကံဆိုးခြင်းမှာ သူ့ ပြေးလမ်း၌ရှိသည့် မြက်ခြောက်၊ သစ်ရွက်ခြောက် ဖုံးနေသော တောင်ပို့ တွင်းဟောင်းကို မသိခြင်း၊ မမြင်ခြင်း၊ ဂရုမပြုမိခဲ့ခြင်းပင်။

ကြောက်အားလန့်အားနှင့် ငတော အပြေး၌ တောင်ပို့ တွင်းဟောင်း ထဲ ခြေကျွံဝင်ကာ ငတော ပစ်လဲကျသွားသည်။ လွယ်အိတ်ထဲမှာ ကျန်ရှိနေသော တောနာနတ်လက်ပြတ် တစ်ခုက သူ့ညာဘက်ဘေး ကျပြီး ဓားလွှံက လွင့်စဉ် ထွက်သွားသည်။ လွယ်အိတ်တခြား လူတခြား ဓားလွှံတခြား ဖြစ်သွားသော်လည်း ငတော သတိမလစ်။ သို့ကျောင်းသား လဲကျရာသို့ ရောက်လာပြီး ငန်းပုပ်ကြီးက ကိုက်သတ်ဖူးသဖြင့် ထိုသို့ ကိုက်သတ် မခံရ စေရေးအတွက် သူ ထပြေးရလိမ့်မည်။

ငန်းပုပ်ကြီး ဘယ်နေရာ ရောက်နေပြီလဲဟု ငတော လဲကျရာမှ အထိတ်တလန့် ကြည့်သည်။

ဘုရား...ဘုရား... ဘုရား...ဘုရား။

ငတော ဘုရား တမိသည်။ ငန်းပုပ်ကြီးသည် သူ့လက်တစ်ကမ်း အကွာ၌ ရောက်ရှိနေပြီ။ သူ့ကို ပေါက်သတ်ရန် ချိန်ရွယ်နေပြီ။

ငတောကို ပေါက်ရန်အတွက် ငန်းပုပ်ကြီး၏ ပါးပျဉ်းသည် နောက်သို့ ညွှတ်ကာ ညွှတ်ကာ အားယူနေသည်။ ကိုယ်ကို ရှေ့ဆန့်လိုက်လျှင် လဲကျနေသော ငတော၏ ခြေသလုံး တည့်တည့်သည် ငန်းပုပ်ကြီး၏ အစွယ် ကျရောက်သည့်နေရာ ဖြစ်သွားမည်။

ဤသို့ ငတော အသေ မခံနိုင်။ ရသမျှ လျှပ်တစ်ပြက် မျက်တောင် တစ်ခတ် အချိန်လေး၌ သူ့ကိုယ်ကို ငန်းပုပ်ကြီး ပေါက်ချက်နှင့် ဝေးရာသို့

ရောက်ရှိစေရန် လဲကျလျက်မှပင် ဘယ်ဘက်သို့ အားကုန်အင်ကုန် ပစ်လိုမ့်သည်။ တစ်လိမ့် နှစ်လိမ့် သုံးလိမ့် လေးလိမ့် ငါးလိမ့်။

ငတော ပစ်ခတ် လိမ့်စဉ် ခြေထောက်က ညာဘက်၌ ကျနေသော တောနာနတ်ကြီးလက်ကို ကလော် ထုတ်သကဲ့သို့ ဖြစ်သွားပြီး ငန်းပုပ်ကြီး ပေါက်ကွင်းအောက် ရုတ်ခြည်း ရောက်သွားသည်။ ရုတ်ခြည်းရောက်လာသော တောနာနတ်ကြီးလက်ကို ငန်းပုပ်ကြီးက အားကုန်အင်ကုန် ပေါက်ရာ ဖျောက်ခနဲ မြည်သံပေးသွားသည်။ တိုက်ရိုက်ပင် တည့်တည့်ပေါက်မိသည်။

သွေးရူးသွေးတန်းဖြင့် လူးလိမ့်ရာမှ အထ ငတော မြင်လိုက်ရသော မြင်ကွင်းမှာ မယုံကြည်နိုင်စရာ။

တောနာနတ်ပင် အလက်ပြတ်ကြီးကို အစွယ် ချိတ်မိသဖြင့် အစွယ် ပြန်နုတ်ရရန် ဖုန်းတထောင်းထောင်း ထသည်အထိ အမြီး ရိုက်ခတ်လျက် ကြိုးစားနေသော ငန်းပုပ်ကြီး။ ငန်းပုပ်ကြီးမှာ အခက်အခဲ အကျပ်အတည်း တွေ့နေ၍ ကြိုးကြိုးစားစား ဆန့်ရုန်းနေသည်။

ထိုအကွက်ကို တမင် ဖန်တီးစဉ်က မရ။

မမျှော်လင့်မှ ရလာသော ငတောသည် လက်လွတ် မခံ။ ငန်းပုပ်ကြီးကို အရအမိ ဖမ်းနိုင်ရေးအတွက် လျင်မြန်စွာပင် ဆက်တိုက် စဉ်တိုက် လှုပ်ရှားသည်။ မိမိရရ ဖမ်းသည်။

ငန်းပုပ်ကြီးကို အရှင်ဖမ်းပြီး မြွေအလမ္ပာယ် ဆရာကို အပ်ပြီးသော အခါ ငတော တစ်ကိုယ်လုံး ဖုန်အလူးလူး ချွေးအလူးလူး။ ငုတ်ထိုးမိရာများမှ သွေးအလူးလူး။ ဆူးခြစ်၊ ဆူးစူးသော ဒဏ်ရာများမှလည်း သွေး တရဲရဲ။ ရင်မှာ ပင်ပန်းလွန်းလှသဖြင့် ဖားဖိုကြီး ထိုးသလို ဖောင်းလိုက် ပိန်လိုက်၊ ပိန်လိုက် ဖောင်းလိုက်နှင့် တရှုးရှုး တရှဲရှဲ မောလွန်းသဖြင့် အသက်ရှူ မဝ။ နှာခေါင်းနှင့်သာမက ပါးစပ်ဟ၍ပါ အသက်ရှူသည့်အခါ ရှူရသည်။ ခြေကုန်လက်ပန်းကျကာ တစ်ကိုယ်လုံးမှ အင်အားများကို





နုတ်ယူခံရသလို ဖြစ်သွားသည်။ မထိုင်နိုင်ဘဲ မြေကြီးပေါ် ပက်လက်လှန်ကာ အသက်ကို အငမ်းမရ ရှူရသည်။

မြွေအလမ္ပာယ်ဆရာ နှစ်ဦးမှာ ယာယီ ပခြုပ်ကြီး၌ ငန်းပုပ်မြွေကြီးကို ခက်ခက်ခဲခဲ သွင်းပြီးသည့်တိုင် ရင်ခုန် မပြေသေး။ စိတ်လှုပ်ရှားမှု မပြသေး။ မြေပြင်ပေါ်၌ အရုပ်ကြိုးပြတ်ပမာ လဲ့၍ အပင်ပန်း လွန်နေသော ငတော ဘေးသို့ လျှောက်လာပြီး အသိအမှတ်ပြု၊ ဂုဏ်ယူသော အကြည့်ဖြင့် လေးလေးစားစား ကြည့်ပြီး ချီးကျူးသည်။

“ဦးရယ်...ဦး ပြောစက ဒီမြွေကြီး ဒီလောက် ကြီးမှန်း၊ ကြမ်းမှန်း၊ လှမှန်း ကျွန်တော်တို့ မထင်မိခဲ့၊ မသိမိခဲ့ဘူး။ ဒီလောက် ရဲတင်းမှန်း၊ ရမ်းကားမှန်း၊ ရန်လိုမှန်းလည်း မသိခဲ့ဘူး။ လက်တွေ့ တွေ့လာမှ မြွေနဲ့ အလမ္ပာယ် ပြစားနေတဲ့ ကျွန်တော်တို့တောင် ရင်ခုန်တယ်၊ စိတ်လှုပ်ရှားတယ်။ ဦးမို့သာ ဖမ်းဝံ့တယ်။ ဦးဖမ်းတဲ့ မြွေကြီးက ကျွန်တော်တို့ ထင်တာထက် အများကြီးကြီး၊ အများကြီးလှ၊ အများကြီး ကြမ်းလို့ အရင်က ပေးမယ်ဆိုတဲ့ ငွေတစ်ထောင်အပြင် နောက်ထပ် သုံးရာ ကန်တော့ပါဦးမယ် ဦးရယ်။ ဦးလို သတ္တိကတော့ မတစ်ထောင် တစ်ကောင်ဖွား၊ ရှားကိုရှားတဲ့ သတ္တိ၊ ဦး သတ္တိ သိပ်ကောင်းတယ်”

ငတော နားထဲ လေတဝူးဝူး ထွက်အောင် ပင်ပန်းနေ၍ မြွေအလမ္ပာယ် ဆရာတို့၏ စကားကို ကြားသော်လည်း နှုတ်မှ ပြန်မပြောနိုင်။ ငတော နှလုံးသားကသာ စကားပြောနိုင်သည်။

“ဦး သတ္တိ သိပ်ကောင်းလွန်းလို့ စွန့်စွန့်စားစား လုပ်တာ မဟုတ်ပါဘူး ကွယ်။ ဒီမြွေကြီး မဖမ်းခင်မှာ ဦးနှလုံးသားကို တိုင်တည်ပြီး ကျုပ်သည် ကျုပ်ကိုယ်ထက် ကျုပ်သားကို ပို၍ ချစ်ပါ၏။ ဤသစ္စာ မှန်ကန်ပြားအံ့။ သား အသက်မသေဘဲ ရောဂါ ပျောက်ပါစေသတည်း။ ဤသစ္စာ အကျိုးကြောင့် မနက်ဖြန်၌ ငန်းပုပ်ကြီးကို ကျုပ် ဖမ်းရာတွင် ဘေးကင်းရန်ကွာ၍ အောင်မြင်စွာ ဖမ်းနိုင်ပါစေသတည်းလို့ အဖေတစ်ယောက်အနေနဲ့ သား

ရန်အောင်စာပေ-၂

ကလေးကို ချစ်တဲ့ဓောနဲ့ သစ္စာဆိုခဲ့ပါတယ်။ ကျုပ် သေရင်သာ သေပါစေ တော့၊ ကျုပ် သားလေးအတွက် သေနိုင်မှန်း သိလျက်နဲ့ အဖေ ဖြစ်တော့ သေမင်းနဲ့ တုဖက် အသက်လုရတာပါကွယ်။ ဦး သတ္တိ သိပ်ကောင်းလွန်းလို့ မဟုတ်ပါဘူး။ သားကို သိပ် ချစ်လွန်းလို့ပါ။ အဖေမို့ပါ"

❖







# အသက်ကယ်ပွဲ

"အဖေ...အဖေ၊ မြောက်ထဲမှာ မီးသရဲ မီးသရဲ၊ ကျုပ်တို့ဆီ တန်းတန်းမတ်မတ် လာနေပြီ၊ ကျုပ်တို့ ဘယ်လို လုပ်မလဲ၊ လာနေပြီဗျ လာနေပြီ၊ လာတာမှ ဒုန်းတိုက်ပဲ"

သားဖြစ်သူ ငလုံးက တုန်လှုပ်ချောက်ချားစွာဖြင့် အဖေဖြစ်သူ ငတောကို အငမ်းမရ ပြောသည်။ ဟုတ်သည်။ ငတော လှမ်းကြည့်လိုက်သည့်အခါ ထမင်းစား စားပွဲ ခပ်လတ်လတ် အရွယ်လောက်မျှရှိသော မီးလုံးကြီးသည် လူတစ်ရပ်ကျော်ကျော်ခန့် အမြင့်မှ ငတောတို့ရှိရာ တောင်အရပ်ဆီသို့ အရှိန်ပြင်းထန်စွာဖြင့် တန်းတန်းမတ်မတ်ပင် ပြေးလာနေသည်။

ငတောနှင့် ငလုံးတို့ ယနေ့ည ရောက်ရှိနေသော တောမှာ ချိုင့်ကြီးရွာနှင့် တစ်တိုင်(နှစ်မိုင်)ခန့် ဝေးသည့် ကျားသေတောရိုးဖြစ်သည်။ ကျားသေတောရိုးသို့ ယနေ့မနက်က ငတောတို့ စတင် ရောက်ရှိသည်။ အဓိကကတော့ မှိုရှာပါပဲ။

လွန်ခဲ့သော သုံးရက်ကတည်းက ငတောနှင့်ငလုံးတို့ မှိုရှာရာသီဖြစ်၍ မှိုရှာထွက်ခဲ့သည်။ သုံးရက်လုံးလုံး ရှာသည့်တိုင် စီးပွားဖြစ် ရောင်းချရန် မှိုရဖို့ ဝေးလေစွ။ ဟင်းစားမှိုပင်လျှင် မရ။

ရန်အောင်တာပေ-၂

မှိုရှာရာ၌ မှိုများစွာကို ငတောတို့ တွေ့ခဲ့သည်။ တွေ့ရသည့် မှိုများထဲတွင် ခြေချင်းပါသောမှို၊ အရောင်အသွေး ဆန်းပြားသောမှို၊ အတွန့်တွန့်အလိပ်လိပ် အထပ်ထပ်ဖြင့် ပန်းပွင့်လှလှ ပွင့်သကဲ့သို့ ပွင့်နေသော မှို၊ အရိုးခြေမွကြည့်က မည်းသွားသော မှိုတို့လည်း ပါခဲ့၏။ မှိုအနီး၌ သတ္တဝါငယ်လေးများ အများအပြား သေဆုံးနေသော မှိုတို့လည်း ပါခဲ့၏။ ထိုမှိုအားလုံးသည် စားကောင်းသည့် မှိုများမဟုတ်၊ စားဖြစ်သည့် မှိုများ မဟုတ်။ အဆိပ်မှိုများဖြစ်ရာ ငတောတို့ မနုတ်ဝံ့။

သုံးရက်မြောက်သော နေ့တွင် ငတောတို့ ဝမ်းသာလုံးဆို့အောင်ပင် မိုးနံ့ချုံနှင့် ချင်းရဲချုံများ အောက်၌ ပေါက်နေသော ငှက်ဖွေစာ မှိုများကို ဘွားခနဲ တွေ့လိုက်သည်။ ပဲကြီးဟင်းကို ရှုပ်ချင်သည်၊ နှုတ်ခမ်းမွေးကို အနုတ် ခံဝံ့ မခံဝံ့။ မှိုမျှစ်ကို နုတ်ချင်သည်။ ကျဉ်တုပ် ခံဝံ့ မခံဝံ့ လုပ်မနေ။ ခါချဉ်တုပ်တုပ် မတုပ်တုပ် ချုံကို ဓားနှင့်ခုတ်၊ ဆူးခက်ရှင်းပြီး ကြည့်မိမှ ခဲလေသမျှ သဲရေကျ ဖြစ်ရပါဘိကောင်း။

ငှက်ဖွေစာ မှိုများ အားလုံးသည် ထီးဝန်းကြီးများ ဖွင့်ထားသကဲ့သို့ ကားအက်နေအောင် အစွမ်းကုန် ပွင့်နေကြသည်မှာ အားရစဖွယ် မှန်ပါ၏။ သို့ရာတွင် အချိန်လွန် ရင့်ရော် ရှုပိုးစား၍ ရှိနေသော မှိုများဖြစ်ရာ ထိလိုက်လျှင် မှိုရွက်တို့ ပွဲပွဲကျသည်။ မပွဲသော မှိုရွက်တို့မှ ရွတဖွားဖွား၊ မွှားတရုန်းရုန်း။ မှိုအားလုံး တစ်ပွင့်တစ်ရိုးမှ စားသုံးမရ။ မချင့်မရဲဖြစ်ကာ ပြန်ခဲ့ရသည်။

ငတောတို့သည် လက်လုပ်လက်စား တောသူတောင်သား အညာဆင်းရဲသားများ ဖြစ်သည်။ လက်လှုပ်ခြေလှုပ်၊ ကိုယ်လှုပ် ခေါင်းလှုပ်မှ ထမင်း ဝသူများ၊ မိသားတစ်စု ရပ်တည်ရသူများ၊ ကြုံရာ လုပ်ကိုင်စားရသော ပျံကျလုပ်သားများ ဖြစ်သည်။ ထို့ကြောင့် မှိုရှာသော ရာသီမှာ မှိုမရသေးသည့်တိုင် နောက်ဆုတ်၊ ခေါင်းကုတ်၊ လက်လျှော့နေ၍ မဖြစ်နိုင်။





မှိုရှာမှ မှိုရ၊ မှိုရမှ မှိုရောင်း၊ မှိုရောင်းမှ ငွေဝင်၊ ငွေဝင်မှ စားဝတ်နေရေး ပြေလည်သူများပီပီ ယနေ့မနက်လည်း မှို ဆက်ရှာမြဲ ရှာရသည်။ သည်တစ်ခါ မှိုရှာရာ၌ ရွာနှင့် တစ်တိုင်ခန့်ဝေးသော ကျားသေတောရိုးအထိ ရောက်သည်။ ကျားသေတောရိုးရှိ နဘူးပင်၊ နံ့ပဲပင်၊ ဂျပ်တက်ပင်နှင့် ကျားလျှာ ချုံတန်းများထဲမှ ငှက်ဖွေစာမှိုများကို ငတောတို့ တွေ့သည်။ မှိုအများစုက ပွင့်လုဆဲဆဲများ၊ မှို အနည်းငယ်က အငုံ ရင့်ရင့်ကြီးများ။

သည်ပွင့်လုဆဲဆဲ မှိုများ၊ အငုံကြီးများကို မနက်ခင်း တွေ့စ ကတည်းက နုတ်လျှင်လည်း ဖြစ်သည်။ သို့ရာတွင် ရောင်းပန်း မလှသေး။

မြို့မှိုဖောက် သည်သွင်းရာတွင် အပွင့်ကားကား၊ လတ်လတ်ဆတ်ဆတ်ကြီးများ ဖြစ်မှ ဈေးကောင်းပေးသည်။ မပွင့်တပွင့်မှို၊ မှိုငုံမှိုဖူးဖြစ်က ဈေးများစွာ နှိမ်သည်။ အချိန်ကလည်း မနက်ရထားမီချိန် မဟုတ်တော့သဖြင့် ရသမျှမှိုကို နုတ်သွားဦး၊ မြို့ဈေး ပို့ရန် မလွယ်။ ရွာ မှိုဈေးက မြို့မှိုဈေးထက် သုံးပုံတစ်ပုံ နည်းပြီး မှိုအဝယ်တော်က ဝယ်သည်။ မှိုအဝယ်တော်ဝယ်သော ဈေးနှင့်လည်း အနှိမ်ခံပြီး ငတောတို့ မရောင်းချင်။

မှို အကြောင်းကို ငတောရော ငလုံးပါ သိထားသည်။ သည်မှိုများကို ယနေ့ တစ်နေကုန်နှင့် ညတစ်ဝက်ကျော် ထားက အားလုံးနီးပါးပင် အပွင့်ကားကားကြီးများ ဖြစ်သည်အထိ ပွင့်မည်၊ ရောင်းပန်း လှမည်။ ကြက်ဦးတွန်ခန့်၌ မှိုနုတ်၍ ရွာပြန်က အရုဏ်တက်သာသာ၌ ရွာ ပြန်ရောက်နိုင်သည်။ နောက်နေ့ ရထားလည်း အချိန်မီမည်။ မှိုလည်း လတ်လတ်ဆတ်ဆတ် ရှိမည်။ ရောင်းပန်းလည်းလှ ဈေးလည်း ရမည်။

ဤသို့ ဈေးကောင်းရစေရန် မည်ကဲ့သို့ လုပ်ရမည်ဟူသော အဖြေက ရှင်းရှင်းလင်းလင်း။ တစ်နေကုန်နှင့် တစ်ညအထိ မှိုအနီးမှ မခွာဘဲ စောင့်ရုံပင်။ ငတောက နဘူးပင်၊ နပဲပင်၊ ဂျပ်တက်ပင်နှင့် ကျားလျှာချုံတို့ကို ရှင်းလင်းရန် တော၌နေခဲ့ပြီး မနက်စာနှင့် ညစာ ထမင်းယူရန် ငလုံးကို ချိုင့်ကြီးရွာ ပြန်လွှတ်သည်။ ငလုံး ပြန်လာသောအခါ တောလိုက်

ဘက်ထရီမီး၊ ထမင်းထုပ်၊ ကွမ်းထုပ်၊ ရေဘူး အပြည့်အစုံ ပါလာပြီး ညအိပ် စောင့်သည်။ ညအိပ် စောင့်နေစဉ် မီးလုံးကြီးပြေးလာရာ အတွေ့အကြုံ မရှိသော ငလုံးက စွတ်အော်သည်။

"အဖေ... အဖေ၊ ဘယ်လို လုပ်မလဲဗျ၊ မီးသရဲကြီး ကျုပ်တို့နဲ့ နီးနီး လာပြီ၊ ဘယ်လို လုပ်မလဲ"

"ဘယ်လိုမှ လုပ်မနေနဲ့၊ ထိုင်ချင်ထိုင် ထချင်ထ၊ အတွေ့အကြုံ ရှိအောင် ကြည့်"

ဟုတ်သည်။ ငလုံး ချောက်ချား ကမ္ဘာပျက်သလို ဖြစ်နေသော်လည်း ငတောက ကွမ်းဝါးပင် မပျက်။ မီးလုံးကြီးကလည်း မီးတောက် မီးလျှံများဖြင့် အားသာ ပိုကောင်းလာသည်။ အပြေး မရပ်။

ငတောအဖို့ သည်အတွေ့အကြုံမျိုး များလှပါပြီ။ ငယ်ငယ်တုန်းက တော့ ရွာအပြင် တောများ၊ တောင်များ၊ ယာမြေများထဲ၌ ယခုကဲ့သို့ မြောက်မှတောင်၊ တောင်မှမြောက်၊ အရှေ့မှအနောက်၊ အနောက်မှအရှေ့ ပြေးလွှားလေ့ ရှိတတ်သော မီးလုံးကြီးများကို မီးသရဲဟု လူကြီးသူမများက ပြော၍ အဟုတ် ထင်ခဲ့ဖူးသည်။ မီးသရဲက မီးလင်ပန်းကြီး ရွက်ကာ ပြေးနေ သည်။ လူနှင့်တွေ့ပါက မီးလင်ပန်းကြီးဖြင့် ပစ်ပေါက်၍ လူစင်စစ်က မီးသရဲ ဖြစ်သွားသည်။ မီးသရဲက သရဲဘဝမှ ကျွတ်သွားသည်ဟု ပြောကြ ဆိုကြ သည်။

ငတောလည်း သည်မီးလုံးကြီးမျိုးနှင့် တောထဲတောင်ထဲမှာ တစ် ယောက်တည်း တွေ့စက လုံး လန့်သလို လန့်ဖူးသည်။ တွေ့စက ဝမ်းလျား မှောက် နေရသည်။ မော့ မကြည့်ဝံ့။ ဝမ်းလျားမှောက်၍ သမင်လည်ပြန် သုံးလေးခါ စမ်းကြည့်ပြီးမှ ဝမ်းလျားမှောက်လျက် မော့ကြည့်ဝံ့သည်။ ဝမ်းလျားမှောက်၍ ဘာမျှ မဖြစ်သည်ကို သုံး လေးကြိမ် ကြုံတွေ့ပြီးနောက် နောင်တွေ့သောအခါ ငုတ်တုတ်ထိုင် ကြည့်ဝံ့သည်။ ငုတ်တုတ်ထိုင် ကြည့်၍ ဘာမျှ မထူးခြားမှ နောက်နောင်တွေ့လျှင် မတ်တတ်ရပ် ကြည့်သည်။ ဘာမျှ





မဖြစ်မှန်း သေချာသည့်အချိန်၌ မတ်တတ်ရပ်ရင်း၊ ကွမ်းဝါးရင်း ရပ်ကြည့် မိသည်။

မီးတောက်နေသော မီးညွန့်၊ မီးလျှံများ၏ အရောင်ကဲ့သို့ နီနီရဲရဲ အလုံးကြီးဖြစ်၍ မီးသရဲ ခေါ်သူကခေါ်၊ မီးလုံးကြီး ခေါ်သူကခေါ် သော် လည်း ရပ်တန့်နေသည် မဟုတ်သဖြင့် မည်သူမျှ တိတိကျကျ ရေရေရာရာ သက်သေ သက္ခာရဖြင့် မပြောနိုင်ကြ။ မီးလုံးကြီးတော့ မီးလုံးကြီးပါပဲ။ ဝါးတစ်ရိုက် နှစ်ရိုက်မှနေသည့်တိုင် လူကို လာမပူ။ မီးလုံးကြီး ဖြတ်ကျော် သွားရာ ချုံပုတ်များ၊ သစ်ပင်များကို ငတော လိုက်ကြည့်ခဲ့ဖူးသော်လည်း မီးဟပ်သလို လောင်သလို ညှိုးခြင်း၊ ခြောက်ခြင်း၊ လိမ်ခြင်း၊ ကောက်ခြင်း မရှိ။ ငတောကလည်း သူ့အလိုအလျောက် ပြေးလွှားနေသော မီးလုံးကြီးကို ဘယ်သောအခါမျှ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ပေါက်ခြင်း၊ ပစ်ခြင်း မလုပ်။ မီးလုံးကြီးကလည်း သူ့လမ်းကိုသာ သူမျက်စိ တစ်ဆုံး ဖြတ်ပြေး တတ်သည်။ လူကို ဒုက္ခပေးခြင်း၊ အခြား သက်ရှိသတ္တဝါကို ဒုက္ခပေးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြောက်လှန့်ခြင်းကို ငတော မတွေ့ခဲ့စဖူး။ သည် အတွေ့ အကြုံအရ ငတောက မတုန်လှုပ်သော်ငြား သားဖြစ်သူ ငလုံးအဖို့ အတွေ့အကြုံ မရှိသေးသဖြင့် ရင် တထိတ်ထိတ်။

ရင်တထိတ်ထိတ်နှင့် နေသော ငလုံးနှင့် ဝါး တစ်ဆယ့်လေးငါးပြန် အဝေးမှပင် မီးလုံးကြီးသည် မြောက်မှတောင်သို့ အရှိန်ပြင်းပြင်းဖြင့် အကန် ခံရသည့် ဘောလုံးကြီး ပြေးသလို ပြေးသွားသည်။ မည်သည့် အသံမျှတော့ မမြည်။ ပထမဦးဆုံး အတွေ့အကြုံ ဖြစ်သဖြင့် ကိုယ့်မှာ ဘာမျှ လာမဖြစ် သည့်တိုင် ငလုံး ရင်ခုန်မပြေ။

"တောက်.... ထူးဆန်းလိုက်တာ အဖေရာ၊ ကျုပ်လို တောထဲ တောင်ထဲ ညအိပ် ထွက်နေကျသူတောင် တအံ့တဩပဲ၊ မတွေ့ဖူးတော့ လန့်လိုက်တာ အရမ်းပဲ၊ အဖေ ဒါမျိုး ခဏ ခဏ တွေ့ဖူးသလား"

"တိုက်ဆိုင်ရင် တွေ့တတ်ပါတယ်၊ မင်းက လန့်လို့သာ လန့်တာ

ပါကွာ၊ တို့အညာ မီးလုံးကြီးတွေက သူတော်ကောင်း မီးလုံးကြီးတွေပါ၊ မင်းတို့ ငါတို့ ဆရာ၊ ဆရာ တွင်းကြီးဝမ်းမောင် ကိုယ်တိုင် မီးလုံးကြီးတွေ လှေလာရအောင် တစ်ဆယ့်လေးငါးပတ်လောက် အဖေ့နောက် ပတ်ပတ် လိုက်ရင်း ပြောဖူးတယ်၊ သူ ဆယ်တန်း ကျောင်းသားတုန်းက ချောင်းဦး အထကမှာ စာသင်ရင်း မြန်မာစာထဲမှာ ပင်လယ်မီးလုံးကြီးတွေအကြောင်း သင်ရသတဲ့ကွ၊ ပင်လယ်မီးလုံးကြီးတွေဟာ လှေပေါ်ကျရင် မီးလောင်သတဲ့၊ လှေသားအချင်းချင်း အထင်မှား ဓားနဲ့ခုတ်သတဲ့၊ မီးလုံးကြီးစွဲရင် တစ်ခါ တစ်ခါ မိုးကြိုးလည်း ပစ်သတဲ့ဗျ၊ ဒါနဲ့စာရင် တို့အညာ မီးလုံးကြီးတွေက လူကို ဘာမှ ဒုက္ခမပေးဘူး၊ ဒါကြောင့် သူတော်ကောင်း မီးလုံးလို့ အဖေ ပြောတာပေါ့၊ ဒါတောင် အခြောက်တိုက် သက်သက်မဲ့ နာမည်ပျက်ဖို့ ကြံလာ တော့ မီးသရဲ ပြောသူက ပြောရဲ့၊ သားတို့ အဖေတို့ ပြတ်သားအောင် ခံယူ တတ်ဖို့က တောရဲ့ လျှို့ဝှက်ချက်၊ တောင်ရဲ့ လျှို့ဝှက်ချက်၊ သဘာဝရဲ့ လျှို့ဝှက်ချက်ကို ငါတို့ အကုန်မသိသေးဘူး၊ ငါတို့ မသိနိုင်တာ၊ ဉာဏ်မမီ သေးတာ၊ မတွေ့ဖူးသေးတာတွေ အများကြီး ရှိသေးတယ်၊ မျက်စိဖွင့်၊ နားစွင့် ထားပြီး သတိ အမြဲရှိရမယ်ဆိုတဲ့ အချက်ကို မမေ့ဖို့ဘဲ၊ တောထဲတောင်ထဲ ရောက်နေတဲ့ လူဟာ သတိ အမြဲရှိရတယ်၊ ကဲ…ကဲ သားအိပ်ချင်လည်း အိပ်ဦး၊ အဖေ စောင့်နေမယ်၊ ည ဆယ်နာရီလောက်တော့ ရှိရော့မယ်"

ငတောက ဝင်လုဆဲဆဲ လခြမ်းလေးကို ကြည့်၍ အချိန်မှန်းဆသည်။ ဟုတ်သည်။ လပြည့်ရက်နှင့် လပြည့်ကျော်စ ရက်များ၌ လမင်းသည် အရှေ့မှ ထွက်၍ အနောက်သို့ ဝင်သည်။ ယခုကဲ့သို့ လဆန်း ငါးရက်၌ အနောက်တောင် ယွန်းယွန်းမှ လခြမ်းငွေလောင်းလှေလေး ပေါ်ထွန်းလေ့ရှိပြီး နေဝင်ဖျိုးဖျ၌ နေရောင်လည်းပျောက် လရောင် တောက်လေ့ရှိသည်။ လဝင် တော့လည်း ဆယ်နာရီကျော်ကျော်တွင် ဝင်သည်။ ဤသည်ကို တောခလေ့ သတိထားသော ငတောက ရည်ညွှန်း ပြောဆိုသည်။

မြေကြီးပေါ်တွင် ပုဆိုးစုတ်လေးခင်းပြီး ကျောချ အိပ်ပျော်သွားသော





ငလုံးသည် မည်မျှ အိပ်မောကျသွားသည် မသိ။ သူ့အဖေက အတင်းလှုပ် နှိုးသဖြင့် ကပျာကယာထပြီး ကြည့်မိသော အချိန်တွင် တောလိုက် ဘက်ထရီ မီးကို လင်းထိန်နေအောင် သူ့ အဖေက ဖွင့်ပြီး ဝါး သုံး လေး ရိုက်ကွာဝေး သည့် အနောက်ဘက်သို့ ဖီးစွတ်ထိုးနေသည်။ တောသတိဖြင့် နားထောင်ရာ အနောက်အရပ်ဆီက တရှီးရှီး အသံများကို ငလုံး ကြားရသည်။

"ငလုံး…စောစောက မီးလုံးကို မင်းမပေါ့နဲ့၊ ကိုယ့်ဆီ စွတ်တိုးလာရင် ရိုက်သာရိုက်၊ အဖေ့ဆီ စွတ်တိုးလာလည်း အဖေ ဆီးရိုက်မယ်၊ တို့အနား လုံးဝ မကပ်စေနဲ့နော်၊ သတိကြီးကြီးထား၊ ကိုက် လိုက်ရင်တော့ တောထဲမှာပဲ သေမှာ၊ မပေါ့နဲ့"

ငတောက မီးထိုးမရပ်၊ သတိပေး မပြတ်၊ သူ ကိုယ်တိုင်လည်း ဓားလှံရိုးကို ပြောင်းပြန်ကိုင်၍ လာရောက်ပါက ရိုက်ရန် အသင့်ပြင်နေ သကဲ့သို့ ငလုံးကိုလည်း အဆင်သင့် အနေအထား ပြင်စေသည်။

တရှီးရှီး အသံရှင်သည် မီးရောင် ထိုးထားရာ ဝါး နှစ်ပြန် သုံးပြန် အောက် ရောက်လာသည်။ သုံးခဲထိုး လက်နှိပ်ဓာတ်မီး(တုတ်မီး)ခန့် ရှိမည့် မြွေပွေးကြီးသည် ကော့ကာကွေ့ကာ၊ လိမ်ကာတွန့်ကာ၊ ခေါင်းထောင်ကာ၊ ခါးဆန့်ကာ၊ လူးကာလိမ့်ကာ၊ မှောက်ကာလှန်ကာဖြင့် ပြင်းထန်သော ဝေဒနာကို မချိမဆံ့ ခံစားနေရဟန် ရှိသည်။ တရှီးရှီး အသံပေးကာ ခိုးကိုးရာ ရှာမရ၊ ဆောက်တည်ရာ ရှာမရ၊ ရပ်တည်ရာ ရှာမရ၊ ငြိမ်ငြိမ်သက်သက် မနေနိုင်၊ သူတို့ ရှိရာဘက်သို့ မလာဘဲ မီးရောင်နှင့် ဝေးရာဖြစ်သော အနောက် ဘက်ဆီသို့သာ တလူးလူး တလွန့်လွန့်ဖြင့် ဝေဒနာ မချိမဆံ့ ခံစားမှု ပြင်းထန် ၍ အော်ဟစ် မြည်တွန်ကာ ခိုကိုးရာ ရှာမရသလို ကော့ရင်းကွေးရင်း၊ လိမ်ရင်းတွန့်ရင်း၊ ခေါင်းထောင်လိုက် ခါးဆန့်လိုက်လုပ်ရင်း၊ လူးရင်း လိမ့်ရင်း၊ မှောက်ရင်းလှန်ရင်းဖြင့် ရွေ့လျားသွားသည်။ မီးရောင်အောက်မှ မြွေပွေးကြီး ပျောက်ကွယ်သွားသည့်တိုင် မြွေ အော်သံ၊ ညည်းသံ၊ မြည်သံ၊ တွန်သံ မရပ်။

"အဖေ၊ မြွေပွေးကြီး ဘာဖြစ်တာလဲဟင်၊ မချိမဆံ့နဲ့ ရောဂါခံစား ရသလို တလူးလူး တလွန့်လွန့်၊ ငြိမ်ငြိမ်ကို မနေနိုင်ဘူး၊ ပိုးသတ်ဆေး ပါတဲ့ အစာ စားမိတဲ့ ကြက်တွေ သေခါနီး ဖြစ်နေသလိုပဲနော်"

"အင်း... အမေတွေရဲ့ အဖြစ်ဆိုးပေါ့ကွာ၊ မြွေပွေးမှာ ဥ ဥပြီး သား ပေါက်တဲ့ မြွေပွေးက တစ်မျိုး၊ အကောင်တွေလိုက် မွေးတဲ့ မြွေပွေးက တစ်မျိုး ရယ်လို့ နှစ်မျိုး နှစ်စား ရှိတယ်၊ အကောင်တွေလိုက် မွေးတဲ့ မြွေပွေးကို မြွေနပင်းလို့လည်း ခေါ်တယ်၊ မြွေနပင်းပိတ်လို့လည်း ခေါ်တယ်၊ မြွေနပင်း ပိတ်မကြီးဟာ သူ့သားသမီး မြွေလေးတွေ သန္ဓေရင့်လာရင် အားကုန်အင်ကုန် သေသေကျေကျေ ရစ်ပတ်မျိုရမယ့် သားကောင်ကို ရှောင်လို့ လွယ်လွယ် ဖမ်းစားရမယ့် သားကောင်ကို ရှာတယ်၊ ဘာကြောင့်လဲဆိုတော့ အရိုး ကြေကြေ အရေစုတ်စုတ် ရစ်ရပတ်ရရင် သူ့သားသမီးလေး ထိခိုက်နာ ကျင်မှာ စိုးလို့တဲ့၊ မြွေနပင်းပိတ်မကြီးက သူ့သားသန္ဓေကို အဲဒီလောက် ငဲ့ညှာတာ၊ ချစ်တာ၊ မိခင်မေတ္တာ ကြီးတာတဲ့၊ ဒါ အဖေတို့ထက် တော အတွေ့အကြုံရင့် တောသမားကြီးတွေ အပြောနော်။ မြွေနပင်းပိတ်လေး တွေက မြွေမကြီးဗိုက်ထဲမှာ မြွေမကြီး ခေါင်းဘက်လှည့်လို့ အချင်းအိတ်ထဲ မှာ မီးခြစ်ဆံလေးတွေ စီထည့်ထားသလို ပြွတ်သိပ်နေတယ်၊ မြွေနပင်း ပိတ်မကြီး တစ်ကောင်ဟာ မြွေလေး ကောင်ရေ တစ်ရာကျော် မွေးလေ့ ရှိတယ်လို့ အချို့က ပြောကြတယ်။ အဖေ ကိုယ်တိုင် ရန်းပင်အိုတောမှာ တွေ့ဖူးထားတာကတော့ ဗိုင်းငင့်တဲ့ ဝင်ရိုးအရင်းလောက်အရွယ် အကောင် လေးမျိုး သုံးဆယ့်လေးကောင်တိတိ မြွေနပင်းပိတ်မကြီး ဗိုက်ထဲက တွေ့ဖူးတယ်၊ ခု တရှိုးရှိုး ဖြစ်နေတဲ့ မြွေကြီးက မြွေနပင်းပိတ်မကြီး မွေးခါနီး မချိမဆံ့ ဝေဒနာ ခံစားနေရတာ"

တောသူတောင်သားဖြစ်သူ ငလုံးသည် ငတော သည်မျှ ပြောသော အခါ မြွေနပင်းပိတ်မကြီး မချိမဆံ့ ခံစားရသည့် ဝေဒနာကို ချက်ချင်း နားလည်မိသည်။





မြွေနပင်းပိတ်များသည် အဆိပ်ပြင်းထန်သော မြွေပွေး အမျိုးအစား ဖြစ်သည်။ မွေးဖွားချိန်တွင် မိခင်၏ ဗိုက်ကို ဂွါက်ဖောက်ပြီး ထွက်လေ့ ရှိသည်။ မြွေလေးများ မွေးသောနေ့သည် မိခင် မြွေနပင်းပိတ်မကြီး သေသော နေ့ ဖြစ်သည်ဟု ငလုံး ကြားဖူးသည်။

ငလုံး သက်ပြင်းချ၍ သူ့အဖေ ငတောကို ကြည့်သည်။ ငတောက ခေါင်းကို သွက်သွက်ခါအောင် ယမ်းသည်။ ငလုံးကို ကြည့်၍ ဆိုသည်။

"ခုနစ်စဉ်ကြယ် အမြီးထောင်သွားပြီ ငလုံး၊ မီးထိုးပြီး မှိုနုတ် ကြရ အောင်၊ မြွေနပင်းပိတ်မကြီးက ဘယ်နေရာ ပေါက်မယ်၊ မွေးမယ် မသိဘူး၊ ခေါင်းတည်မိရာကို ဝမ်းထဲ ထွက်စမြွေနပင်းတွေ သွားရာလာရာက တို့ဆီ ရောက်မလာဘူး မပြောနိုင်ဘူး၊ မြွေသေးသေးလေးပေမဲ့ အဆိပ်က သိပ် ပြင်းတာ၊ ကိုက်မိရင် မလွယ်ဘူး၊ နှစ်နာရီလောက်ပဲ တို့ခန့်မှန်းချိန်ထက် စောတာပါကွာ၊ ခုပဲ မှို စနုတ်မယ်၊ ပြီးရင် ချက်ချင်း ပြန်မယ်"

မီးကို လင်းထိန်နေအောင် ထိုး၍ မှိုနုတ်ရသည့်တိုင် ငတောရော ငလုံးပါ သတိ မမေ့ဝံ့၊ မှိုများကို သူတို့ နုတ်၍ ပုဆိုးဖြင့် စုထုပ်ပြီး ရွာပြန် လာချိန်တွင် ကြက်ဦး တွန်ခဲ့ပြီ။

*

ရွာသင်္ချိုင်းကုန်းနှင့် နီးကပ်လာခြင်းသည် ရွာရောက်တော့မည့် အထိမ်းအမှတ် ဖြစ်သဖြင့် ငတောရော၊ ငလုံးပါ ဝမ်းသာစရာ ဖြစ်သော်လည်း ဝမ်းမသာနိုင်ကြ။

သင်္ချိုင်းကုန်း အနောက်ဘက်မှ ဖြတ်ကျော်ရခြင်း ဖြစ်သည့်တိုင် သင်္ချိုင်းကုန်းနှင့် ဆက်စပ်လျက်ဖြစ်သည်။ ချိုင့်ကြီး သင်္ချိုင်းကုန်းသည် မြို့သင်္ချိုင်းကုန်းကဲ့သို့ မဟုတ်။ ချုံနွယ်ပိတ်ပေါင်းများ၊ သစ်ပင်အုပ်အုပ်ကြီး များ၊ တောင်ပို့အို တောင်ပို့ဟောင်းများ ပေါများရာ အထူးဂရုစိုက် ဖြတ်သန်း

သွားလာရသည်။ အဓိကကတော့ မြွေပွေး၊ မြွေဟောက်၊ ငန်းတို့နှင့် ပက်ပင်းတိုးတတ်သောကြောင့် သတိတစ်ချက် အလစ် မခံ၊ အတိမ်းအစောင်း မခံ၊ အရဏ်တက်ချိန်သည် ယေဘုယျအားဖြင့် မြွေများ အစာရှာ ပြန်ချိန်၊ တွင်းပြန်ဝင်ချိန်၊ ချုံရိပ်ခို ခွေချိန်၊ နားရန် ပြန်ချိန်။ သည်အချိန်မှာ သင်္ချိုင်းကုန်းဘေး မလွှဲသာ၍ ဖြတ်သွားက ရှေ့ကြည့်ရုံဖြင့် မလုံလောက်။ ဘေးဝဲယာလည်း မျက်စိရှင်ရှင် ထားရသည်။ နောက်ကျောလည်း လုံခြုံပြီဟု စိတ်ချမရ။ မြွေဟောက်ကဲ့သို့ မျက်နှာရှူး မြွေက သစ်ကိုင်းပေါ် တက်နေပြီး သစ်ပင်အောက်မှ လူဖြတ်သွားပါက ပက်လက်လှန် ချတတ်သည်။ နောက်က တိတ်တိတ်ပုန်းလာပြီး ခွေးရူးဆွဲ ဆွဲကာ လစ်ပြေးတတ်သည်။ မြွေဟောက်က မိန်းမသာ လိုက်သည်ဟု ဆိုသော်လည်း ယောကျ်ား မလိုက်၊ မကိုက်ဟု စာချုပ်ထားသည် မဟုတ်။

သင်္ချိုင်းကုန်း အနောက်ဘေး ခဲတစ်ပစ်ကွာခန့် ဝေးသော လူသွားလမ်းမှ မီးဝင်း လင်းထိန်နေအောင် ထိုးထားသည့် ကြားမှပင် လူ့လက်တစ်လုံးခန့် ကြီးသည့် မြွေကြီး တစ်ကောင်က ငတောရှေ့ ခြေ သုံး လေးလှမ်းအကွာမှ နေပြီး သင်္ချိုင်းတောထဲ ပြေးဝင်သည်။ တစ်လုံးခန့်ရှိသော မြွေကြီးမှာ လင်းမြွေ ဖြစ်သဖြင့် ငတောတို့ မကြောက်သည့်တိုင် ငတောရော ငလုံးပါ သတိ မမေ့ဝံ့။

သင်္ချိုင်းတောကို ဖြတ်ကျော်ဆဲဆဲတွင် အသံ တစ်သံကို ငတော ထူးထူးခြားခြား ကြားလိုက်သည်။ ကြားစက ငတော သူ့စိတ်ထဲက စွဲနေ၍ဟု ထင်မိသေးသည်။ ထပ်မံ၍ ပေါ်ထွက်လာမှ ငတော ရပ်လိုက်သည်။

ရှေ့ မီးထိုးသူ ငတော ရပ်သောအခါ နောက်မှ မှိုထုပ်ကြီးကို ရွက်လာသူ ငလုံးလည်း အလိုအလျောက် ထိုးရပ်သွားသည်။

အသံ ထွက်ပေါ်လာရာက သင်္ချိုင်းကုန်း ဇရပ်ဆီမှပါ။

သင်္ချိုင်းကုန်းနှင့် သင်္ချိုင်းကုန်းဇရပ်မှာ ဝါး တစ်ဆယ့်လေးငါးပြန်ခန့် ဝေးသည်။ သင်္ချိုင်းကုန်း ဇရပ်နှင့် ငတောတို့ ရှာပြန်နေသော လမ်းမှာ ခဲ





တစ်ပစ်မျှ ဝေးသည်။ တိတ်ဆိတ်သော နံနက် အရဏ်ခင်းကို ဖောက်ထွင်းထွက်လာသော အသံက ပီပီသသ။ အူဝဲ... အူဝဲ... အူဝဲ။

ငတော မီးရောင်မြင်၍ ငတောတို့မှန်း ခတ်သိသဖြင့် ခင်မင်ရင်းနှီးသူ တစ်ယောက်ယောက်ကများ ဇရပ်ကွယ်မှနေ၍ နောက်ပြောင် ခြောက်လှန့်သည်လား။

အများ ပြောပြောနေသော ကလေးတစ္ဆေ များလား။

အဟုတ် ကလေး များလား။

ဝေခွဲမရသေး၍ ရပ် စဉ်းစားနေခိုက် အူဝဲ အူဝဲ အသံသည် အားဝဲ အားဝဲ အားဝဲ ဟူသော ငိုသံ ဖြစ်လာသည်အထိ ဆက်တိုက် စဉ်တိုက် ကြားရသည်မှာ မရပ်မနား။ ငလုံးက စကားစသည်။

"အဖေ သင်္ချိုင်းကုန်း ဇရပ်ပေါ်က ကလေး ငိုသံလိုလိုပဲနော်"

"အေး...အဖေလည်း အဲဒီလို ကြားလို့ ရပ်နေတာ၊ လာ...သံသယကင်းအောင် သွားကြည့်မယ်"

ဘက်ထရီ ခြောက်ဗို့အားနှင့် တွဲထားသည့် တောလိုက်မီးကို မောင်းတင်၍ သင်္ချိုင်းဇရပ် ဆီသို့ နှစ်ယောက်သား သွားကြသည်။

သင်္ချိုင်းဇရပ်မှာ အောက်မှာ ပလ္လင်ခံထားပြီး ဘေးပတ်လည်၌ လူတစ်ရပ်ခန့် မြင့်သည်အထိ မိုးပက်လေတိုက်ဒဏ် ကာကွယ်ရန် အုတ်တံတိုင်းကာထားသလို ပတ်ကာပြီး အပေါ်က သွပ်မိုးထားသည်။ အုတ်တံတိုင်းမျက်နှာပြင် အချို့ကဲ့သို့ အချွန်အတက် မထားဘဲ ရိုးရိုး ပြန့်ထားရာ နွားကျောင်းသား၊ ဆိတ်ကျောင်းသားများ တက်ရောက်၍ ဆော့ကြ၊ ထိုင်ကြ၊ ပက်လက်လှန်ကြ၊ အိပ်ကြနှင့် လူတစ်ကိုယ် ပက်လက်လှန်ရသည်။

ဇရပ်အောက်ခြေ ပလ္လင်ခံထားသော နေရာကို ငတော မီးထိုးကြည့်ရာ ဘာမျှ မတွေ့။ လူတစ်ရပ်ခန့် မြင့်သည့် အုတ်ခုံပေါ်သို့ မီးထိုးလိုက်သောအခါ မြင်လိုက်ရသော မြင်ကွင်းကြောင့် ငတောရော ငလုံးပါ စကား မပြော

နိုင်။ ငတောနှင့် ငလုံးတို့ စကား မပြောနိုင်သော်လည်း အူဝဲ အူဝဲ အသံရှင်သည် အသံပေး နေသည်မှာ ဆက်တိုက် စဉ်တိုက်ပင်။

ငတောတို့ မြင်ရသော မြင်ကွင်းမှာ အနီးထက်မှ မွေးစကလေး လေး။ ကလေးလေးသည် ရုန်း၍ကန်၍ သူ့ အားလေး ရှိသလောက် လှုပ်ရှားကာ လောကကြီးကို တိုင်တည် ဟစ်ကြွေးနေ၏။ သူတတ်စွမ်းသော ဘာသာစကားဖြစ်သည့် အူဝဲသံ ပေးကာ လောကကြီးကို သူသည်မှာ အစွန့်ပစ်ခံထားရပါသည်။ အထီးကျန် ဖြစ်နေပါသည်ဟု ပြောကြားနေ၏။

မီးရောင်အောက်မှ အူဝဲ အူဝဲ အသံရှင်သည် လူ အနီးကပ်လာသည်ကို ခွဲခြား နားမလည်သေးသော်လည်း ငတောတို့ ရောက်လာမှ အူဝဲ အူဝဲသံ မစဲအောင်ပေး၍ ကော့ကာကန်ကာ လက်သီးများ ဆုပ်ကာ အသံကုန်ငိုသည်။

မွေးရာပါ ဆံပင်နက်နက် ရှည်ရှည်လေးနှင့် နီနီရဲရဲကလေးလေးသည် အနီးများ ဖရိုဖရဲ ဖြစ်သည်အထိ သူတတ်နိုင်သမျှ လှုပ်ရှားလျက် အားပါးတရ တိုင်တည် ငိုကြွေးသည့်တိုင် တုံ့ပြန်မှု မထူးခြားသဖြင့် ဒေါသဖြစ်သည်လား၊ ကြေကွဲ ဝမ်းနည်းသည်လား၊ လောကကြီးက မသိသေးဟု ယူဆ၍များလား မသိ။ မျက်စိ စုံမှိတ်ကာ ငိုအားသန်လာရာ ငိုရင်း ငိုရင်း တက်သွားမလို ငိုသံ ပျောက်ပျောက်သွားသည်။ ငိုသံ ပျောက်ရာမှ ငိုသံ ပြန်ထွက်ပေါ်လာသောအခါ အသံလေးများပင် ပြာ၍ ပြာ၍ တိမ်၍ တိမ်၍ လာသည်။

ကလေးလေးသည် ဘယ်အချိန်က စတင် စွန့်ပစ်ခံရသနည်း။

သည်အတိုင်း ပစ်ထားပါက နောက်ထပ် ဘယ်နှနာရီကြာအောင် ငိုကြွေး နိုင်တော့မည်နည်း။ ဘယ်လောက် ကြာအောင်များ ဆက်လက် အသက် ရှင်နိုင်မည်နည်း။ ငတော သက်ပြင်းချ၍ ငူငူငိုင်ငိုင် မလှုပ်မယှက်။

လူကသာ မလှုပ်မယှက်ရှိသော်လည်း ငတောစိတ်တို့ မတည်မငြိမ်။ ငတောသည် ဘဝကို လက်တွေ့ကျကျ ရင်ဆိုင်ကျော်လွှား ဖြတ်သန်း နေသူ တစ်ဦး။





သားသမီး ငါးယောက်နှင့် သူတို့ လင်မယား နှစ်ယောက်။ စုစုပေါင်း ခုနစ်ယောက် စားအိုးကို မြေမရှိ၊ ယာမရှိ၊ လှည်းမရှိ၊ နွားမရှိ၊ ရွှေမရှိ၊ ငွေမရှိဖြင့် ရိုးသားစွာ လုပ်စားဝံ့သည့် သတ္တိ၊ လုပ်စားနိုင်သည့် ခွန်အားနှင့် လုပ်မှကိုင်မှ စားရမည် ဟူသော အသိတို့ကို ဘဝပေးအသိ၊ ဘဝမောင်းနှင်အားအဖြစ် ခံယူ၍ လုပ်ကိုင်စားရသည့် အညာကျေးတောသူ ကျေးတောသားကြုံရာ ကျပန်း လုပ်ရသူ ပျံကျလုပ်သားဖြစ်သည်။ ခုနစ်ယောက် စားအိုးကြီးကို မျက်ဖြူဆိုက်ခမန်း၊ ခြေသလုံး ကြွက်တက်ခမန်း၊ လက်မောင်းအောင့်၍ ပြုတ်လုခမန်း၊ ဦးခေါင်း နေပူ၍ ကျက်လုခမန်း၊ ကျောပြင် မည်းမည်းကြီးကျွဲရေပြင်လို ထူအမ်းခမန်း၊ နေ့ရောညပါ လှုပ်ရှားရုန်းကန် စားသောက်မှ စားဖြစ်ထမင်း၊ စားဖြစ်ဟင်း၊ သင့်ရုံ အဝတ်၊ မိုးလေလုံ ရုံတဲမျှသာ နေနိုင်ထိုင်နိုင် ဝတ်နိုင်စားနိုင်သည်။ ကလေးတစ်ယောက် လူလားမြောက်သည်အထိ သူ့ခြေသူ့လက်ပေါ် ရပ်တည်နိုင်ပြီး သူ့ထမင်း သူရှာ စားနိုင်သည်အထိ မိဘက မည်မျှ အပင်ပန်း ခံရကြောင်း၊ အနစ်နာ ခံရကြောင်း၊ ဆင်းရဲဒုက္ခ မျိုးစုံ ခံရကြောင်း၊ စွန့်လွှတ်ပေးအပ်ရကြောင်းကို သားသမီး ငါးယောက်ဖခင် ငတောသည် စာတွေ့မဟုတ် သူတွေ့မဟုတ်၊ ငါတွေ့ဖြစ်သည်။ ငါသိဖြစ်သည်။ ငါခံ ခဲ့ရပြီး ဖြစ်သည်။

ငတောတို့လို ကြုံရာကျပန်း လုပ်ကိုင် စားရသူများကို အညာကျေးတောနေများက တံငါသည်များလို လှေဦးစို စို၍၊ လှေဦးခြောက် ခြောက်သူများဟုလည်း ပြောကြ၏။ ထန်းသမားများလို ရင်းထောင် ထောင်ပြောင်၊ ရင်းထောင်လှဲ မွဲသူများဟု ခိုင်းနှိုင်းကြသည်။ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား၊ နေ့ဖို့ညစာကို မြေကြီး ကြက်ယက် ရှာသလို ရှာဖွေစားနေရသူများဟုလည်း ခိုင်းနှိုင်းတင်စား ပြောကြသည်။ တောကားစပယ်ယာ ကဲ့သို့ ကားပြေးစဉ်စား၊ ကားနားတော့ငတ် အကြွေးတွေ ပတ်နေသော လူစားဟုလည်း မြင်လွယ်ထင်လွယ် လက်ညှိုး ထိုးပြကြ၏။ ငတောတို့ ဘဝက ကြက်များလို နေကုန်နေခန်း အစာ ရှာရုံမျှဖြင့် ဝမ်းမဝ၊ ခါးမလှ အူမ မတောင့်။ ညဥ့်ငှက်များလို ညဘက် ရှာရုံမျှဖြင့် နေ့မှာ

စိတ်ချလက်ချ အနားယူနိုင်သည့် ဘဝမျိုးမဟုတ်။ နေ့ရောညရော အလုပ်ရှိက မနေမနား လုပ်၊ အလုပ်မရှိက အလုပ်ရှာ၍ လုပ်မှ၊ ရှန်းမှကန်မှ၊ လှုပ်မှရှားမှ၊ သွားမှလာမှ၊ ကြံမှစည်မှ၊ ရှာမှဖွေမှ၊ ဘဝရပ်တည်ရသော ပျံကျကြုံရာကျပန်း လုပ်သားဖြစ်၏။ ရိုးရိုးသားသား လုပ်စား၊ နိုးနိုးကြားကြား လှုပ်ရှား၊ ကြိုးကြိုးစားစား အားထုတ်နိုင်၍သာ ထမင်းနပ်မှန်၊ ဝတ်ရန်လုံလောက်၊ နေလုံ၊ ရေလုံ၊ နှင်းလုံ၊ အမိုးအကာအောက် နေနိုင်သူများဖြစ်သည်။ ယုန်နှင့်လည်း အတူပြေး၊ ခွေးနှင့်လည်း အတူလိုက်ရသူသည် အပြင်ပန်း ကြည့်သူက လွယ်သည် ထင်သလောက် ပင်ပန်းဆင်းရဲခြင်း ဒဏ်ကို ကာယကံရှင်မှ ပိုသိသည်ပင်။ ပင်ပန်းဆင်းရဲ၍ ယုန်နှင့်အတူပြေး၊ ခွေးနှင့်အတူ လိုက်ခဲ့ရသူသည် ကိုယ်ရှာသော ထမင်းဟင်းကိုပင်လျှင် တစ်ရံတစ်ခါ၌ စားချင်စိတ် ကုန်တတ်သည်။ မျိုမကျ၊ အမျိုရခက်၊ အဝါး ခက်လှပါဘိတောင်း။

သည်လို အတန်းစား၊ သည်လို ဘဝပိုင်ရှင်၊ ငတောလို လူက သည်ကလေးလေးကို မွေးနိုင်ပါမည်လား။ သည်ကလေး ဒုက္ခကို ခါးစည်းခံနိုင်ပါမည်လား။ ကလေး လူလားမြောက်၍ သူ့ထမင်း သူရှာစားနိုင်သည့်အဆင့် ရောက်အောင် ပြုစုပျိုးထောင် ပေးနိုင်မည်လား။ စားဝတ်နေရေးတည်းဟူသော အူအင်္ဂါ၊ ဝမ်းသမုဒ္ဒရာ ပင်လယ်ပြင်ကို ကူးဖြတ်နေရသော ငတောလို လူစားက တစ်နေ့ကိစ္စ မဟုတ်၊ တစ်လကိစ္စ မဟုတ်၊ တစ်နှစ်ကိစ္စ မဟုတ်သော ကလေး တစ်ယောက်ကို ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် အရွယ်မှ စတင်ကာ ဒုက္ခ ဝန်ထုပ်ဝန်ပိုး ထမ်းပိုးပြီး ပြုစုပျိုးထောင်ခဲ့ပါက ဘူးလေးရာ ဖရုံဆင့်၊ ရေနစ်ရာ ဝါးကူထိုး၊ နူရာဝဲစွဲ လဲရာသူခိုးထောင်း၊ မြေနိမ့်ရာ လှံစိုက်၊ ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာ အဖြစ်ရောက်မသွားနိုင်ဘူးလား။ ကြက်သွန်ချည်းနေက အကောင်းသား။ ငရုတ်သီးနှင့် ပေါင်းမိမှ ရောအထောင်းခံရ ဆိုသလို ဒုက္ခမရှိ ဒုက္ခရှာအဖြစ်ရောက်မသွားနိုင်ဘူးလား။ ညောင်ဦးက ကမ်းပါးပြိုသည်နှင့် စမ္ဗာနဂိုရ်က နွားမကြီး ပေါင်ကျိုး ဆိုသကဲ့သို့ မိရင်းဖရင်းများ၊ မိရင်းဖရင်း၏ ဆွေမျိုး





ညာတိများက ကိုယ်မချိ အမိသော်လည်း သားတော်ခဲထုံး နှလုံးသွင်းကာ ကမ္ဘာမီးလောင် သားကောင်ချနင်းပြီး ကလေးကို ရက်စက်စွာ စွန့်ပစ် ထားခဲ့ပါလျက် ငတောက ကောက်ယူ ကယ်တယ်၍ မဆီမဆိုင် လက်ပံသားဓားနှင့်ချိုင်ရ သကဲ့သို့ ဒဏ်ခံမည်လား၊ ဓားခုတ်ရာဝင်၍ လက်လျှိုပေးမည်လား။

လူက ကျောက်ရုပ် စိတ်က စကြဝဠာအနှံ့ ပြေးနေသော ငတောသည် မေးခွန်းပေါင်းများစွာ မေးလျက် ဖြေလျက်ရှိ၏။ တွေတွေကြီး ရပ်၍ ငေးငေးကြီးပင် ကလေးလေးကို စိုက်ကြည့်နေ၏။

နာရီပိုင်းအတွင်း ကယ်မည့်သူ မရှိပါက မိမိ အသက်တစ်ချောင်း ပျက်စီး ဆုံးရှုံးတော့မည်ကို မသိရှာသော ကလေးလေးက သူ့လက်သီးလေး သူဆုပ်၍ အားရပါးရ ငိုဆဲဖြစ်၏။ သူ့ကိုယ်လေးကို ကော့ကော့ ထိုး၍ အသံကုန် ငိုမြဲဖြစ်၏။ ခြေလေးနှစ်ဖက်ကို မြောက်အောင် မြောက်အောင် ယက်ကန် ယက်ကန် ဖြစ်အောင် ငိုဆဲဖြစ်၏။

ငတောသည် သက်ပြင်း ခဏ ခဏချကာ ကလေးလေးကို ယခုမှ စတင် ကြည့်မိသလို စူးစူးစိုက်စိုက် ကြည့်မြဲ ကြည့်နေ၏။ ကြည့်ရင်း ကြည့်ရင်းမှာပင် သည်ကလေးလေး မျက်နှာမျိုးကို ယခင်က မြင်ဖူးသလိုလို ဇဝေဇဝါ ထင်လာ၏။ ဟုတ်သည်။ သည်ကလေးလေး မျက်နှာမျိုးကို ငတော မြင်ဖူးသည်။ ဘယ်မှာ မြင်ဖူးကြောင်း ရုတ်တရက် စဉ်းစားမရ။ လူချင်း တွေ့ခိုက် နာမည် မေ့နေသူ၏ အမည်ကို စဉ်းစားသလို ဖျစ်ညှစ်စဉ်းစားသည်။ စဉ်းစားလေလေ စဉ်းစားမရဘဲ မေ့လေလေ ဖြစ်သည့်ပုံမျိုး ငတော ကြုံတွေ့သည်။ ခေါင်းကို အနားပေး၍ မျက်စိကို မှိတ်ကာ စိတ်ကို လျှော့ချလိုက်သည်။

ဟော...ဟော...မှတ်မိပြီ။

ဟာ...ခုမှ မှတ်မိတော့။

ဟုတ်သည်။ သည်မျက်နှာမျိုး၊ သည်ဆံပင်မျိုး၊ သည်လို အသား နီနီရဲရဲလေးမျိုး၊ သည်လို လက်သီးလေး ဆုပ်ဆုပ်ငို၊ ကော့ကော့ငို၊ ခြေလေး ယက်ကန် ယက်ကန် ဖြစ်အောင် ငိုသည့် မျက်နှာလေးမျိုးကို ငတော သေသေချာချာ သတိရလာပြီး မှတ်မိလာပြီ။

ဘယ်သူ့ မျက်နှာမျိုး ဖြစ်မလဲ။

ငတောဘေးမှာ ယခု ရပ်နေသည့် သူ့သား ငလုံး ငယ်ငယ်တုန်းက ဖြစ်သည်။ သည်ကောင် ငလုံး ငယ်ငယ်တုန်းကလည်း သည်ကလေး ကဲ့သို့ပင် မွေးရာပါ ဆံပင် နက်နက်ရှည်ရှည်ကလေး၊ သည်ကလေး မျက်နှာလို နှင်းဆီနီရောင် လွှမ်းနေသည့် မျက်နှာလေး၊ သည်ကလေး ငိုသကဲ့သို့ လက်သီးလေး ဆုပ်ဆုပ် ငိုလိုက်၊ ခြေလေး ယက်ကန် ယက်ကန်ဖြစ်အောင် ငိုလိုက်နှင့် ငိုတတ်သည်။ ငလုံး၏ ကလေးလေး ဘဝက ရုပ်ပုံလွှာသည် ဝေးခဲ့ သော်လည်း ငတော နှလုံးသား၌ အမြဲစိမ်း သစ်တောသဖွယ် နုပျို လတ်ဆတ် စွဲထင်ဆဲဖြစ်၏။

ငလုံး အောက်က သူ့သား ငမုန်း တုန်းကလည်း ယခု ကလေးလေး ကဲ့သို့ ပါးစပ်ပြဲလေးနှင့်။ အူဝဲ အူဝဲ သံမစဲအောင် ငိုသည်။

ငမုန်းအောက်က သူ့သမီး လေးခင်မရော၊ လေးခင်မ အောက်က အမြွာပူး ညီအစ်ကိုတုန်းကရော၊ သည်ကလေးလေး မျက်နှာမျိုး၊ သည် ကလေးလေး အငိုမျိုး၊ သည်ကလေးလေး ကော့ ကော့ ထိုးတာမျိုး၊ သည် ကလေးလေး ယက်ကန်ယက်ကန် ပုံစံမျိုး။ ငိုသည် ရော၊ ရုပ်ဆင်း ပုံလွှာပါ တူညီလှသည်။

ကလေးလေး မျက်နှာကို ကြည့်နေရာက ကလေးလေး မျက်နှာ အစား သူ့ သားသမီး ငါးယောက်၏ မျက်နှာများသာ တစ်လှည့်စီ တစ်လှည့် စီ မြင်မြင်လာ၏။ ကြာကြာ ကြည့်ဖန်များသောအခါ သူ့သားသမီး ငါးယောက်၏ ငယ်ရုပ်ပုံလွှာများက ငတော မျက်စိထဲ ပြိုင်ပြိုင် ပေါ်လာ





သည်။ ကလေးလေးက ငတော ကြည့်နေစဉ်မှာပင် ယောင်ယမ်း၍ ခြေ လေးများ ယက်ကန်ယက်ကန်လုပ်ရာ ငယ်ပါ ရွှေပန်းလေးကို လျှပ်တစ်ပြက် မြင်ရသည်။

ဩော်...ငါ့သားရင်း သမီးရင်းလေးတွေများ သည်လို စွန့်ပစ်ခံရ သည့်ဘဝကို ရောက်ခဲ့ပါက....။

ငတော ဆက်မတွေးဝံ့။ ချက်ချင်း ချွေးပြိုင်ပြိုင် ကျသည်။

ဩော်... အသက်ကယ်မယ့်လူ အချိန်မီ တွေ့လျက်နဲ့ တွေ့တဲ့ လူက သည်ကလေးကို မျက်နှာလွှဲ၍ ပစ်ထားခဲ့ပါက....။

ငတောရင်ထဲ တင်းကျပ်လာသည်။

ငါ့သား ငါ့သမီးလေးများ ဖြစ်ပါက....။

ကလေးလေးကို အသက်ကယ်ချိန် ရှိပါသေးလျက်နှင့် မျက်နှာ လွှဲ၍ ပစ်ထားခဲ့ပါက....။

ငတော ရင်ထဲမှာ မုန်တိုင်း ကျနေသည်။ ငတော ခေါင်းထဲမှာ မိုးကြိုး အချက်ပေါင်း များစွာ ပစ်သံ၊ တော်လည်းသံ၊ ဥပ္ပာတ်ပျံသကဲ့သို့ ဆူပွက် ဝေလျှံနေ၏။

ငတော နှလုံးသားက ငတော ခေါင်းကို အနိုင်ရသွားသည်။

နောက်နောင်မှာ ကလေးလေးအတွက် တောင်ကို ကျော်တန်ကျော် မည်။ တောကို တိုးတန် တိုးမည်။ မြစ်ကို ကူးတန် ကူးမည်။ သျှောင်ကို မီးထွန်း၍ အလုပ် လုပ်တန် လုပ်မည်။ ကယ်မည့်သူ နာရီပိုင်းအတွင်း ပေါ်မလာပါက အသက် ဆုံးရှုံးတော့မည့် ကလေးလေးကို ငတော မျက်နှာ လွှဲ၍ ရက်စက်စွာ ပစ်မထားနိုင်။

ကလေးလေး၏ အသက်ကို ကယ်သည့်ပွဲ၌ အတူတူ ပါလာသူ သားဖြစ်သူ ငလုံးကို ငတော လှမ်းကြည့်ရာ "အဖေရာ...ကလေးလေးကို ကယ်ခဲ့ပါ၊ ကလေးလေးအတွက် ကျုပ်ပါ ကူညီရှာဖွေ လုပ်ကျွေးပါမယ်"

ဟု ငလုံး မျက်ဝန်းက တောင်းပန်နေသကဲ့သို့ အဓိပ္ပာယ် ထွက်နေသည်ဟု ငတော ထင်လိုက်မိ၏။

အပြစ်မဲ့ လူသား ပန်းကြာပွင့်လေးကို ငတော တယုတယ ပွေ့ချီလိုက်ချိန်တွင် ငလုံး ပြုံးသည်မှာ ကြည်နူးနှစ်ခြိုက်သည့်အရောင် ပေါ်ပေါ်လွင်လွင်။


[ဤဝတ္ထုသည် ငွေတာရီဆုရ ဝတ္ထုတိုဖြစ်ပါသည်။]

(ငွေတာရီ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ)

❖







# မစားရ ဟာလို့ပင် သေသေ

(၁)

မနေ့က တစ်နေ့လုံး ငတောနှင့် ငလုံးတို့ သားအဖနှစ်ယောက် ထမင်းကောင်းကောင်း မစားနိုင်။

'ထမင်းကလည်း စား မကောင်းလိုက်တာ ဗျာ။ ဟင်း မကောင်းလို့' ဆိုသည့် ဓာတ်ဆီ ဓာတ်စံ ဟာသပြက်လုံးပါ စားမကောင်းခြင်းမျိုး မဟုတ်။ ထမင်းမစားနိုင် လောက်အောင်ပင်လျှင် အပူမီး ကူးစက်ခံရ၍ ဖြစ်သည်။

တစ်မြန်မနေ့ညက မြွေဖမ်းသမား ငသော် တစ်ယောက်ရသေ့ဂူပျက်ကုန်းတော၌ မြွေကိုက်ခံခဲ့ရသည်။ မနေ့က သေဆုံးသည်။

ရသေ့ဂူပျက်ကုန်း တောသည် ငတောတို့ ချိုင့်ကြီးရွာနှင့် တစ်တိုင်(နှစ်မိုင်)ခန့် ဝေးသည်။ လှည်းလမ်းလည်း မပေါက်၊ အမြဲတမ်း လူသွားလမ်းလည်း မရောက်။ ချုံပုတ်ချုံနွယ်များ၊ သစ်ပင်ကြီးငယ်များ ထူထပ်မှိုင်းညို့ဝေနေအောင် ပေါက်နေသော တောတစ်တော ဖြစ်သည်။

ငတောတို့ ဘိုးဘွား ဘီဘင်များ လက်ထက်က သီလ၊ သိက္ခာ၊ သမာဓိနှင့် ပြည့်စုံတော်မူသော ရသေ့ကြီး တစ်ပါးသည် ဂူဘုရား အနီး၌

တောရကျောင်း ဆောက်တည်၍ သီတင်းသုံးခဲ့သည်။ ဂူဘုရားထဲတွင် တရားကျင့်ကြံခဲ့သည်။ အောက်က လိုဏ်ဂူ၊ အပေါ်က စေတီပေါက်ထားသော ဂူဘုရားမှာ တန်ခိုးကြီးသော မင်းတစ်ပါးပါး တည်ခဲ့ဟန်ရှိသည်ဟု ဆိုစမှတ်ပြုကြသည်။

ငတောတို့ မှတ်မိသော အချိန်တွင် ရသေ့ကျောင်းလည်း မရှိတော့။ ဂူဘုရားမှာလည်း အပေါ်ပိုင်း ယွင်းယိုပြိုကျ၊ ကျန်ဘုရားငုတ်တိုကို ချုံနွယ်ပိတ်ပေါင်းများက ဝါးမျိုထားသဖြင့် အနီးက ကပ်ကြည့်မှသာ စေတီငုတ်တိုမှန်း သိရသည်။

ကျောင်းဝင်းဟောင်း၊ ဘုရားပရိဝုဏ်ဖြစ်ရာ မည်သူမျှ ဝင်ရောက်တောခုတ်ထွင်၊ စိုက်ပျိုးမှု မပြုလုပ်ခဲ့ကြ။

ရသေ့ကြီးရှိစဉ်က ချိုးရေ သုံးရေအတွက် တည်ထားခဲ့သော တစ်ဖက်ဆည် ကန်ဟောင်းလေးနှင့် အုတ်ရေတွင်းပျက်တို့အနက်၊ ရေတွင်းပျက်က ရေ မထွက်တော့။ ရေကန်လေးမှာ ကောသည့်တိုင် ရေနေလေ့ရှိသဖြင့် ရေရှိ ငါးရှိ ဖားရှိ၊ ချုံရှိ ကြွက်ရှိရာ ငါး၊ ဖား၊ ကြွက်ကို နှစ်သက်သော မြွေတို့ပေါများရာ နေရာဖြစ်ခဲ့သည်။ မြွေပျော်တော၊ မြွေပေါတောဟု ဆိုရခြိမ့်မည်။

မြွေပျော်ရာ၊ မြွေပေါရာတောကို မြွေဖမ်းသမားကလည်း မက်မောလေ့ရှိရာ မြွေကို ရလိုဇောဖြင့် ငသော် မြွေဖမ်းသွားခဲ့သည်။ မြွေ အကိုက်ခံခဲ့ရသည်။ ချေးပါ၊ သေးပါ၊ သွေးပွက်ပွက်အန်၍ အသေဆိုး သေခဲ့ရသည်။

ငသော်သည် ငတောတို့ ငလုံးတို့ ကဲ့သို့သော တောသမား၊ ဘဝတူမြွေ ဖမ်းဖော်ဖမ်းဖက်၊ ကင်းမြီးကောက် ဖမ်းဖော်ဖမ်းဖက်၊ တောက်တဲ့ဖမ်းဖော် တောက်တဲ့ဖမ်းဖက်၊ သမင်လိုက်ဖက် ယုန်လိုက်ဖက်။ နေတော့လည်း ငတောတို့နှင့် အိမ်နီးချင်း၊ ငတောတို့အိမ်နှင့် လမ်းသာ ခြားသောမြောက်ဘက်မှ မျက်နှာချင်းဆိုင် အိမ်က ငသော့်အိမ်။ သည်တော့ အိမ်ရှေ့ပူအိမ်နောက် မချမ်းသာ၊ ဘဝတူအတွက် သွေးပျက်ချောက်ချား၊ မျက်ရည်ကျသောက ခံစားရသည်မှာ ထမင်းမှန်း ဟင်းမှန်း မသိကြ။





မြွေဟူသည် သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်း ရင်ဆိုင်တွေ့ကကိုက်တတ်သည်။ ထိမှ၊ တိုးမှ၊ တိုက်မှ ကိုက်သည့်မြွေက မြွေပွေး။

ထိထိ မထိထိ၊ တိုးတိုး မတိုးတိုး၊ တိုက်တိုက် မတိုက်တိုက်၊ သူကိုက်ချင် လိုက်ချင်က၊ ကိုက်တတ် လိုက်တတ်သည့် မြွေက မြွေဟောက်၊ ငန်းပုပ်။

သည်လို သဘောရှိသော မြွေကို အဖမ်းသွားသော မြွေဖမ်းသမားအား မြွေကိုက်သည်မှာ ထူးထွေသည့် အံ့ရာသော် မဟုတ်။ မြွေဖမ်းသမား မြွေအကိုက်ခံရခြင်းမှာ မထူးဆန်း။

ထူးဆန်းသည်မှာ ဝဋ်ကြွေးကြောင့်လား၊ ဆင်းရဲနွမ်းပါးသောကြောင့်လား၊ ခွဲခြား မပြောနိုင်သည့်တိုင် သေတတ်သည့် မြွေကို ဖမ်းဆီး အသက်မွေးဝမ်းကျောင်းပြုရသည့် မြွေဖမ်းသမား၏ဘဝက ထူးဆန်းလှသည်။

သူတို့ မြွေဖမ်းသမားဘဝဟူသည် ဆူးမှန်းသိလျက် တက်နင်းရသောသူ၊ မီးမှန်းသိလျက် ပွေ့ဖက်ရသော သူ၊ ဆုပ်စူး စားရူး ပဒိုင်းသီးမှန်းသိလျက်နှင့် ဆုပ်ရသူ စားရသူ၊ သေနိုင်မှန်း သိလျက်နှင့် အသက် ရင်းနှီးစားသောက်ရသော သူ။ ထိုသူတို့၏ ဘဝမျိုးစုံ အားလုံးကို ပေါင်းစပ်လိုက်ပါက မြွေဖမ်းသမားဘဝနှင့် တူညီသည်ဟု တင်စားရလောက်အောင်ပင်လျှင် မြွေဖမ်းသမား ဘဝပေး ကံကြမ္မာက ရက်စက် ကြမ်းတမ်းသည်။

ထိုကဲ့သို့ ဘဝပေး ကံကြမ္မာ ရက်စက်ကြမ်းတမ်းသော မြွေဖမ်းသမားဘဝမှာ ကြာကြာဝါးမှ ခါးမှန်းသိသော ဘဝမျိုး မဟုတ်။

ခါးမှန်းသိလျက်နှင့် ကြိတ်မှိတ် ဝါးမျိုနေရသူများ၊ သေဘေးကို အချိန်နှင့်အမျှ ရင်ဆိုင်နေရသူများသာ။

မြောက်ဘက်အိမ်မှ ငသော် မြွေဖမ်းရာ မြွေကိုက်သောကြောင့် မနေ့က သေသည်။ ကနေ့ မနက်ခင်း၌ ငတောနှင့် ငလုံးတို့ မြွေဖမ်းရန် တောထွက်ရတော့မည်။ တောမသွားမီ အဆာပြေ အဖြစ်ထမင်းကြော်ကို ရေနွေးကြမ်း တစ်အိုးဖြင့် သားဖနှစ်ယောက် စားသောက်နေသည်။

မနေ့က ငသော့် အသုဘချ၊ ချက်ချင်း သေလိမ့်မည်ဟု ဘယ်တုန်းကမျှ မထင်မှတ်ခဲ့ဖူးသော ငသော် အလောင်းကောင်ကြီး မီးရှို့၊ ငိုကြယိုကြ သည်းအူပျက်မျှ ဆူကြပွက်ကြ၊ သောက ရောက်ကြမို့ ထမင်းစား ပျက်ခဲ့သည့်တိုင် ယနေ့မနက်၌ စားနိုင်သလောက် ငတောရော ငလုံးပါ စားရမည်။

သွားရမည့် အလုပ်က မြွေဖမ်း အလုပ်။

လုပ်ရမည့်အချိန်က မြွေ မရမချင်း အကန့်အသတ် မရှိ။

အစာမရှိ၊ အူမငြိမ် စိတ်လှုပ်ရှားသဖြင့် မှားယွင်းက ချက်ချင်း ဘေးတွေ့မည်။ သည်သဘောကို ငတော သာမက သူ့ဇနီး မိဂျမ်းကလည်း နားလည်သည်။

ငတော ဇနီး မိဂျမ်းက အရဏ်တက် ကတည်းက ရေနွေးအိုး တည်၊ ထမင်းကြမ်း ကြော်ပြီး၊ ငတောနှင့် ငလုံး တို့ကို နှိုးကျွေးသည်။

ငတောတို့ စားသောက်နေဆဲမှာပင်လျှင် "အို…ကိုသော်ရဲ့၊ ရသေ့ဂူပျက်ကုန်း ဘက်ကို တော် မသွားပါနဲ့လို့ ကျုပ် တားရက်နဲ့ ဒီတောကမှ မြွေ ပေါတာဆိုပြီး တော် သွားတော့၊ ခု တော် ဘာတတ်နိုင်သေးသလဲတော့" ဟု အညာသူပီပီ အညာလေရှည်ကြီး ဆွဲလျက် အော်ငိုလေသည်။

အော် အော်ငိုနေသည့် ငသော့် မိန်းမ မိမ့်ကို ဖျောင်းဖျရန်အတွက် မိဂျမ်းက တစ်ဖက်အိမ်သို့ ကူးသွားသည်။

မိဂျမ်း သွားပြီး အချိန် မကြာသေးမီ မှာပင်လျှင် ငတောတို့ ရေနွေးကြမ်းအိုးနှင့် ထမင်းဇလုံ တင်ထားသော ထန်းပလပ် စားပွဲ လှုပ်သည်။ 'ဟကောင် ငသော် နင်တို့ တောသွားခါနီး ချောက်လှန့်နှုတ်ဆက်သလား' ဟု ငတော စိတ်ထဲမှပြော၍ ဇဝေဇဝါဖြစ်ချိန် သိပ်မကြာလိုက်။ ငတောတို့ ထိုင်နေသော ထန်းပလပ် တန်းလျားပါ လှုပ်လာသည်။

"အဖေ ဘာဖြစ်မှန်း မသိဘူးဗျ" ဟု ငလုံးက အော် ပြောလိုက်ဆဲမှာပင်လျှင် သူ့တဲလေး ယိမ်းထိုးကာ ထန်းရွက်သံ ပေးသည်အထိ လေမတိုက်ဘဲ လှုပ်သည်။ ငြိမ့်ခနဲ ငြိမ့်ခနဲ လှုပ်ရာမှ ဆတ်ခနဲ ဆတ်ခနဲ ဖြစ်သည်





အထိ သိသိသာသာ လှုပ်သည်။ ငသော် ချောက်လှန့်တာလား။ တခြားအကြောင်းလားဟု ငတော စဉ်းစားပြီး အဖြေရှာသည်။

"ငလျင် လှုပ်တယ် ငလုံးရေ၊ သတိထားဟ"

ငတော ပြောနေဆဲမှာပင်လျှင် ရွာဦးထိပ်ဆီမှ ဝေါခနဲ အသံများ၊ ဘုရားစေတီတော်တို့မှ ဆည်းလည်းသံ ချွင်ချွင်များ၊ တအား အား အော်မြည် ဆူပွက်လာသည့် ကျီးပြိုသံများ၊ လန့်ဖျပ် ဟောင်သည့် ခွေးဟောင်သံများ၊ ဆူပွက် ဆူပွက် ဖြစ်လာသော လူသံများက ငတောတို့ ချိုင့်ကြီးရွာကို ဖုံးလွှမ်းသွားသည်။ မိဂျမ်းလည်း ငလျင် လှုပ်အပြီး၌ အိမ်သို့ ပြန်ပြေးလာသည်။

ငလျင် လှုပ်သည်က မိနစ်ပိုင်းမျှသာ။

လူသံ၊ ခွေးသံ၊ ကျီးပြိုသံများက ရုတ်တရက် ရပ်မသွား။

အရှေ့ ဆီမှ ရောင်နီ ပတ္တမြားရည်များ စီးလည်လာပြီး၊ အိပ်တန်းဆင်းကြက်တို့ တွန်သံ၊ ကျေးငှက် သာရကာတို့၏ မာဂဓ တေးသီသံတို့က ငလျင် လှုပ်ခဲ့သည်ကို သူတို့ မသိသည့်အလား အရဏ် ပန်းချီကားနှင့် နေ့သစ်ဂီတအဖြစ် မြည်ကျူး ထွက်ပေါ်လာ၏။

တောသို့ မြွေဖမ်းသွားရန် သားအဖနှစ်ဦး ပြင်ဆင်နေစဉ်၊ သူတို့အိမ်ရှေ့ လမ်းမအလိုက် လူများ ရုတ်ရုတ်သဲသဲ သွားကြလာကြ ပြန်ကြသံကို ငတောတို့ ကြားနေရသည်။

သွားရင်းလာရင်း ပြောဆို သွားနေကြသူတို့၏ စကားများကို နားထောင်ကြည့်ခြင်းအားဖြင့် ရွာဦးထိပ်မှ စေတီငုတ်တို ငလျင်လှုပ်၍ ပြိုကျသဖြင့် သွားကြည့်ကြခြင်း ဖြစ်ကြောင်း ငတော သိရသည်။

အေးအေးဆေးဆေး သွားနိုင်၊ လာနိုင်၊ လုပ်နိုင်၊ ကိုင်နိုင်သူတို့ ဘုရားပြိုသည်ကို သွားရောက် ကြည့်နိုင်သော်လည်း၊ ငတောလို အချိန်လု လုပ်ရမည့် သူက သူတို့ကို တုပ၍၊ သူတို့လို မသွားလာနိုင်။

ငတော စားအိုးက ခုနစ်ယောက် စားအိုး။

ခုနစ်ယောက် ထမင်းအိုး ပိုးမျှင်မတန်းစေရန် ဒူးညွတ်ခမန်း၊ လက်မောင်း အောင့်၍ ပြုတ်ကျမခန်း၊ ကျောပြင်ကြီး မီးပွင့်မခန်း၊ ဦးခေါင်းအရေခွံတို့ ပျော့်ကျလုခမန်း ချွေးနက်ကြီးများ ကျသည်အထိ နေ့မနားညမအား ရုန်းကန် လှုပ်ရှားခဲ့ရ၏။

အတန်းပညာက မရှိ၊ မြေယာ ချောင်းမြောင်းက မရှိ၊ အရင်းအနှီးခနဥစ္စာ ဘာမျှမရှိ၊ ပုံမှန်ဝင်ငွေ မရှိ၊ ခိုးဆိုးတိုက် လိုးဖြတ်လိမ်ညာ မတရားလုပ်တတ်ခြင်း မရှိဘဲ ရိုးရိုးသားသား၊ ကြိုးကြိုးစားစား၊ နိုးနိုးကြားကြား ရုန်းကန်နေသူ ငတောသည် ရရစားစား ဝါးဝါးမျိုမျို ပြေးပြေးလွှားလွှား အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစား ဘဝ။

ပျံကျ လုပ်ငန်းကိုလည်း ငှားရမ်းသမျှ အခိုအကပ် မရှိ၊ ကြိုးစားလုပ်ကိုင်နေသူ ငတော။

ပျံကျ လုပ်ငန်း ငှားရမ်းသူ မရှိသောအခါ တောလိုက် လုပ်ငန်းကို လုပ်ကိုင်နေရသူ ငတော။ တောလိုက်လုပ်ငန်းတွင် မြွေဖမ်းခြင်းသည် လုပ်ငန်း တစ်ရပ်အနေဖြင့် ပါဝင်နေ၏။

ငတောတို့ မြွေဖမ်းသွားမည့် အချိန်သည် နေ့ခင်း နေ့ကာလ။

နေ့ကာလ၊ နေ့ခင်း မြွေဖမ်းရာ၌ မြွေလူးကြောင်း တွေ့ဖို့ လိုသည်။ မြွေမစင် တွေ့ဖို့လိုသည်။

မြွေဖမ်းမည့်သူက မြွေလူးကြောင်းကို မကြည့်ရမီ၊ ကျွဲအုပ်၊ နွားအုပ်၊ သိုးအုပ်၊ ဆိတ်အုပ်နှင့် လူအုပ်တို့က မြွေလူးကြောင်းပေါ် ဖြတ်ကျော် မသွားရန် လိုသည်။

ကျွဲနွား သိုးဆိတ်အုပ်နှင့် လူတို့ ဖြတ်ကျော်၍ မြွေလူးကြောင်း ပျက်စီးသွားလျှင် မြွေဖမ်းသမားအဖို့ ဆုံးရှုံး နစ်နာသည်။ မြွေလူးကြောင်း ပျောက်က ခြေရာပျောက်ပြီး မြွေရှာဖို့ မလွယ်။





ဤကဲ့သို့ ဆုံးရှုံးနစ်နာမှု မဖြစ်စေရန် မြွေဖမ်းမည့်သူက ဦးအောင် အုပ်မိရသည်။ ဦးအောင် အုပ်မိနိုင်ရေးအတွက် မြွေဖမ်းသမားက ဝီရိယ ရှေ့ထား စောစောသွားရစမြဲဖြစ်သည်။

လူများ အုံးအုံးကြွကြွ ထသည်အထိ၊ ငလျင် လှုပ်၍ ပြိုကျသော ဘုရားကို သူဝင်ငါထွက်၊ ငါပြန်သူလာ လုပ်ကြသည့်တိုင် ငတောရော၊ ငလုံးပါ မိုးခါးရေတစ်ပေါက် မသောက်နိုင်။ ကိုယ့် အလုပ်သဘောအရ အချိန် စောစောသွားရမည်မို့ တောသို့သွားရေး အတွက်သာ စိုင်းပြင်း နေကြသည်။

“ငလုံး”

“ဗျာ…အဖေ”

“မြွေဖမ်းခက်ရင်း၊ မြွေဖမ်းညှပ်၊ ပေါက်ပြား၊ မြွေထည့်မယ့် အိတ်နဲ့ ကြက်ပေါင်ဘတ်ခွ၊ ဲလောက်စာလုံး၊ တောလိုက်ဓားရှည်၊ အားလုံး ပြန် စစ်ပြီးပြီလား”

“စစ်ပြီးပါပြီ အဖေ၊ သေသေချာချာကို စစ်တာပါ၊ အားလုံး ကောင်း တယ်၊ အဆင်သင့်ပဲ”

“ဒါဖြင့် တို့သွားရအောင်၊ မိဂျမ်း တို့ တောသွားမယ်”

မိဂျမ်းသည် နှုတ်ဆက်လာသော ငတောအား နှုတ်ဖြင့် ဘာစကားမှ မမှာ။ သားဖြစ်သူ ငလုံးကိုသာ အနီးသို့ခေါ်ယူကာ တိုးတိုး တိုးတိုး မှာသည်။ မိဂျမ်း မျက်ဝန်းတစ်စုံက ငတောကို ရီဝေစွာကြည့်၏။ ထိုအကြည့်၌ အသံ မထွက်သော စကား များစွာပါဝင်၏။

‘မနေ့က ငသော် သေတာ မြွေဖမ်းရင်း မြွေကိုက်လို့၊ တော်တို့ မြွေဖမ်း ခု သွားတော့မယ်။ ညောင်သီးလည်း စား၊ မြားသံလည်း နားစွင့် သတိနှင့် မြွေဖမ်း၊ မြွေမကိုက်ပါစေနှင့်။ မြွေကိုက်တာဟာ ခြင်ကိုက်တာ၊ ကြမ်းပိုး ကိုက်တာ၊ ပုရွက်ဆိတ်ကိုက်တာ မဟုတ်ဘူး။ သေမင်းမှ သေမင်း။ မသေ အောင် မြွေမကိုက်စေနဲ့’

ငတော အကြည့်ကို မိဂျမ်းက ကတိဟု ထင်၏။ မိဂျမ်း အကြည့်ကို သတိပေးဟု ငတောက ထင်၏။

မည်သို့ပင်ဖြစ်စေ မြွေဖမ်းမှ ဝမ်းဝမည်။ ဝမ်းဝရေးအတွက် မြွေဖမ်းထွက်ရန် ငတောတို့ အိမ်မှအထွက်တွင် နံနက်ခင်း လေပြည်နုက ပန်းရနံ့မျိုးစုံ တသင်းသင်းကို သယ်ဆောင်လာ၍ ငတောတို့ကို ကြိုဆိုနှုတ်ဆက်သည်။

* * *

(၂)

"အဖေ ဒီမှာ မြွေပွေး လူးကြောင်းကြီးဗျ၊ မြွေပွေးဆိုတာ သေကို သေချာတယ်"

မြွေလူးကြောင်းကို အရင်တွေ့သော ငလုံးက မြွေလူးကြောင်းဘေးဒူးထောက်ထိုင်ရင်း ငတောကို ပြောသည်။ ငတောကလည်း ငလုံးဘေးဝင် ဒူးထောက် ထိုင်ကာ မြွေလူးကြောင်းအား စေ့စေ့စပ်စပ် ကြည့်သည်။ ပြီးမှ စကားဖြည့်သည်။

"အေးကွ...မြွေပွေးမှ ငါးဆယ်သားတောင် ကျော်လိမ့်ဦးမယ်၊ အံမယ် ဘာကောင် မျိုထားမှန်း မသိဘူး၊ အကောင် တစ်ကောင်ကောင်ကိုလည်း မျိုထားသေးသကွ၊ မြွေလူးကြောင်းကလည်း အသစ်စက်စက်၊ ဒီအကောင်ကြီး ဒီကဇာထဲမှာပဲ ရှိလိမ့်မယ်"

မြွေလူးကြောင်းကို ကြည့်ပြီး သားအဖ နှစ်ယောက်စလုံး မြွေပွေးဖြစ်ကြောင်း တညီတညွတ်တည်း ပြောကြသည်။ ဟုတ်သည်။ မြွေလူးကြောင်းကို ကြည့်ရုံမျှဖြင့် ငတော ငလုံးတို့ ကဲ့သို့သော မြွေဖမ်းသမားတိုင်းက မြွေကို မမြင်မတွေ့ရဘဲ မြွေအမျိုးအစား ခွဲခြားနိုင်သည်။

မြွေဟူသည် ခြေလက်မပါပဲ တွားသွားတတ်သည့် သတ္တဝါတစ်မျိုး။ မြွေ သွားလာရာ၌ လူး၍၊ လွန့်၍၊ တွန့်၍ တွန့်၍ သွားတတ်သည်။ လူးလွန့်တွန့်သွားသော အကြောင်းကို မြွေလူးကြောင်းဟု ခေါ်သည်။





မြွေပွေး လူးကြောင်းက ကကြီးလို၊ ယပက်လက်လို အကြောင်းများ ဆက်တိုက် စဉ်တိုက် ဆွဲထားသလို အတွန့်ရာများသည်။ လူးကြောင်းစိတ်သည့် မြွေဟောက်လူးကြောင်းက အတွန့်ရာ ပါသော်လည်း မြွေပွေး လူးသကဲ့သို့ မြွေပွေး တွန့်သကဲ့သို့ လူးရာတွန့်ရာ မစိတ်၊ အလတ်စားမျှသာ ရှိသည်။

လင်းမြွေ လူးကြောင်းက သိသိသာသာပင် ကျဲသည်။ မြွေလူးကြောင်း မှန်း သိရုံ၊ တွန့်သည် ဆိုရုံမျှသာ ပါသည်။

အစာ မျိုထားသော မြွေလူးကြောင်း၌ အစာရောက်နေသော မြွေ၏ ကိုယ်ခန္ဓာ နေရာက လူးကြောင်းထဲ၌ သာမန် နေရာထက် လူးကြောင်း ကျယ်နေသည်။ ဖုထွက်နေလေ့ ရှိသည်။ မျိုထားသော အကောင် ကြီးလေ လူးကြောင်းထဲ၌ ထင်ရှားလေလေပင်။

သည်အတွေ့အကြုံအရ အစာ မျိုထားသောမြွေဟု ငတောက ပြောသည်။ အကြီးအသေး ခန့်မှန်းနိုင်ခြင်းမှာလည်း မြွေလူးကြောင်း အကျယ်ကို ကြည့်၍ ခန်းမှန်းနိုင်ခြင်း ဖြစ်သည်။

မြွေပွေး သေးက လူးကြောင်း ဗျက်သေးသည်။

မြွေပွေး ကြီးက လူးကြောင်း ဗျက်ကြီးသည်။

ခြေရာပေါင်းမှာ ဖုန်တင်ခြင်း၊ ရွက်ကြွေစ၊ အမှိုက်စ တင်ရှိခြင်း ရှိတတ်သည့်အတွက်၊ ထိုအရာများ မရှိသော ယခု ခြေရာကို ခြေရာသစ်၊ လူးကြောင်းသစ်ဟု ပြောနိုင်သည်။

"အဖေ...ဘယ်လိုလုပ် ဖမ်းမလဲဗျ"

မြွေဝင်သွားသော ကဇာရိုးကို ငတော ရပ်ပြီး သေသေချာချာ ကြည့်သည်။ ဝဲယာ၌ နဘူး၊ နပဲ၊ မိုးနံ့၊ ဂျပ်တက်၊ ဆူးရစ်၊ ဆူးဖြူ ပနီသန်လျက် စသော ချုံများ ထူထူထပ်ထပ် ပေါက်နေသည်။

သို့ရာတွင် တောင်ပို့အို တောင်ပို့သစ် ဘာမှမရှိ။

မိုးရာသီ ရေစီးစဉ်က ရေဖြတ် စီးဆင်းထားသော ရေကြောင်း ဟောင်းကြီးတော့ ရှိသည်။

အလယ်ကောင်၌ရှိသော ရေကြောင်းဟောင်းသည် မည်သည့် သစ်ပင်မှ မပေါက်ရောက်လျှင် မြွေ နေ မနေ ထည့်သွင်း စဉ်းစားစရာ မဟုတ်။

အလယ်ကောင် ရေကြောင်းဟောင်းထဲ၌လည်း နဘူး၊ နပဲ၊ မိုးနံ၊ ဂျပ်တက်၊ ကျီးအာ၊ ဇင်ရွေး၊ ရွှေချည်တိုင်း၊ ဖောက်ခွေး၊ အောင်ပန်းညိုတို့ ရှုပ်ယှက်ခတ်မျှ ပေါက်ရောက် နွယ်ယှက်နေရာ ထိုမျှ ကြီးမားသော မြွေသည် ဝပ်ကျင်းလုပ်ရာ၌ ဤကဲ့သို့သော နေရာမျိုးကို ရွေးချယ်ကောင်း ရွေးချယ်နိုင်သည်။ ကဇာ၏ သဘာဝနှင့် မြွေ ဓလေ့စရိုက်ကို ငတော ချိန်ဆသည်။

ကဇာရိုး ဆိုသည်မှာ ချုံပုတ်ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်နေသော သဘာဝပေါက်ပင်စုကို ဒေသ အခေါ်အဝေါ်အရ ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ကဇာ၊ ကဇာရိုး၊ ခင်တန်း၊ ရိုးဟု ဒေသအလိုက် ခေါ်ဝေါ်ကြသည်။

ကဇာရိုးရှိ ချုံပုတ်ချုံနွယ်များကို လူသားကလည်း ထင်းခုတ် ထင်းခွေ၊ ဟင်းရွက် ရှာသည်။ ကျွဲ နွား သိုး ဆိတ်အုပ်ကလည်း ဘဝဝမ်းစာ အတွက် လာရောက် စားသောက်သည်။ လူသား ထင်းရှာရှာ၊ ကျွဲ နွား သိုး ဆိတ်အုပ် အစာစားစား ဘေးအန္တရာယ်ကို အတွေ့အကြုံအရ သိရှိကြသည်။

လူသား မဆိုထားပါဘိ၊ လူသားထက် အသိဉာဏ် အဆင့်အတန်း မယှဉ်သာအောင် နိမ့်ကျသော တိရစ္ဆာန်များပင်လျှင် သူတို့၏ ဗီဇသိဖြင့် ကဇာရိုး အလယ်သို့ ဝင်ရောက်က ဘေးဖြစ်တတ်ကြောင်း သိရှိထားသဖြင့် ကဇာအလယ်အထိ မဝင်ရဲကြ။

လူမဝင်၊ ကျွဲ နွား သိုး ဆိတ် မဝင်ရဲသော နေရာကို မြွေတို့ နှစ်သက်သည်။ အန္တရာယ် ရုတ်တရက် မကျရောက်သည့် နေရာမျိုးကို ရွေးချယ်ပြီး မြွေတို့ ဝပ်ကျင်း ပြုလုပ်လေ့ ရှိသည်။

မြွေဝပ်ကျင်း ဟူသည် မြွေနေထိုင်ရာ နေရာကို ခေါ်သည်။ မြွေတစ်





ကိုယ်စာ လုံခြုံမှု အပြည့်ရှိသော နေရာပင်။ ယေဘုယျအားဖြင့် ဝပ်ကျင်း အတွင်း၌ အမှိုက်၊ သစ်ရွက် ရှိခဲ့သည်။ [ဝပ်ကျင်းနှင့် မြွေအသိုက် မတူပါ] ပြောင်ချော နေတတ်သည်။ မြွေသည် တိရစ္ဆာန် ဖြစ်သော်လည်း သူ့ဝပ်ကျင်း အတွင်း မစင်စွန့်ခဲ့သည်။ [နေ့စဉ်ရက်ခြား ဝင်ထွက်မြွေကို ဆိုလိုသည်။ အစာကြီး မျို၍ စားပိုးနင့်နေသော မြွေကြီးမျိုးကို မဆိုလို။]

အစာရှာ ပြန်သော မြွေသည် အချိန်တန်က အိမ်ပြန်သောသူကဲ့သို့ သူ့ဝပ်ကျင်းကို သူ ပြန်မြဲ ဖြစ်သည်။ ဝပ်ကျင်းထဲ ခွေနေသော မြွေကို၊ သာမန်ကြည့်က ရုတ်တရက် မမြင်ရ။ သတိထားကြည့်မှ မြင်ရသည်။ ရှိနိုင်သော ဝပ်ကျင်း နေရာကို မှန်းဆကြည့်နေသော ငတောက...

"အဖေ ထင်တာ မမှားရင် ဒီမြွေရဲ့ ဝပ်ကျင်းဟာ ရေကြောင်း ဟောင်းထဲ ဖြစ်မှာပဲ၊ တို့က အပင်ပန်းခံပြီး သူ ဝင်သွားတဲ့ လူးကြောင်း သဲလွန်စအတိုင်း ရေကြောင်းဟောင်း နှုတ်ခမ်းအထိ ခုတ်ထွင် ဖျင်ဝင်ရမယ်၊ အတွင်းရောက်မှ ရေကြောင်းဟောင်း မူလစီးခဲ့တဲ့ အရှေ့အနောက် ရေစီးကြောင်း အရှည်အတိုင်း၊ မြွေရှာလို့ ရအောင် ညာဘက်က ရှင်းကြမယ်၊ ခြေတစ်လှမ်း ရှေ့ တိုးစာရုံ၊ ခြေတစ်လှမ်း ရှေ့ ချစာရုံ၊ ပိုင်း ပိုင်း ရှင်းမယ်၊ ခုတ်မယ်၊ မြွေရှာမယ်"

တောလိုက် ဓားရှည်ဖြင့် ငလုံးက ချုံပုတ် ချုံနွယ်များကို ခုတ်၊ ငတောက ခက်ရင်းဖြင့် ငလုံး ခုတ်ထားသော ချုံပုတ် ချုံနွယ်တို့ကို ကော်၍ ကော်၍ ဘေးထိုး ထုတ်ရသည်။

ငလုံး တောခုတ်ဖျင်ရ၍ ပင်ပန်းက ငတောက ခုတ်။ ငတော ပင်ပန်းက ငလုံးက အစားဝင်ခုတ်ဖြင့် ခုတ်ထွင်လာရာ ချွေးပြိုက်ပြိုက် ကျသည့်တိုင် မနားနိုင်။ မြွေရှာကွင်း ရရေးအတွက် လမ်းဖောက်လမ်းကြောင်း နေကြသည်။

မြွေရှာကွင်းရမှ ရေကြောင်းဟောင်းထဲ၌ မြွေဝပ်ကျင်း ရှိနိုင်မည်ဟု ယူဆရသော နဘူး၊ နပဲ၊ မိုးနံ၊ ဂျပ်တက်ပင်များကို မြွေဖမ်း ခက်ရင်းဖြင့် လှန် လှန် ရှာရသည်။ တစ်ပင်မတွေ့ အခြား တစ်ပင်၊ တစ်ချုံမတွေ့ အခြား

တစ်ချို့ တစ်နေရာမတွေ့ အခြားနေရာသို့ ပြောင်းကာ ပြောင်းကာ ရှာသည်။ ရှာ၍ မတွေ့သည့်တိုင် ငတောရော ငလုံးပါ ဖွဲ့ မလျှော့။ အား မပျော့။

နဘူးပင်များနှင့် ပင်အို ပင်ဟောင်းများလည်း ဖြစ်၊ ရေလည်း ဝဝ သောက်ထားရ၊ လူလည်း အဖျက်အဆီး မရှိသဖြင့် သန်သန်စွမ်းစွမ်း၊ နဘူးကိုင်းများကို အပေါ် မြှောက်တင်ထားသည်ဟု ထင်ရလောက်အောင် မြင့်မြင့်မားမား။ အပေါ်ပိုင်းက နေပြောက် ထိုးမရသည်အထိ အကိုင်းချင်း ဆက်၊ ရွက်ချင်း ထပ်နေသော နဘူးခက်၊ နဘူးကိုင်း၊ နဘူးရွက်များမှာ ရှုပ်ရှုပ်ထွေးထွေး။

နဘူးပင်ကြီး ခြေရင်းမှာ ရှင်းရှင်းလင်းလင်း။

အထက်ရှုပ် အောက်ရှင်းသော နေရာ၌ ဝပ်ကျင်း ပြုလုပ် သတ်မှတ်လျက်၊ ခွေနေသော မြွေပွေးကြီး။ နီ၊ ညို၊ နက် ရောင်စုံသော မြွေ အခွေကြီးက မြွေအကြီး အသေးကို ကြေညာနေသကဲ့သို့ ကြက်သီးထစဖွယ် ရှိနေ၏။

မြွေပွေးကြီးသည် ထင်းခုတ် ချုံခုတ်သံ၊ တောတိုးသံကို ကြိမ်ဖန်ရေများစွာ တွေ့ဖူး ကြုံဖူး ကြားဖူးသော မြွေကြီးဖြစ်၍လား၊ မြွေပွေးမာန် မြွေပွေး ဗီဇအရ မထိသမျှ မကိုက်ဟု မျိုးရိုးစရိုက်မာန် တက်၍များလား မသိ။

ငတော ငလုံးတို့က သူ့ကို ဖမ်းဆီးရန် ဖမ်းဆီးကွင်း ရှင်းလင်းနေသည်ကိုပင်လျှင် ထီမထင်၊ သူ့အခွေပေါ် ခေါင်းတင်လျက် ငြိမ်ငြိမ်သက်သက်၊ ဣန္ဒြေရှိရှိ တည်တည်ငြိမ်ငြိမ်။ ထိလျှင် ကိုက်ရန် သတိထားနေဟန်ကား ရှိ၏။

"ကြီးလိုက်တဲ့ မြွေပွေးကြီးဗျာ အဖေရာ၊ လူကိုက်ကိုက် ကျွဲနွားကိုက်ကိုက် ပစ်လဲကျ သေတယ်ဆိုတာ ဒီလို အကောင်ကြီးမျိုးနေမှာ၊ ကျုပ်လက်ကောက်ဝတ်ထက် ကြီးအုံးမယ်"

"ကြီးတာသေးတာ အဓိက မဟုတ်ဘူး၊ ဘေးမှာ တခြား မြွေရှိ မရှိ သေသေချာချာ ကြည့်၊ သူ့ကို ဖမ်းတော့မယ်ဆိုရင် အဖေတို့ မင်းတို့ အာရုံထဲမှာ သူကလွဲလို့ ဘာမှရှိမှာ မဟုတ်ဘူး၊ ခုကတည်းက စေ့စေ့စပ်စပ်





ကြည့်ပြီး တခြားမြွေ ရှိမရှိ ရှာထားမှ ဘေးအန္တရာယ်ကင်းမှာ၊ ဘေးမြွေမရှိတာ သေချာရင် တို့ဖမ်းမယ်၊ မင်းက အဆင့်သင့် လုပ်"

ငတောနှင့် ငလုံးသည် မြွေဖမ်းသောအခါ တွဲဖက်နေကျသူများပီပီ ကိုယ့်တာဝန် ကိုယ်သိသည်။

ငတော တာဝန်က အရိုး နှစ်တောင်ခန့် ရှည်သော မြွေဖမ်းခက်ရင်းဖြင့် ခွေနေသော မြွေအား အခွေ ဖြေစေရန် လုပ်ရမည်။ အခွေဖြေပြီး ဆန့်ထုတ်လာမှ ခက်ရင်းဖြင့် ခွထိုး ဖမ်းရမည်။ မြွေ သတ်သကဲ့သို့ ခက်ရင်းဖြင့် ပစ်မထိုးရ။

ငလုံး တာဝန်က ငတော ခွထိုးပေးထားသော ခက်ရင်းအောက်က မြွေကို မြွေဖမ်းညှပ်ဖြင့် ညှပ်၍ ဖမ်းရမည်။ မြွေဖမ်းညှပ်ဖြင့် ငလုံး ဖမ်းပြီးချိန်၌ ငတောက နှစ်လုံးထပ်ထားသော ပလပ်စတတ် အိတ်ကို ဖွင့်ဟလျက် မြွေသွင်းနိုင်ရန် လုပ်ပေးရမည်။

မြွေဖမ်း ခက်ရင်းစွယ်မှာ သာမန် ခက်ရင်းစွယ်ကဲ့သို့ လက်လေးငါး ခြောက်သစ် အရှည် မထားရ။ အချွန် ထက်ထက် မထားရ။ ခက်ရင်းအစွယ် အရှည် လက်နှစ်လုံး၊ အကျယ် လက်နှစ်လုံးသာ ယေဘုယျထားလေ့ရှိသော ခက်ရင်းဖြစ်သည်။ ခက်ရင်းစွယ် နှစ်ခုစလုံး ထိပ်တုံးထားလေ့ရှိသည်။ မြွေကို ခွထိုးရာ၌ ဖိလွယ်စေရန်နှင့် မပေါက်မပြဲစေရန် အတွက် မြွေဖမ်းခက်ရင်းကို အတို အတုံး ပြုလုပ်ထားခြင်း ဖြစ်သည်။

ခွေနေသော မြွေပွေးကြီး လှုပ်ရှားစေရန်အတွက် ငတောက ခက်ရင်းစွယ်ဖြင့် ဖျတ်ခနဲ ထိလိုက်သည်။

သူ့ထိက ယင်ကောင်ပင်လျှင် အလွတ်မပေး။ ထိအောင် ပေါက်သည်ဟု မြွေပွေးနှင့် ပတ်သက်၍ ဆိုထုံးထားသည်မှာ ဟုတ်မှန်နိုင်ရာသည်။

ထိလိုက်လျှင် ထိလိုက်ချင်း မြွေပွေးကြီးက ဖျောက်ခနဲ၊ ဖျောက်ခနဲ ဆက်တိုက် စဉ်တိုက် ပေါက်ကာ အခွေကို ချက်ချင်း ဖြေသည်မှာ လျင်လျင်မြန်မြန်။

အခွေဖြေပြီး ကိုက်ချက်သစ် ထပ်မံ ကိုက်ရန် ကိုက်ကွင်းသစ် ရှာနေသော မြွေပွေးကြီး၏ ကိုက်ချင်စိတ် အလိုလောဘဆော ပြည့်ဝစေရေးအတွက် ငတောက ခက်ရင်းစွယ်ဖြင့် ထပ်မံ တို့တို့ တို့တို့ပေးရာ ဖျောက်ခနဲ၊ ဖျောက်ခနဲ မြည်သံပေးသည်အထိ မြွေကြီးက အငမ်းမရ ကိုက်သည်။

အချက်ပေါင်း များစွာ သူကိုက်သော်လည်း ထပ်မံ ထိတို့လာသည့် ခက်ရင်းစွယ်အား ဒေါသတကြီးဖြင့် မီးကုန်ယမ်းကုန် ကိုက်ရန် မြွေပွေးကြီးက ဟန်ပြင် လှုပ်ရှားသည်။ ဟန်ပြင် လှုပ်ရှားလာသော မြွေပွေးကြီးအား ငတောက ထိုးကွင်း ထိုးကွက် ရွေးချယ်နေသည်။ မြွေကြီးက ခက်ရင်းစွယ် အဝင့်၌ ဇက်စောင်း၊ လည်ပြင်နေစဉ် ငတော လက်လွတ်မခံ၊ မြွေပွေးကြီး၏ ဇက်နောက် လက်နှစ်သစ် အကွာကို ငတော ချိန်ဆပြီး မြွေဖမ်းခက်ရင်းဖြင့် ခွထိုး ထိုးလိုက်သည်။ မြွေဖမ်း ခက်ရင်းစွယ်က လက်လေး ငါးသစ် ကျယ်ခဲ့လျှင်လည်း မြွေပွေးကြီး လူးလွန့်ရဦးမည်။

မြွေဖမ်းခက်ရင်းက တိုလည်းတို၊ ကျဉ်းလည်းကျဉ်းရာ မြွေပွေးကြီး မည်သို့မျှ လှုပ်ရှားမရ။ ဇက်နောက်ကို ခက်ရင်းစွယ်ဖြင့် ခွထိုးထားသော အခါ မြွေဦးခေါင်းကို မြေကြီးပေါ်တင်ပြီး အပေါ်မှ အလေးအပင်ဖြင့် နာနာ ဖိသလို အဖိခံထားရာ ရောက်လျက် မြွေပွေးကြီး ပြန်မလှန်နိုင်တော့။ နေရာ မရွေ့နိုင်တော့။

ဇက်နောက် ခက်ရင်းဖြင့် ခွဖိထိုး ခံထားရသော မြွေပွေးကြီး၏ ဦးခေါင်း ပြူရာဘက်သို့ ငလုံး မြွေဖမ်းညှပ်က ရုတ်တရက် ရောက်လာသည်။

မြွေဖမ်းညှပ်မှာ ဝါးမာ အရှည် သုံးတောင်တစ်ထွာခန့် ရှည်သည်။ ဝါးမာအရှည် သုံးတောင်တစ်ထွာခန့်၌ မြွေဖမ်းမည့် ညှပ်ဘက်နှင့် အခြားဘက် ဟူ၍ နှစ်ဖက်နှစ်ချက် နှစ်မျက်နှာပါသည်။

မြွေကို ဖမ်းသွင်းမည့် ညှပ်ဘက်မျက်နှာ၌ ခါးလယ် တစ်တောင့်ထွာ၌ သံငုတ်ရိုက်သည်။ သံငုတ်၌ ဗိုင်းငင်ဝင်ရိုးခန့် တုတ်သော သွပ်နန်းကြိုးပျော့ကို ခိုင်ခိုင်ခံ့ခံ့ ရစ်ပတ်ပြီးမှ အောက်သို့ သွပ်ကြိုးပျော့ တစ်တောင့်ထွာ





အံကိုက် ရောက်စေရန် ချိန်ဆ တိုင်းထွာလျက် ဆန့်တန်းချလိုက်သည်။

အပေါ်မှ ကန့်လန့် ချလိုက်သော သွပ်နန်းကြိုးပျော့ တစ်တောင့်ထွာ အဆုံးသည် ဝါးမာအဆုံးဖြစ်ပြီး၊ ယင်းဝါးမာအဆုံး၌ တိုးလျှိုပေါက် ဖောက်ထားသည့် အပေါက်ရှိသည်။ ထိုအပေါက်ထဲသို့ တစ်ဖက် မျက်နှာထိပ်၌ သံချောင်းရိုက်၍ ထိုသံချောင်းကို ရစ်ပတ်ချည်နှောင်ထားသည့် ဗိုင်းငင်ဝင်ရိုးခန့် ရှိသော နိုင်လွန်ကြိုးမှ ကြိုးစအား ထိုးသွင်းကာ သွပ်ကြိုးပျော့ အဆုံးကို လှမ်းချိတ်ဆွဲ ချည်နှောင်ရသည်။ မြွေ မည်မျှကြီးကြီး မည်မျှ ရှန်းရှန်း မပြုတ်မပျက်စေရန် အထူးဂရုစိုက်လျက် အမြဲ စစ်ဆေး ပြုပြင် သတိထားရသော နေရာမှာ ထို အဆက်နေရာ ဖြစ်သည်။

တစ်ဖက်မျက်နှာမှ နိုင်လွန်ကြိုး အဆုံးမှာ ဝါးမာထိပ်၌ ရှိသည်။ နိုင်လွန်ကြိုးကို အပေါက်မှထိုးလျက် သွပ်ကြိုးပျော့နှင့် ဆက်ထားရာ သွပ်ကြိုးပျော့မှာ အရှင်သဘော ဖြစ်သွားသည်။ ဟ၍လည်း ရသည်။ စေ့၍လည်း ရသည်။ နိုင်လွန်ကြိုးဆွဲစေ့က မြွေလည်စေ့ကို ဖမ်းညှပ်သလို ဖြစ်သွားသည်။ အိတ်ထဲသွင်းရာ၌ ညှပ်ရောမြွေပါ ထိုးသွင်းပြီးမှ ကြိုးလျှော့ကာ ဟပေးသည်။ ဟပေး၍ မြွေ ညှပ်ထဲမှထွက်ပြီး အိတ်ထဲ ရန်းကန်ချိန် ရောက်မှ မြွေဖမ်း ညှပ်ကို ပြန်နုတ်သည်။

ငလုံးက မြွေဖမ်းညှပ်ကို ဟထားပြီး မြွေပွေးကြီး ဦးခေါင်း အနီး ကပ်လိုက်သည်။

ငတောက သူ့ခက်ရင်းဖြင့် ဖိထားသော မြွေပွေးကြီးကို မသိမသာ လေး ခပ်ဖြည်းဖြည်း ခပ်ဖော့ဖော့ ကြွပေးသည်။

ခက်ရင်းဖြင့် အားကုန်ဖိကပ်ထား ခံရသော အနေအထားမှ ကြွပေး ခံရသော မြွေပွေးကြီးက သူ့အင်အားကြောင့် လွတ်မြောက်ရာ ရတော့မည်ဟု ထင်မြင်ယူဆဟန်မျိုးဖြင့် ရှေ့ကို ဆန့်ဆန့်တိုးသည်။ မြွေဖမ်းညှပ်အတွင်း ခေါင်းကျော်မိသည်အထိ ရောက်ရှိစေရန် ငလုံးက မြွေဖမ်းညှပ်ကို ကပ်သည် ထက် ကပ်ကပ်ပေးသည်။

မြွေဖမ်းခက်ရင်းဖြင့် ဖိထိုးထားသူ ငတောက မသိမသာ လျှော့လျှော့၊ လျှော့လျှော့ ပေးရာမှ သိသိသာသာ လျှော့ပေးလိုက်ရာ မြွေပွေးကြီးက မြွေဖမ်းညှပ် သွပ်ကြိုးပျော့ အတွင်း စတင်ဝင်၊ ပို၍ပို၍ ဝင်စေရန် ရှေ့ပိုပို ပိုပို တိုးလာသည်။ ငတောက မြွေဖမ်းခက်ရင်းဖြင့် ဖိထိုးထားရာမှ လုံးဝ မလွှတ်၊ မြွေပွေးကြီးက လွတ်ပြီဟူသော အထင်ဖြင့် အားကုန်အင်ကုန် ဆန့်အတိုး၌ ငလုံးက မြွေဖမ်းညှပ်ကြီးကို အားရပါးရ တင်းတင်းကျပ်ကျပ် ဆွဲလိုက်သည်။ ညှပ်မှ သွပ်ကြိုးပျော့က မြွေကြီး လျှာထွက်ခမန်း ဖိညှပ်ထားရာ လှုပ် မရတော့။ တိုး မရတော့။

နှစ်အိတ်ထပ်ထားသော ပလပ်စတစ်အိတ် အတွင်းသို့ မြွေပွေးကြီး ရောညှပ်ပါ ထိုးထည့်ပြီး၊ ညှပ်ဟပေး၊ မြွေထွက်၊ ညှပ်ပြန်နုတ်၊ မြွေထည့် အိတ် ပိတ်ပြီးချိန်မှ ငတောရော ငလုံးပါ သက်ပြင်း ချနိုင်သည်။

အိတ်အတွင်းမှ မြွေပွေးကြီးကား တရှူးရှူး တရှဲရှဲ ဒေါသပုန်ထဆဲ။ လွတ်လမ်းရှာဆဲ။ လွတ်လမ်းမဲ့သောအခါ ပိုဒေါသတကြီး လှုပ်ရှားဆဲ။

* * *

(၃)

ရှိနိုင်သည်ဟု ငတောရော ငလုံးပါ ခန့်မှန်းရသည်။

ရှိ မရှိ၊ သေချာ မသေချာတော့ ပုံသေကားချ ရဲရဲ ပြောမရ။ လုပ်ငန်းသဘော၊ လုပ်ငန်း အတွေ့အကြုံအရ၊ ငတောတို့ တွေ့သော ချေးမှာ မြွေချေး။ တွေ့သော နေရာမှာ တောင်ပို့ကြီး၏ဘေး။

မြွေချေး၊ ပုတတ်ချေးနှင့် တောက်တဲ့ချေးကို ငတောတို့ ခွဲခြားသိသည်။ မလွဲအောင် ပြောနိုင်သည်။

ပုတတ်ချေးက အဖြူနှင့် အနက်ရောင် ရှိပြီး၊ ဆီးသီးကင်း သေးသေး ခန့် အတောင့်လေးများ ဖြစ်သည်။

တောက်တဲ့ချေးက အဖြူဆွတ်ဆွတ်ဖြစ်ပြီး လက်တစ်ဆစ်ခန့်





အရွယ်အစား ရှိသည်။ ပုတတ်ချေးသဏ္ဌာန် အတောင့်လေး ဖြစ်သည်။ မာသည်။

မြွေချေးက အဖြူတစ်ပိုင်း အနက်တစ်ပိုင်း ဖြစ်သော်လည်း ပုတတ်ချေးကဲ့သို့ အတောင့်လိုက် မဟုတ်။ တောက်တဲ့ချေးကဲ့သို့ အမာမဟုတ်။ အပုံလိုက် ရှိသကဲ့သို့ ပျော့လည်းနေသည်။ မြွေချေးထဲ၌ ကြွက်မွေး၊ ငှက်မွေးများ တွေ့ရတတ်သည်။ အချို့ မြွေချေးများက ဝမ်းပျက်သော ကလေးငယ် ဝမ်းသွားထားသော ပုံစံမျိုးလည်း ရှိတတ်သည်။

မြွေသည် သူ့ဝပ်ကျင်း အတွင်း၌ မစင်မစွန့်၊ သူ့နေရာ တောင်ပို့ အတွင်း မစင်မစွန့်။ ယေဘုယျအားဖြင့် ဝပ်ကျင်း ပြင်ပ၌သာ မစင်စွန့်လေ့ ရှိသည်။

မြွေမစင် တွေ့ရှိခြင်းသည် မြွေလူးကြောင်း တွေ့သလို မြွေတွန်သံ နားထောင်သလို ရှိမရှိ ခန့်မှန်းရာ မြွေအမျိုးအစား ခန့်မှန်းရာ၌ လုံလောက်သော အထောက်အထား မဟုတ်။ ဟုတ်သည်၊ လူးကြောင်းလောက် မြွေတွန်သံလောက် မြွေမစင်က ခန့်မှန်းရာ စိတ်မချရ။

မြွေတွန်သံကို နားထောင်ရက မြွေ အမျိုးအစားနှင့် မြွေနေရာကို မြွေသမားက တန်းခနဲ သိသည်။ ထိုင်ရာ မထဘဲ ဘာမြွေဟု ပြောနိုင်သည်။

မြွေပွေးက ကျင်းဝင် ကျင်းထွက်၌ တွန်သည်။ တွန်သည်က တစ်ခွန်းတည်းပါ။ သူ့တွန်သံက ရှီ။

မြွေဟောက်ကလည်း ကျင်းဝင် ကျင်းထွက်၌ တွန်သည်။ တွန်သည်က ယေဘုယျအားဖြင့် နှစ်ခွန်းတည်းပါ။ သူ့တွန်သံက ရှီ ရှီ။

လင်းမြွေက ကျင်းဝင် ကျင်းထွက်လည်း တွန်သည်။ သူ တွန်ချင်သော အချိန်၌လည်း စည်းကမ်း မထားဘဲ တွန်သည်။ သူ့ တွန်သံက ရှီ ရှီ ရှီ ရှီ ရှီ ရှီ။

ထိုသို့ တွန်သံ မတူ၊ စရိုက်မတူ အမူကွဲပြားသော မြွေတို့သည် ထိုအချိန်များမှ လွဲ၍ မတွန်တော့ဘူးလားဟု မေးစရာ ရှိပါသည်။

နာရီမြွေ (ဒေသအခေါ်နရီမြွေ)ဟု ခေါ်သော မြွေက ကြက်တွန်သကဲ့သို့ သူ့တွန်ချိန်ရောက်က တွန်လေ့ရှိသည်။ ပုံမှန် တွန်လေ့ရှိသော မြွေမျိုးပင်။

အရှေ့အနောက် တောင်မြောက် လှည့်ပတ် ပြေးပြီး၊ လူများ ခုန်ပေါက်အောင်ဟစ် သီဆိုသကဲ့သို့ (စတိတ်ရှိုးဆိုရာ၌ ဟိုပြေး သည်ပြေး ပြေး၊ ဘရိတ်ဒန့်စ် ဆွဲကာ အော်ဟစ်သကဲ့သို့) တရှိုးရှိုး တွန်သံပေးနေသော မြွေလည်း ရှိသည်။

မြွေဖမ်းသမားတို့က တောဝင်သည်ခေါ်သော၊ လူများ ဒေါသတကြီးသံကုန် အော်ဟစ်လာသလို အဝေးကြီးကတည်းက ဒေါသတကြီး အော်ဟစ်တွန်လာသော မြွေမျိုးလည်း ရှိသည်။ တောဝင်မြွေက အကောင် အကြီးအသေး မရွေး တွန်သံ ကျယ်သည်၊ မာသည်၊ ကြာသည်။

မြွေတွန်သံကို မှတ်သားရာ၌ သူ့အမှတ်သညာ၊ ကိုယ့်အမှတ်သညာ မတူညီကြ။ သူ့ဒေသ သူ့အမှတ်သညာ၊ ကိုယ့်ဒေသ ကိုယ့်အမှတ်သညာ ကွဲပြားသည်။ ဒေသ တူသော်ငြား၊ သူ့နား သူ့အတွေ့အကြုံ၊ ကိုယ် အတွေ့အကြုံ ကိုယ့်နား အမှတ်အသား မတူခြားနား ကွဲပြားသည်။

အချို့က မြွေပွေးသည် တစ်ခွန်း တွန်သည်ဟု အမှတ်သညာ ထားကြသော်လည်း၊ အချို့က မြွေပွေး အမသည် တွိ တွိဟု တွန်သည့်အကြောင်း ပြောဆိုကြသည်။ မြွေပွေးက ကွိ ကွိ ကွိ ကွိ နှင့် တွန်သည်ဟု မှတ်သူက မှတ်ကြသည်။ မြွေဟောက်က၊ ဝပ်ကျင်း အဝင်အထွက်၌ မြွေပွေးလို တစ်ခွန်းတည်းသာ ရှီဟု တွန်ကြောင်း ငြင်းကြခုံကြသည်။ မြွေသမားအများစုက မြွေတွန်သံကို လူများ လေချွန်သကဲ့သို့ ရှီ၊ ရှီရှီ၊ ရှီရှီ ရှီရှီ ဟူသော အသံမျိုးဖြင့် တွန်သည်ဟု ယူဆကြသည်။ ဘယ်မြွေက ဘယ်လိုတွန်သည်။ ဘယ်အချိန် တွန်သည်ဟု အမှတ်သညာ ကွဲပြား ခြားနားသော်လည်း အားလုံး ငြင်းချက်မရှိ တညီတညွတ်တည်း လက်ခံထားကြမှာ မြွေပွေးက အသံ ကြည်သည်။ မြွေဟောက်က အသံ အသည်။

လင်းမြွေက ဆက်ရက်ပေါက် မြည်သကဲ့သို့ ဆက်လက် တွန်မြည်





တတ်သည်ဟု လက်ခံ ထားကြသည်။ မြွေတွန်သံ နားထောင်ခြင်းအားဖြင့် မြွေရှိရာနှင့် မြွေအမျိုးအစားကို ထိုသို့ သိကြ ခွဲခြားနိုင်ကြသည်။

မြွေချေးပုံကျတော့ ဒါ မြွေပွေးချေး၊ ဒါမြွေဟောက်ချေး၊ ဒါ လင်းမြွေချေးဟု မခွဲခြားနိုင်တော့။ မြွေချေး တွေ့ခြင်းအားဖြင့် မြွေ ရှိနိုင် မရှိနိုင် ခန့်မှန်းရာလောက်၌သာ အသုံးဝင်သည်။ ရှိနိုင် မရှိနိုင် ခန့်မှန်းရာတွင် မြွေချေးပုံကို အသေအချာ ကြည့်ရသည်။

"ငလုံး... ဒီမှာကြည့်စမ်း၊ ဟောဒါ ဟောဒါတွေက မြွေချေးအဟောင်းတွေ ခြောက်နေပြီ၊ ဒီဟာက အသစ်စက်စက် ချေး အစို၊ ဒီတော့ ဒီတောင်ပို့ ထဲမှာ မြွေ ရှိနိုင်တယ်လို့ အဖေတော့ ထင်တာပဲ၊ ဒီတောင်ပို့ကို ဖြိုကြည့်ရအောင်၊ မတွေ့လည်းကံ၊ တွေ့လည်းကံပေါ့"

ငလုံးက သူ့အဖေ ညွှန်ပြသော မြွေချေးပုံများကို ကြည့်လိုက်သည်။

ဟုတ်သည်။ မြွေချေးပုံ အခြောက်များလည်း တွေ့ရသည်။ မြွေချေးပုံ အစိုလည်း တွေ့ရသည်။

မြွေသည် သွားရင်းလာရင်းလည်း မစင်စွန့်လေ့ ရှိသည်။ မြွေမစင် တွေ့တိုင်း မြွေရှိပြီဟု လေ့နံ့ခားထစ် တထစ်ချ မှတ်သားမရ။ ယခုကဲ့သို့ အဟောင်းရော အသစ်ပါ တွေ့ရှိခြင်းသည်သာလျှင် မြွေရှိနိုင်သည်ဟု ယေဘုယျ သဘောထားကာ တွက်ဆရသည်။ တွက်ဆရချက်အရ မြွေရှာရ ဖမ်းရမည်။

ငလုံးက ပေါက်ပြားဖြင့် တောင်ပို့ကို ဖြိုလိုက်၊ ရှင်းလိုက်၊ ပေါက်လိုက်လုပ်သည်။ ငတောက မည်သည့် မြွေ ရှိနိုင်သည်ကို စိတ် တွက်တွက်ကြည့်ပြီး ဘေးမှ အဆင်သင့် ရပ်ကာ စောင့်နေသည်။

တောင်ပို့ သုံးပုံတစ်ပုံခန့် ဖြိုအပြီး မြေစာများကို ငလုံး ဘေးယက်အထုတ်၌ တောင်ပို့ထဲမှ လည်ဆန့်တင်ကာ ခေါင်း ရုတ်တရက် ထွက်လာသည့် မြွေကြီးတစ်ကောင်ကို ငတော လက်တစ်ကမ်းအမီမှ မြင်လိုက်သည်။

ငတောကို မြင်၍ လည်ဆန့်ရာမှ ခေါင်းကို မျက်တောင် တစ်ခတ်လျှပ်တစ်ပြက် အတွင်းမှာပင် အောက်သို့ ပြန်အဆုတ်၌ ငတော အချိန်မဆွဲ။ မြွေကြီး လည်မျိုကို ဖမ်းဖမ်းဆွဲဆွဲ၊ ဆွဲဆွဲထုတ်ထုတ် တောင်ပို့ အပြင်သို့ ငတော ဆွဲထုတ်သည်။

မမျှော်လင့်ဘဲ လည်မျိုကို ဖမ်းဆုပ်ခံရသော မြွေကြီးသည် ကြောက်လည်းကြောက်။ လန့်လည်းလန့်သဖြင့် ဆန့် ဆန့် အားကုန်ရုန်းသည်။ ရုန်းမရသောအခါ သူ မီးရာ မီးရာကို အချက်ပေါင်း မြောက်မြားစွာ တရစပ်ပင် ဖမ်းကိုက်သည်။ သူ မည်မျှကိုက်ကိုက် အကိုက်ခံရသူ ငတောက မလွှတ်။

ငတောကို အားရပါးရ ကိုက်နေသော မြွေမှာ လင်းမြွေဖြူကြီး။

လင်းမြွေဖြူတို့ မျိုးရိုးအကျင့်က တွင်းထဲနေရာမှ ခေါင်း ထောင်ထောင်ပြီး လည် ဆန့် ဆန့် ကြည့်လေ့ရှိသည်။ လင်းမြွေသွားက ငါးဘတ်သွားမျှသာဖြစ်ရာ ကိုက်လျှင် ဒဏ်ရာ မပြင်းထန်၊ သွေးစို့ရုံမျှသာ ရှိသည်။ လူကို သူကိုက်၍ မကြောက်ကြခြင်းမှာ အန္တရာယ် မဖြစ်ခြင်း၊ အဆိပ် မတက်ခြင်းကြောင့် ဖြစ်သည်။

ယခင်က လင်းပိုင်း၌ လင်းမြွေကိုက်လျှင် သေတတ်သည်ဟု ငတောတို့ ဒေသဆိုရိုး အယုံအကြည် ရှိခဲ့ကြဖူးသည်။ မြွေဖမ်းရောင်းချိန်၌ ထိုအယူအဆတို့ ခေတ်နောက်ကျသွားသည်။ လက်တွေ့လုပ်ကိုင်ရာ၌ လင်းမြွေကိုက်လည်း ဘာမှမဖြစ်။ ဘာမှ မဖြစ်မှန်းသေချာတော့ မြွေဖမ်းသမားကလည်း လင်းမြွေဆိုလျှင် ဘာခက်ရင်း ဘာညှပ်မှ မသုံး။ လက်ရသာ အမိ ဖမ်းလေ့ရှိသည်။ ငလုံးက အမြီးမှကိုင်၊ ငတောက ခေါင်းမှကိုင်ပြီး မြွေထည့်သော အိတ်ထဲသို့ လင်းမြွေကြီးကိုထည့်ကာ ကြိုးခိုင်ခိုင်ဖြင့် အိတ်ကို ပိတ်စည်းလိုက်သည်။

ခေါင်းထောင်လည်ဆန့် ကြည့်လေ့ရှိသည့်ညဉ်ကြောင့်လား၊ တူးသံ၊ ဆွသံကြား၍ ထွက်ပြေးချင်သောကြောင့်လား ငတောတို့ မုချ မပြောနိုင်။ ငတောတို့ မုချ ပြောနိုင်သည်မှာ ယခု လင်းမြွေဖြူကြီးသည် ငါးဆယ်သား





ကျော်မည်။ ရှယ်ဈေးဖြင့် ရောင်းရမည်။ ထို့ကြောင့် သားအဖနှစ်ဦး ဝမ်းသာမဆုံး။

ခေတ္တနားပြီးမှ အခြားမြွေရှာရန် ငတော စိတ်ကူးပြီး ကွမ်းတစ်ယာကို ယာ၍ ဝါးနေခိုက် ငလုံးက မြွေကြီးနှစ်ကောင် ထည့်ထားသော အိတ်ကို ဆကြည့်နေသည်။ ထိုအခိုက်၌မှာပင်လျှင် ရုတ်တရက် ဆူညံလာသော အသံတို့ကြောင့် ငတောရော၊ ငလုံးပါ ခေါင်းထောင် ကြည့်မိသည်။

"ဟာ...ကျီးကန်းအုပ် မိန် လိုက်လာတာပါလား"

* * *

## (၄)

ငတောတို့နှင့် ဝါးအရိုက် လေးငါးရာမျှ ဝေးကွာသော်လည်း မိန်လိုက်လာသော ကျီးကန်းအုပ်က လေအထက်မှ ငတောတို့က လေအောက်မှ ဖြစ်၍ ကျီးအာသံများ ကြားရသည်မှာ ဆူဆူညံညံ။

မိန်ကောင်ကို ငတောတို့ ခေါ်ဝေါ်ရာ၌ မိုန်ကောင်ဟု ခေါ်သည်။

ခန္ဓာကိုယ် သေးငယ်သလောက် နှုတ်သီးကောက်နှင့် ခေါင်းကြီးမှာ အဆမတန် ကြီးမားသည်။ ခြေသည်းဖျားမှာ ချွန်ထက်ပြီး ကုတ်အားကောင်းသည်။ ခြေကုပ် သန်သည်။ အရောင်မှာ အဖြူနှင့် အဝါကြားဖြစ်သည်။ တစ်ကောင်ချင်း တိုက်ခိုက်ရာ၌ ကျီးကန်းက မိန်ကောင်ကို နိုင်အောင် မတိုက်နိုင်။ မိန်ကောင်သည် သစ်ခေါင်းကို အားကိုးအမှီပြု နေထိုင်လေ့ရှိသည်။

ညဖက်ညခင်း၌ မိန်ကောင်ကို ကျီးကန်းက မတိုက်၊ မလိုက်။ နေ့ခင်းဘက် မိန်ကောင် ထွက်လာ၍ ကျီးကန်းနှင့် တွေ့လာပါက နီးစပ်ရာ

ကျီးကန်းက စတင် အချက်ပေးပြီး ကျီးများ စုပေါင်းကာ ဘုံရန်သူ ချေမှုန်းသလို တုံးလုံးလဲ မသေမချင်း တိုက်ခိုက်သည်။

မိန်ကောင်ကလည်း မိရာကျီးကန်း၊ မိရာကျီးကန်းကို ပြန်ကုတ်၊ ပြန်ဆိတ်၊ ပြန်တိုက်၊ နီးရာသစ်ခေါင်းရှာ ခိုပုန်းဖို့လုပ်လေ့ရှိသည်။

ကျီးကန်းများ မိန်လိုက်သည်ဆိုခြင်းမှာ နေ့ခင်းဘက်၌ တွေ့လာသော မိန်ကောင်အား ကျီးကန်းများက စုပေါင်းလိုက်ခြင်းကို ခေါ်သည်။

မိန်ကောင်ကလည်း စာငှက်ကလေးများကို ကျီးကန်း အဆိတ် ခံရသလို ငြိမ်မနေ၊ အော်မပြေး။ ပြန်ကုတ်၊ ပြန်ဆိတ်၊ ပြန်တိုက်လေ့ ရှိသည်။ ပြန်လည် တိုက်ခိုက်သော မိန်ကောင်အား ကျားနာခဲ ခဲသလို ကျီးနာခဲခဲပြီး၊ မလဲမချင်း၊ သစ်ခေါင်းထဲ လွတ်အောင် မပုန်းနိုင်မချင်း၊ မသေမချင်း တအားအား၊ တကွားကွား အုပ်လိုက် အသံပေးကာ တိုက်ခိုက်သံ၊ ဆူညံသံများ ကြားလာရက တောသူတောင်သားများအနေဖြင့် ကျီးကန်းအုပ် မိန်လိုက်လာကြောင်း သိရှိကြသည်။

ငတောတို့ ကြည့်နေဆဲမှာပင်လျှင် မိန်ကောင်ကြီးကို ကျီးကန်းအုပ်က ထိုးလိုက်၊ ဆိတ်လိုက်၊ မိန်ကောင်ကြီးက မိရာ ကျီးကန်းကို ပြန်ကုတ်လိုက်နှင့် ဘတစ်ပြန်၊ ကျားတစ်ပြန် အနိုင်မခံ အရှုံးမပေးဘဲ သဲသဲမဲမဲ ကုတ်ကြ၊ ဆိတ်ကြ၊ တိုက်ကြသည်မှာ အကြိမ်ရေ မည်မျှဟု မခန့်မှန်းနိုင်။

မိန်ကောင်က တစ်ကောင်တည်း၊ ကျီးကန်းတို့က အသံကြားရာမှ မိန်လိုက်ရာသို့ အကူအညီပေးရန် အပြေးပျံလာပြီး အင်အား စုကြသဖြင့် ကျီးကန်း အင်အား ပိုပို ပိုပို များလာသည်။ တစ်ကောင်သမားနှင့် အုပ်သမားဖြစ်ရာ မိန်ကောင်မှာ အခြေအနေ မကောင်းတော့။

ငတောတို့နှင့် ရင်ပေါင်တန်းခန့် အကွာအဝေး ရောက်ချိန်တွင် မိန်ကောင် မြေပေါ် ထိုးကျရာ ကျီးကန်းအုပ် အားတက်ပြီး မြေပေါ်အထိ လိုက်လံ တိုက်ခိုက်သည်။

မြေပေါ်ကျနေသော မိန်ကောင်က အားလွန်လာသော ကျီးကန်းကို





ဖမ်းကုတ်ရာ အကုတ်ခံရသော ကျီးကန်း အော်သံမှာ တစ်တောလုံး ညံနေသည်။

ကျန် ကျီးကန်းများက ဝိုင်းဝန်း ထိုးဆိတ်ရာ ကုတ်ထားသော ကျီးကန်းကို လွှတ်ပေးပြီး မိန်ကောင်က ထပျံပြန်သည်။ မိန်ကောင် ဦးတည်ရာသည် သစ်ခေါင်းရှိသော အပင်များ ပေါများသည့် ငသော် မြွေကိုက်ခံခဲ့ရသော ရသေ့ဂူပျက်ကုန်းတောဆီသို့ ဖြစ်သည်။

ရသေ့ဂူပျက် ကုန်းတောဆီသို့မှ မရောက်သေး၊ မိန်ကောင်မှာ ထပ်မံထိုးကျပြန်သည်။

ကျီးကန်းအုပ်က မိန်ကောင်ကို တိုက်ခိုက်ရာတွင် အဓိကနေရာအဖြစ် ဂုတ်ပိုးကို ထိုးဆိတ်လေ့ ရှိသည်။ ဂုတ်ပိုးကို အကြိမ်ရေများစွာ အချက်ပေါင်းများစွာ အထိုးအဆိတ် အကုတ်အဖွဲ့ ခံရသော မိန်ကောင်သည် ပုံမှန် မပျံသန်းနိုင်တော့။ ပျက်ကျခါနီး လေယာဉ်ပျံ နိမ့်လိုက် မြင့်လိုက် လူးလိုက် လွန့်လိုက် ဖြစ်သကဲ့သို့ [ထိန်းသိမ်းနိုင်မှု ပုံမှန်အဆင့် ပျောက်သွားသော အခြေအနေသို့] မိန်ကောင် ရောက်ရသည်။ လေးခါ ငါးခါမျှ ပြင်းပြင်းထန်ထန် အတိုက်ခံရလျှင်ပင် မိန်ကောင် အသက်ပျောက်နိုင်သည်ဟု ငတော ခန့်မှန်းမိသည်။

"ငလုံးရေ...မြွေအိတ်ရော၊ လက်နက်ကိရိယာတွေရော သေသေချာချာ ယူခဲ့ပော့၊ မိန်ကောင်ကြီး မြေပေါ်ထိုးကျတာ တို့မြင်တာကိုပဲ နှစ်ခါရှိပြီ၊ နောက် သုံး လေးခါလောက်ဆိုရင် မိန်ကောင် သေတော့မှာ၊ ဟင်းတစ်ခွက်စားရကံ ကြုံတာပဲကွ၊ တို့သားအဖနှစ်ယောက် နောက်ယောင်ခံ လိုက်ရအောင်"

"အဖေရ၊ ဟုတ်ကြပါ့မလား၊ မိန်ကောင်ကြီးက ရသေ့ဂူပျက်ကုန်းတောဆီ သွားတာဗျ၊ ရသေ့ဂူပျက်ကုန်းတော မသွားနဲ့လို့ အမေက တိုး တိုး မှာလိုက်သေးတာ"

"မင်းကလည်းကွာ...ခေတ်လူငယ်ဖြစ်နေပြီး အတွေးခေါင်လိုက်တာ၊ ဆရာဦးဝမ်းမောင်စကား သတိရစမ်းပါ၊ ပန်းခြွေတဲ့ လေဟာ အမြဲမတိုက်ဘူး၊

လေတိုက်တိုင်းလည်း ပန်းမကြွေဘူး၊ ပန်းကြွေတိုင်းလည်း ပန်းမျိုး မဆိတ်သုဉ်းဘူး၊ လာ သွားမယ်"

ရသေ့ဂူပျက်ကုန်းတောသည် လွန်ခဲ့သော နှစ်ရက်က ငသော် မြွေကိုက် ခံရသော တော ဖြစ်သည့်အတွက် ရက်လည်ဆွမ်းမ သွပ်မီ ဘဝတူ တောသမား မှန်သမျှ မသွားရောက်ကောင်း၊ သွားရောက်က ငသော့် ဝိညာဉ်က အပမှီတတ်သည်။ သူလို ဘဝကူးစေရန် တိုက်တတ်သည်၊ လုပ်တတ်သည်ဟု ငလုံးကို သူ့အမေကမှာသံ ငတော သိကြားခဲ့သည်မို့ ဖွတ်ခေါ်လျက် မိန်ကောင်နောက် လိုက်ရေး လုပ်ခဲ့သည်။

ငတောနှင့် ငလုံးတို့ မိန်ကောင်နောက် လိုက်လာစဉ်၊ ရသေ့ဂူပျက်ကုန်းတော ဝင်စမှာပင်လျှင် မိန်ကောင် တစ်ခါ ထိုးကျပြန်သည်။

ကျီးကန်းများက မည်းမည်းလှုပ်အောင် ဝိုင်းဝန်း၊ အသံကုန်အော်ဟစ်လျက် ငြိုးသူ့ရန်ဘက်ကို အားအင်ရှိသမျှ မညှာမတာ တိုက်ခိုက်သည်။

ဒယိမ်းဒယိုင် မူးချာပတ်ချာ အလှည့်ခံရသော သူကဲ့သို့ ဖြစ်နေသည့် မိန်ကောင်သည် အားတင်း ပျံသန်းသည်။ ရသေ့ဂူပျက်ကုန်းဘုရား ချုံအနီး ထိုးကျသွားရာ ကျီးကန်းအုပ်က အောင်သေအောင်သား စားရတော့မည်ကို သိရှိသကဲ့သို့ တအားအား တကွားကွားဖြင့် အော်ဟစ်အသံ ပေး တိုက်ခိုက်နေသည်။ ယခု ကျသည့် အချိန်၌ မိန်ကောင် ထပျံသည်ကို ငတောရော ငလုံးပါ မမြင်ရတော့။

မိန်ကောင်သည် အမောလွန်၍ သေများသွားသလား။

ဝိုင်းဝန်း ကုတ်၊ ဆိတ်၊ ပေါက် တိုက်ခံရသော ဒဏ်ရာကြောင့် သေများ သွားလေသလား၊ ကျီးကန်းအုပ်က တအားအား တကွားကွား အော်ဟစ် ဆူညံဆဲ။ မိန်ကောင် အရိပ်အယောင်ကား ပျောက်နေဆဲ။

ငတောနှင့် ငလုံးတို့ ရသေ့ဂူပျက်ကုန်းတောသို့ ရောက်သောအခါ ကျီးကန်းအုပ်က ထိုးမလို၊ ဆိတ်မလို၊ ကုတ်မလို တအားအား တကွားကွား





တရုန်းရုန်း။ သားအဖ နှစ်ယောက်အပေါ် အုပ်လိုက်ပျံသန်းပြီး တိုက်ကွင်းသစ် ရှာသကဲ့သို့ လုပ်လာ၏။

ငတောက ကြက်ပေါင်ဘတ်ခွဖြင့် ဘမ်းခနဲ၊ ဖန်ခနဲ၊ ဖောင်းခနဲ သုံးလေးချက် ဆက်တိုက်ပင် ကျီးကန်းအုပ်ထဲ ပစ်လွှတ်၊ လွှတ်ရာ ကျီးကန်းအုပ်ကြီး ဝေါခနဲ မြည်သံပေး ထွက်ပြေးသည်။ မိန်ကောင် ကျသွားရာဟု ယူဆရသော ရသေ့ဂူပျက်ကုန်း ဘုရားပျက်ချုံ အနီးသို့ ငတောနှင့် ငလုံးတို့ ရောက်သွားသောအခါ သားအဖ နှစ်ယောက်စလုံး အံ့အားသင့်လွန်း၍ စကား မပြောနိုင်။

ရသေ့ဂူပျက်ကုန်း ဘုရားပျက်သည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီး နေသည်မှာ သူ့အပေါ် ပေါက်နေသော ချုံပုတ်ချုံနွယ်များပျောက်၊ အုတ်ခဲပုံ၊ အုတ်ခဲကျိုးများ ပြန့်ကျဲထားသလိုဖြစ်၊ ကြည့်လေရာ အုတ်ပုံ အုတ်ခဲ အတိ။

အုတ်ခဲပုံ အုတ်ခဲကျိုး ပြန့်ကျဲနေသည့် အထဲ၌ ငတောတို့ ငလုံးတို့ မြင်တွေ့လိုက်ရသည်မှာ အရွယ်မျိုးစုံ၊ အနေအထားမျိုးစုံဖြင့် မှောက်လျက်တချို့၊ လှဲလျက်တစ်ဖုံ၊ စောင်းလျက်တစ်မျိုး ပေါ်ထွက်နေသည့် ဗုဒ္ဓ ရုပ်ပွားဆင်းတုတော်များ၊ မူလဒါယကာနှင့် စေတနာရှင် အဆက်ဆက်တို့ လှူဒါန်းခဲ့သော ဌာပနာများ။

ငတောက ရှေ့တိုးပြီး ခပ်စောင်းစောင်း ဖြစ်နေသည့် ဗူးသပိတ်ပုံစံ ရှိသော ကျောက်အိုးကို တည့်မ ထူကြည့်လိုက်သည်။

လက်တစ်မိုက်သာသာ ရွှေဘုရား ဆင်းတုတော်၊ ငွေဘုရား ဆင်းတုတော်၊ မြဘုရား ဆင်းတုတော်၊ ဓာတ်တော်ထည့်သော သဘောဖြစ်မည့် ရွှေကြုတ်၊ ငွေကြုတ်များ၊ ထိုကျောက်အိုး အပြင်၌ ပြန့်ကျဲနေသော ရွှေထည်၊ ငွေထည်များ။

ရှေ့တိုး၍ ငလုံး ကြည့်လိုက်သောအခါ တစ်ထွာကျော်ကျော်၊

တောင်ဆုပ်နီးပါး အုတ်ခွက်များ၊ ဘုရား၊ ရဟန္တာ၊ နတ်၊ သိကြား၊ ဗြဟ္မာ၊ ညောင် အစရှိသည့် ရုပ်ပွားတော်များ၊ ရုပ်တုများ။

ထို့အပြင် ထန်းနို့လုံးခန့်ရှိသော နယားပျံ လက်ကောက်များ၊ နယား မျက်လုံး နေရာ၌ ပတ္တမြား အစားထိုးထားသဖြင့် နီနီရဲရဲ။

ရွှေ၊ ငွေ၊ လက်စွပ်၊ လက်ကောက်၊ ဘယက်၊ ဘီးများမှာ မရေနိုင် မတွက်နိုင်။ အင်းလား၊ ဂါထာလား၊ ဘုရားစာလား ငလုံး မသိသည်တို့ ချထားသော၊ ရေးထားသော စာနှင့်ဂဏန်းပါ ရွှေပြားဝိုင်းများ၊ လေးထောင့် ပုံများ။

ဗုဒ္ဓဆင်းတုတော်များ၊ ဌာပနာ၊ ရွှေ၊ ငွေများ၊ လက်ဝတ်လက်စား များကို သားဖ နှစ်ယောက်သည် တိုင်ပင် မထားရဘဲ အလျင်အမြန်ပင်လျှင် တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး၊ ကောက်ယူကြ၊ စုပုံကြသည်။ ရင်ထဲ တလှပ်လှပ်ခုန်၊ နှလုံးသွေး တဒိန်းဒိန်းတိုး၊ လည်ချောင်းများ နင်နေသည် အထိ စိတ်လှုပ်ရှားစွာဖြင့် တက်ညီလက်ညီ ရှာကြ ဖွေကြ စုပုံကြနှင့် မည်သူမှ စကား မပြောနိုင်။ ရတနာ စိန်ကျောက် ပုလဲစုံလင်၊ ဗုဒ္ဓဝင်ကျမ်းထွက် လင်းလွန်းပင်နှင့် ရွှေချထားသော ဖောဓိပလ္လင်အထိပါ ပါဝင်သော ဌာပနာ များကို သူဦးငါဦး အလုအယက် ကောက်ယူကြသည်မှာ သွက်သွက် လက်လက်။

* * *

(၅)

"အဖေရော ငါ့သားရော ဘုန်းကြီးကျောင်းထွက်တွေပဲ၊ ဘုရားလည်း သိတဲ့ လူတွေ၊ ဒီလို သိလျက်နဲ့ ကျပန်း လုပ်ငန်းနဲ့ မစားလောက်လို့ အဖေတို့ ဟာ တောလိုက်လုပ်ငန်းပါ လုပ်ကိုင်စားခဲ့ရတယ်။ တောလိုက်လုပ်ငန်း မလုပ်ဘဲ ငတ်တဲ့ အချိန် တောင်းစားဝံ့သလား။ အငတ် ခံရဲသလားလို့ မေးရင် အငတ်လည်း မခံဝံ့သလို တောင်းလည်း မစားဝံ့ဘူး။ ဒါဖြင့်





ခါးပြတိုက်ဝံ့၊ နွားခိုးဝံ့လား၊ လူနဲ့ လူချင်း ကုပ်သွေး စုပ်ဝံ့၊ လိမ်ဝံ့၊ ညာဝံ့၊ လိုးဝံ့ဖြတ်ဝံ့သလား၊ ခေါင်းပုံဖြတ်ဝံ့သလားလို့ မေးရင် ဒီလိုလည်း အဖေတို့ မလုပ်ဝံ့ဘူး။ ဒီလို မလုပ်ဝံ့တော့ အဖေတို့ဟာ စားဝတ်နေရေးအတွက် တော လိုက်ခဲ့ရတယ်။ တောလိုက်စား နေရပေမဲ့ အဖေရော မင်းရောဟာ ဗုဒ္ဓဘာသာတွေ၊ ကိုရင် ဝတ်၊ ဟင်းလေးချက် စား၊ ပဲခွေဝါးလို့ အဖေတို့ မင်းတို့ သင်ခဲ့ရတဲ့ စာနဲ့ ကျင်လည်ခဲ့ရတဲ့ ဘုန်းကြီးကျောင်း ဝန်းကျင်က အသိက ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘဆိုတာ ရှိသေအပ်တဲ့၊ ရှိသေ ရမယ့် ပူဇော်အပ်တဲ့၊ ပူဇော်ရမယ့် အနန္တောအနန္တငါးပါးလို့ သိခဲ့ကြရတဲ့ အသိရှင်တွေ။ အဲဒီ အသိရှင်တွေဟာ ဗုဒ္ဓရှင်တော်မြတ်ရဲ့ ရုပ်ပွားဆင်းတု တော်တွေ၊ ဌာပနာ ပစ္စည်းတွေကို အစုလိုက်အပုံလိုက် အခုတွေ့နေပြီ။ တစ်ဘဝ၊ တစ်အိမ်ထောင် ကောင်းစားရေးအတွက်၊ ဒီပစ္စည်းတွေဟာ အသုံးချစကောင်းတဲ့ အရာတွေလားဆိုတဲ့ အမေးကို အဖေရော ငါ့သားရော အခု အဖြေ ပေးရတော့မယ်"

ငတော မျက်နှာ တည်တည်ငြိမ်ငြိမ်၊ ငလုံး မျက်နှာ၌ အာရုံစိုက်ဟန် ထင်ထင်ရှားရှား။

"အဖေတို့သားတို့ဟာ ဘုရားဆင်းတုတော် တစ်ဆူကို လှူဒါန်း ပူဇော်ဖို့ နေနေသာသာ သူများ တည်ထားတဲ့ ဘုရားပုထိုး စေတီတော်ကို တောင်မှ တစ်လတစ်ခေါက် ရောက်ဖို့ အခွင့်မသာခဲ့တဲ့ ငမွဲတွေ။ သူများလို ဘုရားရှင်တော်မြတ်ကို ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား လက်ဝတ်တန်ဆာ ဘယက် ဒွါဒရာကို စုပုံ လှူဒါန်း ပူဇော်နိုင်ဖို့ ဝေလာဝေး၊ တစ်ဥပုသ်မှ တစ်ခါသာ ဘုရားရွှေဖိုး အလှူလာခံတဲ့ အဖွဲ့ကို အချို့ ဥပုသ်နေ့တွေမှာ ငွေ တစ်ကျပ်တစ်ပြား၊ ဆန် တစ်ဆုပ်တစ်ခဲ အမြဲ မလှူဒါန်းနိုင်လို့၊ အဖေ့ ဘကြီး ဝမ်းကွဲက ကြေးစည်ကြီး ဆောင့်ဆောင့် တီးပြီးနေတဲ့ ဘဝသာ မတွက်ကြနဲ့၊ သေမယ့် ဘဝအတွက်ပါ တွက်ကြလဟဲ့လို့ သတိပေးတာ ခံခဲ့ရတဲ့ ငနုံချာတွေ။ ဒီ ငမွဲ၊ ငနုံ၊ ငချာ ဘဝက လွတ်အောင် ခုတွေ့နေတဲ့

ပစ္စည်းတွေကို အဖေတို့ ရောင်းစားရင် အဖေ့တစ်သက်၊ ငါ့သားတစ်သက် သုံးမကုန်၊ ဖြုန်းမကုန်အောင် ငွေတွေ အစုလိုက် အပုံလိုက်ရမှာပဲ၊ လောကီ သူဌေးဖြစ်မှာပဲ၊ ဒါပေမဲ့ ဘုရားဆင်းတုတော်တွေကို အလွဲသုံးစား ရောင်းချတဲ့ အပြစ်၊ ဘုရားရဲ့ ဋ္ဌာပနာတော်တွေကို မိုက်မိုက်မဲမဲ ရောင်းချတဲ့ အပြစ်က ကမ္ဘာနဲ့ချီ အပြစ်ရ၊ သံသရာနဲ့ချီ အပြစ်ရမှာပဲ၊ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘကို စော်ကားရာ ပြစ်မှားရာ ရောက်မှာလည်း အသေအချာပဲ၊ ဘုရားပစ္စည်း တပ်မက်တာဟာ မာရ်နတ်နဲ့ မိစ္ဆာဒိဋ္ဌိ အငိစိစာတွေလို့ မင်းတို့ ငါတို့ ဆရာတော် ဦးဥတ္တမက အခွင့်ကြုံတိုင်း ဆုံးမခဲ့တာ ခဏ ခဏပဲ၊ ဒါတင်မက ဘုရားဖျက်ဆီး၊ ဘုရားပစ္စည်း ယူသူဟာ ဘုန်းကြီးလို့ အသက် မရှည်၊ အသက် ရှည်လို့ ဘုန်းမကြီး၊ လောကီ လောကုတ္တရာ ဘယ်မှာမှ ခိုကိုးရာ မရဘူး၊ မပြစ်မှား ကောင်းတာ၊ မစော်ကားကောင်းတာကို **မစားရ ဟာလို့ပင်သေသေ** အသေသာ ခံရမယ်၊ မပစ်မှားရဘူး၊ မစော်ကားရဘူး၊ မတပ်မက်ကောင်းတာကို မတပ်မက်ရဘူး၊ ဒီတော့ ငါ့သား ရှာကိုပြန်၊ ဆရာ ဦးဝမ်းမောင်နဲ့ ရှာဥက္ကဋ္ဌဆီသွား၊ သူတို့ကို ဆရာတော်များဆီလွှတ်၊ အကျိုး အကြောင်းပြောပြ လျှောက်ထား၊ ဋ္ဌာပနာတွေရော၊ ဆင်းတုတော်တွေရော အများအပြားမို့ လှည်းနဲ့တိုက်မှ နိုင်မယ်ဆိုတာ ပြောပြ၊ ဆရာဦးဝမ်းမောင် နွားလှည်း မောင်းခဲ့၊ လှည်း ဝင်ရသလောက် မောင်းပြီး ရပ်ထား၊ လူအုပ်အား နဲ့ စုထုတ်ထမ်းတင်တာပေါ့၊ ကဲ...ငါ့သား ရှာကိုပြန်၊ အဆင်ပြေအောင် လုပ်ခဲ့ပေတော့"

ငတော၏ ဆုံးဖြတ်ချက်ကို ငလုံးက ကြိုက်နှစ်သက်သည်မှာ အပြုံး လှိုင်းဂယက် ထသွားသည်အထိ ဖြစ်၏။ ငလုံး မွဲသည်၊ ကျပ်သည်၊ ပြတ် သည်၊ ငတ်သည်၊ မွဲငတ်ကျပ်ပြတ်သော လူမွဲဘဝကို ငလုံး မကြောက်၊ မပြစ်မှား ထိုက်သည်ကို ပြစ်မှား၊ မစော်ကား သင့်သည်ကို စော်ကားလျက် လူချမ်းသာ၊ လူယုတ်မာ ဖြစ်မှာကိုတော့ ငလုံး ကြောက်သည်။ လန့်သည်။ ထိုဘဝမျိုးကို စက်ဆုပ်ရွံရှာ မုန်းတီးသည်။ ယခု သူ့ အဖေ ဆုံးဖြတ်ချက်က **မစားရဟာလို့ပင်သေသေ** ကျက်သရေ မင်္ဂလာ ရှိ၍ လောကီ၊ လောကုတ္တရာ





အပြစ် ကင်းစင်သည်။ နောင် ဆွေစဉ်မျိုးဆက် အသရေ ပျက်စရာ၊ မျက်နှာ ငယ်စရာ၊ သောက ရောက်စရာ၊ သံသရာ ကြောက်စရာ မရှိ။

ငလုံး ရွာပြန်လူခေါ်နေစဉ် ဋ္ဌာပနာနှင့် ဆင်းတုတော်များ ကျန် မကျန် သိရှိနိုင်ရန် ငတော ထပ်မံ၍ ပြန်လှန် ရှာဖွေသည်။ တက်သုတ်ရိုက် ရှာထား သောကြောင့် အရှေ့ဘက် ဘုရားကုန်းဘေး၌ ပေါ်ထွက်နေသော ဗျာဒိတ် ပေးဟန် ဆင်းတုတော် တစ်ဆူကို ငတောတို့ ယခင်က မမြင်မတွေ့။

အုတ်ပုံ အကျိုးအပျက်များအား မှီလျက် ခပ်စောင်းစောင်း ဖြစ်နေ သော ဗျာဒိတ်ပေး ကိုယ်တော်အား ငတော ယခုမှ မြင်တွေ့ရသောကြောင့် အားစိုက်မပြီး ထူမတ်လိုက်သည်။

ထိုသို့ ထူမတ်လိုက်သောအခါ အုတ်ပုံအုတ်ကျိုးနှင့် ဆင်းတုတော် ကြား ကြားအလယ်၊ အလပ်၌၊ ခွိအောင်း ပုန်းကွယ်နေသော အကောင် တစ်ကောင်က ငတောကို လှမ်းကြည့်လိုက်သလို၊ ငတောကလည်း သူ့ကို လှမ်းကြည့်လိုက်သည်။

ဒဏ်ရာ အများအပြားကြောင့် မပြေးနိုင်၊ မပျံနိုင်တော့သော မိန် ကောင်။ မူလက ငတော ဟင်းစားလိုက်ကောက်ရန် ရည်စူးခဲ့သော မိန် ကောင်။ မိန်ကောင်သည် ငတော ဖမ်းဆုပ်လိုက်သည့် တိုင်အောင် မပြေး တော့၊ မပျံတော့။ ပြေးရန်ပျံရန် မရန်းကန်တော့။

ဗျာဒိတ်တော်ပေး ဗုဒ္ဓရုပ်ပွားတော်ကို တစ်လှည့်၊ ငတောကို တစ်လှည့် အကြိမ်ကြိမ် အခါခါ ကြည့်၍ မရုန်းကန်တော့။

ငတောသည် မိန်ကောင်ကိုလည်း မကြည့်။ ဗျာဒိတ်ပေး ကိုယ်တော် ကိုလည်း မကြည့်။ ငတော ကြည့်သည်မှာ မည်သည့်အပင်၌ သစ်ခေါင်း ရှိသနည်း။ မည်သည့် သစ်အခေါင်း၌ မိန်ကောင်အား ထည့်ပေးရမည်နည်း ဟု စူးစမ်းသော အကြည့်ဖြင့် ကြည့်သည်။

ဘုရားကုန်း ညာဘက်ထောင့်၌ ညောင်ပင်ကြီး တစ်ပင်။

ထိုညောင်ပင်ကြီး၏ လက်ခုပ် တစ်ဖောင်ခန့် အမြင့်၌ ညောင်

အခေါင်းရှိသည်။ ထိုဉောင်အခေါင်းကြီးသည် မိန်ကောင်အား အလုံးစုံသော အန္တရာယ်များ မကျရောက်စေရန် ဖုံးကွယ်ပေးနိုင်မည့် အကောင်းဆုံး နေရာ။

ငတောသည် မိန်ကောင်ကို ဉောင်ခေါင်းထဲသို့ တယုတယ ဆုပ်ကိုင်ကာ ထည့်သွင်းပေးပြီး ရွာမှ လူအလာကို စောင့်သည်။

တစ်နာရီခန့် အကြာ၌ ရွာဘက်ဆီမှ ဘုရားပျက်ကုန်းဆီသို့ လာသော လူသံများ၊ နွားချူသံများကို ငတော ကြားလိုက်ရ၏။

❖

တွင်းကြီးဝမ်းမောင်







## လှျပ်တစ်ပြက်ရိုက်ချက်

"အဲ....အဲဒါ ကဗျာဆရာကြီး ဦးရိုးသား၊ ဆရာကြီး ဖေးကူမပြီး ပို့ပေးနေတာက ဆရာကြီးရဲ့အမေ ဒေါ်ကျေးဥ၊ ဆရာကြီးက အသက် ခုနစ်ဆယ်ကျော်၊ ဘွားကျေးဥက အသက် ကိုးဆယ်ကျော်၊ ဆရာကြီးက လူပျိုကြီး။ အမေတစ်ခု သားတစ်ခု နေရရှာတာ၊ သူ့အမေ ဘွားကျေးဥကို ဖေးမ ကူမလို့ အိမ်ထဲလိုက်ပို့ပြီး ရေတွင်းဆီကို ဆရာကြီး ဦးရိုးသား ပြန်လာပြီ၊ ရေချိုးလိမ့်မယ်လို့ သမီး ထင်ပါတယ်ဆရာ၊ အဆင်သင့်တွေ့တာဆိုတော့ ဆရာလာရကျိုးနပ်တာပေါ့နော်....ဆရာ"

စာရေးဆရာ ချိုင့်ကြီးကိုယဉ်မောင်နှင့် ကိုယဉ်မောင်၏ ပင်တိုင်ဓာတ်ကောင် ငတောတို့အား ကဗျာဆရာကြီး ဦးရိုးသားအား ပြလည်းပြ၊ ပြောလည်းပြောနေသူမှာ ဘီအီးဒီဘွဲ့ရ အထက်တန်းပြ ကျောင်းဆရာမလေး အိအိပြုံး။

အိအိပြုံးနှင့် ကဗျာဆရာကြီး ဦးရိုးသားတို့သည် ကျေးရွာအုပ်စုတစ်စုထဲမှာ နေထိုင်ကြသောသူများ။ ဆရာမလေး အိအိပြုံးရွာက ဂန္ဓဝင်တောင်ရွာ၊ ဆရာကြီး ဦးရိုးသားရွာက ဂန္ဓဝင်မြောက်ရွာ၊ တရားဝင် ရုံးသုံးအခေါ်အဝေါ်ကတော့ ဂန္ဓဝင်ကျေးရွာအုပ်စု။

ဂန္ထဝင်တောင်ရွာသူ အိအိပြုံး၊ ကိုယဉ်မောင်နှင့် ငတောတို့သည် ဆရာကြီး ဦးရိုးသား အိမ်သို့ အလာတွင် အဝေးမှ လှမ်းမြင်နေရသော ဆရာကြီး ဦးရိုးသားကို အိအိပြုံးက ပြသလျက် ကိုယဉ်မောင်နှင့် ငတောတို့ကို ရှင်းလင်း ပြောပြနေခြင်းဖြစ်သည်။

မြန်မာစာပေလောကတွင် ကဗျာဖြင့် ကျော်ကြားလှသော ဆရာကြီး ဦးရိုးသားအိမ်သို့ အလာတွင် အဝေးမှ လှမ်းမြင်နေရသော ဆရာကြီး ဦးရိုးသားကို အိအိပြုံးက ပြသလျက် ကိုယဉ်မောင်နှင့် ငတောတို့ကို ရှင်းလင်း ပြောပြနေခြင်း ဖြစ်သည်။

မြန်မာစာပေလောကတွင် ကဗျာဖြင့် ကျော်ကြားလှသောဆရာ ကြီး ဦးရိုးသား အချင်းမြှုပ်ခဲ့သည့်နေရာ၊ ယခု နေထိုင်ရာ ဂန္ထဝင်ရွာသည် အညာ ကျေးလက် တောရွာကြီးတစ်ရွာ။ အညာကျေးလက်တောရွာများ ထုံးစံ အတိုင်း၊ ရွာဘေးကျသော အိမ်တိုင်းက ဆူးစည်းရိုး ကာထားစမြဲ။

ဆရာကြီး၏ အိမ်မှာလည်း၊ ရွာဘေးဖြစ်ရာ ဆူးစည်းရိုး ကာထားသည်။ ဆူးစည်းရိုး အမြင့်မှာ လူတစ်ရပ်ခန့်မျှသာရှိရာ အိမ်တွင်းမှ လူက ရွာပြင် လှမ်းကြည့်ကြည့်၊ ရွာပြင်မှ လူက အိမ်တွင်း လှမ်းကြည့်ကြည့် နေ့အခါနှင့် လသာသော ညများတွင် မြင်နိုင်သည်။

ကဗျာဆရာကြီး ဦးရိုးသား၏ အိမ်ဝင်းမြောက်ဘေးဝင်းတံခါးပေါက် အနီးတွင် ရေတွင်းရှိသည်။ ကိုယဉ်မောင်နှင့် ငတောတို့ အဝေးမှ မြင်စက ဆရာကြီးနှင့် သူ့အမေတို့ ရေတွင်း၌ ရှိနေသော်လည်း၊ ယခုအချိန်၌ သူ့အမေ မရှိတော့ဘဲ ဆရာကြီးတစ်ယောက်တည်းသာ ရေတွင်းရှိရာသို့ ပြန်လာသည်ကို မြင်ရ၏။

"ရွာစည်းရိုးကို ကွေ့ပတ်ဝင်ရမှာ ဆရာရဲ့၊ ဒီကနေ မြောက်ပတ် သွားမှ ရွာအနောက်ကင်းတံခါးပေါက်ရောက်မှာ ရွာအနောက်ကင်းတံခါး ပေါက်က အရှေ့လှည့်မှ ဆရာကြီး ဦးရိုးသား အိမ်ရောက်မှာ"

အိအိပြုံးက သွားသွားပြောပြော ပြောသည်။ ကိုယဉ်မောင်ရော





ငတောပါ ဂန္ထဝင်ရွာကို ယခင်က လုံးဝ ရောက်ဖူးသူများ မဟုတ်။ ဆရာကြီး ဦးရိုးသားနှင့်ယခင်က သိကျွမ်းဖူးသူများမဟုတ်၊ ယုတ်စွအဆုံး၊ စာရေး၍ ပင်လျှင် အဆက်အသွယ် ရှိခဲ့ဖူးသူများ မဟုတ်။

မရောက်ဖူး၊ မသိဖူး၊ မတွေ့ဖူးသော်လည်း ကဗျာဆရာကြီး ဦးရိုး သားကို ကိုယဉ်မောင် တန်ဖိုးထားသည်။ လေးစားသည်။ ကြည်ညိုသည်။ ဆရာကြီး သက်ရှိထင်ရှားရှိနေခိုက် ဂါရဝပြုလိုသည်။ တွေ့ဆုံလိုသည်။ ခရီးကလည်း ကွာလှမ်း၊ အကျိုးအကြောင်းလည်း မညီညွတ်ခဲ့သဖြင့် ကိုယဉ်မောင် မပြည့်ဝခဲ့။

ဂန္ထဝင်ရွာသူ ဘီအီးဒီ အထက်တန်းပြ ကျောင်းဆရာမလေး အိအိပြုံး တစ်ယောက်ကို ကိုယဉ်မောင်တို့ ချိုင့်ကြီး အ.ထ.က ကျောင်းခွဲမှာ တာဝန်ကျ လာသည်။ အိအိပြုံးရှေ့က တာဝန်ကျ တစ်ရွာ ဆရာ၊ ဆရာမ များစွာ ရှိခဲ့ ပါ၏။ ဆရာ ဆရာမတို့ကလည်း အကျိုးစုတ်၊ လုံချည်စုတ်ကြီးဖြင့် ဖုန်အလူးလူး၊ ရွှံ့အလူးလူး၊ ချွေးတစီးစီး ကျအောင် တောင်သူ လုပ်ကိုင်စား နေသော ချိုင့်ကြီးယဉ်မောင်ကို ဩော်....ဒါ စာရေးဆရာလား၊ ဘာတွေ ရေးဖူးသလဲ၊ စာအုပ်ဘယ်နှအုပ် တစ်လထွက်သလဲ၊ ဩော်.... ဩော်.... ဆင်းရဲရှာသားပဲဟု ပြောပြီး ကိစ္စပြတ်တတ်ကြသည်။ အိအိပြုံးကျတော့ ဒီလို မဟုတ်။

ရန်အောင်စာပေ(၂) စီစဉ်သူ မနီနီအောင် ထုတ်ဝေသော ငတော ငလုံး ဝတ္ထုတိုများ စာအုပ်ကိုကိုင်၊ ဆရာဦးကပ်ကျော်၊ ဆရာဦးမြင့်ဦးနှင့် ဆရာဦးဝင်းမြင့်တို့ကို ခေါ်ပြီး ကိုယဉ်မောင်အိမ် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ ထင်းမရှိ၍ ပုဆိုးစုတ် တိုတိုပါအောင်ဝတ်၍ မန်ကျည်း ကိုင်း တက်ချိုင်နေသော ကိုယဉ်မောင်အား တလေးတစား စောင့်၍ တွေ့သည်။ ငတောငလုံး ဝတ္ထုတိုများထဲမှ သူ သိလိုသမျှ မေးသည်။ ငတော၊ ငလုံး၊ ငမိုးနှင့် လေးခင်မတို့ကို ကိုယဉ်မောင်က ညွှန်ပြပြီး သူ မေးသမျှကို ဒိုင်ခံ ဖြေဆိုခိုင်းခဲ့သည်။ နောက်ပိုင်းတွင် ကိုယဉ်မောင်နှင့် သာမက ငတောငလုံးတို့နှင့်ပါ ပုဂ္ဂိုလ်ရေး ခင်မင်သွားသည်။

ပုဂ္ဂိုလ်ရေးခင်မင်သွားသော ဆရာမလေး အိအိပြုံးက သူ့အိမ်နှင့် သူ့အမေကြီးအိမ်၌ စိုက်ပျိုးရေးလုပ်ကိုင်ထားသော ကွမ်းခြံနှင့်ပန်းခြံအတွက် ငလုံးနှင့်ငမုံးတို့အား လပြတ်လုပ်သားအဖြစ် စရိတ်ငြိမ်းထားပေးသည်။ ကိုယဉ်မောင်အားလည်း ဂန္ဓဝင်ရွာ ဘုရားပွဲကိုလိုက်ခဲ့ပါရန် တလေးတစား ဖိတ်ခဲ့သည်။ ဂန္ဓဝင်ရွာ ဘုရားပွဲ၏ ထူးခြားမှုကို သူကပြောသည်။

အိအိပြုံးတို့ ဂန္ဓဝင်ဘုရားပွဲတွင် လှေပြိုင်ပွဲ အကြီးအကျယ် ကျင်းပသည်။ ချောင်းရေစီးမှာ မောင်းတွေတီးကာ ရွာနီးချုပ်စပ် ဖိတ်ခေါ်ပြီး လှေပြိုင်ပွဲ ပြုလုပ်သည်မှာ ကမ်းလုံးညွတ်မျှ စည်ကားသည်ဟု ဆိုသည်။

အပျို၊ လူပျိုများကလည်း အပျိုသီးသန့် အတန်း တန်း၊ လူပျိုများကလည်း လူပျိုသီးသန့် အတန်း တန်း၊ မျက်နှာချင်းဆိုင်ရပ်ကာ လက်တန်းကဗျာများ သီဆို၍ လက်ခုပ်ကို စည်းချက်ဝါးချက်ကျကျတီးကာ လုပ်ခုပ်ပွဲတော်၊ လက်တန်းကဗျာပွဲတော်လည်း ရှိသည်။ ဆရာ မြင်ဖူးတွေ့ဖူးအောင် ဘုရားပွဲလိုက်ခဲ့ပါ။ အစားအသောက်ကလည်း ဘုရားပွဲရက်မှာ ဆင်းရဲချမ်းသာမရွေး ဖောဖောသီသီ ချက်ပြုတ်ကျွေးမွေး ဧည့်ခံကြောင်း အိအိပြုံးက ပြောပြသည်။

ဘာအစားအသောက်တွေပေါလဲဟုမေးရာ အိအိပြုံးက ရယ်နေသည်။

ဂန္ဓဝင်ရွာ ဘုရားပွဲ၌၊ ဝက်သားနီချက်၊ ငါးသလောက်ပေါင်း၊ အမဲလုံးဆုပ်ချက်၊ ကြက်သားကာလသားချက် ပေါကြောင်း၊ အိမ်တိုင်း အိမ်တိုင်း မပါမဖြစ် ဧည့်ခံဟင်းမှာ ဝက်အူမကြီး၊ ဝက်ဆုတ်ဝက်သဲ၊ အမဲ ဝမ်းတွင်းသား၊ ပုဆိုးကြမ်းနှင့် ဆောင်းထပ်၊ ကြက်အမြစ်အသဲ၊ ကြက်အူ၊ လတ်လတ်ဆတ်ဆတ် ရှိသော လက်ဝါးလက်ဖိခန့်ရှိသည့် ငါးစိမ်း၊ ပုဇွန်ဆိတ်အကောင်ကြီးကြီးတို့ကို အချိုးကရော၊ မျှစ်နုနု၊ ခရမ်းချဉ်သီး မှည့်မှည့်၊ ငရုတ်သီးစိမ်းရင့်ရင့် သင့်တော်ရုံထည့်၊ ထိုဟင်းပေါင်းစုံ ကျက်ခါနီးမှ မတ်ပဲ ဗလာကြော်အလုံးလေးများကို ဟင်း အင်အားကြည့်၍ မနည်းမများ ထည့်သော ဟင်း





ဖြစ်ကြောင်း၊ ချို၊ ချဉ်၊ စပ်၊ ငန်၊ ဆိမ့် အရသာ ရှိကြောင်း၊ ပုဇွန်ချဉ်နှင့် ငါးချဉ်လည်း ပေါကြောင်း၊ မုန့်များမှာ မြန်မာ ဆီကြော်မုန့် မျိုးစုံနှင့် မုန့်ဖက်ထုပ် ပေါကြောင်း ပြောပြဖိတ်ကြားခဲ့သော်လည်း၊ ကိုယဉ်မောင် မရောက်ဖြစ်ခဲ့။

ရောက်ဖြစ်ချင်တော့ ဆရာမလေး ကျောင်းပိတ်ရက် အပြန်မှာ ငတောကို သူ့သားငလုံးနှင့် ငမုံးက အိမ်သုံးရန် အဖေ ငွေလာယူလှည့်ပါဟု စာပေးလိုက်သဖြင့် ငတော လိုက်မည်ဟု ဆိုလာသည်။ ငတောလည်း အဖော်ရှိ၊ ကိုယဉ်မောင်လည်း အလုပ်ပါးချိန်ဖြစ်ရာ၊ ကဗျာဆရာကြီး ဦးရိုးသားကို တွေ့ဆုံ ဂါရဝပြုရန် အခွင့်အရေးတစ်ရပ်ရှိခြင်းဟု ကိုယဉ်မောင် လိုက်ပါခဲ့သည်။

ကိုယဉ်မောင်အနေဖြင့် ဆရာကြီး ဦးရိုးသားကို တွေ့ဆုံ ဂါရဝပြုလိုစိတ် ဖြစ်ပေါ်ခဲ့သည်မှာ ယခုမှ မဟုတ်၊ လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်ကျော်က ချောင်းဦးမြို့ အ.ထ.ကတွင် ကိုယဉ်မောင် နေထိုင်ခဲ့စဉ်၊ မန္တလေးမြို့ နန်းတော်ရှေ့ စာကြည့်တိုက် အတွင်းရေးမှူးအဖြစ် သူဆောင်ရွက်ခဲ့စဉ်ကတည်းက ဆရာကြီးကဗျာများကို ဖတ်မိရာမှ တွေ့ဆုံ ဂါရဝပြုလိုသည်။

စာရေးဆရာ စာရေးဆရာအချင်းချင်း၊ ကဗျာဆရာ ကဗျာဆရာအချင်းချင်း၊ စာပေသမား စာပေသမားအချင်းချင်း အသိအမှတ်ပြု ရှိသေခံရမှုမှာ အလွန်ခက်ခဲသည့် လုပ်ငန်းဖြစ်သည်။ သူတတ်ကိုယ်တတ်၊ သူသိကိုယ်သိ၊ သူရေးကိုယ်ရေး ရေးနေကြရာ ဇီးကွက်လောက်တော့ ငှက်တိုင်းလှသည်ဟု ထင်ကြသည်။ ဆယ်စုတစ်စု နှစ်စု၊ သုံးစုအထိ ကိုယ့်အနုပညာမှတ်တိုင်ကို ကိုယ်စိုက်ထူရာမှ ကိုယ့်အဆင့်အတန်းကို ကိုယ်သိကြသည်။ ရှိသေအပ်သောသူ၊ သူလိုကိုယ်လိုလူဟု အချိန်နှင့် အနုပညာ အဆင့်က အဖြေ ပေးတတ်ကြသည်။

ဆရာကြီး ဦးရိုးသားသည် ကဗျာဆရာ၊ ကဗျာသမား၊ ဆရာကြီး ရေးခဲ့သော ကဗျာတိုင်းတွင် လျှပ်ပေါ်လော်လည်မှု ကင်းသည်။ ကဗျာ

အတတ်ပညာဖြင့် ပြလို့ပြစား မလုပ်၊ ပရိသတ်ကို အရှူးပေါက်မချ၊ ဂန္ထဝင်စည်ကိုလည်း နိုင်သည်။ အနုပညာသည် ဆန်းသစ်တီထွင်မှု ရှိရမည်ဟူသော အချက်ကိုလည်း ဆရာကြီးမမေ့၊ အနုပညာအင်အား ကောင်းသော ကဗျာ၊ ဆန်းသစ်တီထွင်မှု ဖန်တီးသောကဗျာ၊ ရသအားကောင်းသော ကဗျာ၊ အမျိုးသားဟန် အမျိုးသားမှု စွန့်ပစ်မပြေးသော ကဗျာများစွာကို ဆရာကြီး ရေးဖွဲ့ခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဇာတိသွေး ဇာတိမာန် တက်ကြွရေး၊ မျိုးချစ်စိတ်ဓာတ် ထက်သန်ရေးကို ဆရာကြီး ရေးဖွဲ့ခဲ့သကဲ့သို့ ကျေးလက်အလှ၊ အညာအလှ၊ မြန်မာအလှများကိုလည်း ရေးဖွဲ့ခဲ့သည်။ ဆယ်စုနှစ် တစ်ခုမျှမက၊ နှစ်ခုမျှမက၊ သုံးခုမျှမက၊ လေးခုမျှ မကဟု ထင်ပါသည်။

သည့်ကဲ့သို့ အနုပညာအင်အားကောင်း၊ ဦးတည်ချက်ကောင်း ကောင်းဖြင့် ရေးဖွဲ့လာခဲ့သောကြောင့်လည်း ဂန္ထဝင်သမားရော၊ မော်ဒန်သမားပါ ဆရာကြီး ဦးရိုးသားကို တန်ဖိုးထား လေးစားကြသည်။ လေးစားသူထဲတွင် ကိုယဉ်မောင်လို စကားပြေသမား အများစုလည်း ပါဝင်၏။

ကိုယဉ်မောင်သည် ဆရာကြီးဆီ မလာမီက မတွေးမိသော အတွေးတစ်ခုကို ယခုမှ တွေးမိပြီး စိတ်ထဲ ထင့်ခနဲဖြစ်သွားသည်။

တစ်.... မဂ္ဂဇင်း၊ ဂျာနယ် ရာဂဏန်းကျော် ထွက်နေသည့်အထဲမှ သူ့ကလောင်အမည်ကို ဆရာကြီးသတိမှ ပြုမိပါ့မလား။

နှစ်.... သူ့စာအုပ်ထွက်ခဲ့သမျှမှာ ၁၉၉၆ ခုနှစ်က ငတောလုံး (၁)၊ ၂၀၀၃ ခုနှစ်က ငတောလုံး (၂)၊ ၂၀၀၆ ခုနှစ်က ဒုတိယအကြိမ် ငတောလုံး ဝတ္ထုတိုပေါင်းချုပ် သည်မျှသာ ထုတ်ရသေးသည်။ ဆရာကြီး သတိမှ ပြုမိပါ့မလား။

သူ့ကိုယ်မသိ၊ ကိုယ့်သူမသိသော ဧည့်သည်တစ်ယောက်ကို ဆရာကြီးက နွေးနွေးထွေးထွေး လက်ခံတွေ့ဆုံပါ့မလား။

ကိုယဉ်မောင်သည် သူစိုးရိမ်စိတ်ကို ကြိုးစား ဖျောက်ဖျက်သည်။





အို...ဆရာကြီးက ငါ့ကို မသိလည်း ငါ့ကလောင်နာမည်ပြောပြီး မိတ်ဆက်၊ ကန်တော့ရန် ယူလာသော အိမ်လက်ရက် ရက်ကန်းစင်မှ တူမလေး မညိုမြ ရက်ပေးလိုက်သည့် ရှက်စောင်တစ်ထည်၊ မျက်နှာသုတ်ပုဝါ တစ်ထည်၊ လက်သုပ်ပဝါ ငါးထည်၊ နှမ်းကြီးဆီစစ်စစ် တစ်ပိဿာ၊ ပျားရည်စစ်စစ် တစ်ပုလင်း၊ သွေးတိုး၊ နှလုံး၊ ဆီးချို ရောဂါသည်များ ဈေးကြီးပေး အလုအယက် ဝယ်နေကြသော အုံပုံး၃ တစ်တွဲကို ရိုသေစွာ ကန်တော့ရမည်။ ဆရာကြီးက ကြာကြာ စကားပြောလိုဟန်ရှိက ကြာကြာစကားပြော၊ မြန်မြန်ပြန်စေချင်က အလိုက်သိပြန်ရန် ကိုယဉ်မောင် ဆုံးဖြတ်လိုက်သည်။

ဆရာကြီး ဦးရိုးသားကို အဝေးမှ လှမ်းမြင်နေရသော ရွာတောင်ဘက် စည်းရိုးမှပတ်၊ အနောက်ဘက်ဆင်း၊ မြောက်ကွေ့မှ ရွာအဝင် အနောက် ကင်းတံခါးပေါက်တွေ့သည်။ ရွာဝင်တံခါးမှ အရှေ့တက်ပြီး ဆရာကြီးဆီ အလာတွင် ပဝါတစ်ထည်ကို ဖျန်းခနဲ ရေညှစ်ရေခါကာ အဝတ်တန်း၌ လှန်းနေသော ဆရာကြီးအား မနီးမဝေးမှ မြင်သည်။ လမ်းတောင်ဘက်၌ ရှိနေသော သူ့ရေတွင်းသို့ အဝတ်လှန်းရာမှ ပြန်သွားပြီး ရေတွင်းပလ္လင်ပေါ် ထိုင်ကာ၊ အဝတ်တစ်ထည်ကို ဆပ်ပြာတိုက်နေသည်။ လမ်းဘေး ရေတွင်း ဖြစ်ရာ လူဖြတ်သန်းသွားလာနေကြဖြစ်သောကြောင့် ဖြတ်သန်းသွားလာသူ မှန်သမျှအား တာဝန်တစ်ရပ်အနေဖြင့် ဆရာကြီး စိတ်ဝင်တစား ကြည့်လေ့ ရှိဟန်မတူ။ သူ့အလုပ်ကိုသာ သူလုပ်မြဲလုပ်နေ၏။ သူ ဆပ်ပြာတိုက် မပြီး သေးမီမှာပင်လျှင် ကိုယဉ်မောင်၊ ငတောနှင့် အိအိပြုံးတို့ ဆရာကြီးဘေး ရောက်သွားသည်။ ဆရာကြီး၏ အနီးကပ် ရုပ်ပုံလွှာမှာ ညိုညို၀၀၊ ဆံပင် ဖြူဖြူ၊ ကြေးနီရောင် အသားပိုင်ရှင်၊ ကျေးတောသားဂိုက် အပြည့်အဝ၊ နိုင်ငံကျော် ကဗျာဆရာကြီး ရုပ်ပုံလွှာထက် ရိုးသားတည်ကြည် ဖြောင့်မတ်သော အညာကျေးတောသားကြီး ပုံစံက ပို၍ပေါ်လွင်နေ၏။ ထင်ပေါ်ကျော်ကြား လှသော လူရိုသေ ရှင်ရိုသေများလှသော ကဗျာဆရာကြီး ဦးရိုးသားအား အိအိပြုံးက တရိုတသေ တလေးတစား စတင် နှုတ်ဆက်သည်။

"လေးလေး... ငတောလုံး ဝတ္ထုရေးဆရာ ဆရာချိုင့်ကြီးဦးယဉ်

မောင်က လေးလေးကို တွေ့ဆုံဂါရဝပြု ကန်တော့ချင်လို့ သမီးကို လိုက်ပို့ခိုင်းပါတယ်၊ ဆရာဦးယဉ်မောင်နဲ့ပါလာတဲ့လူက သူ့ဇာတ်ကောင် ဦးတောပါ လေးလေး၊ သမီးက ချိုင့်ကြီး အ.ထ.က ကျောင်းခွဲမှာ အထက်တန်းပြ ဆရာမ အနေနဲ့ တာဝန်ထမ်းဆောင် နေရပါတယ်၊ ဦးတောရဲ့သား ငလုံးနဲ့ ငမုံးက သမီး တို့ခြံမှာ လစားပုတ်ပြတ် အလုပ်လုပ်နေပါတယ်။ သမီး ကျောင်းပိတ်ရက်အပြန်မှာ ဆရာကြီးဦးယဉ်မောင်က လေးလေးကို ဂါရဝပြုရင်း ဦးတောက သူ့သားတွေနဲ့ တွေ့ရင်း လိုက်လာကြတာပါ"

ဆရာကြီး ဦးရိုးသားသည် မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် အံ့အားသင့်သွားသော သူကဲ့သို့ တအံ့တသြ ဖြစ်ဟန်ပြသည်။

ကန်တော့မည့် ပစ္စည်းများကို ခွဲဝေဆွဲယူလာသော ကိုယဉ်မောင်နှင့် ငတောတို့ကို ခြေဆုံးခေါင်းဆုံး စေ့စေ့စပ်စပ် ကြည့်သည်။ မဲတင်း စိုးရိမ်နေဟန်ရှိသော ကိုယဉ်မောင့် မျက်နှာနှင့် အနေကျပ်နေဟန်ရှိသော ငတော မျက်နှာတို့ကို နားလည်သွားဟန်တူသည်။ နုညံ့ချိုသော အပြုံးနှင့် ဝမ်းသာပီတိဖြစ်သော ပကတိရိုးသားဖြူစင်သည့် မျက်နှာဖြင့် ကိုယဉ်မောင်တို့ကို စတင် စကားပြောသည်။ ရေတွင်းပလ္လင်ပေါ်မှ ထိုင်ရာကတော့ မထ။

"ဆရာချိုင့်ကြီး ကိုယဉ်မောင်ကိုယ်တိုင် လိုက်လာတယ်၊ ဒီဘက်က ဆရာရဲ့ဇာတ်ကောင် ငတော ဟုတ်သလား သမီး၊ ဟုတ်သလား...ဆရာ"

"ဟုတ်ပါတယ် ခင်ဗျ၊ ကျွန်တော်က မောင်ယဉ်မောင်ပါ၊ သူက ငတောပါ ဆရာကြီး"

"ကျွန်တော် ဝမ်းသာချက်ကတော့ ဌာန်ကုန်ပါပဲ ဆရာ၊ ကျွန်တော်ဟာ ၁၉၇၃/ ၇၄ ခုနှစ်လောက် ကတည်းက ဆရာ့ရဲ့ စာဖတ်ပရိသတ်ပါ"

"ခင်ဗျာ"

"ဟုတ်ပါတယ် ဆရာ၊ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်လောက်ကတည်းက ငွေတာရီမဂ္ဂဇင်းမှာ ထင်တယ်၊ ဆရာ့ရဲ့ အမေဘွဲ့ စာပဒေသာနှစ်ပုဒ် စတင် ဖတ်မိကတည်းက ကျွန်တော်ဟာ ဆရာ့ရဲ့ စာဖတ်ပရိသတ်ပါ၊





စာပေဗိမာန်ဆုရ၊ ငတောငလုံးတွေ ဖတ်ပြီးကတည်းက ဆရာ့ကိုရော၊ ငတောငလုံးကိုရော ကျွန်တော် အရမ်း တွေ့ချင်နေတာ၊ ကျွန်တော် တွေ့ချင်နေတဲ့ ဆရာက ကျွန်တော့်ဆီအရောက် လာတယ်ဆိုတော့ ကျွန်တော့်ကို အကြီးမားဆုံး ဂုဏ်ပြုတာ၊ အသိအမှတ်ပြုတာမို့ ကျွန်တော် ဝမ်းသာဂုဏ်ယူမဆုံးပါဘူး ဆရာ၊ ဆရာ အိမ်ထဲကြွနှင့်ပါ၊ ထမင်း သုံးဆောင်ပြီး အေးအေးဆေးဆေး စကားပြောပြီးမှ ပြန်ပါ၊ ကနေ့ အမေ ဥပုသ်ဆွမ်းပို့တဲ့နေ့ဆိုတော့ ဟင်းစုံပါတယ်၊ ဆရာ့ဘက်က အခက်အခဲ မရှိရင် ကျွန်တော့်ဆီ ညအိပ်ဖို့ မေတ္တာရပ်ခံအပ်ပါတယ်၊ ထပ်ပြောပါရစေ၊ ကျွန်တော် ဝမ်းသာလိုက်တာဆရာ၊ ကျွန်တော့်ကို အသိအမှတ်ပြုတာ၊ ဂုဏ်ပြုတာကို ကျွန်တော် သိပ်ကျေးဇူးတင်ပါတယ်"

ကိုယဉ်မောင်၏ စိုးရိမ်စိတ်၊ မဲတင်းစိတ်ကို ချေဖျက်၍ ပေးလိုက်သော ဆရာကြီး ဦးရိုးသား၏ စကားကြောင့် ကိုယဉ်မောင့်မျက်နှာ ကြည်စင်ရွှင်ပျလာသည်။ သူ့ထက် အသက်ရော၊ စာပေဝါပါ အနှစ် နှစ်ဆယ်ကျော်မျှ ကြီးမားသည့် ဝါရင့်၊ သမ္မာရင့် နိုင်ငံကျော် ကဗျာဆရာကြီး တစ်ဦးက ကရားရေလွှတ် တတွတ်တွတ်ပြောဆိုကာ နွေးနွေးထွေးထွေး ကြိုဆိုလာမှုအတွက် ကိုယဉ်မောင် ပီတိ ဖြစ်ရ၏။ ဆရာကြီး၏ ရင့်ကျက်ခြင်း၊ တည်ငြိမ်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ သဘောထားပြည့်ဝခြင်း၊ နားလည်စာနာခြင်း၊ အလေးထားခြင်းတို့က ဆရာကြီး ဂုဏ်ရည်အဖြစ် ဖော်ကျူးနေပါ၏။

"သမီး.... ဆရာချိုင့်ကြီး ဦးယဉ်မောင်ကို အိမ်ထဲ ခေါ်သွားနှင့်ပါ၊ အမေ့ကိုပြောပြီး လက်ဖက်ရည်ပွဲကို အရင်ပြင်ချထားနှင့်"

အိအိပြုံးကို ပြောကြားရာမှ ဆရာကြီးဦးရိုးသားက ကိုယဉ်မောင်ဘက်လှည့်ကာ ကြည့်သည်။ ဆရာကြီးမျက်နှာက သူ ချက်ချင်းထမလိုက်နိုင်သေး၍ တောင်းပန်သည့်သဘော၊ အားနာသော သဘော ထင်ထင်ရှားရှား။

"သည်းခံပြီး အိမ်ထဲက ခဏစောင့်ပါဦးဆရာ၊ အမေ့ ပဝါတော့

လျှော်ပြီး လှမ်းပြီးပါပြီ၊ ဒီတစ်ထည် လျှော်ပြီးရင် ရေကို ကျွန်တော် မြန်မြန် ချိုးခဲ့ပါ့မယ်၊ ခွင့်လွှတ်ပါ ဆရာ၊ ကဲ.... ပြောနေကြာရော့မယ်"

ကဗျာဆရာကြီး ဦးရိုးသားသည် စကားပြောရပ်၍ သူ ဆပ်ပြာတိုက်ထားသော အဝတ်ကို ပလ္လင်ပေါ်၌ ဆောင့်၍ဆောင့်၍ ဖွပ်လျှော်သည်။

ဆရာကြီး ဦးရိုးသား ပယ်ပယ်နယ်နယ် ဖွပ်လျှော်နေသော အဝတ်ကို လှမ်းကြည့်မိသောအခါ ကိုယဉ်မောင်နှင့် အိအိပြုံးသာမက၊ ငတောပါ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ဆရာကြီးဦးရိုးသား ဖွပ်လျှော်နေသည့်အဝတ်မှာ သူ့အမေ၏ ထဘီဟောင်း တစ်ထည်။

စာပြီးသည့်နေ့ ၁၈-၁၁-၂၀၀၈

❖







# လျှပ်တစ်ပျက်မြင်ကွင်း

ငါမသေခင် မင်းကို တစ်ခါလောက် တွေ့ချင်တယ်။

ရန်အောင်စာပေ(၂) မနီနီအောင် ထုတ်ဝေခဲ့တဲ့ မင်းရဲ့ ငတောငလုံး ဝတ္ထုတိုပေါင်းချုပ်ကို ငါ ခဏခဏ ပြန်ဖတ် အရသာခံတယ်။

ငါသေမှ မင်း နောင်တမရစေချင်ရင် ငါ့ကို မသေခင် လာတွေ့လှည့်။

စာလည်းရေး၊ လူကြုံလည်းမှာ၍ လာရောက်ရန် လေး ငါး ခြောက်ကြိမ်အထိ ခေါ်ယူသူက မြောင်မြို့ မြောက်ရပ်ကွက်၌နေထိုင်သူ ရေနံ အရာရှိ (အငြိမ်းစား) ဦးသံချောင်း။

အခေါ်ခံရသူက ငတောငလုံးတို့၏ ရေးသဖခင်၊ ရေးသမိခင် စာရေးဆရာ ဆရာချိုင့်ကြီးဦးယဉ်မောင်။

ပထမနှစ် (ဥပဒေ)မှ နောက်ဆုံးနှစ်အထိ ရေပကဲမဝင်အောင် ဆဲမနာ၊ ဆိုမနာ ဝင်ထွက်သွားလာ ပေါင်းသင်းခဲ့သော တက္ကသိုလ်စာပေး စာယူ ကျောင်းသား သုံးယောက်မှာ သံချောင်း၊ ယဉ်မောင်၊ ကြည်မြင့်။

သုံးယောက်ထဲမှာ အသက်အကြီးဆုံးက ကိုသံချောင်း။ သူ့ကို ကျန်နှစ်ယောက်က ကိုကြီးသံဟု ခေါ်သည်။ ကြည်မြင့်က ကိုယဉ်မောင်ကို အစ်ကိုကြီးဟု ခေါ်သည်။ သုံးဦးစလုံး ဥပဒေဘွဲ့ရသောအခါ အရာရှိ အဆင့်

သို့ တိုးမြှင့်ခန့်ထားခံခဲ့ကြရာ နှစ်ဦးက အရာရှိ လုပ်သည်။ ကျန် တစ်ဦးက အခြေအနေ မပေး၍ တောမှာမွေး တောမှာကြီး တောမှာပျော် စာရေးဆရာ။

ကိုသံချောင်း လက်ရှိဌာနက မြေတိုင်းအင်စပက်တော်၊ မြေစာရင်းရုံး။ ဘွဲ့ရ၊ မြေစာရင်းလုပ်သက်ရှိ၊ ကောင်းကင်မြေတိုင်း ကျောင်းဆင်းကို ရေနံက အရာရှိအဆင့် ခေါ်ယူရာ ကိုသံချောင်းဝင်ဖြေ၊ ခန့်အပ်ခံရပြီး ရေနံအရာရှိ ဖြစ်သွားသည်။

ကိုကြည်မြင့် လက်ရှိဌာနက ဆက်သွယ်ရေး။ ဘွဲ့ရ လုပ်သက်ရသော အခါ အရာရှိဖြစ်သွားသည်။ ဆက်သွယ်ရေးအရာရှိ။

ကိုယဉ်မောင်က စီမံ (၁၂)၊ ဒု–ရုံးအဖွဲ့မှူး အရာရှိ ခန့်အပ်ခံရသည်။ အခြေအနေအရ တောင်သူလုပ်ငန်းခွင် ပစ်မရ၍ မြို့ပိုင် မလုစ်နိုင်တော့။ မြို့ပိုင် ခန့်စာရသည့်နေ့ အချိန်နှင့် အဖေ့အသုဘချအပြန် အချိန် တိုက်တိုက် ဆိုင်ဆိုင် သွားဆုံရာ သားအကြီးဆုံးသူက မြို့ပိုင်ဘဝ စွန့်လွှတ်လိုက်ရသည်။ တောင်သူလုပ် စာရေးပေတော့။

ကြည်မြင့်နှင့် ကွဲသည့်ကွာသည့် အချိန်ကလည်း အနှစ်အစိတ်ကျော်၊ ကိုသံချောင်းနှင့် ခွဲရခွာရချိန်ကလည်း အနှစ်အစိတ်ကျော်၊ သူတို့နှစ်ဦး နေသည်က မြောင်မြို့ပေါ်မှာ၊ ကိုယဉ်မောင် နေသည်က မြို့နှင့် ၆ တိုင် ၁၂ မိုင်ဝေး ကွာသော ချိုင့်ကြီး ကျေးလက်တောရွာမှာ။ သူတို့က ခွင့်ရသော အခါ မြောင်တော့ ပြန်ကြသည်။ ချိုင့်ကြီးမလာ။ ဘယ်လာလွယ်မလဲ။ မြောင်–ချိုင့်ကြီးလမ်း ၁၂ မိုင်က မြို့ကတ္တရာလမ်း ၃ တိုင်၊ တောလမ်း ၃ တိုင်၊ ကိုယဉ်မောင်ကလည်း သူတို့လာချိန်မသိ၍ သွားမတွေ့ဖြစ်၊ အဆက် ပြတ်။

တစ်ခါကတော့ ကိုသံချောင်းကားဖြင့် ကိုယဉ်မောင့်ထံ ဝင်လာသည်။ မင်းဘူးရေနံမြေမှ မြောင်အပြန် ဝင်လာတာတဲ့။ မတွေ့ရတာ ကြာလို့တဲ့။ ကားက ကိုယ်ပိုင်ကားတဲ့။ မြို့ပေါ် တိုက် တည်နေသတဲ့။ အဲဒီတစ်ခါပဲ တွေ့ရသည်။





၂၀၀၈ ခုနှစ် နိုဝင်ဘာလထဲတွင် ကိုသံချောင်းက လူကြုံမှာပြန်သည်။ သူ ချက်ချင်းတော့ မသေနိုင်သေး။ အထူးကုဆေးခန်းနှင့် မြောင် လွန်းဖျံ သွားလာရာမှ လခြားရနေပြီ။ မသေခင် တွေ့ချင်သည်။ ကြည်မြင့်လည်း မုံရွာစာတိုက်ကြီးမှာ တိုင်းအရာရှိ ဖြစ်နေပြီ။ မသေခင် တစ်ခေါက်လောက် လာတွေ့ပါတဲ့။

ကိုယဉ်မောင့် အခြေအနေကို ကိုသံချောင်း သိဟန်မရှိ။ အမေ ကွယ် လွန်၍ သားသမီးခြောက်ဦး အမွေ ခွဲဝေ၊ ကိုယ့်ဘဝကိုယ် ရုန်းရသောအခါ ကိုယဉ်မောင့်ခမျာ ပြေးပြေးလွှားလွှား၊ ရှာရှာစားစား၊ နာမည်ကြီး ပိုက်ဆံရှား။

တိုက်ဆိုင်ချင်လာတော့ ငလုံးက မှတ်ပုံတင်ပျောက်ဆုံး၍ အသစ် ရိုက်လိုပါသဖြင့် ဆရာကြီး လ.ဝ.ကရုံး လိုက်ပို့ ကူညီပါဟု အကူအညီ တောင်းရာက ကိုသံချောင်းနှင့် မသေခင် တစ်ခေါက်တွေ့ရန် ကြားချလိုက်ခဲ့ သည်။

ငလုံးခမျာ မှတ်ပုံတင်ကတ်ပြားအသစ် လုပ်ချင်သည်မှာ ဖျတ်ဖျတ် လူး။ သူ့ပင်ရင်း မှတ်ပုံတင်က သစ်ဖောင်ဝါးဖောင်ချ အငှားလိုက်ရင်း ရွှေစရေးဝဲ ဖောင်ပျက်ရာ ပါသွားသည်။ လ.ဝ.က ဌာနက ရွာ ကွင်းဆင်း မှတ်ပုံတင်ရိုက်သည်။ သူခရီးလွန်၍ မတွေ့သည်လည်း တစ်ကြိမ်၊ နှစ်ကြိမ်။ ကြိမ်ရေ များစွာမှာ ပိုက်ဆံမရှိ၍ ငလုံး ရွာအရောက် ကွင်းဆင်း မှတ်ပုံတင် ရိုက်ပေးနေရာသို့ မသွားခဲ့ရ။

လွန်ခဲ့သည့် ငါးရက်ကျော်ကတော့ ငတော၊ ငလုံးနှင့် ငမုံး၊ လေး ခင်မတို့ သားအဖလေးယောက် မြေတူး၊ မြောင်းဖို့ရာ ကံထရိုက်ထံမှ ငွေ သုံးသောင်း ကျင်းတူးလုပ်အားခ ရမည်မို့ မိဂျမ်းက သွားထုတ်သည်။ ရေနွေး ကြမ်း သောက်ရင်း မိဂျမ်းကို စောင့်နေသော ငတောရှိရာသို့ ငလုံး ဝင်လာ သော်လည်း မျက်နှာမကောင်း။

ငလုံး မျက်နှာက တစ်စုံတစ်ရာ ပြောသင့် မပြောသင့် ချိန်ဆနေဟန်။ အဖေဖြစ်သူငတောက ငလုံး ခံစားချက်ကို ကိုယ်ချင်းစာသည်။

ဆင်းရဲသား သားသမီး။

အခြေအနေကိုလည်း သိသည်။ ကိုယ့် လိုအပ်ချက်က ဖွင့်မပြော၍လည်း မဖြစ်သည့်အခါ အိမ်လည်းငဲ့ညှာ၊ ကိုယ့် အခက်အခဲလည်း ဖွင့်မပြော မဖြစ်၊ ဘေးကျပ်နံကျပ် ဖြစ်တတ်သည်။ ငလုံး ဖြစ်ပုံက သည်ပုံမျိုး။

"အဖေ"

"ဟေ"

"ကျုပ်တို့ရမယ့် မြေတူးခ သုံးသောင်းက ကြွေးဆပ်၊ ဈေးဝယ်တာနဲ့ ကုန်မှာလား"

"လောက်မှာတောင် မဟုတ်ဘူး၊ ငါ့သားများ ကောက်ပြုရတာလေး ဘာလေး ရှိရင် ငါ့သားအမေကို ပေးလိုက်ဦး ဟား....ဟား.... ဟား"

မရယ်ချင်ပဲ ဟားတိုက်ရယ်သော အဖေဖြစ်သူ ငတော။ သား ငလုံးက ခပ်တွေတွေ။

"သစ်ဖောင်ဝါးဖောင်ချတာတွေက စရိတ်ငြိမ်း ခေါက်ပြတ် ခေါ်နေတယ် အဖေ၊ ဟိုမှာရောက်ရင် ဧည့်စာရင်းတိုင်ဖို့၊ လမ်းမှာ စစ်ရင် ပြဖို့သဖို့ ကျုပ်မှာ မှတ်ပုံတင် လိုနေတယ်၊ ငွေအဆင်ပြေရင် ဦးလေးယဉ်မောင် ခေါ်ပြီး မှတ်ပုံတင် သွားရိုက်ချင်တယ်၊ ဖောင်ချအမီပေါ့ အဖေ"

"ဒါပဲလားကွ ငလုံး၊ မင်း ပြောစရာ ကုန်ပြီလား"

"ကျုပ် ဖောင်ချလိုက်မှာကလည်း အဖေတို့၊ အမေတို့၊ ညီလေးတွေ ညီမလေးတွေ စားဖို့ပါ အဖေ၊ ဟိုမှာ ဆင်းရဲဒုက္ခ ခံရသမျှ ကျုပ်ကုန်းခံမယ်၊ ရလာတဲ့ ငွေလေး လုံးခနဲ ခဲခနဲ အဖေတို့ စားရတာပေါ့"

ငတောက ရေနွေးတစ်ခွက် ငှဲ့ပြီး ငလုံးဘက် ချပေးသည်။ ပြုံးဖြဲဖြဲဖြင့်။

"မင်း ဘယ်သူ့သားလဲ.... ဘယ်သူ့သွေးလဲ"

".... .... ...."





"ငလုံးတဲ့၊ ငလုံးဟာ အဖေ့သား၊ အဖေ့သွေးပဲကွာ၊ အဖေ့ စေတနာ ပါရမှာပေါ့၊ အဲဒီ စေတနာ ဘယ်တော့မှ မဖျောက်နဲ့ ငါ့သား၊ အဖေတို့နဲ့ နေစဉ် အဖေ့မိသားစုဟာ မင်းမိသားစုပဲ၊ မင်း မိန်းမရသွားလို့ မိန်းမနဲ့ သားသမီးနဲ့ နေရင် မင်းမိန်းမ၊ သားသမီးဟာ မင်းမိသားစုပဲ၊ ကိုယ် ဘာလုပ်လုပ်၊ ကိုယ်ဘယ်က ဝင်ငွေရရ မိသားစု စားပါစေ၊ ဝတ်ပါစေ၊ သုံးပါစေ၊ စွဲပါစေ၊ ပျော်ပါစေ၊ ပြုံးပါစေဆိုတဲ့ ခုစေတနာမျိုးထား၊ ဘယ် တော့မှ မယုတ်လျော့တဲ့ အကျိုးပေးမယ်၊ မိသားစုအပေါ် စားဝတ်နေရေး ပျော်ရွှင်ရေး စေတနာရှိတဲ့ မိသားစုဝင် တစ်ဦးဟာ နေ့စဉ်နေ့တိုင်း ကျက်သရေမင်္ဂလာ အရှိဆုံးလူပါ ငါ့သားရာ၊ မင်း မှတ်ပုံတင်ရိုက်ဖို့ မြေတူးခ ကတော့ တစ်ပြားမှကျန်မှာမဟုတ်ဘူး သေချာတယ်၊ ငါက မင်းအဖေ နော်"

ငလုံးက ဘာစကားမှ ပြန်မပြော၊ ဓာတ်ဓာတ်ကလိုတော့ ငူငူငိုင်ငိုင် တွေးတွေးဆဆလူ မဟုတ်တော့ လမ်းစရှာသူ လမ်းတွေ့ချိန်နီး မျှော်လင့်ချက်မျိုး မသိမသာ ဖော်ပြလာ၏။

"ဟကောင် ငလုံးရ၊ မင်းဟာ ငါဘာမေးမေး ဟက်ဟက်ပက်ပက် မဖြေဘူး၊ မင်းအဖေနော်လို့ မေးတာများ ဖြေလိုက်စမ်းပါကွာ၊ ဟုတ်ပါ တယ်လို့၊ မင်းဟာ သေချာပေါက် သိရက်နဲ့ နှုတ်အ,နေတယ်လို့"

"အဖေက သိရက်သားနဲ့ မေးတာကိုးဗျ"

"မေးရမှာပေါ့ ငါ့သားရ၊ တို့ငယ်ငယ်က သူကြီးဦးကောင်း ကြက်ဝိုင်း ဖမ်းလာတော့ သူ့သား ငကောင်း ပါလာတယ်၊ လူနာမည်နဲ့ အဖေ နာမည် စာရင်းကောက်တဲ့အခါ သူ့သားအလှည့်ရောက်တော့ မောင်ကောင်း မင်းအဖေ နာမည် ပြောပါခိုင်းရော၊ ငကောင်းက ကျုပ်အဖေနာမည်သိချင်ရင် လျှာ အလွန် ရှည်တဲ့ သူကြီးဦးကောင်းမေးပါလို့ ရွှဲ့ပြောတယ်၊ မောင်ကောင်း သူကြီးမို့ သူကြီးလို မေးတာ စိတ်မဆိုးနဲ့၊ တခြားလူသာ ဖြစ်က ထိတ်တုံး ခတ်မည် ဆိုတော့ ဘေးက လူကြီးတွေရော၊ ပုလိပ်စာသင်တွေရော၊ ကြက်သမားတွေ ရော တဝါးဝါး တဟားဟားဖြစ်ပြီး သဘောကျ၊ ရွာလမ်းပြုပြင်ရန် ဘုံဒဏ်ချ

လို့ မြေတူးမြေဖို့ရာမှာ မောင်းကင်း မင်းအဖေဘယ်သူလဲနဲ့ စကြနောက်ကြနဲ့တဲ့ ငလုံးရဲ၊ အဖေကလည်း အဖေမို့ မဖေလိုမေးတာ စိတ်မဆိုးနဲ့၊ စိတ်ဆိုးက မှတ်ပုံတင်ကတ်ရိုက်ရန် ငွေဖန်တီးပေးမည် မဟုတ်၊ ပုံ ငပြီးတောတဲ့ ငတော၊ ငလုံးအဖေ စစ်စစ် ဟား....ဟား.... ဟား....ဟား...."

ငတော ဟားတိုက်ရယ်သော အရယ်နှင့် အပျော်အပြက်ပြောသော ဟာသက ငလုံးကို သည်မျှဆွဲဆောင်အား မကြီးမား၊ ငလုံးရင်ကို တိုက်ရိုက်ထိမှန်သော စကားမြားက ငွေဖန်တီးပေးမည်ဟူသော စကားမြား။

"အဖေ....အဟုတ်လားဗျ"

"တကယ်ပါ ငါ့သားရာ၊ မင်း မိန်းမရပြီး အဖေဘဝရောက်ရင် အဖေ့စေတနာ၊ အဖေ့ မေတ္တာ သိလိမ့်မယ်။ ဆရာကြီး ဦးယဉ်မောင် တောကို အဖေရောက်တော့၊ ငတော၊ ငလုံးက မှတ်ပုံတင်ရေထဲပါသွားလို့ အသစ်ရိုက်ချင်တယ်၊ ပိုက်ဆံ အဆင်ပြေတဲ့နေ့ သားကို ဆရာကြီး မြို့လိုက်ပို့ကူညီပါလို့ ပြောတယ်ကွ၊ အဲဒီကတည်းက အဖေ မင်းအတွက် စိတ်ကူးနေတာ၊ နောက် နှစ်ရက်လောက်ဆိုရင် မင်းအတွက် ငွေပေါ်ပြီ၊ ဘာမှမပူနဲ့၊ ရေနွေးကြမ်း သောက်၊ အမေပြန်လာလဲ ဘာမှမေးမနေနဲ့ သူချက်ကျွေး စား ကိုယ် လုပ်စရာရှိတာ လုပ်"

အဖေ့စကား ကွက်တိမှန်မှမှန်။

သုဘမိတ္တ ဓာတ်ထုပ်ထဲက ဓာတ်ဆီ၊ ဓာတ်စံ တံငါသည်ပြက်လုံးနှင့် တူပေခြင်း။ ဆုတော်ငွေ တစ်ထောင်ကို ကြွေးမဆပ်နိုင်၍ အော်ငိုသော ပြတ်လုံး။ ဟဲ့.... တံငါသည် ဆုတော်ငွေ တစ်ထောင်ပေးတာ ဘာလို့ ငိုနေသလဲ ဟဲ့။ မှန်ပါ ဝန်မင်းဘုရား။ ဆုတော်ငွေက တစ်ထောင်၊ ကြွေးက ငါးထောင်မို့ပါဘုရားတဲ့။ ဓာတ်ပြား နားထောင်သော ပရိသတ်က သဘောကျ၍ တဝါးဝါး တဟားဟား၊ တံငါသည် စကားက အရပ်စကား၊ ကျေးလက်သုံးစကား ဖြစ်လာသည်။ ဆုတော်ငွေ တစ်ထောင်၊ ကြွေး ငါးထောင်တဲ့။





မိဂျမ်း ဝင်လာလာချင်း ဆောက်နှင့် အထွင်းခံရသူကတော့ ငတောနှင့် ငလုံး။ သားအဖ နှစ်ယောက် ပြုံးဖြဲဖြဲဖြင့် လုပ်နေစဉ် မိဂျမ်း ဝင်လာသည်။ "တော်တို့ သားအဖကတော့ ပြုံးလို့၊ ရယ်လို့၊ လူပျို ကိုယ်လွတ်ကွမ်းတဖွတ်ဖွတ်ပေါ့၊ ဒီက ဝဋ်ကောင်မကြီး မိဂျမ်းတော့ သားအရွယ်၊ သမီးအရွယ်၊ တူ၊ တူမအရွယ် ကြွေးရှင်တွေက ဝိုင်းငေါက်ကြ၊ မာန်ကြ၊ ငေါ့ကြ၊ ထေ့ကြနဲ့ ဝဋ်ခံရတာတော့ ငရဲပြည်များနီးရင် ကြွေးမကျေလို့ ခယဝယ တောင်းပန်နေရတဲ့ ဝဋ်ဒုက္ခခံမယ့်အစား ငရဲအိုးထဲ ခုန် က ပြီး ညာသံပေး ဆင်းချင်တယ်တော့်။ အဟီး.... ဟီး.... ငွေသုံးသောင်းသာ လုပ်အားခ ရတာကို သိရက်နဲ့ မသိဝှက်ပြုထားတာကျလို့ စစ်လိုက် ဆေးလိုက် ကြတာ၊ နှစ်ရက် သုံးရက်စာတောင် ကြွေးကျေတဲ့ဆိုင်က ပြန်ကြွေးယူခဲ့ရတာ တော့်၊ ပိုက်ဆံမရှိရင် လူကြီးလူငယ် မရှောင်ဘဲ စော်ကား နှိမ့်ချကြတာတော့်"

ငတောရော ငလုံးပါ မလှုပ်ဝံ့။ ဟီးချ ငိုနေသော မိဂျမ်းကို ကြည့်၍ ဘာစကားမှ မပြောဝံ့၊ အလွန်မာကျောသော မိဂျမ်းသည် ခံနိုင်ရည်စွမ်းအားကို ထိပါးလာသော လောကဓံ အထုအထောင်းအား ဟီးချ ငိုရှိုက်ကာ အံတင်းခံသည်။ လူသားပီပီ လူသားမာနကို ထိခိုက်လာသောအခါ မလွဲသာ၍သာ ငုံ့ခံလာရသည်။ ငုံ့ခံလာရမှုကြောင့် ဖြစ်ပေါ်လာသော ဒဏ်ချက်ကို မျက်ရည်ဖြင့် ထွက်ပေါက်ပေးပြီး ဘဝအားမာန် ပြန်ထူသည်။ "အပြောပက်စက်တဲ့ ကောင်မလေးတွေ ကြွေးကို ကျုပ် အရင်ရှင်းမယ်၊ ဘယ့်နှယ်တော်၊ ဗုဒ္ဓဘာသာ တောသူတောသား၊ မြန်မာတွေပဲ၊ ကြွေးမရတာတော့ မရတာပေါ့၊ အမေအရွယ်၊ အဒေါ်အရွယ်ဆိုတဲ့ အသိလေးနဲ့များ ထိန်းထိန်းသိမ်းသိမ်း ပြောဦးမှပေါ့"

ငလုံးက သူ့အဖေကို မဟာပညာကျော်ဘွဲ့ ပေးချင်သည်။ သူ့အဖေကသာ သူကို ကြိုထိန်းမထားလျှင် ငိုချင်ရက်လက်တို့ဖြစ်နေသော သူ့အမေမိဂျမ်းအပြန်၌ ဆီးမေးဆီးပြောလျှင် ငါးတကာ ယိုသည့်ချေး၊ ပုစွန်ဆိတ်

ခေါင်းစုလိမ့်မည်။ ကြွေးရှင်များအပေါ် ထွက်ခဲ့သမျှ ဒေါသတို့က ငလုံးအပေါ် ပုံကျခြိမ့်မည်။ ယခုတော့ ကံကောင်းမှကောင်း။

ငလုံး ဆက်တိုက် ကံကောင်းပါသည်။ နောက်နှစ်ရက်ခန့်မှ ထောင်မည့် မှန်းထားသော သူ့အဖေ၏ ကောင်းကင်မြှားများသည် သူ့အဖေ လှည့်ပတ် ချိန်ဆကြည့်ရာ မနက်ဖြန်ညဌ် အခြေအနေ ပေးနိုင်သည်။ စတင်အလုပ်လုပ်မည်။ မင်းလည်း လိုက်ခဲ့ဟု ခိုင်း၍ ငလုံး ဝမ်းသာရသည်။

ကောင်းကင်မြှားထောင်ရာတွင် စီးပွားဖြစ်ထောင်ပါက ချက်ချင်းထောင်မရ၊ အပျော်သဘော ထောင်ပါက ကိုယ်နေထိုင်သော ယာတောတဲ၏ သင့်တော်ရာနေရာ၌ ဝါးနှစ်ပြန် သို့မဟုတ် ဝါးတစ်ပြန်ခွဲအမြင့် မှန်းဆပြီး မြေကြီးကျင်းတူး နေ့ရောညပါ ထောင်ပစ်ထားသည်။ မိမိ၊ မမိမိ မောင်းတင်ဖြုတ် ခဏခဏ လုပ်မနေတော့။ မိသောအချိန်မှသာ သားကောင်ကိုဖြုတ်သည်။ ကြက်ပေါင်ပင် ကြာကြာ အသုံးမခံသော်လည်း ဒုက္ခခံမနေတော့၊ တဲတိုင်ကပ်ချည်ထားသည့် တိုင်၊ ထောင်၊ ဖြုတ်၊ ထောင် လုပ်မနေ၊ မမိသေးလျှင် ထောင်မြဲ ထောင်ထား၊ မိလာမှ ဖြုတ်၊ ထုံးစံ။

ငတောတို့ ထောင်ရာ၌ ထိုသို့ လုပ်မရ။

အမြင့် နားလေ့ရှိသော ထောင်ကွင်းဖြစ်ပါက သစ်ပင်၊ ထန်းပင်များအပေါ် အနည်းငယ် မြင့်စေရန် ကောင်းကင်မြှားကို နည်းနည်းမြင့်ကပ်ချည်ပေးထားရသည်။ မြေပြင်မှ ထောင်မည်ဆိုကလည်း ထောင်မည့်နေ့မှ ကျင်းတူး ထောင်မရ။ နားနေသားကျစေရန် သားကောင်က ထောင်ထားသော တိုင်အပေါ် ယုံယုံကြည်ကြည် ဆင်းသက် နားနေစေရန် ကြိုတင်တိုင်ထောင် ကျင့်ပေးထားရသည်။

သားကောင် နား မနား၊ နားနေသား ရှိ မရှိ၊ သိရှိ ချင့်ချိန်နိုင်ရန် သားကောင်ချေး အနည်းအများ ချိန်ဆကြသည်။ သားကောင် စွန့်ပစ်သော မစင်တွေ့ မတွေ့၊ အင်အား များ မများက သားကောင် နေနားမှု ပြဒါးတိုင်။ သည်ပြဒါးတိုင် ကြည့်၍ ခန့်မှန်းက မလွဲ။





သားကောင်ကို အပျော်သမားကဲ့သို့ ဘယ်အချိန်ရရ ငတောတို့ လွယ်လွယ်ကူကူ သဘောထား မဖြစ်။ သားကောင်သည် တိရစ္ဆာန်ဖြစ်သော်လည်း သဘာဝပေး အသိအရ ဆက်သွယ်သော ဝိသေသ လမ်းကြောင်းရှိသည်။ သေဘေးတွေ့သံ၊ သာမန်ထိတ်လန့်သံ၊ ဖိုမခေါ်သံ။ သတိပေး အချက်ပြသံ၊ မိခင်ခေါ်သံ၊ သားသမီးခေါ်သံ၊ အစာတွေ့ခေါ်သံ၊ အစာကျွေးရန်ခေါ်သံ၊ မာန်ဖီသံ၊ ချစ်ရည်သွေးသံ.... စသည် စသည်ဖြင့် လျှို့ဝှက်သင်္ကေတ အများအပြားရှိသည်။ သားကောင် သင်္ကေတကို သားကောင်က သိမှ အလွန်သိ။

အပျော်သမားကဲ့သို့ မိချင်သည့်အကောင်မိ၊ တစ်ကောင်မိမိ၊ နောက်ရက်မှမိမိ၊ ဘယ်အကောင် သိသိ၊ ဘယ်အကောင် ရှောင်ရှောင် ငတောတို့ သဘောထားမရ။ ဘေးကင်းရန်ကင်းသည်ထင်၍ မြူးထူးပျော်ပါးလာသော သားကောင်များမှသာ၊ ဖမ်းဆီးရာ အရအမိများသည်။ ကျီးလန့်စာစား လုပ်လာက သားကောင်များများမရ၊ လင်းတမျိုးမျိုး၊ ခွေးရူးဆွဲဆွဲ၊ နွားငတ် ရေကျဖြစ်လာမှ သားကောင်မိပိုသည်။

ငတောတို့ ထောင်မည့် ထောင်ချောက်က ကောင်းကင်မြှား။

ထောင်မည့်အကောင်က ညဥ့်ငှက်များ၊ ညဥ့်ငှက်များက မြင့်ရာမှ နားနေ၍ သားကောင်ကို စောင့်ချောင်းသော ဓလေ့စရိုက် ရှိသည်။ သားကောင်ကို မြင်တွေ့လာမှ သစ်ပင်၊ ထန်းပင်၌ဖြစ်က သစ်ပင်၊ ထန်းပင်ရှိရာ မြေပြင်၌ဖြစ်က မြေပြင်ရှိရာသို့ တစ်ဟုန်ထိုး ထိုးဆင်း၍ ကုပ်၊ ချီ၊ ဆိတ်ပေါက်စားသည်။ သူတို့အစာ သားကောင်၏ လှုပ်ရှားမှု၊ မြည်တွန်မှု၊ အခြားနည်း အသံပေးမှုကို စောင့်ဆိုင်း တိုက်ခိုက် ထိုး၊ ကုပ်၊ ဆိတ်၊ ပေါက်ဖမ်းဆီးသည်။

သားကောင်ချောင်း ညဥ့်ငှက်များမှာ မှိန်ကောင်း၊ ဇီးကွက်၊ ဒီးဒုတ်၊ မြင်းဝံ အစရှိသည်တို့ ဖြစ်သည်။

သူတို့ အမိက ရှာဖွေစားသောက်လေ့ရှိသော သားကောင်မှာ ကြွက်၊ မြွေ ဖြစ်သည်။

ကောင်းကင်မြား ထောင်မည့်သူက ကြွက်ပေါ်ရာ၊ မြွေပေါ်ရာ သင်းချိုင်းကုန်း၊ ထန်းတန်း၊ ထန်းပင်၊ သစ်ပင်သစ်အုပ်၊ ကဇာချုံတန်းများကို အတွေ့အကြုံဖြင့် ချိန်ဆကာ ကြိုတင် တိုင်ထောင်၊ နားသားကျမှပြန်၍ ကောင်းကင်မြား ထောင်ယူသည်။

ငတောနှင့်ငလုံးတို့သည် အကယ်ဒမီ မင်းသမီးကြီး ဒေါ်ဂျမ်း ငိုပြီးနောက်ည၌ ကောင်းကင်မြား ထောင်ရန် စီစဉ်ခဲ့သည်။ မိဂျမ်းကို နောက်တစ်နေ့၌ ငတောက စရာ "မသာကြီး၊ ကျုပ် ငိုမိတာ ရှက်လွန်းလို့ ထပ်မပြောနဲ့၊ ကြွေးရှင်လည်မျိုလည်း ကုပ်မသတ်ဝံ့၊ ကိုင်ပေါက်လည်း မချိုးဝံ့တော့၊ ငိုလိုက်တာ ဒုက္ခ မရောက်တဲ့ ထွက်ပေါက်က ဒီနည်းပဲ၊ တော်တို့သားအဖသာ ကျုပ်လို အမာန်အမဲ အငေါ့အထေ့ခံရရင်၊ , ရှက်တာနဲ့ ရွာပြောင်းမယ်။ လုပ်ကြတော် လုပ်ကြ၊ မွဲရင် အထင်သေးတယ်၊ စော်ကားမှန်း သိရက်နဲ့ ခံရတယ်၊ နှိမ်မှန်းချိုးမှန်း သိရက်နဲ့ အောက်ကျနောက်ကျနေရတယ်၊ မှတ်ပုံတင်ရိုက်၊ ငလုံး ဖောင်ချလိုက်၊ ပြန်လာကြွေးဆပ်၊ ဆန်ဝယ်ဆီဝယ်၊ တော်တို့ကျုပ်တို့လည်း ရွာမှာတင် ကုန်းကျူး ရုန်းကြရုံပဲ၊ လူမသေငွေမရှား၊ ပန်းညွန့်သာ ကျိုးတာပါ၊ ဘယ်လူသားမဆို လူညွန့် ကျိုးတယ်ဆိုတာ မရှိပါဘူး၊ ကောင်းကင်မြားထောင်တာနဲ့ မှတ်ပုံတင် မလုပ်လောက်ရင် ကျုပ် ဖြစ်သလို ငွေရှာပေးမယ်၊ လုပ်နိုင်သလောက် ပြလန်သွားသွား လုပ်ကြမှ ဖြစ်မယ်၊ ကြွေးလွတ်ရင် အဆိုအပြော အငေါ့အထေ့ အစော်ကား မခံရတော့ဘူး" ဟု အားပေးစကား ပြောလာသည်။ ငတောရော ငလုံးပါ တောလိုက် ကိရိယာ အပြည့်အစုံ ယူ၍ ကောင်းကင်မြားထောင်ရန် အိမ်တဆည်းဆာ မရောက်မီကတည်းက ကြိုကြိုတင်တင် ထွက်ခဲ့သည်။

ပထမဦးဆုံး အလုပ်က ထောင်ထားသော တိုင်များကို လျှော်ဖြင့် ပိုးကပ်တုပ်ပြီး ကောင်းကင်မြား ထောင်ရခြင်းပင်။

အမြင့်၌ ထောင်ရသောကြောင့် ကောင်းကင်မြားဟု တောသမားက ခေါ်သော မြားမှာသံမြား။ လေးနှင့်ပစ်ရသော မြားမဟုတ်၊ ဒူးလေးနှင့်





ပစ်လွှတ်ရသော မြားမဟုတ်၊ ထိုမြားတို့က လက်မှ လွှတ်လိုက်ရသော မြား၊ ပစ်မြား၊ အဝေးပြေး မြား။

ကောင်းကင်မြားက ပုံသေနေရာ အတွင်း၌သာလျှင် အတက်၊ အကျ၊ အဆုတ်အတိုးရှိသော မြား၊ ဝါးကို ချွန်ထားသော မြားမဟုတ်။

ကောင်းကင်မြားထောင်ရာ၌ သာမန် ဝါးမာတစ်လုံးကို တိုင်ထောင်ဝါးလုံးအဖြစ် အသုံးပြုသည်။ အမြင့် လိုအပ်ချက်က ကိုယ်လိုချင်သလောက် မြှင့်ယူ၊ ဝါးတစ်လုံးလား၊ နှစ်လုံးလား၊ သုံးလုံးလား၊ ဆက်ချင်သမျှဆက်၊ ကောင်းကင်မြားပါသော ဝါးက ထိပ်မှာရှိရမည်။

ကောင်းကင်မြားပါသော ဝါးမာတစ်လုံး ထိပ်ပိုင်း၌ ငါးတောင်ခန့်ရှိသော ဝါးခြမ်း မျက်နှာဖော်၊ မြားလမ်းကြောင်းပါ၊ တင်ခလုတ်၊ ပြုတ်မြားပါ ကိရိယာ တပ်ဆင်ထားသည်။

အောက်ခံဝါးကို တုပ်ချည်ထားသော ငါးတောင်ခန့်ရှိ ပိုးဝါးကို မြားလမ်းကြောင်း ဖောက်ရန် ထက်ခြမ်း ခြမ်း၍ မျက်နှာ ဖော်ထားသည်။ ပိုးဝါးဟူသည် အောက်ခံဝါးကို ပိုး၍ တုပ်ထားသော ငါးတောင်ခန့်ရှိ ဝါးတိုကို ခေါ်သည်။

ဝါးခြမ်းရှိ မြားလမ်းကြောင်း ဖော်ထားသော ပိုးဝါးအောက်ခြေအရင်း၌ မောင်းတင်မောင်းချသံငုတ်ရိုက်နိုင်စေရန် လက်သုံးသစ်ခန့်ရှိမည်၊ ဝါးမာကို အရင်းဖျား၌ ရိုက်ထားသည်။

မြားတံက သံမြားတံ၊ အရှည်က နှစ်တောင်ခန့်။

လျှာလမ်းကြောင်း အရှည်က နှစ်တောင့်ထွာခန့်။

ခလုတ်ဖြုတ် တပ်၊ မြား အယူအပို့၊ အနုတ်အသိမ်း လုပ်ပေးမည့် ဘတ်ခွ ကြက်ပေါင်ပင်အရှည်က တစ်ထွာနှင့် လက်သုံးသစ်ခန့်၊ သူ့ကို ကပ် တုပ်ထားသည်။

ကောင်းကင်မြားထောင်သည့်အခါ ပိုးဝါး အောက်ခြေ၌ ကပ်ရိုက်ထားသည့် ဝါးမာအရင်းများရှိ သံငုတ်အထိ ဆွဲချလာပြီး ခလုတ်ဆင်သည်။

တောသမားအခေါ်က မောင်း တင်သည်။ မောင်း ဆင်သည်။ ခလုတ် ဆင်သည်။

ကောင်းကင်မြားသည် မထောင်မီက ဝါးလုံးထိပ်၌ နေသည်။ ကြက်ပေါင်ပင်ဆွဲချ၍ လျှာခလုတ်ဆီ ဆွဲယူလာသောအခါ ကောင်းကင်မြားက အောက်သို့၊ အလိုအလျောက် လိုက်ပါလာသည်။ မြားဆံ ငုတ်သွားရာ ဝါးလုံးထိပ်သို့ သားကောင်က လာနင်းသောအခါ ခလုတ် ဖျောင်းခနဲ ပြုတ်၊ မြားဆံ ဝှီးခနဲ ရုတ်တရက် ထိုးထွက်ကာ မည်သည့် သားကောင်မှ ရှောင်မရတော့။

သားကောင် အနည်း လာနိုင်သောနေရာ၊ အများ လာနိုင်သောနေရာ ချိန်ဆ၍ တိုင်အနည်းအများ ခွဲထောင်ခဲ့သော ငတောသည် သားကောင်များများလာနိုင်မည့် ထန်းတောနှင့် သချိုင်းကုန်းဘက်ဆီသို့ ငလုံးနှင့် အတူ ခပ်သွက်သွက်လာခဲ့သည်။ ကိုယ့်မြားတံ သူ့ငှား၊ သူ့မြားတံ ကိုယ့်ငှားဖြင့် စုဆောင်း ပေါင်းထောင်ခဲ့ရာ ကောင်းကင်မြား နှစ်ဆယ့်နှစ်စင်း အထိ ငတော ထောင်နိုင်ခဲ့သည်။ သူ့အနေဖြင့် မိန်စုပ်ကောင်းမည့်နေရာ၊ မိန်စုပ် ကောင်းမည့် အချိန်ကို စိတ်တွက် တွက်သည်။ မြားများများ ထောင်ထားသည့် သချိုင်းကုန်း၌ ငတော မိန်စုပ်မည်။

မုဆိုး လသာ၊ တံငါ လမိုက်။

မုဆိုး ကြိုက်သော လသာည၏ ငွေလရောင်ခြည်က ကမ္ဘာလောကကြီး တစ်ခုလုံးကို ဖုံးလွှမ်းထားသည်။ တောတောင်ဝန်းကျင် တစ်ခုလုံး ငွေလရောင်ခြည်ကြောင့် ရွှန်းမြမြစိမ်း၊ စိမ်းလဲ့လဲ့ဝင်း။ ညဉ့်ငှက်ဦးတို့ မြူးထူးစပြုသံက ညအလှ ညဂီတပမာ ချိုချိုနွဲ့နွဲ့။ ငတော ငလုံးတို့ ပထမဦးဆုံး အသံကြားရသည့် ညဉ့်ငှက်က ဇီးကွက်။

ဇီးကွက်သည် ညဦး ညလယ်ငှက် ဇီးကွက်ထွက်ပြီး များမကြာမီ မိန်ကောင်လာမည်။ မြင်းဝံငှက် လာတတ်ချိန်က ည ကိုးနာရီ ဝန်းကျင်။ ဇီးကွက် ထွက်ရာ၌ လူနှင့်နီးသော ဝန်းကျင်၌ နေထိုင်သည့် ဇီးကွက်က





လူ သိပ်မကြောက်၊ လူမြင်သူမြင်ချိန်၊ နေဝင်စ၊ လထွက်စ၌လည်း ရဲရဲထွက်သည်။ တောဝေးဇီးကွက်က လူနီးဇီးကွက်တည်ညံ အသံပေးပြီး အချိန်ကြာမှ ရဲရဲထွက်သည်။ မိန်ကောင်က ဇီးကွက်ထွက်သံ ဖြိုင်ဖြိုင် ကြားပြီးချိန်၌ ယောဘုယျထွက်သည်။

အစောထွက် လူနီးဇီးကွက် မြည်သံ၊ လူနီးဇီးကွက် အစာရှာသံ၊ ညဉ့်ငှက်ပေါင်းစုံ အသံပေးသံတို့ဖြင့် လှုပ်ရှား သက်ဝင်လာသော ညသည် ငြိမ်ဆိတ်ရာမှ လှုပ်ရှားမြင်ကွင်းဘဝ ရောက်ရှိလာသည်။ ဇီးကွက်ဦးကို မိသော ကောင်းကင်မြားတိုင်များ ဆီမှ ဇီးကွက်အော်သံတို့ ကြားစ ပြုလာချိန်တွင် ငတောနှင့် ငလုံးတို့ မိန်စုပ်မှု စတင်သည်။

မိန်စုပ်တတ်သူက ငတော။

မိန်စုပ်ရာ၌ မိန်ကောင်၊ ဇီးကွက်၊ ဒီးဒုတ် အစရှိသည်တို့အပြင်၊ မြွေဆိုးများကလည်း လာတတ်သောကြောင့် ဘေးအန္တရာယ် ရှိ မရှိကို စောင့်ကြည့်မည့်သူက ငလုံး။

ငတောသည် မိန်စုပ်ရာ၌ ငှက်ပျောရွက် လွယ်က ငှက်ပျောရွက်၊ ငှက်ပျောရွက် မလွယ်က စုပ်ရမည့် သစ်ရွက်ကြီး နှစ်ရွက်ဖြင့် စုပ်သည်။ သချိုင်းကုန်းဘေးရှိ မိုးနံ့ရွက်ကြီး နှစ်ရွက်ကို ထပ်ကာ ငတောက ဖြေညင်း သာယာစွာဖြင့် ပိပိ....ပိ....ပိ....၊ ကျလိ....ကျလိ....တိ....တိ၊ စိစိ....စိ....စိ....ပိ.... ကျွိ....ကျွိ....ကျွိ....တိ....တိ....တိ....စိ....စိ.... ကျွိ....ကျွိ....ကျွိ အစရှိသည့်အသံများကို အခြေခံကာ၊ ထိတ်လန့်သံ၊ ဖော်ခေါ်သံ၊ အစာရှာ အစာကျွေး ခေါ်သံ၊ ဘေးတွေ့သံ အစရှိသည့် အသံမျိုးစုံ ထွက်ပေါ်စေရန် နိမ့် မြင့်၊ မြင့် နိမ့်၊ တိုး ကျယ်၊ ကျယ် တိုး၊ တက် ကျ၊ ကျ တက်၊ ဖြည်းဖြည်း မြန်မြန်၊ မြန်မြန် ဖြည်းဖြည်း၊ လေးပေါ့ ပေါ့လေး စုပ်ပေးသည်။ အနှေးချည်း သီးသန့် မစုပ်၊ အမြန်ချည်းသီးသန့် မစုပ်၊ အကျယ်ချည်း သီးသန့်မစုပ်၊ တိုးတိုးတိမ်တိမ်ချည်း မစုပ်၊ သဘာဝသံနှင့် တူစေရန် ငတော ကြိုးစားသည်။

ညဉ့်ငှက်တို့၏ အစာရှာ သဘာဝစရိုက်က အသံပေးနေသော သား

ကောင်ရှိရာ အရပ်သို့ အစာအဖြစ် ထိုးသုတ်ရန် အလျင်အမြန် လာရောက်တတ်သည်။ လာရောက်၍ အသံပေးသော သားကောင်ကို တွေ့ရှိရိုန်၌ အငမ်းမရ ဖမ်းယူ စားသောက်သည်။ အသံဖြင့် စားလာရသော သဘာဝ အသိရှိသည့် ညဉ့်ငှက်၊ ပထမ အသံ၊ အသံ ရှိရာလာရာက တွေ့မြဖြစ်မည့် အသံရှင် သားကောင်ကို ဒုတိယ တွေ့လေ့ရှိသည့် ညဉ့်ငှက်။ ထိုညဉ့်ငှက်သည် မိန်စုပ်သမားက အသိတို့ဖြင့် လှည့်ဖျားသောအခါ အသံရှိရာသို့ လာခဲ့သော်လည်း သားကောင်မတွေ့၊ သားကောင်မတွေ့သော်လည်း သားကောင် အသံက မရပ်၊ မရပ်သေးသော အသံက သားကောင် ရှိသေးသည်။ စောင့်ချောင်းဟု သတိပေးသလို အသိဝင်စေသောကြောင့် ပျံသန်းရာမှ ရပ်နား၊ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းရန် သူ့လိုအပ်ချက်ကို ဘဝပေး အသိအရ ညဉ့်ငှက်က သိသည်။

ဘယ်သွား နားမလဲ၊ သားကောင်အသံ နီးရာ နားကောင်းမည့်နေရာ၊ ဘယ်နေရာလဲ၊ အရင် နားဖူးသည့်နေရာ သို့မဟုတ် အရင်က မနားဖူးသေးလည်း သားကောင်နီးရာ ထောင်ထားသည့် ကောင်းကင်မြားနေရာ။

ငတော၏ မိန်စုပ်သံ သားကောင် အသံတုက မိခင် ခေါ်သံလိုလို အစာရှာ ခေါ်သံလိုလို၊ ထိတ်လန့်သံလိုလို၊ ကြေကွဲသံလိုလို၊ အစာကျွေး ခေါ်သံလိုလို၊ ဘယ်လိုပဲ အသံထွက်ထွက် ညဉ့်ငှက်အသိက အသံထွက်ရာ သားကောင်ရှိ အသိစွဲသည့် ဓလေ့စရိုက် ဉာဉ်အတိုင်း သူ့အသိသူ မစွန့်၊ အသံရှင်သည် မကြာမီ စားကွင်းဖမ်းကွင်း၌ ပေါ်လာမည်ဟု ထင် တ, စောင့်စောင့်။

သချိုင်းကုန်း တမာပင်ရိပ်အောက်၊ ဂူဟောင်းကြီးနှစ်လုံးကြား၌ ပုဆိုး စုတ်ခြုံပြီး ပုန်းလျှိုးကွယ်မှုတ်နေသော ငတောနှင့်ငလုံးက ထိုင်ရာမထ မိန်စုပ်ဆဲ။

မိန်ကောင်များ၊ ဇီးကွက်များက ရပ်နား စောင့်ချောင်းရန် အလာတွင် ကောင်းကင်မြား ထောင်ထားရာ တိုင်ထိပ်တက်နား၊ မြားက ညဉ့်ငှက်





ဖောက်ထွက်၊ မိန်စုပ်နား၊ သားကောင်ဖြုတ်၊ ပြန်ထောင်။ သချိုင်းကုန်း ပြီးက ထန်းတော၊ ထန်းတောပြီးက ကဇာချုံတန်းချုံပုတ်များသို့ ပြောင်း၍ ပြောင်း၍ ငတောနှင့်ငလုံး မိန်စုပ်ခဲ့ကြသည်။ မိန်စုပ်ရာ နေရာမှန်သမျှ ငတောတို့ ကောင်းကင်မြားတိုင်များရှိသည်၊ မိန်စုပ်နေသော အေးတွင် ငလုံးက ဘတ်ခွ၊ လောက်စာ၊ ဓားရှည်၊ ဓားလှံ့ အဆင်သင့် ထားရှိနေခဲ့၏ ။

မိုးနံ့ချုံ၊ နဘူးချုံ၊ ချင်းရဲချုံများ၏ အမှောင်ရိပ်အကွယ် တိုးဝင်၍ ငတောက ကျွိကျွိ ပိပိအသံ စတင်ပေးကာ မိန်စုပ်နေချိန်တွင် လေအောက်၌ ရှိနေသော ဇီးကွက်များ၊ မိန်ကောင်များ၊ လင်ကောင်ပိုးများသည် နားစွင့် သတိထားသည်။ သတိထားရာမှ ပီပီသသကြားလာသောအခါ သားကောင် ရှိရာ လေညာသို့ ဆန်တက်လာကာ သားကောင်ရှာရန် ဖမ်းကွင်း စောင့်ကွင်း ကြည့်သည်။ ကောင်းကင်မြားတိုင်များဆီသို့ ရှေ့ဆင့်နောက်ဆင့် ပြန်လာ၊ ဝင်နားရာမှ ခလုတ်ပြုတ် ဖောက်ထွက်ရာ ဂီးခနဲသာ အော်သံပေးနိုင်သည်။ ပြေးမလွတ်၊ တစ်ကောင်သာ မိသေး၍ ဆက်မိန်စုပ်စဉ် ငတောနှင့် ငလုံး ရှိရာဆီသို့ အကောင် တစ်ကောင်က မြေပေါ်မှ တောက်လျှောက် ပြေးဝင်လာသည်။ သတိရှိပြီးသော ငလုံးသည် နေ့ခင်းပမာ ကြည်စင် ဝင်းလဲ့နေသော လရောင်အောက်၌ ပြေးဝင်လာသော အကောင်ကို ဝါးတစ်ပြန်ခန့် အရောက်၌ ဘတ်ခွဖြင့် သေသေချာချာ ချိန်ရွယ်၍ တည့်တည့် ပစ်ခတ်လိုက်ရာ ဗိုး.... ဖောင်းခနဲ မြည်ကာ ပြေးဝင်လာသည့် အကောင် လွင့်စဉ် သွားသည်။ ငတောရော ငလုံးပါ မိန်စုပ်ရပ်ပြီး သားကောင်ကို ကြည့်သည်။ သားကောင်က မသေသေး၍ တစ်ချက် ထပ်ဆင့် ပစ်မှ ငြိမ်ကျသွားသည်။ သားကောင်ကို သားအဖ နှစ်ယောက် ကြည့်မိပြီး တအံ့တသြ။

"တို့က မိန်စုပ်ရာမှာ မြွေလာမယ် ထင်တာ၊ မြွေမလာဘဲ မြွေပါက အသေခံ လာတာကိုးကွ၊ မင်းတော့ ပွတယ်ပဲ၊ မြွေပါသည်းခြေ လိုချင်တဲ့ မြို့က တိုင်းရင်းမြန်မာ ဆေးတိုက်ကို အဖေ သွားရောင်းပေးမယ်၊ ငလုံး ဘုန်းကံ မြွေပါဖန်ပေါ့ကွာ ဟား....ဟား....ဟား"

လေးလေး မှတ်ပုံတင်ကတ်ပြား ရရှိရေးအတွက် တောက ဤကဲ့သို့ မိန်စုပ်၊ ကောင်းကင်မြားထောင်ကာ သွားစရိတ်၊ လာစရိတ်၊ ကုန်ကျစရိတ်တို့ ရှာပေးခဲ့၏။ လ.ဝ.က ရုံးသို့ ကိုယဥ်မောင်က လိုက်ပို့ခဲ့ရာ ချောမော လွယ်ကူစွာ ရိုက်ကူးပြီးစီး၍ ရရှိမည့် ရက်ချိန်းပေးလိုက်ကာ နှုတ်ဆက်ပြီး ပြန်ချိန်၌ လေးကိစ္စက ပြီးခဲ့၏။ ကိုယဥ်မောင် ကိစ္စက ကျန်သေးသည်။ ကိုသံချောင်းနှင့် တွေ့ရေး၊ သူ ဝင်ထွက်စဥ်က ငှားရမ်းနေသော အိမ်ကိုသာ သူသိခဲ့၏။ ယခု အိမ်နေရာ သူမသိ။ သူ့ကိုကြီးသံ ခေါ် ကိုသံချောင်းနှင့် တွေ့ဆုံရန် အိမ်နေရာမေးရာ ညွှန်ပြသူက အဆင့်ဆင့် ညွှန်ပြသည်။ အဲဒါ ရေနံအရာရှိ အငြိမ်းစား ဦးသံချောင်းတိုက်ဟု တည့်တည့် ပြသလာသော တိုက်တစ်လုံး ရှေ့၌ ကိုယဥ်မောင် ရပ်သည်။ စက်ဘီးထောက်ပြီး သူ့နာရီကို ကြည့်လိုက်တော့ သောကြာနေ့ ၂၈ ရက်၊ ၁၀ နာရီ ၁၅ မိနစ်။ တိုက်တံခါး ဖွင့်ထား၍ ကိုယဥ်မောင်က ရှေ့၊ လေးက နောက်မှလိုက်၍ တိုက်အတွင်း ဝင်သည်။

မတ်တတ်စားပွဲ၊ မတ်တတ်ကုလားထိုင်ဘေးတွင် အနွေးထည်ဂျာကင် တစ်ထည်ဝတ်၍ ပက်လက်ကုလားထိုင်ပေါ်၌ မှေးနေသော ကိုသံချောင်း။ ဖိနပ်သံကြောင့် ဖျတ်ခနဲ လှမ်းအကြည့်၌ ကိုယဥ်မောင်တို့ကို မြင်သွားသည်။

"ကိုကြီးသံ....ကျွန်တော် စာရေးဆရာ ချို့င့်ကြီးယဥ်မောင်ပါ"

ကိုသံချောင်းက မလှုပ်မယှက်။ ငေးငေးကြီး ကြည့်နေဆဲ။

"ကိုကြီးသံ ကျွန်တော် ယဥ်မောင်လေ၊ အမှတ်တရ လက်ဆောင် လှူကြုံပေးခဲ့တဲ့ တော လေး ရောက်ရဲ့လား၊ နေကောင်းရဲ့လား"

ငေးငေးကြီး ကြည့်နေသော ကိုသံချောင်းက သည်တော့မှ အသက် ဝင် သတိရသလို လှုပ်ရှားလာသည်။

"မင်း....မင်း.... ငါ မသေခင် လာသေးတယ်နော်၊ ငါ....ငါ.... ထင်တယ်၊ မင်း လာကို လာရမယ်၊ လာလိမ့်မယ်လို့ ငါ ထင်တယ်၊ ခု ငါ ထင်တဲ့အတိုင်း မင်းလာပြီ၊ ထိုင်၊ မင်းရော ကလေးရော ထိုင်"





ကိုသံချောင်းက ပက်လက် ကုလားထိုင်ပေါ်မှ အားယူထရန် ကြိုးစား သည်။ ကိုယဥ်မောင်တို့ ထိုင်နေရာသို့ မလာသေးဘဲ သူ့နောက်ကျောဘက် ရှိ အဝတ်ထည့် ဗီရိုဆီသွားရန် ဘေးတိုက်ပြု ထရပ်သည်။

"မင်းကို ငါ ပေးစရာရှိတယ်၊ ငါ မသေခင် စိတ်မကောင်းဖြစ်အောင် မငြင်းနဲ့၊ အရင်လို မာနမကြီးနဲ့၊ ငါ့ကို တစ်စိမ်းလို မဆက်ဆံနဲ့"

ကိုသံချောင်း ဗီရိုဆီအသွား၌ ကိုယဥ်မောင် လှမ်းကြည့်လိုက်သည်။ ဟင်....ကိုကြီးသံ ခြေတစ်ဖက်ဟာ ဆာတာ ဆာတာနဲ့ သွားနိုင်ရုံလေး ပါလား၊ ဘုရား ဘုရား ဘယ်လိုရောဂါဝေဒနာကများ ကိုကြီးသံ အင်အား တွေ နုတ်ယူသွားပါလိမ့်၊ ခြေတစ်ဖက် ဆာတာ ဆာတာဖြင့် ကိုကြီးသံ အထုပ် တစ်ထုပ်ယူက ပြန်လာပြီး၊ ကိုယဥ်မောင့်ဘေး ရပ်လိုက်သည်။ အထုပ်ကို ကိုယဥ်မောင်အား ဖွတ်ပေးသည်။ ကိုကြီးသံက....

"ငါ မင်းကိုပေးတဲ့ လက်ဆောင် အနွေးထည်ပဲ၊ ဒါကို လက်ခံ၊ လက်မခံရင် ငါသေတဲ့အထိ စိတ်ထိခိုက် သွားလိမ့်မယ်၊ မင်း မငြင်းနဲ့ ယဥ်မောင်"

"လက်မခံပါရစေနဲ့ ကိုကြီးသံရယ်၊ အထူးကု ဆေးခန်းတစ်ခေါက် တက်ရင် ငွေတွေ ဆုပ်ပက်သလို ကုန်တာ ကျွန်တော် သိကြား နေရပါတယ်၊ အထူးကုဆေးခန်းကို ခဏခဏ တက်နေရတဲ့ ကိုကြီးသံကို မုန့်တစ်လုံး၊ နို့ဆီတစ်ဘူး၊ ပန်းသီးတစ်ခြမ်းမှ ကျွန်တော်က လူမမာမေး လာမမေး၊ လာမပေးဘဲ ဒီဂျာကင်ကို လက်ခံယူရမှာ ကျွန်တော် လိပ်ပြာ မသန့်ဘူး"

ကိုသံချောင်းက ရီဝေဝေ ကြည့်သည်။

"ဂျာကင်အိတ် ဖွင့်ကွာ၊ အဲဒီထဲမှာပါတဲ့ စာအိတ် ဖောက်ဖတ်ကွာ၊ စာဖတ်ပြီးရင် မင်း ကြိုက်သလို ဆုံးဖြတ်၊ မင်းနဲ့ငါ တစ်စိမ်း မဟုတ်ဘူး နော် ယဥ်မောင်"

ကိုယဥ်မောင် သက်ပြင်းချသည်။ ကိုသံချောင်း၏ စိတ်အနှောင့် အယှက် မဖြစ်စေရန် ဂျာကင်အိတ်ကို ဖွင့်သည်။ အဖိုးတန် အနွေးထည်

ဂျာကင်အကောင်းစား ဆိုက်ကြီး အရွယ်ကြီး၊ ဂျာကင်ထဲ၌ စာအိတ်ရှည် တစ်အိတ်၊ စာအိတ်ကို သူ ဖောက်ပြီး ခပ်ဖြည်းဖြည်း ဖတ်ကြည့်သည်။

## အဖေ့မှာတမ်း

အဖေ၊ ယဉ်မောင်နှင့် ကြည်မြင့်တို့သည် အလွန် ချစ်ခင်သော အနှစ်နှာခံ သူငယ်ချင်း သုံးဦး ဖြစ်သည်။ အဖေက ရေနံအရာရှိ၊ ကြည်မြင့်က တိုင်းအရာရှိ ဖြစ်သောကြောင့် ဘဝ ချမ်းသာ မြင့်မားလာသည်။ စာရေးဆရာ ယဉ်မောင်သာ ယခု ဆင်းရဲနေသည်။ သားငယ်က ၂၀၀၇ ခုနှစ်၊ မြောင်နဘက် စာပေဟောပြောပွဲ၌ ယဉ်မောင့်ကို ရန်ကုန်က စာရေးဆရာသုံးဦးနှင့် တွေ့ခဲ့သည်။ သား ကလေးအရွယ် ကတည်းက ကုတ်အင်္ကျီ အဟောင်းကြီးဝတ်၊ ပုဆိုးနွမ်းကြီး၊ အင်္ကျီနွမ်းကြီးနှင့် အမွေးတုံးနေသော ဖိနပ်စီးကာ ညှိုးညှိုးငယ်ငယ် ဖြစ်နေသည်။ အဖေ့သူငယ်ချင်း အတော်လေးများ ဆင်းရဲနေသလား မသိဘူးဟု ပြောသည်။ သူ ဝတ်နေသော ကုတ်အင်္ကျီ အဟောင်းမှာ ၁၉၈၀ ခုနှစ်က အဖေနှင့် ကြည်မြင့်ခေါ်၍ ဈေးချိုမှာ သွားချုပ်ခဲ့သော ကုတ်အင်္ကျီဖြစ်ရာ ၂၀၀၇ ခုနှစ်ဆိုလျှင် အနှစ် ၂၇ နှစ်ရှိ၍ ဟောင်းလှပြီ။ အဖေ့အနေဖြင့် သူ့ကို ကုတ်အင်္ကျီ အဟောင်းနွမ်းကြီး ဝတ်နေရာမှ ခေတ်ပေါ် ဂျာကင် ဝတ်နိုင်ရန် တစ်ထည်ဝယ်ထားပြီးပေးရန် အကြိမ်ကြိမ် စာရေး၊ လူကြုံမှာသော်လည်း သူ မလာ၊ ထပ်၍တော့ မှာဦးမည်။ ထပ်မှာ၍ သူ မလာဘဲ အဖေ ဆုံးသွားပါက ယခု ဂျာကင်ကို သူ့ဆီ အရောက်ပို့ရမည်။ လက်မခံပဲ ငြင်းပယ်ခဲ့ပါက ဤစာကိုပြ၍ ယခုစကား ပြောရမည်။

ရန်အောင်စာပေ (၂) စီစဉ်သူ မနီနီအောင် ထုတ်ဝေသော ငတော ငလုံး ဝတ္ထုတိုများကို ဂုဏ်ပြုသည့်အနေဖြင့် ကန်တော့ခြင်း ဖြစ်သည်။ အနှစ် သုံးဆယ်ကျော် လေးဆယ်နီးပါးအထိ လုံ့လစိုက်ထုတ်၊ အဆင်းရဲ အငတ်ပြတ် ခံပြီး စာပေကို ဖက်တွယ်ခဲ့သည့် အနုပညာ မြတ်နိုးမှု စိတ်ဓာတ်ကို ကန်တော့ခြင်း ဖြစ်သည်။ အနုပညာရှင် တစ်ဦး၊ အဖေ့သူငယ်ချင်း





တစ်ဦး အနေဖြင့် လက်ခံပါဟု ပြောရမည်။

အဖေ့ နောက်ဆုံးမှာတမ်းကို အတိအကျ လိုက်နာ၍ ဤဂျာကင်ကို ချိုင့်ကြီးဦးယဉ်မောင်ထံ သားတို့ သမီးတို့ ကိုယ်တိုင်သွားပို့ပါ။

သံချောင်း

အမှာစာရေးသူ

စာကို စိတ်ဝင်တစား ဖတ်နေသော ကိုယဉ်မောင့်ကို ကိုသံချောင်းက မမြင်ဖူးသူကဲ့သို့ စူးစူးစိုက်စိုက် ကြည့်နေ၏။ လွန်ခဲ့သော အနှစ် သုံးဆယ် ကျော်က ယဉ်မောင်သည် ကိုသံချောင်းရင်၌ ပေါ်လာသည်။ စာပေကို ကျွန်တော် ချောင်းဦး အ.ထ.က ကျောင်းသားဘဝ၊ မန္တလေး နန်းရှေ့ စာကြည့်သင်း အတွင်းရေးမှူး ဘဝကတည်းက ကျွန်တော် အရူး အရူး မြတ်နိုးခဲ့မိတယ်၊ ကျွန်တော့်ဘဝမှာ အချစ်မြတ်နိုးဆုံးအရာတွေ ပြသပါဆိုရင် အဖေ၊ အမေနဲ့ စာပေပဲ။ ဘယ်ဘဝရောက်ရောက် ကျွန်တော် စာပေကို ဖက်တွယ်ထားမယ်ဟု ဆိုခဲ့သော လူငယ်ယဉ်မောင်။

မှန်လိုက်တဲ့ သစ္စာစကား။

လူငယ်ဘဝလည်း စာပေ။

လူရွယ်ဘဝလည်း စာပေ။

လူကြီးဖြစ်လာတော့လည်း စာပေ။

ဒါပေမယ့်....

၂၇ နှစ်သား ရှိနေတဲ့ ကုတ်အင်္ကျီဟောင်း၊ ဈေးပေါပေါရတဲ့ တိုက်ကွက် အင်္ကျီဟောင်း၊ အဖိုးချို ဈေးပေါ ပုဆိုးဟောင်းတို့က စာပေမြတ်နိုးသူ၏ ပစ္စက္ခဘဝ ရုပ်ပုံလွှာကို ဖော်ပြနေပါ၏။

ယဉ်မောင် တော်သည်။ တတ်သည်။ အရည်အချင်း မြင့်မားသည်။ တိုင်းနယ်ပြည်နယ် ၁၄ ခုက ဖြေဆိုသော အရာရှိလောင်း ရေးဖြေ၊ နှုတ်ဖြေ၊

စိတ်ဖြေမှာ အောင်မြင်၍ စီမံ(၁) ထွေ/အုပ် မြို့ပိုင်ခန့်ထား ခံခဲ့ရသည်။ လုပ်ဖြစ် မလုပ်ဖြစ်က သူ့ အခြေအနေ၊ သူ့ အကြောင်းအရာ၊ သူ့ ခံယူချက်။

စာပေဆု ၇ ဆု ရရှိပြီးကြောင်း သူ့စာအုပ်ပါ အမှာစာအရ ကိုသံချောင်း သိသည်။ သည်လိုလူ တစ်ယောက် သူ့ဆီ လာရာတွင် ကြက်သယ်၊ ဝက်ဝယ်၊ ဆိတ်ဝယ်တောင် ထည်လဲ စီးနေကြသည့် ဆိုင်ကယ်ကို ပင်လျှင် စီးမလာနိုင်။ ဖ တိုင် (၁၃)မိုင် ခရီးကို စက်ဘီးအိုဖြင့် ပင်ပန်းကြီးစွာ ဆင်းဆင်းရဲရဲ စီးလာခဲ့ရသည်။ လူနွမ်း၊ အဝတ်အစားနွမ်း၊ စက်ဘီးအိုအို။

ငွေကို မမက်၊ စာပေမက်ကတော့ ဘဝမပျက်သော်လည်း ဘဝခက်နေသည့် သူ့သူငယ်ချင်း ကိုယဉ်မောင်ကို ကြည့်ရင်း ကြည့်ရင်း ကိုသံချောင်း မျက်ရည်မဆည်နိုင်။

စာဖတ်ပြီး၍ သက်ပြင်းချကာ ကိုသံချောင်းကို ကိုယဉ်မောင် အကြည့်တွင် မျက်ရည်ဆည်မနိုင်ဖြစ်နေသော ကိုသံချောင်းအား ရုတ်တရက် မြင်တွေ့လိုက်ရ၏။

ဓာတ်ိ၊ ဇရာ၊ ဗျာဓိ၊ မရဏတရား၏ ဝါးမျိုမှု ဒဏ်ကို ကြံ့ကြံ့ခံနေသော ကိုသံချောင်း၏ ရုပ်ပုံလွှာသည် နဖူးကြီးက ပြောင်၊ မျက်တွင်းကြီးက ကျ၊ ပါးရိုးနားရိုးပေါ်၊ ခြေတစ်ဖက် အားမရ၍ ရပ်နေရာတွင် ပခုံး တစ်ဖက်က နိမ့်၊ မျက်နှာ၌ အရေးအကြောင်း ထင်ကာ ဇရာ ဥပမိရုပ်၊ ဗျာဓိ ဥပမိရုပ် ဆင်နေပြီ။ ဇရာ၊ ဗျာဒိကြားမှ ငယ်သူငယ်ချင်းကို ချစ်သော ငတောလုံး ဝတ္ထုတို တို့ကို ကြိုက်နှစ်သက်သော ကိုသံချောင်းသည် နောက်တစ်နှစ်၊ နောက်နှစ်နှစ်၊ နောက် သုံး လေး ငါး ခြောက် ခုနစ် ရှစ် ကိုး တစ်ဆယ် အထိ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ နေမှ နေရပါတော့မလား။

ဆန့်သောလက် မကွေးမီ၊ ကွေးသောလက် မဆန့်မီ မျက်စိ တစ်ခတ်၊ လျှပ်တစ်ပြက်၊ ဘုရား....ဘုရား....ဘုရား၊ ကိုကြီးသံ အသက်ရာကျော်ရှည်ပါစေ.... နောက်နောင် အခါပေါင်းများစွာ အခေါက်ပေါင်းများစွာ တွေ့ရပါစေ။





ကျွန်တော် စာမူခရတဲ့အခါ မုန့်တစ်ယှက်၊ ယိုတစ်ဘူး၊ နို့တစ်ပုလင်း၊ ငှက်ပျောတစ်ဖီး၊ သစ်သီးတစ်လုံး၊ ပုဆိုးတစ်ထည်၊ တဘက် တစ်ထည်၊ အင်္ကျီတစ်ထည် ဘာပဲဖြစ်ဖြစ် လာကန်တော့ချိန်မှာ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ တွေ့နိုင်သော ဘဝ၌ ရှိပါစေ။ ခုလို ကျန်းမာရေး မကောင်း ပုံမျိုးနှင့် ဆိုလျှင်တော့....။ ဖွဟဲ့....လွဲပါစေ ဖယ်ပါစေ။

မည်သို့မှ သတိမထားလိုက်နိုင်။ ကိုယဉ်မောင့် မျက်ဝန်းမှ မျက်ရည်တို့ တလိမ့်လိမ့် ကျဆင်းလာသည်။ ပါးပြင်၊ နှုတ်ခမ်းမှ အောက်သို့ ကျသည့်တိုင် မျက်ရည်တို့ ရပ်မသွားဘဲ အဆက်မပြတ် ကျဆင်းနေ၏။

လျှပ်တစ်ပြက်မြင်ကွင်း၌ လူကြီးနှစ်ဦး မျက်ရည်ဖြိုင်ဖြိုင် ကျနေသည်ကို ဘေးမှ ငေးမောကြည့်နေသူက ငလုံး။

(၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက် သောကြာနေ့က အန္တေးထည် ဂျာကင်ကို အမှတ်တရ ပေးခဲ့သော ကိုကြီးသံ ခေါ် ဦးသံချောင်း ရေနံအရာရှိ(ငြိမ်း)၊ မြောင်မြို့သို့ ရည်ညွှန်းရေးဖွဲ့ပါသည်။ ကိုကြီးသံ ကျန်းမာချမ်းသာ၍ အသက်ရာကျော်ရှည်ပါစေ၊ ငန်းမြာဘုရားပွဲသို့ ဘုရားဖူးလိုက်နိုင်ပါစေဟု မေတ္တာပို့သ ဆုမွန်ကောင်း တောင်းအပ်ပါသည်။)

၃-၁၂-၀၈

❖





## ဥပုသ်သည်

(၁)

မိုးနံ့ ရေနံ့ မြေသင်းနံ့တို့နှင့် လှပသော အညာကျေးလက် ချိုင့်ကြီးရွာ။

သကြိန်အကြို လှျပ်တစ်ပြေးရွာသော မိုးလေးကြောင့် ဖုံးနုပုရစ်မြ စင်ဖြစ်နေသော ရွက်သစ်တို့ မြရေးမြရောင် တောက်တောက်ပပ။

တပို့တွဲ၊ တပေါင်းလ လောက်က ပတ္တမြားသွေး၊ ပတ္တမြားရောင် တောက်နေသော ပေါက်ပွင့်၊ လက်ပံပွင့်တို့၏ ဆောင်းနှောင်း ပန်းချီက အညာသဘာဝ ပန်းချီ။

ရာသီနွေဦး မင်းလွင်မြူးသော အခါ နွေဦးအလှ ဆန်းသစ်လာသည်။ ဝန်းကျင်တစ်ခိုဌ် မြူဝေ့ နှင်းရော မင်းလွင် ထသော အညာအလှသည် မြတ်နိုးဖွယ်အလှ။ အညာလေကိုက ဆောင်းကြွင်းရနံ့နှင့် ဆန်းသစ်လာတော့ မည့် နွေဦးရနံ့တို့ ရောထွေးလာသည်။

မိုးစကား၊ ရာသီစကား၊ အတာစကားကို နားလည်သည်လား။

နွေကြို ဥဩ၏ ဂီတကို မြတ်နိုး၍လား ခွဲခြား မသိနိုင်သည့်တိုင်

ဆောင်းကြွင်းလေမှာ နွေဦးရနံ့ ပါလာလျှင်၊ လျှပ်တစ်ပြက် မိုးပြေးလေးက နှုတ်ဆက်လာလျှင် နွေကြိုဉသြ၏ ဉသြ.... ဉသြ.... ဉသြဟု မြိုင်သံနှော၍ ချိုသာသောအသံ ပေးလာလျှင် ဧည့်သည်ပန်းတို့ ပွင့်လန်း ဖူးပွင့်လာ၏။

ပတ္တမြားရေး၊ ပတ္တမြားရောင်တောက်၊ ပတ္တမြားပန်းချီကား နေရာတွင် ငုဝါပန်းကုံးတို့က တစ်ခိုင်လုံးရွှေ၊ တစ်ပင်လုံးရွှေ၊ ရွှေရည်ရွှန်းအိ၊ ရွှေရောင် ခြယ်မှုန်းသည့် ပန်းချီကားချပ်ကြီးပမာ ရောက်လာသည်။

ငုဝါပန်းကုံး တစ်ခိုင်လုံးရွှေ စိုပြည်လန်းဆန်းစွာ ထွက်ပေါ်လာချိန်၌ ရာသီပန်း ပန်းပိတောက်က လမ်းတစ်လျှောက် မြိုင့်တမြိုင်။ ရွာတစ်ရိုး မွှေးမျိုးစုံလင် ကြိုင့်တကြိုင်။ နေရာအနှံ့ ပိတောက်ရနံ့ လှိုင့်တလှိုင်။

ပိတောက်ဦးကို အမြတ်တနိုး ရှုနေကြချိန်တွင် အိုးစည်သံ၊ ဒိုးပတ်သံ၊ လင်းကွင်းသံ၊ စခွ့သံ၊ နှဲသံ၊ မောင်းသံ၊ ဗုံသံတို့က အညာရွာ တစ်ရိုးကို နှိုးထစေပါ၏။

ပိတောက်မွှေးရနံ့ သင်းပျံ့သော အတာသင်္ကြန်။

ငုဝါရွှေကုံး ဝန်းကျင်ဖုံးသော အတာသင်္ကြန်။

အိုးစည်သံ၊ ဒိုးပတ်သံ၊ လင်းကွင်းသံ၊ နှဲသံ ဖုံးလွှမ်း၍ မြေလျှောက် သင်္ကြန်မင်းသားတို့ ဆိုကြ ကကြ ပါဝင်ကြသော အတာသင်္ကြန်။

ပိတောက်ကို မြတ်နိုးလေသလား၊ တစ်ယောက်ကို မြတ်နိုးလေ သလား။ ပိတောက်ကို ရင်ခုန်သလား၊ တစ်ယောက်ကို ရင်ခုန်သလား။ ရင်ခုန်သံကြားမှ ရေကစား၍ ရေကစားရင်း ရင်ခုန်နေကြသော ဆံတောက် မေပျို့နှမတို့ တမ်းတသော အတာသင်္ကြန်။

မာစေ၊ သာစေ၊ အတာရေ သွန်းဖျန်းသော အတာသင်္ကြန်။ ကကြ ခုန်ကြ သီဆိုကြ၊ ပျော်ရွှင်ကြ ရင်ခုန်ကြသော အတာသင်္ကြန်။

ပိတောက်အလှ၊ ငုအလှ၊ ဒိုးပတ် အိုးစည်အလှ၊ မြေလျှောက်မင်းသား အလှ၊ အညာအလှ၊ ရွာအလှ၊ မြန်မာအလှတို့ ထုံမွှန်းသော သင်္ကြန်။





သင်္ကြန်ဆိုလျှင် နှုတ်ပျိုပြီး နှစ်သစ်ကို ကြိုဆိုဖို့ အားခဲနေသော အညာ ကျေးလက်ရွာကို ပြသပါဆိုလျှင် မြန်မာ ကျေးလက်ရွာတစ်ရွာတွင် အပါ အဝင်ဖြစ်သော ငတော ငလုံးတို့၏ ချိုင့်ကြီးရွာကို ပြသရမည်။

ချိုင့်ကြီးရွာက သင်္ကြန်ကို ကြိုသည်။

ပိတောက်၊ ငုဝါ၊ ဉသြ၊ နွေကြိုလေနှင့် သင်္ကြန်ရောက်လာပြီး အိုးစည် သံ၊ ဒိုးပတ်သံ၊ သီချင်းသံ၊ ရေပက်သံ တဝါးဝါး တဟားဟား ရယ်သံတို့က သင်္ကြန်ကို မြူးကြွ သွက်လက်စေပါ၏။

လူငယ်၊ လူရွယ်၊ ကျေးတောသူ၊ ကျေးတောသားတွေပါ ရွာရိုး လျှောက် ဒိုးခေါက်၊ ရွာပတ် အိုးစည်တီး၊ မြေလျှောက်,က ပျော်ကြရွှင်ကြ တာ ဘိုးစဉ်ဘောင်ဆက် အညာဓလေ့၊ ရွာဓလေ့ပါ။ ရိုးရာပွဲပါ။

လူရွယ်၊ လူကြီးတွေကျတော့ကော။

သင်္ကြန်မှာ ပျော်ချင်ပျော်ပါ၊ ရာသီပန်းဖြစ်၍ မွှေးရနံ့ ထုံလွှမ်း ပန်း ပိတောက်ကို ချစ်မြတ်နိုး၍ တန်ဖိုးထား ပန်လိုပန်၊ မြေလျှောက်မင်းသား အက၊ အဆို၊ အလှ ကြည့်ရှုခံစား၍ ငယ်ဘဝကို ပြန်တမ်းတချင် တမ်းတပါ။ တမ်းတခွင့်၊ လွှမ်းဆွတ်ခွင့်၊ သတိရခွင့်တော့ ရှိပါ၏။ မဖြစ်မနေ လုပ်ရမည့် အလုပ်ကိုတော့ ရှောင်ကွင်းခွင့် မရှိပါ။ မိရိုးဖလာ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာ အရ မဖြစ်မနေ လုပ်ရမည့် အလုပ်ကို လုပ်ကိုလုပ်ရပါမည်။

ချိုင့်ကြီး တောသူတောသားမှန်သမျှ သင်္ကြန်အခါ၊ ဝါဝင်အခါ၊ ဝါကျွတ်အခါ သည်အခါကြီးရက်ကြီးမှာတော့ ဘုန်းကြီးကျောင်းသို့ သွားကို သွားရသည်။ ဥပုသ်သီတင်း စောင့်ကို စောင့်ရသည်။

အခါ သုံးခါ၊ ရက်ကြီး သုံးကြိမ်မှာ ဘုရားကျောင်းကန် သွားရန် မည်သူမှ အမိန့်ထုတ်မထား၊ ဆင့်စာပို့ ဆင့်ဆိုမထား။

ရပ်ဓလေ့ ရွာဓလေ့အရ ထုံးတမ်းစဉ်လာပွဲအဖြစ် ဆင်းရဲချမ်းသာ မရွေး၊ အယုတ်အလတ် အမြတ်မရွေး သတ်မှတ်ကာ၊ ပင်ကိုအသိဖြင့် စောင့်ထိန်း လိုက်နာကြသည်။ အခါ သုံးခါ၊ ရက်ကြီး သုံးကြိမ်၌ အကြောင်း

ကြောင်းကြောင့် ပျက်ကွက်ပါက ပွဲချေး အစား တိုးတက်သည်။ သကြိန် ပျက်သူက ဝါဝင်မှာ သုံးဥပုသ်ပြည့်အောင် လပြည့်၊ လပြည့်ကျော် တစ်ရက်၊ နှစ်ရက်၊ ဝါဝင် ပျက်ကွက်က ဝါတွင်း ဥပုသ်နေ့မှ စောင့်နိုင်သော ဥပုသ်၊ ဝါကျွတ် ပျက်ကလည်း သကြိန် သုံးရက်နှင့် နှစ်ဆန်းတစ်ရက် စသည် စသည်ဖြင့် ပွဲချေး (မိမိအနည်းဆုံး စောင့်သင့်သော အခါ သုံးခါ ဥပုသ် မစောင့်ဖြစ်သည့် ပျက်ကွက် ဥပုသ်ချေး) စောင့်ထိန်းတတ်ကြသည်။

ချိုင့်ကြီးရွာမှာ ဘုန်းကြီးကျောင်း ရှစ်ကျောင်းရှိရာ၊ ကိုယ်နှင့် သဟဇာတ ပိုဖြစ်သော ကျောင်း၊ မိဘရိုးရာ သွားလာခဲ့သော ကျောင်းကို ဥပုသ်ကျောင်း သတ်မှတ်၊ အခြား ကျန် ၇ ကျောင်းကို တတ်နိုင်သမျှ ကန်တော့ပွဲ သွားကန်တော့ကာ ဥပုသ်စောင့်ကြသည်။ အခါဥပုသ်သည် ဆင်းရဲ ချမ်းသာမရွေး၊ လူတန်းစားမရွေး အယုတ်အလတ် အမြတ်မရွေး စောင့်ကြသော ဥပုသ်ကာလ ဖြစ်သည်။

ငတောက ကန်တော့ပွဲ၊ မိဂျမ်းက ဆွမ်းပွဲ ရွက်ကာ ရွာဦးကျောင်းသို့ ဥပုသ်စောင့်ထိန်းရန် လင်စုံမယားဖက် ထွက်ခဲ့ကြသည်။

ကျပန်းအလုပ်လုပ်၊ အကောင်ပလောင် မျိုးစုံကို ဖမ်းဆီးခဲ့သော ငတော လက်၌ တစ်ရှုရှစ်လုံး ပုတီးကုံးက ဥပုသ်စောင့်မည့် ဥပုသ်သည် သင်္ကေတ။

လင်ပူ၊ သားသမီးအပူ၊ စားဝတ်နေရေးအပူ၊ ကြွေးပူ ဗလဗွဖြင့် လူ့ အထက်မီး အောက်မီး ဖြစ်နေခဲ့သော မိဂျမ်းနှင့် ဥပုသ်စောင့် သွားသည့် မိဂျမ်းတို့ မျက်နှာရေ အဝတ်အစားပါ ကွာကွာ ခြားခြား။ သူ့ လက်ကောက် ဝတ်မှာလည်း တစ်ရှုရှစ်လုံး ပုတီးကုံးက ဥပုသ်စောင့်မည့် ဥပုသ်သည် သင်္ကေတ ဖော်ပြနေပါ၏။

ကျေးတောသူ ကျေးတောသား မှန်သမျှ မိရိုးဖလာ ဗုဒ္ဓဘာသာ။ ငါးပါး၊ ရှစ်ပါး၊ ကိုးပါး သီလတန်ဖိုး၊ ဒါ အကုသိုလ်၊ ဒါ ကုသိုလ်သိခဲ့ကြ ပါ၏။ သိနေကြပါ၏။ ကံ၊ ကံ၏အကျိုးက ဘဝဝမ်းရေးအတွက် ဖန်တီး





ပေးသောအခါ ငါ့ဝမ်းပူဆာ မနေသာ လုပ်ခဲ့ကြရ၏။ ကုသိုလ်ကို မြတ်နိုးမှု၊ တန်ဖိုးထားမှုကား ယုတ်လျော့သွားသော သူများ မဟုတ်ကြ။ ခါးမှန်း သိလျက်နှင့် ဘဝဝမ်းမီး တောက်လောင်မှုရောဂါကို ပြေပျောက်စေရန် ကြိတ်မှိတ်ဝါးခဲ့ရသူများ။

ပြုခွင့်သာလျှင် ကုသိုလ်မှုကို ပြုရန် ဝန်မလေးသူများ၊ လှူခွင့်သာလျှင် လှူချင်သောသူများ၊ မိဘရိုးရာ ဗုဒ္ဓဘာသာများ။

ငတောလည်း ဗုဒ္ဓဘာသာ၊ ကျေးတောသား။

မိဂျမ်းလည်း ဗုဒ္ဓဘာသာ၊ ကျေးတောသူ။

ချိုင့်ကြီး တစ်ရွာလုံးလည်း မိဘရိုးရာ ဗုဒ္ဓဘာသာ။

ဘာသာ သာသနာ ယုံကြည်မှုကြောင့် အခါဥပုသ် စောင့်ရန်လာကြ သော ဥပုသ်သည် များမှများ။

လမ်းအနှံ့၊ နေရာအနှံ့ ရေကစားကြသူ များမှများ။

ကန်တော့ပွဲနှင့် ပုတီး အရှိန်အဝါကြောင့် ဥပုသ်သည်ကို ရေမပက် ကြ။ ရေမပက်ကြသော်လည်း အတာရေစာတ်က ပိတောက်ရနံ့၊ ငုဝါအလှ၊ ဥဩငှက် တေးချိုမြမြ၊ မိုးနံ့ရေနံ့ မြေနံ့သကြိန်နံ့နှင့်အတူ ကူးစက်သည်။ အိုးစည်သံ၊ ဒိုးပတ်သံ၊ နှဲသံက ဥပုသ်သည် နှလုံးသားအထိ ဝင်ရောက် စိုးမိုး၏။

ရွာဦးကျောင်း အသွားလမ်းဘေး၌ရှိသော ပိတောက်ပင်ကြီးကို ကာလသား သုံးဦးက ချိုးသူကချိုး၊ အောက်ချပေးသော ပိတောက်ပန်းကို ဖမ်းသူကဖမ်း၊ ပျော်ပျော်ရွှင်ရွှင်။ သူတို့ဘေးမှာ ခေါင်းလုံး ဝါလွှဲနေအောင် ပန်ထားသူက ပန်ထား။ ပိတောက်ခက်ကို ရင်မှာပိုက်ထားသူက ပိုက်ထား။ လှအားကြွယ်နေသော ပိတောက်ချစ်သူ အမျိုးသမီးငယ် လှလှလေးများ။ ပိတောက်အရောင် ဟပ်၍လား၊ သကြိန်အရောင် ဟပ်၍လား မသိ။ ဝါဝင်း နုပျို စိုရွှမ်းနေပါလေ၏။

ငတောရော မိဂျမ်းပါ သူတို့ဘေး အရောက်တွင် ခပ်သွက်သွက်

ကောင်မလေးက မိဂျမ်းကို ပိတောက် သုံးခက်ပေးသည်။ ဒွေးလေးဂျမ်း ဘုရားတင်တင်၊ လေးခင်မ ပန်ပန် သမီးတို့ လက်ဆောင်ပေးတာဟု တရိုတသေ ပြောသည်။ မိဂျမ်းက သာဓု၊ သာဓု၊ သာဓု သမီးလေး ကျန်းမာပါစေ ချမ်းသာပါစေဟု ဆုပေးနေချိန်တွင် ငတောက ပိတောက်ပင် တက်နေသူကို မော့ကြည့်နေမိ၏။

ခေတ်တွေ၊ စနစ်တွေ၊ အချိန်တွေ၊ အရွယ်တွေ ဘယ်လို ပြောင်းပြောင်း၊ ပိတောက်ပွင့်လေလျှင် ပိတောက်ရူး၍ ရည်စူးသူသို့ ပေးခဲ့ကြ၏။ ပေးနေကြ၏။ သင်္ကြန်အလှ၊ ပိတောက်အလှ၊ ရွာအလှ၊ ရပ်အလှ၊ အညာအလှတွင် ပိတောက်သည် လွှမ်းမိုးနေ၏။

မိဂျမ်းတို့ အပျိုရွယ်က ဆံတောက်ခေတ်၊ အုပ်လုံးသိမ်းမှ အပျိုဖြစ်သည်ဟု နားလည် လက်ခံသော ခေတ်။ မိဂျမ်း အုပ်လုံးသိမ်းစ ပျိုရွယ်သစ်စက လှလှပပ နုနုပျိုပျို။ ခုခေတ် ကောင်မလေးတွေလိုပဲ မိဂျမ်းလည်း ပိတောက်ချစ်ခဲ့သူ။

ငတောတို့အဖွဲ့က မြေလျှောက်မင်းသား ဖျား၍ သင်္ကြန်အတက်နေ့၌ မကနိုင်။ ငတော မင်းသားက မကတတ်။

ငတော မင်း မျောက်လုပ်ကဟာ၊ သူများနဲ့လည်း မတူတော့ လူပိုကြည့်တာပေါ့၊ အိုးမည်းသုတ်၊ ပါးစပ်ကို ထုံးဖြူကွင်း မျောက်ဖြစ်တာပဲ၊ ကကွာဟု သူငယ်ချင်းတွေက ခိုင်းရာ နှစ်ခါ မခိုင်းရ၊ အိုးစည်ဝိုင်းမှာ မျောက်လုပ်ကသူက ကာလသားလေး မောင်တောပါ။

"မျောက်ကြီး ရှောက်သီးစားမလား × × ×

မျောက်ညို ရှောက်ချိုစားမလား × × ×

မစားချင်ပေါင်× × × ချဉ်ပြုံး ချဉ်ပြုံး× × ×"

"မျောက်သိုး× × × မျောက်သိုး× × × မယ်သီတာ ရအောင်ခိုး× × မင်းရာမ မျောက်သိုး× × × ×"

မျောက်သိုးလုပ် ကလာသော ငတောခမျာ ရွှေရင်သိမ်းသစ် လှရေး





သစ်စ မိဂျမ်းတို့အဖွဲ့နှင့် ယခု ပိတောက်ပင်မှာ ဆုံမိဖို့ ဖန်လာသည်။ ငတောတို့အဖွဲ့ ပိတောက်ပန်းရှေ့မှ ချီးနေစဉ် မိဂျမ်းတို့အဖွဲ့ အဝေးမှလာသည်ကို ပိတောက်ပင်ပေါ်ရှိလူက မြင်သည်။

"ငတော....မိဂျမ်းတို့ အဖွဲ့လာပြီ၊ မင်းက ငါပြောတာကို အမိပွာယ် ပါပါလုပ်၊ အောင်သွယ်နဲ့ အခွန်း တစ်ထောင် ပြောတာထက် မင်း အမိပွာယ် ပါပါလုပ်တာ ထိရောက်မယ်"

အိုးစည်ဝိုင်းက ညာသံပေး တီးသည်။ ပိတောက်ပန်းခူးသူကလည်း ခူးမြဲခူးနေသည်။ မျောက်ကြီးငတောကလည်း ကုတ်လိုက်၊ ဖဲ့လိုက်၊ ခုန်လိုက်၊ ပေါက်လိုက်၊ ကျွမ်းပစ်လိုက်၊ ကင်းမြီးကောက်ထောင်လိုက်နှင့် ကြိုးကြိုးစားစား ကနေသည်။ မျောက်ငတောကိုကြည့်ကာ မိဂျမ်းက တခစ်ခစ် ရယ်နေသည်။ ပိတောက်ပန်း တောင်းသောအခါ မိဂျမ်းတို့ အဖွဲ့သို့ တိုက်ရိုက်မပေး၊ မျောက်ငတောကို ပေးကာ ဘေးမှ ပင့်ပေးသည်။

"မင်းရာမရဲ့ မျောက်သိုးကြီး၊ ကိုယ် အပေးချင်ဆုံး မိန်းကလေးကို ဒီပိတောက်ပန်းတွေ ပေးပါ၊ သူတို့ ခွဲယူလိမ့်မယ်"

အိုးစည်ဝိုင်းက မျောက်ဆိုင်း တီးသည်။ မျောက်ကြီး ငတောက ခုန်ပေါက်ကကာ သုံးဦးထဲမှ မိဂျမ်းကိုရွေးကာ ပိတောက်ပန်းခိုင်ကြီး ပေးရာ မိဂျမ်း ရှက်လည်းရှက်၊ တစ်ကိုယ်လုံးလည်း တုန်နေကာ စကား မမှန်။

ပိတောက်ရွှေကုံး တစ်ခိုင်လုံးကို သိမ်းကျုံး၍တော့ မိဂျမ်းယူ၏။ မိဂျမ်းက အရှက်သည်းစွာ မျက်နှာကြီးနီ၍ ပြောသည်။

"မျောက်က ပေးလို့ယူတာ၊ လူကပေးရင် ကျုပ် မယူဘူး"

မိဂျမ်းစကားက တစ်ရက်ပေါ် နှစ်ရက် ဖြစ်စေသည်။

မျောက်ငတောက မိဂျမ်းထိုသို့ ပြောလိုက်သောအခါ သူ့ရင်ကို သူ ထုဟန်ပြု၊ မျက်ရည်သုတ်ဟန် ဆင့်ကာ ဘုန်းခနဲ လဲကျသွားသည်။

"မျောက်ကြီး စိတ်ထိခိုက်ပြီး လဲကျသွားပြီ၊ သူ့စေတနာကို ရက်စက်လို့ ရင်ကွဲနာကျ လဲသွားပြီ၊ လုပ်ကြပါဦး၊ လုပ်ကြပါဦး"

ငတော သူငယ်ချင်းတို့က အပို့ကောင်း၊ အထောင်ကောင်း။

"မျောက် အပလီကြီး၊ သိပ် မုန်းတယ်"

*

ပိတောက်တစ်ခက် ဆတ်ခနဲ ချိုး၍ မျောက်ငတောကို ပစ်ပေါက်ရင်း ခြေဆောင့် ထွက်သွားသော မိဂျမ်း၊ မုန်းတယ်ဆိုသူ၏ မျက်ဝန်းမဟူရာ၌ ပွင့်ဖူးသော အချစ်ပန်းဦးကို နားလည်လိုက်သော မျောက်ငတော။

"အဟီးဟီး.... ပိတောက်ပင်ကြီးဟာ...."

"မသာကြီး.... မျောက်နဲ့ပိတောက် သတိရနေတာ ထင်တယ်"

ကန်တော့ပွဲ ရွက်လာသူငတော နှလုံးသားကို ဆွမ်းပွဲ ရွက်လာသူ မိဂျမ်းက အလိုအလျောက် နားလည်သည်။ မမေ့ကြ။ သည်းညှာနု မခိုင့်တခိုင်က ပိုင်လိုသူ ပန်းတစ်ပွင့်ကို ပိုင်ခွင့် ရရှိရေးအတွက် အခြေအနေ ပေးသမျှ အရအမိ ကြိုးစားခဲ့သော နှလုံးသားပုံရိပ်အား နှစ်ယောက်သား မမေ့။

ဘုန်းကြီးကျောင်းသို့ ရောက်သောအခါ ဆွမ်းပွဲ၊ ကန်တော့ပွဲကို ဆရာတော်အား ဆက်ကပ်ပြီး၊ ကန်တော့ပွဲ လှယ်ပြီးချိန်၌ မိဂျမ်းက မိန်းမ ဥပုသ်သည်နေရာ ငတောက ယောကျ်ားဥပုသ်သည်နေရာ သွားသည်။

ချိုင့်ကြီးရွာ၌ ဥပုသ်ဇရပ် ရှိသော်လည်း ဥပုသ်စရပ်၌ သီလမပေး၊ အကန်တော့မခံ၊ ကျောင်းတိုင်း ကျောင်းတိုင်း ကျောင်းအောက်၌သာ သီလ ပေး အကန်တော့ခံသည်။ မိန်းမများက ကျောင်းအောက်၊ ယောကျ်ားများက အရန်ဆွမ်းစားကျောင်းအောက် နေရာယူပြီး သီလပေးချိန်ရောက်မှ ရှေ့ပိုင်းက ကျား၊ နောက်ပိုင်းက မ ခွဲခြား နေရာထိုင်ကာ စုံညီပြန်စုသည်။

ဥပုသ်ဇရပ်မှာလည်း နှစ်ဆောင် ရှိသည်။ ကျောင်းနှင့်နီးသော အနောက်ဘက်ဥပုသ်ဇရပ်က မိန်းမသားများ နားနေရာ ဥပုသ်ဇရပ်။ ကျောင်းထိပ်ရေကန် အရှေ့ဖျား၌ရှိသော ဘုရားဝင်း အတွင်းရှိ ဥပုသ်ဇရပ်က





ယောကျ်ားသားများ နားနေရာ ဥပုသ်ဇရပ်၊ ဥပုသ်သည် များလွန်းက စေတီတော်၏ ရှေ့၌ရှိသော ပလ္လင်ခင်းထားသည့် ဘုရား အာရုံခံသည်လည်း နောက်ကျဥပုသ်သည် နားနေရန်နေရာ။ ဥပုသ်ဇရပ်က သုံးဖက်ကာ လှျာထိုး ပြင်ခင်းဇရပ်၊ အာရုံခံက အပေါ်မှ သွပ်မိုးထားရုံသာရှိပြီး မည်သည့် အကာ အရံမှ မပါ။

တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ ငတောတို့ ရွာထုံးစံ၌ ဥပုသ်ဇရပ်တွင် ထမင်း စုစားလေ့မရှိ။ သီလယူ၊ ကိုယ့်အိမ် ကိုယ်ပြန် ထမင်းစား၊ လက်ဖက်ရည်သောက်၊ ပြီးမှ ဥပုသ်ဇရပ် ပြန်လာ၊ တရားဆွေးနွေး၊ တရားစာဖတ်၊ ပုတီးစိပ်၊ အိပ်ချင်အိပ်၊ နားချင်နား၊ တစ်နေ့တာ အေးအေးချမ်းချမ်းနေ။

ဥပုသ်ဇရပ်၌ ဆွေစဉ်မျိုးဆက် ဒါယကာ ဒါယိကာမ ရှိသည်။ ဖျာ တာဝန်ယူသူ၊ ဆေးလိပ်၊ ကွမ်း တာဝန်ယူသူ၊ ရေ တာဝန်ယူသူတို့က လူမျိုးဆက် မည်မျှ ပြောင်းပြောင်း ရှောင်ဖယ်မနေကြ။ ဆွေစဉ်မျိုးဆက်ပင် ဆေး၊ ကွမ်း၊ ရေများ တာဝန်ယူသည်။ သီးခြား ကုသိုလ်ပြုလိုသူက ဥပုသ်ဇရပ်သို့ လာ၍ အဖျော်ယမကာ လာရောက် လှူဒါန်းလေ့ရှိသည်။

ယခုအချိန်က သီလ မပေးသေးသော အချိန်။ နံနက်ခင်း အချိန်။

ငတော ဥပုသ်သည် အစုသို့ ဝင်ရောက်သွားသောအခါ မုန့်ဟင်း ခါးစတုဒီသာရှင်က ကျောင်းအနောက်ဖက် ပြင်ဆင်ထားရာ စားပွဲများ ဆီ လာခေါ်၍လိုက်ပါ စားရသည်။ သူစားသောက်ပြန်လာချိန်၌ ဥပုသ်သည် စုံလင်လှပြီ။

ဝက် ထုသတ်ဝက်သတ်သူကလည်း လက်မှာ ပုတီးကလေးနှင့်။ ငါးဖမ်းသူကလည်း လက်မှာ ပုတီးလေးနှင့်။ တောလိုက်တောချောက်သူများ လက်မှာလည်း ပုတီးလေးနှင့်။ အရက်ဆီမျက်နှာဝေ့နေသောသူကလည်း....၊ ဖဲ၊ ဂျင်၊ ကြက်သမားဟု နာမည်ကြီးနေသော ဝါသနာပါသောသူကလည်း....၊ ထောင်ထွက်ကလည်း....၊ သူများကို ထောင်ကျအောင် လုပ်ခဲ့သူကလည်း....၊

အမြတ်ကြီးစား တင်းလိမ်ခွက်လိမ်ဟု နာမည်ရခဲ့သူကလည်း....၊ ကိုယ်ဝန်တိတ်တိတ်ပုန်း ဖျက်ပေးသူဟု နာမည်ကြီးသောသူကလည်း....၊ ချွန်းတွန်းပင့်တင်သမား၊ ကပ်လှီးသမားဆိုသူက လည်း.... ပုတီး...ပုတီး...ပုတီး...ပုတီးနှင့်။

အပြင်လောက၌ မည်ကဲ့သို့ ရှိခဲ့ ရှိခဲ့၊ မည်သည့် အနေအထား ရှိခဲ့ရှိခဲ့၊ သူတို့....သူတို့သည် ဘုန်းကြီးကျောင်းဝင်းထဲ ဝင်ကတည်းက ဖိနပ်ချွတ်ခဲ့ကြသည်။

ဖိနပ်ချွတ်ခဲ့ကြသကဲ့သို့ လောကီအစွဲကို ခေတ္တ စွန့်ချွတ်ပစ်လိုက်၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ....။

မိရိုးဖလာ ဗုဒ္ဓဘာသာဝင် တစ်ဦးသည် ဘယ်ဘဝ၌ ရောက်၍ဘယ်လိုပဲ ဝမ်းစာ ရှာစားရ စားရ၊ ပြုခွင့်သာလျှင် ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်ကို ကိုးကွယ်ရာ၊ ဆည်းကပ်ရာ၊ ပူဇော်ရာအဖြစ် ပူဇော်ဆည်းကပ်ရမည်ဟု သည်းလှိုက်အူလှိုက် ခံစားယုံကြည်ကြသည်။ ဆွေစဉ်မျိုးဆက်၊ ဘိုးစဉ်ဘောင်ဆက်၊ လူ့သက်တမ်းများစွာ၊ အချိန်ကာလ များစွာကတည်းက ခံယူခဲ့ကြသော ယုံကြည်မှု၊ ခံယူမှုပါ။

ထို့ကြောင့် ဘုရားရိပ်၊ တရားရိပ်၊ ကျောင်းရိပ် ရောက်လာသော ဥပုသ်သည် မှန်သမျှ မာန်မာနမျက်နှာ မရှိတော့ဘဲ မေတ္တာအရောင် ကြည်နေ၏။ သည်သို့ မေတ္တာပွဲ၊ သီလပွဲသို့ ရောက်ရှိနိုင်ရန် ဥပုသ်သည် မှန်သမျှ၊ လောကီ အသက်မွေး ဝမ်းကျောင်းတွင် ကိုယ်လုပ်တတ်သမျှ၊ ကိုယ်လုပ်စားနေသော နေရာမှ လုပ်နိုင်သမျှ ကြိုးစားခဲ့ရသည်။

ငတောလည်း အခါတွင်းဥပုသ်၊ သင်္ကြန်ဥပုသ် စောင့်နိုင်ရန် သင်္ကြန်မရောက်မီကပင်လျှင် ကြိုးစား ရှာဖွေခဲ့ရပါ၏။

***





(၂)

အခါတွင်း သင်္ကြန်ဥပုသ် စောင့်နိုင်ရန် လမ်းစဖော်ပေးသော ကျေးဇူးရှင်ကား တိုင်းရင်းမြန်မာ ဆေးဆရာကြီး ဆရာဦးစံပင်။

“မောင်တောရေ.... ဆရာကြီးကို အုံ့ပုန်းဥ ဆယ်ပိဿာလောက် ရှာအပ်စမ်းကွာ”

“ရသလောက် ကျုပ် ရှာအပ်ပါ့မယ် ဆရာကြီး၊ အုံ့ပုန်းဥက ရှားရှားလာတယ်”

“ရအောင် ရှာစမ်းကွာ၊ မင်း ဈေးမနာရစေပါဘူး၊ ငါ့စေတနာ မင်းအသိပဲ၊ သွေးတိုး၊ နှလုံး၊ ဆီးချို ရောဂါသည်တွေ၊ ဝမ်းနာသမားတွေကို ဓာတ်စာလည်းကျွေး၊ ဆေးလည်း ထည့်ဖော်ချင်လို့ပါ၊ မင်းလည်း ကုသိုလ်ရပါတယ် မောင်တောရာ၊ ဇီဝိတဒါန တစ်မျိုးပေါ့”

“ဟုတ်ကဲ့ခင်ဗျ၊ ရှာတတ်တဲ့ လူရှာရင် ဘယ်လောက်ရှာရှာ အုံ့ပုန်းဥက ရှားမသွားဘူး၊ မရှာတတ် ရှာတတ် တောသမား၊ နွားကျောင်းသားက ရှာတော့ အုံ့ပုန်းပင်တွေ ဆုံးရှုံးကုန်တာ ဆရာကြီး၊ စိတ်မရှည်တာ၊ နားမလည်တာပါပဲ ခင်ဗျ”

“ဘာပဲဖြစ်ဖြစ် ရအောင် ရှာအပ်ကွာ၊ မင်း တစ်ခါမက နှစ်ခါ၊ တစ်ရက်မက နှစ်ရက်ပေါ့၊ တို့ငယ်ငယ်ကတော့ တောထွက်လို့ အပြင်းပြေစားချင်ရင် တူးလိုက်၊ ခဏပဲ၊ ခုဟာက ချုံတန်းချုံနွယ်တွေ ဖျက်တာရော၊ နားမလည် ပါးမလည် ဝင်ရှာပြီး အုံ့ပုန်းဥ မတွေ့လို့ ထိုးဖြတ်ပစ်ခဲ့တာရောဆိုတော့ မလွယ်ဘူးဟေ့၊ ကဲ....ငါသွားမယ်၊ ကြိုးစားရှာကွာ”

ဆရာကြီး၏ ဆေးချက် လွတ်သူဟူ၍ ငတောအိမ်၌ မည်သူမျှ မရှိ။ စေတနာဆေးဆရာဖြစ်ရာ ဆင်းရဲသား အားကိုးရာ ဆရာတစ်ဆူဖြစ်ခဲ့သည်။ ဆေးအတွက် အသုံးကျ၍ ဘာပစ္စည်းဝယ်ဝယ် ဈေးနှိမ်ဝယ်လေ့ မရှိသောကြောင့် ဆင်းရဲသား ယုံကြည်သူလည်း ဖြစ်ခဲ့၏။ ထို့ကြောင့် ငတောရော

ငလုံးပါ တောအနံ့ ခြေဆန့်ရှာခဲ့သည်။

အုံ့ပုန်းပင် အနွယ်များသည် နီးရာချုံတန်းများပေါ်နေသည်။ အရွက်က အစိမ်းရောင်ဖြစ်ပြီး၊ ကြီးလျှင် လက်သုံးသစ်ခန့် ရှိသည်။ ဝဲယာ၌ အရွက်ကြောလေး ငါးခုပါတတ်သည်။

တော်သလင်းလ၌ အုံ့ပုန်းအသီး ရင့်သည်။ အသီးမှာ ခရမ်းကဇော့သီးပင်မှ အသီးနှင့်တူသည်။ အရွယ်အစားမှာ မန်ကျည်းစေ့၏ လေးပုံတစ်ပုံခန့် ရှိသည်။ လုံးလုံး ဝိုင်းဝိုင်းသဏ္ဌာန် ဖြစ်လေသည်။

အုံ့ပုန်းဥအပင်မှာ နွယ်ပင်ဖြစ်ပြီး၊ အသက်ရင့်လေလေ၊ အနွယ်ကြီးလေလေပင်။ အချို့ လက်မောင်းခန့် တုတ်သည်။ လက်တစ်ဆုပ်မီ။

အုံ့ပုန်းပင်ကို လူလမ်းဘေး၊ လှည်းလမ်းဘေး၌လည်း တွေ့တတ်သည်။ ကဇာချုံတန်း မြေ ဒင်ဒင်မာအောင် မြည်သော နေရာ၌လည်း တွေ့တတ်သည်။ ဘယ်နေရာတွေ့တွေ့ အနွယ်က ချုံရှိရာ သွားသည်။

အုံ့ပုန်းဥ မရှာတတ်သူတို့က တွေ့သော အုံ့ပုန်းအပင်ခြေနှင့် နီးရာတစ်ထွာ၊ တစ်တောင်ဝန်းကျင်မှာ အုံ့ပုန်းဥ ရှာသည်။ ရှာ၍ ဥ မတွေ့သောအခါ အပင်ကို မကျေနပ်တိုင်း ထိုးဆွ ရှာရာက သတ်ပစ်သကဲ့သို့ ဖြစ်တတ်သည်။

ငတောတို့ ငလုံးတို့ကဲ့သို့ ကျွမ်းကျင်သောသူများအနေဖြင့် အုံ့ပုန်းပင်တွေ့ရာနေရာ၌ ဥ မရှာ။ အုံ့ပုန်းပင် ဝန်းကျင်မှာ ရေချောက်၊ ရေချိုင့်၊ ရေဝပ်ရာ ရှိသလား၊ သည်ရေချောက်၊ ရေချိုင့်၊ ရေဝပ်ရာက ခေတ္တ အချိန်တိုရက်တိုလား၊ ရေဝပ်ရက် ကြာသလား ချိန်ဆသည်။ ရေဝပ်ချိန် ရက်မကြာသော နေရာကို မိုးရွာရေပြေးဆင်း နေရာထက် အုံ့ပုန်းပင်က ကြိုက်သည်။

အုံ့ပုန်းပင် အထူးကြိုက်နှစ်သက်သော နေရာက ရေခေတ္တဝပ်၊ ထွန်ရေး ထယ်ရေးကောင်းသော၊ နွားချေးအမှိုက်ဆွေး ချထားသော မြေသြဇာကောင်းသည့် ယာမြေသား နေရာ။ မြေကောင်း၊ ထွန်ရေးကောင်း၊ ရေတင်မြေအနီး၌ ပေါက်သော အုံ့ပုန်းပင်သည် ယာသားထဲ သွား၍ ဥချသည်။ အကွာ





အဝေး အတောင်နှစ်ဆယ်အထိ အဝေးပြေးကာ အုံ့ပုန်းပင်က ဥချသည်။ သူ့ဥချသော အနက်က ထွန်တစ်သွားလွတ်၊ ထယ် ထယ်ထွန်ရေးလွတ်တောင်ဆုပ်ခန့် အနက်နေရာ ဖြစ်သည်။ ယာခင်းရှင်က ထယ်မည်မျှထိုးထိုး မည်မျှထွန်ထွန် အုံ့ပုန်းပင်ဥကို မထိ။

ငတောတို့ ခက်ခက်ခဲခဲ ရှာသောအခါ အုံ့ပုန်းဥပိဿာများစွာ ရရှိသည်။ သည်လို ရရှိဖို့ အုံ့ပုန်းပင် ဝန်းကျင်ရှိ ဆယ့်လေးငါးခြောက်တောင် အတောင်နှစ်ဆယ် အကွာအထိ ပိုက်စိတ်တိုက်ကြည့်ရသည်။

အုံ့ပုန်းဥ ရှိသောနေရာက မြေအက်ထနေသည်။ ယာမြေပတ်ကြားအက်သကဲ့သို့ ရှည်ရှည်လျားလျား မဟုတ်၊ နေရာများများ မဟုတ်၊ သူ့ဥရှိရာ ဝန်းကျင်၌သာ ပပ်ကြားအက်သလို အက်ထနေသည်။

၁ နှစ်သား အုံ့ပုန်းဥက ပိုချိုသည်။ အရွယ်အစား မကြီး။

သုံးလေးနှစ်သား အုံ့ပုန်းဥက သိပ် မချိုတော့။ အရွယ်အစားက မြေကောင်း၊ ရေ ခေတ္တ ဝပ်နေရာ၌ ဖြစ်ခဲ့လျှင် လူကြီးခေါင်းအုံးခန့် ကြီးသည်။ အရသာမှာ ပဲစိမ်းစားဥ စားရသည့် အရသာမျိုး။ မြေအောက်ကို အကြီးအသေး လိုက်၍ နက်အောင် တူးရသည်။ ယေဘုယျအားဖြင့် အနက်တောင်ဆုပ်၊ တစ်တောင်ခန့်။

အသက်ကြီး အုံ့ပုန်းဥများ၊ မြေရေသဟဇာတ သင့်သောနေရာမှ အုံ့ပုန်းဥများကို ကံအားလျော်စွာ ငတောတို့ ပိုမိုရရှိခဲ့သည်။ စာရင်းချုပ်သောအခါ အုံ့ပုန်းဥ ပိဿာသုံးဆယ်ကျော် စုမိသည်။ ဦးစံပင်ကို ငါးပိဿာကန်တော့၊ ကျန်ပိဿာသုံးဆယ်ကို ငွေလေးသောင်းခွဲအထိ ဦးစံပင်က ချီးမြှင့်သောအခါ ငတောတို့ ဥပုသ်စောင့်ဖို့၊ ငလုံး၊ ငမုံး၊ လေးခင်တို့ ရေကစားဖို့ မပူပင်ရတော့။

သီလပေးချိန်တွင် ဆရာတော်က သီလပေးသည်။ တရားကို ခပ်တိုတိုပဲ ဟောသည်။ ဒါန၊ သီလ၊ ဘာဝနာ အကျိုးတရားတော်။

သီလ ပေးပြီးချိန်၌ ချိုချဉ်၊ ဆီးပေါင်း၊ ဆေးလိပ်၊ ဆပ်ပြာမှုန့်၊

အချိုရည်ဘူးငယ်တို့ကို ကမ်းကြရာ၊ ပရိသတ်သံ တဝေါဝေါ။

ငတောတို့ အဝေအကမ်း ပြီးချိန်တွင် ထုံးစံအရ အိမ်ပြန် ထမင်းစား ရမည်။ ကိုရင်လေး တစ်ပါးက ဦးလေးတော၊ ဘုန်းကြီးက အိမ်မပြန်နဲ့တဲ့၊ ဆေးကြောသိမ်းဆည်းပြီးမှ ပြန်တဲ့ဟု လာခေါ်သည်။

ရွာထုံးစံ၊ ကျောင်းထုံးစံအရ ဘုန်းကြီးက ဘယ်သူ့ကို ကျောင်းမှာ ထမင်းစား၊ ဘယ်သူ့ကို ထမင်းမစားနှင့် ခိုင်းရိုးမရှိ၊ ကျောင်းမှ ထမင်းစားချိန် ရောက်သည်အထိ မပြန်ပါက ဘုန်းကြီးက ကျွေးသည်။ ဘုန်းကြီးက ကျွေး မှန်း သိသော်လည်း ဝေယျာဝစ္စ ပြုလုပ်သူမှအပ၊ မည်သူမှ ကျောင်းက ထမင်း စောင့်မစား။ ရွာထုံးစံ၊ ကျောင်းထုံးစံ အစဉ်အလာကို ရှိသေသူများပီပီ လူ့စည်း၊ ဘီလူးစည်း ထားသည်။ ငတောကဲ့သို့ ဘုန်းကြီးကျောင်းမှ တိုက် ရိုက် အခေါ်ခံရသူသည် ထိုးလဲမတတ် မလုပ်ရသော်လည်း ဝေယျာဝစ္စကို ထမင်းစားချိန် မရောက်မချင်း တစ်ခုမကျန် လုပ်ပေးရသည်။

မုန့်ဟင်းခါး ကျွေးသော ခွံများ ဆေးကြော၊ ဒယ်၊ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်း၊ ဆေးကြော၊ အဝတ်ခြောက်နှင့် သုတ်ပြီးချိန်၌ ငတော အရမ်းဆာနေ သည်။

ဥပုသ်သည် ကျောင်းကျွေးဝိုင်းအတွက် ချန်ထားသော ဝက်သား ဟင်းလေး၊ အမဲခြောက်ငရုတ်သီးစပ်စပ် ဟင်းကျန်၊ ငါးခြောက်ထောင်း၊ ပဲကြီးဟင်း ကုလားပဲနှပ်၊ ငါးဘတ် ငပိချက်တို့က ငတောကို ထမင်း ဗိုက် တင်းကားအောင် စားစေဖို့ အားတီးပေးသည်။ ဟင်းစုံထမင်းစုံ ဘုန်းကြီး ပွဲကျန်ကို ကျောင်းဝေယျာဝစ္စ လုပ်သူ၊ ပင်ပန်းသူကို ကျွေးလေ့ရှိသော ထုံးစံရှိရာ၊ ငတောတို့ကလည်း ထုံးစံအတိုင်း ထမင်းစုံ ဟင်းစုံကို စုံရေ မက်ရေ အားပါးတရ စားသည်။

ထမင်းစားပြီးချိန်၌ နေ့ဖို့ညစာ ရေရှည် ထားမကောင်းသော မုန့် ဖက်ထုပ်၊ ပဲမုန့်၊ ဂျုံမုန့်နှင့် ငှက်ပျောသီးမှည့်ပါသော လက်ဖက်ရည်ဝိုင်းနှင့် အမြည်းစုံက ငတောတို့ကို ကြိုဆိုနေပါ၏။ ဝတင်းနေ၍ နောက်ဆုံး၌





တစ်ယောက်ကိုတစ်ယောက် ကြည့်ရယ်နေကြသည်။ ဘုန်းကြီးက တန်ဆေး လွှန်ဘေးဖြစ်မယ်၊ ငတောက မနက်စောစော ကျောင်းလာ၊ ထင်းပေါက်၊ ထမင်းချက်ဟင်း ချက်လာခဲ့၊ မနက်ဖြန်မှာ ထမင်းကျွေး ကုသိုလ်ရှင် ရှိတယ်ဟု မိန့်ကြားမှ ဝိုင်းသိမ်းခဲ့ရသည်။

ငတောသည် ဥပုသ်သည်ဖြစ်ကြောင်း ကျောင်းနံရံ၌ သူအလုပ် မလုပ် မီက ချိတ်ထားခဲ့သော ပုတီးမြင်မှ ပြန်သတိရသည်။

အင်း.... သီလတန်ခိုးဖြင့် ဆရာတော်ကြီး ဆွမ်းကျန် ကွမ်းကျန်ကို အထူးအခွင့်အရေးအနေဖြင့် စားရပြီ။

နောက်ဘဝ.... နောက်ဘဝအတွက် ကုသိုလ်ပါရမီလေး ပါစေဖို့ ပုတီးစိပ်ရဦးမည်။ ပုတီးမစိပ်မီ ခေတ္တနား၊ ရေမိုးချိုး၊ ပြီးမှ ဥပုသ်ဇရပ် သွားကာ ပုတီးစိပ်၊ နေဝင်ဆည်းရီမှ အိမ်ပြန်မည်။ ဟုတ်ပြီ။ သည်သို့ လုပ်မည်။

***

(၃)

"ဘုရား....ဘုရား....ဘုရား ကယ်တော်မူပါ"

ငတောရင်မှ တမ်းတသော အသံ။

ငတောသာ လူရိုင်း၊ လူကြောက်ဖြစ်ပါက ချက်ချင်း သေဘေးတွေ့ မည်။

သူ့ခါးထက် တည့်တည့်၌ ရောက်နေသည်က တောကြီးမြွေဟောက်။ တောကြီးမြွေဟောက်တစ်ချက် ထိထိမိမိ ပေါက်မိပါက သေဘေး ချက်ချင်း ရောက်မည်။

ငတော အသိက တောသမား အသိ၊ သတိက တောသမား သတိမို့ တောကြီးမြွေဟောက် သူ့အပေါ် စတက်လျှင် တက်ချင်း ဖျတ်ခနဲ နိုးသည်။

အိပ်ရာမှ စက္ကန့်ပိုင်း နောက်ကျနိုးမှုကာ အခွင့်အရေးတစ်ခု ငတော ရရှိစေသည်။ ခြေရင်းရောက်ရောက်ချင်း ငတော လန့်နိုးပါက သို့မဟုတ် ယောင်ရမ်းခြေလှုပ်မိပါက တောကြီးမြွေဟောက်သည် ငတော ခြေထောက်ကို ပေါက်မည်။

ငတောက အိပ်ပျော်နေရာ ခြေမလှုပ်၊ လက်မလှုပ်၊ တောကြီးမြွေဟောက်က ငြိမ်သက်နေသော ငတော ခြေနှစ်ချောင်းနှင့် ပုဆိုးဖုံးနေသော ပေါင်နှစ်လုံးကို ကျော်ဖြတ်ကာ မျက်နှာဆီ တက်လာသည်။

ငတော ဖျက်ခနဲ လန့်နိုး၊ အသိက သူ့ခန္ဓာကိုယ်ပေါ်၌ သက်ရှိ သို့မဟုတ် သက်မဲ့ တစ်ခု ကျရောက်နေပြီဟု သိလိုက်သည်။ သိလိုက်၍ မျက်လုံးစုံဖွင့်၊ ခေါင်းထောင်ထမည် အလုပ်၌ သူ့ခါးပေါ်အထိ ရောက်နေသော တောကြီးမြွေဟောက် ခေါင်းကို မြင်လိုက်သည်။ မြွေခေါင်း မြင်လိုက်လျှင် မြင်လိုက်ချင်း၊ ငတော သူ့ခေါင်း မထူဝံ့တော့၊ မျက်စိကိုသာ ဖွင့်ထားရသည်။

ငတောဘက်မှ ခေါင်းထောင်ရန် အားယူ၍ မသိမသာ လှုပ်ရှားမှုကို ထူးထူးခြားခြား သိလာသူက တောကြီး မြွေဟောက်။

သာမန် သွားရိုးသွားစဉ် ခေါင်းရှေ့ချ၍သွားနေသော တောကြီးမြွေဟောက်သည် ပါးပျဉ်းချက်ချင်း ထောင်ကာ လျှာ တစ်လစ် တစ်လစ်ဖြင့် မာန်သွင်းလာသည်။ ငတော ဆီးခုံပေါ် ကိုယ်တစ်ဝက်၊ ပါးပျဉ်ထောင် ကိုယ်တစ်ဝက်ဖြင့် ရန်စစ် ကြေညာနေ၏။

ငတောအနေဖြင့် အဖြစ်နှစ်မျိုး ဖြစ်နိုင်သည်။

အောက်မှ ငြိမ်ငြိမ် နေပေးလိုက်၍ တောကြီးမြွေဟောက်မှ အေးအေး ဆေးဆေး ဖြတ်သွားက သူ လွန်သွားလျှင်သွားချင်း ထပြေးက ဖြစ်နိုင်သည်။

အောက်မှ လူကသာ ငြိမ်ငြိမ် နေပေးသော်လည်း၊ သူ့ဗိုက်ကြီးက





ငြိမ်ငြိမ်နေမည် မဟုတ်၊ ထွက်လေ ဝင်လေ ထုတ်သွင်းလေတိုင်း ဖောင်းပိန်၊ ပိန်ဖောင်း ဖြစ်နေမည်ဖြစ်ရာ ဗိုက်ကြီးက ငြိမ်နေမည် မဟုတ်၊ မငြိမ်သည့် ဗိုက်ကြီးအား ပေါက်လျှင်လည်း သေနိုင်သည်။ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေသော မျက်နှာကြီးကို ပေါက်လည်း ရှောင်ချိန်၊ တိမ်းချိန် မရှိ၊ သေနိုင်သည်။ ဗိုက်ဖောင်းဖောင်းကြီးအပေါ် ရှေ့ဆက်မတက်ဘဲ ဘေးဆင်း၍ သွားလျှင် လွတ်နိုင်သည်။

ဖြစ်ချင်တော့ ကျောင်းရေချိုးဖို့ စိတ်ကူးမရှိ၊ အိမ်ပြန်ပုဆိုးယူ၊ ဥပုသ်ဇရပ်မှာ အောက်ခင်းဖို့ ပုဆိုးစုတ်၊ ခေါင်းခုအိပ်ဖို့ ပုဆိုးအပို ဆောင်ကာ ကျောင်း ပြန်ခဲ့သည်။ ရေမိုးချိုး၊ ပြီးမှ ဥပုသ်ဇရပ်သွားတော့ လူပြည့်နေပြီ၊ ပုတီးစိပ်နေသူ၊ တရား ဆွေးနွေးနေသူ၊ တရားစာအုပ် ဖတ်နေသူ ပြည့်နေသောကြောင့် ငတော ဘယ်နေရာ ထိုင်ရမှန်းမသိ။ သွားစရာက ဘုရားအာရုံခံသာ ရှိသည်။

ဘုရားအာရုံခံဘက် ထွက်လာကာ ဘုရားဝတ်ပြု၊ ဘုရားကို ခြေပေးရာ မရောက်မည့် အာရုံခံတန်စောင်းထဲ အရှေ့အနောက် အနေအထားဖြင့် ပုဆိုးစုတ်ခင်း၊ ခေါင်းအုံး ပုဆိုးအုံး၍ ပုတီးစိပ်သည်။ ပုတီးစိပ်ရင်း စိပ်ရင်း မျက်လုံးများ မှေးစင်းကာ အိပ်ပျော်သွားရာမှ တောကြီးမြွေဟောက် လူပေါ်ရောက်မှ သိသည်။

ဘုရားအုတ်တံတိုင်း ပြုပြင်စဉ်က အုတ်ကြိုးအုတ်ပဲ့များ အုတ်ပိုအုတ်လျှံများက ငတော ခြေပြုရာ အနောက်အုတ်တံတိုင်း အနီးမှာ စုပုံထားသည်။ အာရုံခံ ပြုပြင်စဉ်က ဖျက်ချထားသော ပျဉ်တိုပျဉ်စများက တမာပင်ပု အခြေမှာ ရှိသည်။ တောကြီးမြွေဟောက်သည် ခေါင်းထူရန် ကြိုးစားသော ငတော မျက်နှာကို သံသယ မရှိတော့သော်လည်း ငတော ဖောင်း၊ ပိန်၊ ပိန်၊ ဖောင်း ဗိုက်ကြီးကို သံသယ ရှိနေသည်။ ဗိုက်ကြီး ဖောင်းလာလိုက်၊ ပေါက်ရန် ဟန်ပြင်လိုက်၊ ဗိုက်ကြီးလျှော့သွားလိုက်၊ ပြန်ရုပ်လိုက်၊ ဖောင်းလာလိုက်၊ ပေါက်ရန် ဟန်ပြင်လိုက်၊ လျှော့သွားလိုက် တောကြီး မြွေဟောက် ပေါက်ရန် ဟန်ပြင်ရာမှ ပြန်ရုပ်လိုက် အကြိမ်ကြိမ်။

ငတော ကံကြမ္မာကို ငတော မသိ။ တောကြီးမြွေဟောက်ကလည်း သူ့ကံကြမ္မာကို သူမသိ။ အာရုံခံတန်စောင်း အကာအရံ မရှိသည့် ဟောင်းလောင်းပြင်ကြီး၌ ပါးပျဉ်းထောင်ချိန် ကြာလာသောအခါ တမာပင်ပု အပေါ်လာနားသော တိုက်သိမ်းက မြင်သည်။ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း တိုက်သိမ်းသည် ဝိုးခနဲ ပျံလာကာ၊ ပါးပျဉ်းထောင်နေသည့် တောကြီး မြွေဟောက်အား တောင်ဖက်လွင့်စဉ်စေရန် ဒုန်းဝင်တိုက်သည်။ တောင်ဘက် လွင့်စင်ကျသွားသော တောကြီးမြွေဟောက် မထနိုင်မီမှာပင်လျှင်၊ ဇွတ် ကုတ်ချီ၍ အရှေ့ထဲ အတင်းပျံသန်းပြေးသည်။

သေဘေးလွတ် ငတောမှာ မထနိုင်သေး။ ဇရပ်ပေါ်မှ ဥပုသ်သည်များက ပြေးလာပြီး ငတောကို ဝိုင်းထူမှ ထသည်။ ငတောက သီလ ဂုဏ်ရည်မှာ ယုံကြည်မိပါ၏။

၇–၁၂–၂၀၀၈

❖







## ရှေးစကားနှင့်လက်တွေ့

ငတောနှင့် ငလုံးတို့ ယနေ့ ချိုးတည် ထွက်ရမည်။

ချိုးတည် ထွက်ရာတွင် ယူဆောင်မည့် ကွမ်းထုပ်၌ ကွမ်းရွက်မရှိ။ ကွမ်းသီးစိတ် မရှိသေး၍ ဈေးမှ ဝယ်ပြန်လာမည့် မိဂျမ်းကို စောင့်ရင်း ငံရေနွေးကြမ်း သောက်နေကြသည်။ ကွမ်းဝါးနေကျ ပါးစပ်က ကွမ်းတစ်ည ပြတ်ရုံဖြင့် ချွဲကျိကျိ ဖြစ်နေသော်လည်း ပိုက်ဆံပြတ်၊ ကွမ်းဝါးနား၊ ဆေးရွက်ကြီးငုံ အကြိမ်ကြိမ် ကျင့်သားရနေသူ ငတောအဖို့ ငွေစော်နံက ကွမ်းဆာ၊ ငွေစော်မနံ့ ဆေးငုံနေကျလူပီပီ ပစ်တိုင်းထောင်လို ကြံ့ရာဘဝ ကျရာနေရာ၌ နေတတ်ပြီး လူစားမျိုး။

မိဂျမ်း ဈေးဝယ်သွားသည်မှာ ယနေ့အဖို့ ကြာသည်ဟု ငတော ထင်သည်။ ကြာပေလိမ့်မည်။ ငွေသုံးထောင့်သုံးရာကြီးများတောင် မကိုင်ရစဖူး အကိုင်ထူး၍ ဈေးသွားသော ရှားရှားပါးပါးနေ့ဖြစ်ရာ လူလိုသူလို ငွေစမြင်ချိန်၊ ငွေစရွှင်ချိန်၌ ဟိုဈေးတန်းဝင် သည်ဈေးတန်းထွက် ရှိပေလိမ့်မည်။

မနေ့ည နေဝင်မိုးချုပ်က မိဂျမ်းနှင့် ငလုံး ပြဿနာဖြစ်သည်။ အဓိက အကြောင်းအရင်းကတော့ ပိုက်ဆံ မရှိသည့် ပြဿနာပါပဲ။

ငတောတို့ လုပ်အားခသည် သောင်းဝင်၊ သိန်းဝင်၊ သန်းဝင် မဟုတ်။ ရာဝင်၊ ထောင်ဝင်ဂဏန်းကတော့ နေ့စဉ်ရှိသည်။ သို့မဟုတ် နေ့ခြားရှိသည်။ ရှာရသမျှ၊ ရှာတတ်သမျှကို ငတောတို့ ငလုံးတို့က ရိုးရိုးသားသား ကြိုးကြိုးစားစား မနားမနေ ရှာကြဖွေကြသည်။ ရသမျှကို မိဂျမ်းအား တစ်ပြားတစ်ချပ် မကျန် ချက်ချင်းပေးသည်။ ပေးကားပေး၏။ ရကားရ၏။ ရမလောက်၊ မကျပျောက်ဘဲ လုံးလည်ချာလည်လိုက်ကာ ကြွေးမကင်း။

သူဌေးမင်း ကြွေးကင်း၍ ချမ်းသာသော်လည်း၊ ဆင်းရဲသား ကြွေးပတ်သောအခါ ခေါင်းမဖော်နိုင်တော့။ လူစဉ်မမီတော့။

ဆန်တစ်ပြည် ခြောက်ရာ၊ ခုနစ်ရာ ပေါက်ဈေးရှိလည်း ဈေးသည်က ရက်ဆိုင်း ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ခုနစ်ရာ၊ ရှစ်ရာယူသည်။ ဆီတစ်ဆယ်သား သုံးရာ၊ လေးရာ ပေါက်ဈေးရှိလည်း လေးရာ၊ လေးရာ့ ငါးဆယ် ဖြစ်သွားသည်။ ငါးဆယ်တန် ဟင်းချိုမှုန့်ထုပ်၊ ကွမ်းသီးစိတ်ထုပ်ကလည်း ငါးဆယ့်ငါးကျပ်၊ ခြောက်ဆယ်။ ဖြောင်ဈေးတင်သည်။ ကျန်သည့် ပစ္စည်း များလည်းပဲ ကြွေးဝယ်ယူသောအခါ ဈေး ဖြောင်တက်၊ ဖြောင်တင် ဖြောင်ပေးရသည်။ ခေါင်းရွက်ဗျက်ထိုး ဈေးသည်ကမှ အကြွေးယူသူ ငတောတို့၊ မိဂျမ်းတို့ကို ဖြောင် ဂုတ်သွေးစုပ်သည် မဟုတ်။

ပစ္စည်း အပေါင်ခံသူကလည်း ဘာပစ္စည်း သွားပေါင်ပေါင် တစ်နေ့ကို ကျပ်နှစ်ဆယ်တိုး ယူသည်။ ငွေတစ်ရာကို တစ်လ (ရက်သုံးဆယ် ပြည့်မှ) အတိုး နှစ်ဆယ် ယူကြသည် မဟုတ်။ တစ်နေ့ အတိုး နှစ်ဆယ်၊ ရက်သုံးဆယ်ကြာက ငွေတစ်ရာတန် အပေါင်ပစ္စည်းကို အရင်းတစ်ရာ၊ အတိုး ခြောက်ရာပေး ရွေးရသည်။ ဘယ်လိုလုပ် စားဝတ်နေရေး အဆင်ပြေတော့မလဲ။ ဂုတ်သွေးကစ ခြေမသွေးအထိ အစုပ်ခံရတော့ ငတောရော၊ မိဂျမ်းပါ လူးလိမ့်ခံရသည်။

ပစ္စည်းမပါ ငွေတိုးက နှစ်ဆယ်၊ အစိတ်ပါ။ ပစ္စည်းအပေါင်ခံ နေ့တိုးနှင့်စာလျှင် တစ်လမှ နှစ်ဆယ်၊ အစိတ် တိုးရာ သက်သာသေးသည်ဟု





ထင်ရသော်လည်း ဆိတ်ပါများ အနာဖြစ် ဆိုသကဲ့သို့ တို့စ၊ ဆိတ်စက ဒဏ်ခံနိုင်သေးသည်။ တို့ပါ ဆိတ်ပါများသောအခါ မခံနိုင်တော့။ ဒဏ်ရာရလာသည်။

ငတောက နားလည်သော်လည်း ငလုံးက နားမလည်။

သူတို့ ကုန်းကျုံးရုန်းလုပ်၍ လုပ်အားခငွေများ နေ့စဉ် သို့မဟုတ် နေ့ခြား မရပ်မနား ဝင်နေသည်။ ငွေ ဘယ်လောက်ဝင်ဝင် စားရတော့ မသေထမင်း၊ မသေဟင်း။ ဝတ်ရတော့ မျောက်ထက် သာရုံ။ နေရတော့ ငှက်ထက် သာရုံ၊ အမေဖြစ်သူ ဒေါ်ဂျမ်း ဝင်ငွေထွက်ငွေ မစိစစ်၊ မသုံးတတ် မစွဲတတ်ဟု လူငယ်တွေး တွေးသည်။ တွေးပင်တွေးသော်လည်း အမေ ဒေါ်ဂျမ်း စိတ်မဆင်းရဲစေရန် ဖွင့်မပြော။

မနေ့ညနေကတော့ ဒေါ်ဂျမ်းနှင့်ငလုံး ထိပ်တိုက်တိုးသည်။ ပြဿနာအစက ငွေမရှိသောကြောင့် ငလုံး ကြက်ပေါက်ဖောင်းလေးကို ရောင်းလိုမှုက စတင်သည်။

ငလုံး ကြက်ပေါက်ဖောင်းလေးကို ကြက်သမားကြီး ငကျင်က သားခွဲစ အရွယ်တွင် ငုံးစလိပ် သုံးကောင်နှင့် လဲပေးပေးသည်။ ကြက်လေးကို ငုံးစလိပ်၊ ငုံးစလိပ်နှင့်ခေါ်ပြီး ငလုံးက တယုတယ မွေးသည်။ ရှစ်လသားခန့်၌ အစမ်း ခွပ်လှည့်ချရာ ကြက်က ကောင်းမှကောင်း။ ငါးထောင်ရအောင် ရောင်းပေးမည်။ ကြက်လေးကို ဂရုစိုက်ဟု မှာသည်။

မြောင်၊ မုံရွာမှ ကြက်သမားကြီးများက ငလုံးကြက်ကို လာကြည့်သည်။ ငကျင်က ငါးထောင်က တစ်ပြားမှ မလျှော့ဟုဈေးခံသည်။ မိဂျမ်းက ကိုကျင်ရယ်၊ ကျုပ်သားက ကြက်ဝါသနာပါတာ မဟုတ်ပါဘူး။ တစ်ပိဿာလောက် ရှိတာပဲ၊ လေးထောင် လေးထောင့်ငါးရာလောက်ရလည်း မနည်းပါဘူး။ ရောင်းလိုက်ပါ၊ ငလုံး ပဲ့ဝန် ကျုပ် ယူပါတယ်ဟု ငွေတော်သူပီပီ ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက် ဝင်ပြောရာ ပွဲပျက်သည်။ ငကျင်ကလည်း သူ့ကြက်မျိုး ဈေးဖျက်သည်ဟု ထင်သည်။ ဝယ်သူ မြို့သား

များကလည်း သူဌေးကုန်ရောင်း မဟုတ်၊ ဆင်းရဲသား ကုန်ရောင်း ဖြစ်မှန်း သိ၍ သုံးထောင့်ငါးရာထက် ပိုမပေးနိုင်ပါ။ ကြက်က အဖတက်၊ ပွဲနိုင် နှုတ်မှန်ခြေမှန် မဟုတ်။ ကြက်ရိုင်းခွပ်မို့ စိတ်မချရသေး၍ ငါးထောင် မပေးနိုင်ပါဟု ဆိုလာသည်။ မိဂျမ်းကတော့ ရောင်းလိုသမှ ကိုယ်ယားနေသည်။ ခေါ်လာသူ ငကျင်က ဖွတ်ပြန်ခေါ်သွား၍ အရောင်းအဝယ် မတည့်ခဲ့။

သည်ကြက်ကို မနေ့ညနေက တုတ်ထမ်းကြက်ဝယ်ကို ပိဿာချိန် ဈေးဖြင့် ရောင်းရန် မိဂျမ်းက ခေါ်လာရာ ငလုံး ယမ်းပုံမီးကျ ဖြစ်သည်။

"နင့်ကြက် ထားမလား၊ မနက် ထမင်းစားမလား.... ဒါပဲပြော ငလုံး၊ နင့်ကြက်ကို ငါ ပိုက်ဆံရှိတဲ့အချိန် အစားပြန်ဝယ်ပေးမယ်၊ ခုဟာက အိမ်မှာ ပေါင်စရာ၊ နှံစရာလည်း ဘာမှမရှိဘူး၊ ကြွေးရှင်ကလည်း ကြွေးသစ် မပေးတော့ဘူး၊ နင်တစ်ယောက် မကြိုက်တာနဲ့ ဒီကြက်ကို ငါ မရောင်းရင် မနက် ထမင်းချက်စရာ မရှိဘူး၊ တစ်အိမ်သားလုံး ထမင်း မငတ်ဖို့ နင် ငဲ့ညှာဦး"

"အမေကလည်းဗျာ....အဖေရော ကျုပ်နဲ့ ငမိုးရော လေးခင်မရော ကုန်းကျုံး လုပ်လို့ လုပ်အားခတွေ ဒီလောက် ရနေရက်နဲ့များဗျာ၊ ငွေပြတ် ရသေးသလား၊ ကျုပ် ကြက်လေး ရန်ရှာရသလား၊ နောက်ရောင်းရလည်း ရတဲ့ ပိုက်ဆံ မှန်သမျှကို တစ်ပြားမကျန် အမေ့အပ်မှာပါဗျာ၊ ကြက်သည် တော့ မထည့်လိုက်ပါနဲ့"

"ငတ်မှာက ခုဟဲ့ ငလုံးရဲ့၊ နင့် ငါးထောင်က နောက်မှရမှာ၊ မနက် ထမင်းဟင်းက အဓိကပဲ ဟဲ့၊ နင် သိထားဖို့က တို့ရသမျှ လုပ်အားခကို တို့ အကုန် စားရတယ်လို့ ထင်နေလို့လား၊ ဈေးသည်က နှိပ်စက်၊ ကြွေးရှင်က နှိပ်စက်နဲ့ သူတို့ကို ပူဇော်ပသပြီးမှ တို့က မသေထမင်း မသေဟင်း စားရတာ ဟဲ့၊ နင်ရော နင့်အဖေရော ငါရော နာဖူးတဲ့ ရွာဦးကျောင်း ဆရာတော် ဦးဥတ္တမ တရား နင်ပဲ သိပ်မှန်တာပဲ အမေရယ်ဆို၊ နင် မေ့နေပလား၊ ဆင်းရဲရင် ဝိုင်းနှိပ်စက်ကြလိမ့်မယ်၊ ဆင်းရဲတွင်းက လွတ်အောင် ကြိုးစားကြ ဆိုတာ နင် မေ့နေပလား....ဟီး....ဟီး....ဟီး၊ ကိုယ့်ကိုယ်ကိုယ် မွဲနေလို့





မွဲမှန်း မသိဖူးတော့၊ တောင်သူကြီး တောသူဌေး ကြက်သမားကြီး ဦးကျင်လို ဈေးကိုင်ချင်သတဲ့တော့"

မိဂျမ်းက ပြောပြောဆိုဆို ငိုရာ ငလုံး ခြေမကိုင်မိ၊ လက်မကိုင်မိ။ အမေ မျက်ရည်ကျသောအခါ မဖြစ်လွန်း၍ ရောင်းရရှာသော်လည်း အမေ့ ရင်၌ မချိဟု ငလုံး သိသည်။ အမေကလည်းဗျာ ငိုရမှာ မဟုတ်တာ ငိုနေ၊ ရောင်း ရောင်း အမေ့သဘောဟု ငလုံးက တောင်းပန်ချော့မော့သည်။

ရွာဦးကျောင်းဆရာတော် ဦးဥတ္တမက တရားပွဲကြုံတိုင်း၊ အလျဉ်း သင့်တိုင်း သတိပေး ဆုံးမစကား ဟောကြားသည်။

"ဆင်းရဲရင် ဝိုင်းဝန်း အနှိပ်စက် ခံရတတ်ပါတယ်၊ ဆင်းရဲတွင်းက လွတ်ဖို့ တတ်အားသမျှ သတိထား ကြိုးစားကြ၊ ချမ်းသာတဲ့လူက အိမ်ရိပ်၊ တိုက်ရိပ်မှာ ပန်ကာနဲ့ ဇိမ်ခံနေတဲ့ အခိုက်မှာ ဆင်းရဲတဲ့လူက စားဝတ်နေရေး အတွက် ခြစ်ခြစ်တောက်ပူနေတဲ့ နေရောင်အောက်မှ ချွေးတဒီးဒီး ကျအောင် လုပ်စားနေရပါတယ်၊ ဆင်းရဲတဲ့လူကို နေမင်းကလည်း မညှာဘူး၊ မိုးမင်းက ကော၊ ဆောင်းနှင်းကရော ညှာတာပါသလား၊ မညှာတာပါဘူး။ မိုးမင်း၊ ဆောင်းနှင်းကလည်း နှိပ်စက်သလို လေပူ လေပွေ လေပြင်းကလည်း ဘူးလေးရာ ဖရုံဆင့် ဖြစ်စေတတ်တာပါပဲ။ စားကြွေး၊ ဝတ်ကြွေး၊ နေကြွေး၊ ငွေတိုး၊ သီးနှံတိုး၊ အပေါင်တိုးစေတဲ့ ကြွေးပေါင်းစုံကလည်း နှိပ်စက် တတ်တာ သဘာဝပါပဲ။ ဆင်းရဲလေလေ သံဝေဂ ရစရာ များများ ဖြစ်တတ်တာ ပါပဲ။ သတိ မမေ့နဲ့၊ ရတနာသုံးပါး မမေ့နဲ့။ ဓွဲ၊ လုံ့လ၊ ဝီရိယ၊ ပညာ အစွမ်းကုန် သုံးလို့ ဆင်းရဲမွဲတေမှုကို စွန့်ပစ်ကြ၊ ကျော်လွှားကြ၊ လောကီ ကုသိုလ်၊ လောကုတ္တရာ ကုသိုလ်၊ မဂ်ဖိုလ် နိဗ္ဗာန် မျက်မှောက် ပြုနိုင်ဖို့ ဆင်းရဲမွဲတေ ငတ်မွတ်ခြင်းဘေးမှ လွတ်မြောက်အောင် ကြိုးစားကြ။ မရှိလို့ မလှူ၊ မလှူလို့ မရှိ၊ မသိလို့ မလုပ်၊ မလုပ်လို့ မသိ၊ မရှန်းလို့ ပတ်၊ ပတ်လို့ မရှန်း မဖြစ်စေကြနဲ့။ ဆင်းရဲတွင်းမှ လွတ်အောင် ကြိုးစားကြရာမှာ လောကီဆင်းရဲတွင်းမှလည်း လွတ်မြောက်အောင် ကြိုးစားကြ။ သံသရာ ဆင်းရဲတွင်းမှလည်း လွတ်မြောက်အောင် ကြိုးစားကြ၊ သတိ မမေ့နဲ့"

ဆရာတော် ဦးဥတ္တမ၏ စကားစ၊ တရားစကို ဒေါ်ဂျမ်းက အစ ဖော်ပေးသောအခါ လေလုံး သူ့အမေအပေါ် ပြောမိမှားလေခြင်းဟု သံဝေဂ ရသည်။ တုတ်ထမ်းကြက်သည် လာသောအခါ သူ့ကြက်ဖလေးအား သူ ကိုယ်တိုင် ဖမ်းချိန်ပေးလိုက်သည်။ တစ်ပိဿာပြုပြုရှိရာ ကျပ် သုံးထောင့် သုံးရာရသည်။ ရသမျှငွေကို သူ့အမေအား လေလုံးက အကုန် ပေးသည်။ မိဂျမ်းက အမေ ပိုက်ဆံစုမိရင် မင်းကြက် အစားတစ်ကောင် ပြန်ဝယ်ပေး မယ်ဟု ပြောပြီး ငွေကိုလက်ခံသည်။ ငွေကို လက်ခံယူနေသော မိဂျမ်း၏ လက်တို့ တဆတ်ဆတ် တုန်နေပြီး မျက်ဝန်း၌ ကြေကွဲရိပ် စွန်းထင်းနေ၏။

ကမ္ဘာပေါ်၌ ရှိရှိသမျှသော အမေများ၏ရင်ကို ခွဲကြည့်ချင် ခွဲကြည့် စမ်းပါ။ အမေမှန်သမျှ သားသမီး စိတ်ဆင်းရဲစေမည့် ကိစ္စရပ်တိုင်းအား မလုပ်ရက် မကိုင်ရက်ကြ။ ကိုယ့်သားသမီးလေးများ လွတ်လပ် ပျော်ရွှင် ပြုံးရွှင်ရယ်မော သောကကင်းစင် စိတ်ချမ်းသာစေချင်ကြသည်။ မိခင် ဂုဏ်ရည်၌ သားသမီး မှန်သမျှကို ဘဝပေးအပ်၊ နှလုံးသွေး ပေးအပ်လျက် ချစ်မြတ်နိုးကြ၊ ပြုစုယုယ အလိုလိုက် အကြိုက်ဆောင်လိုကြသည်။ မိဂျမ်း လည်း အမေပါ။

အမေဖြစ်လျက်နှင့် သားလေး အမြတ်တနိုး မွေးထားသော ငါးထောင် ပေးလာနိုင်သော ကြက်ကလေး ငုံးစလီပ်ကို ဖွတ်ပြော၊ ဖွတ်ရောင်း ရခြင်းမှာ စားဝတ်နေရေး အပူမီးတောက်ကို ဖြစ်သည့်နည်းဖြင့် ငြိမ်းချင်လို့ပါ။ ဝမ်းသမုဒ္ဒရာ အူဂါ ဘဝစကြာဝဋ္ဋာ၏ အနန္တ ကျယ်ပြော နက်ရှိုင်းမှုကို မျိုသိပ်ကြေကွဲမှု ခံစား၍ အပေါ်ယံ တင်းမာယောင် ပြသပြီး၊ ရင်ထဲ၌ ကြေကွဲမှု အပြင်းအထန် ခံစား၍ မျက်စိစုံမှိတ် အံကြိတ်၍ မိဂျမ်း လုပ်ခဲ့ရ တာပါ။

မနေ့က ဒေါသဖြစ်ခဲ့၊ ကြေကွဲခဲ့သော မိဂျမ်းသည် ယနေ့ ဈေး ဆွဲခြင်းကြီးဆွဲ၍ အိမ်ပြန်လာတော့ ပြုံးပြုံးရွှင်ရွှင်။

ငတောကတော့ သူ့မိန်းမ မိဂျမ်းကို ပကတိ မျက်စိဖြင့် ကြည့်နေ သည့်တိုင် သူ့အာရုံ မျက်စိ၌ သူ့အမေ ရုပ်ပုံလွှာ ပေါ်ပေါက်လာသည်။





ကြည့်စမ်း ငတော စိတ်ထဲ၌၊ မိဂျမ်း မျက်နှာက အမေ့ မျက်နှာမျိုး။

ငတော အမေတုန်းကလည်း မိဂျမ်း မျက်နှာမျိုးပါ။

သားသမီးနှင့် လင်သားတို့ ဆင်းရဲ တော်ပြတ်နေရာမှ စားစရာ သောက်စရာ၊ ချက်စရာ ပြုတ်စရာလေးများ ဝယ်နိုင်ခဲ့လျှင် မိဂျမ်း ခုပြုံးပန်း ဆင်နေသလို အမေလည်း ပြုံးယောင်လွှမ်းကာ ဝမ်းပန်းတသာ။

ရတတ်သမျှ၊ ဝယ်နိုင်သမျှကို ဖွယ်ဖွယ်ရာရာ ချက်ကျွေး၍ အငမ်း မရ စားနေကြသော လင်သားနှင့် သားသမီးများကို အိုးကပ်၊ အင်ကပ်၊ ပုဂံကပ်ကို လူးလဲစားနေရာမှ စိတ်ချမ်းမြေ့ကြည်နူးစွာ ရွှန်းရွှန်းမြမြ ကြည့် လျက် ပီတိဖြစ်နေသော အမေ၏ ရုပ်ပုံလွှာကို ငတော သတိရမိသည်။ ဘယ်ခေတ်၊ ဘယ်စနစ်၊ ဘယ်အချိန်၊ ဘယ်နေရာ ရောက်ရောက် အမေ တစ်ယောက်၏ အနန္တ မေတ္တာသည် မညှိုးသောပန်း၊ မခန်းသောရေ၊ မသေ သော မေတ္တာပါ။

"လေလုံးရေ.... နင့်ဦးလေးကျင်နဲ့ အမေနဲ့ တွေ့ခဲ့တယ်၊ ငွေလိုလို့ ရောင်းတာ ရောင်းတဲ့၊ နောက်ရက်တွေမှာ ချိုးရရ၊ ခါရရ၊ ယုန်ရရ သူ့ ပေးတဲ့။ သူ့ ပြာမီးခိုးကြီးနဲ့ ပေါက်ထားတဲ့ထဲက ကြက်သားခွဲတစ်စုံ ပေးမယ် တဲ့၊ သူနဲ့အမေနဲ့ ဈေးလယ်ကောင်မှာတွေ့လို့ ပြောလိုက်တယ်"

လေလုံး စိတ်ထဲ နင့်ခနဲ ခံစားမိသည်။

အမေသည် မလွဲသာလွန်း၍ သူ့ကြက်လေး ရောင်းလိုက်ရသည့်တိုင် စိတ်ချမ်းသာဟန်မတူ။ ဈေးလယ်ကောင် လူကြားထဲ၌ပင်လျှင် ဦးလေး ကျင်ကို တောင်းပန်ပြော ပြော၍သာ ဦးလေးကျင်က သူ့ကို သနား၍ စိတ် ပြေရာပြေကြောင်း ပြောလိုက်ခြင်း ဖြစ်နိုင်သည်။ လေလုံးက သူ့အမေကို သနား ၍ အလိုက်တလျော ပြောကာ ဈေးခြင်းချသည့်အထဲမှ ပစ္စည်းများကို ခွဲ ထုတ်ပေးနေသည်။

"အိမ်ကလူကြီးရေ....ပိုက်ဆံမရှိလို့ မွဲလို့သာပါတော်၊ ငွေလက်ငင်း ပေး ဈေးဝယ်တော့ ဈေးတွေက အရမ်းကျပြီး ပစ္စည်းတိုင်း ဈေးချိုလိုက်တာ

တော့။ ဆန်ဈေး၊ ဆီဈေး၊ ငရုတ်၊ ကြက်သွန်၊ ပဲဈေး အကုန် အကုန် ဈေးကျလိုက်တာ။ ဈေးချိုလိုက်တာ။ အရင် ခြောက်ရာ၊ ခုနစ်ရာ ပေးရတဲ့ ဆန်တစ်ပြည် အခု လေးရာတော့၊ အရင် သုံးထောင့်လေးငါးရာ ပေးရတဲ့ ဆီမှ အခု နှစ်ထောင့်သုံးရာတော့၊ အရင် တစ်ပိဿာ ငါးရာ ခြောက်ရာက မဆင်းတဲ့ ကြက်သွန်နီရှယ်တွေ အခုတော့ တစ်ပိဿာမှ ရှစ်ဆယ်တော့၊ ကွမ်းသီးစိတ်ဈေး၊ လက်ဖက်ခြောက်ဈေး၊ သားဈေးငါးဈေး ကျသမှ အကုန် အကုန်ပဲ။ လက်တွေ့ ငွေမပေးနိုင်ဘဲ ကြွေးဝယ်နေရတော့ ဖုတ်၊ ဘီလူး၊ သဘက်စာတွေပါ အပိုကျွေးနေရလို့ ကျုပ်တို့ အလျှဉ် မမီတာ။ ပိုက်ဆံသာ ရှိလို့ကတော့ တရိပ်ရိပ်ကျနေတဲ့ ကုန်ဈေးနှုန်းကာလမှာ ဈေးသည် ငေါက် ဝယ်နေရုံပဲ။ ဆင်းရဲတွင်းက လွတ်အောင် ကြိုးစားကြရအောင်တော်၊ ကြံကြစမ်း လုပ်ကြစမ်းပါ၊ ပိုက်ဆံရှိရင် ခုခေတ်က ဈေးဝယ်ကောင်းလိုက် တာ"

မိဂျမ်းက ယုန်မီရာ ယုန်သောက်၊ ဆင်မီရာ ဆင်သောက်ထုံး နှလုံး မူ၍ သူပြောချင်ရာကို ကရားရေလွှတ် တတွတ်တွတ် ပြောနေသည်။ မိဂျမ်း အပျော်၊ အပြုံးနှင့် မျှော်လင့်မှုကို ငတော မဖျက်ဆီးရက်။

လူတွေ....စိတ်ချမ်းသာကြပါစေ။

မိဂျမ်း....စိတ်ချမ်းသာနိုင်ပါစေ။

မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက် တဒင်္ဂမျှဖြစ်ဖြစ် ဆေးတစ်အိုး ကျွမ်း၊ ကွမ်းတစ်ယာညက်၊ လက်ဖက်တစ်ရိုးဝါး အချိန်ပါးပါးလေး ဖြစ် ပါစေ။ လူတွေ စိတ်ချမ်းသာကြပါစေ၊ မိဂျမ်း စိတ်ချမ်းသာနိုင်ပါစေ။ မရှိ တ၊ ရှိ ကြောင့်ကြ ဖြစ်နေကြသော လူ့အထက်မီး အောက်မီးဘဝမှ ခေတ္တမျှ ဖြစ်စေ လွတ်ကင်းကြပါစေဟု ငတော စိတ်ထဲ ဆုတောင်းမိသည်။

ဆင်းရဲတွင်းက လွတ်အောင် ကြိုးစားကြစမ်းပါ၊ ကြံဆကြစမ်းပါ၊ လုပ်ကြစမ်းပါ ဟူသော မိဂျမ်းစကားသည် မိဂျမ်း ဘဝအသိက တောင်းဆို နေသော စကား။





ခုခေတ်က ပိုက်ဆံရှိရင် ဈေးဝယ်ကောင်းလိုက်တာဟူသော မိဂျမ်း စကားက ဈေးဝယ်နိုင်ဖို့ ပိုက်ဆံရှာဟု တိုက်တွန်းသော စကား။

ပိုက်ဆံရှာဖို့ ငတောရော၊ ငလုံးပါ ကုန်းကျုံး ရုန်းရမည်။ တရား ဥပဒေ မချိုးဖောက်သောနည်း၊ လူနှင့်လူချင်း ရက်စက်စွာ ဂုတ်သွေးစုပ်သော အဖြစ် မရောက်သည့် နည်းဖြင့် ရိုးသားကြိုးစား ရှာဖွေရမည်။

ကိုယ့်အရပ်နှင့် ကိုယ့်ဇာတ်၊ ကိုယ့်ဒေသနှင့် ကိုယ့်နည်း၊ ကိုယ် လုပ်စားတတ်သည်။ အသက်မွေးဝမ်းကျောင်းနှင့် ကိုယ်ဒေသ လုပ်စားရ မည်။ လုပ်ကွင်းစားကျက်အရ ငတောနှင့် ငလုံးတို့ ယနေ့ ချိုးတည်ထွက် မည်။ စောင့်ဆိုင်းနေသော ကွမ်းရွက်နှင့် ကွမ်းသီး ရလျှင်ရချင်း ငတောက ကွမ်းတစ်ရွက်ကို ထုံးထူထူသုတ်၊ ကွမ်းသီးစိတ် ပါးပါးထည့်၊ ဆေးကောင်း ရွက် လေးလေးထည့်ပြီး လာခဲ့စမ်းကွာ၊ တစ်ညလုံး မဝါးခဲ့ရတဲ့ကွမ်း နင် ပါးစပ်ထဲက ပြေးနိုင်သေးသလားဟု အသံတိတ် ကြိမ်းဝါးကာ ပလုတ် ပလောင်း ဝါးသည်။ မိဂျမ်းက....

"တော် ကွမ်းငတ်နေတာ ကျုပ် သိတယ်၊ ကျုပ် စိတ်မကောင်းဘူး၊ အရမ်းနင်းကန်ဝါးလို့ ကွမ်းသီး တစ်နေဦးမယ်၊ တော် ကွမ်းဝါးရတာက ငလုံး ကျေးဇူး၊ သူ့ကြက်လေးကြောင့် ကနေ့ အဆင်ပြေနေတာ၊ ချိုးလည်း ရနိုင်သလောက် ကြိုးစားတည်ခဲ့တော်၊ ပိုက်ဆံရှိရင် ဈေးဝယ်ကောင်းလွန်း လို့"

မိဂျမ်းသည် ငွေရေးကြေးရေး အဆင်ပြေနေချိန်၌ ကရုဏာမိခင်၊ ကြင်နာတတ်သော သားမယား။

ငွေရေးကြေးရေး အဆင်မပြေချိန်၌ မိန်းမကြမ်းကြီး။

မသေဘဲ ဘဝပြောင်းပေးနိုင်သော ပဉ္စလက်ဆရာကြီးက ငွေ.... ငွေ....ငွေ။ ငွေသည် အသက်မရှိဘဲ တန်ခိုးကြီးလှပါဘိတောင်း။

တန်ခိုးကြီးလှသော ငွေ ရရှိဖို့ ငတောရော ငလုံးပါ လုပ်ရတော့မည်။ ဘာလုပ်မလဲ၊ ဘာလုပ်တတ်သလဲ၊ ဘာလုပ်စားရင် ချက်ချင်း စားရမလဲ၊

ကိုယ့်ဘဝ ကိုယ်လုပ်လက်စ ကိုယ့် တောလိုက်လုပ်ငန်း လုပ်ရမည်။

ငလုံးက ချိုးတည်အိမ်ကို လောဝါးဖြင့် လျှိုထမ်းလိုက်သည်။ ကျန်ပစ္စည်းများကို ငတောက စုပြုံယူလာပြီး ရွာတောင်လမ်းအတိုင်း ချိုးတည်ရန်ထွက်ခဲ့သည်။ သွားရင်းလာရင်း ဘဝလှုပ်ရှားမှုကို ပေတံချ တိုင်းထွာကြည့်မိသည်။ ငတော ချတိုင်းကြည့်သော ပေတံက စားဝတ်နေရေး ပေတံ။

စားဝတ်နေရေး ပေတံဖြင့် တိုင်းကြည့်သောအခါ လူမှန်သမျှ ကိုယ့်ဝမ်းစာ ကိုယ်ရှာ၊ ကိုယ့်ဘဝ ကိုယ်ရုန်းနေကြသည်။

ထန်းတက်သူ တန်းတက်နေတာ မြင်ရ၏။ ဝမ်းစာ။

တောင်သူတို့ ထွန်ယက်နေကြ၏။ ဝမ်းစာ။

ခြေလျင်၊ စက်ဘီးဖြင့် ကူးသန်းသွားလာနေကြ၏။ ဝမ်းစာ။

သိုး နွား ဆိတ် ကျောင်းနေကြ၏။ ဝမ်းစာ။

ငှက်ခါးကြီးက တဝဲဝဲ။ ဆက်ရက်က တည်ည်။ စာလေးက တစီစီ။ ပြေလုံးက တတွီတွီ.... အစာရှာကြသည်။ ဝမ်းစာ။

စားဝတ်နေရေး ဝမ်းစာရှာကြသူများ၏ ရုပ်ပုံလွှာသည် မရိုးနိုင်သော ပုံရိပ်လွှာ။ ဘဝတာဝန် ထမ်းဆောင်နေကြသော အားမာန် ရုပ်ပုံလွှာများ။

ရွာနှင့်ဝေးလာ ဝေးလာသောခါ ဆိတ်ငြိမ်မှုက ရလာ၏။ ဆိတ်ငြိမ်သော်လည်း စိတ်မငြိမ်။

စိတ်မငြိမ်၍ သားဖ နှစ်ယောက်စလုံး ရောက်တတ်ရာရာ တွေးကြသည်။ ငတော တွေးမိသည်က မြောင်မြို့နယ် မန်ကျည်းဘုတ်ရွာမှ နာမည်ကျော် မအဲ။ မအဲသည် လောလောဆယ်မှာတော့ နာမည်ကျော်။

မအဲဆီ သွားမေးချင်က သုံးရက်ကြိုတင် တိုကင် ယူရသတဲ့။ ဘာတွေ ဟောလဲမေးတော့ မေးတာ ဟောသတဲ့။ ဒက်ထိ မှန်သတဲ့။ မိဂျမ်းကို ငတောက ပြောမိသည်။

"မိဂျမ်း"

"တော်"





"မန်ကျည်းဘုတ်က မအဲ သွားမေးရင် မှန်လှတဲ့ဟာ၊ နင်ကြားဖူးလား"

"ကြားသားပဲ"

"သွားမေးချင်စိတ်များ မရှိဘူးလား၊ အခကြေးငွေနဲ့ ဟောတာမှ မဟုတ်တာ"

"မမေးချင်ပေါင်တော်၊ လက်တွေ့ဖြစ်နေတာ ကိုယ့်ဘာသာသိနေတာပဲ၊ ဘာများ သွားမေးမလဲ၊ မေးစရာ လိုသေးသလား၊ လူမွဲတစ်ယောက်ကို လူချမ်းသာ ဆယ်ယောက် ဝိုင်းမတာတောင် မကြွဘူးတဲ့။ လုပ်စရာရှိတာ သေကောင်ပေါင်းလဲလုပ်၊ ခြိုးခြံချွေတာစား၊ အကြွေးကင်းအောင် အရင်လုပ်၊ အကြွေးထက်ဆိုးတဲ့ ရောဂါ မရှိဘူး၊ အဲဒီရောဂါ ပျောက်ရင် ကျုပ်တို့ ဆင်းရဲတွင်းက လွတ်မှာပဲ" ဟု ဆိုသည်။ ထိုစကားကို ငတော သတိရ၍ ပြုံးယောင်သန်းနေစဉ် ငလုံးက ဘာစိတ်ကူးပေါက်သွားသည်ဟု ငတော မသိ။ ချိုးတည်အိမ် ချိတ်လာသော လောဝါးကို ထမ်းရင်း သီချင်းတစ်ပုဒ်ကို အားပါးတရ ဟစ်လိုက်သည်။ တောငြိမ်၊ တောင်ငြိမ်၊ ဝန်းကျင်ငြိမ် နေချိန်တွင် ငလုံး သီချင်းသံက ထိုးဖောက် ဖုံးလွှမ်းသွားးသည်။

"ဆင်းရဲခြင်း လွတ်ကင်းအောင်× × × လမ်းပြဆောင်ပါမည် × × × × ရတနာစိန်ရွှေ× × × အထွေထွေ× × × လူထုလက် ရောက်မည်× × × မွဲတဲ့လူ× × × လှူဒါန်းနိုင်မည်× × × ကျောင်းဆောက်ကာ× × × ဘုရားပါတည် × × × ဘိုးဘိုးအောင်နဲ့ ရှင်အဇ္ဇဂေါဏာ× × × မတဲ့ ကိန်းဆိုက်မည်× × ×

ကျန်းကျန်းမာမာ× × × ချမ်းချမ်းသာသာ× × × ဘေးရန်ကာဆီးမည်× × × လူမွဲတွေက× × × မနေ့ခေတ်မီ × × × သူဌေး ဖြစ်တော့မည်× × × တို့နဂါးနီ× × × သိဒ္ဓိတန်ခိုးနဲ့× × × ဆင်းရဲသားတို့ မညှိုးသည် × × × အကျိုးထူး ပေးတော့မယ်တဲ့ဗျ × × × ဘေးအပေါင်း ရန်ကာသည် × × × တို့နဂါးနီ× × × တန်ခိုးနဲ့ အမျိုးဂုဏ်× × × တက်စေမည်× × ×

သိဒ္ဓိဖုံဖုံ× × × × ကုံလုံစေမည်× × × × နေ့စဉ်ညစဉ် ဖိုမထိုးဘဲ × × × × အကျိုးပေးနိုင်သည်× × × × မြန်မာပြည် နဂါးနီ တန်းခိုးရယ်နဲ့× × × × မြေလျှိုးပါလို့ မိုးပျံနိုင်မည်× × × × မွဲတဲ့ လူတွေ × × × × ငွေမရှားဘဲ× × × × ဆောင်ရွက်ကာစွမ်း× × × × ထွက်ရပ်လမ်းပြမည်× × × ×

ကျန်းကျန်းမာမာ× × × × ချမ်းချမ်းသာသာ× × × × ဘေးရန်ကာဆီးမည်× × × × လူမွဲတွေက× × × × မနေ့ခေတ်မီ × × × × သူဌေး ဖြစ်တော့မည်× × × ×

ငလုံးသည် သည်သီချင်းကို တော်တော်ကြိုက်တဲ့ကောင်လေး။ ရွာဘုရားပွဲမှာ စတိတ်ရှိုး တစ်ပုဒ် ငွေသုံးရာပေး၍ ဆိုရစဉ်ကလည်း ဒင်ဒင်ဒေါင်ဒေါင် ဒိန်းဒိန်း အိန်းအိန်း ပေ့ါကြ၊ ဟော့ကြ၊ ဟစ်ကြ သူတို့ကြားထဲ၌ သည်သီချင်းကိုပဲ ခပ်တည်တည် ဆိုသည်။ ပေ့ါသမား၊ ဟော့သမား၊ ဟဲဗီးသမားတွေ ကြားမှာ ရိုးရိုးစင်းစင်း သည်သီချင်းကို ခံစားချက် အပြည့်ဖြင့် ငလုံး ဆိုသောအခါ ပရိသတ်အများက မျှော်လင့်မထား၍ အစပိုင်း၌ ကြောင်ခံနေကြ၊ အံ့အားသင့်နေကြသည်။ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ အပိုဒ်ကို ငလုံး ဆိုမိသောအခါ သံပြိုင်လိုက်ဆိုကြသည်။ ဘယ်လိုမှ မျှော်လင့်မထားဘဲ ဆုငွေများ၊ ပန်းကုံးများ၊ ပန်းစည်းများကို ငလုံးအား စုပုံပေးကြသည်။ အခမ်းအနားမှူးနှင့် ပရိသတ်ညှိပြီး ငလုံးကို ဒုတိယအကြိမ် ပြန်လည်သီဆိုခိုင်းသည်အထိ ပရိသတ်က ကြိုက်ကြသည်။ ဒုတိယ ညတွင်လည်း ငလုံးကို ထပ်ဆိုခိုင်းပြီး ဆုချကြ၊ ပန်းစည်း ပန်းကုံး စွပ်ကြ ပေးကြသည်။ သူ့ကို ဝိုင်းဝန်းအားပေးကြသော သီချင်းကို သတိရ၍လား၊ တစ်စုံတစ်ခုသော ခံစားချက်ကြောင့်လား ငတော မသိ။ ငလုံးကတော့ သူ့သီချင်းကိုသူ ထပ်ပြန်တလဲလဲ ဆိုလာသည်မှာ ချိုးတည်ရာရောက်သည်အထိ ဖြစ်၏။

ချိုးတည်ခြင်းဟူသည် နယ်ခံချိုးအား တည်ချိုးဖြင့် တည်ဖမ်းခြင်းကို ခေါ်သည်။ (အညာချိုးသမားကို ပြန်ဖတ်ပါ)။





ချိုးမှာ သူ့ပိုင်နက်၊ ကိုယ့်ပိုင်နက် ပိုင်နက်မြေ ရှိသည်။

ချိုးတစ်ကောင်၏ ပိုင်နက်နယ်မြေကို အခြားချိုးက လာရောက် ကူသံပေးလျှင် ရန်ပြုခြင်း၊ ကျူးကျော်ခြင်းဟု ယူဆပြီး နယ်ခံချိုးက နယ်စိမ်းချိုးအား သူသေ ကိုယ်သေ ခွပ်သည်။ တိုက်သည်။ နယ်ခံချိုး နယ်မြေကို အခြား ချိုးစိမ်းက မည်သည့်အခါမှ လာရောက်၍ ကူခွင့် မပြု။

အခြားနယ်မှ ချိုးက ကူသံပေးလာပါက အသေအကျေ တိုက်ခိုက်တတ်သော ချိုးသဘာဝကို သိသော ချိုးတည်သမားက တည်ချိုးကို လှောင်အိမ်ထဲထည့်၊ လှောင်အိမ်ဘေး၌ ခလုတ်နှင့်ပိုက်ဆင်၊ နယ်ခံချိုးက လာခွပ်လာပုတ်ပါက ခလုတ်ပြုတ်၊ ပိုက်ဖြင့် မိစေရန် နယ်ခံချိုး နယ်မြေအတွင်း ဝင်ရောက်ကာ ချိုးတည်ကြသည်။ ဤသည်မှာ ချိုးတည်ခြင်း၊ ချိုးမိခြင်း ယေဘုယျ သဘောဖြစ်၏။

ယခုလည်း ငတောနှင့်ငလုံးတို့သည် ဝင်းတော်ကဇာရိုး၏ နောက်ဘက်၌ ရှိသည့် မန်ကျည်းပင် ငါးပင် အုပ်ဆိုင်းနေသော နေရာ၌ ချိုးတည်ခဲ့သည်။ လူက မနီးမဝေး၌ ရှိနေသော ဒဟတ်ပင်ကြီး တစ်ပင်အောက်က စောင့်နေစဉ် လှည်းလမ်းအရှေ့ဘက် မန်ကျည်းပင်အုပ်ကြီးများဆီမှ နယ်ခံချိုးက ဖွတ်ဝင်၊ ဖွတ်ပုတ်၊ ဖွတ်ခွပ်ရာ ကွမ်းတစ်ယာညက် ပင်လျှင် မကြာ။ နယ်ခံချိုးကြီးကို မိသည်။

မိလာသော ချိုးကို ဖမ်းထုတ်ရန် တည်အိမ်ကို ငလုံးက ချယူလာစဉ် ငတောက အမိမြန်လှ၍ ကတိုက်ကရိုက် ငုံ့ကြည့်သည်။ ကြည့်ရင်းကြည့်ရင်းမှာပင်လျှင် ငတော သူ့မျက်စိ သူ သံသယဝင်သည်။

အိပ်မက် မဟုတ်သည်မတော့ သေချာသည်။

သူ အမြင်များ လွဲလေရော့သလား။

သူ မြင်တာ အမှန်ပဲလား။

ထပ်ပြန်တလဲလဲ ကြည့်မိမှ သူ့အမြင် မှန်ကြောင်း လွဲချော်၍ မနေကြောင်း သူ့ကိုယ်သူ ယုံကြည်သည်။

ချိုးထုံးစံ မဟုတ်သည်တို့ကို ယခုသူ ထူးထူးခြားခြား မြင်နေရသည်။ ချိုးထုံးစံက တည်ချိုးက လည်ပြောက်ဖြစ်လျှင် လာခွပ်သော ချိုးမှာလည်း လည်ပြောက်သာ ဖြစ်သည်။ တည်ချိုးက လင်းပြာဖြစ်လျှင် လာခွပ်သော ချိုးမှာလည်း လင်းပြာသာ ဖြစ်သည်။

သာမန် ချိုးထုံးစံအရ တည်ချိုး လည်ပြောက်ကို နယ်ခံချိုး လင်းပြာက လာမခွပ်၊ တည်ချိုး လင်းပြာကို နယ်ခံချိုး ချိုးလည်ပြောက်က လာမခွပ်။ ဤအချက်ကို သမားရိုးကျ ချိုးခွပ်ထုံးစံဟု ခေါ်သည်။

ထုံးစံထက် ကျော်လွန်ဖြစ်လာပါက ထူးခြားမှုဖြစ်စဉ်ဟု ခေါ်ကြသည်။

ယခုလည်း ထုံးစံ မဟုတ်သည်တို့ ဖြစ်ပေါ်လာသည်။

ငတော ငလုံးတို့ တည်ချိုးက ချိုးလည်ပြောက်။

လာခွပ်သော နယ်ခံချိုးက ချိုးလင်းပြာ။

လည်ပြောက်လည်းချိုး၊ လင်းပြာလည်းချိုး ဖြစ်သော်လည်း ချိုးအမျိုးအစား မတူ။ သည်လို မျိုးမတူချိုး ဝင်ရောက်ခွပ်မှု ထူးခြားဖြစ်စဉ်ကို ငတော ရှေ့နောက် ပြန်လှန်ချိန်ဆသည်။ ရှေးချိုးသမားကြီးတို့ ပြောကြားခဲ့သော ရှေးစကားနှင့် လက်တွေ့ အဖြစ်အပျက်တို့ ကိုက်ညီမှု ရှိမရှိ သိစေရန် လက်တွေ့သူ စမ်းသပ်ဖို့ ဆုံးဖြတ်လိုက်သည်။

"ငလုံး"

"ဗျာ.... အဖေ"

"လှည်းလမ်း အရှေ့ဘက်က မန်ကျည်းပင်အုပ်အုပ်ကြီးတွေဆီကို အဖေတို့ သွားရအောင်၊ ရှေးချိုးသမားကြီးတွေရဲ့ ရှေးစကားနဲ့လက်တွေ့ ကိုက် မကိုက် စမ်းကြည့်ရတာပေါ့ကွာ၊ ချိုးတည်အိမ်လည်း ယူခဲ့၊ ဖမ်းမိတဲ့ ချိုးလည်း မထုတ်သေးနဲ့ဦး"

"ဟုတ်"





လှည်းလမ်း အရှေ့ဘက်ရှိ မန်ကျည်းပင် အုပ်ကြီးများ ဆီသို့ သားဖ နှစ်ယောက် ရောက်လာသည်။ အုံ့ဆိုင်းမှိုင်းညို့နေသော မန်ကျည်းပင် တောထဲမှ မန်ကျည်းပင်ကြီး တစ်ပင်ကို ငတောက အရင်ပြသည်။

"အဲဒီပင်ကြီး စတက်ကွာ၊ ခြေချော်လက်ချော် ပစ်ကျလို့ ကျိုးပွဲ့ကုန်ဦးမယ်၊ ကောင်းကောင်းတက်၊ ကိုင်းဖျားကိုင်းနား လျှောက်တဲ့အခါ အပေါ်က ကိုင်းရှိ အပေါ်ကိုင်းဆွဲ၊ အပေါ်က ကိုင်စရာ ကိုင်းမရှိရင် မတ်တတ် လျှောက်၊ ဟန်ချက် မပျက်စေနဲ့"

"ဟုတ်....ကျုပ် မန်ကျည်းပင်ပေါ်တက်ပြီး ဘာလုပ်ရမှာလဲ အဖေ"

"ချိုးလင်ပြာအသိုက် ရှိသလား ရှာစမ်းကွာ၊ အသိုက် ရှိခဲ့ရင် ချိုးမကြီးနဲ့ ချိုးဥတွေ ရှိသလား၊ ချိုးလေးတွေ တွေ့သလား အဖေ့ပြော"

"ပြောရုံပြောရမှာလား၊ ဖမ်းခဲ့ရမှာလား"

"ကြည့်ရုံကြည့်ပြီး အဖေ့ကို လှမ်းအော်ပြော"

သည်မျှဆိုလျှင် ငလုံး အလုပ် လုပ်၍ရပြီ။ မန်ကျည်းပင်ကြီးတစ်ပင်ပေါ် ကျွမ်းကျွမ်းကျင်ကျင် တက်ကာ စေ့စေ့စပ်စပ် ရှာသည်။ ဘာအသိုက်မှ မတွေ့။

နောက်တစ်ပင်ပေါ် တက်ကာ ရှာပြန်သည်။ ဘာမှ မတွေ့။

နောက်တစ်ပင်ပေါ် တက်ကာ မန်ကျည်းကိုင်း ခွဆုံနှင့် ဆက်နေသော မန်ကျည်းကိုင်း အုပ်အုပ်တစ်ခု အရောက်၌ ငလုံးက အော်သည်။

"အဖေ"

"ဟေ"

"ပျံသွားပြီဗျ"

"ချိုးမကြီးလား"

"ဟုတ်"

"အသိုက်ဆီ အရောက် သွားကြည့်ကွာ"

"ဟုတ်"

"ဘာတွေ့လဲကွ ငလုံး"

"ဟာ....အဖေရေ၊ မျက်စိမပေါက်သေးတဲ့ ချိုးနီတာရဲရဲ နှစ်ကောင်ဗျ၊ ကိုယ်တုံးလုံးလေးတွေ၊ ဘာအမွေးမှ မပေါက်သေးဘူး၊ ခေါင်းချင်း ဆိုင် အိပ်နေတာ"

"သွားမကိုင်နဲ့နော်၊ ကောင်းကောင်းမွန်မွန် ပြန်ဆင်းခဲ့၊ အဖြေတွေ့ပြီ"

"ဟုတ်....ဟုတ် ကျုပ် ဆင်းခဲ့တော့မယ်"

ငလုံးက တတိယမြောက် မန်ကျည်းပင်ပေါ်မှ ဆင်းလမ်းရှာ၍ ဆင်းနေစဉ် ငတောက ဖမ်းမိ ချိုးလင်းပြာကြီးကို ကြည့်နေသည်။

ရှေး ချိုးသမားကြီးများ၏ ရှေးစကားက ချိုးလည်ပြောက်ဖြင့် ချိုးတည်နေသော အချိန်၌ ချိုးလင်းပြာ လာရောက်ခွပ်ခဲ့လျှင် နီးစပ်ရာ သစ်ပင်ကြီးများ အပေါ်တွင် ချိုးလင်းပြာ အသိုက်ကို ရှာရမည်။ ထိုအပင်ကြီးများပေါ်၌ ချိုးလင်းပြာ မိသားစုနှင့် အသိုက်ကို တွေ့လိမ့်မည်။ တွေ့လာပါက ဖမ်းမိ ချိုးလင်းပြာကို မဖြစ်မနေ ပြန်လွှတ်ပေးရမည်။ ပြန်မလွှတ်ဘဲ ဖမ်းဆီးသတ်ဖြတ်ပါက သတ်ဖြတ်သူ မိသားစု ဘေးဒုက္ခ ချက်ချင်းရောက်တတ်သည်။ တောစည်းမဖောက်ဘဲ ဖမ်းမိ ချိုးလင်းပြာကို ပြန်လွှတ်ပါက ဆင်းရဲမှုမှ ကင်းလွတ်သည်။ ဘေးရန်မှ ကင်းဝေးသည်။ တောစည်း မဖောက်ရန် သိသူက မသိသူကို မှာရမည်ဟု ရှေးသမားစဉ် စကားရှိခဲ့၏။

သူ့ဘေးရပ်လာသော ငလုံးအား ငတောက ပြောသည်။

"ငလုံး"

"ဗျာ....အဖေ"

"ချိုးလင်းပြာအမ တစ်ကောင်တောင် ငါးရာ ခြောက်ရာ အလုအယက် ဝယ်နေကြချိန်မှာ အဖေတို့ဖမ်းမိတဲ့ ခုချိုးလင်းပြာ အထီးကြီးဆိုရင် ခုနစ်ရာ ရှစ်ရာတော့ သေချာပေါက် ရောင်းရမှာပဲ၊ ဒါပေမဲ့ စည်းဆိုတာ လူတန်းစား





မရွေး စောင့်ထိန်းလိုက်နာရမယ့် တာဝန် ဝတ္တရား တစ်ခုပဲ၊ အဖေတို့ ငါ့သားတို့ဟာ ငတ်နေ ပြတ်နေ ကျပ်နေပေမယ့် မဖောက်ကောင်းတဲ့ စည်းကို မဖောက်ချိုး မိဖို့လိုတယ်၊ စည်းပျက်ပြီး နိုင်တိုင်း အနိုင်ကျင့်လို့ မသင့်တော်ဘူး။ အဖေတို့ ဒီချိုးလင်းပြာကြီးကို ပြန်လွှတ်ရအောင်"

"ရှေးထုံးစံတို့ တောစည်းကမ်းတို့ ရှိသလားအဖေ"

"အေး....ရှိတယ်၊ ဒီချိုးလင်းပြာကြီးက အထီးကြီးကွ၊ သာမန် အချိန်မှာ သူ့ချိုးမနဲ့သူ တွဲနေတဲ့ နေရာကို ချိုးလည်ပြောက်လာကူလည်း ကူချင်သလိုကူ၊ ချိုးအမျိုး မတူလို့သူက မတိုက်ခိုက်ဘူး၊ ဝင်မခွပ်ဘူး၊ ဝင်မပုတ်ဘူး၊ ခုအချိန်မျိုးမှာ ထုံးစံမဟုတ်ဘဲ ထူးထူးခြားခြား ဝင်ခွပ်ရ၊ ဝင်ပုတ်ရ၊ ဝင်တိုက်ရတာက သူ့သားသမီး ပေါက်စလေးတွေကို တခြားနယ်က လာတဲ့ ချိုးစိမ်းက ရန်ပြုမှာစိုးလို့ ကြိုတင်ကာကွယ်တဲ့ အနေနဲ့ သူက ဇွတ်ဝင် ဇွတ်တိုက် ဇွတ်ပုတ်လုပ်ရတာ၊ အဖေဆိုတော့ သားသမီးအတွက် အသက်သေသေ၊ အရိုးကျေကျေ၊ အရေခန်းခန်းဆိုတဲ့ အဖေမေတ္တာ၊ အဖေစေတနာနဲ့ သူ တိုက်ခိုက်တာကွ၊ ဒါကို သိထားတဲ့ ရှေးချိုးသမားကြီးတွေက အဖေ့ ဂုဏ်ရည် ပူဇော်တဲ့ အနေနဲ့များ၊ ပြန်လွှတ်ခိုင်းသလား တွေးစရာကြီးပဲ၊ အဖေ့ ဂုဏ်ရည်ကို ချိုးဖျက်လို့ တောစည်းဖောက်ရာ မရောက်အောင် အဖေတို့ ပြန်လွှတ်ကြမယ်၊ သူ့မယား ချိုးမကြီးနဲ့ သူ့သားသမီးတွေ ရှာဖွေကျွေးမွေး ပြုစုစောင့်ရှောက်ဖို့အတွက် အဖေတို့ ဆုတောင်းပြီး ချိုးထီးကြီးကို ပြန်လွှတ်ရအောင်၊ ငါ့သားက ဖမ်းမိမှ အဖေ့ပေး၊ နှစ်ဦး ဆုတောင်းပြီးမှ ပြန်လွှတ်မယ်"

သေဘေးကို ကြောက်လန့်၍ ဆောက်တည်ရာမရ ပြေးလွှားနေသော ချိုးလင်းပြာ အထီးကြီးအား ငလုံးက ကျွမ်းကျွမ်းကျင်ကျင် ဖမ်းယူလိုက်သည်။ ညင်ညင်သာသာ ဆုပ်ကိုင်ပြီး သူ့အဖေ ငတောကို လှမ်းပေးရာ ငတောက တယုတယ ဖမ်းဆုပ်ပြီး ငလုံးအား လှမ်းပြောသည်။

"ငလုံး....အဖေတို့ ဆုတောင်းပြီး လွှတ်မယ်၊ အဖေရှေ့ကဆိုတာကို

ငါ့သားက နောက်ကလိုက်ပြီး ယုံယုံကြည်ကြည်နဲ့ ပီပီသသ ဆိုနော်”

“ဟုတ်ကဲ့....အဖေ၊ ဟုတ်ကဲ့”

“ကျုပ်တို့သည် ဆင်းရဲကျုပ်တည်းသော်လည်း မဖောက်ကောင်းသော တောစည်းကို မဖောက်ဖျက်ပါ၊ နိုင်တိုင်း နိုင်သလို ကျုပ်တို့ မလုပ်ပါ၊ ဤမှန်သောသစ္စာစကားကြောင့် သူဌေးမင်း မဖြစ်သော်လည်း၊ အကြွေးကင်းသော လူသား ဖြစ်ရပါလို၏။ နတ်၌ဖြစ်သော နတ်သုဒ္ဓါကို ကျုပ်တို့ မစားရသော်လည်း လူထမင်းလူဟင်းကို လူနဲ့တူတူ၊ လူနဲ့မျှမျှ စားချိန်ကျသောအခါ စားရပါလို၏။ သူ့အသက် တစ်ခါ လွှတ်ရသော ယခုကောင်းမှုကြောင့် ကျုပ်တို့၏ အသက် ဆယ်ခါလွှတ်ရပါလို၏”

သားအဖနှစ်ယောက် လိုက်လိုက်လှဲလှဲ ဆုတောင်းပြီးသောအခါ ဖမ်းမိ ချိုးလင်းပြာကြီးအား ညင်ညင်သာသာ လွှတ်ပေးလိုက်သည်။

လွှတ်လပ်ပျံသန်း ကောင်းကင်သို့ ချိုးလင်းပြာ အထီးကြီး ဝင်ရောက်သွားသောအခါ ရွှင်လန်းမြူးထူးစွာ လှည့်ပတ် ပျံသန်းနေသည့် ဆောက်တည်ရာမရ ဖြစ်နေသော ချိုးမက အားရဝမ်းသာ ဆီးကြိုသည်။

ချိုးဖိုနှင့်ချိုးမတို့သည် အားရဝမ်းသာ ရွှင်မြူးစွာဖြင့် မန်ကျည်းပင်အုပ်ကို နှစ်ပတ်သုံးပတ် ပတ်ပျံ နေသေး၏။ ထိုသို့ ပျံသန်းပြီးမှ နှစ်ကောင်စလုံးပင် ချိုးအသိုက်ရှိရာ မန်ကျည်းပင်ကြီးပေါ်မှ မန်ကျည်းကိုင်းကြီး အပေါ်ဝင်နားသည်။ ထို့နောက် အမွေးမပေါက်သေးသော ချိုးနီတာရဲလေးများရှိရာ ချိုးသိုက်ထဲသို့ ဝင်သွားသည်။

ငတောနှင့် ငလုံးတို့၏ ရင်၌ မဖော်ပြတတ်သော ဝေဒနာ တစ်ခုကို ပြိုင်တူ ခံစားလိုက်ရ၏။

၁၇-၁၁-၂၀၀၈

❖





# ဇဉ်ရှယ်

(၁)

သပိတ်ကိုလွယ်
သားရေနယ်တဲ့ရှာတုန်း
ချောင်းအနီး
မောင်ကြီးကို တစ္ဆေကိုက်မယ်
မင်းလိုက်ခဲ့အုံး။

(ရှေးရေးကဗျာ)

* * *

သေခြင်းတရားနှင့်လူသား ဘယ်လောက် ဝေးကွာပါသလဲ။

သေခြင်းတရားသည် လူသားနှင့် နီးနီးလေးလား၊ အဝေးကြီးလား။

သေမည့်ရက်၊ သေမည့်အချိန်၊ သေမည့်နေရာကို ကြိုတင်ခန့်မှန်းနိုင်သည့် နည်းလမ်း ရှိသလား။

သေခြင်းတရားကို တားဆီးနိုင်သော တန်ခိုးတော်ရှင် ရှိသလား။

ထိုမေးခွန်းများနှင့် ပတ်သက်သော အဖြေကို အသုဘ ကြုံတွေ့၍ စဉ်းစားချိန် ရှိလေတိုင်း စဉ်းစားမိတတ်ပြီး အဖြေသိလိုလှသည့်သူက ငတော။ ဒီနေ့လည်း အသုဘတစ်ခုကို လိုက်လံပို့ဆောင်နေရင်း မေးခွန်း၏ အဖြေကို ငတော စဉ်းစားနေမိသည်။ ယုန်မီရာ ယုန်သောက်၊ ဆင်မီရာ ဆင်သောက် ဆိုထုံးကဲ့သို့ ငတော အသိဉာဏ် တစ်ထွာ တစ်မိုက်ဖြင့် စဉ်းစားရာ စိတ်တိုင်းကျသော အဖြေကို သူမရ။ ဆင်ခေါင်း ခွေးမချီနိုင်သလို သူ့ဉာဏ်အဆင့် မမီ။ ငတော မှတ်မိသမျှ အချိန်ကတည်းကပင်လျှင် သေခြင်းတရားနှင့် လူသားဘဝ နိဂုံးကို မြင်တွေ့ကြားသိခဲ့ရ၏။

ချိုင့်ကြီးရွာမှာ ကြီးသူတို့လည်း တဖွဲဖွဲ သေခဲ့၏။ ငတောနှင့် ရွယ်တူတွေလည်း သေခဲ့၏။ ငယ်သူတွေလည်း သေခဲ့၏။ ပထမတန်းမှ စတုတ္ထတန်း အထိ သုံးယောက် ထိုင်ခုံမှာ သူနှင့် တစ်ခုံတည်း ထိုင်ခဲ့သော သူ့သူငယ်ချင်း နှစ်ယောက် လူ့ဘဝမှာ မရှိတော့။ ငတော တစ်ယောက်သာလျှင် မွဲမွဲကျပ်ကျပ် ငတ်ငတ်ဆင်းရဲ လူးလဲရုန်းကန်ရင်း သားကြား မယားကြားမှာ မသေမပျောက် ရှိနေဆဲဖြစ်၏။

ချိုင့်ကြီးရွာ သင်္ချိုင်းကုန်းက ညဉ့်ခပ်ဆိုးဆိုး။ မသေဆိုလျှင် လေးငါးခြောက်လ တစ်ယောက်မျှ မသေ။

သင်္ချိုင်းကုန်းမှာ နွားကျောင်းသား ဆိတ်ကျောင်းသားများ တဝါးဝါး တဟားဟား။ တုတ်ပေါက်ကြ၊ ထွေပစ်ကြ၊ ကျည်းသားရိုက်ကြ တရုန်းရုန်း။

သေပြီဟော့ဆိုလျှင် ရှေ့မသာ၊ နောက်မသာ နာရီခြား ချရတတ်သည်။ နေ့ဆက် မသာချ လိုက်တန်လိုက်ရသည်။ ထိုကဲ့သို့သော နေ့များ၌ တစ်ရွာလုံး မျက်စိမျက်နှာ မကောင်း။ မြို့ကြီးပြကြီးမှာလို သူ့ငါမသိ၊ ငါ့ သူမသိ မဟုတ်ဘဲ၊ တစ်နွယ်ငင် တစ်စင်ပါနေရာ စိတ်မကောင်းကြ။ ယုတ်စွအဆုံး နွားကျောင်းသား၊ သိုးကျောင်းသားလေးများပင်လျှင် ထိုနေ့မျိုး၌ ငြိမ်ငြိမ်ဆိတ်ဆိတ်။





မနေ့က အသုဘချသော ကောင်မလေးမှာ ချိုင့်ကြီးရွာ စုပါစတား တောသူဌေးမလေး အေးချိန့်။ အေးချိန့် သေဆုံးချိန်မှာ အသက်က ၄၂နှစ်။ နေကောင်းထိုင်ကောင်း သန်တုန်းမြန်တုန်း အချိန်၌ လှေ့ပြေးရင်း တက်ကျိုးခဲ့ရ၏။ အသုဘပို့ကလည်း များပြားလှသည်မှာ ဘတော်ပျံ၊ မယ်တော်ပျံ ပမာအလား ကြိတ်ကြိတ်တိုး စည်မှစည်။ များမှများ။

စည်ရ များရမည်။ ချိုင့်ကြီးရွာတစ်ရွာလုံး အိမ်ခြေ အစိတ် သုံးဆယ်ကျော်ကလွဲလျှင် အေးချိန့်နှင့် ကင်းလွတ်နိုင်သူ မရှိ။ အေးချိန့်က ဆယ်တန်းနှစ်ခါ ကျပြီးသော နှစ်၌ သူ ကျောင်းထွက်မည်။ ပစ္စည်းရှိ ယောကျ်ားတစ်ဦး ရှာယူပြီး စီးပွားရေး လုပ်တော့မည်ဟု ဖြောင်ဖြော ဖြောင်ကြေညာ၍ ယောကျ်ား ယူခဲ့သည်။

အေးချိန့်လို တောသူဌေးတစ်ဦးသမီး ရုပ်ချော၊ ပညာတတ်၊ အလုပ်သေကောင်ပေါင်းလဲ လုပ်သော မိန်းမချောလေးကို ချွေးမ အလုအယက်တော်ရန် တောသူဌေးများ၏ သားရှင်များက သူပြိုင်ကိုယ်ပြိုင် ကမ်းလှမ်းသည်။ အေးချိန့်က ပညာတတ်၊ တောသူဌေးသားကိုပယ် ဘုန်းကြီးကျောင်းထွက် တောသူဌေးသား ရိုးရိုးအအကြီး ရွေးချယ်ကာ လက်ထပ်ပြီး တောင်သူခွင်ဝင် စီးပွားခွင်ဝင်သည်။

အေးချိန့် အလုပ်က အစုံအလင်။ ယာပေါင်ခံခြင်း၊ ငွေတိုးပေးခြင်း၊ သီးနှံ ပင်ထောင်ပေး ပေးခြင်း၊ ပစ္စည်းမျိုးစုံ အပေါင်ခံခြင်း၊ တောပွဲစား (သီးနှံပွဲစား) လုပ်ခြင်း၊ မြို့ပြမှ ဆန် ဆီသယ်ကာ သီးနှံပေး ပေးခြင်း အစရှိသော အမြတ်ကြီးစား လုပ်ငန်းများကို အားကြိုးမာန်တက် စိတ်ပါလက်ပါ လုပ်သည်။

အေးချိန့် အိမ်ဝင်းထဲ ကြည့်လိုက်ပါက အပေါင်ခံ စက်ဘီးများ၊ ဆိုင်ကယ်များ၊ ရေစုပ်စက်များ၊ နွားစာစင်းစက်များ၊ ရေစုပ်ပိုက်များ၊ နွားလှည်းကြီး၊ နွားလှည်းငယ်များ၊ ထွေလာဂျီ(ထော်လာဂျီ)များမှာ မမြင်ဖူးသူတို့အဖို့ အံ့သြစရာ ဖြစ်မည်။ အဝတ်အထည်၊ အိုးခွက်ပန်းကန်၊ စောင်၊

ခြင်ထောင်၊ ကလေးပုခက်အထိ အပေါင်ခံ ပစ္စည်းများမှာ အစုလိုက် အပုံလိုက်။ ရွှေထည်ပစ္စည်းမှာ လူမြင်သူမြင် မခံသော ပစ္စည်းဖြစ်၍ မမြင်ကြရသည့်တိုင် လာသမျှ ရွှေထည်ကို အေးချို့နွဲ့ လက်ခံသည်။ ရှာကလာလာ တစ်ရှာကလာလာ ငွေမရှိ မဖြစ်စေရ။

ရွှေထည်ပစ္စည်းပါက တစ်ရာမှာ တစ်လငါးကျပ်တိုး။ အခြား စက်ဘီး၊ လှည်း၊ ဆိုင်ကယ်ဖြစ်က ခုနစ်ကျပ်တိုး။ အဝတ်အထည်၊ အိုးခွက်ပန်းကန်ဖြစ်ပါက တစ်နေ့ နှစ်ဆယ်တိုး (တစ်လ ငွေတစ်ရာလျှင် ခြောက်ရာတိုး)၊ ငွေတိုး (ပစ္စည်းမပါ)။ စာချုပ်ချေး တစ်လ နှစ်ဆယ်၊ အစိတ်တိုး ချေးငှား အပေါင်ခံသည်။ ထိုသို့ အလွတ်ချေးရာ၌ သူ့ငွေနှင့် ညီမျှမည့် အမာခံပစ္စည်း မြင်သူမှ ချေးသည်။ ထိုပစ္စည်းမျိုး မမြင်လျှင် မချေး။

ဂျုံတစ်တင်း လက်ငုတ်ပေါက်ဈေး တစ်သောင်းခွဲရှိပါက သီးနှံပေါ်လေးလကြိုပေး တစ်တင်း ခုနစ်ထောင့်ငါးရာ၊ နှမ်းတစ်တင်း လက်ငုတ်ပေါက်ဈေး သုံးသောင်းရှိပါက လေးလကြိုတင်ပေး တစ်တင်း တစ်သောင်းခွဲ စသည် စသည်ဖြင့် ပင်ထောင်ပေး ဈေးနှိမ်ဝယ်သည်။ ဈေးနှိမ်ဝယ်၍ ရောင်းသူ မရှိဟု ထင်လျှင် တက်တက်စင်အောင် မှားပေလိမ့်မည်။ မျိုးစရိတ်၊ စိုက်စရိတ်၊ ရိတ်သိမ်းစရိတ်၊ စားဝတ်နေရေးစရိတ် လိုအပ်နေသော တောင်သူ အငယ်စားနှင့် အလတ်စားတို့က ရှိခိုးဦးတင်ဖြင့် အေးချို့နွဲ့ထံ ပင်ထောင်ရောင်း ရောင်းကြသည်။ ရောင်းသူများလွန်း၍ အေးချို့နွဲ့လူရွေးကာ စိတ်ချရမည်ထင်မှ ကြိုရောင်း၊ ကြိုဝယ် လုပ်သည်။ ငိုကြီးချက်မဖြင့် လာရောက်သူ မှန်သမျှကို ဈေးနှိမ်ရသေးသည်။

တောင်သူအငယ်စားနှင့် အလတ်စားတို့သည် အေးချို့နွဲ့ ဝဲဂယက်မှ မထွက်နိုင်ကြ။ မျိုးမထားနိုင်သော တောင်သူ မှန်သမျှကို အေးချို့နွဲ့က ပေးနိုင်သည်။ စပါးမျိုး၊ ဂျုံမျိုး၊ နှမ်းမျိုး၊ ပဲမျိုးစုံမျိုး၊ ပြောင်းမျိုး၊ ပြောင်းဖူးမျိုး အစရှိသော မျိုးပေါင်းစုံက အေးချို့နွဲ့ ကျီထဲမှာ ကြိုတင် ခန့်မှန်းလှောင်ထား၍ အမြဲရှိသည်။ အတိုးကတော့ ဘိုးဘိုးအောင် ဝတစ် လုံးဖျက်က နှစ်လုံးဖြစ်၊





နှစ်လုံးဖျက်က လေးလုံးဖြစ် အတိုးပင်။ ဂျုံတင်း တစ်ဆယ် မျိုးယူချက ပေါ်ချိန်မှာ တင်း နှစ်ဆယ် ပေးရသည်။ စပါး တင်းငါးဆယ် မျိုးယူချက ပေါ်ချိန်မှာ တင်းတစ်ရာ ပေးရသည်။ မိုးမမှန် လေမမှန်၍ မပေးဆပ်နိုင်သေးပါက အေးချို့နွဲ့နှင့် ညှိရသည်။ အရင်နှစ်က အရင်းနှင့်အတိုးကို တွက်၊ နောက်နှစ်အတွက် အသစ်ယူသော တင်းဟု ထပ်ပြန်တိုးမှတ်၊ ပေါ်ချိန်၌ အသစ်ယူသော မှတ်သားတင်းဖြင့် ပြန်ဆပ်ရသည်။ ပြန်လှန်သည်ဟု အေးချို့နွဲ့တို့က သုံးသည်။ အရင်းရော အတိုးပါ နှစ်ထပ်တိုး ပြန်လှန်ခံရသော အခါ တောင်သူ အငယ်စားနှင့် တောင်သူ အလတ်စားများခမျာ ခံနိုင်ရည် မရှိရှာတော့။ အေးချို့နွဲ့ လုပ်သမျှ မျက်ရည် စက်လက်ဖြင့် ရှိုက်ကြီးတငင် ခံစားရသည်။

အေးချို့နွဲ့ ဘာလုပ်ပါသလဲ။

သူ ရရမည့် သီးနှံပေးတွက် ငွေတိုးတွက်ကာ ဝင်းသိမ်းသင့်က ဝင်းသိမ်းသည်။ ယာသိမ်းသင့်က ယာသိမ်းသည်။ လှည်းနွား သိမ်းသင့်က လှည်းနွား သိမ်းသည်။ ကြွေးတောင်းရာ ကြွေးသိမ်းရာ၌ အေးချို့နွဲ့မှာ လူရင်းလူစိမ်းမရှိ။ ဆွေမရှိ မျိုးမရှိ၊ အရင်းအဖျား မရှိ၊ အသက်ကြီး အသက်ငယ် မရှိ။ သူ့ကြွေးမရသေးက ငိုချင်သလောက်ငို၊ မျက်ရည် ကျချင်သလောက်ကျ၊ ရှိခိုးဦးတင် လုပ်ချင်သမျှလုပ်၊ မြေကြီးပေါ် လူးလဲ လိမ့်ချင်လိမ့်။ အေးချို့နွဲ့ အဆူ၊ အဆဲ၊ အမာန်၊ အငေါက်၊ အကြိမ်းအမောင်း၊ အချောက်အလှန့် မလျှော့။ သူ အပြတ် ငှားထားသောရှေ့နေက သူ့အမှုများအတွက် အဆင်သင့် ဖြစ်ရာ အေးချို့နွဲ့ကို ဘယ်သူမှ တရားမပြိုင်လိုကြ။ ဆူ၊ ဆဲ၊ မာန်မဲ၊ ငေါက်၊ ကြိမ်း၊ ချောက်လှန့် နေသော အေးချို့နွဲ့ အလိုကျ ဖြစ်အောင် ဝင်း၊ အိမ်၊ လှည်း၊ နွား၊ ယာမြေကို သူ့အကြွေးကျေအောင် ပေးရသည်။ မပေးသမျှ မအေး၊ ပေးမှ အေးသော အေးချို့နွဲ့။

အေးချို့နွဲ့ သူငယ်ချင်း အရာရှိမ တစ်ယောက် သူ့အိမ် အလည်လာရာ ရသောလခ မေးသည်။ မြို့နယ်အဆင့် အရာရှိလစာမျှသာဖြစ်ရာ အေးချို့နွဲ့

နှာခေါင်းရှုံ့သည်။ အထင်သေးစကား ပြောသည်။ သူငယ်ချင်း အရာရှိမက "ငါ မချမ်းသာချင် နေပါစေဟယ်၊ နင့်လို သွေးစုပ်ဘီလူး မဖြစ်ရင် တော်ပါပြီ" ဟု ပြောရာ အေးချို့နွဲ့ အရယ်မပျက်။ "နင် သွေးမစုပ်ဘူးတော့ ပြောမှာပေါ့ ကောင်မ၊ သွေးစုပ်စရှိတဲ့ လူဟာ ချမ်းသာသထက် ချမ်းသာအောင် သွေးစုပ်ပြီးရင်း စုပ်ချင်နေတာနော် ကောင်မ၊ နင့် ဌာနမှာ ငါဝင်ရတဲ့ ဂွင်(ခွင်) ရှိရင်ပြော၊ နင်တစ်ဝက် ငါတစ်ဝက် ငွေတိုးချေးရမယ့် ဂွင်ရှိရင်လည်းပြော" ဟု ဆိုရာ မြို့နယ်အဆင့်ရှိ အရာရှိမလေးခမျာ "နင်ငါနဲ့ တစ်ကျောင်းတည်း တစ်ခုံတည်း ခြောက်နှစ်တိတိ ထိုင်ခဲ့ရတဲ့ ငါ့ သူငယ်ချင်း အေးချို့နွဲ့တော့ ဟုတ်ပါသေးတယ်နော်၊ ငါ အိမ်မှား လူမှား စကားပြောနေမိတာတော့ မဟုတ်လောက်ပါဘူး အေးချို့နွဲ့ရယ်၊ နင်ဘာလို့များ ဒီဘဝရောက်သွားပါလိမ့်၊ နင့်ကို ဘုရား၊ တရား၊ သံဃာ ကယ်တင်ပါစေဟယ်" ဟု ရင်ဖို ဆုတောင်းသွားရှာ၏။ အေးချို့နွဲ့က "ငါ့ကို ဘုရား၊ တရား၊ သံဃာ မကယ်တင်မှာ မပူပါနဲ့ဟာ၊ ငါက အလှူရေစက် လက်နဲ့မကွာ အေးချို့နွဲ့ပါ" ဟု ရယ်ရယ်မောမော ပြောခဲ့သည်။ ဆယ်စုနှစ် နှစ်ခုလောက်မျှဖြင့် လူ့ဘဝ၌ သည်လောက် ပြောင်းသွားသော သူ့သူငယ်ချင်းကို ကြည့်၍ အရာရှိမ စိတ်ထဲ၌ လူ့သဘော၊ လူ့သဘာဝ၊ လူ့စရိုက်၊ လောကမာယာ၊ လောက အလှည့်အပြောင်းကို သူ လေ့လာရန် လိုသေးသည်ဟု သူ့ကိုယ်သူ တိတ်တခိုး မှတ်ချက် ချပြန်သွားသည်။

အေးချို့နွဲ့ပြောသော အလှူရေစက် လက်နဲ့မကွာဟူသော သူ့စကားသည် မုသား လုံးဝ မပါ။ မှန်သော သစ္စာသာတည်း။

ချိုင့်ကြီး တစ်ရွာလုံး ရှာချင်သမျှရှာ။ အေးချို့နွဲ့ကဲ့သို့ အလှူအတန်း ရက်ရောသူ မရှိ။ ရွာဘုန်းကြီးကျောင်း အားလုံးသို့ အေးချို့နွဲ့ သွားရောက်၍ ရှင်သာမဏေဝတ်ဖြင့် ပထမအကြီးတန်း ပြီးသော ကိုရင် ရှိခဲ့ပါက ဘယ်နှပါး ရှိရှိ သူ့ကို ရဟန်းဒါယိကာမအဖြစ် ထောက်ပံ့ခွင့်ပြုပါဟု လျှောက်ထားခဲ့သည်။ ဓမ္မာစရိယ စာချတန်းတက်သော ရှင်သာမဏေ သုံးပါးအား မြင့်မြတ်





သော ရဟန်းဘဝ ရောက်အောင် အေးချို့နွဲ့က ပစ္စယာဒုဂ္ဂဟာပြု၍ ရဟန်းအမအဖြစ် ခံယူခဲ့ပါသည်။ ဓမ္မစရိယဘွဲ့ ဆက်ကပ်ခံရသော အချိန်၌လည်း သူ့ရဟန်းသုံးပါးအား စာအောင်သဘင် ဂုဏ်ပြုပွဲကို အေးချို့နွဲ့မြိုမြိုမြိုမ့်သဲသဲ ကျင်းပပူဇော်ခဲ့သည်။

အေးချို့နွဲ့သည် လောဘဇော တိုက်နေသူဖြစ်၍ သားသမီး မယူခဲ့။ သာသနာ့ ဒါယိကာမ ဖြစ်ချင်သောအခါ ရွာအတွင်းရှိ မရှိဆင်းရဲသားများ၏ သားသမီးများကို ရှင်လောင်းတောင်းကာ ရှင်ပြုနားသ မင်္ဂလာပွဲကို မန္တလေးအငြိမ့်၊ မန္တလေးဆိုင်းဖြင့် ကျင်းပပြီး ထမင်းရည်ချောင်းစီး၊ တစ်သောင်းခရီးအထိ ဖိတ်ကြား ကျွေးမွေးခဲ့သည်။ လက်သီးဆုပ်လောက်ရှိသော ဝက်သားနီချက်၊ ကုလားပဲနှပ်ဆီပြန်၊ ငရုတ်ကြော်၊ သရက်ချဉ်၊ ကြာဆံဟင်းချိုဖြင့် လာသမျှကို အလျှံအပယ် ကျွေးမွေးခဲ့သည်။ ကူငွေသည်းခံပါ၊ ဒါနမြောက်စေရန် ထမင်း သုံးဆောင်ပြီးမှ ပြန်ပါဟု အလှူမနက်ခင်း ဧည့်ခံချိန်မှ စာကပ်ကြော်ငြာကာ အေးချို့နွဲ့ ပြတ်ပြတ်သားသား လှူဒါန်းခဲ့သည်။

အေးချို့နွဲ့သည် နှစ်စဉ် နှစ်ဆန်းတစ်ရက်နေ့ ကျရောက်တိုင်း ရဟန်းသံဃာ သာမဏေ၊ သီလရှင် မချန် နေ့ဆွမ်းကျွေးသည်။ လာသမျှ ပရိသတ်ကို ရက်ရက်ရောရော ကျွေးမွေးသည်။ နှစ်ဆန်းတစ်ရက်၊ ဝါဝင်၊ ဝါကျွတ်နေ့တိုင်း နေ့တိုင်း အသက် ၇၀ ပြည့်ပြီးသူ မှန်သမျှကို လူစေ့ ထမင်းအုပ်ပို့သည်။ တစ်နှစ်လျှင် တစ်ကြိမ်ကျ စောင်၊ ပုဆိုး၊ ထဘီ၊ အင်္ကျီ၊ သဘက်၊ ပဝါ၊ အားဆေးပြားများကို ဆင်းရဲနွမ်းပါးသော သက်တော်ကြီး ဝါတော်ကြီးများကို အမြဲ ကန်တော့သည်။ ဝါဆိုသင်္ကန်း ကပ်ခြင်း၊ ကထိန်ခင်းခြင်း၊ ဥပုသ်ကျောင်း၌ စတုဒိသာကျွေးခြင်း၊ ရွာ ဘုရားပွဲကြီး၌ ပင့်သံဃာ အားလုံးကို အရဏ်ဆွမ်းကပ်ခြင်း၊ ပင့်သံဃာ အားလုံး၏ သပိတ်၌ ဆွမ်း၊ ဆွမ်းဟင်းတာဝန်ယူ လှူဒါန်းခြင်း ကုသိုလ် ယူရာ၌ နှစ်စဉ် သဒ္ဒါကြည်ဖြူစွာ ပြုလုပ်လေ့ရှိသည်။

သိမ်ဟောင်းပြုပြင်ခြင်း၊ ဘုရားစေတီ ပုထိုးဟောင်း ပြုပြင်ခြင်း၊ ရွာတွင်းရွာပြင် လမ်းမကောင်း၍ ပြုပြင်ခြင်း၊ တံတားအို ပြုပြင်ခြင်းကိစ္စအတွက် ဦးဆောင်သူမှ လာရောက် အလှူခံပါက အနမျော အတွန့်အတိုမရှိ လှူဒါန်းလေ့ရှိသောသူအဖြစ် အေးချို့နွဲ့မှာ ထင်ရှားသည်။

သွားကောင်း၊ လာကောင်း၊ စားကောင်း၊ ပိုက်ဆံရှာကောင်း၊ လှူဒါန်းကောင်းချိန် အေးချို့နွဲ့မှာ ရောဂါတစ်ခု ဝင်ရောက်သည်။ ရုံရွှေတော် ဖော်တစ်သင်းနှင့် မန္တလေးမြို့ ပုဂ္ဂလိက အထူးကုဆေးခန်းရှယ်ကြီးမှာ ငါးခေါက်အထိ သွားရောက် ကုသခဲ့ပါသည်။ သိန်းခြောက်ဆယ်ခန့် ကုန်ကျအပြီး၌ အလောင်းတိုက် ပြန်လာခဲ့ရသည်။ ချိုင့်ကြီးရွာ သ/မ ဆေးခန်း ရှိစဉ်က သမဆေးခန်း အဝင်ပေါက်မှာ ချိတ်ဆွဲထားသော ယောမင်းကြီးဦးဖိုးလှိုင်၏ အဆိုအမိန့်က အေးချို့နွဲ့ အလောင်းတိုက် ပြန်အလာ၌ သတိရစဖွယ် ဖြစ်နေ၏။

သမားဟူသည် နာချင်းကိုသာ ကု၏။

သေခြင်းကို မကုသနိုင်။

သမားလည်း သေရမြဲတည့်။

မှန်လိုက်သည့် အဆိုအမိန့်။ ဆေးရုံတက်လျှင် အထူးကုဆေးခန်းမှာ ငွေပုံပေး၍ ရှယ်ကု ကုလျှင် ရောဂါဝေဒနာ မှန်သမျှ ပျောက်ကင်းမည်ဟု ယူဆ၍ ရပ်ဝေးရပ်နီးမှ လာကြ သွားကြ ကုကြသည်။ သေခြင်းကို မကုသနိုင်သောအခါ ငွေကုန်သံပြာ၊ မြေပါလည်းဆုံး သားလည်းဆုံး၊ ခဲလေသမျှ သဲရေကျ ဖြစ်ကြရသည်။ ဤသို့ ဖြစ်သော်လည်း အညာကျေးလက် တောသား အယူအဆအရ ကိုယ့်ရွာကိုယ် ပြန်လည်ခေါင်းချစေလို၍ အလောင်းကို မရအရ သယ်ဆောင်ခဲ့၏။ ရွာသင်္ချိုင်းပြန် အသုဘချသည်။ အညာကျေးလက် အယူအဆအရ အရွယ်ကောင်း မိန်းကလေးဖြစ်၍ ဂူထဲ လူသေအလောင်းအတိုင်း တိုက်ရိုက်မထည့်။ အရိုးကျန်အောင် မီးရှို့ပြီးမှ အရိုးကောက်၊ ဂူသွင်းမည်ဖြစ်ရာ မီးရှို့သည်။





ချိုင့်ကြီးရွာ သုသာန်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်စက် မရှိ။ အခကြေးငွေဖြင့် မြေမြှုပ်သည့်၊ မီးသင်္ဂြိုဟ်သည့် သုဘရာဇာ မရှိ။ မီးရှို့လျှင် မြေမြှုပ်လျှင် ရွာသားတို့က စေတနာဝန်ထမ်း ကူညီဆောင်ရွက်ပေးကြသည်။ မွဲမွဲ၊ ချမ်းသာ ချမ်းသာ၊ ရွာသားဖြစ်ဖြစ်၊ အာဂန္တုတစ်ရွာသားပဲ ဖြစ်ဖြစ်၊ ပုပ်ပုပ်ပွပွ၊ နံနံစော်စော် မျက်နှာစိမ်း၊ မျက်နှာကျက် မရွေး၊ ဆူးကြံ့နိမ့်မြင့် မရွေး လူမှုရေးစေတနာ သန့်သန့်ဖြင့် အခမဲ့ စေတနာဝန်ထမ်း သင်္ဂြိုဟ်ပေးကြသည်။

မြေမြှုပ်၊ ကျင်းတူး၊ လူသေ အလောင်းကိုင်ချ၊ မီးရှို့ရသော အလုပ်ကို သာမန် စေတနာ၊ သာမန် အသိ၊ သာမန် တာဝန်ယူတတ်မှုမျှဖြင့် လုပ်ကိုင်ရန် မလွယ်။ တစ်ဖက်သားမှာ နာရေးမီး တောက်လောင်နေစဉ် မိမိ တတ်စွမ်းရာမှ ကာယကံရှင် ကျန်ရစ်သူကို ကူညီသော သဘောမျိုးဖြင့် ကိုယ်ဖိရင်ဖိ ကူညီသော ရပ်ဓလေ့၊ ရွာဓလေ့ အစဉ်အလာ ထိန်းသိမ်းနေကြ၍သာ မရှုံမရှာ ကူညီနေကြသည်။

တောသူဌေးမလေး အေးချို့နွဲ့ကို မနေ့က အလောင်း မီးရှို့စဉ်က ရပ်ဓလေ့၊ ရွာဓလေ့ အစဉ်အလာအရ ငတော ကူညီ မီးရှို့ခဲ့သည်။ သေသူကို သနားတတ်သော ရွာထုံးစံအရ အားလုံး ဝိုင်းဝန်းသနားကြပြီး၊ နောက်ဆုံး ရေချပနကိစ္စကို အလောင်းရိုးပြာကျရေး ဆောင်ရွက်ကြသည်။ အလောင်းကောင် ရပ်ကလာပ်ကို မီးစွဲသည်အထိ စုပေါင်း မီးရှို့ပြီး မီးအရှိန် ရလာမှ မီးရှို့သူ အချင်းချင်း စကားပြောရန် တာစူကြသည်။

“ဟေ့ကောင်ကြီး ငတော၊ မီးသင်္ဂြိုဟ်နေတဲ့ လူတွေကို သတိထားကြည့်စမ်း ငါလူ”

မီးလောင်ထင်းတုံးကြီးများကို မီးစွဲညီစေရန်၊ တံစူးဝါးဖြင့် ပြင်ဆင်ထိုးပေးနေရာမှ ငတောကို စကား ပြောကြားလာသူက အုံးတင်။

အုံးတင်နှင့် ငတောမှာ သက်တူရွယ်တူ၊ ကျောင်းနေဖက်၊ လူပျိုလှည့်ဖော်လှည့်ဖက်၊ ကနေ့ညဥ့်ပင်လျှင် တောက်တဲ့ဖမ်း အတူတူသွားမည့် တောလိုက်ဖော် တောလိုက်ဖက်၊ ဆဲမနာ ဆိုမနာ ငယ်ပေါင်းကြီးဖော် ရောင်းရင်းများ။

"သေသေချာချာ သတိထားကြည့်ဗျ ငတော၊ မီးသဂြိုဟ်တဲ့အခါ မင်းနဲ့ငါက အသက်အကြီးဆုံးထဲမှာ ထိပ်က ပါနေပြီဗျ"

အုံးတင် ပြောကြားလာမှ ငတော သတိမူ ကြည့်လိုက်မိသည်။ ဟုတ်ပေသားပဲ။ နှစ်ဆယ်ကျော်၊ သုံးဆယ်ကျော်၊ လေးဆယ်ကျော်တွေ ကြားထဲမှာ အုံးတင်လို ငတောလို ငါးဆယ်ဝန်းကျင် လူများသည် လူကြီး ဖြစ်နေပါပေါ့လား။

မီးမရှို့ဘဲ မြေမြှုပ်လျှင် ဂူကို အသုဘ ရပ်ကလာပ်အတိုင်း တိုက်ရိုက် သွင်းလျှင် သက်ကြီးရွယ်အို လူကြီးများလည်း နောက်ချန်နေလေ့ ရှိတတ်သည်။ ယခုကဲ့သို့ လူသေမီးရှို့က လူကြီးများလည်း မနေဝံ့ကြ၊ အနာစိမ်း အနာဟောင်း ရှိသူများလည်း မနေဝံ့ကြ။ ငရုတ်သီးညှော်၊ ကြက်သွန်ဖြူ ညှော် ပြင်းထန်သည်ဆိုသည်မှာ လူသေညှော်နံ့နှင့် ယှဉ်က စာမဖွဲ့လောက်၊ လူသေညှော်နံ့က အသား၊ အဆီ၊ အရိုး၊ အရေ၊ ဆံပင် စုပြုံလောင်ရာ လူသေညှော် မရှူရှိုက်ဖူးပါက မူးနောက် ဇက်ကြောချက်ချင်းတက်၊ ရင်ထဲ မှာ တလိပ်လိပ် တက်ကာ ထိုးအန်သည်။ မြို့မှာ လျှပ်စစ်ဖြင့် မီးရှို့သကဲ့သို့ မိနစ်ပိုင်းဖြင့် ပြာကျသည် မဟုတ်။ အလောင်း အပိုင်းအစ မကျန်အောင် တံစူးဝါး၊ တံလယ်ဝါးဖြင့် ထိုးဆွကာ ထင်းမီးသုံး ရှို့ရသည်။ အချိန်ကြာ သည်။ ပြင်းထန်သော ညှော်ဒဏ်ကို မခံနိုင်သော လူကြီးတို့သည် သရဏဂုံ တင်ပြီး ပြန်ကြသည်။ ငတောတို့ အုံးတင်တို့လို လူလတ်ပိုင်းများက လူကြီး လုပ်၍ လူငယ်များကို ဦးစီးကာ မီးရှို့သင်္ဂြိုဟ်ရသည်။ ဤသည်ကို ရည်ရွယ် ၍ အုံးတင်က သတိပြုမိကာ ပြောကြားခြင်းဖြစ်သည်။ အုံးတင်ကို ငတော လှမ်းကြည့်လိုက်သောအခါ အုံးတင် ဆံပင် ဖြူနေကြောင်း တွေ့ရှိရသည်။ ငတောလည်း ဘာထူးလို့လဲ။ သူလည်း ဆံပင်ဖြူ ငွေရောင်သန်းစ အရွယ်။

"ခွေးကောင် အုံးတင်၊ သချိုင်းကုန်းထဲမှာ လူသေ မီးရှို့ရင်း အသက် ကြီးတာ မပြောရဘူး ကောင်ရ၊ သေမင်းကြားသွားလို့ ပြဿနာ တက်ကုန် ဦးမယ်"





"ကြောက်မနေပါနဲ့ ငါ့လူရာ၊ သေမင်းက ပြဿနာ မတက်ပါဘူး၊ တက်ချင်းတက်ရင် သေမင်းကို တို့က ပြဿနာ တက်ရမှာ။ ဘယ့်နှယ်ကွာ ဘုန်းကြီးကျောင်း ဇရပ်ပေါ်မှာ ကိုယ်တွေယောင်၊ နာတာရှည် ဖြစ်နေတဲ့ ကပ္ပိယကြီးတို့၊ သစ်ပင်ပေါ်က လိမ့်ကျပြီး ခေါင်းကွဲ၊ ခြေကျိုး၊ မျက်စိ တစ်ဖက် ပျက်သွားလို့ ရွာကစု ဆေးဖိုးဝါးခ ထောက်ပံ့၊ အစာရေစာ ထောက်ပံ့နေရတဲ့ ငပေါတို့ကြတော့ မသေဘဲ၊ သိန်းခြောက်ဆယ်လောက် အကုန်ခံပြီး ကုနေတဲ့ ဒီကောင်မလေးမှ ရွေးခေါ်ရတယ်လို့။ သေမင်းဆိုတာ နိုင်တိုင်း စိတ်ရှုပေါက်ပြီး ခေါ်ချင်တဲ့လူခေါ်တာ ထင်ပါရဲ့ကွာ၊ မင်းလို ကြောက်တတ်တဲ့ လူဆိုရင် သေမင်းက ကျီစယ်တတ်တယ် ထင်ပါရဲ့၊ သတိထား ကိုယ့်လူရေ့"

"မင်းဘာကလွှား၊ နိမိတ်မရှိ နမာမရှိ၊ ငါ့ဇာတာဖွဲ့တဲ့ဆရာချစ်ခင်က ငါ့ဇာတာထဲမှာ အသက်တစ်ရာ့နှစ်ဆယ် ရှည်စေသော်လို့ ရေးထားခံရတဲ့ ကောင်ဗျ၊ သက်တော်ရှည် ငတော ဖြစ်မယ့်ကောင်"

"သက်တော်ရှည်တော့ မွဲကြောရှည်၊ ကြွေးသံသရာ ရှည်တာပေါ့ ငတောရာ"

အုံးတင် အပြောကို လူငယ်လေးတွေက သဘောကျ သွားသည်။ အုံးတင်က သူကိုယ်တိုင် တံစူးဝါးဖြင့် ဘေးရောက်လာသော ထင်းတုံးကို ပြင်ပေးရင်း....

"ဟကောင်လေးတွေ....အလောင်းကို မီးလောင်ညီအောင် ငါပြင် သလို ထင်းတုံးတွေ ပြင် ပြင် ပေးစမ်း၊ အလောင်းဖိထားတဲ့ ထင်းတုံးသွား မထိုးနဲ့၊ အလောင်းက ကုန်းထသလို ဖြစ်သွားတတ်တယ်၊ အဲဟိုဘက်က ထင်းတုံးထိုး၊ အေး....အေး၊ ထိုး....ဟုတ်ပြီ"

အုံးတင်က ထင်းတုံးများကို နေရာပြင်ရန် ပြောလည်း ပြောသည်။ သူကိုယ်တိုင်လည်း တံစူးဝါးဖြင့် ပြင်ထိုးပေးရာ အလောင်းမီးလောင် ညီသွား သည်။ အလောင်း မီးရှို့ရာ၌ နှစ်မျိုး ရှို့ပေးရသည်။

ယခုကဲ့သို့ အရိုးကောက်၍ ဂူသွင်းမည့် အလောင်းမျိုး၌ အရိုးကျလာပါက ရေဖျန်း၊ မီးအေးမှ အရိုးကောက်ရသည်။

အရိုးကုန်၊ အသားကုန် မီးရှို့ရမည့် အလောင်း၌ ထင်းသုံးပုံ တစ်ပုံခန့်၊ ဘေးဖယ် ထုတ်ထားပြီး အရိုးကျလာချိန်မှ ကျန်ထင်းကို ပစ်ထည့်ပြီး မီးကျီးခဲ တရဲရဲဖြင့် အရိုး ကျွမ်းအောင် မီးမငြိမ်းဘဲ ပစ်ထားရသည်။

ယခုပွဲက အရိုးကောက်မည့်ပွဲဖြစ်ရာ အရိုးကျလာသောအခါ မီးအရှိန်လျော့၊ မီးစွယ်ကျိုးမှ ရေဖျန်းပေးကြသည်။ မီးသင်္ဂြိုဟ်သူတို့၏ တာဝန်မှာ ရေဖျန်းပြီးချိန်တွင် ပြီးဆုံးပြီ။ ဆယ့်နှစ်နာရီ အသုဘချကတည်းက လာခဲ့ကြသော ငတောတို့ အုံးတင်တို့မှာ နေ့လယ်နှစ်ချက်ခွဲခန့်မှ မီးရှို့ကုန်းမှ အိမ်ကို ပြန်ရသည်။ လူချင်းလမ်းမခွဲမီ ငတောက အုံးတင်ကို နှုတ်ဆက်သည်။

"ဟေ့ကောင် အုံးတင်၊ ငါနဲ့ငလုံးက ဘယ်က စောင့်ရမလဲ"

"ရွာတောင်ဘက် ထန်းတောကစောင့်ဟာ ငတော၊ အဲဒီနားမှာရှိတဲ့ ညောင်ခေါင်း၊ တမာခေါင်းနဲ့ မန်ကျည်းပင်ခေါင်းတွေထဲက တောက်တဲ့ ဖမ်းပြီးမှ သရက်ခြံအိုတွေဆီ လှည့်တာပေါ့၊ မင်းဘယ်မှာ တွေ့ထားသေးသလဲ"

"သရက်ခြံအိုတွေထဲက တောက်တဲ့ များတယ်ကွ၊ သရက်ခြံအိုတွေ ဖမ်း အားရမှ တောရွာလေး ကန်ပေါင်ပေါ်က သစ်ပင်တွေဆီ သွားပြီး တောက်တဲ့ ဖမ်းရအောင်"

"နေဝင်မိုးချုပ်မှာ ငါ ထွက်ခဲ့မယ် ငတော၊ မင်းက ဦးလည်း မင်းက စောင့်၊ ငါကဦးလည်း ငါက စောင့်ပေါ့ကွာ၊ အသုဘအိမ်တော့ အားတဲ့ညကျမှ သွားရုံပဲ၊ တို့လည်း နားချိန် သုံးလေးနာရီ ရှိပါသေးတယ်၊ နားနေပြီးထွက်ရမှာပဲ၊ မနက်စာ ဆန်မရှိသေးဘူး ငတောရ၊ ချမ်းသာတာကို အချင်းချင်း ပြန်ကြွားတာ ဟား....ဟား....ဟား"

"မင်းက မနက်စာ ဆန်မရှိနေ၊ ငါ အသုဘချ မလာခင်က ငါ့မိန်းမ မိဂျမ်းက သေတဲ့ အေးချို့တောင် ကျူပ်လောက် ပူမှာမဟုတ်ဘူး၊ ညနေစာ





ဆန်မရှိဘူးလို့ ညည်းနေသေးတာ၊ ညနေ ထမင်းစားရက်ကောင်း ဟား....ဟား....ဟား"

ငတောနှင့် အုံးတင်တို့ အပြန်အလှန် ဟားတိုက်ရယ်ပြီး၊ ငတောအိမ်ပြန်လာသောအခါ ထမင်းချက်နေသော မိဂျမ်းကို တွေ့၍ ကျိတ်ဝမ်းသာမိသည်။ မိဂျမ်းက....

"အသုဘကို လေးယောက် လိုက်ပို့တာ တစ်ယောက်ကို နှစ်ရာတန်တစ်ရွက်ကမ်းတော့ ရှစ်ရာရလာတယ်၊ ဆန်ဝယ်၊ ဆီဝယ် ချက်တာပေါ့၊ တော့ နှစ်ရာ အကမ်းရသေးလား"

အသုဘ၌ ပိုက်ဆံဝေသည်ကို ချိုင့်ကြီးဒေသ၌ ကမ်းသည်။ အကမ်းဟု အတိုကောက်ခေါ်သည်။

မိဂျမ်းက တည့်တည့်မေးမှ ငတော သူ့အိတ်ထောင်ကို စမ်းကြည့်မိသည်။ ချွေးစွန်းနေသော နှစ်ရာတန်းလေး တစ်ရွက်က အိပျော့ အိပျော့။

"ရှေ့ပေ့....အဲဒါကို သတိမထားနိုင်ဘူးဟ၊ အလောင်း မီးရှို့လာရတာ၊ တစ်ရေးတစ်မော နားပြီး ချွေးအေးမှ ရေချိုးဝုံမှာ၊ နေဝင်မိုးချုပ်မှာ ငါနဲ့ ငလုံး တောက်တဲ့ဖမ်း သွားရမယ်၊ ငလုံး ဘယ်သွားလဲ"

"အသုဘပြီးပြီးချင်း အသုဘအိမ်က ထင်းပေါက် ခဏခေါ်သွားတယ်၊ တောက်တဲ့ဖမ်း ညသွားရမှာ ငလုံး သိတယ်၊ ပြန်လာမှာ"

ညည်းစီစီ မူးနောက်နောက် ဖြစ်လာသော ငတောသည် တစ်ခဏမျှအိပ်စက်ရန် အိပ်ရာထဲဝင် တုံးလုံးလှဲသည်။ အပျော်နှင့်အပြုံးသည် ဓာတ်ကူး တတ်သကဲ့သို့ မျက်ရည်နှင့် ကြေကွဲသောကသည်လည်း ဓာတ်ကူးတတ်ရာ ငတော စိတ်ပန်းလူပန်းဖြစ်ကာ အိပ်မောကျသွားသည်။ မိဂျမ်းက နေဝင်ဆည်းဆာ မရောက်တရောက်အချိန်၌ နှိုးလာမှ ငတော နိုးသည်။ ရေမိုးချိုး ထမင်းစားကာ နေဝင်လထွက်ချိန်ရောက်မှ တောက်တဲ့ဖမ်းရန် ငလုံးနှင့်ငတောတို့ အိမ်မှ ထွက်ခဲ့သည်။

ယနေ့ညဉ့် ငတောနှင့်ငလုံးတို့ တောက်တဲ့ဖမ်းရာတွင် ငလုံးမှ

ခြောက်ဖို့အားရှိသော ဘက်ထရီအိုးကို ကြိုးသိုင်း၍လွယ်၊ ငါးခဲထိုး တုတ်မီး (လက်နှိပ်မီး)ဖြင့် မီးထိုးပြမည်။ မီးထိုး တောက်တဲ့ ရှာမည်။

ငတောက လက်ဖြင့် ဖမ်းခွင့်သာလာပါက လက်ဖြင့် တောက်တဲ့ကို တိုက်ရိုက်ဖမ်းမည်။ လက်လှမ်း မမီသော သစ်ပင်ခေါင်း၊ သစ်ပင် ပင်စည်နှင့် သစ်ကိုင်းကို တောက်တဲ့ ကပ်နေပါက ခြောက်တောင်၊ ခုနစ်တောင်ကျော်ရှည်သော ဝါးမာ ဝါးပြတ်၏ထိပ်၌ ဆင်ထားသော ကွင်းလျှော ကွင်းဖြင့် တောက်တဲ့ခေါင်းစွပ်ကာ ဆွဲချဖမ်းမည်။ မိလာသော တောက်တဲ့များကို တောက်တဲ့ထည့်အိတ်ယူလာသော ငလုံး၏ အိတ်ထဲသို့ ထည့်မည်။

ငတောတို့ဒေသတွင် တောက်တဲ့ နှစ်မျိုး ရှိသည်။ ပေါများသော တောက်တဲ့မျိုးမှာ မွဲခြောက်ခြောက်၊ အဖြူအဝါပျောက် တောက်တဲ့မျိုး ဖြစ်သည်။ တွေ့ရခဲသော တောက်တဲ့မှာ တောက်တဲ့အနက် ဖြစ်သည်။ တောက်တဲ့အနက် ရှိသည်ဟု ကြားဖူးသော်လည်း ငတောရော ငလုံးပါ မတွေ့စဖူး။

တောသမားနား၊ တောသမားမျက်စိသည် အမှုမဲ့ အမှတ်မဲ့နေမရ။ မျက်စိကိုဖွင့် နားကိုစွင့် တောဝန်းကျင်၊ တောင်ဝန်းကျင်ကို စိတ်ဝင်စားရသည်။ မှတ်သားရသည်။ တောကိစ္စ၊ တောဖြစ်ရပ်၊ တောသဘာဝ မှန်သမျှ တောသမားနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်ချိန် မဟုတ် တစ်ချိန်၌ လာရောက် ပတ်သက်တတ် ဆက်စပ်တတ်သည်။

ငတောတို့ ယနေ့ည ဖမ်းမည့်တောက်တဲ့ကို မိုးလေဝသ ဗေဒင် ဆရာဟုလည်း ကျေးလက်နေသူတို့က ယူဆကြသည်။ ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော် ခုနစ်ပါးထဲက တစ်ပါးအနေဖြင့်လည်း စကားထာ ဝှက်ကြသည်။

တောက်တဲ့သည် ရွာထဲမှာ အိမ်၊ နွားစာတိုက်၊ တဲ အစရှိသည်တို့မှာလည်း နေသည်။ မီးဖိုချောင်အထိ အိမ်ရှင်မှ မနှောင့်ယှက်က နေသည်။ တောက်တဲ့ချေးသည် စားစရာသောက်စရာထဲ ကျပါက သေတတ်သည်ဟု ယူဆပြီး အများစုက ကြောက်လန့်သဖြင့် မီးဖိုချောင်၌ တောက်တဲ့ ရောက်





လာပါက ဝေးရာဖမ်း ပို့တတ်ကြသည်။ တောက်တဲ့ချေး အဆိပ်သင့်မှု သတင်းကို ကျေးလက်တောရွာများ၌ တစ်ရွာစကား၊ တစ်ရွာကြားရတတ်သည်။

တောထဲ၌ တောက်တဲ့ နေလေ့ရှိသော နေရာများမှာ ဘုရားအို၊ ဇရပ်ပျက်၊ တန်ဆောင်းပျက်၊ သုသာန်သချိုင်းကုန်းရှိ ဂူပျက်များထဲ၌ လည်း နေသည်။ သစ်ခေါင်းရှိသော ပင်ပျိုပင်အိုများ၊ သစ်ပင်အိုကြီးများ၊ သစ်ဟောင်း ဝါးဟောင်း တောများ၌လည်း တောက်တဲ့ နေသည်။

တောက်တဲ့ဖမ်းမည့်သူက ယခင် သွားလာဖူးစဉ်က တောက်တဲ့မြည်သံ ကြားသော တော၊ သစ်ပင် နေရာကို စိတ်မှတ် မှတ်ထားရသည်။ တောက်တဲ့သည် ကိုယ့်ကိုယ်ကိုယ် ဖော်လေ့ရှိသူပီပီ ရာသီဥတု ပူအိုက်သော အချိန်များ၊ မိုးလေဝသဆိုင်ရာ အပြောင်းအလဲများ၌ တောက်တဲ့၊ တောက်တဲ့ ဟု နေ့ဖြစ်ဖြစ်၊ ညဖြစ်ဖြစ် အော်လေ့ရှိသည်။ ကျေးလက်လူငယ်များက တောက်တဲ့မြည်စပြုချိန်၌ တောက်တဲ့ လေလား၊ တောက်တဲ့ မိုးလားဟု တောက်တဲ့ တစ်ခွန်းမြည်၊ လူက လေလား တစ်ခွန်းမေး နောက်တစ်ခါမြည်က မိုးလားတစ်ခွန်းမေး၍ နောက်ဆုံး အမေးကြသော မေးခွန်းသည် လေ သို့မဟုတ် မိုးဟု တောက်တဲ့ဗေဒင် တွက်ကြသည်။

အသံကုန် အော်မြည်သော တောက်တဲ့သည် ရှေးကတော့ မိုးလေဝသ ဗေဒင်ဆရာ။ ယခုခေတ် ရောက်သောအခါ ဆင်းရဲငတ်မွတ် မွဲကျပ်သူတို့က ဖမ်းရောင်းခံရသော ရောင်းကုန်၊ ဗေဒင်ဆရာဘဝမှ ရောင်းကုန်အဖြစ် ရောက်နေသော ကိုယ့်အခြေအနေ ပြောင်းလဲမှုကို မသိသော တောက်တဲ့သည် ရှေးထုံးစဉ်လာအတိုင်း ရပ်ဝေးရပ်နီး ကြားအောင်ပင် မြင့်ယံဟိုအထက်မှ တောက်တဲ့ဟု အသံပေးသည်။ တောသမားက သူ့ ထမင်းလုတ် ဘယ်မှာ ရှိသည်ဟု စိတ်မှတ် မှတ်ထားသည်။ ချက်ချင်း မဖမ်းသေးသော်လည်း အကြံကုန်၍ ဂဠုန်ဆားချက်လုပ်က တောက်တဲ့မြည်ခဲ့သော တောနှင့် သစ်ပင်ရှိရာသို့ တောက်တဲ့ဖမ်းသမားက လာသည်။ မင်း ဘယ်ပြေးမလဲ မိရွှေသဲ မဟုတ်။ ပြေးနိုင်မှ လွတ်မယ် မိုးလေဝသ ဗေဒင်ဆရာဘဝ ရောက်သည်။

တောက်တဲ့ကို ဘယ်သူမှ ချက်မစား။ ပြုတ်မစား။ အလှမမွေး။ မက်မက်မောမော မရှိ။ တောက်တဲ့ချေးက ဖွင့်ထားသော ဟင်းအိုးထဲ ကျ၊ ဟင်းကို စား၍ မိသားစု သုံးယောက်သေဟု ကြားဖူးထား၍ သူ့ချေးကို မည်သူမှ မထိလိုကြ။ မကြည့်လိုကြ။ မကြုံလိုကြ။ တောက်တဲ့ချေးက သေမသေ အငြင်းပွားပြီး ဘယ်သူမှ စမ်းသပ် မစားကြ။ မတွေ့လည်း တွေ့အောင် မရှာ။ တွေ့လည်း ဝေးရာက ရှောင်သူ များသည်။ မရှောင်သူ ဟူ၍ တောက်တဲ့ ဖမ်းသမားသာ ရှိသည်။

တောက်တဲ့ဖမ်းသမားက တောက်တဲ့အသံဖြင့် တောက်တဲ့ကို ခြေရာခံသည်။ နေ့ခင်း၌ သွားရင်းလာရင်း အပြင်ထွက်နေသော တောက်တဲ့ကို မြင်ခဲ့သောနေရာ ဘယ်နေရာ ဖြစ်သည်ဟု ပကတိမျက်စိ အမြင်ဖြင့် ခြေရာခံသည်။ တောက်တဲ့ နှစ်သက်တတ်သော သစ်ခေါင်းများ၊ သစ်ခေါင်းဆွေးများ၊ သစ်ခေါင်းအိုများ၊ သစ်ပင်ကြီး ဝါးပင်ကြီးများ၌ တောက်တဲ့ ပျော်သည်ဟု အတွေ့အကြုံ သိဖြင့် မှန်းဆ ခြေရာခံသည်။ သစ်ခေါင်းအို သစ်ခေါင်းဆွေး၊ သစ်ပင်အို သစ်ပင်ဆွေးများလည်း ပေါများမည်။ ချုံပုတ်ချုံနွယ် ပိတ်ပေါင်းလည်း ဝန်းကျင်မှာ ပေါများမည်။ ရေကန်၊ ရေချောက်၊ ရေအိုင်၊ ရေချိုင့်လည်း အနီးကပ် ပေါများမည်ဆိုလျှင် ထိုအချက်များနှင့် နီးစပ်သော၊ ကိုက်ညီသော နေရာ၌ တောက်တဲ့ အလွန် ပျော်လှသည်။

ထိုနေရာမျိုး၌ သစ်ပင်ပေါ်မှာရော၊ ဝန်းကျင်မြေပေါ်မှာရော တောက်တဲ့တို့ ညအခါ လသာသာ၌ အစာရှာ ဆင်းကြသည်။ လသာသာ၌ သစ်ရိပ်၊ ဝါးရိပ်၊ ချုံရိပ်၊ တောရိပ်၊ ရေရိပ်၊ မြေရိပ်ကြောင့် ပိုး၊ ပုရွက်၊ ပလူ၊ ခြ၊ ပုရစ် အစရှိသော အကောင်ပလောင်ငယ်များ ပေါများရာ တောက်တဲ့တို့ ရေပေါ၊ မိုးပေါ၊ အစာပေါ၊ အခေါင်းပေါ၊ အရိပ်ပေါသောကြောင့် အရွယ်အစား အကြီးလည်း မြန်သည်။ သားပေါက်လည်း များသည်။

ချိုင့်ကြီး ရွာဝန်းကျင်တွင် တောက်တဲ့များ သားပေါက်ရန် ဥကပ်ထားသည့်နေရာများမှာ ဘုရားစေတီပုထိုး အပြိုအပြက်ကြားများ၊ သုသာန်ဂူဟောင်း ဂူပေါက် ဂူပျက်များ၊ သစ်ခေါင်းများ၌ အတွေ့ရများသည်။





တောက်တဲ့သည် အစေးများဖြင့် အောက်ခြေကို လိမ်းကျံ တွယ်ကပ်စေပြီးမှ ဥများကို ကော်နှင့် ကပ်သကဲ့သို့ ကပ်ဥထားလေ့ ရှိသည်။ ဥအရွယ်အစားမှာ ပုံမှန်မရှိ၊ ဥ အလုံး အရေအတွက်မှာ ပုံမှန်မရှိ။ အချို့ တောက်တဲ့ဥ ကပ်ထားသည်မှာ ဆယ်လုံးဝန်းကျင် ပုတီးစေ့ ခပ်ကြီးကြီးသာသာ တွေ့ရလေ့ရှိသည်။ အချို့က ဆယ်လုံးကျော်မှ နှစ်ဆယ်ကြားအထိ တွေ့ဖူးသည်ဟု လက်တွေ့ တွေ့ဖူးသူများက ဆိုကြပြောကြသည်။ တောက်တဲ့ ဥ အရေအတွက်၊ အရွယ်အစား အငယ် အကြီးမှာ ဥစမ်း ကြက်မ ဥသော အရွယ်၊ သားပေါက်ပြီး ကြက်မကြီး ဥသော အရွယ်အစားတို့ မတူညီသကဲ့သို့ အစာရေစာ ပေါများမှု၊ ရာသီဥတု သပ္ပာယသင့်မှု၊ မှီခိုရာ နေရာကောင်းမှု၊ တောက်တဲ့ အသက်အရွယ် ခန္ဓာကိုယ် အချိုးအစား ကြီးထွားမှု၊ ကြုံလိုမှု အခြေအနေအလိုက် ကွာခြားမှု တွေ့ရှိရခြင်း ဖြစ်နိုင်သည်ဟု ငတောတို့ ယူဆကြသည်။

တောက်တဲ့ဥ ကပ်ထားရာ အောက်ခြေက အစေးခံသော အပျော့ဖြစ်သကဲ့သို့ တောက်တဲ့ဥမှာလည်း ငတောတို့ တွေ့ဖူးသည်မှာ အပျော့ပင်။ အချို့ဥများက ငတောတို့ တွေ့ပြီး ဆယ်ရက်ကျော်လောက်၌ အကောင်ပေါက်သွားသည်ကို တွေ့ရပြီး၊ အချို့ ဥများက ဆယ့်လေးငါးရက်ခန့်၌ အကောင် ပေါက်သွားကြောင်း မှတ်သားဖူးသည်။ တောက်တဲ့လေးများသည် လက်ညှိုး၊ လက်ခလယ် အရွယ်ရောက်ပြီးပါက မိုးပေါ၊ ရေပေါ အစာပေါက တရိပ်ရိပ်ဖြင့် အကောင်ဖြစ်မြန်သည်။

တစ်ပင်တစ်ခေါင်း၌ တောက်တဲ့တစ်ကောင်သာ တွေ့ဖူးသကဲ့သို့ တောက်တဲ့ ကြီး သေး၊ ထီး မ အကောင် အစိတ်၊ သုံးဆယ်အထိ အုပ်ဖွဲ့နေသည်ကိုလည်း တွေ့ခဲ့ရဖူးသည်။ တောက်တဲ့မျက်ပြူး ရေထဲဆွဲချ၊ ငါမသေဘူး ရေကူးတတ်တယ်ဟု ငတောတို့ ငယ်ငယ်က သီဆိုခဲ့သော တောက်တဲ့။ တောက်တဲ့ ကပ် ကပ်သည်။ တောက်တဲ့တွယ် တွယ်သည်ဟု ဆိုထုံးဖွဲ့ခဲ့သော တောက်တဲ့။ တောက်တဲ့ ကပ်မိက ခွာချမရ။ မိုးကြီး လေကြီး အသံပေးမှ ခွာချရသည်။ မိုးကြီးလေကြီး မလာပါက သံပုံးကို တောက်တဲ့နား အနီးကပ် တီးမှ တောက်တဲ့က ခွာသည်ဟု ကလေး၊ လူကြီး တော

ကျေးလက်မှာ သိခဲ့ကြသော တောက်တဲ့။ မိုးလေဝသ ဗေဒင်ဆရာကြီး တောက်တဲ့။ ချက်ပြုတ်မစားဘဲ ဘေးမဲ့ ပစ်ထားခဲ့သော တောက်တဲ့။ ထိုတောက်တဲ့သည် ကျေးလက်နေ တောသူတောသား ဆင်းရဲသားများက ထမင်း တစ်နပ်၊ အဝတ် တစ်ထည်၊ ဆန် တစ်ပြည်၊ ဆီ တစ်ဆယ်သား၊ ဆား တစ်ပိဿာဖိုးရရ ဝယ်သူရှိ၍ လာသောအခါ ဖမ်းရောင်းသူလည်း တစ်စ တစ်စ ပေါ်ပေါက်လာသည်။ အတုမြင် အတတ်သင်ရာမှ ငွေရမှန်း သိလာသောအခါ ဆင်းရဲသားတို့ လုပ်စားတတ်သမျှ ကြံဖန်လုပ်စားရာမှ တောက်တဲ့ဘက် မြားဦးလှည့်လာသည်။ အဝယ်ဒိုင်များကလည်း ကိုယ်စားလှယ် အမျိုးမျိုး၊ ဈေးအမျိုးမျိုးဖြင့် သူ့ထက်ငါဦး အလုအယက် ဝယ်ယူကြသောအခါ တောတောင်အနှံ့ ခြေဆန့်ကာ နေ့ဖမ်းသူဖမ်း၊ ညဖမ်းသူကဖမ်းနှင့် တောက်တဲ့ကို ထမင်းစား လုပ်ငန်းအဖြစ် သတ်မှတ် ဖမ်းဆီးလာသည်။

ငတောနှင့် ငလုံးတို့ တောက်တဲ့ ဖမ်းမည့်အချိန်က ည။ လပြည့်ည လသာသာ အချိန်။

နေ့သမား တောက်တဲ့ဖမ်းသူက တောက်တဲ့နေရာ အခေါင်းကို ရှာသည်။ အခေါင်း တွေ့က တောက်တဲ့ချေးကို အခေါင်းဝန်းကျင်မှာ ရှာသည်။ ကျွမ်းကျင် နေ့ဖမ်း တောက်တဲ့သမားက သစ်ခေါင်းကို အနံ့ခံကြည့်သည်။ တောက်တဲ့နေသော နေရာက နံ့သည်။ သစ်ဆွေးနံ့လိုလို သစ်ခေါင်း အောက်စော်နံ့လိုလို အနံ့ထွက်သည်။ ထိုအနံ့ ထွက်နေသော သစ်ခေါင်းကို လက်ဖြင့် မီပါက လက်ဖြင့် နှိုက်သည်။ လက်ဖြင့် နှိုက်ရာ၌ အများသုံး လက်အိတ် စွပ်သူက စွပ်သည်။ တောရွာဖြစ် ဖျင်စကို လက်အိတ်ချုပ်သူက ချုပ်သည်။ တောက်တဲ့ရှိ၍ ထိမိ၊ ဖမ်းမိပါက ဂေါ့....ဂေါ့ အသံလိုလို၊ ကော့....ကော့ အသံလိုလို၊ ဂု....ဂု အသံလိုလို အသံပေးတတ်သည်။

သစ်ခေါင်းက လူ့လက်တစ်လှမ်း မမီပါက တုတ်ဖြင့် ထိုး၍ ထိုး၍ တောက်တဲ့ မထွက် ထွက်အောင် ထိုးထုတ်ပြီးမှ ဖမ်းသည်။ သစ်ခေါင်းသည် အပင်အောက်ခြေမှ အထက်သွားပါက သစ်ရွက်စိမ်းများကို အရင် ထိုးထည့်၊ နောက်မှ သစ်ကိုင်းခြောက်များ မီးရှို့၍ တောက်တဲ့ကို မီးခိုးမှိုင်း တိုက်ထုတ်





သည်။ သစ်ရွက်စိမ်းမခံဘဲ အခြောက်သက်သက်ဖြင့် မီးရှို့က သစ်ပင် အခေါင်း မီးစွဲလောင်တတ်သဖြင့် သစ်ခက်စိမ်း၊ သစ်ရွက်စိမ်း ခံပြီးမှသာ မီးရှို့ဝှံ၊ မီးခိုးမှိုင်း တိုက်ဝှံသည်။

တောက်တဲ့၏ ကမ္ဗဖိဒ္ဓိလား၊ ဓာတ်မတဲ့၍လား၊ ရန်ပြု တိုက်ခိုက်၍ လား မသိ။ အရေးပေါ် သေရေးရှင်ရေး ပြေးလွှားရချိန်မှ လွဲ၍ တောက်တဲ့ နေထိုင်သော သစ်ခေါင်းနေရာ၌ မြွေနှင့် ကြွက်တို့ကို တွေ့ရခဲသည်။ ရှားရှား ပါးပါး တွေ့ခဲ့ရလျှင်လည်း သေပြေးရှင်ပြေးကြောင့်သာ အဖြစ်များသည်။ [မည်သည့်အခါမျှ တောက်တဲ့၊ မြွေနှင့် ကြွက်တို့ကို ယှဉ်တွဲ မတွေ့ရဟု မဆိုလို]။ ယေဘုယျအားဖြင့် တွေ့လေ့တွေ့ထ မရှိတတ်သောကြောင့် တောက်တဲ့ အခေါင်းကို နှိုက်ရာ၌ မြွေကိုက်မှာ၊ ကြွက်တွေ့မှာ ထည့်တွက် မနေကြ။ မြွေရှိ၍ ကိုက်ခါမှကိုက်၊ ကြွက်ရှိ၍ ကိုက်ခါမှကိုက် တောက်တဲ့ နေ့ဖမ်းသမားက ရဲရဲနှိုက်သည်။ မီးတိုက်ရာ၌လည်း သစ်ခေါင်း အခွမှာ ထိုင်၍ ထွက်လာမည့် တောက်တဲ့ကို ရဲရဲဝှံဝှံ ဖမ်းသည်။

တောက်တဲ့သည် နေ့လည်း ထွက်တတ်သည့် ဓလေ့စရိုက် ရှိသော အကောင်ဖြစ်ရာ နေ့ထွက် တောက်တဲ့ကိုလည်း ကြုံကြိုက်ပါက နေ့သမား ဖမ်းခွင့် ရသည်။ အထူးသဖြင့် လူသွားလူလာ ပြတ်သော နေရာ၊ သစ်ကြီး ဝါးကြီး ကိုင်းခက် အလက် စိပ်သော နေရာများ၌ ဖမ်းခွင့်ကြုံရတတ်သည်။

ငတောတို့ ငလုံးတို့လို ညသမားကတော့ သစ်ခေါင်းထဲမှာလည်း ရှာချင်က ရှာနိုင်သည်။ ပင်လုံး ပင်စည်ကပ်၊ ကိုင်းကပ်နေသော နေရာ၌ လည်း ရှာနိုင်သည်။ မြေပြင်ပေါ်ဆင်း၍ အစာရှာနေသော နေရာ၌လည်း ရှာနိုင်သည်။ တောက်တဲ့အများစု အစာရှာကြ ထွက်ကြသော အချိန်ဖြစ်ရာ ရှိနိုင်သော နေရာကို အတွေ့အကြုံနှင့် ကျွမ်းကျင်မှုအရ ရှာတတ်က ရှာတတ် သလောက် ရနိုင်သည်။

ငတောနှင့်ငလုံးတို့ ရွာအပြင် ရောက်သောအချိန်တွင် လပြည့်ည ငွေလဝန်းကြီးက ရွှန်ရွှန်းမြမြ သာနေ၏။ ကြယ်တာရာတို့သည်လည်း

အလင်းပွင့်များ ဖြန့်ကျဲထားသကဲ့သို့ အလှဆင်နေ၏။ တောပန်း မြိုင်ပန်းတို့၏ ရနံ့သည် ညည့်ဦးလေပြည်၌ မွေးမြသင်းထုံလျက်၊ ဝန်းကျင်အနံ့၊ မွှေးရနံ့ ဖြန့်ဝေရာ သင်းရနံ့ကြိုင်၊ မွှေးရနံ့လှိုင်။ ဓိးကွက်ငှက်များ အော်မြည်သံ၊ မြင်းဝံငှက်များ အော်မြည်သံက ညည့်ဦးဂီတတေး အစပျိုးသံ ထင်ရ၏။ လရောင်အောက်၌ မြရည်မြသွေး တောက်ပနေသော သစ်ပင်၊ သစ်ကိုင်း၊ သစ်ခက်များ၊ ညဥ့်ငှက်မောင်နှံတို့၏ မြူးပျော်သံများ၊ ပိုးပုရစ် အော်မြည်သံများက ရွာဝန်းကျင်မှ ဖဲခွာ၍ တောသို့ ဝင်ရောက်စပြုကြောင်း ကြေညာနေသည့်သဖွယ် ငတောနှင့် ငလုံးတို့ ခံစားရသည်။

ရွာတောင်ဘက် ထန်းတောများအနီး ရောက်သောအခါ နေ့ခင်းပမာကြည်စင် လင်းပနေသော လရောင်အောက်တွင်၊ ထန်းပင် တစ်ပင်ကို ဖက်တွယ်တက်နေရာမှ ပြန်ဆင်းသွားသော လူတစ်ဦးကို ငတောရော ငလုံးပါ လှမ်းမြင်ရသည်။ ထိုလူကို သာမက ထန်းပင်နှင့် ရောနှော ပေါက်နေသော တမာပင်ပု အောက်၌ ရပ်နေသူ တစ်ဦးကိုလည်း ထင်ထင်ရှားရှား လှမ်းမြင်နေရသည်။

"အဖေ....ဦးလေးအုံးတင်နဲ့ သူ့သား ရှစ်တန်းကျောင်းသား ဝေတိုးတို့ ဖြစ်မယ်ဗျ၊ ကျုပ်တို့ လာ မလာ ထန်းပင်ပေါ်က တက်ကြည့်သလား၊ ဒါမှမဟုတ် တောက်တဲ့များ တွေ့လို့ တက်ဖမ်းနေသလား မသိဘူး"

"ငါ့သားရေ....မင်း စဉ်းစားကြည့်ပါလား၊ တမာပင်ပု ခွဆုံမှာ အခေါင်းရှိတယ်၊ တမာပင်ကိုင်းနဲ့ ထန်းပင်နဲ့က ရောထွေးယှက်တင် ပေါက်နေတော့ တမာပင်ပေါ်က တောက်တဲ့ဟာ ထန်းပင် ကပ်နေတဲ့ ပိုးကောင် မွှားကောင် တက်စားလိမ့်မယ်၊ ဒါကို မြင်ပြီး ဖမ်းတာ နေမှာပေါ့"

ငတောသည် တောဝါရင့် သမ္မာရင့် တောမျက်စိ လျင်မြန်သူ။ ငတော တွေးတွေးဆဆ ပြောသည့်အတိုင်း မှန်သည်။

အုံးတင်နှင့် ဆယ့်လေးနှစ် အရွယ်ရှိ သူ့သားလေး ဝေတိုးတို့က စောစောကပင်လျှင် ငတောနှင့် ငလုံးတို့ကို ထန်းတောမှ လာစောင့်နေသည်။





ယနေ့ည တောက်တဲ့ဖမ်းရာ၌ အုံးတင်က ဖမ်းဆီးသမား၊ ဝေတိုးက မီးထိုးသမား။ ငတောတို့ကဲ့သို့ပင်လျှင် ခြောက်ဗို့အား ဘက်ထရီမီးကို ကြိုးသိုင်းလွယ်ကာ ငါးခဲထိုး တုတ်မီး(လက်နှိပ်မီး)ဖြင့် မီးထိုးပြ၊ မီးထိုးရှာမည်။

ငတောတို့ကို စောင့်ရင်း တမာပင်နှင့် ထန်းပင်ရိပ် ထိုင်နေခိုက် တမာပင်မှ တောက်တဲ့က ထန်းပင်လုံး ကူး၍ ပိုးကောင် မွှားကောင် စားစဉ် အုံးတင်က မြင်သည်။ ထန်းပင်လုံး ဖက်တွယ်တက် တောက်တဲ့ဖမ်းတုတ် တစ်ကမ်း မီချိန်မှ လူက ထန်းပင်ကို ခြေနှစ်ဖက်ညှပ်၊ လက်တစ်ဖက်ဖြင့် ပင်လုံးဖက်၊ ကျန် လက်တစ်ဖက်မှ တုတ်ကိုင်၊ ကြိုးကွင်းစွပ် ဖမ်းသည်။ တောက်တဲ့ဖမ်း ပြန်ဆင်းချိန်၌ ရွာဆီမှ ငတောနှင့် ငလုံးတို့ လာနေကြောင်း အုံးတင်က မြင်သကဲ့သို့ ငတောတို့ကလည်း မြင်သည်။ ငတောတို့ အုံးတင်ဘေး ရောက်ချိန်တွင် ဖမ်းမိတောက်တဲ့ကို ပေတိုးက အိတ်ထဲထည့်ပြီးပြီ။

"စောင့်နေရတာ ကြာပလားကွ အုံးတင်"

"မကြာသေးဘူးကွ....လာဘ်ဦး ဝင်သွားပြီ မောင်ရေ"

"မြင်တယ်ကွ....ထန်းပင်ကပ် တောက်တဲ့ မဟုတ်လား"

"အေးဟေ့....ဟုတ်တယ်ဟ၊ တို့ဘယ်က စမလဲ"

"ဒီက ရှေ့မှာ တွေ့မယ့် မန်ကျည်းပင်ဟောင်းနဲ့ တမာပင်အိုက စတာ ပေါ့၊ မင်းကြိုက်တဲ့ အပင်ယူနော် အုံးတင်၊ မြေပေါ်ဖမ်းတော့လည်း မင်း သဘော"

"ရပါတယ်ကွာ....မင်း မကြိုက်တဲ့အပင် ငါ ရှာမယ်၊ လာဘ်ဦးတိုက်ထားမှတော့ ကနေ့ညအဖို့ ဘယ်အပင်ရှာရှာ ငါ တောက်တဲ့ရမှာပါ"

"မင်းကြိုက်တဲ့အပင် ရှာကွာ အုံးတင်....ငါ တကယ်ပြောတာ"

"ကဲ....ဒါဖြင့် ငါ မန်ကျည်းပင်ကြီး ရှာမယ်ကွာ၊ နောက်ရှေ့သွားရာမှာလည်း မေးမနေရအောင် ဘယ်ဘက်အပင် ငါရှာ၊ ညာဘက်အပင် မင်း ရှာကွာ.... ကြိုက်လား"

“ရပါတယ် အုံးတင်ရာ၊ ကဲ....ဒါဖြင့် မီးထိုးစို့၊ တို့ ရှာကြရအောင်”

အုံးတင်နှင့် သူ့သားလေး ပေတိုးတို့က မန်ကျည်းပင်အိုကြီးကို တောက်တဲ့ ရှာသကဲ့သို့ တမာပင်အိုဒ္ဒိရှိသော တောက်တဲ့ကို ငတောနှင့် ငလုံးတို့ သားအဖက ရှာသည်။ နှစ်ပင်စလုံးပင် အပင်အိုများ၊ သစ်ခေါင်းအို၊ သစ်ခေါင်းဆွေးများ ရှိရာ တောက်တဲ့ ပျော်သည်။ မြေပြင်ပေါ်ဆင်း၍ အစာရှာရန် ဆင်းလမ်းကြောင်း ရှာနေသော တောက်တဲ့များနှင့် သစ်ခေါင်းမှ ထွက်၍ သစ်ကိုင်းများ၌ ကပ်ရောက်သော ပိုးကောင်မွှားကောင်လေးများကို ရှာဖွေ စားသောက်ရန် ကိုင်းအပေါ် ထွက်နေသော တောက်တဲ့များကို တွေ့ရသည်။

“ပေတိုး....အဖေ့ လက်တစ်ကမ်း မီတဲ့ တောက်တဲ့ကို လက်နဲ့ဖမ်းမယ်၊ လက်တစ်ကမ်း မမီတဲ့တောက်တဲ့ကို ကြိုးကွင်းနဲ့ ဖမ်းမယ်၊ အောက်က မမီတဲ့ အကောင်ကို အပေါ်တက်ပြီး တစ်ကိုင်းချင်း ဖမ်းမယ်၊ ကဲ.... ပင်စည် မီးထိုး”

ပင်စည်ကပ်၍ အောက်ဆင်းရန် စတင် နေသည့် တောက်တဲ့ တစ်ကောင်ကို ပေတိုးက မီးထိုးပြသည်။ မီးရောင်ကို ကြောင်ခံနေသော တောက်တဲ့အား ဇက်မှ ဖျက်ခနဲ ဆုပ်ကာ အုံးတင် ဖမ်းသည်။ ဖမ်းမိ တောက်တဲ့သည် တွယ်ကပ်ထားသော မန်ကျည်းခေါက်၊ မန်ကျည်းပွေးကို ကုပ်ထား၍ ရုတ်တရက် ခွာမရ။ အုံးတင်က ရှေ့ ပစ်ထိုး၍ တောက်တဲ့က ကြွလိုက်အလာမှ အထက် မတင်ပြီး မြှောက်လိုက်သည်။ တောက်တဲ့ကို အိတ်ထဲထည့်ရန် အလုပ်၌ တောက်တဲ့က လည်ပြန် ပြန်ကိုက်ရာ အုံးတင် လက်၌စွပ်ထားသော ဖျင်လက်အိတ်ကိုကိုက်မိသည်။ အုံးတင်က တောက်တဲ့ ကိုက်ကိုက်ချင်း ခေတ္တမျှ ငြိမ်ပေးလိုက်သည်။ ကိုက်လိုက်၍ ဘယ်လိုမှ မထူးခြားဘဲ ရွေ့လျား မရသည်ကို တောက်တဲ့ သိသွားမှ အခြား လက်ဖြင့် ဆတ်ခနဲ ပြန်ဖမ်းကာ တောက်တဲ့ထည့်အိတ်ထဲ ထည့်သည်။ တောက်တဲ့ ထိထိမိမိ ကိုက်မိက နာကျင်သည်။ ကိုက်မိသော နေရာက သွေးစို့သည်။ သူ ကိုက်လာပါက ခေတ္တငြိမ်နေပြီးမှ ဆတ်ခနဲ ပြန်ခွာရသည်။





မန်ကျည်းပင်အောက်မှ လက်လှမ်းမီသော ကြိုးကွင်းတုတ်မီသော တောက်တဲ့များကို ဖမ်းပြီး၊ အုံးတင်ရော ပေတိုးပါ မန်ကျည်းပင်ပေါ် အရောက် တက်သည်။ ပေတိုးမှာလည်း သစ်ပင်တက် ကျွမ်းကျင်သော လူငယ်ဖြစ်ရာ ဘက်ထရီအိုး ကြိုးသိုင်းလွယ်လျက်ပင် လွယ်လွယ်ကူကူ ပေါ့ပေါ့ပါးပါး တက်နိုင်သည်။ အောက်ဆုံး ခွဆုံမှ မီးတစ်ဆုံး မီရာကိုင်းများကို မီးဖြန့်ထိုးပြီး တောက်တဲ့ ရှာသည်။ တွေ့လာသော တောက်တဲ့များကို တုတ်ထိပ်မှ ကြိုးကွင်းဖြင့် မမိ မိအောင် အုံးတင် စွပ်ဖမ်းသည်။

အုံးတင်၏ သစ်ကိုင်းကူး ကျွမ်းကျင်မှု၊ သစ်ကိုင်းလျှောက် ကျွမ်းကျင်မှုက တောဝါ၊ တောသမ္ဘာရင့် ပုဂ္ဂိုလ်ဖြစ်ကြောင်း သိသာ ထင်ရှားစေသည်။ အပေါ်မှ ကိုင်း ကိုင်စရာရှိပါက အပေါ်ကိုင်း ကိုင်ပြီး လျှောက်သည်။ အပေါ်က ကိုင်းကိုင်စရာ မရှိပါက မတ်တတ်လျှောက်သည်။ တစ်ချက် တိမ်း၍ လွဲချော်လိုက်ပါက အတောင် လေး ငါး ခြောက်ဆယ် မြင့်သော မန်ကျည်းပင်ကြီးပေါ်မှ လွင့်စဉ်ကျပြီး အရိုးတခြား၊ အသားတခြား၊ ခေါင်းတခြား၊ ကိုယ်တခြား ဖြစ်၍ မရှုမလှ သေမည်။ သေခါမှ သေစေတော့ စားဝတ်နေရေးအတွက် ဆင်းရဲသား တောသားပီပီ အသက်တစ်ချောင်းကို ငှက်မွေးတစ်မွေး၊ စွန့်ပစ်အမှိုက်တစ်မှိုက်မျှ တန်ဖိုး ထားသတ်မှတ်ပြီး စွန့်စွန့်စားစား လုပ်ကိုင် စားနေရသည်။

အုံးတင်သည် သေလျှင် မြေကြီး၊ ရှင်လျှင် ရွှေထီးသမား ဟုတ်။ သေလျှင် ခွေးသေ၊ ဝက်သေ၊ နွားသေ၊ ကျွဲသေ။ ရှင်လျှင် မသေထမင်း မသေဟင်းစား၍ နေ့ရွေ့စေ၊ ညရွေ့စေ၊ ကြွေးဗရပွေ ဆင်းရဲသား။

သူတို့စားဖို့ သားမယားစားဖို့၊ သားသမီးစားဖို့၊ ရိုးသားစွာ လုပ်ကိုင်စားနေရသူတစ်ဦး။ ဆင်းဆင်းရဲရဲဖြင့် ဘေးအန္တရာယ်များကြား သက်စွန့်ဆံဖျား လုပ်စားနေရသူတစ်ဦး။

အုံးတင်တို့ မန်းကျီပင်အပေါ်မှာ သက်စွန့်ဆံဖျား လုပ်ကိုင်နေစဉ် တမာပင်ပေါ်မှာလည်း ငတောတို့ ငလုံးတို့က သက်စွန့်ဆံဖျား လုပ်နေရပါ၏။

အုံးတင်သည် အဖေ။

ငတောသည် အဖေ။ နေ့ခင်း မြင်မြင်ထင်ထင် သစ်ပင်တက်ရာ၌ အန္တရာယ် မများ၍ သားတို့ကို ခိုင်းဝံ့သည်။ ညဘက်၌ အန္တရာယ် အလွန်များလှသည်။ သစ်ပင်ပေါ်မှ ကျ၍ ကျိုးကျိုး၊ ကျ၍ သေသေ။ သေချင်းသေ အဖေဖြစ်သူ သူတို့သာ သေပါစေ။ ကျိုးကျိုးပွဲပွဲ သူတို့သာ ကျိုးပါစေ၊ ပွဲပါစေဟူသော ဖွင့်မပြောသည့် စေတနာ၊ မေတ္တာ။ အဖေတစ်ယောက်၏ စွန့်လွှတ် အနစ်နာခံခြင်း စိတ်ဓာတ် အပြည့်အဝဖြင့် ဘေးအန္တရာယ်ရှိသော အလုပ်များကို သားတို့အား မစေခိုင်းဘဲ အဖေတို့ကသာ ကိုယ်တိုင် လုပ်ကိုင်နေပါ၏။ သည်မျှအထိ သားနှစ်ယောက်ဖြစ်သော ပေတိုးရော လေးရော သဘောမပေါက်။ သဘောပေါက်သူ အဖေနှစ်ယောက်ဖြစ်သော အုံးတင်နှင့် ငတောတို့က သားဖြစ်သူတို့ကို သစ်ပင်ခွဆုံမှ ထိုင်ပြီး မီးထိုးခိုင်းပြီး သူတို့က ကိုင်းဖျားကိုင်းနားလျှောက်၊ မတ်တတ်လျှောက်သင့်သည့်နေရာ မတ်တတ်လျှောက်လျက် တောက်တဲ့ ဖမ်းဆီးနေသည်။ ဝဲ၊ ယာ၊ ယာ၊ ဝဲ ခွဲခြား၍ ရှိနိုင်သော အပင် မှန်းဆ၍ ဖမ်းခဲ့ရာ တောက်တဲ့များ ညတွက် ကိုက်အောင် ရလာသည်။ ညောင်ပင်ကြီးအောက် အရောက်၌ ငတောက အရှုံးပေးစကား စတင် ပြောကြားရသည်။

“ဟေ့ကောင် အုံးတင်၊ ငါတို့က သစ်သားထုထားတဲ့ လူသား၊ စက်ရုပ် လုပ်ထားတဲ့ လူသား မဟုတ်ဘူးကွ၊ အသွေးနဲ့ အသားနဲ့ လူသား၊ ငါ မပြောရင် မင်းဆိုတဲ့ အကောင်က နားစကား ပြောမှာ မဟုတ်ဘူး၊ နားကြဦးစို့ကွ၊ ကွမ်းလေးဘာလေး ဝါးရင်း အားသစ်လောင်း မာန်သစ် ထူကြဦးစို့ကွ”

“အေးပါဟာ.... ငါက တောက်တဲ့တွေ မရစဖူး ရတော့ မောတာ ပန်းတာ နာတာ ကျင်တာ မေ့နေတယ်၊ ဟုတ်တယ်ကွ၊ တို့ နားကြသေး တာပေါ့”

ညောင်ပင်ကြီးအောက်တွင် အုံးတင်တို့ ငတောတို့ လေးယောက်





သား နားကြသောအခါ လေးယောက်စလုံး ဟန်မဆောင်နိုင်ကြတော့။ မြေကြီးပေါ် ပစ်လှဲချပြီး ကျောဆန့်လိုက်ကြရသည်။ နားနေခြင်း၏ အရသာ အဖြစ် တောင့်တင်းမှု၊ နာကျင်မှု၊ မောပန်းနွမ်းနယ်မှုတို့က ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ အချိန်တိုကာလ အတွင်းမှာပင်လျှင် သိသိသာသာ ပျောက်ကင်းသွားသည်။

ငွေလရောင်က စိမ်းမြ ကြည်ကြည်လင်လင်။

ညဥ့်ငှက်တို့ တေးဆိုသံက ကြည်နူး ပျော်ပျော်ရွှင်ရွှင်။

ညဥ့်လယ် လေနအေးက တောပန်းမြိုင်ပန်းရနံ့ကို သယ်ဆောင် ပြေးလွှား တိုးဝှေ့လာသည်မှာ တိုးတိုးညင်ညင်။

ကျောခင်းရာမှ ပထမဆုံး ထထိုင်သူမှာ ငတော။ ကွမ်းထုပ်ကို ဖြေ၍ ငတော ကွမ်းဝါးစဉ် အုံးတင်က သူ့ ဆေးရွက်ကြီးထုပ်မှ ဆေးတစ်ဖွဲ့ ဖွဲ့ပြီး ငုံသည်။ လူငယ်လေးနှင့် ပေတိုးတို့လည်း မြေပေါ်ကျောခင်းရာမှ ထထိုင်သည်။

ထိုစဉ်မှာပင်လျှင် ညောင်ပင်ကြီးပေါ်မှ ရှန်းရှန်း ရှန်းရှန်း အသံ ကြားသည်။ တော သတိ ကောင်းသော ငတောနှင့် အုံးတင်တို့က ညောင်ပင် အောက်မှ ထွက်ရန် လူငယ်နှစ်ဦးကို ဖွတ်ခိုင်းပြီး သူတို့လည်း အလျင် အမြန် ထွက်သည်။

ညောင်ပင်ပေါ်က အသံ ရပ်မသွား၊ သစ်ရွက်လှုပ်သံ၊ သစ်ကိုင်း လှုပ်သံတို့ ဆက်တိုက် စဉ်တိုက် ကြားလာရပြီး၊ အောက်သို့ ဘုန်းခနဲ ပစ်ကျသံ ကြားလိုက်ရသဖြင့် လေးရော ပေတိုးပါ တောလိုက်မီး နှစ်လက် ကို ဆိုင်ထိုးလိုက်သည်။

သူတို့ အထမြန်၊ အထွက်မြန်၍သာ ကံကောင်းသည်။ အုံးတင် နှင့် ပေတိုး ထိုင်ခဲ့သောနေရာတည့်တည့်၌ ဘုန်းခနဲ ကျလာသော အရာက လုံးထွေးနေသည်။ မြေပြင်ပေါ် ကျသော်လည်း ဒေါသ မလျော့ကြ။

မီးရောင်အောက်၌ ဒေါသ မလျော့ဘဲ အပြန်ပြန် အလှန်လှန်

ကိုက်နေ ခဲနေကြသော သတ္တဝါ နှစ်ကောင်မှာ တောက်တဲ့ကြီး တစ်ကောင်နှင့် မြွေဟောက်ကြီး တစ်ကောင်။

တောက်တဲ့ကြီးပါးစပ် ပြဲပြဲကြီးကလည်း မြွေဟောက်ကြီးပါးစပ်ပြဲပြဲကြီးကို ဒေါသတကြီး အားကုန်အင်ကုန် ကိုက်ထားသကဲ့သို့ မြွေဟောက်ကြီးကလည်း မလျှော့။ မလွှတ်။ တောက်တဲ့ကြီးကလည်း မလျှော့။ မလွှတ်။ နှစ်ကောင်စလုံး အငြိုးတကြီး ဒေါသတကြီး အပြန်အလှန် ကိုက်ခဲထားရာမှ သူနိုင်ရေး ကိုယ်နိုင်ရေးအတွက် ထပ်မံ အားဖြည့် ကိုက်ခဲရာ မြေပြင်ပေါ်၌ ဂျင်လှည့်သကဲ့သို့ လည်ချာ လည်ချာ၊ ချာလည် ချာလည် လှည့်နေသော်လည်း မြွေဟောက်ကြီးကလည်း ပြတ်ပြတ်သားသား မနိုင်။ တောက်တဲ့ကြီးကလည်း ပြတ်ပြတ်သားသား မနိုင်။ တောက်တဲ့ကြီးကလည်း မီးရောင်ကျရောက်လာပြီး လူသားနဲ့ နီးလာပြီ၊ ဘေးဖြစ်တော့မည်၊ ပြေးမှ ရတော့မည်ဟု လုံးဝ မတွေးဆ။

မီးရောင်များ၊ လူသားများထက် တောက်တဲ့ကြီး မဲနေသည်မှာ သူ့ကိုက်ထားသော ရန်သူတော် မြွေဟောက်ကြီး။

မြွေဟောက်ကြီးကလည်း မီးရောင် မတွက်။ လူသား မတွက်။ သူ အပြန်အလှန် ကိုက်ခဲထားသော တောက်တဲ့ကြီးကိုသာ ချေမှုန်း ကိုက်ခဲရန် စိတ်စောနေသည်။ နှစ်ကောင်စလုံး သူနိုင် ကိုယ်နိုင် အပြိုင် ကိုက်နေရာ ဘတစ်ပြန် ကျားတစ်ပြန်၊ သူတစ်လှည့် ကိုယ်တစ်လှည့်၊ ထက် အောက်၊ အောက်ထက် ကျနေသော်လည်း မလျှော့။ တစ်ကောင့် တစ်ကောင် မလွှတ်။

အုံးတင်တို့ ငတောတို့အဖို့ တွေ့ဖူးကြုံဖူးပေါင်းများလှ၍ မထူးဆန်း။ ပေတိုးနှင့် ငလုံးတို့ လူငယ်နှစ်ဦးမှာ ယခုကဲ့သို့သော အဖြစ်မျိုး မမြင်ဖူး မတွေ့ဖူး၍ တအံ့တသြ။

"တို့ မီးရောင်နဲ့ တို့ခြေသံ၊ လူသံ ကြားလို့ မြွေဟောက်က သစ်ပင်ပေါ် တက်ရောင်တိမ်းရာက တောက်တဲ့ကြီးနဲ့ တွေ့ပြီး ပွဲကြီးပွဲကောင်း ရောက်သွားတာ ဖြစ်နိုင်တယ်နော် အုံးတင်"





"အေးကွ....မြွေဟောက်က တို့ရှောင်ရာက တောက်တဲ့နဲ့ တွေ့ပုံပဲ၊ ကြည့်နေလို့ပြီးမှာ မဟုတ်ဘူး၊ ငါ အရင် တွေ့ဖူးတုန်းက ကြွက်ထောင် အသွားကွ ငတော၊ တောက်တဲ့ မြွေ "နပန်းကိုင်" နေတာ၊ ကြွက်ညှပ်တွေ ထောင်ပြီး ငါ တစ်နာရီကျော်လောက်မှ ပြန်လာတော့လည်း အနိုင်အရှုံး မပေါ်သေးဘူး၊ နှစ်ကောင်စလုံး အားကုန် အမောလွန်ပြီး တစ်ကောင့်ကို တစ်ကောင် ကိုက်တာ မလွှတ်ဘဲ မလှုပ်နိုင်တော့ဘူး၊ အဲဒီတုန်းကတော့ မြွေသတ်၊ တောက်တဲ့ပါးစပ် ကန့်လန့်ထုတ်ပြီး တောက်တဲ့ ထားပစ်ခဲ့တယ်၊ ခုတော့ မြွေသတ်၊ တောက်တဲ့ ယူတာပေါ့ကွာ၊ ငါက တောက်တဲ့ ယူမယ်၊ မင်းက မြွေယူ ငတော"

"ရတယ် အုံးတင်.... မြွေအရင်ရိုက်အောင်"

မြွေကို ရိုက်သတ်၊ ပါးစပ်နှစ်ခုက တစ်ကောင့်တစ်ကောင် မလွှတ်သေး၍ တုတ်ဖြင့် ကန့်လန့်က ဖြဲထုတ်ပြီးမှ နှစ်ကောင် ခွဲ၍ရသည်။ လူသာ ဖြုတ် ဖြဲ မပေးက နှစ်ကောင်စလုံး သူ့သေကိုယ်သေ ကိုက်ကာ ကိုက်လျက်မှ အသေခံမည့်သဘော တွေ့ရသည်။ တောက်တဲ့ကြီးသည် မြွေပါးစပ်နှင့် ခွဲဖြုတ်ပြီးသည့်တိုင် ဒေါသမပြေ။ လူငယ်နှစ်ဦးမှာ အံ့အားသင့်မဆုံးနိုင်ကြ။

တောက်တဲ့နှင့် မြွေ တွေ့ပြီးသော ညောင်ပင်ကြီး၏ တောင်သွားက သရက်ခြံအို သရက်ခြံကျယ်ကြီးများ နေရာသို့ ငတောတို့ အုံးတင်တို့ ရောက်မည်။

ပထမ တွေ့မည့် သရက်ခြံကြီးမှာက လူသုံးဆက် သက်တမ်း ရှိခဲ့သော သရက်ခြံအိုကြီး။ သရက်ပင်ကြီးများကို ခွဲစိတ်၍ သရက်သား၊ သရက်ပျဉ် ထုတ်လုပ်နိုင်သည်အထိ လူ့လက်ဖက် သုံး လေးဖက်ရှိ အပင်ကြီးများ။ အဘ၊ အဖေ၊ သား ဟူသော ပိုင်ရှင်အဆင့်ဆင့် ပြောင်းခဲ့ရသည်အထိ သက်တမ်း ရှည်ကြာသကဲ့သို့ အပင်ရေမှာလည်း တစ်ရာကျော်သည်။ သရက်ခြံ ပတ်ပတ်လည်၌ ချုံနွယ် ချုံတန်းများ ပေါသည်။ လှည်းလမ်း

ကျော်က ပြာသို၊ တပို့တွဲအထိ ရေနေသော တောရေကန် ရှိသည်။ ပိုးမွှား၊ ပလူ၊ ပုရစ် အလွန်ပေါသည်။ သရက်ပင် အမြင့်ကြီးများဖြစ်ရာ အထူးသဖြင့် ပင်စည်ထိုး ပိုးကို စနစ်တကျ မကာကွယ်နိုင်။ လှေး၊ မွှား၊ ဖြုတ်၊ ရွက်စားပိုးတို့ကို ထိထိရောက်ရောက် မကာကွယ်နိုင်။ အပင်မြင့် အပင်အိုကြီးများ၌ ကျရောက်လာသော ပိုးမွှားသည် တောက်တဲ့တို့၏ အစာ။

သရက်ပင်ကြီးများဖြစ်ဖြစ်၊ သရက်ပင်ငယ်များဖြစ်ဖြစ်၊ ပင်စည်ထိုးပိုးနှင့် သီးလုံးဖောက်ပိုးတို့ ကျရောက်တတ်သည်။ သရက်ပင်စည်ထိုးပိုးသည် သရက်ပင်စည် သို့မဟုတ် သရက်ကိုင်း၌ ပိုးကောင်မကြီးက အခေါင်းဖောက်၍ ဥချပစ်ခဲ့သည်။ ဥက သားပေါက်လျှင် သရက် ပင်စည်ထဲ သရက်ကိုင်းထဲမှာ ကြီးပြင်းသည်။ သရက်ကိုင်း သရက်ပင်စည် အတွင်းသားကို စားသောက်၍ ကြီးထွားလာသည်။ ဦးခေါင်းက ကင်းခြေများသဏ္ဌာန် အနီရောင် ပေါက်ပြီး၊ နောက်ပိုင်းက အဝါနုရောင် ရှိသည်။ သူတို့ စားသောက်၍ စွန့်ပစ်သော သရက်ကိုင်း အစအနနှင့် မစင်တို့က သူတို့ ရောက်ရှိနေကြောင်း ဖော်ပြနေသည်။ လွန်စာကဲ့သို့ သရက်ကိုင်း အစအပိုင်းများ ထွက်လာက သရက်ပင် ပိုင်ရှင်က အပေါက်ရှာပြီး သံချိတ်ဖြင့် ထိုးဆွဲကာ အကောင်ကို ထုတ်ရသည်။ သို့မဟုတ် မြန်မာဆိုက်ပါ၊ ဆူမီသီယွန် အစရှိသော ပိုးသတ်ဆေးများ ထည့်ကာ ရွှံ့နှင့် ပိတ်ရသည်။ ရှေးရိုးစဉ်လာအရ မြင်း၏သွားဖြင့် အပင်ခြေကို ရိုက်ပေးပါက ပင်စည်ထိုးပိုး သေသည်ဟု ယူဆပြီး မြင်းသွားဖြင့် သရက်ပင်စည်ကို ရိုက်ပေးတတ်ကြသည်။

အပင်ငယ်ငယ် လူ့လက်တစ်ကမ်း၊ လူ့မျက်စိ မြင်ရာ၌ သရက်ပင်စည်ထိုးပိုးသည် နှိမ်နင်းရန် လွယ်သည်။ သက်ရင့်ပင်အို သရက်ပင်ကြီးများမှာ အတောင် ငါးဆယ်၊ ခြောက်ဆယ်ခန့် မြင့်ရာ ပင်စည်ထိုးပိုးကို တက်ရှာရန် မလွယ်တော့။ ပင်စည်ထိုးပိုးက အတွင်းမှနေ၍ အူကြောအလိုက် စားသွားရာ ပကတိအမြင်၌ အခြားသရက်ကိုင်းများကဲ့သို့ ရှိနေသည်။ သရက်ပင်စည်၊ သရက်ကိုင်းများကို ပင်စည်ထိုးပိုး အကြီးအကျယ်ဝင်ရောက် ဖျက်ဆီးနေလည်း သာမန် အနေအထားအရ ပုံမှန် မှင့်မပျက်ပင်။





သရက်ပွင့်ချိန်မှာ ပင်စည်ပိုးထိုး သရက်ကိုင်းက ပွင့်မြဲပွင့်သည်။ ဖူးမြဲဖူးသည်။ သီးမြဲသီးသည်။ သို့ရာတွင် အလည်အူကြော၊ အလည်သား မရှိတော့၍ သရက်သီး ရင့်လာလျှင်၊ ရွှမ်းပြင်းဖြစ်လာလျှင် လေးလံလာသောကြောင့် သူ့အလိုအလျောက် ကျိုးပြတ်ကျချင်လည်း ကျသည်။ လေလေးဇော့ယမ်း တိုက်လာရုံမျှဖြင့် ကျိုးပြတ်ကျချင်လည်း ကျသည်။ ကျိုးပြတ်ကျသွားသော နေရာမှ သစ်ခေါင်းဖြစ်၊ ပိုးပုရွက်၊ ခြစား။ ထိုစားလာသောခြပိုး၊ ပုရွက် မှန်သမျှသည် တောက်တဲ့ အလွန်ကြိုက်သော အစားအစာ။

သစ်သီးထိုး ရင်းသီးလုံးဖောက်ပိုးကျသော သရက်သီးမှန်သမျှ၊ မှည့်ခါနီး၊ မှည့်ချိန်၌ လောက် တဖွားဖွားကျ၊ ပိုးမွှား တရုန်းရုန်းနေရာ၊ ထိုပိုးမွှား၊ လောက်များသည်လည်း တောက်တဲ့ အစားအစာ။

သရက်ပင်အိုကြီးများ၊ ချုံနွယ်ချုံတန်းများ၊ ရေအိုင်ရေချိုင့်များ၌ တရုန်းရုန်း တရွှန်းရွှန်း၊ တဖြုန်းဖြုန်း တဖျတ်ဖျတ် ပျံသန်းနေသော အိမ်ဖွဲ့နေသော ပိုးမွှား၊ ပုရစ်၊ ခြ၊ ပလူ မှန်သမျှသည်လည်း တောက်တဲ့ အစားအစာ။

ဤကဲ့သို့ တောက်တဲ့သဘောနှင့် တောသဘောကို နားလည်နေသော ငတောတို့က ညကလည်း လသာသောည၊ နေရာကလည်း အစာရေစာ ပေါသော နေရာဖြစ်ရာ သရက်ခြံရောက်က တောက်တဲ့ ရလိမ့်မည်ဟု မျှော်မှန်းခဲ့ကြပါ၏။ ညောင်ပင်ကြီး၌ နားနေပြီး သရက်အို ခြံသို့ သူတို့လာခဲ့သောအခါ သူတို့ မျှော်မှန်းသည်ထက် တောက်တဲ့က ပေါများနေကြောင်း တွေ့ရှိရသဖြင့် ကျွမ်းထိုးချင်သလိုလို၊ ခုန်ပေါက်ချင်သလိုလို ဝမ်းသာပီတိ တဖွားဖွား။

သရက်ပင်များပေါ် တက်ရောက် မဖမ်းဆီးရသေး။ မြေပြင်ပေါ်၌ ပင်လျှင် အစာရှာဖွေ စားသောက်နေသော တောက်တဲ့ကြီး၊ လတ်၊ ငယ် အများအပြား။ လပြည့်ည လသာသာ၌ မြူးထူးပျော်ပါးနေသော ပိုး၊ ပုရွက်၊ ခြ၊ ပလူတို့ကို မြေပြင်ပေါ်၌ လိုက်ဖမ်းစားသောက်နေသော တောက်တဲ့များကို ဖမ်းဆီးရေးအတွက် ငတောနှင့် အုံးတင် တိုင်ပင်ရသည်။

"အုံးတင်.... အကောင်လေးတွေကို ရှောင်ပြီး အကောင်လတ်နဲ့ အကောင်ကြီးတွေကို ဖမ်းရအောင်၊ မင်း အရှေ့ခြမ်း၊ ငါ အနောက်ခြမ်း ဖမ်းမယ်၊ မြေပြင်ဖမ်းပြီးမှ သရက်ပင်ပေါ်တက်ပြီး အပင်ပေါ်က အကောင် ဖမ်းတာပေါ့"

"ရပါတယ်ကွာ.... မင်းနဲ့ငါ ဘယ်လိုလုပ်လုပ် ကျေနပ်ပြီးသားပါ၊ တောက်တဲ့ဝယ်တဲ့ ဒိုင်ခွဲ၊ ဒိုင်ချုပ်တွေက ညစ်ပတ်ပြီး မတရား ဈေးနှိမ် လွန်းလို့သာပေါ့ ငတောရာ၊ ဂျာနယ်တွေမှာပါတဲ့ ဈေးအတိုင်းသာ တို့ ရရင် စီးပွားရေး တစ်ထောက်တစ်မ အထောက်အကူ ဖြစ်လောက်တယ်၊ အမြတ် ကြီးစားဆိုတာ အစားကြီးမှ အမြတ်ကြီးဆိုတဲ့ ကောင်တွေဆိုတော့ သူတို့ လုပ်တိုင်း တို့ ငုံ့ခံနေရလို့ တို့ မွဲကြောရှည်တာ"

"ဟ....ငါ့ကောင်ရ၊ ငတောနဲ့အုံးတင်က တောက်တဲ့ နိုင်၊ ငတောနဲ့ အုံးတင်ကို ဒိုင်ခွဲက နိုင်၊ ဒိုင်ခွဲကို ဒိုင်ချုပ်က နိုင်၊ ဒိုင်ချုပ်ကို ငွေရှင် ကြေးရှင် ကြီးတွေက နိုင်တာပဲကွာ၊ ကိုင်း.... တို့နိုင်တဲ့ တောက်တဲ့ တို့ ဖမ်းစို့၊ ပြောနေကြာရှေ့မယ်"

မြေပေါ်၌ အစာရှာနေသော တောက်တဲ့များကို ပေတိုးက မီးထိုးပြ၊ အုံးတင်က ဖမ်း၊ ငလုံးက မီးထိုးပြ၊ ငတောက ဖမ်းသည်မှာ သွက်သွက် လက်လက်။

တောက်တဲ့အများစုမှာ မီးရောင်ကို ငေးကြည့် ကြောင်ခံနေစဉ် ဇက်နောက်အုပ် ဖြုတ်ခနဲ အဖမ်းခံရသည်။ ဖမ်း၍လည်း အလန့်တကြား အော်သော၊ အထိတ်တလန့် အော်သော အကောင်များ မဟုတ်။

အနည်းစုသော တောက်တဲ့များသာလျှင် မီးထိုးချိန်၊ ဖမ်းရန်လာချိန် ၌ ပြေးလွှားတတ်သည်။ တောက်တဲ့ ဆယ်လှမ်း၊ လူ့တစ်လှမ်းမျှပင် မရှိ သောကြောင့် လွတ်အောင် မပြေးနိုင်ကြ။ နောက်မှ လိုက်လာသော လူ့ခြေ တစ်လှမ်း နှစ်လှမ်း အရောက်၌ မိသည်။





လက်သန်း၊ လက်ခလယ်၊ လက်ညှိုး၊ လက်မ အရွယ် တောက်တဲ့ လေးများ အများအပြားကို အုံးတင်တို့၊ ငတောတို့ ချန်လှပ် ပစ်ထားခဲ့ကြ သည်။ ထိုအကောင်လေးများသည် ငါးလ ခြောက်လ ကျော်လျှင် ယခုကဲ့သို့ အစာရေစာ ပေါများသော၊ နေရာထိုင်ခင်း ကောင်းသော နေရာ၌ ဆက် လက် နေထိုင် စားသောက်ရပါက ရောင်းတန်းဝင် အရွယ် ရောက်မည်။ ရောင်းတန်းဝင် အရွယ်ရောက်က ကိုယ် စားခွင့်ကြုံက ကိုယ်ဖမ်း၊ သူ စားခွင့်ကြုံက သူ ဖမ်းလိမ့်မည်။ ယခုတော့ ဘေးမဲ့သဘော သတ်မှတ်၍ အုံးတင်တို့ ငတောတို့က ပစ်ထားခဲ့သည်။

မြေပြင်မှာ အားရပါးရဖမ်း၍ ပြန်လျှင်ပင် ယနေ့ညတွက် ကိုက်ပါ ၏။ အချိန် ရှိသေးခြင်း၊ ဖမ်းလက်စ ဖြစ်နေခြင်း၊ ဖမ်းရန် တောက်တဲ့ ကျန်နေသေးခြင်းကြောင့် အုံးတင်ရော၊ ငတောပါ ဆက်ဖမ်းသည်။ တောက်တဲ့ မည်မျှရရ ရောင်း၍ မကုန် မရှိ။ ဖမ်းမိသော တောက်တဲ့ကို ရေမှုတ် ရေဖျန်းထားသော နေရာ၌ လှောင်၊ ရေခွက် ချပေး၊ ထမင်းလုံး ချကျွေး၊ ညဘက်၌ ပိုးကောင် မွှားကောင် လာစေရန် လှောင်သည့် နေရာ အထိ မီးခွက် ထွန်းပေးက တောက်တဲ့ကို ရက်ကြာစွာ ထားရသည်။ တောတောင် သရက်ခြံ၌ နေသော တောက်တဲ့သည် သူပိုင် မဟုတ်။ ကိုယ်ပိုင် မဟုတ်။ ကိုယ်ဖမ်းမှ ကိုယ့်တောက်တဲ့၊ သူဖမ်းမှ သူ့တောက်တဲ့မို့ ဦးသူက ယခုကဲ့သို့ တွေ့တုန်း ဖမ်းထားရမည်။

အုံးတင်နှင့် ပေတိုးတို့ ပထမ သရက်ပင်ကြီးပေါ်၌ တက်ဖမ်းရာ တစ်နာရီနီးပါးအထိ လှည့်ပတ်မွှေနှောက် ဖမ်းရသည်။ တောက်တဲ့ အကြီး၊ အလတ် များစွာ ရသည်။ ငတောနှင့် ငလုံးတို့လည်း တောက်တဲ့ ပေါလွန်း၍ ဆက်တိုက်စဉ်တိုက် ဖမ်းရသည်။ သရက်ပင်အို၊ သရက်ပင်အခေါင်း ပေါရာ တောက်တဲ့ ပေါမှပေါ။

အုံးတင်နှင့် ပေတိုးတို့ ဒုတိယ သရက်ပင်အိုကြီးပေါ်၌ ဆက်ဖမ်းရာ ခွဆုံကတည်းက လက်မလည်အောင် ဖမ်းပြီး အထက်ကိုင်း အဆင့်ဆင့်သို့ တက်ဖမ်းသည်။ ပင်စည်မှ တောင်ဘက်သို့ ထိုးထွက်နေသော တောင်သွား

သည့်အကိုင်းကို နင်း၍ အပေါ်၌ရှိသော တောက်တဲ့ကို ဖမ်းရန် အုံးတင် သရက်ကိုင်း နင်း၍ တောင်ဘက်ကိုင်းဖျားသို့ အလျှောက်တွင် ခါးလယ် ခန့် အရောက်၌ ဂျွမ်း၊ ဖျောင်း၊ ဝေါ၊ ဝုန်းခနဲ မြည်သံ ဆက်တိုက် စဉ်တိုက် ပေးကာ သရက်ကိုင်းက ပြတ်ကျကျိုးကျရာ အုံးတင် ဟန်ချက်ပျက်လျက် အောက်သို့ ဝမ်းလျားမှောက်ကျသည်။

အုံးတင် နင်းမိသော သရက်ကိုင်းမှာ ပုံမှန်သရက်ကိုင်းကဲ့သို့ မှင် မပျက် ရှိနေသော ပင်စည်ထိုးပိုး စားသောက်ဖျက်ဆီး၍ အလယ်အူကြော မရှိတော့သော သရက်ကိုင်း။ ညဖြစ်၍ မသိသည် မဟုတ်။ နေ့ခင်း ဖြစ် လည်း သိသိသာသာ ထင်ထင်ရှားရှား ထူးခြားမည် မဟုတ်။ ပင်စည်ထိုးပိုး စတင်ရာ ခွဆုံမှ ကိုင်းဖျားအထိ ပိုးကောင်ထုတ်သော သရက်ကိုင်း အစအန၊ ပိုးချေးကို စနစ်တကျ အချိန် ယူကြည့်မှသာ ပိုးရှိသောကိုင်းဟု သာမန်သိ သိမည်။ ယခုနှစ် သရက်သီး ရာသီ၌ သရက်သီး ရင့်လာ လေးလာက အလိုအလျောက် ကျိုးကျမည့်ကိုင်း။ လေဇွေ့ရုံဖြင့် ပြုတ်ကျမည့်ကိုင်းဟု မည်သူမှ မခန့်မှန်းနိုင်။ သရက်ပင်စည်ထိုး ပိုးသည် သရက်ပင်စည်၊ သရက်ကိုင်း မည်သည့်နေရာရောက်ရောက် အတွင်းပိုင်း၌ လှည့်ပတ်စား ၍ လူမျက်ကွယ်အတွင်း၌ ဖြစ်သောကြောင့် မသိကြရ။ ကိုင်း ကြိုဖြတ် ကာကွယ်သောအနေဖြင့် ကိုင်းဖြတ်ရာ၌ပင်လျှင် ရောက်နိုင်သော နေရာ၏ ရှေ့ တစ်တောင်၊ နှစ်တောင်ခန့် ခန့်မှန်း ရမ်း ကြိုတင်ဖြတ် ဟန့်တားရသည်။ ထိုကဲ့သို့သော သရက်ကိုင်းကို နင်းမိသောအခါ အုံးတင်က နင်းချိုးသလို ဖြစ်ပြီး ပြုတ်ကျသွားသည်။

သရက်ကိုင်းနှင့်အတူ အုံးတင်က တစ်ပါတည်း ပါသွားက သက်သာ နိုင်သေးသည်။ ဝမ်းလျားမှောက်ကျသော အုံးတင်သည် အောက်၌ ရှိသည့် သရက်ကိုင်းအပေါ် ပစ်ကျရာ အောက်ခံ သရက်ကိုင်းက ကိုင်းမာကိုင်းတုတ် ဖြစ်သောကြောင့် ကျိုးကျမသွား။ အုံးတင် ရင်အုံကို ဆီးကြို ရိုက်ခွဲသကဲ့သို့ ဖြစ်သွားစေသည်။ လူက လည်ထွက်သွားပြီး သရက်ပင်စည်ဖြင့် ခေါင်း ပစ်တိုက်လိုက်သကဲ့သို့ ဒုံးခနဲ အသံပေးကာ အောက် သရက်ကိုင်း အဆင့်





ဆင့်နှင့် ရိုက်မိသည်။ မြေပေါ်သို့ ကျရာ ဝမ်းလျား မှောက်လျက် မကျ။ မတ်တတ်ရပ်လျက် မကျ။ ခေါင်းက အရင်အောက် စိုက်ပြီး ဇောက်ထိုးကျရာ ဇက်ကို လိမ်ချိုးသကဲ့သို့ ဖြစ်သွားသည်။

ဝုန်း၊ အုန်း၊ ဖြုန်း၊ ဖုန်း၊ ဖျောင်းခနဲ အသံများ။ "ဦးလေးတော ဦးလေးတော အဖေကျသွားပြီ" ဟူသော ပေတိုး အော်သံတို့က ငတောနှင့် ငလုံးတို့ နှလုံးခုန် ရင်တုန် ဖြစ်စေပါ၏။ ပေတိုးလည်း သရက်ပင်ပေါ်မှ ဘယ်ပုံ ဘယ်နည်း ဆင်းလာခဲ့မိသည်ကို သူ ကိုယ်တိုင် မသိသကဲ့သို့ ငတောနှင့် ငလုံးလည်း အခြားသရက်ပင်ပေါ်မှ ဘယ်ပုံဘယ်နည်း ဆင်းလာ မိမှန်း မသိ။ အပြေးအလွှား ဆင်းလာပြီး အုံးတင်ကို မီးထိုးကြည့်လိုက်မိပြီး ဟာခနဲ ဟင်ခနဲ အိုခနဲ ဖြစ်သွားသည်။

အုံးတင်အဖြစ်က မြင်ဝံ့စရာ ကြည့်ဝံ့စရာ မရှိ။

ခေါင်းကြီးက လည်နေသည်။ လက်ခြေများ၊ အရိုးများ ကျိုး ကြေမွ ကုန်သောကြောင့် ဖွဲအိတ်ကြီးလို ဖြစ်သွားသည်။ အပေါက်ရှိသမျှဒွါရတို့က သွေးများ ယိုစီးဆင်းနေသည်။

ဇက်လည်၊ ဖွဲအိတ်ကျ၊ သွေးက တသွင်သွင် စီးဆင်းနေသော အုံးတင်ကို ငတော၊ ငလုံးနှင့် ပေတိုးတို့က သွေးအလူးလူး၊ ဖုန်အလူးလူး ကြားမှ သရက်ပင်အရိပ် ရှိရာက လရောင်အောက်သို့ မ,ထုတ်သည်။ လူငယ်နှစ်ဦးအား ရွာပြန် လူစု လှည်းခေါ်ရန်နှင့် ရွာ၌ ဆရာ ပင့်ထားရန် ငတောက ချက်ချင်း ပြန်လွှတ်လိုက်သည်။

ရွာမှ လူများ ခေတ္တမျှ စိတ်ချမ်းသာမှု ရရှိစေရန် ဆရာပင့်ထားပါ ဟု စေခိုင်းရသော်လည်း အုံးတင်သည် သရက်ကိုင်း ရိုက်ကတည်းက အသက် ထွက်သွားသလား၊ မြေကြီးပေါ် ဖင်ဘူးတောင်းထောင် ဇက် အောက်စိုက် ကျမှ အသက် ထွက်သလား၊ အသက်ထွက်ချိန်ကို အတိအကျ မသိသော်လည်း အသက်မရှိတော့ကြောင်းကို ငတော ဧကန်ဒိဋ္ဌ သိနေပါ၏။

ရွှန်းမြမြ သာနေသော လပြည့်ည လရောင်၊ ကြယ်နက္ခတ်တာရာ

အပေါင်းတို့ တဖျတ်ဖျတ် တလက်လက် တောက်ပနေသော ကောင်းကင်။

သွေးအန် သွေးယိုထွက်ဆဲ အုံးတင်။

အုံးတင်၏ အလောင်းကြီးဘေးတွင် အုံးတင်ပွေ့ချီမရာမှ သွေးအလူးလူး ဖုန်အလူးလူးဖြစ်ပြီး သွေးဖုန်ပေပွကာ အလောင်းကြီးကို ငူငူငိုင်ငိုင်ကြည့်နေသော ငတော။

သေရွာပြန် အုံးတင်ဖြစ်၍ လူပ်များလာမလား၊ မလူပ်မယှက် အသက်ဝိညာဉ် ကင်းကွာသွားသော အုံးတင်အလောင်းကြီးကို ငတော မကြည့်ရက်၊ မမြင်ရက်၊ မျက်စိကလည်း အုံးတင် အလောင်းကြီးပေါ်သို့ သာ တရစ်ဝဲဝဲ၊ တဝဲလည်လည်။

ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ ရှိ၍ နတ်မျက်စိ၊ နတ်အကြား နတ်နားနှင့် ကြည့်ရှု နားထောင်ကာ မနေ့က အေးချိန့်ကို မီးရှို့နေသူ အုံးတင်အား အသင် အုံးတင် အသင်သည် ညဉ့်သေလတ္တံ့၊ မနက်ဖြန် နေ့လယ်၌ သင်မီးရှို့ ခံရလတ္တံ့ဟု ပြောကြားလာက အုံးတင် စိတ်ဆိုးလိုက်မည်ဖြစ်ခြင်း၊ အဆဲပေါင်းစုံ ဆဲကာ၊ ဆက်ပြောလာပါက စိတ်မထိန်းနိုင်ဘဲ တံစူးဝါးဖြင့် ထိုးကောင်းထိုးပေလိမ့်မည်။

မနေ့ နေ့လယ်က သူများအလောင်းကို မီးရှို့နေသော အုံးတင်သည် နောက်နေ့ နေ့လယ်၌ သူ့အလောင်းကို မီးရှို့ ခံရလိမ့်မည်ဟု ကာယကံရှင်ကိုယ်တိုင်လည်း တွေးမိမည် မဟုတ်၊ ဘေးလူလည်း တွေးမိမည်မဟုတ်။ ငတောလည်း မတွေးမိတာ အမှန်ပါ။

ဆန့်သောလက် မကွေးမီ၊ ကွေးသောလက် မဆန့်မီ သေနိုင်သည်။ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်း သေနိုင်သည်ဟု ပြောကြားလာပါက ခေါက်သာထား ပါးပါးလေး၊ ရှော့မရှိ၊ လူတိုင်းသိဟု ပြောကြနိုင်သည်။

လူတစ်ဦးသည် မည့်သည်ရက်၊ မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သည့်ရောဂါဖြင့် သေမည်ကို မသိဟု ပြောလျှင်၊ ခေါက်သာထား၊





ပါးပါးလေး၊ ရှော့မရှိ၊ ကြည်စေအေးစေ၊ အေးအေးနေ၊ တရားတိတ်ခွေ နားထောင်ဖူးသူတိုင်း အသိဟု ပြောကောင်းပြောကြမည်။

ကံအာနုဘော် ရှိသော်လည်း သက်တမ်းကုန်၍ သေခြင်း၊ သက်တမ်းရှိသေးသော်လည်း ကံကုန်၍ သေခြင်း၊ ကံရော သက်တမ်းပါကုန်၍ သေခြင်း၊ ကံနှင့်သက်တမ်း ရှိပါသေးသော်လည်း ဥပစ္ဆေဒက ကံကြောင့် သေခြင်းဟု သေခြင်းတရား ခွဲခြားပြပါက စာပေကျမ်းဂန်မှာပါတာ လူတိုင်းသိတရားဟော၍ နားကနာတိုင်းသိ၊ ကံမကုန်ဖို့ ဗေဒင်မေး၊ ယတြာချေ၊ အသက်မကုန်ဖို့ တောပိစပ် သောက်၊ ပရန္နဝါ စား၊ စူလာနဖာ မှီဝဲ၊ ဥပစ္ဆေကကံ ကြောက်က အသက်အာမခံထား၊ ခေါက်သာထား၊ ပါးပါးလေး၊ ရှော့မရှိ ဟု ရယ်သွမ်းသွေးကာ ဆိုသူ ရှိနိုင်သည်။ သေခြင်းတရားသည် သေသူနှင့် သာဆိုင်၍ ကိုယ်နှင့် မဆိုင်သလို ယူဆသူရှိကောင်း ရှိနိုင်သည်။

မည်သူသည် သက်တမ်းကုန်၍ သေမည်။

မည်သူသည် ကံကုန်၍ သေမည်။

မည်သူသည် ကံရော၊ သက်တမ်းရော ကုန်ကျ သေမည်။

မည်သူသည် ဥပစ္ဆေဒက ကံဖြင့်သေမည်ဟု ဘုရား၊ ရဟန္တာမှ လွဲ၍ သူလိုငါလို သာမန်ပုထုဇဉ်သည် မပြောနိုင်။ ပြောနိုင်သည်မှာ မည်သူမဆို သက်တမ်းကုန်၍ သေသေ၊ ကံကုန်၍သေသေ၊ သက်တမ်းရော ကံရော ကုန်၍သေသေ၊ ဥပစ္ဆေဒက ကံကြောင့်သေသေ၊ သေလျှင် သာယာဖွယ်မရှိ။ သာယာဖွယ် မရှိသောအခါ မသာယာစရာ၊ မသာ ဖြစ်လာသည်။ သုဘ မဟုတ်တော့၊ အသုဘ ဖြစ်လာသည်။ မင်္ဂလာ မဟုတ်တော့၊ အမင်္ဂလာ ဖြစ်လာသည်။ ဣဋ္ဌာရုံ မဟုတ်တော့၊ အနိဋ္ဌာရုံ ဖြစ်လာသည်။

မသာ၊ အသုဘ၊ အမင်္ဂလာ၊ အနိဋ္ဌာရုံသည် ကာယကံရှင်က ဖြစ်ချင်လှ၍ ဖြစ်လာရသည် မဟုတ်၊ ဖြစ်ချိန်ကျ၍ ဖြစ်လာရသည်။

ခင်ခင်ညွန့် အလောင်းပိုက် ဓာတ်ပြားကို ငတောတို့ နားစွဲအောင် နားထောင်ခဲ့ရဖူးသည်။ ယခုလည်း နားထောင် နေရသည်။ နောင်လည်း

နားထောင်နေရဦးမည်။ (မသေလျှင် ဆိုပါတော့)

ခင်ခင်ညွန့် ဓာတ်ပြားထဲမှာ၊ ပျက်စီးချိန်ကျလို့ကတော့ ပျက်ရတော့မည်တဲ့။

မှန်လိုက်တဲ့ သီချင်းရေးဆရာ။

ပျက်စီးချိန် ကျလို့ကတော့ ပျက်ရတော့မည်။

မှန်လိုက်တဲ့ ခင်ခင်ညွန့်။

ပျက်စီးချိန် ကျလို့ကတော့ ပျက်ရတော့မည်တဲ့။

ပျက်စီးချိန်ကျ၍ ပျက်ရရှာသော အုံးတင်အလောင်းနှင့် စိတ်ဓာတ်ချောက်ချား တုန်လှုပ်နေသော ငတောတို့သည် ရွာဆီမှ လူ မလာမချင်း လသာသာညှ၊ အလောင်း တစ်လောင်း ငတော တစ်ယောက်နှင့် ရင်ခုန်သံဆူဆူညံညံ ဓာတ်လမ်း ကပြခဲ့။

ငတောသည် ဘယ်လို အလောင်းဖြစ်ဖြစ် မကြောက်၊ ရောဂါသေအလောင်း၊ မတော်တဆ ထိခိုက်ဒဏ်ရာရ အလောင်း၊ သွေးစိမ်းရှင်ရှင်အလောင်း၊ ထိတွေ့ခွင့် ရှိသမျှ အလောင်းတို့ကို မြင်ဖူး၊ ကြည့်ဖူး၊ ထိဖူး၊ ကိုင်ဖူး၊ မြေမြှုပ်ဖူး၊ မီးရှို့ဖူးသည်။ အလောင်းနှင့် ငတော ပြဿနာ မရှိ။

ပြဿနာ ရှိလာသည်က စိတ်ထိခိုက် ကြေကွဲမှု၊ ယူကျုံးမရ ဖြစ်မှု၊ သေခြင်းတရားအပေါ် ယုံကြည်မှု မရှိတော့မှု၊ အကြောက်ကြီး ကြောက်၊ အလန့်ကြီး လန့်၊ တုန်လှုပ်ချောက်ချားမှု အဖြစ်ကြီးဖြစ်ကာ ဆောက်တည်ရာမရ ဖြစ်မှုတို့က ငတောစိတ်ထဲ ခန္ဓာကိုယ်ထဲ ထိုးဖောက် ကြီးစိုးသွားသည်။

သေခြင်းတရားထက် လှည့်ဖျားတတ်သော တရား မရှိ၊ မာယာများတတ်သော တရား မရှိ၊ ရက်စက်တတ်သော တရား မရှိ။

သေခြင်းတရားထက် ကြောက်လန့်စရာ ကောင်းသော တရား မရှိ၊ ထိတ်လန့် တုန်လှုပ်ဖွယ်ကောင်းသော တရား မရှိ၊ ချောက်ချားစဖွယ်၊ ခိုကိုးရာမဲ့စဖွယ် ဖြစ်စေသော တရားများထဲတွင် သေခြင်းတရားထက်





ချောက်ချားစဖွယ်တရား မရှိ၊ သေခြင်းတရားနှင့် လွန်ဆွဲရသူတွင် ခိုကိုးစရာတရား မရှိဟု အုံးတင် အလောင်းကြီးကို ငတော ကြည့်ကာ သွေးပျက်လှခမန်း ဖြစ်နေသည်။

*

မိဂျမ်းက မိန်းမပါး မိန်းမလည်။

ငတော မရောက်ခင်ကတည်းက တွေးမိသည်။ အတူတူသွား၊ အတူတူ လုပ်ရာမှ လုပ်ဖော်ကိုင်ဖက် တစ်ဦး ပွဲချင်းပြီး ချက်ချင်း မရှုမလှ သေသည့် သူကို တောကြီးမျက်မည်းထဲမှာ တစ်ယောက်တည်း စောင့်နေခဲ့ရသူ သူ့ယောကျ်ား ငတောသည် အလောင်း မလန့်သည်တိုင် အသေဆိုးမှု အဖြစ်ဆိုးကို ထိတ်လန့်လာနိုင်သည်။ သေခြင်းဆိုးကို ကြောက်လန့် လာနိုင်သည်။ သွေးပျက်လာနိုင်သည်ဟု မိန်းမတွက် တွက်သည်။

ပယောဂဆရာ ဘကြီးဖိုးဆီသွား၊ အစိမ်းသရဲ မပူးစေရန်နှင့် အနှောင့်အယှက် မပြုစေရန် ရေမန်း ပြေးတောင်း၊ အိမ်သောက်ရေအိုး၌ထည့်၊ ငတောလုံး အဝတ်လဲ၊ ဆေးကြောသုတ်သင်ရန် ဆပ်ပြာ၊ ရေခွက်၊ ရေအိုးထားစောင့်ကာ၊ ငတော၊ ငလုံး ရောက်လာလာချင်း ရေတိုက်၊ အဝတ်အစားလဲပေး၊ ဆေးကြောပေးသည်။

မိဂျမ်း တွက်ကိန်း မှန်မှမှန်။

ငတောသည် လူသေအလောင်းကို ကြောက်တတ်၊ လန့်တတ်သူ မဟုတ်သည့်အတွက်၊ အလောင်းနှင့် ပတ်သက်၍ ဘာပြဿနာမှ မရှိ။

ပြဿနာ ရှိနေသည်က သေခြင်းတရားကို ကြောက်လန့်သွေးပျက်နေခြင်းပင်။ ညက သတင်းကို သတင်းမေး လာသော စာရေးဆရာ ချိုင့်ကြီးဦးယဉ်မောင်က ရိပ်မိ သိရှိသည်။ သူ့တပည့် ငတော ဘာခံစားရမည်ကို နားလည်သည်။

"ဆရာလည်း တွေ့ဖူးတာပဲ ငတောရ၊ ကိုယ့် မျက်စိအောက်မှာ တင်ပဲ သွေးပွက်ပွက်အန် သေတာ၊ ဆရာဝယ်လာတဲ့ မုန့်နှစ်ခုကို လမင်းခင် ဆိုတဲ့ မြို့ပိုင်သမီးရယ်၊ ဆရာရယ်၊ ရယ်မောပြီး စားမယ်လို့ လုပ်နေတုန်း ဆရာ့ သူငယ်ချင်းက ဝင်လာတယ်၊ လုစားမယ် လုပ်လို့ သူ့ကို တစ်ခုပေး လမင်းခင်နဲ့ ဆရာက တစ်ဝက်စီ စားနေတုန်း ပလုတ်ပလောင်း စားပြီး သွားတဲ့ သူငယ်ချင်းက ပလက်ဖားလို့ခေါ်တဲ့ လွှဲဘားကို ဆရာတို့ရှေ့မှာပဲ လက်ရမ်းအားကုန် လွှဲကစားတယ်၊ အရမ်းအရှိန်ပြင်း၊ လက်က မတော်တဆ လွတ်ပြီး ရင်အုံနဲ့ မြေကြီးနဲ့ကျတာ၊ သွေးပွက်ပွက်အန် သေတယ်၊ ဆရာရော လမင်းခင်ရော ထမင်းမှန်း ဟင်းမှန်း မသိသလို အကြောက်ကြီး ကြောက်နေတော့ ဆရာတော်ကြီး တစ်ပါးဆီကို ဆရာနဲ့ လမင်းခင်ကို ခေါ်၊ လမင်းခင် အဖေ မြို့ပိုင်ကြီးက အကျိုးအကြောင်း လျှောက်ထားတော့ ဆရာတော်ကြီးက အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုခိုင်းတယ်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီးလေးပါး မမြဲတာ၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ သဘောဟောပြီး တရားပြတယ်၊ သတိရလာ၊ ကြောက်လာရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တရှု၊ ဓာတ်ကြီးလေးပါး ဖောက်ပြန်တာရှု၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ သဘောကို ရှုလိုက်မှ တဖြည်းဖြည်း မီးဝေးချိတ်လို ဖြစ်လာတယ် မင်းလည်း ဆရာ ပြောသလို ရှုကွာ၊ သရဏဂုံ သုံးပါး ရွတ်ကွာ၊ ပုတီးစိပ်ကွာ၊ ချက်ချင်း လက်ငင်းကြီး ကိုယ့်ရှေ့မှာဖြစ်သွားတာဆိုတော့ သွေးလန့်တတ်တာပေါ့"

ငတောက သူ့ဆရာ လူပျိုကြီး ဦးယဉ်မောင်ကို 'ဆရာရေ၊ သွေးလန့်တာ မဟုတ်ဘူး၊ စိတ်လန့်တာ၊ သေမှာလန့်တာ'ဟု ပြောလိုသော်လည်း မပြောရက်၊ မနက် တစ်မနက်လုံး အိမ်တွင်းအောင်းကာ မိဂျမ်း ကျွေးသော ဆီးယို လိုမ့်စားကာ အနိစ္စ၊ ဒုက္ခ၊ အနတ္တရွတ်၊ သရဏဂုံ သုံးပါးရွတ်၊ ဇာတိ၊ ဇရာသဘော ရွတ်နေသည့်တိုင် သူ့ ချောက်ချားထိတ်လန့်မှုက မပြေ။

အုံးတင် အသုဘချချိန် နီးလာသောအခါ ငတော ရှောင်နေ၍ မရတော့။ တောကျေးလက် ထုံးစံအရ မိတ်ဆွေဟူသည် ဆင်းရဲနွမ်းပါးချိန်





ကူညီရမည်၊ ဒုက္ခရောက်ချိန် ကူညီရမည်။ ရုံးပြင်ကနား သွားချိန်၌ လိုက်ပါရမည်။ အသုဘ သင်္ဂြိုဟ်ရာတွင် လိုက်ပါရမည်။ သူသေ ငါပို့၊ ငါသေ သူပို့ ရမည်ဟူသော အယူအဆအရ အသုဘပို့ ထွက်ခဲ့၏။

အသုဘပို့ အိမ်မှထွက်လာစဉ် လည်လိမ်ဇက်ကျိုး အုံးတင်အလောင်းနှင့် သွေးပွက်ပွက်ထနေသော အုံးတင် ကိုယ်ခန္ဓာကြီးကို ငတော မြင်ယောင်လာသည်။ လက္ခဏာရေး သုံးပါး ဆင်ခြင်မှုဖြင့် ဖျောက်ဖျက်ရန် ငတော ကြိုးစားသည်။

အနိစ္စ .... မမြဲ၊ အုံးတင် ထို့ကြောင့် မမြဲ။

ဒုက္ခ .... ဆင်းရဲ၊ အုံးတင် သေဆင်းရဲ။

အနတ္တ .... အစိုးမရ၊ အုံးတင် သေတာ အစိုးမရ။

သည်အထိသာ ငတော ပို့သည်။ အနိစ္စ.... မမြဲ၊ အုံးတင် မမြဲ၊ ငါ မမြဲ၊ သေခြင်းသာ မြဲသည်။ ဒုက္ခ.... သေခြင်းဆင်းရဲ၊ အုံးတင် ဆင်းရဲ၊ ငါလည်း ဆင်းရဲ၊ အနတ္တ.... အတ္တမဟုတ်၊ စိုးမပိုင်၊ မခိုင်သောတရား၊ အုံးတင် အနတ္တ၊ ငတော အနတ္တ အထိ ငတော မပို့ရက်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသည် သေသူ အုံးတင်ပိုင် ဖြစ်ပြီး ငတောက သေမှာကြောက်၊ ဒုက္ခ ကြောက်၊ အနတ္တ ကြောက်၍ ရှောင်ဖယ်ဖယ်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သွားရင်းလာရင်း နှုတ်လုံးသွင်းရာမှ အနတ္တ တစ်ပြန် ပြန်လည်လာသည်။ အနတ္တ အစိုးမရခြင်း၊ အုံးတင် ဘယ်သေချင်ရှာလိမ့်မလဲ၊ အစိုးမရလို့ သေရရှာတာဟု ငတော တွေးရင်းမှ အတွေးလွန်ကာ အုံးတင်က ဘယ်သေချင်သေးမလဲ မေးရာက မင်းကကော အတော်လေးများ သေချင်နေသလားဟု မထင်မှတ်ဘဲ ငတော မေးမိသွားသည်။ သူ့ကိုယ်သူ သည်မေးခွန်း မေးမိမှန်း သတိထားမိသောအခါ သံပူ ကိုင်မိသလိုပူ၊ မစင်ကိုင်မိသလိုရွံ၊ ပူရွံ၊ ရွံပူ၊ ငတော ဖြစ်မိသဖြင့် အလန့်တကြား ဖြစ်ကာ ကိုးကွယ်ရာ ရှာ၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊

သေခြင်းတရား အနတ္တတရား အတွေး လွန်သွားမှုကို ငတောက ဂန္ထာမိပေါင်းများစွာ ရွတ်ဆိုလျက် ချေဖျက်ရန် ကြိုးစားရင်း ကြိုးစားရင်း အုံးတင်အိမ်၊ အုံးတင် ရုပ်ကလာပ် ပြင်ဆင်ထားရာသို့ ငတော ရောက်လာ၏။ အုံးတင် ရုပ်အလောင်းကို တစ်ခါမှ မမြင်ဖူးသူကဲ့သို့ ငတော ငေးငေးကြီး ကြည့်သည်။ ရှုးရှုးစိုက်စိုက် ကြည့်သည်။

ကိုယ် သေမည့် နေ့ရက်၊ အချိန်၊ နာရီ၊ နေရာ၊ ရောဂါကို မသိသောသူအား ပုထုဇဉ်လူသားဟု ခေါ်သည်။ လူဆိုသည်မှာ အသက် ရှိသောလူကို လူအရှင်ကောင်ဟု မခေါ်သော်လည်း အသက် မရှိသော သူကို လူသေကောင်ဟု ခေါ်သည်။ အသက် ရှိနေသော သူကို လူသာဟု မခေါ်သော်လည်း၊ အသက် မရှိသော သူကို မသာဟု ခေါ်သည်။ အသုဘဟု ခေါ်သည်။ အမင်္ဂလာဟု ခေါ်သည်။ မသာ၊ အသုဘ၊ အမင်္ဂလာတို့နှင့် ကင်းလွတ်နေသော အသက်ရှင်သန်နေသူသည် မည်မျှ ဘဝတန်ဖိုး၊ ဘဝဂုဏ်ရည် ကြီးမြတ်၊ မြင့်မားကြောင်းကို ငတောတို့ သတိ မထားကြ။ အသက်၊ အသက်ရှင်သန်ခြင်း၏ တန်ဖိုး ကြီးမားမှုကို ငတောတို့ အလေးအနက် မထားကြ။ အသက်ရှင်သန်ခြင်းသည် ဘဝ၏ အမြင့်မားဆုံး တန်ဖိုးဟု ငတောတို့ မခံယူမိကြ။ အုံးတင် အသုဘ အလောင်းသည် တရားမဟောနိုင်သော်လည်း ငတောအား တရားပြနေသလို ထင်မိ၏။

ငေးမနေနဲ့ ငတော၊ တွေးမနေနဲ့ ငတော၊ အသက်ရှင်သန်ခြင်းက ချိန်ခွင်တစ်ဖက်၊ လောကကြီးမှာ ရှိရှိသမျှသော ရွှေငွေဥစ္စာ ရာထူးဌာနန္တရ၊ ဘုန်းသမ္ဘာ၊ ယာမြေချောင်းမြောင်း ရှိရှိသမျှက ချိန်ခွင်တစ်ဖက် ချိန်စက်ပြီး ဘယ်ဘက်ကို ရွေးမလဲမေးရင် အသက်ရှင်သန်ခြင်းဘက်ကို ရွေး၊ အသက်ရှင်သန်နေသမျှ လောကီ လောကုတ္တရာ အကျိုးစီးပွား ကြိုက်ရာလုပ်နိုင်တယ်၊ အသက် မရှိလို့ကတော့ ငါ့သာကြည့် ငတော၊ အသက် မရှိတဲ့သူ၊ သေတဲ့လူကို ဘယ်သူမှ မခင်တွယ်တော့ဘူး၊ လက်မတွဲလို၊ အတူမနေလိုတော့ဘူး။ ရှင်သန် နေသူကိုသာ ဝိုင်းဝိုင်းလည်နေတယ်။ ငါအခု သေပြီ၊ အလောင်း





ဖြစ်ပြီ၊ ခဏနေရင် ငါ့ကို သုသာန် သချိုင်း ထုတ်ကြတော့မယ်၊ စွန့်ပစ်ကြတော့မယ်၊ ငတော.... မသေစေနဲ့နော်၊ မသေလို့ နေရတဲ့ အချိန်လေးကို တန်ဖိုးထား၊ စက္ကန့်တိုင်းကို စိန်စီထားတယ်။ မိနစ်တိုင်းကို မြစီထားတယ်။ နာရီတိုင်းကို နီလာစီထားတယ်။ အသက်ရှင်တာထက် အဖိုးတန်တာ လောကမှာ ဘာမှ မရှိဘူးဟု အုံးတင် အလောင်းကောင်က ငတောအား လှမ်းပြောနေသကဲ့သို့ ထင်မိ၏။

အသုဘချဆိုင်းက မျောက်မင်းအူသံ တီးပေးနေ၏။ ရဟန်း သံဃာတော်များ အသုဘရှုကြရန် ထိုးစည်ထိုးသံ၊ စည်ရိုက်သံ ပေါ်ထွက်လာ၏။

ရွှေသုသာန်မြေ × × × × ခေါင်းရွှေမြေ အုံးရတော့မယ် × × × × ခေါင်းရွှေမြေ အုံးရတော့မယ် × × × × သံဃာတော်များရယ်က × × × × သံဃာတော်များရယ်က × × × × ကြည်ညိုသဒ္ဓါပွားပါလို့ × × × × ကြည် ညိုသဒ္ဓါပွားပါလို့ × × × × တရား × × × × တရားနာစို့လေ × × × × ဟု ကြေကြေကွဲကွဲ ထပ်ပြန်တလဲလဲဖြင့် ရွာသားဆိုင်းမှ သီဆိုသံ ဖုံးလွှမ်းလာ၏။ အညာသား အသုဘ၊ တောသား အသုဘ၊ ချိုင့်ကြီးသား အသုဘ၊ အညာထုံးစံအရ အသုဘချသည်ပါပဲလေ။

ရှင်သေမင်းရယ် × × × × လူချင်းမှ မဟုတ်ပါလေတယ် × × × × ဗိုလ်ပါဆင်မြင်းရယ်နဲ့ × × × × ဗိုလ်ပါဆင်မြင်းရယ်နဲ့ × × × × စစ်ခင်းလို့မှ × × × × မတိုက်ရလေတယ် × × × × ဗိုလ်ပါဆင်မြင်းရယ်နဲ့ × × × × စစ်ခင်းလို့မှ × × × × မတိုက်ရလေတယ် × × × ×

ဆိုင်းက ချဆိုင်း တီးနေပြီ။ သေမင်းကို စစ်ခင်းယှဉ်ပြိုင်၍ မနိုင်မှန်း ငတောတို့ သိကြပါ၏။ ကိုယ့်ရွာသား ကိုယ့်ဆွေမျိုး၊ ကိုယ့်မိတ်ဆွေ၊ ကိုယ့်သူငယ်ချင်းကို ခေါ်ယူသွားသော သေမင်းအား စစ်ခင်းချင်ကြသည်မှာ လူ့သဘာဝပါပဲလေ။

အုံးတင် အလောင်း ခေါင်းသွင်းဖို့ ငတောတို့ အဖွဲ့ ခေါင်းယူလာ

သောအခါ အားလုံးက ဝိုင်းဝန်းအော်ဟစ် ငိုယိုကြသည်။ ကျန်ရစ်သူတို့ အော်ဟစ်ငိုယိုကြသည့်ပွဲ၊ ကမ္ဘာပျက်သည့်ပွဲ၊ ဘဝပျက်သည့်ပွဲ၊ နှလုံး ပွက်ပွက်ထသည့်ပွဲ၊ ခိုကိုးရာမဲ့သောပွဲ၊ ကယ်သူဝေးသောပွဲ၊ မျက်ရည်တို့ တာရိုး ကျိုးသကဲ့သို့ သွန်းဖြိုးသောပွဲ၊ နာကြင် ကြေကွဲ သည်းခိုက်ဘဝင်ဆူ ပွဲဟု ပြောရမည်။ အုံးတင်ဇနီးက ခေါင်းအသွင်း မခံနိုင်ဟု အလောင်းပေါ် ဝမ်းလျားမှောက်ထားသဖြင့် ဝိုင်းဆွဲကာ အလောင်းကို ခေါင်းသွင်းရသည်။ အလောင်းထည့်ထားသော ခေါင်းတလားကို ယာယီ ပြာသာဒ်ပေါ်တင်ပြီး သုသာန်သို့ ပို့ရန် စတင် ထွက်ကတည်းက ငိုသံ၊ အော်သံ၊ ဟစ်သံ၊ ရင်ထုသံ၊ ရှိုက်သံတို့ ဆူညံလှုံ့ပွက် ထထလာသည်။ သေခြင်းနှင့်မျက်ရည်၊ သေခြင်းနှင့် သောကပရိဒေဝ၊ သေခြင်းနှင့် ခွဲခွာရမှု၊ သေခြင်းနှင့် ဆုံးရှုံး စွန့်လွှတ်ရမှု တရား၊ သေခြင်း ရောက်လာက စိတ်ချမ်းမြေ့စရာ ဘာတစ်ခုမျှ မရှိသဖြင့် အမင်္ဂလာ၊ အသုဘ၊ မသာဟု ခေါ်ဆိုကြခြင်းမှာ နည်းတောင်နည်းသေး သည်ဟု မထင်မှတ်ဘဲ ငတော တွေးမိသည်။

သရဏဂုံ တင်အပြီး မီးရှို့ရန် အလောင်းကို ထုတ်ပြီး ထင်းပုံပေါ် အတင်တွင် နောက်ဆုံး ဂါရဝပြု ကန်တော့ကြသော အုံးတင်ဇနီးမှာ မူးမေ့ လဲကျသွားသည်။ သားသမီးလေးများမှာ ဝပ်ချရှိခိုးရာမှ မျက်နှာ ပြန်မမော့ နိုင်ဘဲ မြေကြီးကို မျက်နှာအပ်ကာ ဟီးချ ငိုကြွေးကြသည်။ ဝိုင်းဝန်း ဆွဲခေါ် ကြသော အချိန်မှ ရှန်းရင်း ကန်ရင်း အော်ဟစ်ငိုကြွေးရင်း လိုက်ပါသွားကြ သည်။

မနေ့က အခြားလူကို မီးရှို့ခဲ့သော အုံးတင်။

ယနေ့ မီးရှို့ခံရတော့မည့် အုံးတင်။

မျက်လှည့် မဟုတ်၊ အိပ်မက် မဟုတ်၊ စိတ်ကူးယဉ် မဟုတ်။

အညာ ကျေးလက် တောရွာများ၌ မီးစတင်ရှို့၍ မီးခိုး ထွက်လျှင် ထွက်ချင်း အသုဘချ ဆိုင်းက ဆူဆူညံညံ တီးပေးရသည်။ မီးစတင်ရှို့၍ မီးခိုး ထွက်လျှင်ထွက်ချင်း အသုဘချဆိုင်းက ဆူဆူညံညံ အသံကုန်တီး ပေးသည်။





ဆူဆူညံညံ တီးပေးရာမှ ဆိုင်းသံ တိုးရပ်သွားသည်။ ပတ်မ တီးသူ လည်း မျက်ရည်ကျ၏။ လင်းကွင်း တီးသူလည်း မျက်ရည်ကျ၏။ နှဲမှုတ် သူ၊ စည်းလိုက်သူ.... ဆိုင်းသမားအားလုံး မျက်ရည်ကျ၏။ မီးရှို့သူတို့ မျက်ရည်ကျ၏။ ငတော မျက်ရည်ကျ၏။

အုံးတင်သည် အင်္ဂလန်က မဟုတ်။ အိန္ဒိယက မဟုတ်။ တရုတ်ပြည် က မဟုတ်။ အင်္ဂလိပ်၊ ကုလား၊ တရုတ် သေဆုံးသည်မှာ သူတို့တိုင်းပြည်၊ သူတို့ဒေသ၌ဖြစ်ရာ ချို့င်ကြီးသားတို့ မျက်ကွယ် ဖြစ်သောကြောင့် မျက်ရည် မကျ။ အုံးတင်သည် ချို့င်ကြီးသား၊ သူတို့ရပ်ဆွေ ရွာမျိုး၊ သူသေ ငါပို့၊ ငါသေ သူပို့သူများ နေ့စဉ်မြင်တွေ့၊ ထိသိ သံယောဇဉ် ရှိနေကြသူများ နောက်ဆုံး ထာဝရ ခွဲခွာပွဲ၊ ရွာသွေးရွာသား ဈာပနာပွဲ ဟူသော အသိက မျက်ရည် ကျစေခဲ့ပါ၏။ သေသူ အုံးတင် အသက်ရှိစဉ်ကလည်း မျက်ရည် ကျခဲ့သူပါတည်း။

သေသူသည် ထင်းပုံပေါ်၌ မီးတောက်မီးလျှံများ၏ လောင်မြိုက်မှုကို ခံနေရသည်။ သေသူ မှန်သမျှ မြေမြှုပ်၊ ဂူသွင်း၊ ရေမျော၊ မီးရှို့ တစ်ခုခုဖြင့် သင်္ဂြိုဟ် ခံရသည်။ မည်သည့်နည်းဖြင့် သင်္ဂြိုဟ်၊ သင်္ဂြိုဟ် သေသူသည် သေပြီ ဆိုကတည်းက စွန့်ပစ်ခံရမည့်ဘဝသို့ အလိုအလျောက် ရောက်သွား ပြီ။ သူ ပိုင်ဆိုင်ခဲ့သမျှကို စွန့်လွှတ်ခဲ့ရသော သူ ဘဝကို ချက်ချင်း ရောက် သွားပြီ။ သေသူသည် သေဆုံးရာသို့ ဇနီးမယား၊ သမီး၊ သား၊ စီးပွားဥစ္စာ ရာထူး ဌာနန္တရ တန်ခိုး အရှိန်အဝါ ဘုန်းတေဇာ သမ္ဘာဘာမှ ယူမရ။ လောကကြီး၊ ကမ္ဘာကြီးနှင့် ရှိရှိသမျှကို ဆုံးရှုံးသွားသော သူမှာ သေသူ ဖြစ်ပါ၏။ ထိုတရားကို အုံးတင် မီးရှို့ရာတွင် ကြည့်ရှုစောင့်ရှောက်သူ အဖြစ် သာ မီးဝေးရာမှ နေထိုင်သော ငတောသည် အုံးတင်ကို ကြည့်ရင်း ကြည့်ရင်း စဉ်းစားမိသည်။ အုံးတင်ကို မီးရှို့ကြသည်ကို မမြင်ရက်၍ ငတော မကြည့်လို၊ မကြည့်လို၍ မျက်ကွယ်ပြုဖို့ကလည်း သံယောဇဉ်ကြောင့် မျက်နှာလွှဲ မထွက်ရက်၊ မျက်နှာ မလွှဲရက်၍ မြင်တွေ့နေရသမျှကို မြင်တွေ့စဉ်းစားသော

အခါ၌လည်း စိတ်ချမ်းသာစရာ တစ်ကွက်မှ မပါ။ ထိတ်လန့်တုန်လှုပ် ချောက်ချားမှုအပြည့်ဖြင့် အုံးတင် ရိုးပြာကျ၍ မီးရှို့ရာမှ အိမ်ပြန်လာရသည့်တိုင် ငတော ထိတ်လန့်တုန်လှုပ် ချောက်ချားမှု မပြေ။ သေမင်း၊ သေခြင်းက အချောက်အလှန့် မရပ်။

ငတောသည် အသုဘချရာက အပြန် သူ့အိမ်ထဲမဝင် အိမ်အနောက်ဘက်၌ရှိသော၊ ညဘက်၌ သူနှင့်မိဂျမ်း ပူအိုက်သည့်အခါ၌ ထွက်ထွက်အိပ်တတ်သည့် သူ့တမာပင်ကြီး အောက်ရှိ အိပ်စင်လေးပေါ် ဝင်ရောက်တုံးလုံးလှဲသည်။ မိဂျမ်းက အအိပ်မခံ။ "အိမ်ထဲဝင်ပြီး တစ်အောင့်တစ်နားဝင် တုံးလုံးလှဲတော့၊ နေ့ခင်းကြီး တမာပင်အောက် ကွပ်ပြစ်ပေါ် တုံးလုံးလှဲနေလို့ လူမြင်မကောင်းဘူး၊ ချွေးအေးအောင် နားပြီး တော်ရော တော့်သားငလုံးရော ခေါင်းလျှော်ပြီး ရေချိုးကြ၊ ဒါမှ လူလန်းဆန်းပြီး စိတ်ပြောင်းသွားမယ်"

"ဟ၊ အသုဘရှိရင် ခေါင်းမလျှော်ရဘူးဆို၊ နင်တို့ မိန်းမတွေပဲ ပြောပြောနေ"

"ခုဟာက အသုဘ ချပြီးပြီးတော့၊ မနေ့ညက တော်တို့ နှစ်ယောက်ဝတ်တဲ့ အဝတ်အစား မှန်သမျှ သွေးတွေ စွန်းလာတယ်၊ ရေနွေးနဲ့ ပြုတ်၊ ဆပ်ပြာမှုန့်နဲ့ စိမ်လျှော်ပြီးပြီ။ တော်တို့ ခန္ဓာကိုယ်တွေရော၊ ဆံပင်တွေထဲရော သွေးစက် စဉ်ချင်စဉ်ခဲ့မှာ အဲဒါ စိတ်သန့် လူသန့်အောင် ခေါင်းလျှော်ပစ်၊ တော်တို့ မထားနဲ့၊ ဘေးက ကြားရတဲ့ ကျုပ်တောင် ကြက်သီးထ၊ သွေးလန့်၊ ခေါင်းခြောက်ခေါင်းပူနေတာ၊ ကျုပ်လည်း ခေါင်းလျှော်ပစ်မယ်၊ သေတဲ့လူအားတော့ နာပါတယ်၊ ကိုယ့်အိမ်ထဲ ကိုယ့်နေမှာပဲ ကျုပ်လည်း ခေါင်းလျှော်၊ ရေမိုးချိုး၊ သနပ်ခါး ထူထူလိမ်း စိတ်ပြောင်းလိုက်ဦးမယ်၊ ကျုပ်ဖြင့်လေ ငါ့လင် ငါ့သားသာ ဒီလို အဖြစ်မျိုးနဲ့ဆိုရင် ထဘီခါးမကပ်တဲ့ မပဋ္ဌာလို ရူးမလား မသိဘူး။ ထီများကလည်း ပေါက်ခဲလိုက်တာတော်။ ပိုက်ဆံ ရှိလို့ကတော့ ကျုပ်သား၊ ကျုပ်လင်ကို ဒီလို အသေဆိုး သေနိုင်တဲ့ အလုပ်မျိုး လုပ်ဖို့ဝေးလို့ လေသံတောင် အဟ မခံဘူး"





မိဂျမ်းက လင်စွဲ၊ သားစွဲဖြင့် လေကြီးထိုး ရိုးရိုးပြောသည်။ ငတောက ဆင်းရဲချမ်းသာ မရွေး၊ အသက်အရွယ် မရွေး၊ ကျားမ မရွေး၊ လူမျိုး မရွေး ခေါ်နေသော သေမင်းကို လွတ်အောင် ရှောင်တိမ်းရေးသာ ခေါင်းထဲ ကြိုးစိုးနေသည်။

မိဂျမ်းက ငတောရော ငလုံးပါ ကင်းပွန်းသီးတောင့် ပြုတ်ကာ ကိုယ်တိုင် ခေါင်းလျှော်ပေးသည်။ သွေးစေးတွေများ စဉ်လာသလား မသိဘူးဟု ဆိုကာ ငတော ခေါင်းကို သေသေချာချာ မွှေနှောက်ပွတ်သပ် လျှော်ပေးသည်။ ငတောတို့ သားအဖ နှစ်ယောက်ရေမိုးချိုးပြီးချိန်တွင် အဝတ်သစ်အစားသစ် မဟုတ်သော်လည်း အဝတ်ခပ်လတ်လတ်များ ရွေးထုတ်၍ လဲစေသည်။ ငတောက တုံးလုံးလှဲ၍ အိပ်မည် လုပ်သောအခါ အအိပ်မခံ။

"တော် မအိပ်နဲ့၊ ညကျမှ မျက်လုံးကြောင်ခံပြီး ဟိုတွေး ဒီတွေး တွေးနေလိမ့်မယ်။ ကျုပ် ရေနွေးကြမ်းအိုး ခပ်ထားတယ်။ ဆီးယို မစားချင်ရင် မြင်းခွာရွက်သုပ်နဲ့ လက်ဖက်ရည်သောက်၊ တမာပင်အောက် ကွပ်ပျစ်စင်ပေါ် ကျုပ် ထုတ်ပေးမယ်၊ လေးခင်မရေ နင့်အဖေကို ထန်းပလပ် ကုလားထိုင် ထုတ်၊ ရေနွေးအိုးနဲ့ မြင်းခွာရွက်သုပ် ထုတ်ပေးစမ်းဟု လှမ်းခိုင်းသည်။ သူကိုယ်တိုင် ခေါင်းလျှော် ရေချိုး၊ သနပ်ခါး တရှုံရှုံ သွေး၍ လိမ်းနေသည်။

ငတော ရေနွေးသောက်ရင်း၊ မြင်းခွာရွက်သုပ်စားရင်း သေခြင်း ကြောက်မှုကို စဉ်းစားခန်း မပြတ်။

ငတော ငရဲပြည် မရောက်ဘူး၊ ငရဲပြည် ရောက်ခဲ့ဖူးသူများနှင့်လည်း မတွေ့ခဲ့စဖူး။ ဇဝ် မေ သုတ် ငတော ဤသို့ ကြားဖူးသည်။

ငရဲပြည် ရောက်သွားသူများကို ငရဲထိန်းများက ဆီပူနဲ့ကြော်၊ သံရည်ပူ ပွက်ပွက်ထဲ ချ၊ ခက်ရင်းနဲ့ ထိုး၊ ဓားနဲ့ ခုတ်၊ သံတုတ်နဲ့ ရိုက်၊ ပုဆိန်နဲ့ ထု အစွမ်းကုန် နှိပ်စက်ကြသည်။ ပြင်းထန်စွာ မချိမဆံ့ ခံစားရသော ဝေဒနာရှင် ငရဲသားတို့သည် သေမှာကို ကြောက်ကြလွန်း၍ အော်ဟစ်ငိုနေကြသည်တဲ့။

ဒီလောက် ဘဝဆိုးကြီးကို သေမှာ ကြောက်နေကြသည်မှာ ဘဝ တဏှာတဲ့၊ ဘဝကို ခင်တွယ်မှုတဲ့။

ငတောတို့ ဘဝက ဘယ်လောက် မွဲမွဲ ငတ်ငတ် ကျပ်ကျပ် ဆီပူ သံရည်ပူနဲ့ အကြော်ခံရဖို့ ဝေးလေစွ။ ရေနွေးပူဖြင့်ပင်လျှင် အပက် မခံရ၊ ခက်ရင်း၊ ဓား၊ တုတ်၊ ပုဆိန်နဲ့ အထုခံရဖို့ ဝေးလာဝေး၊ သစ်စိမ်းခက်ဖြင့် ပင်လျှင် အရိုက် မခံရ။ သည်တော့ သေမှာကြောက်တာ ငတော အဆိုးလား၊ အလွန်လား၊ အပြစ်လား။

လူပဲ၊ မသေဆေး မသေလမ်း ရှာရမည်။

အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာတို့ကတော့ အင်း၊ ပြဒါး၊ သံ၊ ဆေးတန်ခိုးကြောင့် မသေတဲ့။

အင်းချတတ်သူ ဆရာတင်၍ အင်းမျိုးရ ကောင်းမလား။

မရှိ ရှိတာလေး ရောင်းချ လုံ့ဝယ်၊ ဖိုလ်ဝယ်၊ ပြဒါးဝယ် ဖိုလ်ထိုးရ ကောင်းမလား။

ဆေးဒန်း မြင်းသီလာ ကျောက်ဖျာ ရှာ၍ ဆေးဝိဇ္ဇာဖြစ်ဖို့ ဆေးကြိတ် ရကောင်းမလား။

မင်း စဉ်းစား ငတော၊ ရွာဦးကျောင်း ဆရာတော်ဘုရား ဦးဥတ္တမ ဟောတာလေ၊ ဗြဟ္မာပြည် တဝင်းဝင်း ဝက်စားကျင်း တရှပ်ရှပ်၊ ဗြဟ္မာတွေ တောင် စုတေပါသတဲ့။ သေပါသတဲ့။ သေမင်းက ဗြဟ္မာတောင် မရှောင်တဲ့။

ဗြဟ္မာတောင် မရှောင်တဲ့ သေမင်းက၊ ဝိဇ္ဇာလောက်တော့ ရှောင်ပါ့ မလား၊ ဝိဇ္ဇာကို သေမင်းက ခေါ်ဖို့ အရေးမှာ ပါးပါးလေးပါ၊ ရှော့ မရှိ၊ ခေါ်ချင်ရင် ခဏလေးပါဟု ပြောလေမလား။ အပြန်ပြန် အလှန်လှန် စဉ်းစားရင်း ငတော စိတ်ပူထူသွားသည်။ နားထောင်စမ်း သေမှာကြောက် နေတဲ့ ငတော။ သေခြင်း ကင်းချင်သလား၊ သေဘေး လွတ်ချင်သလား။ နားထောင်....

နိဗ္ဗာန်မှာ သုသာန် မရှိ။





နိဗ္ဗာန်မှာ သေခြင်း မရှိ။

သေခြင်းကင်းရာ အမှန် မြတ်နိဗ္ဗာန်။

ငတော ထခုန်မတတ် ဝမ်းသာမိသည်။ မျက်လုံးများ အရောင် တောက်လာသည်။

ဟုတ်တယ် သေခြင်းကင်းရာ မြတ်နိဗ္ဗာန်ပဲ။

နိဗ္ဗာန်ကို ဘယ်လို သွားမလဲ။ ဘယ်လမ်းက သွားမလဲ။ ဘယ်တော့ ရောက်မလဲ။

ပုထုဇဉ်အကြီးစား ငတော ပုထုဇဉ် အထူးရှယ်ကြီး ငတော၊ ဇဉ်ရှယ် ကြီး ငတောသည် မျောက်အုံးသီး ရသလို ခွာမရ၊ စားမရ၊ သောက်မရ။

နိဗ္ဗာန်.... နိဗ္ဗာန်.... နိဗ္ဗာန်။

ရွှေဘုံထီးနှင့် အပုံကြီး ကွာသည်။ ငတော ဉာဏ်မမီ၊ တစ်ခါရောက် တစ်ခေါက် မပြန် မြတ်နိဗ္ဗာန်တဲ့။ နိဗ္ဗာန်ပြန် ပြန်မေး၍ ရစဖွယ်လည်း မရှိ၊ နိဗ္ဗာန်ရောက်ကြောင်း တရား ဟောကြားပါလိမ့်မည်ဟု ကြေညာလာ သော တရားပွဲရှိမှသာ ပြေးနာရုံ ရှိတော့မည်။ ငတော ခမျာ ဇဉ်ရှယ်ပီပီ ပရိယတ္တိ သာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓ သာသနာ၊ သာသနာ သုံးရပ်၏ မြင့်မြတ်သော အရသာ မသိ။ မိရိုးဖလာ ဗုဒ္ဓဘာသာ အခြေခံသာ ရှိသည်။ ငတော ဘာလုပ်တတ်သလဲ။

ဘုရား ဝတ်ပြုတတ်သည်။ ပုတီး စိပ်တတ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတတ်သည်။ နိဗ္ဗာန်ရောက်ကြောင်း တရားကို နာကြားရမီမှာ ကိုယ်တတ်တာ ကိုယ်လုပ်ထားရမည်။ ဒိုင်းသဖွယ် အကာအကွယ်ပေါ့။

ထိုညက ငတော ဘုရား ဝတ်ပြုသည်။ ကိုရင်ကြီး လူထွက်ပဲ ဘုရား ဝတ်တက်လောက်တော့ ကျောင်းကျောင်းပြေး။ ပုတီးစိပ်လည်း ဟောတစ်လုံး ဟောတစ်လုံး။ ယခင့် ယခင်များက ထုံးတမ်းစဉ်လာ ဝတ်ပြု၊ ယနေ့ညက ဘေးဆီးရန်ကာ ဝတ်ပြု၊ ကြောက်ပုတီးစိပ်ဖြစ်ရာ ဘယ်လောက်စိပ်စိပ် ငတော အားမရ၊ ဇက်တွေညောင်း၊ ခါးတွေတောင့်၊ ပေါင်တွေကိုက်မှ

မဖြစ်လွန်း၍သာ ရပ်ရသည်။ ငတော မရပ်ချင်သေး။ ခါတိုင်း ပူအိုက်သော ညမှာ သူနှင့်မိဂျမ်း ထွက်အိပ်နေကျ တမာပင်အောက်က စင်လေးရှိရာ သူ သွားမည်။ ထိုစင်ပေါ်မှာပင်လျှင် အိပ်မပျော်မချင်း ပုတီးစိပ်ရန် ငတော ဆုံးဖြတ်သည်။

ငတောက အပြင်ဘက် အိပ်မည် ပြောသောအခါ စင်လေးပေါ် ဖုန်ခါ၍ မိဂျမ်းက စောင်ခင်းပေးသည်။ ခေါင်းအုံးနှစ်လုံး ချပေးသည်။

"တော် ပုတီးကို လွတ်လွတ်လပ်လပ် စိပ်ပါ။ ကျုပ်က ငလုံးတို့ ငမုံးတို့ အသုဘအိမ်က ပြန်လာမှ အပြင်ထွက် အိပ်နိုင်မှာ၊ ရေနွေးခပ်ပေး၊ လက်ဖက်ရည် အမြည်း လုပ်ပေးရဦးမလား၊ ဟင်းကြွပ်ပွင့်သုပ်ဖို့ ပြောထားတာ ရှိတယ်"

"နေပါစေဟာ၊ ငါ့ပုတီးပဲ ငါဆက်စိပ်ပါ့မယ်၊ သွား သွား၊ နင်လည်း အိမ်ထဲသွား"

ငတောနှင့် ပုတီး၊ ပုတီးနှင့် ငတောသည် ညဆယ်နာရီအထိ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရောက်လိုက်၊ ဂုဏ်တော်ကိုးပါး ရောက်လိုက်၊ အိုနာသေဘေး ဆင်ခြင်လိုက်၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ တရားဆင်ခြင်လိုက်နှင့် ခြင်ကိုက်မှန်း မသိ၊ လေညင်းဝှေ့မှန်း မသိ။ စိတ်မချသော မိဂျမ်းက လေးငါးခါမျှ မသိမသာ အိမ်ထဲမှ ထွက်ကြည့် အကဲခတ်နေမှန်း မသိ။ တမာပင် အုပ်အုပ်ကြီးက ထီးကဲ့သို့ မိုးပေးထားသော်လည်း ငွေလရောင်ခြည် ရွှန်းပြက်သော လပြည့်ကျော် တစ်ရက်ည ဖြစ်ရာ ငတော လှုပ်ရှားသမျှ မိဂျမ်း မြင်ရသည်။

ည ဆယ့်တစ်နာရီလောက်တွင် ငတော ပုတီးစိပ်ဆဲ၊ မရဏာနုဿတိ ဝင်ဆဲ။ အို နာ သေဘေး တရား၊ ဇာတိ ဇရာ တရားဆင်ခြင်ဆဲ။ ငလုံးနှင့် ငမုံး ပြန်လာသောအခါ မိဂျမ်းကို တိုးတိုးမေးသည်။

"အမေ၊ အဖေက သူ့သူငယ်ချင်း ဦးလေးအုံးတင် သူ့ရှေ့တင် သေသွားတာဆိုတော့ အတော်လေး စိတ်ထိခိုက်နေပုံ ရတယ်၊ အမေ ပစ်မထားနဲ့ဦး"





"ငါလည်း စိတ်မချလို့ အရိပ်အခြည် ကြည့်နေတာပဲ၊ ခုအထိတော့ ပုတီးစိပ်နေတယ်"

"တမာပင်အောက် ထွက်အိပ်နေလို့ ညမှာ မထိတ်သာ မလန့်သာ အမေရာ၊ ချော့မော့ပြီး အိမ်ထဲခေါ်ပါ"

"သူ ပုတီးစိပ်ပြီးရင် ငါ သူ့ဘေး သွားအိပ်ပြီး အိမ်ထဲ ဝင်အိပ်ဖို့ ချော့မော့ ခေါ်ရမှာ၊ ပြောမရမှ သူ့ဘေး ကပ်အိပ်ရမှာ၊ နင့်အဖေ ခုလိုဖြစ်တာ အမေတော့ တစ်ခါမှ မတွေ့ဖူးဘူး"

"အဖေက အလောင်းလန့်တာ၊ သွေးသံတရဲရဲ လန့်တာတော့ မဟုတ်ဘူး အမေရ၊ ဖွင့်သာ မပြောတာ၊ စိတ်ထိခိုက်နေတာ ဖြစ်မယ်"

"ကဲ၊ အိပ်၊ အိပ်၊ အသုဘ နှစ်အိမ်လုံး လုပ်စရာရှိတာ ကိုယ်လုပ်နိုင်သလောက် လုပ်ပေး၊ အမေလည်း နင့်အဖေ အရိပ်အခြည် ကြည့်ပြီး လုပ်ရ ကိုင်ရမယ်"

ငလုံး၊ ငမုံး အိပ်ရာဝင်ပြီး တစ်နာရီကျော်ခန့်ရှိလျှင် သန်းခေါင်ကြက်တို့ တောင်ပံရိုက်ခတ်လျက်၊ တစ်ရွာလုံး ဆူညံအောင် တွန်ကျူးကြသည်။ ည၌လယ်လေပြည်တွင် တောပန်း မြိုင်ပန်းရနံ့တို့ စီးမျောလာသည်။ လမင်းရောင်ခြည် ကြည်လင် စိမ်းမြနေသကဲ့သို့ ကြယ်နက္ခတ်တာရာတို့၏ ရောင်စုံအလင်းတန်းများက အလင်းရောင်ကို အစွမ်းကုန် ထုတ်လွှင့်ပေးနေ၏။

ထိုအချိန်၌ ငတော တစ်ယောက် စိတ်ကို ဖွတ်ထိန်းသော ဒဏ်ကို အလူးအလဲ ခံစားနေရပြီ။ စိတ်သည် သတိဖြင့်ထိန်းသိမ်းလေ့ရှိသူ မဟုတ်က နှစ်မိနစ်၊ သုံးမိနစ်၊ လေးမိနစ်၊ ငါးမိနစ်မျှအထိ တစ်ခုတည်းသော အာရုံတစ်စုံတစ်ရာသော သမာဓိအပေါ် တောက်လျှောက် တည်ရှိနိုင်ရန် ခက်ခဲသည်ဟု ငတော နားမလည်။ စိတ်သည် ထိန်းသိမ်း ပဲ့ကိုင်မှုကို သတိဖြင့် ပြုလေ့ပြုကျင့် မရှိပါက ဩကာသ အစချီ၊ ရက်တိုတိုနှင့် ရောက်ရပါလို၏ဟု အံဆုံးသတ်အတွင်း ဘုရားရှိခိုးခိုက်မှာပင်လျှင် အခြားသို့ အာရုံရောက်တတ် ကြောင်း ငတော သတိမပြု။ တစ်ရှူ့ရှစ်လုံး ပုတီးကုံး မဆုံးမီ စိတ်က

အခြားသို့ ပြေးတတ်ကြောင်း ငတော နားမလည်။

ငတောက ထာဝရ ထိန်းသိမ်းလေ့ရှိသော စိတ်ပိုင်ရှင်၏ ပုတီးစိပ် သမထ ဘာဝနာ ပွားများ မဟုတ်ဘဲ စိတ်ကို သဒ္ဓါ(ယုံကြည်မှု)တရားထက် ရလိုမှု (လောဘ) အရင်းခံကာ ဇွတ်ထိန်းသောအခါ စိတ်မငြိမ်တော့။ စိတ်ရိုင်းကို သတိပြု၍ တစ်စေ့တစ်စ ယဉ်ပါးအောင် မထိန်းသိမ်းဘဲ ကြာရှည်ကြာမော နေ့ဘက်မှ ညဥ့်ဝက်အထိ ငတော ထိန်းသိမ်းရန် ကြိုးစားသောအခါ ချုန်းမနိုင်သော ဆင်၊ ပဲ့မနိုင်သော လှေပမာ ဖြစ်လာ၏။ သို့ရာတွင် ပုထုဇဉ် အကြီးစား ငတောသည် လောဘ (ရလိုမှု) အရင်းခံနေရာ စိတ်စောင်း သွားလေပြီဟု သူကိုယ်သူ မသိ၊ ခတ်[redacted]စ်လွဲ၊ ထစ်ရာတခြား ဖြစ်ဖြစ်နေမှုကို သူတွေ့သောအခါ ရှေ့ ဘာဆက်လုပ်ရမည်ကို သူမသိတော့။ စိတ်စောင်းကို ပြန် မတည့်မတ်တတ်။

ထိုစဉ်မှာပင်လျှင် ပထမဦးစွာ ခြေသံကြား၏။ ထို့နောက် သနပ်ခါးရနံ့၊ မိန်းမကိုယ်သင်းရနံ့ကို ရ၏။ သူ့အနီး ရပ်လာသူက မိဂျမ်း။

"မနက်စောစောမှ ပုတီးဆက်စိပ်ပါလား၊ သန်းခေါင် ကျော်ပြီ။ တော် အိပ်မှကောင်းမယ်။ တော့်ကို စိတ်မချလို့။ တော့်ဘေး စောင့်အိပ်လို့ ငလုံးနဲ့ ငမုံးတို့က ခိုင်းတယ်။ သူတို့ ပြန်လာတာ တစ်နာရီကျော်လောက် ရှိသွားပြီးမှ ကျုပ် အိမ်ထဲက ထွက်လာတာ"

မိဂျမ်းက ပြောပြောဆိုဆိုဖြင့် ငတော ဘယ်ဘက်ဘေးဝင်ကာ ခေါင်းအုံး အလွတ်တွင် ညင်ညင်သာသာ ဝင်ရောက် တုံးလုံးလှဲကာ ခပ်ဖွဖွ ခေါင်းအုံး အုံးလိုက်သည်။

"နင် အိပ်နှင့်လေ၊ ငါ ပုတီး လေး ငါး ခြောက်ပတ် စိပ်ပြီးရင် အိပ်မှာပါ။ နင် အိပ်.... အိပ်"

ငတောက ပုတီးစိပ်လိုက်၊ အာရုံ တခြားပြေးလိုက်၊ အိုနာသေဘေး ဆင်ခြင်လိုက်၊ အာရုံ တခြားပြေးလိုက် ဖြစ်နေသော သူ့ကိုယ်သူ ဒေါသဖြစ်နေသဖြင့် မျိုသိပ် ထိန်းသိမ်းကာ ပုတီးနှင့် သူ့အာရုံ၊ အို နာ သေဘေးနှင့်





သူ့အာရုံ ပေါင်းစည်းရေးကို အပြင်းအထန် ကြိုးစားနေ၏။ ရလိုမှု (လောဘ)၊ ထိန်းသိမ်းမရမှု (ဒေါသ)၊ နည်းမှန်လမ်းမှန် မသိမှု(မောဟ) တို့ ပေါင်းစပ်ခံရသော ပုထုဇဉ် အထူးရှယ် ဇဉ်ရှယ်ကြီး ငတောသည် ပီတိ မဖြစ်တော့ဘဲ ညည်းငွေ့မှု ဖြစ်လာသည်။ ဂုဏ်တော်ပွားရာမှရပ်၊ ပုတီးကို မိဂျမ်းနှင့် မထိစေလို၍ တမာပင် ရိုက်ထားသော သံချောင်း ထချိတ်ကာ အို၊ နာ၊ သေ ဘေးကို ဆင်ခြင်ကြည့်သည်။ ငါသည် အိုရမည်၊ နာရမည်၊ သေရမည်။ အိုရမည်၊ နာရမည်၊ သေရမည်။ ဤတရား နှလုံးသွင်း၍ မိဂျမ်း ဘေးယာဘက်ရှိ သူ့အိပ် နေရာသို့ ပြန်အိပ်ရာဝင်ရင်း ဆင်ခြင်သည်။

ငါသည် အိုရမည်။ ယခု ငါ မအိုသေး။ ဘုရား ဘုရား တပည့်တော်ကို ဘုရား ကယ်တော်မူပါ။ ငါ အိုရမည်ဟု တပည့်တော် ဆင်ခြင်ရာ အပိုစိတ် အဖြစ် ငါ မအိုသေးဟု ပါလာပါပြီဘုရား။

ငါ နာရမည်၊ ငါ ယခု မနာသေး။

ငါ သေရမည်၊ ငါ ယခု မသေသေး။

ငတော နဂိုစိတ်က ငါ အိုရမည်၊ ငါ နာရမည်၊ ငါ သေရမည်။

ငတော အပိုစိတ်က ငါ မအိုသေး၊ ငါ မနာသေး၊ ငါ မသေသေး တဲ့။

ခက်.... ခက်ပြီ၊ မိဂျမ်းရေ.... နင့်လင်ကြီး ငတော ဘာလုပ်ရမလဲဟု ကုန်းအော်သာ မေးလိုက်ချင်သည်။ အာရုံဝေဝါးပြားသွားသဖြင့် ငတော တစ်ဖက်စောင်းကာ မိဂျမ်း အိပ်၊ မအိပ်ကြည့်မိသည်။

ရွှန်းမြမြ သာနေသော လရောင်အောက်မှ မိဂျမ်း မအိပ်သေး။ မိဂျမ်း မျက်လုံးအစုံက ကြည့်လာသော ငတောကို စကားပြောလိုက်ရာ ငတော တစ်ကိုယ်လုံး ဓာတ်လိုက်သကဲ့သို့ ဖျင်း... ဖျင်း... ဖျင်း.... ဖျင်းနှင့် ဖြစ်သွားသည်။

မိဂျမ်း မျက်လုံးမှာ ချိုးငှက်၊ ပျားရည်၊ စမ်းချောင်း၊ မွှေးမြသော ပန်းများ ပေါ်ထွက်နေ၏။ လရောင်အောက်မှ မျက်လုံးရှင် မိဂျမ်း၏အကြည့်

ကို နှစ်ရှည်ကြာစွာ ပေါင်းလာသော ငတောက စာမဲ့အက္ခရာ ဖြစ်လျက် ဖတ်တတ်သည်။ သူနှင့် ထိကပ်နေသော မိဂျမ်း ခန္ဓာကိုယ်သည် သာမန် နွေးရိုး နွေးစဉ်ထက် ပိုနေသည်။

ငတော မျက်လုံးလွှဲဖယ်ရန် ကြိုးစားသည့်တိုင် သံလိုက်နှင့် သံကပ်နေသကဲ့သို့မို့ ခွာမရ၊ ဖယ်မရ။

"တော် ပင်ပန်းလှပြီ၊ အိပ်ပါလား။ ကျုပ် တော်မအိပ်သေးလို့ စိတ်မချတာကြောင့် စောင့်နေတာ၊ အိပ်တော့နော်"

ငတော သတိ ပြန်ဝင်လာသည်။ မိဂျမ်း မျက်နှာကို ကြည့်မိသည်။ သနပ်ခါးဖွေးဖွေး၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းလှလှ၊ မင်္ဂလာဦးည မိဂျမ်းကို သူ သတိရသည်။

ငတော စိတ်ထိန်း၍ အို၊ နာ၊ သေဘေးတရား ပွားများရန် သူ့စိတ်ကို သူ ပြန်တာစူသည်။ ခြေမနိုင်သူသည် ခြေဖြင့် လုပ်ရသောအလုပ်၌ မပြီးမြောက်၊ စိတ်မနိုင်သူသည် စိတ်ဖြင့် လုပ်ရသော အလုပ် မပြီးမြောက်။ မနိုင်သော လှေ၊ မနိုင်သော ဆင်က ဆန့်ကျင်ဘက် ထွက်သလို ဇဉ်ရှယ်ကြီး ငတော စိတ်ဆန့်ကျင်ဘက် ထွက်သည်။

မိဂျမ်းသည် အမှန် အိုရမည်။ အမှန် နာရမည်။ အမှန် သေရမည်။

မိဂျမ်းသည် ယခု မအိုသေး။ မနာသေး။ မသေသေး။

အိုမှ မိဂျမ်းဘေး ကပ်လျှင် အိုစော် နံရှော့မည်။

နာမှ မိဂျမ်းဘေး ကပ်လျှင် နာစော် နံရှော့မည်။

သေမှ မိဂျမ်းဘေး ကပ်လျှင် အသုဘစော် နံရှော့မည်။

ငါသည် အုံးတင်လို မနာသေး၊ မသေသေး။

အုံးတင်သည် နာ၊ သေ၍ မိန်းမအပါး ကပ်ခွင့် လုံးဝ မရှိတော့။

ငါ မအို၊ မနာ၊ မသေသေးသော အသက် ရှင်သန်နေသူ ....

မိဂျမ်းကို ပြန်ကြည့်ရာ မိဂျမ်းမျက်လုံးပြောစကား ငတော သိသည်။





ငတော မျက်လုံးကိုကော မိဂျမ်း သိပါသလား။

ငတော မျက်လုံးကို ကြည့်ရုံဖြင့် ငတော စိတ်ကိုပါမက ဝမ်းထဲအူဘယ်နှခွေရှိသည်။ ခန္ဓာကိုယ်သွေး ဘယ်လို လည်ပတ်နေသည်။ ရင် ဘယ်လို ခုန်နေသည်ဟု မိဂျမ်း သိ၏။

"ကလေးတွေ့ အိပ်တာ ကြာပြီနော် မိဂျမ်း"

"အဟင်းဟင်း ခုနင်က ပြောပြီးသား၊ သိသားနဲ့ ထပ်မေး၊ ဓာတ်သိချင်း ဟန်ဆောင်နေ"

ပုထုဇဉ်ရှယ်ကြီး ငတောသည် ဟီးခနဲ ရှုးကြောင်ကြောင်၊ ပေါကောတော ရယ်ချလိုက်ပါ၏။

❖ ❖ ❖

တွင်းကြီးဝမ်းမောင်

၂၅၊၁၁၊ဝ၈